# မင်္ဂလာကျမြေတော

(အရှင်စန္ဒဇောတိ)

# မင်္ဂလာ့အမြုတေ

ကဝိသိရောမဏိ-ဓမ္မာစရိယ
ဝိသုဒ္ဓါရုံ ကာဗျဝိဒူ-ဦးစန္ဒဇောတိ
စီစဉ်ရေးသားသည်

ဝိုင်-အမ်-ဘီ-အေ မင်္ဂလာတရားတော်
စာမေးပွဲများအတွက်
ပြဋ္ဌာန်းသည်

---

၁၃၂၉ ခုနှစ်

ကုသလဝတီပုံနှိပ်တိုက်
၆၀၊ ရေကျော်လမ်း
တဖ... ကန်မြို့

# လာ့အမြုတေ ကျမ်းဦး နိဒါန်း

(သိဒ္ဓိ ၅၈၊)

ဗုဒ္ဓတရားရောင်ထိန်ဝေလျက်ရှိသော ဤပြည်ထောင်စုမြန်မာ ည်၌ ရှေးခေတ်အခါက အမျိုးသား အမျိုးသမီးတိုင်းလိုပင် စားနေထိုင်ရေး လူမှုဆက်ဆံရေး, စီးပွားရှာမှီရေး, ဆရာ ည့်ဆက်သွယ်ရေး စသည်တို့၌ ''ရိုးရိုးကျင့် မြင့်မြင့်ကြံ'' က်တန်သော ကိုယ်ကျင့်တရားရှိသူတို့၏ အဖြစ်ဖြင့်ပင် ပြောင် က်သော လူ့လောကကြီး၏ ကြက်သရေကိုလည်း အစွမ်း ြင့်မားစေနိုင်ခဲ့ကြလေသည်။

## လူစင်စစ်က ဘီလူးဖြစ်ရခြင်း

သို့ဖြစ်ရာ ''ရိုးရိုးကျင့် မြင့်မြင့်ကြံ'' ထိုက်တန်သော ကိုယ် ကျင့်တရားရှိသူတို့မှ ဆင်းသက်လာခဲ့သော အမျိုးကောင်းသား, မျိုးကောင်းသမီးတွေ ဖြစ်ကြရသော်လည်း မိမိတို့လက်ထက် ခါ၌မူ မင်္ဂလာတရားနှင့် အဆက်ပြတ်ကာ ဘာသာတိုင်းမှ ွန်ပြသော ကိုယ်ကျင့်တရားကိုပင် လေးစားခြင်းမရှိကြ တော့ပဲ—

၁။ မိမိ တဦး တယောက်, တအိမ်ထောင် တဖွဲ့ တအုပ်စု ကောင်းစားရေးကိုသာ ရှေးရှုလျက် တဖက်သတ် လောဘတိုက်ခြင်း,

၂။ တဦးနှင့်တဦး,တအိမ်နှင့်တအိမ် ရန်ရှိန်မီ မေတ္တာတရား ခန်းခြောက်လျက် အချင် မုန်းတီးလျက်ရှိခြင်း,

၃။ တဦးတယောက်, တအိမ်ထောင် ကောင်း သည်ကို အခြားသူ အခြား တအိမ်ထောင်ဝ မနာလို မရှုစိမ့် ဖြစ်နေကြခြင်း,

၄။ တဦးနှင့်တဦး တဖွဲ့နှင့်တဖွဲ့ ရန်ငြိုးထား ဖြတ်လျက်ရှိကြခြင်း,

၅။ တဦး၏ အကျိုးကို တဦးက ဖျက်ဆီးခြင်း

စသော မကောင်းမှုတို့ကိုသာ လွတ်လွတ်ကျွတ်ကျွတ် လွန် ခြင်းအားဖြင့် လူစင်စစ်က ဘီလူးဖြစ်ပြီး လေးကင်း ပြ လေသည်။

## မြန်မာစာပေစင်မြင့်ပေါ်မှ–မင်္ဂလာ့အမြုတေ

ဤကဲ့သို့သော အဖြစ်သနစ်ဆိုးများအရ အခြေအနေ တောင်းဆိုနေသော အချိန်မှာပင် လူတို့၏ စာရိတ္တဗလ,ပည ဗလ, ပြည့်ဝစုံစေ့ရေးအတွက် ရည်မှန်းချက်ဖြင့် ရေးသားထ သော ဤမင်္ဂလာ့ အမြုတေ ကျမ်းစာကို တိုးတက်နေသေ မြန်မာစာပေ စင်မြင့်ပေါ်၌ ပွဲ ထုတ် ပေး လိုကြသော မလှိုင် ဆိုင်ရာ ဘာသာရေးအသင်းအဖွဲ့, လူမှုရေး အသင်း အဖွဲ့တို လည်း မင်္ဂလာ ရှိသော တိုင်းပြည်ကြီး ကို ထူထောင် ရာတွ တတပ်,တအားအနေဖြင့် ပါဝင်ကူညီကြမည် ဟူသော စေ နာဖြင့် ရှေးဦးစွာပင် စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချီ ခဲ့ကြ သည်။

ဤနည်းအားဖြင့်ပင် မြန်မာစာပေစင်မြင့်ပေါ်သို့ရောက်လာရသော ဤ မင်္ဂလာ့ အမြုတေ ကျမ်းစာသည် ထိုစဉ်က မင်္ဂလာတရား(၃၈)ပါးလုံး စုံလင်ခြင်းမရှိသေးသော်လည်း များစွာသော စာဖတ်ပရိသတ်တို့၏ အားရဝမ်းသာ ကြိုဆိုမှုကြောင့် နှစ်အနည်းငယ်အတွင်း၌ပင် စာအုပ်များ ကုန်သလောက်ဖြစ်သွားခဲ့၏။ သို့သော်လည်း ကျမ်းစာ၏အရည်အသွေးကို ခန့်မှန်းနိုင်သူတွေ မြောက်မြားစွာ ပေါ်ထွက်လာရခြင်း သည် ကားယင်း ပဌမအကြိမ် ထုတ်ဝေရာမှ ကျန်ရစ်ခဲ့သော လာဘ်ကောင်းကြီးတခုပင်ဖြစ်လေသည်။

## ဝိုင်-အမ်-ဘီ-အေ စာမူ ဖြစ်လာချိန်

ဤ ဖေါ်ပြအပ်ခဲ့သည့်အတိုင်း မြန်မာစာပေ စင်မြင့်ပေါ်၌ ဤကျမ်းစာက နေရာယူထားသော အချိန်သည်ကား ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝ(ဝိုင်-အမ်-ဘီ-အေ)အသင်းကြီးမှ လူတို့၏နိမ့်ကျနေသော ကိုယ်ကျင့်တရားကို မင်္ဂလာတရားတော် စာမေးပွဲများ ကျင်းပပေးခြင်းအားဖြင့် စွမ်းအားရှိသမျှမြှင့်တင်နေဆဲ အချိန်ပင်ဖြစ်၏။ သို့ဖြစ်ရာ ထိုစဉ်က ဝိုင်-အမ်-ဘီ-အေ အသင်း၏ ရှေ့တန်းလူကြီးဖြစ်သော ဒုတိယဥက္ကဋ္ဌ ဦးဘကျော်ထံမှ "ဤ မင်္ဂလာ့ အမြုတေ ကျမ်းစာကို ဝိုင်-အမ်-ဘီ-အေ မင်္ဂလာတရားတော် စာမေးပွဲများအတွက် လိုအပ်သောကျမ်းစာအဖြစ်ဖြင့် ထုတ်ဝေ ဖြန့်ချီလိုကြောင်း" စာဖြင့် ဆက်သွယ်ကြသည့်အပြင် လူကိုယ်တိုင်လည်းလာရောက် လျှောက်ထားကြပြန်လည်။

ထိုလျှောက်ထားချက်အရ ဤစာရေးသူ ဘုန်းကြီးကလည်း "ဝိုင်-အမ်-ဘီ-အေ အသင်းကြီးသည် ပြည်သူလူထုအား လွတ်

လပ်ရေး ကြွေးကျော်သံဖြင့် ဥုးဥုး ဖျားဖျား တပ်လှန့် ပေးခဲ့သော ဖေ-ပု-ရှိန် နိုင်ငံရေးခေတ်မှ ယခု လွတ်လပ်ပြီးခေတ်တိုင်အောင် အမျိုး ဘာသာ, သာသနာ ကြီးပွါး တိုးတက် ရေးအတွက် အမှန်လိုအပ်သော အစိပ်အပိုင်းမှ သူ့အချိန်နှင့်သူတာဝန်ယူ ဆောင်ရွက်နေသော သက်တန်းရှည် ဝါအရင့်ဆုံးအဖွဲ့ကြီးတခုဖြစ်ပေသည်''ဟု ရိုးသားစွာစေတနာထားပြီးလျှင် ဝိုင်-အမ်-ဘီ-အေ မှ လိုလားချက်ကို လိုက်လျောခဲ့ပေသည်။

သို့ဖြစ်သောကြောင့် အနေအထားသပ်ယပ်အောင် အထပ်ထပ် အကြိမ်ကြိမ်, အချိန်ယူ ပြင်ဆင်ထားသော ဤ မင်္ဂလာ့အမြုတေ ကျမ်းစာသည်ကား မင်္ဂလာ မောင်,မယ်တို့၏ မိခင်ကြီးသဖွယ်ဖြစ်သော ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်-အမ်-ဘီ-အေ ) အသင်းကြီးမှ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော မင်္ဂလာတရားတော်စာမေးပွဲများအတွက် တတိယအဆင့်တွင် ပြဋ္ဌာန်းထားသော မင်္ဂလာ မောင်,မယ်သုံး သင်ခန်းစာတစောင်လည်းဖြစ်လာရပြန်၏။

## လူတန်းစားမရွေး မှတ်နိုင်သောကျမ်းစာ

ဤဖေါ်ပြအပ်ခဲ့သော နောက်ကြောင်းရာဇဝင်အရ ပထမအဆင့်ဖြစ်သော မြန်မာစာပေ စင်မြင့်ပေါ်မှ ဒုတိယ အဆင့်ဖြစ်သော ဝိုင်-အမ်-ဘီ-အေ မင်္ဂလာစာပေ စင်မြင့်ပေါ်သို့ရောက်လာရသော ဤမင်္ဂလာ့အမြုတေ ကျမ်းစာ သည်ကား—

၁။ မင်္ဂလာတရား (၃၈) ပါးလုံးကို ကလေးသူငယ်များ တအုပ်ထည်းနှင့် သင်ယူ လေ့လာနိုင်ခြင်း,

၂။ လူတို့၏ ကိုယ်ကျင့်တရားနှင့် အသိတရားများကို မြန်လည် မြှင့်တင်ပေးခြင်း,

၃။ လွတ်လပ်သော လူမျိုး ဝိသ စေခြင်း,
၄။ မိမိတို့၏ဘဝကို မိမိတို့ကိုယ်တိုင် မြှင့်တင်နိုင်ခြင်း,
၅။ တကယ့် ဗုဒ္ဓဘာသာ အစစ် ဖြစ်စေနိုင်ခြင်း,
၆။ ရေးထုံးရေးနည်း နိဿယည်းရယူစေနိုင်ခြင်း

စသော အင်္ဂါအရပ်ရပ်တို့နှင့် ပြည့်ဝစုံလင်မှု ရှိသောကြောင့် မင်္ဂလာမောင်မယ် သူငယ်, သူငယ်မများသာမက လူငယ် လူလတ်ပိုင်းမှ ဖတ်ရှုရလျှင်လည်း မိမိတို့အတွက် ရေးသား ထားသော ကျမ်းစာဟု ဝမ်းသာစွာ လက်ခံနိုင်သော စာမူပင် ဖြစ်ပေလိမ့်မည်။

အကယ်၍ လူကြီးပိုင်းမှ ဖတ်ရလျှင်လည်း အိုကံကောင်း၍ ဖတ်ရသော ကျမ်းစာဟု ဝမ်းသာအားရ လက်ခံမောင်း ခတ် ကြ မည်သာတည်း။ သို့ဖြစ်ရာ ယခုခေတ်က လက်ခံထားသော စာသွားဝါကျတို့ဖြင့် အချက်ကျ စုံလင်စွာ မင်္ဂလာတရားနှင့် ဟပ်မိအောင် စီစဉ် ရေးသားထားသော ဤမင်္ဂလာ့ အမြုတေ ကျမ်းစာကပင် သင်ယူ လေ့လာ စွဲမြဲစွာ ဖတ်ရှုရသူ အားလုံးကို မင်္ဂလာရှိသော အလုပ်ခွင်သို့ တွဲခေါ်ယူဆောင် တိုးတက်အောင် ဖန်တီးပေးလိမ့်မည်ဟု ဤစာရေးသူ (ဆရာတော်)က ရဲရဲကြီး တာဝန်ခံပါ၏။

## (စာရေးသူ၏ အာသီသ)

ပါဘတေနိမိနာ ဗုဒ္ဓ
ဘာသာ ကလျာဏ ယောဝနာ၊
တာရေန္တု မြမ္မိကေ နဒ္ဒ
စာရိတ္တေ မြမ္မ ဝုဓိုယာ။ ။

# နိဒါန်း

ဗုဒ္ဓဘာသာ ကလျာဏ ယောဝနာ၊ လွတ်လပ်သည့် နိုင်ငံတွင်, ဝိုင်-အမ်-ဘီ-အေ, အမြုတေ သမုတ်ရသည့်, ဗုဒ္ဓဘာသာ့ သာသနာ မြှောက်စား, ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်းသားတို့သည်။ ပါဘတေန၊ (ပ-အာဘာတေန) ဝိုင်-အမ်-ဘီ-အေ စာမူ, တန်ခွန်ထူ အတည်ပြုလျက်, ဤယခု ပို့ဆောင်အပ်ပေသော။ ဋ္ဌမိနာပါဘတေန၊ နိုင်ငံလူထု, ပြည်ထောင်စု ကြီးပွါးရေး, ကြံတွေးရည်မြှော် ဤမင်္ဂလာ အမြုတေ တည်းဟူသော တရားလက်ဆောင်တော်ဖြင့်။ မြမ္မဝုဓိယာ၊ မြန်မာပြည် နောင်ရေး, ရွှေတော်ပြေး တရားမှန်ဖြင့်, ငါးတန်ဗလ, အစစ မယှဉ်သာအောင်, မင်္ဂလာတိုးတက်, တန်ခိုးထွက် ကြီးပွါးရန် အလို့ငှါ။ နဋ္ဌစာရိတ္တေ၊ ကိုယ်ကျင့်ပျက်ပြား, တရားမပြည့်ဝ, စာရိတ္တမဏ္ဍိုင်, အောက်ခြေယိုင် ခြစားလျက် ရှိကြကုန်သော။ မြမ္မိကေ၊ အမျိုးသား အမျိုးသမီး, ကြီးကြီးငယ်ငယ်, အရွယ်ရွယ်မကျန်ရသည့်, မြန်မာ့ရင်နှစ်, စစ်ပြီးခေတ်လူများ အပေါင်းတို့ကို။ တာရေန္တု၊ ရွှေတန်းက ခေါင်းဆောင်လျက် ကောင်းအောင်ပြုပြင်, ဉာဏ်အမြင် မကန်းရအောင်, လမ်းပြပမာ, မင်္ဂလာစွဲထုံ ကယ်တင်နိုင်ကြပါစေကုန်သတည်း။

၁၃၂၈ ခု၊
ဝါခေါင်လဆန်း ၆ ရက်၊
ကံကြီး-သိရိသောမာရုံ၊
မလှိုင်။

အရှင်စန္ဒဇောတိ၊
ပိဋကတ္တယ ဝိသာရဒ, ဘာသန္တရ ဝိညူ
ကာမျ ဝိဒူ ဓမ္မာစရိယ။

# မာတိကာ


| အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|
| နိဒါန်း ပဏာမ | .... | .... | .... | (က) |

**အခန်း ၁။ ဗာလာသေဝန မင်္ဂလာ**

| | | | |
|---|---|---|---|
| လူမိုက် ပြဿနာ ဖြေရှင်းခန်း | .... | .... | ၃ |
| ဆည်းကပ် သူ၏ အပြစ်ကို ဖေါ်ပြခန်း | .... | .... | ၉ |
| ညွှန်းပြန်ဆိုးဆော်ခန်း | .... | .... | ၁၅ |

**အခန်း ၂။ ပဏ္ဍိတသေဝနာ မင်္ဂလာ**

| | | | |
|---|---|---|---|
| ပညာရှိ ပြဿနာ ဖြေရှင်းခန်း | .... | .... | ၁၀ |
| ဆည်းကပ် သူ၏ အကျိုးကို ဖေါ်ပြခန်း | .... | .... | ၂၅ |
| ညွှန်ပြန်ဆိုးဆော်ခန်း | .... | .... | ၂၉ |

**အခန်း ၃။ ပူဇနီယပူဇာ မင်္ဂလာ**

| | | | |
|---|---|---|---|
| ပူဇနေယျ ပြဿနာ ဖြေရှင်းခန်း | .... | .... | ၃၂ |
| ပူဇာ ပြဿနာ ဖြေရှင်းခန်း | .... | .... | ၃၀ |
| အကျိုးအပြစ်ဖေါ်ပြခန်း | .... | .... | ၄၆ |
| ညွှန်ပြန်ဆိုးဆော်ခန်း | .... | .... | ၅၄ |

**အခန်း ၄။ ပဋိရူပဒေသဝါသ မင်္ဂလာ**

| | | | |
|---|---|---|---|
| နေရပ် ပြဿနာ ဖြေရှင်းခန်း | .... | .... | ၅၇ |
| လောကီ နေရပ် ရွေးချယ်ခန်း | .... | .... | ၆၀ |
| ညွှန်ပြန်ဆိုးဆော်ခန်း | .... | .... | ၆၆ |

အကြောင်းအရာ စာမျက်နှာ

အခန်း ၅။ ပုဗ္ဗေကတပုညတာ မင်္ဂလာ

ဘုန်းကံရှင် ပြဿနာ ဖြေရှင်းခန်း .... .... ၆၉
ကံဉာဏ် ဝီရိယ စိစစ်ခန်း .... .... ၇၂
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၇၆

အခန်း ၆။ အတ္တသမ္မာ ပဏိဓိ မင်္ဂလာ

အတ္တ ပြဿနာ ဖြေရှင်းခန်း .... .... ၇၉
ကိုယ်စိတ် ပြုပြင်ရေး ဖော်ပြခန်း .... .... ၈၁
အကျိုးအပြစ်ဖော်ပြခန်း .... .... ၈၆
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၈၉

အခန်း ၇။ ဗာဟုသစ္စမင်္ဂလာ

သုတပြဿနာဖြေရှင်းခန်း .... .... ၉၁
လောကီအလိမ္မာဖော်ပြခန်း .... .... ၉၄
လောကုတ္တရာ အလိမ္မာဖော်ခန်း .... .... ၉၆
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၉၇

အခန်း ၈။ သုသိက္ခိတသိပ္ပမင်္ဂလာ

အတတ်ပြဿနာဖြေရှင်းခန်း .... .... ၁၀၂
အတတ်တန်ဘိုးဖော်ပြခန်း .... .... ၁၀၉
အလိမ္မာအုပ်ထိန်းရေးဖော်ပြခန်း .... .... ၁၁၂
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၁၁၅

အကြောင်းအရာ စာမျက်နှာ

## အခန်း ၉။ သုသိက္ခိတဝိနယမင်္ဂလာ


ဝိနည်းပြဿနာဖြေရှင်းခန်း .... .... ၁၁၉
ကိုယ်တွေ့ကျင့်နည်းဖေါ်ပြခန်း .... .... ၁၂၂
ကျင့်သူ၏အကျိုးဖေါ်ပြခန်း .... .... ၁၂၉
မကျင့်သူ၏အပြစ်ဖေါ်ပြခန်း .... .... ၁၃၁
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၁၃၄


## အခန်း ၁၀။ သုဘာသိတဝါစာမင်္ဂလာ


စကားပြဿနာဖြေရှင်းခန်း .... .... ၁၃၇
နှုတ်ရည်အင်္ဂါစိစစ်ခန်း .... .... ၁၄၃
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၁၄၉


## အခန်း ၁၁။ မာတာပိတုဥပဋ္ဌာန မင်္ဂလာ


မိဘပြဿနာဖြေရှင်းခန်း .... .... ၁၅၁
မိဘကျေးဇူးဖေါ်ပြခန်း .... .... ၁၅၆
သားသမီးတာဝန်ဖေါ်ပြခန်း .... .... ၁၆၀
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၁၆၄


## အခန်း ၁၂။ ပုတ္တဒါရသင်္ဂဟ မင်္ဂလာ


သားမယားပြဿနာဖြေရှင်းခန်း .... .... ၁၆၆
သားမယားချီးမြှောက်ရေး ဖေါ်ပြခန်း .... .... ၁၇၆
မယားတာဝန်ဖေါ်ပြခန်း .... .... ၁၈၀
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၁၈၆

အကြောင်းအရာ စာမျက်နှာ

## အခန်း ၁၃။ အနာကုလ ကမ္မန္တ မင်္ဂလာ


| | |
|---|---|
| လူမှု ပြဿနာ ဖြေရှင်းခန်း .... .... .... | ၁၈၉ |
| လူမှု ဆုတ်ယုတ်ရေးဖော်ပြခန်း .... .... | ၁၉၃ |
| လူမှု တိုးတက်ရေး ဖော်ပြခန်း .... .... | ၂၀၀ |
| ညွှန်ပြနှိုးဆော်ခန်း .... .... .... | ၂၀၃ |


## အခန်း ၁၄။ ဒါန မင်္ဂလာ


| | |
|---|---|
| ဒါန ပြဿနာ ဖြေရှင်းခန်း .... .... | ၂၀၇ |
| ဒါန ပြုနည်း ဖော်ပြခန်း .... .... | ၂၁၁ |
| ဒါန စုံးစမ်းရေး ဖော်ပြခန်း .... ... | ၂၁၆ |
| ညွှန်ပြနှိုးဆော်ခန်း .... .... .... | ၂၁၈ |


## အခန်း ၁၅။ ဓမ္မစရိယာမင်္ဂလာ


| | |
|---|---|
| ဓမ္မ ပြဿနာ ဖြေရှင်းခန်း .... .... | ၂၂၁ |
| ဓမ္မ သတ္တိ ဖော်ပြခန်း.... .... .... | ၂၂၆ |
| ဓမ္မ ဗျတ္တိ ဖော်ပြခန်း.... .... .... | ၂၂၉ |
| ညွှန်ပြနှိုးဆော်ခန်း .... .... .... | ၂၃၆ |


## အခန်း ၁၆။ ညာတက သင်္ဂဟ မင်္ဂလာ


| | |
|---|---|
| ဆွေမျိုး ပြဿနာ ဖြေရှင်းခန်း .... .... | ၂၃၉ |
| ဆွေမျိုး ချစ်ကြည်ရေး ဖော်ပြခန်း .... .... | ၂၄၀ |
| ဆွေမျိုး စောင့်ရှောက်ရေး ဖော်ပြခန်း .... .... | ၂၄၃ |
| ညွှန်ပြနှိုးဆော်ခန်း .... .... .... | ၂၄၈ |

အကြောင်းအရာ စာမျက်နှာ

## အခန်း ၁၇။ အနဝဇ္ဇကမ္မ မင်္ဂလာ

အနဝဇ္ဇ ပြဿနာ ဖြေရှင်းခန်း .... .... ၂၅၁
ပြည်မှု ဆောင်ရွက်ရေး ဖေါ်ပြခန်း .... .... ၂၅၅
လူထု ကယ်ဆယ်ရေး ဖေါ်ပြခန်း .... .... ၂၆၆
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၂၇၂

## အခန်း ၁၈။ အာရတိ မင်္ဂလာ

အာရတိ ပြဿနာ ဖြေရှင်းခန်း .... .... ၂၇၄
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၂၇၇

## အခန်း ၁၉။ ဝိရတိ မင်္ဂလာ

ဝိရတိ ပြဿနာ ဖြေရှင်းခန်း .... .... ၂၈၁
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၂၈၄

## အခန်း ၂၀။ မဇ္ဇပါနသံယမ မင်္ဂလာ

သောက်စားခြင်းအပြစ်ဖေါ်ပြခန်း .... .... ၂၈၇
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၂၉၂

## အခန်း ၂၁။ ဓမ္မအပ္ပမာဒ မင်္ဂလာ

သတိပြဿနာဖြေရှင်းခန်း .... .... ၂၉၅
သတိစွမ်းရေးဖေါ်ပြခန်း .... .... ၂၉၈
ညွှန်ပြနှိုးဆော်ခန်း .... .... .... ၃၀၃

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|


### အခန်း ၂၂။ ဂါရဝ မင်္ဂလာ

ဂါရဝပြဿနာဖြေရှင်းခန်း .... .... ၃၀၅
ဂါရဝမွေးမြူရေးဖေါ်ပြခန်း .... .... ၃၀၉
ညွှန်ပြနိုးဆော်ခန်း .... .... .... ၃၁၄

### အခန်း ၂၃။ နိဝါတ မင်္ဂလာ

နိဝါတပြဿနာဖြေရှင်းခန်း .... .... ၃၁၈
မာနချိုးနှိမ်ရေးဖေါ်ပြခန်း .... .... ၃၂၁
ညွှန်ပြနိုးဆော်ခန်း .... .... .... ၃၂၅

### အခန်း ၂၄။ သန္တုဋ္ဌိ မင်္ဂလာ

သန္တုဋ္ဌိပြဿနာဖြေရှင်းခန်း .... .... ၃၂၈
သန္တုဋ္ဌိဖြစ်ရေးဖေါ်ခန်း .... .... ၃၃၁
ညွှန်ပြနိုးဆော်ခန်း .... .... .... ၃၃၈

### အခန်း ၂၅။ ကတညုတာ မင်္ဂလာ

ကျေးဇူးပြဿနာဖြေရှင်းခန်း .... .... ၃၄၁
ကျေးဇူးသိရေးဖေါ်ပြခန်း .... .... ၃၄၃
ညွှန်ပြနိုးဆော်ခန်း .... .... .... ၃၄၇

### အခန်း ၂၆။ ကာလေန ဓမ္မဿဝန မင်္ဂလာ

ကာလပြဿနာဖြေရှင်းခန်း .... .... ၃၅၀
တရားနာယူရေးဖေါ်ပြခန်း .... .... ၃၅၃
ညွှန်ပြနိုးဆော်ခန်း .... .... .... ၃၅၇

### အခန်း ၂၇။ ခန္တီ မင်္ဂလာ

ခန္တီပြဿနာဖြေရှင်းခန်း .... .... ၃၆၀
ခန္တီစွဲမြဲရေးဖေါ်ပြခန်း .... .... ၃၆၃
ညွှန်ပြနိုးဆော်ခန်း .... .... .... ၃၆၇

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **အခန်း ၂၈။ သောဝစ္စသဿဂတာမင်္ဂလာ** | | | |
| သုဝစပြဿနာ ဖြေရှင်းခန်း | .... | .... | ၃၇၀ |
| ဆိုဆုံးမလွယ်ရေးဖေါ်ပြခန်း | .... | .... | ၃၇၂ |
| ညွှန်ပြန္နိုးဆော်ခန်း .... | .... | .... | ၃၇၇ |
| **အခန်း ၂၉။ သမဏာဒဿန မင်္ဂလာ** | | | |
| သမဏာပြဿနာဖြေရှင်းခန်း | .... | .... | ၃၈၀ |
| ဖူးမြင်နည်း ၅ မျိုး ဖေါ်ပြခန်း | .... | .... | ၃၈၆ |
| ညွှန်ပြန္နိုးဆော်ခန်း .... | .... | .... | ၃၉၁ |
| **အခန်း ၃၀။ ဓမ္မသာကစ္ဆာမင်္ဂလာ** | | | |
| တရားဆွေးနွေးရေး ဖေါ်ပြခန်း | .... | .... | ၃၉၄ |
| ညွှန်ပြန္နိုးဆော်ခန်း .... | .... | .... | ၃၉၇ |
| **အခန်း ၃၁။ တပေါ မင်္ဂလာ** | | | |
| မကောင်းမှု ရှို့မြိုက်နည်း ဖေါ်ပြခန်း .... | | .... | ၄၀၀ |
| ညွှန်ပြန္နိုးဆော်ခန်း .... | .... | .... | ၄၀၁ |
| **အခန်း ၃၂။ ဗြဟ္မစရိယာ မင်္ဂလာ** | | | |
| အကျင့်မြတ်အရှေ့ရှင်းပြခန်း | .... | .... | ၄၀၅ |
| ညွှန်ပြန္နိုးဆော်ခန်း .... | .... | .... | ၄၀၆ |
| **အခန်း ၃၃။ အရိယသစ္စဒဿနမင်္ဂလာ** | | | |
| အမှန်တရားဖေါ်ပြခန်း | .... | .... | ၄၁၀ |
| ညွှန်ပြန္နိုးဆော်ခန်း .... | .... | .... | ၄၁၅ |
| အကျိုးမင်္ဂလာဖေါ်ပြခန်း | .... | .... | ၄၁၈ |
| နိဂုံး .... | .... | .... | ၄၂၀ |

# မင်္ဂလာ့အမြုတေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ

နတွာ မင်္ဂလ သုတ္တန္တ,
ဒေသကံ မင်္ဂလာဝကံ။
ဇနာနံ မင်္ဂလတ္ထာယ,
ကဿံ မင်္ဂလ ဝဏ္ဏနံ။

အဟံ၊ စန္ဒဇောတိ, ကဝိဖွယ်ရာ, မထေရ်ငါသည်။ မင်္ဂလာဝကံ၊ (ပါပဆိန္ဒကံ)တထောင့်ငါးရာ, ကိလေသာတပ်ပျက်အောင်, အရဟတ္တမင်္ဂဉာဏ်ကူ, အဏုမြူ ဗုန်းချလျက်, လုံးဝခွဲဖြို, အကုသိုလ် အပြစ်အတန်တန်ကို, အမြစ်မကျန် ဖြတ်တောက်တော် မူပေထသော။မင်္ဂလသုတ္တန္တ ဒေသကံး၊ မဟာမင်္ဂလသုတ္တန်ကို,ထုတ်ပြန်ကျေညာ, သာယာကျူးငြိမ့်, ဟောမိန့်တော်မူပေထသော။ မင်္ဂလသုတ္တန္တဒေသကံ၊ ဘုန်းတော်, ဂုဏ်တော်, ဉာဏ်တော်ကဲမောက်, ရဲရဲတောက် အစဉ် မကွာသည့်, မင်္ဂလာ ကြက်သရေ, အမြုတေဘုရင်, ဒေသက ဘုရားရှင်ကို၊ နတွာ၊ ဉာဏသမ္ပယုတ်, ထိန်းချုပ်စေကာ, ရှိသေစွာရှိခိုးပြီး၍။ ဇနာနံ၊ ပြည်ထောင်စု ဆိုင်ရာ, မြန်မာ ရှမ်းကရင်, ပတ်ဝန်းကျင် တောင်တန်းသား, အမျိုးသား အမျိုးသမီး ဟူသမျှတို့၏။ မင်္ဂလတ္ထာယ၊ လောကီလောကုတ္တရာ, မင်္ဂလာအောင်ဆု, ကြီးပွါးမှုအကျိုးငှါ။ မင်္ဂလဝဏ္ဏနံ၊ မဟာ မင်္ဂလသုတ်တော်ကို, သရုပ်ဖေါ်-ဖွင့်ပြရာ, မင်္ဂလာ့ အမြုတေမည်သောကျမ်းစာကို။ ကဿံ၊ ဘိုးဘပိုင်ဘာသာ, မြန်မာစကား, စာခမ်းနားအောင်, ဆန်းပြားထူးထွေ, ရေးပြုစီရင်ပေ အံ့သတည်း။

# အခန်း ၁

## ဗာလာသေဝန မင်္ဂလာ

**အသေဝနာစ ဗာလနံ** - မလိမ္မာသူလူမိုက်ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း `ကုသိုလ် တရား တိုးပွါး ရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁ နံပါတ် မင်္ဂလာကိုပင် သမာသ်တွဲစပ်၍ " ဗာလာသေဝနမင်္ဂလာ" ခေါ်ဆိုသည်ဟုမှတ်ပါ။

ဗာလာသေဝနပုဒ်၌၊ ဗာလ - အသေဝနဟုပုဒ်ခွဲ။ဗာလ - မလိမ္မာသူလူမိုက်၊ အသေဝန - မမှီဝဲမဆည်းကပ်ရခြင်း၊ မင်္ဂလာ - ကုသိုလ်တရားတိုးပွားရင့်ကျက်မှု။

**ကုသိုလ်တရား တိုးပွါးမှုသည် မင်္ဂလာ**

မင်္ဂလာ-ဟူသောစကားသည် မင်္ဂလ- ဟူသော ပါဠိကိုပင် အဆုံး၌ မြန်မာလို ဒီဃပွါး၍ မြန်မာစကားအနေဖြင့် ဇာတ်သွင်းထားသော ပါဠိကပြား မြန်မာစကားမျိုး ဖြစ်၏။ မင်္ဂသဒ္ဒါက မကောင်းမှုဟောဖြစ်၍၊ လ-သဒ္ဒါက ရိတ်ဖြတ်ခြင်းကိုဟောသည်။ သဒ္ဒါ ၂ ခု တွဲဘက် ပေါင်းစပ်၍ မကောင်းမှုကို ရိတ်ဖြတ် ပယ်ဖျောက်ခြင်း ဟူသော အဓိပ္ပါယ် ပြည့်စုံလေသည်။ ဤသည်ကား "မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ" ဟူသော မင်္ဂလာအနက်ပြ, ဝစနတ္တနှင့် အညီဖြစ်၏။ သို့သော် မကောင်းမှုကို ရိတ်ဖြတ် တတ်သော သဘာဝ ဓမ္မ သည်ပင် ဆန့်ကျင်ဘက်အားဖြင့် **ကုသိုလ်တရားတိုးပွါးရင့်ကျက်မှု**ဖြစ်၍၊ ဤမှ နောက်ဖြစ်သော မင်္ဂလာ များ၌လည်း မင်္ဂလာ ဟူသည်

ကုသိုလ် တရား တိုးပွါး ရင့်ကျက်မှု ဖြစ်သည်ဟု မင်္ဂလာ၏ အဓိပ္ပါယ်ကို နားလည်ပြီး ဖြစ်ပါစေ။

ထို့ကြောင့် လူမိုက်ကို မမှီဝဲ မဆည်းကပ်ခြင်း သည်ပင် ကုသိုလ်တရားပွါးများမှု၊ သို့မဟုတ် ကုသိုလ်တရားပွါးများရန် အထောက်အပံ့တမျိုး ဖြစ်ပေသတည်း။

## လူမိုက်ပြဿနာ ဖြေရှင်းခန်း

လူမိုက်ကို မမှီဝဲ မဆည်းကပ်ရ ဟူသော ဤမင်္ဂလာတရားတော်အရ လူမိုက်သည် မှီဝဲဆည်းကပ်ထိုက်သူမဟုတ်သည်မှာ သေချာပြီ။ သို့ရာတွင် ဘယ်လိုလူစားသည် လူလိမ္မာ, ဘယ်လိုလူစားက လူမိုက်ဟု ခြားနား၍ သိရမည် ဖြစ်သောကြောင့် ဤဗာလာသေဝနမင်္ဂလာ တရားတော်အရ ဗာလ "လူမိုက်" ဖြစ်ထိုက်သူများကို ရှေးဦးစွာ ဖြေရှင်းရမည်ဖြစ်၏။

**လူမိုက်သရုပ်ခွဲပြချက်**

၁။ (က) အန္ဓပုထုဇဉ်, (ခ) ကလျာဏပုထုဇဉ်ဟု ပုထုဇဉ် ၂ မျိုး ခွဲခြားရာ၌ ပါရမီ ဓာတ်ခံ မပါ သဖြင့် ရုပ်, နာမ် ဓမ္မ သဘာဝ အမှန်ကိုမျှ နားလည်မှုမရှိဘဲ ပုဂ္ဂိုလ် သတ္တာ ဟူသော သိရိုး သိစဉ်ထက် မကျော်လွန် သူကို အန္ဓ ပုထုဇဉ် **လူမိုက်လူအ**ဟုခေါ်၍၊ ပါရမီဓာတ်ခံ ထက်သန်သဖြင့် ပုဂ္ဂိုလ် သတ္တာ ဟူသော သိရိုးသိစဉ် လမ်းရိုးမှ ဆန်တက်ပြီးလျှင်ရုပ်, နာမ် ဓမ္မ သဘာဝသို့ ဆိုက် ရောက် အောင် နားလည် သူကို ကလျာဏပုထုဇဉ် **လူလိမ္မာ ပညာရှိ** ဟု ခေါ်ရိုးပြုကြသည်။

သို့ဖြစ်၍ဤပုထုဇဉ် ၂ မျိုးခွဲခြားအရ ပြောရသော် ဘုရားသာသနာတော် ကြီးနှင့် တွေ့ကြုံရသူ ဖြစ်ပါလျက် သာသနာ

တော်တွင်း၌သိသင့်သိထိုက်သော ရုပ်,နာမ်တရားတို့၌သဘာဝ ဆိုက်အောင်နားမလည်သူကိုပင် လူမိုက် ဟု မှတ်ပါ။

**သီလမရှိလျှင် လူမိုက်**

၂။ ထို့ပြင် "ဗာလာစမ္မာ, ပဏ္ဍိတာ ဓမ္မာဟုဟောတော်မူသောအဘိဓမ္မာ ပါဠိတော်အလိုမှာလူဖြစ်စေ,ရဟန်းဖြစ်စေ မည်မျှလောက် အရည်အချင်း ပြည့်ဝ၍ သုတ-စုံလင် ပညာရှင် ဖြစ်သော်လည်း ကိုယ်ကျင့်တရား မရှိက ပဏ္ဍိတဟု မခေါ်၊ မသူတော် လူမိုက်ပင်ဖြစ်၏။ သို့ဖြစ်၍ "ဗာလာဓမ္မာ" ဟူသော ဤ ပါဠိတော် အရ ကိုယ်ကျင့်တရား မရှိသူကိုပင် လူမိုက် ခေါ်သည်ဟုမှတ်ပါ။

ဤပါဠိတော် အလို သိမှု မသိမှုထက် ကျင့်မှု မကျင့်မှုကို သာလျှင် အခြေခံမူထား၍ လူလိမ္မာ, လူမိုက် ခွဲခြားလိုရင်း ဖြစ်သည်။

**ပညာမရှိလျှင် လူမိုက်**

၃။ ထို့ပြင်လည်း "ကထံ ဝိဓံ ပည ဝန္တံ ဝဒန္တိ" (ဘယ်လို သူကို လူပညာရှိ ခေါ်ပါသလဲ) ဟု သိကြားမင်းက မေးလျှောက်ရာတွင်——

၁။ တရားဓမ္မနှင့် နက်နဲသော အမေးပုစ္ဆာတို့ကို သဘာဝ ကျနအောင် ဖြေဆိုနိုင်ခြင်း၊

၂။ မိမိအကျိုးမဲ့, သူတပါး အကျိုးမဲ့ဖြစ်သော ကြမ်းတမ်း ခက်ထန်သည့် ကိုယ်မှု နှုတ်မှုတို့မှ ကင်းရှင်းခြင်း၊

၃။ မိမိအကျိုး သူတပါး အကျိုးတို့ကိုလည်း အခွင့်ဆိုက် သည်အား လျော်စွာ အခါကိုသိ၍ ဆောင် ရွက် ခြင်း

ဟူသော ဤအင်္ဂါ ၃ ပါးနှင့်ပြည့်စုံသူသည် ပညာရှိ ပုဂ္ဂိုလ်ဖြစ်

သည်ဟု ဖြေဆိုသော စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်တော် လာ,အလောင်းတော်မြတ်၏ စကားကို ထောက်ထားက—

၁။ တရားနှင့် စပ်လျဉ်း၍ သူတပါးက နက်နက် နဲနဲမေး လာလျှင် ဟုတ်တိုင်းမှန်ရာ မဖြေရှင်းနိုင်ခြင်း၊

၂။ သူ-ပြုလုပ်သော လုပ်ငန်းစဉ်နှင့် သူ၏နှုတ်ထွက်စကား စဉ်ကလည်း မိမိအကျိုးမဲ့၊ သူတပါး၏အကျိုးမဲ့ကိုသာ ဖြစ်ပွါးစေခြင်း၊

၃။ မိမိအကျိုး, သူတပါး၏ အကျိုး တို့ကိုလည်း အခွင့် ကောင်း ဆိုက် ပါ လျက် မ ဆောင် ရွက် နိုင် ခြင်း

ဟူသော ဤအင်္ဂါ ၃ ပါးနှင့် ယှဉ်၍ ပညာ အရည် အချင်း ကင်းမဲ့သူကိုပင် လူမိုက် ခေါ်သည်ဟုမှတ်ပါ။

ဤဇာတ် ပါဠိအလို ကျင့်မှု မကျင့်မှုထက်, သိမှု မသိမှုကို အခြေခံ မှုထား၍ လူမိုက်,လူပညာရှိ ခွဲခြားသည်၊

ကံ ၃ မျိုးလုံး မလုံခြုံလျှင် လူမိုက်

၄။ ထို့ပြင်လည်း ''ဒုစ္စိန္တိတ စိန္တီစ ဟောတိ ဒုဗ္ဘာသိတဘာသီစ, ဒုက္ကဋ ကမ္မကာရီစ''ဟု ဟောတော်မူသော ဗာလပဏ္ဍိတသုတ် ပါဠိတော်အရ—

၁။ **ဒုစ္စိန္တိတ** မကောင်းသော အကြံကို ကြံစည်ခြင်း၊

၂။ **ဒုဗ္ဘာသိတ** မမှန်သော စကားကို ပြောလေ့ရှိခြင်း၊

၃။ **ဒုက္ကိရိယာ** မတရားသောအမှုကို ပြုလုပ်ခြင်း

ဟူသော ဤဗာလ လက္ခဏာ ၃ ပါးနှင့် ပြည့်စွန်းညစ်ပေသူကိုပင် လူမိုက်ခေါ်သည်ဟု မှတ်ပါ။

၍ ဗာလပဏ္ဍိတသုတ် အလို ကိုယ်မှု, နှုတ်မှု, စိတ်မှု ဟူသောကံ ၃ မျိုးလုံး၊ လုံခြုံမှု,မလုံခြုံမှုကို အခြေခံမူထား၍ လူမိုက်,လူပညာရှိ ခွဲခြားသည်။

သို့ဖြစ်ရာ အချို့ သူတို့မှာ ကိုယ် မှု, နှုတ် မှု က သန့် ရှင်း ၍ မတရားသောအမှုကို ပြုလုပ်ခြင်း၊ မမှန်သော စကားကို ပြောဆိုခြင်းတို့မှ အရှင်း လွတ်မြောက် စေရမည်ဟု ကိုယ်တိုင်က တာဝန်ယူ၍ မိမိတို့၏ကာယကံမှု၊ ဝစီကံမှုတို့ကို လုံခြုံစွာထိန်းသိမ်းထားနိုင်သည် တိုင်အောင် အထိန်း ခက်သော စိတ်ကိုမူကား မကောင်းသော တွေးခေါ်ကြံစည်ခြင်းတို့မှ အမြဲအားဖြင့် ဟန့်တား ထားနိုင်မည် မဟုတ် ပေရာ ရံဘန် ရံခါ၌လည်း မကောင်းမှု၌ စိတ်ဝင်စား၍မတရားမှုအကုသိုလ်များကို စိတ်ထဲက လွန်ကျူးမိလေရာ၏။ ဤကဲ့သို့ စိတ်မှု မသန့်ရှင်းတိုင်းသာ လူမိုက်ဆိုရလျှင်လည်း အရိယာ အရှင်မြတ်ကြီးတွေကိုချန်လှပ်၍ မိုဝဲဆည်းကပ်ထိုက်သူ မရှိလောက်အောင်ပင်တလောကလုံး လူမိုက်တွေချည်း ဖြစ်နေပေလိမ့်မည်။

သို့သော် ပင်ကိုယ်က စိတ်ရင်းကောင်းသူ, စိတ်နေစိတ်ထား မွန်မြတ်သူတို့မှာ မကောင်းမှုအရာ၌ စိတ်ကကြံစည်သလို ကိုယ်ကလည်းမပါ၊ နှုတ်ကလည်း မပါ လေထဲမှာ လွင့်ပျောက်ရသော တိမ်တိုက်ကဲ့သို့ စိတ်ထဲ၌သာလျှင် လွင့်ပျောက်ရမည်ဖြစ်၍၊ ပင်ကိုဓါတ်ခံ မကောင်းသူ၊ စိတ်ရင်း မဖြူစင် သူတို့မှာကား စိတ်က ကြံစည် သလို ကိုယ်က နှုတ်ကလည်း သူ၏ စိတ်စိမံကိန်း အလျောက်, မကြာမီ လွန်ကျူးခြင်းသို့ ရောက်လေ၏။

ဤနည်းအားဖြင့် ပင်ကိုယ်ဓါတ်ခံမကောင်းသူ, စိတ်ရင်း မဖြူစင်သူတို့သည် သူတို့၏ စိတ်ဆိုး, စိတ်ညစ်အရ ကိုယ်မှု,

နှုတ်မှုတို့ကပါ လွန်ကျူးသည်အထိ အကြီးပက်စက်သူ လူမိုက်များဖြစ်၏။ တနည်းအားဖြင့်လည်း စိတ်ဆိုး,စိတ်ညစ်ကိန်းဝပ်နေသူတို့မှာ မတရားမှု အကုသိုလ်ကို သူတို့၏ ထူးမြတ်သော အမွေအနှစ်ကဲ့သို့ မြတ်နိုးသူများဖြစ်ရကား၊ မည်သည့်အခါ၌မဆို ကိုယ်ကငိုး, နှုတ်ကငိုး, လွန်ကျူးရမည်သာတည်း။ ထို့ကြောင့် ဤဗာလပဏ္ဍိတသုတ်အလို ပင်ကိုယ်ကမှ စိတ်ရင်းမကောင်းသူဖြစ်ခဲ့သော် ကိုယ်မှု, နှုတ်မှု, စိတ်မှု ၃ မျိုးလုံး မသန့်ရှင်းသူ လူမိုက်လက္ခဏာနှင့် ပြီစွန်း နေပေလိမ့်မည် ဟု ခန့်မှန်းနိုင်ပါသည်။

## လူမိုက်ကြီး ၄ ယောက်

ဤဖေါ်ပြအပ်ပြီးသော ကျမ်းဂန်လာ အစီအစဉ်အရ လူမိုက်ဖြစ်ထိုက်သူတို့ကို အကျဉ်းချုပ်ရေတွက်ပြရလျှင်—

**၁။ အန္ဓပုထုဇန်။** ။ဉာဏ်မျက်စိ ကန်း၍ ရုပ်မှန်း, နာမ်မှန်းမသိရသူ လူမိုက်ကြီး။

**၂။ ဒုဿီလ။** ။ကိုယ်ကျင့်တရားမရှိ၍ ထင်သလို ရမ်းကားနေသူ လူမိုက်ကြီး။

**၃။ ဒုပ္ပည။** ။ပင်ကိုယ်ဉာဏ်ကင်းမဲ့၍ အရည်အချင်းချို့တဲ့သူ လူမိုက်ကြီး။

**၄။ ဒုမ္မန။** ။ပင်ကိုယ်က စိတ်ရင်းမကောင်း၍ ကံ ၃ မျိုးလုံးမလုံခြုံသူ လူမိုက်ကြီး။

ဤသို့လျှင် ဤဗာလာသေဝန မင်္ဂလာ တရားတော်အရ ဗာလ "လူမိုက်"ဖြစ်ထိုက်သူ ၄ မျိုး ပေါ်ထွက်လာသည်။

**လူမိုက်အစစ်** သို့သော် ထိုလူမိုက် တို့ကလည်း တမျိုး တမျိုးမှာပင်—

၁။ မိမိမိုက်မဲမှုကို သိသည်အားလျော်စွာ၊ ငါလူမိုက် ပါတကားဟု စဉ်းစားရိပ်မိသူ လူမိုက်တမျိုး၊

၂။ မိမိကိုယ်တိုင်ကလူမိုက်ဖြစ်နေပါလျက်၊ သူ့ကိုယ်သူ ပညာရှိတယောက်ဟု အခြောက်တိုက် သွေးကြီး နေသူ လူမိုက်တမျိုး

ဟု ၂ မျိုးစီ ရှိနိုင်ပြန်ရာ၊ (၁) နံပါက်အရ လူမိုက်သည် အမြင်မှန်ရသူဖြစ်၍၊ အမှောင်မှ အလင်းသို့ ရောက်လာရန် အတွက် မြော်လင့်ချက်ရှိသေးသော်လည်း၊ (၂) နံပါတ်အရ လူမိုက်သည်ကား အမြင်မှန်မရောက်အခြောက်တိုက် သွေးကြီး နေသူဖြစ်၍၊ အလင်းသို့ ရောက်မှုအတွက် မြော်လင့်ချက် မရှိ တော့ပေ။ ထို့ကြောင့် (၂) နံပါတ်အရ လူမိုက်ကိုသာလျှင် လူမိုက်အစစ်ဟုခေါ်ထိုက်၏။ (ဓမ္မပဒပါလ၀ဂ်)။

ဤနည်းအားဖြင့် လူကောင်းသည် သူ၏ စိတ်ကောင်း, ညဥ်ကောင်းအရ လူကောင်း, လူလိမ္မာ ပညာရှိဖြစ်၍ လူဆိုး သည်လည်း သူ၏ စိတ်ဆိုး,ညဥ်ဆိုးအရ လူဆိုး,လူမိုက်ဘ၀သို့ ရောက်ရလေသည်။ သို့ဖြစ်၍လူကောင်းနှင့်လူမိုက်တို့သည်လည်း သူတို့၏ အတွင်းရေး ဓါတ်ခံဖြစ်သော စိတ်နေ စိတ်ထားအရ မိုယ်းနှင့်မြေကြီးမက ကွာခြားလျက်၊ လူချင်း တူသော်လည်း အသက်ရှူကွဲသူများဖြစ်ကြလေသတည်း။

**လူမိုက်ပြဿနာဖြေရှင်းခန်းပြီး၏။**

## ဆည်းကပ်သူ၏ အပြစ်ကိုဖေါ်ပြခန်း

**လူကောင်းမှ လူမိုက်ဖြစ်ရခြင်း**

လူမိုက်သည်လူကောင်းမဟုတ်၊မိုက်သူမျှသာ ဖြစ်၏၊ ထို့ကြောင့် ပညာမဲ့သူ လူမိုက်ကို ရင်းနှီးသူ မိတ်ဆွေတယောက် အနေဖြင့် သော်၎င်း,နည်းပေး လမ်းပြသူ ဆရာတယောက် အနေဖြင့် သော်၎င်း, ပေါင်းသင်း ဆက်ဆံသူတို့သည်လည်း "မှုဆိုးနားနီး မှုဆိုး - တံငါနားနီး တံငါ" ဆိုသကဲ့သို့ အမိုက်မျိုးစေ့ ကူးစက်၍ နောက်ဆုံး၌ လူကောင်းသူကောင်းအဖြစ်မှ လူဆိုး လူမိုက် ဘဝသို့ ပြောင်းလွဲရသည် ကသာ များပြား၏။

**ချွှ ထွင်ချက်**

ပင်ကိုယ် စရိုက်ကပင် ဆန်တက် ခြင်းငှါ အလို မရှိသော ကမ္ဘာသူ ကမ္ဘာသားတို့သည် အဆန်သမား ဖြစ်သော ပညာရှိ သူတော်ကောင်းတို့နှင့် ပူးပေါင်း သွေးစည်းရန် ခဲယဉ်းသည် နှင့် အမျှ အစုံသမား ဖြစ်သော လူမိုက်နှင့် သွေးစည်းရန် မှာကား လွယ်ကူလှ၏။ လူ တ ရာ တ ထောင် က လူလိမ္မာ တ ဥုး ထံ ဆည်းကပ်ရာဝယ် ထိုတရာတထောင်လုံးပင် လူလိမ္မာတွေချည်းဖြစ်ရမည်ဟု ကိန်းသေနည်းဖြင့် မယူဆနိုင် သော်လည်း၊ လူတရာ တထောင်က လူမိုက် တဥုးကို ဆည်းကပ် ရာတွင်ကား ထိုလူတရာ တထောင်လုံးပင် လူမိုက်ခြေရာနင်း၍ လူမိုက်စာရင်းဝင်သူချည်းဖြစ်ကြပေလိမ့်မည်။ မကောင်းသောမျိုးစေ့တို့မည်သည် တမင်မစိုက်ပျိုးရဘဲ ကျရောက်ရာအရပ်၌ အမြစ်တွယ် အပင်ပေါက်တတ် သကဲ့သို့ အမိုက် မျိုးစေ့တို့ မည်သည် မှာလည်း နီးစပ်သူတို့၏ သန္တာန်၌ လွယ်ကူစွာ အမြစ် တွယ်နိုင်သော အရာဝတ္ထုတမျိုးပင်တည်း။

မဟိင္ဒာမုခဇာတ်၌ လူလောက်မက အချိုးကျ လိမ္မာသော မဟိင္ဒာမုခ ခေါ် ဘုရင်မင်းမြတ်၏ စီးတော်ဆင်ကြီးသည် သူ့အနီးသို့ ညဥ့်စဥ့်လာရောက်တိုင်ပင်သူ ခိုးသား ဒါးပြတို့၏ အကြမ်းဖက်မှု စကားများကို ကြားဖန်များ နားရေဝသဖြင့် နောက်ဆုံး၌ ဆင်လိမ္မာအဖြစ်မှ ဆင်မိုက်ဆင်ရိုင်းကြီးဖြစ်သွားရပုံ၊စွန်ချီသွားရာမှသူတော်ကောင်းနှင့်သူယုတ်မာလက်ထဲသို့ အသီးသီး ရောက်ကြ ရသော ကျေးသားငှက် ၂-ကောင်ရှိသည့်အနက်၊ သူတို့၏ နီးစပ်ရာ အတွေ့အကြုံသို့ လိုက်၍ တကောင်မှာ ကျေးလိမ္မာ ဖြစ်၍၊ တကောင်မှာ ရိုင်းစိုင်းသော ကျေးမိုက် ဖြစ်ရပုံ၊ ယခုလောက၌လည်း အသောက်အစားသမားနှင့်ပေါင်း၍ အသောက်အစားသမားဖြစ်ရပုံ၊ ဖဲသမားနှင့်ပေါင်း၍ ဖဲသမားဖြစ်ရပုံ၊ မြင်းသမားနှင့်ပေါင်း၍ မြင်းလောင်းဝါသနာစွဲရပုံ စသည်တို့သည်ကား ဤအရာ၌ ထင်ရှားသောသက်သေတို့ပင်တည်း။

**အကဲ့ရဲ့ခံရခြင်း** ပညာမဲ့သူ၊ သို့မဟုတ် ကိုယ်ကျင့်တရားကင်းမဲ့သူ လူမိုက်သည် သူကိုယ်တိုင်ကပင် အကဲ့ရဲ့ ခံနေရသူ ဖြစ်၍ လူမိုက် ကို ဆည်းကပ်သူ လူမိုက်နှင့် ပေါင်းသင်းဆက်ဆံရသူတို့သည်လည်း မိမိဆည်းကပ်ရာ လူမိုက်ကဲ့သို့ပင် သူတပါးတို့၏ ကဲ့ရဲ့ရှုံ့ချခြင်းကိုခံရသဖြင့် လူသူလေးပါး အလယ်၌ ခေါင်းမဖော်ဝံ့လောက်အောင် အရှိန်အစော် ကင်းမဲ့ သူများ ဖြစ်ရမည်မှာ သေချာ၏။ အကယ်၍ မိမိက အတော် အသင့် ဓာတ်ခံ ကောင်းသူ ဖြစ်သောကြောင့် အမိုက် မျိုးစေ့ မကူးစက် စေရပါဟု ရဲဝံ့စွာ ဝန်ခံနိုင်သည်တိုင်အောင်၊ လူမိုက်နှင့် ပေါင်းသင်းခြင်းကြောင့် ဖြစ်သင့်ဖြစ်ထိုက်သော သူတပါး အထင် အမြင် သေးမှု စသည် တို့မှကား လွတ်ငြိမ်းချမ်းသာခွင့်ရလိမ့်မည်မဟုတ်ပေ၊ သို့ဖြစ်ရာသူတပါး၏ တံထွေး ကွက်၌ ပက်လက် မျောနေသူ လူမိုက်ကို လူကောင်း တယောက်ကဆည်းကပ်မိခဲ့သော်၊ ထိုဆည်းကပ်မိသူလူကောင်း

သည်လည်းအဆည်းအကပ်ခံရသူ လူမိုက်ကဲ့သို့ပင် သူတပါး၏ တံထွေးကွက်၌ ပက်လက် မျောပါ ရလိမ့် မည်ဟု နားလည်မှု ရှိပါစေ၊ ပမာအားဖြင့်ဆိုသော် ပင်ကိုက အပုပ်နံ့မပါသော ဖက်ရွက်နှင့် ငါးပိထုပ်ခဲ့လျှင် ထိုဖက်ရွက်မှာ ငါးပိနံ့သာ နံရသကဲ့သို့တည်း။

**မင်းပြစ်မင်းဒဏ် ခံရခြင်း**

ပညာမဲ့သူ, သို့မဟုတ် ကိုယ်ကျင့် တရားကင်းမဲ့သူလူမိုက်သည် သူ၏ မိုက်ပြစ်အရ မျက်မှောက် လောက၌ပင် မင်းပြစ် မင်းဒဏ် မကင်းသူများ ဖြစ်သောကြောင့် လူမိုက်ကို ဆည်းကပ်သူ လူမိုက်နှင့် ပေါင်းသင်း ဆက်ဆံသူတို့သည်လည်း များမကြာမီ လူမိုက် တန်းသို့ လျှောကျလျက် လူမိုက် တို့၏ လမ်းစဉ် အရ လူမိုက်ခံရသော မင်းပြစ်မင်းဒဏ်များကိုသူတို့ကိုယ်တိုင်အလူးအလဲ ခံရမည်မှာ သေချာ၏။

**ချို့ယွင်ချက်**

လူမိုက် နှင့် ပေါင်း၍ လူကောင်း ဘဝကို စွန့်လွှတ်ရသူ မှန်က မည်သူမဆိုကိုယ်ကျင့် တရား ကင်းမဲ့သူကများ၏။ အယုတ်ဆုံးအားဖြင့် ငါးပါးသီလ လောက်ကိုမျှ မလုံခြုံကြပေ၊ သို့ဖြစ်ရာ သူတို့၏ ကိုယ်ကျင့်တရား ခေါင်းပါးမှု အရ၊ သူ့အသက် သတ်ခြင်း, သူ့ဥစ္စာ ခိုးခြင်း, သူ့သားမယား ကျူးလွန် ပြစ်မှားခြင်း, အသောက် အစား အလောင်း အကစားဖက်ခြင်း, စသော မကောင်းမှု ဒုစရိုက် တို့ကို အောက်တန်းစား အနေဖြင့် ကျူးလွန်ရာမှ တစ တစ ကိုယ်ရဲနှုတ်ရဲဖြစ်ပြီးလျှင် နောက်ဆုံး၌ တရားဥပဒေက ခွင့်မပြုသော လူသတ်မှု ဒါးပြတိုက်မှု သူပုန်မှု စသည့် ကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုကြီးများကိုလည်း ကျူးလွန်ဘို့ရန် ဝန်လေး

မည်မဟုတ်ပေရာ။ ဤနည်းအားဖြင့်ပင် လူမိုက်ကို ဆည်းကပ်သူ လူမိုက်နှင့် ပေါင်းသင်း ဆက်ဆံ သူတို့သည်လည်း သူတို့၏ ပေါင်းသင်းဆက်ဆံရေး လမ်းစဉ်အရ တရားဥပဒေက ခွင့်မပြုသော ရာဇဝတ်မှု အမျိုးမျိုးကို ကျူးလွန်မိသော တနေ့၌ ထောင်ဒဏ် ကျွန်းဒဏ် ကိုသော်၎င်း သေဒဏ်သို့ သော်၎င်း ဖြစ်မှုအားလျော်စွာ ခံကြရမည်သာတည်း။

မြန်မာပြည် ပေါက္ကန်ရာဇဝင်၌ "ငရမန်ကန်း"ဆိုသူ မြို့ဝန်မိုက်နှင့် အရောတဝင် ပေါင်းသင်းသောကြောင့် စောလူးမင်းမှာ သူကိုယ်တိုင် မင်းဆိုး မင်းမိုက် ဖြစ်၍ အလောင်း အကစား ဝါသနာ ထုံပြီးလျှင် နောက်ဆုံး၌ ငရမန်ကန်း၏ လက်ချက်ဖြင့်ပင် စောလူးမင်း နတ်ရွာစံရပုံ စောလူးမင်းမိုက်ကို အကြောင်းပြု၍ ပေါက္ကန်ပြည်ကြီး မှောက်လုမတတ်ဖြစ်ခဲ့ရပုံစသည်တို့သည်ကား ဤအရာ၌ထင်ရှားသော သက်သေတို့ပင် ဖြစ်လေသည်။

သို့ဖြစ်ရာ လူမိုက်ကို ဆည်းကပ်၍ လူမိုက်နှင့် ပေါင်းသင်းလျှင်ထိုလူမိုက်တို့ခံရသောမင်းပြစ်မင်းဒဏ်များကိုလည်း တနေ့နေ့၌ မိမိတို့လည်း ဆိုးမွေခံ အနေဖြင့် သာတူညီမျှ ခံရလိမ့်မည်ဟု ကျောတစိမ့်စိမ့် ဖြစ်နေမှသာလျှင် လူ့အခွင့်အရေးမှ မဆိုးရှုံးဘဲရှိရမည် သာတည်း။

**အပါယ်လေးပါးသို့ လားရခြင်း**

လူမိုက်သည် သူ၏ မိုက်ပြစ်အရ သေသည် မှ နောက် ၌ လည်း အ ပါယ် လေးပါးသို့ လားထိုက်သူဖြစ်၍ လူမိုက်ကိုဆည်းကပ်သူ, လူမိုက်နှင့် ပေါင်းသင်း သူတို့ သည်လည်း မိမိတို့၏မလိမ္မာမှုအရ ဤဘဝ၌တွေ့ရသည့်မကောင်းသတင်း ထွက်ခြင်း, မင်းပြစ် မင်းဒဏ် ခံရခြင်း စသော လောကပြစ်

လောကီမျှဖြင့် ရပ်တန့် မနေသေးဘဲ သေသည်မှ နောက်၌လည်း ထိုအဆည်းအကပ်ခံရသူ၊ သို့မဟုတ်မိမိနှင့်ပေါင်းသင်းသူ လူမိုက်ကဲ့သို့ပင်အပါယ်လေးပါးသို့ လားရမည်သာဖြစ်၏။

**ချဲ့ထွင်ချက်** လူမိုက်ကို ဆရာအဖြစ် မှီဝဲဆည်းကပ်မိသောကြောင့်ဖြစ်စေ, သို့မဟုတ် လူမိုက်နှင့် မိတ်ဖြစ် ဆွေဖြစ် ပေါင်းသင်း ရသောကြောင့် ဖြစ်စေ, တနည်းနည်း ကြောင့် လူမိုက် ဖြစ်ရသူသည် အမြင်မှန် မရခဲ့လျှင် တဘဝထက် တဘဝ အမိုက် မျိုးစေ့ ရင့်သန် ရမည်သာတည်း။ ဤနည်း အားဖြင့် အမိုက် မျိုးစေ့ ရင့် သန်ခဲ့သော် အခွင့်မတော်သော တနေ့၌ ကမ္ဘာချီ၍ မိုက်ရဲသော ကမ္ဘာ့ မိုက်ခဲကြီး တဦး တယောက် အနေဖြင့် "မက္ခလိဂေါသာလ" စသည်တို့ကဲ့သို့ စင်ပြိုင်ဘုရားတည်ထောင်လျက် ဘုရားစစ်ဘုရားမှန်ကို အတိုက်အခံပြုရန်လည်း ဝန်လေးမည်မဟုတ်လှ၊ ဒေဝဒတ်ကြီးကဲ့သို့ ဘဝအဆက်ဆက်က ထုံခဲ့သော အမိုက်မျိုးစေ့အရ အကြောင်းမဲ့ ရန်ငြိုး ထားလျက် ဘုရားကိုပြစ်မှားရန်လည်း ဥုးလေးမည်မဟုတ်ပေ။ ဤသို့ဖြစ်ရာအဘယ်မှာလျှင် ထိုကဲ့သို့သောလူမိုက်သည် အပါယ်ဆင်းရဲ,ဝဋ်ဆင်းရဲတို့မှလွတ်မြောက်ခွင့်ရပါအံ့နည်း။ နောက်ဆုံး၌ ဘုရားပေါင်းအဆူဆူ ချွတ်သော်လည်း မကျွတ်နိုင်အောင် ခိုင်မြဲလှသော ဝဋ္ဋခါဏုက(သံသရာ့သစ်ငုတ်) အဖြစ်ဖြင့် သံသရာ ရေယဉ်ကြော၌ရည်ရွယ်ချက်မရှိဘဲကလေကဝ မျောလိုက်သော်လည်း မျောလိုက်နေပေရာ၏။

လူမိုက်ကိုဆည်းကပ်၍ လူမိုက်နှင့်ပေါင်းသင်း ရခြင်းသည် အခွင့် မတော်လျှင် ကမ္ဘာပေါင်း များစွာ အဖတ် ဆည်မရ

လောက်အောင် အပြစ် ကြီးလေး နိုင် ရကား လူမိုက် ထက် သာလွန်၍ ကြောက်မက်ဘွယ်ကောင်းသူကား မရှိတော့ပြီ။

ဤအရာ၌ရှင်ဘုရင်သည်သူစိတ်တိုင်းမကျသော လူတဦးတယောက်ကို **"ထားလျှင်အရှင်-သတ်လျှင်အသေ"** ဖြစ်ချင်သလို ဖြစ်စေနိုင်သော်လည်း၊ ရှင်ဘုရင်မှာ အဆင်ခြင်တရားရှိသေးသဖြင့် ရှင်ဘုရင်ထက် အဆင်ခြင် မရှိသောလူမိုက်ကို သာလွန်ပြီး ကြောက်လန့်ရပါသည်ဟု သံတော်ဦး တင်သော အမတ်ကြီး ဦးပေါ်ဦး၏ စကားသည်လည်း မှတ်သားလောက်သော ထောက်ခံချက်တမျိုးပေတည်း။

ဤအရာ၌ ဆရာ အဆည်းအကပ်မှား၍ အမှောက်မှောက် အမှားမှားဖြစ်ရသော ပုံပြင်ဝတ္ထုတို့လည်း များလှ၏၊ သို့ရာတွင်ပို၍ထင်ရှားသောအကြောင်းအရာမှာအဇာတသတ်မင်း၏အဖြစ်အပျက်ပင်တည်း။

ထို အဖြစ်အပျက်ထဲ၌ ဒေဝဒတ်ကို ဆည်းကပ်မိသူ အဇာတသတ်မင်းသည်လည်း သူ၏ဆရာဒေဝဒတ်ကဲ့သို့ပင်—

၁။ ကိုယ်ကျင့်တရားပျက်စီးခြင်း၊

၂။ ကိုယ်ပိုင်ဉာဏ် အသိတရားခေါင်းပါးခြင်း၊

၃။ စိတ်ထားမခိုင်မြဲခြင်း

ဟုဆိုအပ်သော အလားတူ လူမိုက်လက္ခဏာများပေါ်ပေါက်၍ အပါယ်ငရဲသို့ လားရသည်ဟူသော သင်ခန်းစာတို့ကလည်း ပေါင်းသင်းဆက်ဆံရေးအတွက် အမြင်မှန်ကို ညွှန်ပြသကဲ့သို့ ရှိနေပေသတည်း။

ဆည်းကပ်သူ၏အပြစ်ကို ပေါ်ပြခန်းပြီး၏။

# ညွှန်ပြရှုံးဆော်ခန်း

**ဆည်းကပ်မှုနှင့်**
**ပေါင်းသင်းမှု**

လူ တဉုး တယောက်ကို ဆရာ အဖြစ် တင်မြှောက်၍ မှီဝဲခြင်းသည်၊ ဆည်းကပ်ခြင်းဖြစ်၍ မိတ်ဖြစ် ဆွေဖြစ် ဆက်ဆံခြင်းသည်ကား ပေါင်းသင်း ခြင်းဖြစ်လေသည်။ ဤဗာလာသေဝနမင်္ဂလာတရားတော်အရ ဆရာအနေဖြင့် ဆည်းကပ်ခြင်းကိုသာ တားမြစ်ခြင်း ဖြစ်သည်ဟု ဆိုရသည် တိုင်အောင်၊ ရှောင်ရှားနိုင်ပါက လူမိုက်နှင့် မိတ်ဆွေ အဖြစ် ဆက်ဆံ ခြင်းမှလည်း ရှောင်ရှားသင့်ပေသည်။

သက်မဲ့ ဖြစ်သော သရက်ပင် သော်လည်း ခွေးတောက်မြစ်နှင့် ရောယှက်ရသောကြောင့် အခါးသီးကို သီးနိုင်ပါလျှင်၊ သက်ရှိ ဖြစ်သော လူသား အဖို့မှာ လူမိုက်နှင့် ပေါင်းသင်း ရသောကြောင့် အဘယ်မှာ လူမိုက်သဘောသို့ မပြောင်းလွဲနိုင်ဘဲရှိရာအံ့နည်း။

**ရှင်ဗုဒ္ဓဃောသ**
**မိန့်ခွန်း**

တသ္မာ အကလျာဏဇနံ၊
အာသိဝိသ မိဝေါရဂံ၊
အာရကာ ပရိဝဇ္ဇေယျ၊
ဘူတိကာမော ဝိစက္ခဏော။ ။

(သို့ဖြစ်ရာ ကြီးပွားရေး အောင်ပန်း, ဆွတ်လှမ်း ပန်ဆင်လိုသူတိုင်းပင်၊ လူမိုက်ကို အဆိပ် အတောက် ရှိသော မြွေလို ကြောက်လန့်လျက် ဝေးရာအရပ်မှ ရှောင်ကွင်းရမည်) ဟု အဋ္ဌကထာဆရာကြီးကလည်း ညွှန်ပြခဲ့လေပြီ။

**မတတ်သာလျှင် ကိုယ်ပေါင်း စိတ်ခွါပေါင်း**

လူမိုက်နှင့်မပူးပေါင်းရ၊လူမိုက်ကို ရှောင်ရမည်ဟု အဋ္ဌကထာ ဆရာကြီးက ညွှန်ပြခဲ့ပေပြီ၊ သို့သော် လူမိုက်တို့မည်သည်မှာ အကျိုးတရားကို မရှုဘဲ အပြစ်ကိုသာ ရှုတတ်သဖြင့်လူမိုက်နှင့်အပေါင်းအသင်းမပြုခဲ့သော်ထိုလူမိုက် ကပင် သူ့ကိုအဖက်မလုပ်ရ ကောင်းလားဟု မတရား ရန်ပြုတတ်ပြန်လေသည်။ သို့ဖြစ်၍ သူယုတ်မာလူမိုက်ကို မိမိကျေးဇူးရှိမည့်အရာ၌ဖြစ်စေ၊မလွဲရှောင်သာသည့် မှုခင်းကိစ္စမျိုး၌ဖြစ်စေ မတတ်သာ၍ပေါင်းသင်းရစေကာမူ နှစ်နှစ်ခြိုက်ခြိုက် အပေါင်းမျိုး မဟုတ်စေဘဲ **" သူ့သဘော လိုက် လျော ညီ ထွေ ကျင့်တတ်စေ"** ဆိုသောစကားနှင့်ညီစွာ အရာရာ၌ သူ့သဘောကို တိုင်းထွာပြီးလျှင် ကိုယ်ပေါင်းစိတ်ခွါ ပေါင်းသင်းရာ၏။

## လူမိုက်ကိုရှောင်ပါ

**လိုရင်းမှတ်ဖွယ်**

လူမိုက်ကို ဆည်းကပ်၍ လူမိုက်နှင့် ပေါင်းသင်းလျှင် ထိုလူမိုက်မှ အမိုက်မျိုးစေ့ ကူးစက်၍ နောက်ဆုံး၌ သင်ကိုယ်တိုင်လည်း လူမိုက်ဖြစ်ရမည်။ လူမိုက်ဖြစ်လျှင် သင်ကိုယ်တိုင်လည်း ထိုလူမိုက်ခံရသော အပြစ်မျိုးကို ခံရလိမ့်မည်၊ အတွင်းက စိတ်ယုတ်မာနှင့် အပြင်က မိတ်ယုတ်မာသည် လူတိုင်း၏နစ်မွန်းဆင်းရဲကြောင်းဖြစ်သည်၊ အသင် ကြီးပွါးချမ်းသာလိုပါသလား ? ကြီးပွါးချမ်းသာလိုပါလျှင် စိတ်ကောင်းစိတ်မြတ်မွေးမြူပါ၊ မိတ်ယုတ်မာ(လူမိုက်) ကိုလည်းရှောင်ပါ၊ ဤမျှဖြင့်ပင် သင်ကြီးပွါးရေးအဆောက် အဦးကြီး တည်ဆောက်မှု အတွက် အုတ်ပန္နက်

RESEARCH DIVISION
OF INFORM
Acc: N

အခြေခံလုံလောက်ပြီဟု အမှတ်ပြုနိုင်ပါပြီ။ ထို့ကြောင့် လူမိုက်ကိုရှောင်ပါ ဟု ညွှန်ပြနိုးဆော်ရ၏။

ဆောင်ပုဒ်။ ၁။ လူမိုက်နှင့်ပင်၊ သင်ပေါင်းလျှင်၊ အသင်မိုက်မည်သာ။
၂။ လူမိုက်ခံသမျှ၊ သင်ခံရ၊ ညီမျှအပြစ်မှာ။
၃။ အတွင်းစိတ်ယုတ်၊ ပြင်မိတ်ယုတ်၊ နှစ်မြုပ်ဆင်းရဲရာ။
၄။ ချမ်းသာလိုလား၊ စိတ်ကောင်းထား၊ ရှောင်ရှားစိတ်ယုတ်မာ။

**ညွှန်ပြနိုးဆော်ခန်းပြီး၏။**

## အခန်း ၂

## ပဏ္ဍိတသေဝနာမင်္ဂလာ

ပဏ္ဍိတာနဉ္စသေဝနာ=လိမ္မာသူ ပညာရှိကို မှီဝဲ ဆည်းကပ်ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွါးရင့်ကျက်ရန် မင်္ဂလာတပါး ဖြစ်သည်။

ဤ ၂ နံပါတ် မင်္ဂလာကိုပင် ''ပဏ္ဍိတသေဝနာမင်္ဂလာ'' ခေါ်ဆိုသည်ဟု မှတ်ပါ။

ပဏ္ဍိတ=လိမ္မာသူပညာရှိ၊ သေဝနာ=မှီဝဲဆည်းကပ်ရခြင်း။ မင်္ဂလာ=ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု။

## ပညာရှိပြဿနာ ဖြေရှင်းခန်း

အများ အားဖြင့် လူတိုင်း၏ အသိဉာဏ်၌ပင် ဤပဏ္ဍိတ သေဝနာ မင်္ဂလာ တရားတော်အရ ပဏ္ဍိတ ( ပညာရှိ )ဖြစ်ထိုက်သူ ဟူသည်မှာ လောကုတ္တရာရေးဆိုင်ရာ စာပေဘက်၌ ဖြစ်စေ၊ လောကီရေး ဆိုင်ရာ စာပေဘက်၌ ဖြစ်စေ၊ တဘက်ဘက်၌ ထူးချွန် တတ်မြောက်သူ ရဟန်းဆရာ၊ လူဆရာများပင် ဖြစ်သည်ဟု ထင်မြင်ကြဟန် တူလေသည်။ထိုထင်မြင်ချက်သည် မှန်သင့်သလောက်လည်း မှန်၏။ သို့သော်လည်း ဤပဏ္ဍိတ သေဝနာ မင်္ဂလာ တရားတော်အရ ပြည့်စုံ လုံလောက်သော ထင်မြင်ချက် မဟုတ်ရကား ဤနေရာ၌ ပညာရှိ ပြဿနာ ဖြေရှင်းခန်းတရ အနေဖြင့် ပညာရှိ ဖြစ်ထိုက်သူတို့ကိုလည်း ကျမ်းဂန်နှင့်အညီ စိစစ်ခွဲပြရန် လိုပေသည်။

**ပညာရှိ သရုပ်ခွဲပြချက်**

အောက် ဗာလာသေဝန မင်္ဂလာ၌ ဖေါ်ပြအပ်ပြီး ဖြစ်သော လူမိုက် လက္ခဏာ တို့မှ ဆန့် ကျင် ဘက် ပြန်လှန်၍ ကျမ်းဂန်လာ ပညာရှိ (လူလိမ္မာ) ဖြစ်ထိုက်သူတို့ကို ဤသို့သိအပ်၏။

၁။ (က) အန္ဓပုထုဇန်၊ (ခ)ကလျာဏပုထုဇန်ဟုပုထုဇန် ၂ မျိုးခွဲခြားချက်အရ ကလျာဏပုထုဇန် (ရုပ်,နာမ်,ဓမ္မ)တို့၏ ဖြစ်ပျက်ပုံ အလား အလာကို အမြင်မှန် သိသူသည် လူလိမ္မာ ပညာရှိတမျိုး ဖြစ်၏။

- လောကုတ္တရာ ရေး၏ အထွဋ်အထိပ် ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ရမှု အတွက် အခြေခံ လုံလောက် သောကြောင့် ယင်း ကလျာဏ ပုထုဇန်ကို ပညာရှိဟု ခေါ်ရသည်။

၂။ ထို့ပြင် "ဗလာဓမ္မာ-ပဏ္ဍိတာဓမ္မာ"ဟု ဟောတော်မူသော အဘိဓမ္မာ ပါဠိတော် အရ ကိုယ်ကျင့် တရား ရှိသူ သီလဝန္တ ပုဂ္ဂိုလ်သည်လည်း ပညာရှိပင်ဖြစ်၏။

ကိုယ်တိုင်က ပညဝန္တမဟုတ်၍ လုံလောက်သော အသိဉာဏ်မရှိဟု ဆိုရသည့်တိုင်အောင် နောင်သံသရာတက်လမ်းအတွက် မြော်လင့်ချက် အခြေခံဟု ဆိုအပ်သော ကိုယ်ကျင့် သီလ လုံလောက် သောကြောင့် ထိုသီလဝန္တ ပုဂ္ဂိုလ်ကိုလည်း ပညာရှိဟု ခေါ်ရမည်။

၃။ ထို့ပြင် "ကထံ ဝိမံ ပညဝန္တံ ဝဒန္တိ"။ (ဘယ်လို ပုဂ္ဂိုလ်ကိုပညာရှိ ခေါ်ပါသလဲ)ဟု စတ္တာလီသ နိပါတ် သရဘင်္ဂ ဇာတ်တော်လာ သကြားမင်း၏ မေးခွန်းအရ—

၁။ တရားနှင့် စပ်လျဉ်း၍ နက်နက် နဲနဲ မေးလာလျှင် ဟုတ်တိုင်းမှန်ရာ ဖြေရှင်းနိုင်ခြင်း၊

၂။ သူပြုလုပ်သော လုပ်ငန်းစဉ် နှင့် သူ၏ နှုတ် ထွက် စကားတို့ကလည်း မိမိ အကျိုးစီးပွား သူတပါး၏ အကျိုးစီးပွားတို့ကိုသာ ဖြစ်ပွါးစေခြင်း၊

၃။ မိမိ၏ အကျိုး, သူတပါး၏ အကျိုး တို့ကိုလည်း အခွင့်ကောင်းဆိုက်တိုင်း ဆောင်ရွက်နိုင်ခြင်း

ဟူသော ဤအင်္ဂါ ၃ ပါးနှင့် ယှဉ်၍ ပညာ အရည် အချင်း လုံလောက်သူ သည်လည်း ပညာရှိပင်ဖြစ်၏။

ပညာရှိဟူသော စကားနှင့် ညီစွာ မိမိ၏ အကျိုးစီးပွား ဖြစ်ထွန်းမှု, သူတပါး၏ အကျိုးစီးပါး ဖြစ်ထွန်းမှုအတွက် တရားသဖြင့် ဆောင်ရွက်ရာ၌ ထမြောက် အောင်မြင်အောင် တကယ်စွမ်းဆောင်နိုင်သော ပညာ အရည် အချင်း ရှိသောကြောင့်ပင်၊ ဤအင်္ဂါ ၃ ပါးနှင့် ညီညွတ် သူကို ပညာရှိဟုခေါ်ရသည်။

၄။ ထို့ပြင် ''သုစိန္တိတ စိန္တီ စ ဟောတိ၊ သုဘာသိတ ဘာသီစ၊ သုကတ ကမ္မကာရီစ''ဟု ဟောတော်မူသော ဗာလပဏ္ဍိတသုတ် ပါဠိတော် အရ—

၁။ ကောင်းသော အကြံကို ကြံစည်ခြင်း၊
၂။ ကောင်းသော စကားကို ပြောဆိုခြင်း၊
၃။ တရားသော အမှုကို ပြုလုပ်ခြင်း

ဟုဆိုအပ်သော ဤပညာရှိ လက္ခဏာ ၃ ပါးနှင့်ပြည်စုံသော သူသည်လည်း ပညာရှိပင်ဖြစ်၏။

ပညာရှိ လက္ခဏာ ဤ ၃ ပါးနှင့် ပြည့်စုံ သူမှ သာလျှင် ပင်ကိုယ်စိတ်ရင်း ကောင်းသူများ ဖြစ်၍ တရားသော လမ်းစဉ် အရ ဆောင်ရွက်ရသော အမှုကိစ္စဟူသမျှတို့ကို မိမိတို့၏ထူးမြတ်သော အမွေအနှစ်ကဲ့သို့ မြတ်နိုးနိုင်သည် ဖြစ်သောကြောင့် ထိုအခြေခံ အရည်အချင်း ၃ မျိုးနှင့် ပြည့်စုံလုံလောက် သူကိုလည်း ပညာရှိဟူ၍ပင် ခေါ်ရသည်။

၅။ ထို့ပြင်။ **။ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊**
**ယော စတ္ထော သမ္ပရာယိကော။**
**အတ္ထာဘိ သမယာ ဓီရော၊**
**ပဏ္ဍိတောတိ ပဝုစ္စတိ။**

ဟု ဟောတော်မူသော ဗုဒ္ဓရှင်တော်မြတ်၏ မိန့်ခွန်းတော်အရ၊ (၁)မျက်မှောက်၌ဖြစ်သော မိမိ၏ အကျိုးစီးပွား၊ (၂)နောင်သံသရာ၌ဖြစ်လတ္တံ့သော မိမိ၏အကျိုးစီးပွား၊ ဤအကျိုးစီးပွား ၂ ပါးကို လက်ဆုပ်လက်ကိုင် ကိုယ်ပိုင်အခွင့်အရေး အဖြစ်ဖြင့် အရ ကုတ်နိုင်သူ သည်လည်း ပညာရှိပင် ဖြစ်၏။

မိမိ၏ အခွင့်အရေးကို တရားလမ်းအရ တကယ် ဆောင်ရွက်ခြင်းငှါ စွမ်းဆောင်နိုင်သူသည် သူတပါး၏ အခွင့် အရေး အတွက် ဆောင်ရွက်

ဖွယ် ကြုံလာလျှင်လည်း ဘယ်နည်းနှင့်မှ ခေါင်းတိမ်းနေမည်မဟုတ်ပါ။ ထို့ကြောင့်၊ ဤ ၅ နံပါတ်အရ ပညာရှိ ပုဂ္ဂိုလ်သည်၊ ၃ နံပါတ်အရ ဖေါ်ပြခဲ့သော ပညာရှိနှင့် အလားတူပင် ဖြစ်သည်ဟု မှတ်ပါ။

**၆။ အနောက်တိုင်းသားတို့၏ သတ်မှတ်ချက်**

ထို့ပြင် Educated is he who is on to his job ဟူသော အနောက်တိုင်းသားတို့၏ ပြောထုံးအရ၊ မိမိတို့ဆိုင်ရာတာဝန်ဟု ဆိုအပ်သော အလုပ် ကိစ္စ၌ ကျွမ်းကျင်လိမ္မာစွာ အလုပ် လုပ်တတ်သူသည်လည်း ပညာရှိပင်ဖြစ်၏။

ဤအနောက် တိုင်းသားတို့၏ သတ်မှတ်ချက် စကားအရ ဆိုလျှင် မည်သူမဆို မိမိဆိုင်ရာ အလုပ်ကိစ္စ၌ ကျွမ်းကျင်ထားသူ ဖြစ်စေရမည်။ အကယ်၍မိမိက အရေးပိုင်ဖြစ်လျက် အရေးပိုင်၏အလုပ်ကိစ္စ၌ မကျွမ်းကျင်သူ ဖြစ်ခဲ့ပါမူ ထိုသူသည် ပညာရှိ မဖြစ်နိုင်။ ဤနည်း အတိုင်းပင် ရဟန်းဖြစ်လျက် ရဟန်း၏ သာသနာရေးဆိုင်ရာ လုပ်ငန်း၌ မကျွမ်းကျင်မှု၊ လူဖြစ်လျက် လူ့ကိစ္စတာဝန်၌နားမလည်မှု၊ ကုန်သည်ဖြစ်လျက် ရောင်းဝယ်ရေးကိစ္စ၌ မကျွမ်းကျင်မှု စသည်တို့၌လည်း အလားတူပင်တည်း။ ထို့ကြောင့် မိမိဆိုင်ရာ အလုပ် ကိစ္စ၌ ကျွမ်းကျင်စွာ အလုပ် လုပ်တတ်သူကိုလည်း ပညာရှိဟု ခေါ်ရသည်။

သို့ရာတွင် ပညာ အရည် အချင်း အလျောက် ချီးမြှောက်မှုထက် **လက်သင့်ရာ စားတော်ခေါ်မှု** ကိုသာ ပိုပြီး လေးစားကြသော ယခု ခေတ်၌ကား အလုပ် ကိစ္စ မကျွမ်းကျင် သူတို့သည်လည်း မနိုင်ဝန်ကြီးကို ချီမနေကြရသည်မှာ ဝမ်းနည်းဘွယ်ပင်ဖြစ်၏။

ဤသို့လျှင် ပညာရှိဖြစ်ထိုက်သူတို့ကို ကျမ်းဂန်အရစီစစ်လျှင် ဤဖေါ်ပြအပ်ပြီးသောပုဂ္ဂိုလ် ၆ မျိုးသာလျှင်အကြမ်းစားဖြစ် ကွဲပြားသည်ဟု မှတ်ပါ။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

**ပညာရှိသူတိုင်း ကပ်ထိုက်သူမဟုတ်**

ဓမ္မရေး အရ အားဖြင့်၎င်း၊ လောကရေး အရအားဖြင့်၎င်း သာမန်ပညာရှိဖြစ်ထိုက်သူများကို သရုပ် ရေ တွက်၍ ပြ ခဲ့ ပါ ပြီ၊ သို့ရာတွင် ပညာရှိသူတိုင်းလည်းဆည်းကပ်ထိုက်သူမဟုတ်သော ကြောင့် တကယ် ဆည်းကပ်ထိုက်သူပညာရှိမျိုးကို ရွေးချယ်ရာ၌ကား ၂ နံပါတ်က ဖေါ်ပြခဲ့သော ကိုယ်ကျင့်တရား ရှိမှုနှင့် ၃ နံပါတ်ကဖေါ်ပြခဲ့သော ပညာ အရည်အချင်း လုံလောက်မှု ဟုဆိုအပ်သော ဤအင်္ဂါ ၂ မျိုးလုံးနှင့် ညီညွတ်သူ စွယ်စုံပညာရှိမျိုးဖြစ်နိုင်ရန် အရေးကြီးပြန်လေသည်။ ထိုကဲ့သို့သော စွယ်စုံပညာရှိ ပုဂ္ဂိုလ်မျိုးမှသာလျှင် ရဟန်းဆိုလျှင်လည်း ရဟန်းနှင့် ထိုက်တန်သော သီလ, သမာဓိ, ပညာ မျိုးရှိသူဖြစ်၍၊ လူဆိုလျှင်လည်း လူ့သီလ, လူ့သမာဓိ, လူနှင့် ထိုက်တန်သော အသိအလိမ္မာပညာမျိုးရှိသူ ဖြစ်နိုင်၏။ သို့ဖြစ်ရာ နည်းပေးလမ်းပြအနေဖြင့် မိမိ၌ဆည်းကပ်ထိုက်သူပညာရှိကို ရွေးချယ်ခွင့် ဆိုက်ခဲ့လျှင် တတ်နိုင်ပါက ကိုယ်ကျင့်တရားရှိသူ, အသိအလိမ္မာ ဉာဏ်ပညာရှိသူ စွယ်စုံပညာရှိကိုသာ ရွေးချယ် ဆည်းကပ်ပါ။ အကယ်၍ စွယ်စုံပညာရှိမျိုးကိုမှ မရသာခဲ့လျှင်ကား ငါဆည်းကပ်လောက်သူ မရှိပြီဟု ခိုကိုးရာမဲ့နေမည်ကား မဟုတ်ပေ။ အိမ်ဆောက်ရာ၌ သစ်ခုတ်သမားသည် တိုင်တိုဖြစ်စေ တိုင်ရှည်ဖြစ်စေ သူ့နေရာနှင့်သူ အသုံးကျသည်ဟု ရရာသစ်ကိုပင် ခုတ်လှည်းရသကဲ့သို့ စွယ်စုံဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ, ကြုံကြိုက်ရာပညာရှိကိုပင် သူ့နေရာနှင့်သူ အမြတ်ထွက်အောင် ဆည်းကပ်ရမည်သာတည်း။

**ဆည်းကပ်ထိုက်သူ၏ အင်္ဂါ ၇ ပါး**

သူတပါးက ဆည်းကပ်ရ လောက်အောင် အင်္ဂါ လုံလောက်သူ ပညာရှိ ပုဂ္ဂိုလ်မှာ အခြေခံမှုအားဖြင့် သီလ, သမာဓိ, ပညာ ၃ မျိုးလုံးရှိနေရမည်ကား မှန်၏။ သို့သော် မည်မျှလောက်ပင် သီလ, သမာဓိ, ပညာနှင့် ပြည့်စုံသူဖြစ်သော်လည်း သူတပါးကို ချီးမြှောက်ခြင်း သင်္ဂဟတရားလေးပါး လက်ကိုင်ထားသူမဟုတ် လျှင်ကား သူတပါးက အလေးပြုလောက်သော ဂရုဂုဏ်ရှိသူ မျှသာ ဖြစ်၏။ သူတပါးက မြတ်မြတ်နိုးနိုး ဆည်းကပ်လောက် သော ပိယဂုဏ်၊ ဘာဝနီယဂုဏ် စသည် ရှိသူကား မဟုတ်ပေ။ **ပိယဂုဏ်၊ ဘာဝနီယဂုဏ် စသည် ချို့ယွင်း လျှင်လည်း** သူတပါးကဆည်းကပ်လောက်သော ကလျာဏမိတ္တ (မိတ်ဆွေ ကောင်းပညာရှိ) ပုဂ္ဂိုလ်မျိုးမဖြစ်နိုင်ပြန်။ သို့ဖြစ်၍ ကလျာဏ မိတ္တသုတ်၌ ဗုဒ္ဓအရှင်မြတ်၏ ဟောတော်မူချက်အရ တကယ် ဆည်းကပ်ထိုက်သူကို စံနစ်တကျစိစစ်ခဲ့သော်—

၁။ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း **သီလဂုဏ်**၊

၂။ စိတ်နေ စိတ်ထား မြင့်မြတ် တည်ကြည်ခြင်း **သမာဓိ ဂုဏ်**၊

၃။ ဆင်ခြင် တိုင်းထွာ အရာရာ၌ မြော်မြင်နိုင်ခြင်း **ပညာ ဂုဏ်**၊

၄။ စွန့်ကြဲ ပေးကမ်းခြင်း **ဒါနဂုဏ်**၊

၅။ သူတပါးကို နားဝင်အောင် ဆိုဆုံးမ နိုင်ခြင်း **ပေယျ ဝဇ္ဇဂုဏ်**၊

၆။ သူတပါး၏ အကျိုးကို သည်ပိုး ဆောင်ရွက် နိုင်ခြင်း **အတ္ထစရိယာဂုဏ်၊**

၇။ မိမိက လမ်းမှန် လိုက်သူ ဖြစ်လျှင်၊ သူတပါးကိုလည်း လမ်းမှန်လိုက်သူဖြစ်အောင်ပြုပြင်ခြင်း၊ မိမိကပြည့်စုံသူ ဖြစ်လျှင်လည်း သူတပါးကို ပြည့်စုံသူဖြစ်စေရန် နည်းလမ်းမှန်ကို ညွှန်ပြခြင်း **သမာနတ္တတာဂုဏ်**

ဟု ဆိုအပ်သော ဤကလျာဏမိတ္တ အင်္ဂါ ၇ ပါးနှင့် ညီညွတ် ပြည့်စုံသူမှ သာလျှင် တကယ် ဆည်းကပ် ထိုက်သူ ဖြစ်သည်ဟု သိအပ်၏။ သို့ဖြစ်ရာ ပညာရှိသူ တိုင်းလည်း ဆည်းကပ်ထိုက်သူ မဟုတ်ဟု နားလည်မှုရှိရန်ကား၊ လူတိုင်း၏တာဝန်ပင်တည်း။

**လူကြီးဖြစ်ထိုက်သူ** လူလူချင်း ဆက်ဆံရေး၌လည်း အထက် လူကြီး ဖြစ်သူသည် အများက ကျေနပ် လောက်အောင် ကိုယ်ကျင့် တရား ကောင်းခြင်း၊ တည်ကြည် ဖြောင့်မတ်ခြင်း၊ အမြော်အမြင်ကြီးခြင်း ဟူသော လူနှင့် ထိုက် တန်ရာ သိက္ခာ ၃ မျိုးနှင့် ပြည့်စုံပြီး ဖြစ်စေကာမူ စွန့်ကြဲ ပေး ကမ်းခြင်း စသော သင်္ဂဟတရား လေးပါးကို လက်ကိုင်ထားသူ မဟုတ်လျှင်ကား၊ နောက်လိုက်ငယ်သားတို့ အပေါ်၌ **"ငါးရံ့ ရတော့အတူတူ-ငါးခူရတော့-ခွဲခြမ်းခွဲခြမ်း"** ဆိုသကဲ့သို့ မမျှ တသော မနောဆိုး သဘောဆိုးများ ပေါ်ပေါက်၍ ဂတိလိုက် စားမှုလည်း ဖြစ်နိုင်လေသည်။ သို့ဖြစ်ရာ သိက္ခာ ၃ ပါးတည်း ဟူသော အခြေခံ ပင်မကြီးပေါ်၌ သင်္ဂဟတရား ၄ ပါး တည်း ဟူသော အညွန့်အခက်တွေ ဝေဝေဆာဆာ ရှိနေသူမှသာလျှင် ငါးရံ့ ရလည်း အတူတူ-ငါးခူ ရလည်း အတူတူ ညီတူညီမျှ သမာ-သမဖြစ်သော လူကြီး စိတ်ထားမျိုး မွေးမြူလျက် အရာ

ရာဥ္စပင် ငါသည်သူတပါး၏ မှီခိုရာ တယောက်ဟု ရဲရဲတောက် ကြုံးဝါးနိုင်လေသည်။

သို့ဖြစ်၍ ဤဖော်ပြ အပ်ပြီးသော အစီအစဉ် အရ သိက္ခာ ၃ ပါး၊ သင်္ဂဟတရား ၄ ပါး၊ ဤအင်္ဂါ ၇ ပါး နှင့် ညီညွတ်သူ လူပညာရှိ၊ ရဟန်း ပညာရှိတို့ ကိုပင် တကယ် ဆည်းကပ်ထိုက်သူဟု မှတ်သားကြကုန်ရာ၏။

**ပညာရှိ ပြဿနာဖြေရှင်းခန်း ပြီး၏။**

---

## ဆည်းကပ်သူ၏ အကျိုးဖော်ပြခန်း

**ပညာရှိထံမှ ရနိုင်သော အမွေအနှစ်**

တကယ်ဆည်းကပ်ထိုက်သော ပညာရှိ ပုဂ္ဂိုလ်တို့ မည်သည် မိမိခံစားရသော အကျိုးကို သူတပါးတို့ကိုလည်း ခံစား စေလိုကြ၏။ သင်္ဂဟတရား လက်ကိုင်ထားသူများ ဖြစ်၍ သူတ ပါးက သူ့ခြေရာကို နင်းကာ၊ သူလို ပညာရှိ တယောက် ဖြစ် မြောက်သွားသော်လည်း ထိုသူ့အပေါ်၌ ဝန်တိုခြင်း မရှိပေ။ လောကကြီး၏ အကျိုးကို သည်းပိုး ဆောင်ရွက် ရာတွင် ငါ၏ တွဲဘက် ရဲဘက်တော် တယောက် ပေါ်ပေါက် လာပြီဟူသော နှလုံးသွင်းဖြင့်သာလျှင် စိတ်ရင်းအတိုင်း ဝမ်းမြောက် ကျေနပ် ကြမည်သာတည်း။ သို့ဖြစ်ရာ ထိုကဲ့သို့ပညာရှိမျိုးကို ဆည်းကပ် တတ်သူတို့ သည်လည်း ဆည်းကပ် တတ်သူ ပညာရှိပုဂ္ဂိုလ်၏ ညွှန်ကြားချက် လမ်းစဉ်အရ ယခုမျက်မှောက်၌လည်း—

၁။ မိမိက အနေ ကောင်းသူဖြစ်၍ အနေ မကောင်းသူ လူမိုက်တို့ တွေ့ကြုံရသော လောက ဆင်းရဲ မျိုးတို့ကို မတွေ့ကြုံရခြင်း။

၂။ ပြုသင့် ပြုထိုက်သော အမှုကိစ္စကို ဆောင်ရွက် နေသူ ဖြစ်၍ ရသင့်ရထိုက်သောလောကချမ်းသာတို့ကိုလည်း ခံစားရခြင်း။

၃။ ဘဝဟောင်းက ကောင်းမြတ်သော လမ်းစဉ်အရသေ သည်မှ နောက်၌လည်း သန့်ရှင်းသော ဘဝ ဂတိဖြင့် နိဗ္ဗာန်အထိ ဆန်တက် နိုင်ခြင်း စသော လောကကျိုး သံသရာကျိုးများကို ပညာရှိ ထံမှ ရနိုင်သော အမွေ အနှစ် အနေဖြင့် မလွဲ တမ်းရ မည် မှာ သေချာ သလောက်ပင်တည်း။

**သူငယ်ချင်းပေါင်း မပေါင်းရ** ပတ်ဝန်းကျင် လောကကြီး၏ တိုးတက်မှု ကိုလည်း ပေါင်းသင်း ဆက်ဆံရေး အရ ပညာရှိသူတို့ကသာ ဖန်တီးပေးနိုင်သဖြင့် ပညာရှိသူကို ဆည်းကပ်လျှင် အမြတ်ထွက်ရမည်ကား ဓမ္မတာ ဖြစ်၏။ သို့သော် ပညာ ရှိသူကို ဆည်းကပ် ရခြင်း အားဖြင့် အမြတ်ကျေးဇူး ဖြစ်ထွန်းမှုသည် ပညာ မဲ့သူ လူမိုက်ကို ဆည်း ကပ်မိ၍ အကျိုး ကျေးဇူး ဆုတ် ယုတ် ရသလောက် လွယ်ကူ သည် မဟုတ်ပေ။

သို့ဖြစ်၍ မည်သူမဆို ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်း သင်း ဆက်ဆံရာဝယ် သူငယ်ချင်းပေါင်း, မပေါင်းဘဲ၊ ဆရာ သမားပေါင်း, ပေါင်းမှသာလျှင် ဆည်းကပ် သူတို့အတို့ ဆည်း ကပ်ကျိုးနပ်၍ အမြတ်ထွက်နိုင်သည်ကိုလည်း မမေ့သင့်၊ ဤအ

ရာ၌ ကံချွန်၍ ဘုရင်ဖြစ် ရသော တိုင်းကြီး ပြည်ကြီးရှင် တို့ပင် သော်လည်း ဉာဏ်ချွန်၍ ဝိဇ္ဇာ ဘွဲ့ထူးရသော အမတ် ပညာရှိ သုခမိန်တို့ကို ဆည်းကပ်မှသာလျှင်၊ အမြတ်ထွက် နိုင်လေသည်။ ထိုထိုဇာတ်တော် နိပါတ်တော်တို့၌ ဘုရင်ဖြစ်သူတို့က ဒေဝဒတ် ကဲ့သို့သော ပညာမဲ့သူလူယုတ်မာများကို ပုရောဟိတ်ရာထူးဖြင့် ချီးမြှောက်၍ မင်းဆရာ အဖြစ် ဆည်းကပ် မိသောကြောင့် တတိုင်းလုံး တပြည်လုံး ငါးပါးမှောက်ရပုံ၊ ဘုရင် ဖြစ်သူတို့က ဘုရားလောင်း ကဲ့သို့သော ပညာရှိ အမတ်များကို ပုရောဟိတ် ရာထူးဖြင့် ချီးမြှောက်လျက် မင်းဆရာအဖြစ် ဆည်းကပ် သော ကြောင့် ဘုရင်နှင့်ပြည်သူတို့ ကြည်ဖြူစွာဆက်ဆံလျက် အမျက် မာန် မထွေ ရေ တွေ့သော ကြာပန်း ကဲ့သို့ အေးချမ်း သာယာ ကြပုံ၊ ဝတ္ထုပုံပြင် ရာဇဝင် သက်သေ တို့ကိုလည်း၊ ဤစာဘတ် နေသူ ကိုယ်တိုင် တွေ့ဘူး ပါလိမ့်မည်။ အထူးအားဖြင့် ပညာရှိ သူတို့နှင့် ပေါင်းသင်း ဆက်ဆံရခြင်း၏ တန်ဘိုးကြီးပုံ ကိုလည်း မဟောသဓာ ဇာတ်တော်ကြီး ကပင် ခိုင်လုံစွာ သက်သေ ပြလေပြီ။

**ကောက်နုတ်ချက်**　ယင်း မဟောသဓ ဇာတ်တော်ကြီး တခု လုံးကို ခြုံကြည့်လျှင်—

၁။ မဟောသဓ ပညာရှိသုခမိန်ကို မှီ၍ ဆည်းကပ်သော ကြောင့် ဝိဒေဟရာဇ်မင်းကြီးမှာ တွေ့ကြုံရမည့်အသက် အန္တရာယ်တို့မှ လွတ်မြောက်ခွင့်ရခြင်း။

၂။ သူ စွဲလမ်းနေသော သမီးကညာ ကိုလည်းရ၍ လိုလား ချက် ဆန္ဒ ပြည့်ဝ အောင်မြင်ခြင်း။

၃။ မဟောသဓာ၏ မွန်မြတ်လှသော နှလုံးရည်ပညာစွမ်း ဖြင့်ပင် အခြားတပါးသော မင်းတို့သည်လည်း စူဠနီ ၏ လက်မှလွတ်၍ အသက်ချမ်းသာခွင့်ရခြင်း။
၄။ စူဠနီ ဗြဟ္မဒတ်မင်းကြီးသည်လည်း အမြင်မှန်ကို ရ၍ သူ့လောဘသူ ရှပ်သိမ်းခြင်းဟုဆိုအပ်သော ဤအကျိုး ခံစားမှုများကို တွေ့ရလေသည်။

နေရာတိုင်း ပညာရှိမထွန်း

တတိုင်းလုံး တပြည်လုံး၏ အရေးကိစ္စ၌ ပညာရှိ တယောက်၏ အကူ အ ညီ ဖြင့် ဤမျှလောက် ခရီးရောက်အောင်မြင်နိုင်ခဲ့ ပါမူ လူတဦးတယောက်၏ လူမှုရေးရာ တအိမ်ထောင်လုံး၏ အိမ်မှုရေးရာစသည်တို့၌ကား ပညာရှိတယောက်၏ ဉာဏဗလ တည်းဟူသော အကူ အညီကို ရခဲ့ပါလျှင် အဘယ်မျှ အထိ ခရီးရောက်မည်ကိုလည်း အသိတရားရှိသူတိုင်း မှန်းဆနိုင်ကြ ပေလိမ့်မည်။ သို့သော်လည်း ထိုကဲ့သို့ ဉာဏဗလ, စာရိတ္တဗလ ထူးချွန်သူ သူခမိန်ပဏ္ဍိတ်မျိုးသည်ကား နေရာတိုင်း၌ထွက်ပေါ် သည်မဟုတ်ပေ။

## ဗုဒ္ဓမိန့်ခွန်းတော်

ဒုလ္လဘော ပုရိသာဇညော၊ နသော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထသော ဇာယတိ ဓီရော၊ တံ ကုလံ သုခ မေဓတိ။

ဖြန်မာပြန်

ယောက်ျားမြတ် အာဇာနည် ဖြစ်သော ပညာရှိ သူခမိန်သည် အမျိုးအနွယ် ရှိသမျှ တိုင်း၌ ပေါ်ထွန်းနိုင်သည်မဟုတ်ပေ။ ထိုကဲ့သို့သော ပညာရှိ သူခမိန်ပေါ်ထွက်ရာ အမျိုး အနွယ်သည်လည်း တဆွေလုံး တမျိုးလုံး ကြီးပွါးရေးအောင်ပန်းကို ဆွတ်ခူးရလေ၏။

**ဆည်းကပ်သူ၏ အကျိုးဖော်ပြခန်းပြီး၏။**

# ညွှန်ပြနှိုးဆော်ခန်း

လူတိုင်း၏သန္တာန်၌ပင် သိတတ်သည့်အချိန်ကစ၍(၁)ယခုမျက်မှောက်၌ ကြီးပွါးရေး လိုလားမှု၊ (၂) နောင်သံသရာကြီးပွါးရေးလိုလားမှုဟု မျှားသောအားဖြင့်လိုလားချက် ၂မျိုးစီ ရှိနေကောင်း ရှိနေကြ ပါလိမ့်မည်။ သို့ရာတွင် ပေါင်းသင်းဆက်ဆံရေးအရ၊ လူလိမ္မာ ပညာရှိ တဦးတယောက်ကိုမှ မှီဝဲဆည်းကပ်ခြင်း မပြုလျှင်ကား၊ ကိုယ်တိုင်က အပြော သမားမဟုတ် အလုပ်ကို အားကျသော ဝီရိယသမား ဖြစ်စေကာမူ၊ ထိုလိုလားချက်တို့မှာ ရည်ရွယ်ချက်အတိုင်း ထမြောက်အောင်မြင်လိမ့်မည်မဟုတ်ပါ။ ယခုမျက်မှောက် ကြီးပွါးရေး၌ဖြစ်စေ၊ နောင် သံသရာ ကြီးပွါးရေး၌ ဖြစ်စေ၊ သူ့နေရာနှင့်သူ ပါရဂူဆိုလောက်အောင် ကျွမ်းကျင်သူ ပညာရှိ ပုဂ္ဂိုလ် တို့ကို ခစားဆည်းကပ်ရမှ သာလျှင်၊ မိမိတို့ လိုလား ချက်များ ထမြောက်အောင်မြင် နိုင်မည် ဖြစ်၏။

**သူ့နေရာနှင့်သူ ဆည်းကပ်ပါ**

မိမိက ကူးသန်းရောင်းဝယ်ရေး၌ လက်တွေ့နားလည်သူ မဟုတ်ခဲ့လျှင်၊ လက်တွေ့ နားလည်သူ ကုန်သည် ပညာရှိ ကိုသာ ဆည်းကပ် သင့်၏။ အခြား သူကို မဆည်း ကပ်သင့်။ သို့သော် မိမိအပေါ်၌ သူလိုကြီးပွားစေလိုသော ကုန်သည်ပညာရှိမျိုးကားဖြစ်ပါစေ၊ အကယ်၍ မိမိဆည်းကပ်သူကုန်သည်က ကြီးပွါးရေးနယ်နိမိတ်သို့ ပို့ပေးနိုင်သူ ပညာရှိပင် ဖြစ်သော်လည်း၊ သူနှင့်ထပ်တူထပ်မျှဖြစ်စေလိုသော **"သမာနတ္တတာဂုဏ်"** မျိုးမရှိဘဲဖြစ်နေပြန်ပါမူကား၊ သူလတ်မြင်သလောက် မျက်စိနားဖေါက်ပေးလိမ့်မည် မဟုတ်ပါ။ ထို့ထက် တိုး၍ စိတ် ဆိုး စိတ် ညစ်

ရှိသူ ကုန်သည်မျိုး ဖြစ်ပြန်လျှင်လည်း၊ သူလတ်မြင်သလောက် မိမိ ချောက်ကျဘို့ ပင်လည်း။ ထို့ကြောင့် ဤအရာမျိုး၌ ဆည်း ကပ်လိုသူ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ် ရွေးချယ် နိုင်မှု ကလည်း အရေး ကြီးပြန် လေသည်။

ထို့ပြင် စက်မှုပညာ တတ်မြောက်လိုသူဖြစ်အံ့၊ မိမိအား အစွမ်းကုန် အကူအညီ ပေးနိုင်သော စက်ဆရာ အင်ဂျင်နီယာ ဆရာကိုသာ ဆည်း ကပ်ရခြင်း။ လက်မှု ပညာ တတ်မြောက် လိုသူဖြစ်အံ့၊ မိမိနှစ်သက်ရာ လက်မှု ပညာသည်ကိုသာ ရှာဖွေဆည်းကပ်ရခြင်း။ ကုသိုလ်လိုလားသူ အဖြစ်ကိုကြောက်သူဖြစ်အံ့၊ကုသိုလ်တရား ပွါးများစေနိုင်သူ လူပညာရှိ ရဟန်း ပညာရှိ ကိုသာ ရှာဖွေ ဆည်းကပ် ရခြင်း စသည်တို့၌ လည်း ဤနည်း အလားတူ ပင်တည်း။

## ပညာရှိကို ဆည်းကပ်ပါ

**လိုရင်းမှတ်ဖွယ်** အမှန်မှာ ပညာရှိဟူသည် မိတ်ဆွေကောင်း ပင်တည်း။ မိတ်ဆွေ ကောင်းတို့ မည်သည် လည်း၊ သူ၏ အကျိုးကိုသာ မကြည့်ဘဲ သူနှင့်နီးစပ်သူ၊ သူ့ကို အားထားသူတို့၏ အကျိုးကိုလည်း ကြည့်မြဲဖြစ်၏၊ သို့ဖြစ်ရာ—

၁။ ပညာရှိကို ဆည်းကပ်၍ ပညာရှိသူနှင့် ပေါင်းသင်း လျှင်၊ ထိုပညာရှိသူတို့ထံမှ အလိမ္မာမျိုးစေ့ကူးစက်၍နောက်ဆုံး၌ ဤစာဘတ်နေသူ သင်ကိုယ်တိုင်လည်း ပညာရှိတဦး ဖြစ်လာ ပါလိမ့်မည်။ နာမည်ခံ ပညာရှိ တဦး မဖြစ်ရသည့်တိုင်အောင် လူကောင်း သူကောင်း တယောက် ဖြစ်နိုင်ပါသည်။

၂။ လူကောင်း လူလိမ္မာ ဖြစ်ရလျှင် သင်ကိုယ်တိုင်လည်း လူကောင်း သူကောင်းတို့ ခံစားရသော အခွင့် အရေး များကို ခံစားရပါလိမ့်မည်။

၃။ အတွင်းက စိတ်ကောင်း နှလုံးကောင်း ရှိခြင်းနှင့် အပြင်က မိတ်ကောင်း ပညာ ရှိသူကို အားထားမှု ရှိနေခြင်းသည်၊ လူတိုင်း၏ တိုးတက် ကြီးပွါးကြောင်း ဖြစ်ပါသည်။

အသင် ကြီးပွါးချမ်းသာ လိုပါသလား? ကြီးပွါးချမ်းသာ လိုပါလျှင်—

(က) စိတ်ကောင်း စိတ်မြတ် မွေးမြူပါ။
(ခ) လူလိမ္မာ ပညာရှိကိုလည်း မှီဝဲဆည်းကပ်ပါ။

ဤမျှ ဖြင့်ပင် သင်၏ ကြီးပွါးရေး အဆောက် အဦးကြီး တည်ဆောက်မှုအတွက် အုတ်ပန္နက် အခြေခံ လုံလောက်ပြီဟု အမှတ် ပြုနိုင် ပါပြီ။ သို့ဖြစ်၍ ဤပဏ္ဍိတ သေဝနာ မင်္ဂလာ တရားတော်အရ၊ "လူလိမ္မာပညာရှိကို မှီဝဲဆည်းကပ်ပါ"ဟု ညွှန်ပြ နှိုးဆော်လို ပါကြောင်း။

ဆောင်ပုဒ်။ ၁။ လူကောင်း နှင့်ပင်၊ သင် ပေါင်း လျှင်၊ အသင် လူ ကောင်းသာ။
၂။ လူကောင်းစံသမျှ၊ သင်စံရ၊ ညီမျှအကျိုးမှာ။
၃။ အတွင်းစိတ်ကောင်း၊ပြင်မိတ်ကောင်း၊ရှည်ညောင်း ကြီးပွါးရာ။
၄။ ကြီးပွါး လိုရင်း၊ စိတ် ကောင်း သွင်း၊ ပေါင်းသင်း လူလိမ္မာ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၃

### ပူဇနေယျ ပူဇာမင်္ဂလာ

ပူဇာစ ပူဇနေယျာနံ-ပူဇော် ထိုက်သူတို့ကို ပူဇော်ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွါးရင့်ကျက်ကြောင်း ဖြစ်ခြင်းကြောင့် မင်္ဂလာမည်၏။ ထိုမင်္ဂလာကိုပင် ပူဇနေယျ ပူဇာမင်္ဂလာ ဟု ခေါ်ဆိုရ၏။ ပူဇနေယျ-ပူဇော် ထိုက်သူ။ ပူဇာ-ပူဇော်ခြင်း။ မင်္ဂလာ-ကုသိုလ်တရား တိုးပွား ရင့်ကျက်မှု။

### ပူဇနေယျပြဿနာ ဖြေရှင်းခန်း

**အများ ပူဇော်ထိုက်သူ**

ဤ ပူဇနေယျ ပူဇာမင်္ဂလာ တရားတော်၌ ပူဇနေယျအရ၊ ပူဇော်ထိုက်သူတို့ကိုရွေးဥုးစွာသိထားရန် လိုအပ်လေသည်။ လောက၌ ပူဇော်ထိုက်သူ ဖြင်ခဲ့လျှင် ထိုပုဂ္ဂိုလ်မှာ သူတပါး၏ ပူဇော်မှုကို ခံယူနိုင်သော ဂုဏ်ထူးသတ္တိများ ရှိနေရမည်သာ ဖြစ်၏။ ထို့ကြောင့် ယင်းပူဇော်ထိုက်သူ ဂုဏ်ထူးရှင်များကို ကျမ်းဂန်အရ ဖေါ်ထုတ်ခဲ့သော်—

၁။ ဗုဒ္ဓ= ဘုရား၊

၂။ ပစ္စေကဗုဒ္ဓါ= သီခြားဘုရားငယ်၊

၃။ အရိယာသာဝက= အရိယာ ရှစ်ယောက်

ဟူသော ဤ ၃ မျိုးတို့ကိုပင် ရွေးဥုးစွာ ဖေါ်ထုတ်ရမည်ဖြစ်၏။ ထိုတွင် အရိယာ ရှစ်ယောက်ကိုပင် ပရမတ္ထသံဃာ (သံဃာစစ်သံဃာမှန်)ဟု ဆိုရပြန်၏။

ရှင်းပြချက်

ထို ၃ မျိုးတို့အနက် ၁။ ဗုဒ္ဓ (ဘုရား)ဟူသည် နိမ့်ကျသူကို မြှင့်တင် ပေးနိုင်သော အတုမရှိဂုဏ်ထူးရှင်ပင်ဖြစ်၏။ မြော်လင့်ချက် ကင်းမဲ့နေသော သတ္တဝါတို့၏ ထွက်ပေါက်အလို့ငှါ လွတ်မြောက်ရေး လမ်းမကြီးကို ဖေါက်လုပ်ပေးခဲ့သော အတုမရှိ လမ်းညွှန် ပုဂ္ဂိုလ်ထူးလည်းဖြစ်တော်မူ၏၊ ထို့ကြောင့် ယင်း ဗုဒ္ဓ (ဘုရား) သည်ပင် နံပါတ် ၁ အနေဖြင့် အများပူဇော်ထိုက် သူ ဖြစ်ရ၏။

၂။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သည်လည်း ဗုဒ္ဓမြတ်စွာတို့ မပွင့်ပေါ်ရာ သာသနာပအခါ၌ လောကီသုခအတွက် သတ္တဝါတို့၏ လိုလားချက်ကို ဖြည့်တင်းပေးနိုင်သော သီးခြားဘုရားငယ်တို့ပင် ဖြစ်ကြ၏။ ထို့ကြောင့် ယင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း အများပူဇော်ထိုက်သူတို့ပင် ဖြစ်ကြရပြန်သည်။

ထိုမှတပါး ၃ နံပါတ်အရ အရိယသာဝကတို့ သည်လည်း မိမိတို့ ပိုင်ဆိုင်ထားသော မဂ်တရား, ဖိုလ်တရား၏ အစွမ်းသတ္တိအားလျော်စွာ ကိလေသာပူပြင်းအေး သူတို့၏ အဖြစ်ဖြင့် ခိုလှုံဆည်းကပ်ရသူတို့၏ အကျိုးကို ဖွံ့ဖြိုး စည်ပင်စေ နိုင်သော သူမွန်သူမြတ်တို့သာ ဖြစ်ကြ၏။ ထို့ကြောင့် ယင်း အရိယသာဝက (ပရမတ္ထသံဃာ)သည်လည်း အလားတူပင် အများပူဇော်ထိုက်သူတို့စာရင်း၌ ထိပ်တန်းမှ ပါဝင်ကြရပြန်သည်။

သီးခြား ပူဇော်ထိုက်သူ

ထို့ပြင် လူမှုဆက်ဆံရေးအရ ဘဝပြဿနာ တစိတ် တဒေသကို ဖြေရှင်း ပေးနိုင်သော သီးခြား ပူဇော်ထိုက်သူတို့သည်လည်း ရှိကြသေး၏။ ယင်း ပူဇော်ထိုက်သူတို့သည်ကား—

၁။ မိဘ ၂ ပါး။
၂။ အကိုကြီး, အမကြီး။
၃။ ယောက္ခမ။
၄။ လင်ယောကျ်ား။
၅။ ဆရာသမား-ဖြစ်သူတို့ပင်တည်း။

ရှင်းပြချက် ။ ထို ၅ မျိုး ရှိရာတွင် မိဘ ၂ ပါးတို့သည် သားသမီး ဖြစ်သူတို့ကို အသက်ပေး၍ မွေးကျွေး သုတ်သင် လူရာဝင်အောင် စောင့်ရှောက် ချီးမြှောက်ရာဝယ် သူတို့ထက် သာလွန်သော စေတနာရှင် မေတ္တာရှင်များကို မတွေ့နိုင်တော့သည်အထိ ကျေးဇူးရှိသူတို့ ဖြစ်ကြသည်။ ထို့ကြောင့် မိဘ ၂ ပါးတို့သည် ဆိုင်ရာ သားသမီးတို့၏ သီးခြား ပူဇော်ထိုက်သူများ ဖြစ်ရလေသည်။ ၂။ သားချင်းထဲမှ ကိုယ့်ထက် ကြီးသော အကိုကြီး, အမကြီး ဖြစ်သူတို့ သည်လည်း "**အကိုကြီးတော့ အဖအရာ အမကြီးတော့ အမိအရာ**"ဆိုသည့်အတိုင်း မိမိတို့၏ ညီငယ် နှမငယ်တို့အပေါ်၌ အနစ်နာခံကာ သက်ညှာစွာ ဦးစားပေးလျက် ကူညီဖေးမ စောင့်ရှောက်ကြမြဲဖြစ်၏။ ထို့ကြောင့်ပင် ယင်း အကိုကြီး အမကြီးတို့ သည်လည်း သူတို့ဆိုင်ရာ ညီငယ် နှမငယ်တို့၏ သီးခြား ပူဇော်ထိုက်သူများ ဖြစ်ကြရပြန်၏။

ထို့ပြင် ယောက္ခမ ဖြစ်သူတို့သည်လည်း မိမိတို့ဆိုင်ရာ သားမက် ဖြစ်သူ, ချွေးမဖြစ်သူတို့ အပေါ်၌ မိဘနှင့်မခြား အရာရာတွင် ကြောင့်ကြထားသူတို့ပင်တည်း။ ထို့ကြောင့် ယောက္ခမ ဖြစ်သူတို့သည်လည်း မိဘကဲ့သို့ပင် မိမိတို့ဆိုင်ရာ သားသမက်, သမီးချွေးမတို့၏ သီးခြား ပူဇော်ထိုက်သူများ ဖြစ်ရပြန်သည်။

ထို့အတူပင် လင်ယောက်ျားတို့က မိမိ၏ မယားကို အတတ် နိုင်ဆုံး အသက်ပေး၍ စောင့်ရှောက်ပုံ, ဆရာသမားတို့က မိမိတို့ဆိုင်ရာ တပည့်တို့အား အသိပညာပေး၍ ပုံသွင်းပြုပြင် ပေးပုံ စသည်တို့သည်လည်း ဖုံးကွယ်မထားနိုင်သော ရှုမြင်ခင်း တို့ပင်တည်း။ ထို့ကြောင့်ပင် လင်ဖြစ်သူသည် အိမ်သူမယား၏ သီးခြားပူဇော်ထိုက်သူဖြစ်၍ ဆရာသမားတို့သည်လည်း မိမိတို့ ဆိုင်ရာ တပည့်တို့၏ သီးခြား ပူဇော်ထိုက်သူများပင် ဖြစ်ရပြန် သတည်း။

**ကိုယ်စားဘုရား ကိုယ်စား သံဃာ**

၌ဖော်ပြထားခဲ့သော ပူဇော်ထိုက်သူများ စာရင်းတွင် အရိယာ မဟုတ်သေးသော မျက်မှောက်ရှိ သမ္မုတိ သံဃာများ တိုက်ရိုက် မပါဝင်သော်လည်း အရိယာဖြစ်ရန် ရည်မှန်းချက် ထားကာ ကျင့်သုံးနေသူများ ဖြစ်သောကြောင့် ယင်း သမ္မုတိ သံဃာကိုလည်း သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် စာရင်း၌ ထည့်သွင်းရေတွက် ရမည်ဟု ဥပရိပဏ္ဏာသ, ဒက္ခိဏာ ဝိဘင် သုတ် အဖွင့်၌ ဖော်ပြထား၏။ သို့ဖြစ်သောကြောင့် မျက်မှောက် ခေတ်မှ သမ္မုတိသံဃာသည်လည်း အရိယာသာဝကအနေဖြင့် ပူဇော်ထိုက်သူတို့သာ ဖြစ်သည်ဟု မှတ်ရမည်။

အမှန်မှာ ယခုခေတ်၌ ဗုဒ္ဓဘာသာဝင်တိုင်း၏ အထွတ် အထိပ်ဖြစ်သော ဆင်းတုရုပ်ပွါး, ဘုရားပုထိုးတို့သည် သက် တော်ထင်ရှားရှိသော ဗုဒ္ဓမြတ်စွာ၏ အမွေခံကိုယ်စား ပူဇော် ထိုက်သော အရာဝတ္ထုများ ဖြစ်သကဲ့သို့ မျက်မှောက်ခေတ်မှ သမ္မုတိ သံဃာ သည်လည်း ရှေးတုန်းက ထင်ရှား ရှိခဲ့သော အရိယာအရှင်မြတ်ကြီးများ၏ အမွေခံကိုယ်စားပူဇော်ထိုက်သူ များပင်ဖြစ်၏။ အဘယ်ကြောင့်နည်း?

# တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေစိတ္တေ သမံဖလံ။

၁။ သက်တော်ထင်ရှား ဘုရားမြတ်ကို ပူဇော်ခြင်း, ၂။ ဘုရားမြတ်ကို ရည်စူးလျက်မျက်မှောက်ရှိသော ကိုယ်စားဘုရား, ကိုယ်စားသံဃာကို ပူဇော်ခြင်း,-ဟူသော ဤပူဇော်မှု-၂-မျိုးတို့မှာ ပူဇော်သူက စေတနာချင်း အလေးချိန်ညီမျှစွာ ထားနိုင်ခဲ့လျှင် တူမျှသောအကျိုးကိုပင် ရရှိနိုင်သည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောပြထားသောကြောင့်ပင်တည်း။

**မိမိထက်ကြီးလျှင် ပူဇော်ထိုက်သူ**

ဤ ပူဇော်ထိုက်သူတို့ကို ဖေါ်ပြရာဝယ် သုတ္တနိပါတ် မင်္ဂလသုတ် အဋ္ဌကထာ ပူဇနေယျ ပုဒ်အဖွင့်ကို အခြေခံထား၍ ရှင်းပြထားခြင်းဖြစ်၏။ အခြားတနေရာတွင်ကား ပူဇော်ထိုက်သူများကို ခင်ပွန်းကြီး-၁၀-ပါးအနေဖြင့် တနည်းတဖုံဖေါ်ပြထားသည်ကိုလည်း တွေ့ရသေး၏။ သို့သော် အမျိုးမျိုးဖေါ်ပြထားသော ပူဇော်ထိုက်သူများ စာရင်းတွင် တိုက်ရိုက်ပါဝင်သည် ဖြစ်စေ မပါဝင်သည်ပင် ဖြစ်စေ တစုံတယောက်သည် မိမိထက် အသက်ကြီးသူ၊ သို့မဟုတ် သီလဂုဏ် စသည် ကြီးသူဖြစ်နေခဲ့ပါမူ ယင်းပုဂ္ဂိုလ်မျိုးသည်လည်း သင်တို့၏ပူဇော်ထိုက်သူပင်ဖြစ်သည်ဟု မှတ်သားထားသင့်သေး၏။

သို့ဖြစ်ရာ ဤတခန်းလုံးကိုချုံ၍ တာဝန်တခုအနေဖြင့်သင်တို့ ပူဇော်ရမည့် သူများကို ဖေါ်ထုတ်ပေးရလျှင် ဤဆိုမည့်အတိုင်းပင် ပူဇော်ထိုက်သူများအကျဉ်းချုပ်အနေဖြင့် ပေါ်ထွက်လာပေလိမ့်မည်။

# ပူဇော်ထိုက်သူ-၁၁-မျိုး

၁။ ဘုရား။
၂။ သံဃာ။
၃။ ဆရာသမား။
၄။ အမိ။
၅။ အဖ။
၆။ ယောက္ခမ (အမိ)။
၇။ ယောက္ခမ (အဖ)။
၈။ အကိုကြီး။
၉။ အမကြီး။
၁၀။ မိမိထက်အသက်ကြီးသူ, သို့မဟုတ် ဂုဏ်သိက္ခာကြီးသူ။
၁၁။ လင်ယောကျ်ား။

ဆောင်ပုဒ်။ ဘုရား သံဃာ, ဆရာ မိဘ, ယောက္ခမနှင့်, အမ အကို, ကိုယ့်ထက် ဗိုသည့်၊ ပုဂ္ဂိုလ် မြတ်များ, လင်ယောကျ်ား ထည့်, ထင်ရှားစေ၄ါ, ဆယ့်တစ်သာဟု, ကျမ်းလာအမျိုး အစား, ရွေးချယ်ထားသည်။ ။မှတ်သားသင်တို့ပူဇော် ထိုက်သူတည်း။ ။

ပူဇနေယျ ပြဿနာ ဖြေရှင်းခန်းပြီး၏။

## ပူဇာပြဿနာဖြေရှင်းခန်း

**ပူဇော်မှု-၂-မျိုး** ပူဇာ-အရ ပူဇော်မှု ဟူသည်မှာ ပူဇော်ထိုက်သူတို့အား အထူးပြုပြင် စိ ရင် လျှ ဒါန်းခြင်း, လေးစားခြင်း, မြတ်နိုးခြင်းနှင့် ဦးညွှတ်ရှိခိုးခြင်းတို့ပင်ဖြစ်၏။ ယင်းပူဇော်မှုသည်လည်း—

၁။ **အာမိသပူဇာ**=ပစ္စည်းဝတ္ထုဖြင့်ပူဇော်ခြင်း,

၂။ **ဓမ္မပူဇာ**=အကျင့်ပဋိပတ်ဖြင့်ပူဇော်ခြင်း

ဟု-၂-မျိုးရှိပြန်သည်။ ထို-၂-မျိုးတို့တွင် ဓမ္မပူဇာ-အရ တရားကျင့်၍ ပူဇော်မှုကလည်း ကျယ်ဝန်းသော အဓိပ္ပါယ်ကိုဆောင်လျက်ရှိပြန်ရာ အောက်ခြေသိမ်း သရဏဂုံ ဆောက်တည် မှုမှ အစပြု၍ အမြင့်ဆုံး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ရသည်တိုင်အောင် ကြိုးစားအားထုတ်ရသော တရားကျင့်သုံးမှုတို့ကိုပင် ဓမ္မပူဇာအဖြစ်ဖြင့် လိုအပ်လေသည်။ တနည်းအားဖြင့် ဖော်ပြရသော်—

(က) **ဝိဝေကာနုသိက္ခန**= ဗုဒ္ဓ မြတ် စွာ ကို အ တု ယူ ပြီး ကာယဝိဝေကဖြစ်ရန်အလို့ငှါ ဆိတ်ငြိမ်ရာသို့ချဉ်း ကပ်ရခြင်း။

(ခ) **ပဟာတဗ္ဗပဟာန**=စိတ္တ ဝိဝေက ဖြစ်စေရန် အတွင်းသန္တာန်မှ လောဘ, ဒေါသ, မောဟ တရားတို့ကို တိုက်စစ်ဆင်ချေမှုန်းရခြင်း။

(ဂ) **ဓမ္မဒါယာဒ**=ဗုဒ္ဓမြတ်စွာ၏ဥပဓိ ဝိဝေက တည်းဟူသောအမြိုက်မွေကို ခံယူလိုခြင်း-ဟူသော ဓမ္မဒါယာဒသုတ်တော်လာ ဗုဒ္ဓမြတ်စွာလိုလားအပ်သော ကျင့်သုံးမှု ဟူသမျှတို့သည်လည်း ဓမ္မပူဇာ အရ အကျင့်ပဋိပတ်ဖြင့် ပူဇော်ခြင်းပင်ဖြစ်သည်ဟု မှတ်သားအပ်၏။

**ဘုရားကိုပူဇော်နည်း** ဘုရားကို တစုံတခုသောပစ္စည်းဝတ္ထုဖြင့် ပူဇော်လိုပြီဟု ဆိုကြပါစို့....ဘယ်နည်း ဘယ်ပုံပူဇော်မှ သဘာဝကျသော ပူဇော်မှုမျိုး ဖြစ်လိမ့်မည်ဟု သင်ထင်မှတ်ပါသနည်း။ ရွှေရောင်တောက်နေသော စေတီတော်ကြီးကိုဖြစ်စေ၊ သို့မဟုတ် ပြိုးတော့မလိုထင်ရသော ရွှေဆင်းတုတော်ကြီးကိုဖြစ်စေ တစေ့စေ့ ကြည့်ပြီး ယူဆောင် လာသော ဆွမ်း, ရေချမ်း, ပန်း, ဆီမီး စသည် တို့ကို ပန်းတင်ခုံပေါ်မှာ တင်ထားလိုက်ရုံမျှဖြင့်ပင် ပူဇော်ခြင်းကိစ္စ ပြီးစီးပြီဟု မှတ်ရတော့မည်လော၊ မဟုတ်ပါပေ။

အမှန်မှာ တကယ် ပူဇော်ရမည့် အခိုက်အတန့်ဝယ် မျက်မှောက်တွင် မြင်နေရသော စေတီပုထိုး, အုတ်ရိုးဘုရား ရုပ်ပွါးဆင်းတု စသည်လောက်တွင်သာ မိမိတို့၏ စိတ်ကို တံ့ရပ်မနေစေပဲ သက်ရှိဘုရားဖြစ်သော ဗုဒ္ဓမြတ်စွာ၏ သတ္တဝါများကို သနားမှုအတွက် အသက်စည်းစိမ်ကိုစွန့်၍ ကမ္ဘာနှင့်ချီကာ ခဲယဉ်းစွာ ပါရမီဖြည့် ဆည်းပူး တော်မူခဲ့ရပုံ, ပါရမီပြည့်၍ ဗုဒ္ဓအဖြစ်သို့ ရောက်သော အခါ၌လည်း မူလ ရည်ရွယ်ချက်အတိုင်း, သတ္တဝါတို့အား အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှကယ်တင်တော်မူခဲ့ရပုံ၊ ကယ်တင်နိုင်သော ဘုန်းတော်, ကံတော်, ဉာဏ်တော်အမျိုးမျိုးနှင့်လည်း ပြည့်စုံတော်မူပုံ၊ ဤသို့ စသော ဂုဏ်တော် အမျိုးမျိုး ထဲမှ မိမိ နှစ်သက်ရာ ဂုဏ် တော် သို့ ထိရောက်အောင် အာရုံဆက်စပ်၍ မိမိဉာဏ်မှီသမျှ မှန်းဆကြည်ညိုပြီး ပူဇော်မှသာလျှင် သဘာဝကျသော ပူဇော်မှုဖြစ်မည်။ ဘုရားအစစ်ကိုလည်း ပူဇော်ရာရောက်မည်။

ထို့ကြောင့် စေတီပုထိုး, ရုပ်ပွါးဆင်းတု စသည်တို့ကို ဖူးမျှော်သည့်အခါ၌ဖြစ်စေ, ပူဇော်ဘွယ်တို့ကို ရွေးရှုဆောင်ယူ၍

ပူဇော်ရသည့်အခါ၌ဖြစ်စေ, မိမိမျက်မှောက်၌ မြင်တွေ့ရသော စေတီပုထိုးစသည်မှ ရှေးသို့တဆင့်တက်၍ သက်ရှိဖြစ်သော ဗုဒ္ဓရှင်တော်မြတ်ကို မြော်မှန်းကာ ထိုဗုဒ္ဓ၏ ဂုဏ်တော်တို့ကိုလည်း မိမိဉာဏ်မျက်စိဖြင့် ထင်မြင်ပြီးဖြစ်ပါစေ။ ထိုဉာဏ် မျက်စိထဲ၌ ထင်လာသော ဘုရားကိုမှ ဘုရားဟု အမှတ်ထားပြီး လေးစားပါ, ပူဇော်ပါ၊ ဤကဲ့သို့ ပူဇော်လျှင် ပူဇော်သူ၏ စိတ်ထဲ၌လည်း ဘုရားကိန်းဝပ် နေပါလိမ့်မည်။

**သံဃာကို ပူဇော်နည်း**

သံဃာကို ပူဇော်ရာ၌လည်း ဝင်းဝင်းဝါဝါ တို့ဆရာ တို့ဘုန်းကြီးစသော အမှတ်အသားမျှဖြင့် မျက်မြင်ဖြစ်သော ဘုန်းကြီးရဟန်းလောက်တွင်သာ မိမိတို့၏စိတ်ကို တံ့ရပ်မနေစေပဲ ဘုရားလက်ထက်တုန်းကအရိယာသံဃာရဟန္တာအရှင်မြတ်ကြီးများ၏ ဂုဏ်ပုဒ်များသို့ပင် ဉာဏ်ဖြင့် ထိရောက်အောင် အာရုံယူမှန်းဆ ပူဇော်နိုင်မှသာလျှင် သံဃာအစစ်ကို ပူဇော်ရာ ရောက်သည်ဟု မှတ်ပါ။

သို့ဖြစ်ရာ ဘုန်းကြီးရဟန်းများထံ ရောက်၍ ဖူးမျှော်ဦးချရသည့်အခါ၌ဖြစ်စေ, လှူဒါန်း ပူဇော်ရသည့် အခါ၌ ဖြစ်စေ, ထုံးတမ်းအစဉ်အလာအရ ဦးချရသည်၊ လှူဒါန်း ပူဇော်ရသည် စသော အတွေးအခေါ် အယူအဆ မျိုးကိုဒင်း, ကိုယ့်ဆရာ ကိုယ့်ဘုန်းကြီးတွေဖြစ်၍ ဝတ်တရားအရ လှူဒါန်းပူဇော်နေကြရသည်ဟူသော အထင်အမြင်မျိုးကိုဒင်း, လုံးဝဖယ်ရှားပြီးလျှင် ဤယခု ဖူးတွေ့ လှူဒါန်းရသော သံဃာသည်ပင် အိမ်ယာမဲ့ နှောင်ကြိုး ဖြည်ဝါဒကို လက်ကိုင်ထားကာ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက် နေကြသော သနသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ကြီးတွေပါတကားဟု သဒ္ဓါအားကိုလည်း

မြင့်ချင်သလောက် မြင့်ပေးလျက် မိမိတို့၏ အသိဉာဏ်ကလည်း မျက်မြင်သံဃာမှ ကူးဆက်၍ အထက်အရိယာ သံဃာသို့ ရောက်အောင် အာရုံပြောင်းလွှဲပေးရမည်။

တေသံ သုဒိန္နံ သုဟုတံ သုယိဋ္ဌံ၊
ယေ သံဃ မုဒ္ဒိဿ ဒဒန္တိ ဒါနံ။

(မျက်မြင်သံဃာ၌ပင် အရိယာ သံဃာဟု ရည်စူး၍ပေး[illegible] ပူဇော် နိုင်ခဲ့ပါမူ ထိုသူတို့၏ ပေးလှူ ပူဇော် ခြင်းသည်ကား အောင်မြင်သော ပူဇော်မှုဖြစ်သည်) ဟု ဗုဒ္ဓမြတ်စွာကလည်း ဝိမာနဝတ္ထုပါဠိတော်၌ ဟောထားတော် မူခဲ့၏။ ထို့ကြောင့် ဤနည်းအတိုင်း စနစ်တကျ ပူဇော်နိုင်ခဲ့ပါလျှင် ထိုသူ၏ အပူဇော်ကို ခံယူရာ အလှူခံ သံဃာထဲ၌ အရိယာသံဃာ အစစ် များလည်း သူ့အလိုအလျောက် ပါဝင်ပြီး ဖြစ်ပါလိမ့်မည်။

**မပူဇော်တတ်လျှင် အစစ်ကိုမတွေ့ရ**

အကယ်၍ ဖူးမျှော် ပူဇော်ရသူတို့၏စိတ်က မျက်မြင် ဖြစ်သော စေတီပုထိုး, အုတ်ရိုး ဘုရား စသည်လောက်တွင်သာ တံ့ရပ် နေမည်ဟု ဆိုပါမူကား အပေါ်ရံ ပညတ်တရားတွေက ဖုံးကွယ် ထားသဖြင့် ရုပ်နာမ် ပရမတ်အစစ်ကို မတွေ့ရ မမြင်ရသကဲ့သို့ မျက်မြင်[illegible]ဖြစ်သော စေတီပု[illegible]း စသည်တို့ကပင် ဖုံးကွယ်ထား သောကြောင့် ဘုရားစစ် သံဃာစစ်များကိုလည်း မတွေ့ရ မမြင် ရပဲ ရှိ၏။ ထို့ကြောင့်ပင်——

၁။ ဘုရားကို စေတီက ဖုံးကွယ်သည်၊
၂။ တရားကို ဘုတ်အုတ် ပေစာက ဖုံးကွယ်သည်၊
၃။ သံဃာကို ဘုန်းကြီးတွေက ဖုံးကွယ်သည်

ဟူသော ပရမတ်ဆန်ဆန် ဆောင်ပုဒ်များလည်း တွင်ကျယ်

လာခဲ့ရပြန်၏။ အမှန်မှာ သဘာဝ မကျသော ပူဇော်မှုမျိုးသည် လုံးဝ အကျိုးမရှိဟု မဆိုနိုင်သည်တိုင်အောင် အမှန်တရားတို့ တစတစ ပျောက်ကွယ် သွားစေ နိုင်သည် မှာကားမလွဲပေ။ ဗုဒ္ဓဘာသာဝင်တို့ဘက်မှ လွယ်လွယ်နှင့် တွေ့နိုင်သော ဤဟာကွက် ပျော့ကွက်ကိုပင် ရည်ရွယ်လျက် P. K. Dutt ဆိုသူ အနောက်တိုင်းသား တဦးကလည်း ဣန္ဒိယပြည်မှ ဗုဒ္ဓသာသနာ ကွယ်ပျောက်ရခြင်း အကြောင်းကို သုတေသနပြုထားရာတွင် Acceptance of idol worship (ဆင်းတုရုပ်ထု ကိုးကွယ်မှုကို လက်ခံထားခြင်းသည်လည်း သာသနာပျောက်ကွယ်ရန် အကြောင်းတရပ် [ဖြ]စ်သည်)ဟု ဆိုထားပြန်၏။ သို့သော်လည်း သူ၏ အတွေးအခေါ် မျှသာဖြစ်၍ ယင်းအယူအဆကို မိမိတို့၏ နှလုံးသားထဲ၌ နေရာပေးထားခြင်းငှါ မထိုက်ပေ။

**ပူဇော်တတ်မှ အစစ်ကိုတွေ့ရခြင်း** မပူဇော်တတ်လျှင် ဘုရားစစ်, သံဃာစစ်ကို တွေ့ရမည် မဟုတ်သောကြောင့် "ဘုရားကို စေတီက ဖုံးကွယ်သည်'' ဟူသော ပြောဆိုချက်သည်ကား မှန်ကန်သော အယူအဆပင်ဖြစ်၏။ သို့သော် ဝိပဿနာ ဉာဏ်မျက်စိဖြင့် အပေါ်ရံ ပညတ်ကို ထွင်းဖေါက်ကြည့်ရှုလျှင် အခြေခံ ပရမတ်အစစ်ကို တွေ့ရမြင်ရသကဲ့သို့ ပကတိ မျက်စိဖြင့် ဖူးတွေ့ရသော စေတီ ပုဆိုး စသည် ကိုပင် ဉာဏ်မျက်စိဖြင့် ကူးဆက်၍ တဆင့်တက်ပြီး ကြည့်တတ်ပါလျှင်ကား ဘုရားစစ်, သံဃာစစ် အနေဖြင့် တွေ့ရမည်သာတည်း။

အမှန်မှာ ကိုယ်စားဘုရား, ကိုယ်စားသံဃာတို့ ဟူသည်မှာလည်း ထိုမှ ဆက်စပ်၍ ဘုရားစစ်, သံဃာစစ်သို့ အာရုံကူး

ပြောင်းနိုင်ရေးအတွက် ဆက်သွယ်ပေးသော ပေါင်းကူးပမာ အခြေခံ အရာဝတ္ထုမျှသာဖြစ်၏။

(ကွယ်လွန်သူ မိဘ ၂ ပါး၏ ဓါတ်ပုံကို ဆိုင်ရာ သားသမီးတို့က မြင်ရသောအခါ ထိုသားသမီးဖြစ်သူတို့၏စိတ်သည် မျက်မြင်ဖြစ်သော ဓာတ်ပုံတွင် တံ့ရပ်မနေပဲ ထိုမှ တဆင့်တက်၍ အစစ်ဖြစ်သော မိဘများကိုပင် ထင်ရောင်မြင်ရောင်ဖြစ်ကာ ကျေးဇူးရှင်ကြီးပါတကားဟု မှန်းဆကြည်ညိုနိုင်သည့်အပြင် မသေခင်က ညွှန်ကြားထားသော အဆုံးအမများကိုပါ လိုက်နာဖို့ရန် သွတ်ယိမ်းလာရသကဲ့သို့တည်း)။

ဤကဲ့သို့ မျက်မြင်စေတီ သံဃာမှ တဆင့်တက်၍ ဘုရားစစ်, သံဃာစစ်သို့ ထိရောက်အောင် မိမိတို့ညာဏ်မှီသမျှ မှန်းဆပူဇော်တတ်မှသာလျှင် ယင်းပူဇော်မှု ကုသိုလ်မျိုးစေ့တို့က သန်မာ ထွားကြိုင်းသော အကျိုးတရားတို့ကို အောင်မြင်စွာ သီးပွင့်ပေးမည် ဖြစ်သတည်း။

**၂-မျိုးလုံးဖြင့် ပူဇော်ပုံ**

သက်ရှိဘုရားအစစ်ကို ရည်မှန်း၍ ကိုယ်စားဖြစ်သော စေတီ-၄-မျိုးတို့အား ဆွမ်း, ရေချမ်း, ပန်း, ဆီမီး စသည်တို့ဖြင့် ပူဇော်ခြင်းသည် ဗုဒ္ဓမြတ်စွာအား ပစ္စည်း ဝတ္ထုဖြင့် ပူဇော်ရသော အာမိသပူဇာမျိုးဖြစ်၍ ဗုဒ္ဓမြတ်စွာညွှန်ကြားထားသော တရားလမ်းစဉ်အရ—

၁။ မိမိ ကိုယ်တိုင် ကိုယ်ကျင့်တရားရှိသူ လူကောင်း သူကောင်းဖြစ်အောင် ကိုယ်မှု နှုတ်မှုတို့ကို ထိန်းချုပ်စောင့်စည်းရခြင်း၊

၂။ သတ္တဝါ အားလုံး အပေါ်၌ ချစ်ကြည်မှု မေတ္တာပွားပြီးလျှင် သူတပါး ထိခိုက် နစ်နာမည့် မတရား မှုတို့မှလည်း ရှောင်ကြဉ်ရခြင်း၊
၃။ ဆင်းရဲနိမ့်ကျနေသော သတ္တဝါတို့အား ကိုယ်ချင်းစာ တရားမွေးမြူလျက် တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရခြင်း၊
၄။ မိမိ စိတ်ကို တည်ငြိမ်အောင် အလေ့ အကျင့် ပြုပေးရခြင်း၊
၅။ ပစ္စည်း လာဘ်နှင့် ကျော်စောမှုကို မြှော်လင့်ချက်မထားပဲ တရားဟော တရားနာ, ကျမ်းစာ ပို့ချရခြင်း၊
၆။ ရုပ်နာမ် အစုအဝေးဖြစ်သော သဘာဝဓမ္မတို့အပေါ်၌ အဆက်မပြတ် ဖြစ်ပျက်နေပုံကို ဉာဏ်ဖြင့်ရှုပွါး, အသိတရားရင့်ကျက်စေရခြင်း

စသည် တို့သည်ကား ဗုဒ္ဓ မြတ်စွာအား ကိုယ်ကျင့် တရားဖြင့် ပူဇော်ရသော ဓမ္မပူဇာမျိုးပင်ဖြစ်၏။

အလားတူပင် အရိယာသံဃာ(သံဃာစစ်)ကို ရည်မှန်း၍ မျက်မြင်ဖြစ်သော သမ္မုတိ သံဃာအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ ပူဇော်ခြင်းသည် အာမိသ ပူဇာ ဖြစ်၍ သံဃာကို ရိုသေ လေးစားခြင်း သံဃာ့ ဩဝါဒကို နာခံခြင်း စသည်တို့သည်ကား ဓမ္မပူဇာမျိုးဖြစ်၏။ ထိုပြင် မိဘ-၂-ပါးကို သားသမီးဖြစ်သူတို့က စားဦး စားဖျား ကျွေးမွေးခြင်း, ပုဆိုးဝတ်စုံ ပူဇော်ကန်တော့ခြင်း စသည်တို့ကြောင့် ဆိုင်ရာ သားသမီးတို့၌ အာမိသ ပူဇာဖြစ်နိုင်ပုံ, မိဘတို့၏ အဆုံးအမ၌တည်၍ သားကောင်း သမီးကောင်းဖြစ်အောင် မိဘစကားကို နာယူခြင်း, မိဘကို ရိုသေလေးစားခြင်း စသည်တို့ကြောင့် ဆိုင်ရာ သားသမီး

တို့၌ ဓမ္မပူဇာဖြစ်နိုင်ပုံ၊ ဆရာသမားတို့အား တပည့်ဖြစ်သူတို့က တစုံတခုသော ပစ္စည်း ဝတ္ထုဖြင့် ပူဇော် ခြင်းကြောင့် ဆိုင်ရာ တပည့်တို့၌ အာမိသ ပူဇာဖြစ်ပုံ၊ ဆရာ့စကားကို နာယူ၍ပညာ တတ်ဖြစ်လာရန် စာပေ ကြိုးစားခြင်း, မိမိ တတ် ထားသော ပညာဖြင့် တိုင်းပြည်ကောင်းစားရေးကို ဆောင်ရွက်ခြင်းစသည် တို့ကြောင့် ဆိုင်ရာတပည့်ဖြစ်သူတို့၌ ဓမ္မပူဇာ ဖြစ်ရပုံစသည်တို့ ကိုလည်း ရှေးနည်းကိုမှီ၍ ဉာဏ်ရှိတိုင်းချဲ့ထွင်နိုင်ပါသည်။

( ထိုမှ တပါးသော ပူဇော် တိုက်သူတို့၌ သူတို့၏ အဆင့် အတန်းအလိုက် ထိုက်တန်သော အာမိသ ပူဇာ, ဓမ္မပူဇာ ၂ မျိုးလုံး ဖြစ်နိုင်ပုံကိုလည်း အရာအားလျော်စွာ မှန်းဆသိနိုင် လောက်ပေပြီ။)

## ဓမ္မပူဇာအရေးကြီးပုံ

**ဓမ္မပူဇာအရေးကြီးပုံ** ပူဇော် ထိုက်သူ တို့အား မတတ်သာက ခွင့်လွှတ်နိုင်သော အာမိသပူဇာ(ပစ္စည်း ဝတ္ထု)ဖြင့် မပူဇော်နိုင်စေကာမူ ဗုဒ္ဓ ရှင်တော်မြတ်၏ တရား လမ်းစဉ်အရ အောက်ခြေသိမ်း ဖြစ်သော သရဏဂုံဆောက် တည်ခြင်း သီလစောင့်ထိန်းခြင်းမှ အစပြု၍ အမြင့်ဆုံး အရ ဟတ္တဖိုလ် တိုင်အောင် ရည်မှန်းချက်ထားသော တရား ကျင့် သုံးမှု (ဓမ္မပူဇာ) မျိုးကိုမူကား မည်သူမှလက်လွှတ်ထားရမည် မဟုတ်ပေ။ ။("ဗုဒ္ဓမြတ်စွာအား ဆွမ်း, ရေချမ်း, ပန်း, ဆီမီး စသည်တို့ဖြင့် မည်မျှပင်ပူဇော်စေကာ ပူဇော်ရာ မရောက်သေး၊ အရဟတ္တဖိုလ်အထိ မြှော်မှန်းချက်ထားသောတရား ကျင့်သုံး ခြင်းဖြင့် ပူဇော်မှသာ ငါဘုရားအား ပူဇော်ရာရောက်သည်"ဟု အရေးကြီးသော မှာတမ်းတခု အနေဖြင့် ပရိနိဗ္ဗာန်မဝင်မီ

ကလေးတွင် ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူအပ်သော စကားတော်သည်ကား ဤအရာ၌ လုံလောက်သော အထောက် အထားပေတည်း)။

အကယ်၍ ခွင့်မလွှတ်နိုင်သော ဓမ္မပူဇာမျိုးမှ လွတ်ကင်းနေခဲ့ပါမူ ထိုသူအဖို့မှာ အကျင့်တရား (စရဏမျိုးစေ့)နှင့် အသိတရား(ဝိဇ္ဇာမျိုးစေ့) ၂-မျိုးလုံးမှပင် ဆိတ်သုဉ်းလျက် ရှိသောကြောင့် လူစာစား၍ အသားတိုးသော်လည်း ဘုရားလိုအပ်သော လူစစ် လူမှန် ဖြစ်သည်ဟုကားမဆိုသာ။ အမှန်အတိုင်းပြောရသော် လူစင်စစ်က နွားဖြစ်ရသော လူ့ နွေးပင်တည်း။

(ဓမ္မပဒပါဠိတော် လာဋ္ဌုဒါယီထေရဝတ္ထု)။

ပူဇာပြဿနာဖြေရှင်းခန်းပြီး၏။

---

## အကျိုးအပြစ် ဖေါ်ပြခန်း

### (က) အကျိုးပြအပိုင်း

**အာမိသ ပူဇာကျိုး** ဗုဒ္ဓမြတ်စွာနှင့် ဓမ္မရတနာ ကိန်းဝပ်ရာဖြစ်သော သံဃာတော်တို့၏ သန္တာန်၌ ပူဇော်ရသူ ကောင်းကျိုး ရလောက်အောင် ထူးကဲသောဂုဏ်ထူးသတ္တိများရှိနေကြသည်မှာ အထင်အရှားပင်ဖြစ်၏။ ယင်းကဲ့သို့သော ပူဇော်ထိုက်သူတို့အား မိမိတို့က ပန်းတပွင့် မီးတတိုင် ရေတခွက် စသည်တို့ဖြင့် ပူဇော်နည်းကျကျ ပူဇော်ခဲ့ပါလျှင် နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပြုရသည်အထိ မနိမ့်ကျ

သောမျက်မှောက်အကျိုး တမလွန်ကျိုးတို့ကို ခံစားရမည်သာ တည်း။ ပန်းတပွင့်လှူဒါန်းရာမှ ကုသိုလ်ရေး အဆက်ရကာ ကမ္ဘာနှင့်ချီပြီး လူ့စည်းစိမ်ရှင် နတ်စည်းစိမ်ရှင်ဖြစ်ခဲ့ဘူးသော ရဟန္တာမများလည်း အရေးအတွက် မနည်းလှပေ။

[illegible]ပဒုမုတ္တရ မြတ်စွာ လက်ထက် တော်တုန်းက ဗုဒ္ဓ၏ဂုဏ် တော်ကို အဖန်ဖန် အောက်မေ့ပြီးလျှင် ဗောဓိညောင်ပင်ကို ဆီမီးငါးခွက်ဖြင့် ထွန်းညှိလျက် အရဟတ်တက်သည်တိုင်အောင် ပူဇော်ခဲ့ရသော ကုသိုလ် အရင်းအနှီး ကလေးကြောင့် ကမ္ဘာ တသိန်းတိုင်တိုင် အပါယ်မလားရပဲ အထက်တန်းစား လူမိမ္မ, နတ်မိမ္မအဖြစ်ဖြင့် လူ နတ်စည်းစိမ် တို့ကို ညီးညီးထိန်အောင် အမြတ်ထုတ် ခံစားပြီးနောက် ဘဝခရီးခဲမှ လွတ်မြောက်သွား ရသော ပဋ္ဌဒီပိကာ (ဆီမီးငါးခွက် ကောင်းမှုရှင်) ရဟန္တာ အရှင်မစသည်းတို့ကပင် ပူဇော်ထိုက်သော ဘုရားမြတ်၌ပူဇော် ရသူအား အကျိုးပြုနိုင်သော ဂုဏ်းထူး သတ္တိများ ရှိသည်ဟု ညွှန်ပြနေလေသည်။

**ဓမ္မပူဇာ ကျိုး**

ထို့ပြင် ဗုဒ္ဓမြတ်စွာ ညွှန်ကြားထားသော တရားတော်ကို အလေးပြုသောအားဖြင့် ဓမ္မပူဇာအရ သရဏဂုံတည် သီလဝန္တ အဖြစ်ဖြင့် တနေ့တရက်မျှ ဥပုသ်ဆောက်တည်ရခြင်း, တရားနာယူရခြင်း, ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းရခြင်း စသော ကိုယ်ကျင့် တရားဆည်းပူးရာမှ လူ့ပြည်နတ်ရပ် ခြေရာချင်းထပ်မျှ အကျိုးအမြတ်တွေ တဆင့်ပြီး တဆင့် ပေါ်ပေါက် လာရသော လောကစည်းစိမ် ရှင်ကြီးတို့ သည်လည်း အလား တူပင် များ မြောင်လှ၏။

ဝိပဿီ ဘုရား လက်တော်တုန်းက ရေခပ် ကျွန်မအဖြစ်ဖြင့် အလုပ်ကြမ်း လုပ်ရာမှ ဥပုသ် တရက် စောင့်ရသော ဓမ္မပူဇာ မင်္ဂလာကုသိုလ် အရင်းအနှီးကလေးကြောင့် လူ့ပြည်နတ်ပြည် လှည့်လည်ချဉ်းကပ် အကျိုး အမြတ်တွေကို မြောက် မြား စွာ ခံစားရပြီးနောက် ဂေါတမမြတ်စွာ၏မျက်မှောက်၌ အငြိမ်းဓါတ် နိဗ္ဗာန်ဝင်စံသွားသော ကေပေါသထိက(တရက်စောင့် ဥပုသ် သည်)ရဟန္တာအရှင်မ စသည်တို့သည်ကား ဤအရာ၌ထင်ရှား သော သက်သေတို့ပင်တည်း။

**မျက်မှောက်ကျိုး ခံစားရပုံ**

ထိုမှ တပါး သီးခြား ပူဇော်ထိုက်သူတို့ အား သက်ဆိုင်ရာ ဘာဝန် ရှိသူတို့က အာမိသပူဇာ, ဓမ္မပူဇာ-၂-မျိုး တို့ဖြင့် ပူဇော်ခြင်းကြောင့် နောင်တမလွန်တွင်သာမကမျက်မှောက်ဘဝ ၌လည်း ထိုက်တန်သောအကျိုးအမြတ်တို့ကို မုချရလိမ့်မည်ဟု ယုံကြည်ထိုက်ပေ၏။ အဘယ့်ကြောင့် ဆိုသော် ပူ ဇော် မှုဟု သည်မှာ ပူဇော်ထိုက်သူတို့၏ အပေါ်၌ ပူဇော် ရသူ တို့၏ စေတနာမေတ္တာ အရှိန်ဟပ်ရာမှ ထူးခြားစွာ ပေါ်ပေါက်လာ ရသော အပြုအမူ တမျိုးဖြစ်သောကြောင့်ပင်တည်း။

ဥပမာ။ ။ငယ်ရွယ်သူတို့ကအကိုကြီးအမကြီး,ဦးရီးအဒေါ် စသည်တို့အား သူတို့ နှစ်သက်သော ပစ္စည်း ဝတ္ထုဖြင့်ဖြစ်စေ, သူတို့၏အဆုံးအမကို လိုက်နာခြင်းအားဖြင့်ဖြစ်စေ ပူဇော်ကန် တော့လိုက်ပြီဟု ဆိုကြပါစို့ ····ထိုအခါဝယ်အပူဇော်ခံ ဖြစ်သူ အကိုကြီး, အမကြီး, ဦးကြီး, အဒေါ်စသည်တို့က "ငါ့မောင် ကလေး, ငါ့တူကလေး....ဘုန်းကြီးပါစေ, အသက်ရှည်ပါစေ, အနာရောဂါ ကင်းရှင်းပါစေ"ဟု နှုတ်မြွက်၍ တုံ့ပြန်ဆုပေး ကြမြဲပင်ဖြစ်၏။

အမှန်မှာယင်းဆုတောင်းစကားသည်ကား ခြယ်လယ်မွမ်းမံမှုမပါသော စာပိုဒ်ကျဉ်းကလေးမျှသာတည်း။ သို့ရာတွင် အကိုကြီး၊ အမကြီး၊ ဦးရီး အဒေါ် စသည်တို့က သူတို့၏ ညီငယ်၊ မောင်ငယ် စသည်တို့၏ အပေါ်၌ ကရုဏာ မေတ္တာစေတ်ရိုက်ခတ်ရာမှ ပွင့်ထွက်လာရသော တို့ပြန်မှုဖြစ်သောကြောင့် သူတို့၏ တောင့်တချက်အတိုင်း အကျိုး သက်ရောက်ရမည်မှာ မလွဲပေ။ ဤနည်းအားဖြင့်ပင် ငယ်သူနှင့်ကြီးသူ အပေးအယူမျှတလျက် မေတ္တာစေတ်ချင်း ကူးဆက်သွားခဲ့ပါလျှင် တဦးနှင့်တဦး၊ တဖွဲ့နှင့် တဖွဲ့၊ အပြန် အလှန် ကူညီ၊ ဖေးမကြမည်မှာလည်း သေချာလှ၏။ ဤဖော်ပြအပ်သည့်အတိုင်းပူဇော်ထိုက်သူတို့အား ပူဇော်ရခြင်းကြောင့် မေတ္တာကရုဏာ လွှမ်းမိုးသောကမ္ဘာသစ်ကြီးထဲ၌ နေထိုင်ရသည့်ပမာ အနာရောဂါကင်းရှင်းခြင်း၊ အသက်ရှည်ခြင်း၊စိတ်ချမ်းသာခြင်းစသော မျက်မှောက်ကျိုးများကိုလည်း ခံစာခွင့်ရှိသည်သာတည်း။

ထို့ပြင် တာဝန်သိသော တပည့်တို့က ပူဇော်ထိုက်သောဆရာသမားတို့အား ပူဇော်မှု-၂-မျိုးဖြင့် အကျိုး ထိရောက်အောင် ပူဇော်ခြင်းကြောင့် အပူဇော်ခံရသော ဆရာသမားများအဖို့ စေတနာမပါတော်စွာရော်စွာ သင်ပြပေးသော ဝတ်တရား ဆရာအဖြစ်မှ မတတ်တတ်အောင် သင်ပေးသော စေတနာဆရာအဖြစ်သို့ ပြောင်းလွဲသွားနိုင်ပုံ၊ မတတ် တတ်အောင်သင်ပြပေးခြင်းကြောင့် ပညာတတ် တပည့်များ ပေါ်ပေါက်လာနိုင်ပုံ၊ ပညာတတ်တွေ ထွန်းကားခြင်းကြောင့် တိုင်းပြည်ပါကောင်းစားနိုင်ပုံ စသည်တို့သည်ကား တပည့်တို့၏ ပူဇော်မှုမင်္ဂလာတရားမှ အဆင့်ဆင့်သီးပွင့်လာရသော ရလာဘ်တို့သာဖြစ်သည်ဟု လေးနက်စွာ မှတ်သားကြလော့။ ။(ဤနည်းကို

ခို၍ အခြားပူဇော်ထိုက်သူဆိုင်ရာ၌လည်း ချဲ့ထွင်သိနိုင်လောက်ပေပြီ။)

## (ခ) အပြစ်ပြအပိုင်း

အပြစ်-၂-မျိုး

ပူဇော်ထိုက်သူ တို့အား ပူဇော်ခြင်းကြောင့် အကျိုးခံစားရသကဲ့သို့ မပူဇော်ခြင်းကြောင့်လည်း အပြစ်ဖြစ်နိုင်ပြန်၏။ သို့သော် အပြစ်ဖြစ်၏ ဆိုရာဝယ် ပူဇော်ထိုက်သော ဘုရားစသည်ကို မပူဇော်ခြင်းကြောင့် တာဝန်ပျက်ကွက်ရသောအပြစ်မျိုးပင်တည်း။ ကျမ်းဂန်တို့၌လည်း—

၁။ **ကတ္တဗ္ဗာ ကရဏ**၊ (ပြုသင့် ပြုထိုက် သော အမှုကို မပြုသောအပြစ်)၊

၂။ **အကတ္တဗ္ဗ ကရဏ**၊ (မပြုသင့် မပြုထိုက်သော အမှုကို ကျူးလွန်သောအပြစ်)

ဟု ၂-မျိုးလာရှိပြန်ရာ၊ ၂-နံပါတ်အရ အပြစ်ကို မကျူးလွန်စေရပါဟု ဝန်ခံချက်ပေးနိုင်သည်တိုင်အောင် ၁-နံပါတ်အရ အပြစ်ကိုမူကား မိမိ၌မဖြစ်စေရပါဟု ဝန်ခံချက်ပေးရန်မလွယ်ကူလှ။ အဘယ့်ကြောင့် ဆိုသော် ၁-နံပါတ်အရ အပြစ်ဟူသည်မှာ မိမိက တမင်ကြောင့်ကြစိုက်မနေရတော့ပဲ ပြုသင့် ပြုထိုက်သောအမှုကို မပြုလုပ်ပဲ အမှုမဲ့အမှတ်မဲ့ နေကာမျှနှင့်ပင် ပေါ်ပေါက်လာရသော အပြစ်မျိုးဖြစ်သောကြောင့်ပေတည်း။

၁-နံပါတ်အရ အပြစ်ရှိပုံ

မိမိတို့က လောကသားတွေ ဖြစ်နေပါလျက် တလောကလုံး၏ အထွတ်အထိပ်ဖြစ်သော ဗုဒ္ဓရှင်တော် မြတ်အား ပူဇော်ဘွယ်တစုံတရာဖြစ်စေ, တရားတော်အတိုင်း လိုက်နာခြင်း

အားဖြင့်ဖြစ်စေ, ပူဇော်မှု မပြုပဲ နေမည်ဟု ဆိုမူ ထိုသူ အဖို့ ပူဇော်ထိုက်သောဘုရားကို မပူဇော်ခြင်းကြောင့် ၁-နံပါတ်အရ အပြစ်ရှိသည် သာတည်း။ ထို့အတူ မိမိက ဗုဒ္ဓဘာသာဝင် တယောက်ဖြစ်လျက် ပူဇော်ထိုက်သော ရဟန်းသံဃာကို မပူဇော်ပဲ နေသော်ငြား, ရဟန်းသံဃာတို့၏ အဆုံးအမမှဆန့်ကျင် ဖက်ပြုခဲ့သော်ငြား, ထိုသူသည်လည်း ၁-နံပါတ်အရ အပြစ်ရှိ သူပင်ဖြစ်၏။

ထိုပြင် ပူဇော်ထိုက်သော မိဘကို မပူဇော်ခြင်း, မိဘ၏ စကားကို ပြစ်ပယ်ခြင်း စသည်တို့ကြောင့် ဆိုင်ရာ သားသမီး တို့၌ ၁ နံပါတ်အရ အပြစ်ရှိပုံ, ပူဇော်ထိုက်သော ဆရာကို မပူဇော်ခြင်း, ဆရာ့စကားကို မနာယူခြင်း စသည်တို့ကြောင့် ဆိုင်ရာတပည့်၌ ၁ နံပါတ်အရ အပြစ်ရှိပုံ စသည်တို့သည်လည်း ဤနည်း နှင်နှင်ဖြစ်၏။

(ဤအရာ၌ ပြုထိုက်သော အမှုကို မပြုခြင်းကြောင့် ၁ နံပါတ်အရ အပြစ်ရှိပုံ, ထိုအပြစ်မှ လွတ်မြောက်အောင် ကုစားပုံတို့ကိုလည်း ဘုရားမှအတော်ကြာ ရှောင်လွှဲနေခဲ့သော ခေမာ မိဖုရားကြီးကပင် သက်သေခံလေပြီ)။

ထို့ကြောင့် ပူဇော်ထိုက်သော ဘုရားစသည်ကို မပူဇော် ခြင်းသည်လည်း ၁ နံပါတ်အရ အပြစ်ရှိသည်ဟု ဤအခန်းက သင်တို့အား သင်ခန်းစာပေးလျက် ရှိသည်သာတည်း။

**၂ နံပါတ် အရ အပြစ်ရှိပုံ** ပူဇော်ထိုက်သူတို့ကို မပူဇော်ပဲ နေကာမျှ ဖြင့်ပင် ၁ နံပါတ်အရ အပြစ်ရှိသူဟု ဆိုနိုင်သေးခဲ့ပါမူ ကိုယ်ဖြင့် ဖြစ်စေ, နှုတ်ဖြင့် ဖြစ်စေ, ပြစ်မှား ကျူးလွန်သူတို့မှာကား ထိုထက်ကြီးလေးသော ၂ နံပါတ်အရ ပြစ်မှုမျိုး စွန်းငြိရမည်မှာသေချာ၏။ အမှန်မှာ

ထို ၂ နံပါတ်အရ မပြုထိုက်သော အမှုတို့ကို ပြုသူတို့သည်ကား အလေးပြုထိုက်သော ကျေးဇူးရှင်တို့ကို ပြစ်မှားရာရောက်၍ မျက်မှောက်ဘဝ၌လည်း တဝန်တပိုးကြီး ဒဏ်ပိတတ်ခြင်း, နောင်သံသရာ၌လည်း အပါယ်လားရခြင်းဟု ဆိုအပ်သော မကောင်းကျိုးများကို ခံစားရလိမ့်မည်သာတည်း။

ထိုမပြစ်မှားထိုက်သော ကျေးဇူးရှင်ကြီးများကို ပြစ်မှားသူတို့ မျက်မှောက်ဘဝ၌ပင် လက်ငင်း တွေ့ကြုံရတတ်သော မကောင်းကျိုးများသည်ကား—

၁။ ဆင်းရဲဝေဒနာ ပြင်းစွာ ခံစားရခြင်း၊
၂။ ပစ္စည်းဥစ္စာ ကုန်ခန်းခြင်း၊
၃။ အသက်သော်လည်း သေဆုံးရခြင်း၊
၄။ ဝေဒနာအမျိုးမျိုးသော်လည်း စွဲကပ်တတ်ခြင်း၊
၅။ ရူးသွပ် ဖေါက်ပြန်မှုသော်လည်း ဖြစ်ရခြင်း၊
၆။ ရာထူးကျခြင်း, သို့မဟုတ် မင်းပြစ် မင်းဒဏ်ခံရခြင်း၊
၇။ သူတပါး၏ မတရား စွပ်စွဲမှုကိုသော်လည်း ခံရတတ်ခြင်း၊
၈။ ကိုယ့်အထဲက ဆွေမျိုးသားခြင်းသော်လည်း ပျက်စီးရခြင်း၊
၉။ စည်းစိမ်သော်လည်း ပြုန်းတီး ပျက်စီးရခြင်း၊
၁၀။ မိမိနေအိမ်ကို ပကတိမီး, လောင်မီး စသည် သော်လည်းလောင်မြိုက်ရခြင်း

ဟုဆိုအပ်သော၍အပြစ် ၁၀ ပါးတို့ပင်တည်း။ ထို-၁၀-ပါးကိုပင် ဒဏ်-၁၀-ပါး ဟူ၍လည်း ပြောစမှတ်ပြုကြ၏။

[ဓမ္မပဒပါဠိတော်, ဒဏ္ဍဝဂ်, မဟာမောဂ္ဂလာနဝတ္ထု]။

## ဒုက္ခ ၁၀ ပါးလင်္ကာ

ရစနာ မှတ်ဖွယ်, လက်ာခြယ်အံ့, နှုတ်ဝယ်ဆောင်ထား, သင်မှတ်သားလော့, ပြစ်မှားခြင်းငှါ, မထိုက်စွာသား, ဆရာမိဘ, ကြီးသူမှလျှင်, ဂုဏ်ကကဲထူး, မြင့်ခေါင်ကျူးသည်, ကျေးဇူးရှင်များ, ကိုယ်နှုတ်အားဖြင့်, ပြစ်မှားတတ်စွာ, သူယုတ်မာကား, ဝေဒနာဆိုက်တုံ, ဆင်းရဲကြုံလျက်, ဆုန်းကုန်ဥစ္စာ, ခန္ဓာပျက်စဲ, အနာစွဲ၏, စိတ်လဲပေါက်ပြန်, မင်း၏ဒဏ်ကြောင့်, ဌါန်လျှောယုတ်, မဟုတ်စွပ်စွဲ, ခံရမြဲတည်း, ကိုယ့်ထဲမျိုးဆွေ, ပျက်ရပေရှင့်, ပြန့်လေစည်းစိမ်, နေအိမ်မီးတောက်, သေသည့်နောက်လည်း, အောက်ငရဲဝယ်, ကျရောက်လွယ်သည်။ ။ကြောက်ဖွယ်ဒုက်ကြီး ၁၀ ပါးတည်း။

သို့ဖြစ်ရာ မည်သူမဆို ပူဇော်ထိုက်သူတို့ကို မပူဇော်လျှင်ရှိစေဦးတော့ ပူဇော်ရမည့်အစား, ပြစ်မှား ကျူးလွန်မည်ဟုဆိုမူ၊ ထိုသူတို့အဖို့ ယခုဘဝ၌ပင် သက်သာမည် မဟုတ်လျှ၊ နောင်သံသရာ၌ တဝန်တပိုးကြီး ခံရမည့် ဒုက္ခသည်ကား သာလွန်၍ ကြောက်ဖွယ်ကောင်းသည်သာတည်း။

(ရှင်မောဂ္ဂလာန်ကို သတ်မိသော ခိုးသားငါးရာတို့ မင်းပြစ်မင်းဒဏ်သင့်၍ အသေဆိုးသေရပုံ၊ သေသည်မှ နောက်၌လည်း ငရဲကျရပုံ၊ ဆွမ်းခံကြွလာသော ရဟန်းတပါးကို "ကောက" မုဆိုးကြီးက ခွေးဖြင့် ရှူးတိုက်ရာ နောက်ဆုံး၌ သူ့ခွေးတို့ကပင် သူ့ပြန်ကိုက်၍ ထို "ကောက" မုဆိုးကြီး သေရပုံ၊ ထို့ပြင်လည်း သီဟိုဠ်ကျွန်း၌က ပျောဏီမင်းသည် သူ့နန်းတော်၌နေ့စဉ် ဆွမ်းဝတ်ပြုထားသော အဘယမထေရ်ကို အထင်မှားပြီးလျှင် "ကျိုက်ကျိုက်ဆူသော ဆီအိုးကင်း၌ ထည့်၍ သတ်စေ" ဟု တချက်လွှတ် အမိန့်တော်ဖြင့် သေဒဏ်ထားသောကြောင့် သုံးလေးရက် အတွင်း၌ပင် ဘုရင်နှင့်တကွသော ပြည်သူပြည်သား

အားလုံးတို့ ပင်လယ်ရေလွှမ်း၍ နစ်မွန်းပျက်စီးကြရပုံစသည်တို့သည်ကား ဤအရာ၌ထင်ရှားသောသက်သေတို့ပင်တည်း)။

အကျိုးအပြစ်ဖော်ပြခန်း ပြီး၏။

## ညွှန်ပြနိုးဆော်ခန်း

ပူဇော်ထိုက်သူတို့အား **အာမိသပူဇာ** (ပစ္စည်း ဝတ္ထုဖြင့် ပူဇော်ခြင်း) **ဓမ္မပူဇာ** (ကိုယ်တိုင်တရား ကျင့်သုံး ပူဇော်ခြင်း) ဟု ဆိုအပ်သော ဤ ၂ မျိုးတို့ဖြင့် ပူဇော်နိုင်ခဲ့ပါလျှင် (၁) ဘဝမြင့်တင်ရေး လမ်းစဉ်အရ သုဂတိဘဝ၏ အဆောင်အယောင်ဖြစ်သော လောကအကျိုးကိုလည်း ခံစားခွင့်ရှိ၏။ (၂) ဘဝလွတ်မြောက်ရေး လမ်းစဉ်အရ ဒုက္ခငြိမ်းအေးရာ ဖြစ်သော သန္တိသုခကိုလည်း ခံစားခွင့်ရှိ၏ဟု ရှင်းပြခဲ့လေပြီ။

**စားပွဲ သောက်ပွဲ ပျော်ရွှင်ပွဲ ဖြစ်နေပုံ**

အကျိုးတရားကို မြှော်မှန်းလျက် အကြောင်းဖြစ်သော ပူဇော်မှုတို့ကို ပြုလုပ်ကြသည်မှာလည်း ယနေ့အထိပင်ဖြစ်၏။ သို့သော်လည်း ဗုဒ္ဓ၏ အလိုတော်ကျ ပကာသန မရောထွေး ရိုးရိုးကလေး မျှသာ သရုပ်ဖေါ်ရမည် ဖြစ်သော ယင်း ပူဇော်ရေးဆိုင်ရာ လုပ်ငန်းတို့ သည်ကားပူဇော်သူတို့၏ အတိုင်းအထွာမရှိသော စေတနာလွန်မှုကြောင့် လိုအပ်သော အနှစ်သာရမှ တစတစ ဆိတ်သုဉ်းလာခဲ့ရာ နောက်ဆုံး၌မူ ရုပ်ပိုင်းဆိုင်ရာ အဆောင်အယောင်တို့၏ ဖုံးကွယ်မှုအရ မူလပုံသဏ္ဌာန်ကိုပင် မတွေ့ရတော့ပဲ လူမှုရေးအမွှမ်းတင် သဘောမျိုးသို့အသွင်ပြောင်းခဲ့ရလေသည်။(ဥပမာ-ဆင်းတုတော်ကြီးကို လူတို့က အကြည်ညိုလွန်ပြီး ရွှေတို့ဖြင့် စည်းကမ်းမဲ့ မွမ်းမံခြင်းကြောင့် ထိုဆင်းတုတော်ကြီးမှာ ဘယ်ဟာလည်ပင်းတော်,ဘယ်ဟာ မျက်နှာတော်,မူလပုံသဏ္ဌာန်မပေါ်ပဲရှိရသကဲ့သို့တည်း)။

အမှန်မှာ မည်သည့် အရာမျိုး၌ပင်ဖြစ်စေ ကိစ္စနှင့် ဟပ်မိသော ခြယ်လယ်မွမ်းမံမှုမျိုး ရှိသင့်သော်လည်း မူလပုံသဏ္ဍာန် ပျောက်ကွယ် သွားရသည်အထိ စည်းကမ်းမရှိသော ချဲ့ထွင်မွမ်းမံမှုမျိုးကိုကား မလိုလားအပ်ပေ။ ယေဘုယျအားဖြင့် ပြောရသော် "ဗုဒ္ဓပူဇာ, သံဃပူဇာ" ဟု နာမည် တတ်ထားသော မျက်မှောက်ခေတ်ရှိ ဘုရားပွဲ, ကျောင်းပွဲများ၌ ဝက်ကြက်တွေ အသက်ပေါင်းများစွာ စတေးခံရသော Banquet (စားပွဲသောက်ပွဲကြီး)မျိုးကဲ့သို့ ဖြစ်နေသည် ကိုလည်း တွေ့မြင်ရ၏။ အဆိုအကစုံလင်စွာ တူရိယာ တေးသီချင်းတို့ဖြင့် မပျင်းအောင် ပျော်တော်ဆက်လျက်ရှိသော ပျော်ပွဲ ရှင်ပွဲကြီး ကဲ့သို့ ဖြစ်နေသည်ကိုလည်း တွေ့မြင်ရပြန်၏။

**ဘုရားနှစ်သက်သော ပူဇော်နည်း**

အကယ်၍သာ ဤနည်းအတိုင်း ဆက်လက်သွားခဲ့ပါမူ မြန်မာပြည်မှ ပူဇော်ရေးဆိုင်ရာ လုပ်ငန်းစဉ်တို့ သည်ကား ဘာသာရေး ပေါ်စ ရှေးဝေဒခေတ်ဦး အခါက ဗြဟ္မဏ ဆရာကြီးတွေ ဦးစီး၍ ဆောင်ရွက်ရသော "ပသုဃာတ သံယောဂ, သာရမ္ဘယည" ခေါ် သားကောင်တွေသတ်ပြီး ယဇ်နတ်ပူဇော်ရပုံမျိုးနှင့် ခြားနားခြင်းမရှိတော့ပဲ။ သရုပ်ပျက် ဘာသာရေးမျိုး ဖြစ်လာမလားဟု စဉ်းစားမည်ဆိုက စဉ်းစားစရာပင်တည်း။

အမှန်အတိုင်းပြောရလျှင် ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်လာရခြင်းသည် သတ္တဝါအမျိုးမျိုးတို့ ချမ်းသာရန် အတွက်သာဖြစ်၏။ ဆင်းရဲရန်အတွက် မဟုတ်ပေ။ ထို့ကြောင့် သတ္တဝါတို့၏ ဆင်းရဲမှုကို မလိုလားသော ဗုဒ္ဓမြတ်စွာအားရည်မှန်း၍ ပူဇော်ရမည့် ကုသိုလ်ရေးကိစ္စမျိုးတွင် ဘုရားပူဇော်မှုအတွက် သူ့အသက် မသေရသောပူဇော်ခြင်းမျိုးသည်သာလျှင် ဘုရားနှစ်သက်သော

အကောင်းဆုံး ပူဇော်နည်း ဖြစ်သည်ဟု နားလည်စေချင်ပါသည်။

## ပူဇော်ထိုက်သူကို ပူဇော်ပါ

**သရုပ်ပျက်ဘာသာရေး မဖြစ်စေရ**

မည်သူပင်ဖြစ်စေ သရုပ်ပျက် ဘာသာရေးဟု ဆိုရသော အရေခြုံ ကုသိုလ်မျိုးမှ တတ်နိုင်သလောက် ရှောင်နိုင်ခဲ့ပါလျှင် ကုသိုလ်ရေးအတွက် ကုန်ကျရသော စရိတ်ငွေကထက်ဝက်မက သက်သာသလောက် ပူဇော်ရသော ကုသိုလ်၏ အကျိုးကလည်း ထမ်းပိုးမက တိုးတက် လာပါ လိမ့်မည်။ သို့ဖြစ်ရာ—

၁။ စရိတ်ငွေ အကုန်နည်းသလောက် ကုသိုလ်အဖြစ်များသော ပူဇော်မှု,

၂။ စရိတ်ငွေ အကုန်များသလောက် ကုသိုလ်အဖြစ် နည်းသော ပူဇော်မှု

ဟူ၍ ပူဇော်မှု ၂ မျိုးရှိရာဝယ် (၁) နံပါတ်အရ ပူဇော်မှုမျိုးသည်သာလျှင် နိဗ္ဗာန်အထိ ချွတ်ယွင်းချက် မရှိသော ကောင်းကျိုး ချမ်းသာများကို သီးပွင့်ပေးနိုင်မည်ဖြစ်သောကြောင့် ဤပူဇနေယျပူဇာ မင်္ဂလာတရားတော်အရ ပူဇော်ထိုက်သူများကို ပူဇော်ပါဟု ညွှန်ပြနိူးဆော်ရပါကြောင်း။

**ဆောင်ပုဒ်**

၁။ ကုသိုလ်အရေခြုံ၊ ငွေတွေကုန်၊ ပျော်ရုံသက်သက်ပင်။
၂။ ကုသိုလ်လွန်ကဲ၊ ငွေကုန်နဲ၊ ဤဟဲလဲ ယှဉ်စေချင်။
၃။ အကျိုးကိုရှု၊ ကုသိုလ်ပြု၊ ပျော်မှုဝေးစွာကျဉ်။
၄။ ထိုကုသိုလ်ရေး၊ အကျိုးပေး၊ ငြိမ်းအေး နိဗ္ဗာန်ဝင်။

**ညွှန်ပြနိူးဆော်ခန်းပြီး၏။**

## အခန်း ၄

## ပဋိရူပ ဒေသဝါသ မင်္ဂလာ

**ပဋိရူပ ဒေသဝါသောစ**

သင့်လျော် လျောက်ပတ်သော အရပ်၌ နေထိုင်ရခြင်းသည်လည်းကုသိုလ်တရား တိုးပွား ရင့်ကျက်ရန် မင်္ဂလာ တပါး ဖြစ်သည်။

ဤ ၄ နံပါတ် မင်္ဂလာကိုပင် ပဋိရူပ ဒေသဝါသ မင်္ဂလာ ခေါ်ဆိုသည်။

(ပဋိရူပ၊ သင့်လျော်သော။ ဒေသ၊ နေထိုင်ရာအရပ်ဒေသ။ ဝါသ၊ နေထိုင်ခြင်း။ မင်္ဂလာ၊ ကုသိုလ်တရား တိုးပွားရင့်ကျက်မှု။)

---

## နေရပ်ပြသနာ ဖြေရှင်းခန်း

**လောကုတ္တရာ စီးပွားရေးဖြစ်ထွန်းရာဌာန**

ဤပဋိရူပ ဒေသဝါသ မင်္ဂလာ တရားတော်အရ သင့်လျော် လျောက်ပတ်သော အရပ်ဟူသည်မှာ—

၁။ ဤပရိသတ် လေးပါးတို့၏ ကျက်စား လှည့်လည်ရာ ဖြစ်ခြင်း၊

၂။ ကုသိုလ်ပါရမီ အဆောက်ဥုံးတို့ကို ဆည်းပူးခွင့် ရနိုင်သော နေရာမျိုးလည်းဖြစ်ခြင်း၊

၃။ ဗုဒ္ဓဝါဒဖြစ်သော သာသနာတော်ရောင် ထွန်းလင်းရာဖြစ်ခြင်း

ဟူသော ဤအင်္ဂါ ၃ ပါးတို့နှင့် ပြည့်စုံသော နေရာမျိုးပင် ဖြစ်၏။ အရှင်းဆုံးနည်းဖြင့် ပြောရလျှင် သူတော်ကောင်းတို့ ထွန်းကားရာ သာသနာတောက်ပသော နေရာမျိုးကိုပင် သင့်လျော်လျောက်ပတ်သော အရပ်ဟု မှတ်သားအပ်၏။ အဘယ့်ကြောင့်ဆိုသော် နေထိုင်ရာ ဌာနက သူတော်ကောင်းတို့ ထွန်းကားရာ သာသနာရှိသော နေရာမျိုးဖြစ်ပါမှသာလျှင် နေထိုင်ရသူ ဌာနီ ပုဂ္ဂိုလ်တို့မှာလည်း မင်္ဂလာ နိဗ္ဗာန်ရကြောင်း အကျင့်ကောင်း အကျင့်မြတ်တို့ကို ကျင့်ကြံ အားထုတ်ဘို့ရာ အခွင့်ကောင်း အခါကောင်း ရနိုင်မည် ဖြစ်သောကြောင့် ပင်တည်း။

"ကောဝ ခေါ ဘိက္ခဝေ ခဏောစ သမယောစ ဗြဟ္မစရိယ ဝါသာယ"ဟု ဟောတော်မူသော ဒေသနာတော်နှင့် အညီတည်း။

ဗုဒ္ဓအရှင်တော် မြတ်ကလည်း ထိုကဲ့သို့အရပ်ဌာနမျိုးကိုမှ သင့် လျော် လျောက် ပတ် သော အ ရပ် (ဝါ) မွေ့လျော်ဘွယ် ကောင်းသော အရပ်ဟု ဝိသာခါအား မိန့်တော်မူ၏။

**ရှင်ရေဝတ၏ တောကျောင်းပြဿနာ**

ထင်ရှား စေဦးအံ့။ ဗုဒ္ဓ အရှင်မြတ် လက်ထက်တော် အခါက ရှင်ရေဝတ တောကျောင်းမှ ပြန်ကြွလာစဖြစ်သော ဆွမ်းခံ ရဟန်းတို့ကို ဝိသာခါက ရှင်ရေဝတ၏ တောကျောင်း သည် ပျော်မွေ့ဘွယ် ရှိပါရဲ့လားဘုရားဟု မေးလျှောက်ရာ ရှင် ရေဝတ တန်ခိုးဖြင့် ဆန်းကျယ်စွာဖန်ဆင်းထားသော ကျောင်း ဘုံဗိမာန်တွေကိုသာ တကယ် ဆောက်လုပ်ထားသည့် ကျောင်း ကြီးတွေဟု ထင်မှတ် နေသော ရဟန်းတပါးက ရှင်ရေဝတ နေရာသည် နတ်ဘုံ နတ်နန်းပမာ လွန်စွာပင် မွေ့လျော်ဘွယ်

ကောင်း၏ ဒကာမကြီးဟုဖြေ၏။ ဖန်ဆင်းမှု ကွယ်ပျောက်ပြီး နောက် ခြောက်ခြောက်သွေ့သွေ့ဖြစ်နေသည့် ပကတိ ကျောင်း ကိုလည်း မြင်ခဲ့ရသော ရဟန်းကြီးတပါးကမူကား ရှင်ရေဝတ နေရာသည် ရွားပင်မျှသာ ရှိသော တောပေါက်ထဲ၌ ပြော လောက်အောင် ခမ်းနားခြင်းမရှိ၍ အလွန်ပျင်းရိဘွယ်ကောင်း သည်ဟု ဖြေ၏။

နောက်ဆုံး၌ ဗုဒ္ဓရှင်တော် မြတ်အား မေးလျှောက် ပြန်ရာ ဗုဒ္ဓရှင်တော်မြတ်သည်ကား ထိုရဟန်းတို့ကဲ့သို့ ပျော်မွေ့ဘွယ် ကောင်းသည်ဟူ၍လည်း အဖြေမပေးပေ၊ ပျင်းရိဘွယ်ဖြစ်သည် ဟူ၍လည်း အဖြေမပေးပေ။

**ယတ္ထ ရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။**

> မြို့ကြီးပြကြီး၌ဖြစ်စေ,တောတောင်အရပ်၌ပင်ဖြစ်စေ,အကြင် အရပ်၌ ဘုရား ရဟန္တာ အရိယာ သူတော်ကောင်းတို့ နေထိုင် ကြကုန်၏။ထိုအရိယာသူတော်ကောင်းတို့နေထိုင်ရာ သာသနာ ရှိသော အရပ်သည်သာလျှင် မွေ့လျော်ဘွယ် ဖြစ်၏ဟု အဖြေ ပေးတော်မူ၏။

သို့ဖြစ်ရာ အနောက်ဥရောပတိုက်, အမေရိကတိုက် စသော လောကဓာတ် ပညာတွန်းကားရာ ဌာနကြီးများသည် လောကီ ရေး မျက်စိအမြင်ကျယ်သူတို့၏ အကြည့်မျိုးဖြင့် ကြည့်ရှုခဲ့သော် လောက နတ်ဘုံကြီး ပမာ ပျော်ဘွယ်ရာ အကောင်းဆုံးသော အရပ်ဌာနကြီးများပင် ဖြစ်ကြသည်။ သို့ရာတွင် လောကုတ္တရာ မျက်စိ အမြင်ကျယ်သူတို့၏ အကြည့်မျိုးဖြင့် ကြည့်ရှုခဲ့လျှင်ကား ထို ဥရောပတိုက်, အမေရိကတိုက် စသည်တို့၌ ယခု စာရေး နေဆဲ အချိန်အထိ ဗုဒ္ဓ ဝါဒ အမြစ်တွယ်ခြင်း မရှိသေးသဖြင့်

သာသနာပ အခါ၌ကဲ့သို့ ဖြစ်နေခြင်းကြောင့် ဤပဋိရူပ ဒေသဝါသ မင်္ဂလာ တရားတော် အရ ပျော်မွေ့ဘွယ်ရာ အရပ်ဟု မဆိုသင့် မဆိုထိုက်။

ဗုဒ္ဓ ရှင်တော်မြတ်၏ အလိုတော် အားဖြင့် လောကုတ္တရာ လုပ်ငန်းပါရမီ စီးပွားလမ်းမဖြောင့်သော နေရာဌာနမျိုးမှန်က မည်ကဲ့သို့ပင် ခမ်းနားထယ်ဝါ ပျော်မွေ့ဘွယ် ဖြစ်စေကာမူ အပဋိရူပဒေသ (မသင့်လျော်မလျောက်ပတ်သောအရပ်ဌာန) ဖြစ်ရမည်သာတည်း။

ထို့ကြောင့် ဤပဋိရူပဒေသဝါသ မင်္ဂလာတရားတော်အရ လောကုတ္တရာ စီးပွားရေး ဖြစ်ထွန်းရာ ဌာနကိုပင် သင့်လျော်လျောက်ပတ်သော အရပ်ဟု မှတ်ပါ။

နေရပ်ပြသာနာဖြေရှင်းခန်းပြီး၏။

## လောကီနေရပ် ရွေးချယ်ခန်း

**လောကီစီးပွားရေး ဖြစ်ထွန်းရာဌာန**

လောကုတ္တရာ လုပ်ငန်း, ပါရမီစီးပွါးလမ်း ဖြောင့်ရာ အရပ်ကို သာလျှင် သာသနိက (သာသနာတော်ဘက်ဆိုင်ရာ) ကျမ်းဂန်တို့ အလို သင့်လျော်လျောက်ပတ်သောအရပ် ဆိုရမည်မှာ မှန်၏။ သို့သော် စာဏကျနီတိ, ပဉ္စတန္တရ, ဟိတောပဒေသ စသော လောကီသက္ကဋ ကျမ်းဂန်တို့၌ကား အရပ်ဌာနနှင့် စပ်လျဉ်း၍ နေသင့် မနေသင့် ရွေးချယ်ရာဝယ်—

၁။ ပစ္စည်း ဥစ္စာ ကုန်လုံ ကြွယ်ဝသူ သေဌေးကြီးများ ရှိရခြင်း၊

၂။ အကြားအမြင် များသူ ရဟန်းပညာရှိ, လူပညာရှိတို့ နေထိုင်ရာဖြစ်ရခြင်း၊

၃။ အုပ်ချုပ်သူမင်း၊ သို့မဟုတ် ရပ်ရွာ၌ဩဇာညောင်းသူ အကြီးအကဲရှိရခြင်း၊

၄။ ကုန်သည်တို့ သွားလာဖေါက်ကားရာ မြစ်ရှိရခြင်း၊

၅။ ဆေးဆရာကောင်း၊ သို့မဟုတ် ဆရာဝန်များရှိရခြင်း ဤအင်္ဂါ ၅ ပါးနှင့် ညီညွတ်ရာ အရပ်၌ နေထိုင် အပ်၏။ ဤအင်္ဂါ ၅ ပါးနှင့်ညီညွတ်မှု မရှိရာ အရပ်၌ကား မနေအပ်ဟု ညွှန်ပြထားသောကြောင့် လောကီစီးပွားရေးဖြစ်ထွန်းရာ ဌာနများသည်လည်း တနည်းအားဖြင့်သင့်လျော်လျောက်ပတ်သော အရပ်ပင်တည်း။

**အမျိုးသားရေး** ချဲဥူးအုံ့,တစုံတခုသောမြို့ရွာ၌ မြို့ရေးရွာရေး ကိစ္စတစုံတရာပေါ်ပေါက်ခဲ့သော် ပစ္စည်းအား ရှိသူတို့မှ သာလျှင် အရာထင်အောင် အကူ အညီ ပေးနိုင်၏။ တနည်းအားဖြင့်လည်း တစုံ တခုသော မြို့ရွာ၌ ပစ္စည်းအား ပြည့်စုံသူများ ရှိနေခြင်းသည် ထို မြို့ရွာအတွက် ဂုဏ်တက်ခြင်း တမျိုးပင်ဖြစ်၏။ ဘုရားလက်ယက်တော်အခါက သူ၏တိုင်းပြည်မှာ သေဌေးဥူးရေ နည်းလှသဖြင့် သေဌေး တဥူး ပေးပါဟု တောင်းလာသော ကောသလ ဘုရင်အား သေဌေးကြီး ၅ ဥူး လက်ကိုင်ရှိသော ရာဇဂြိုဟ်ဘုရင်က သေဌေးငယ်တဥူး ခွဲပေး ဘူးသော ရှေးဟောင်း ထုံးတမ်းသည်လည်း ဤအရာ၌ ထင်ရှားသော သက်သေပင်တည်း။

ထို့ကြောင့် တစုံတခုသော တိုင်းပြည်၌ဖြစ်စေ၊ မြို့ကြီး ရွာကြီး၌ဖြစ်စေ တမျိုးသားလုံး၏ ကောင်းကျိုးနှင့် သက်ဆိုင်သော အရေးကိစ္စများ၌ ငွေအားဖြင့် ထိရောက်စွာအကူအညီ ပေးနိုင်သူ သေဋ္ဌေးကြီးများရှိနေခြင်းသည်လည်း ထိုတိုင်းပြည် ထိုရွာအဖို့ လိုအပ်သော အင်္ဂါတခုဖြစ်သည်ဟု မှတ်ပါ။

ပညာရေး

ထို့ပြင် အစုံတခုသော မြို့ရွာ၌ အကြား အမြင်များသူ ရဟန်းပညာရှိ လူပညာရှိများရှိနေခြင်းသည်လည်း ထိုမြို့ရွာ ဌာနအဖို့ အကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်သော ပညာရေး သော့ချက်တခု ပေတည်း။ မှန်၏ ရဟန်းပညာရှိ ပုဂ္ဂိုလ်သည် မြို့ရွာနေသူ လူဒကာ ဒကာမတို့အား သန့်ရှင်းသော စေတနာဖြင့် ဘာသာရေး လမ်းစဉ်အရ အချိုးကျသေဝပ်ဖို့ရန် အလိမ္မာဉာဏ် မျက်စိကို ဖွင့်ပေးနိုင်သကဲ့သို့ လူပညာရှိ ပုဂ္ဂိုလ်ကလည်း သူ၏ ပတ်ဝန်းကျင် လူများ အပေါင်းအား လောကီရေး လမ်းစဉ်အရ အချိုးကျ သေဝပ်စေရန် လမ်းမှန်ကိုသာ ညွှန်ပြတတ်လေသည်။

အကယ်၍ တစုံတခုသော မြို့ရွာ၌ မှန်ရာကို ညွှန်ပြလေ့ရှိသော ရဟန်းပညာရှိ လူပညာရှိ ပုဂ္ဂိုလ်များမရှိခဲ့ပါမူ ထိုကဲ့သို့သော မြို့ရွာ၌ လူဖြစ်ရသူတို့သည်ကား အမြော်အမြင်ကြီးကျယ်သူ ပညာရှင် ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်ခွင့် မရသောကြောင့် လောကီရေး၌ ဖြစ်စေ, လောကုတ္တရာရေးရာ၌ ဖြစ်စေ, ဆင်ကန်းတောတိုးပမာ အရာရာလမ်းမှားလျက် စမ်းတဝါးဝါးရှိကြရမည် သာတည်း။ ထို့ကြောင့် တစုံတခုသော မြို့ရွာ၌ အမြော်အမြင်ရှိသူ ပညာရှင်ဂ္ဂိုလ်များ ရှိနေခြင်းသည်လည်း ထိုမြို့ရွာအဖို့လိုအပ်သော အင်္ဂါတခုပင်ဖြစ်သည်။

အုပ်ချုပ်ရေး

ထို့ပြင်လည်း ရာဇာဝပဓာနံ ဟူသော ပါဠိဘာသာစကားအရ မည်သည့်တိုင်းပြည် မည်သည့်မြို့ရွာမဆို တိုင်းပြည်စိုးအုပ်သော မင်းသည် အချုပ်အခြာဖြစ်၏။ မင်းမဲ့တိုင်းပြည်သည်အကွပ်မရှိသော ကြမ်းပမာကဲ့သို့ အကြီး အကဲကို ဦးမထားသော မြို့ရွာ သည်လည်း ညီညွတ်မှုမရှိ၍ နွားကွဲ ကျားကိုက် ဖြစ်ရမည်သာတည်း။ ထို့ကြောင့်တစုံ တခုသော တိုင်းပြည်၌ ပညာရေးအထောက်အပံ့ဖြစ်သော ပညာရှင် ပုဂ္ဂိုလ်များသည် လိုအပ်သော အင်္ဂါတခုဖြစ်သလို အုပ်ချုပ်ရေး အထောက်အပံ့ ဖြစ်သော မင်း၊ (သို့မဟုတ်) ရပ်ရွာ၌ ဩဇာ ညောင်းသူ အကြီး အကဲများသည်လည်း လိုအပ်သော အင်္ဂါတခုပင်ဖြစ်ပြန်သည်။

စီးပွါးရေး

ထို့ပြင်လည်း တိုင်းပြည်တပြည်၌ လူတို့က မပြုပြင်ရဘဲ ဥတုသဘာဝ အားလျော်စွာ ပေါ်ပေါက်နေသော မြစ်ကြီး, မြစ်ငယ် တို့သည်လည်း ထိုတိုင်းပြည်, မြို့ရွာ၏ စီးပွါးရေး အသက်သွေးကျောကြီးများပင်တည်း။အဘယ့်ကြောင့်ဆိုသော် မြစ်ဟူသမျှသည်ပင် ကုန်သည်တို့၏ ရောင်းဝယ်ဖေါက်ကားရာ အရေးကြီးသော ရေလမ်းတခုဖြစ်ခြင်း၊ မြစ်ရိုး တလျှောက်ရှိ မြို့ရွာများသည်လည်း ထိုမြစ်ကိုပင် အမှီပြု၍ လယ်ယာကိုင်းကျွန်း လုပ်ငန်းဖြင့် အသက်မွေးမြူခွင့်ရခြင်း စသော အကြောင်းတို့ကြောင့်ပင်ဖြစ်၏။

အလွန်ရှေးကျသော ခေတ်ဟောင်းအခါများက တနေရာမှ ကုန်စည်ပစ္စည်းကို အခြား တနေရာသို့ သယ်ယူ ပို့ဆောင်ရန်မှာ ကုန်ကြောင်းခရီးထက် ရေကြောင်းခရီးက သာလွန်၍ ဝန်ပါ၏။ စရိတ်ကုန်လည်းနည်း၏၊ စိုးရိမ်မှုအန္တရာယ်မှလည်း

ကင်းရှင်း၏။ ထို့ကြောင့် တစုံတခုသော တိုင်းပြည် မြို့ရွာ၌ သူ့ အလိုအလျောက် ပေါ်ပေါက်နေသော မြစ်အသွယ်သွယ် တို့ သည်လည်း စီးပွါးရေးအရ လိုအပ်သော အင်္ဂါတခုပင် ဖြစ် လေသည်၊ သို့သော်လည်း ယခုခေတ်၌ကား သယ်ယူပို့ဆောင် ရေးအတွက် ရေးလမ်းခရီးဘက်၌သာမက ကုန်းလမ်းခရီးဘက် မှလည်း မော်တော်ကား၊ မီးရထား စသည်တို့ ရှိပြီး ဖြစ်နေ သောကြောင့် မြစ်ကိုအမှီမပြုရသော မြို့ရွာဒေသမျိုး ဖြစ်သည့် တိုင်အောင် ထိုဒေသကို ပဋိရူပဒေသအင်္ဂါနှင့် မညီညွတ်ဟု မဆိုထိုက်တော့ပေ။

ကျန်းမာရေး

ထို့ပြင်လည်း လူတိုင်း၏အဘို့မှာ ကျန်းမာ ရေးသည်သာလျှင် လိုရင်း ပဓါန ဖြစ်၏။ လူကမကျန်းမာလျှင် လက်ဖျားမှာငွေသီး၍ မြေကြီးကပဒေသာ ပင်ပေါက်သလို ပစ္စည်းတွေ အလွန် ချမ်းသာ နေသော်လည်း စိတ်ချမ်းသာမည်မဟုတ်ပါ။ သို့ဖြစ်ရာ လူတိုင်းအဘို့မှာ ကျန်း မာရေးသည်သာလျှင် လိုရင်းပဓါန ဖြစ်သကဲ့သို့ လူတို့၏ နေ ထိုင်ရာ မြို့ရွာဒေသတိုင်း၌လည်း ကျန်းမာရေး၏ အထောက် အပံ့အနေဖြင့် ဆေးဆရာကောင်းများရှိမှု၊ (သို့မဟုတ်) ဆရာ ဝန်များ လုံလောက်မှုသည်လည်း လိုရင်းပဓါန ဖြစ်နေပြန်လေ သည်၊ ထို့ကြောင့် တစုံတခုသော တိုင်းပြည် မြို့ရွာ၌ ကျန်းမာ ရေး၏ ကျောရိုးသဘွယ်ဖြစ်သောဆေးဆရာဝန်များသည်လည်း ထို တိုင်းပြည် မြို့ ရွာ အ တွက် လို အပ် သော အ င်္ဂါ တ ခု ပင် ဖြစ်သည်။

ဤသို့လျှင် လောကီဘက်ဆိုင်ရာ နီတိကျမ်းဆရာကြီးတို့၏ အလိုအားဖြင့် ဤဆိုအပ်ခဲ့ပြီးသော အင်္ဂါ ၅ ပါးနှင့်ညီညွတ်

သည့်လောကီစီးပွါးရေးဖြစ်ထွန်းရာ ဌာနများကိုလည်းတနည်း အားဖြင့် ပဋိရူပဒေသ(သင့်လျော် လျောက်ပတ်သောအရပ်) ဟု မှတ်သားကြကုန်ရာ၏။

## လိုအပ်သောဝါဒ ၂ မျိုး

အမှန်အတိုင်းဆိုရသော်—

(၁) သူတော်ကောင်းတို့ထွန်းကားရာသာသနာရောင် တောက်ပသောအရပ်၊

(၂) အမျိုးသားရေး စီးပွါးရေးစသော အင်္ဂါ ၅ ပါး နှင့် ညီညွတ်သောအရပ်

ဟူသော အရပ်ဒေသ ၂ မျိုးသည် သာလျှင် နေထိုက်သော (ပဋိရူပ)အရပ်ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော်၊(၁)အမှတ်ပြ အရပ်သည် ဘုရားဟောကျမ်းဂန်အရလောကုတ္တရာစီးပွါးရေး ဖြစ်ထွန်းရာဒေသဖြင့်၍ (၂)အမှတ်ပြအရပ်မှာ လောကီဘက် ဆိုင်ရာ နီတိကျမ်းဂန်အရ လောကီစီးပွါးရေးဖြစ်ထွန်းရာဌာန ဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့် ဤဆိုအပ်ခဲ့သော ဝါဒ ၂ မျိုးကိုသာလျှင် ဤ ပဋိရူပဒေသဝါသ မင်္ဂလာ တရားတော်အရ အရပ် ဒေသကို ရွေးချယ် ရာဝယ် လိုအပ်သော ဝါဒ ဟူ၍၎င်း၊ ပညာရှင်တို့ လေးစားအပ်သောဝါဒဟူ၍၎င်း မှတ်သားကြကုန်လော့။

လောကီနေရပ်ရွေးချယ်ခန်းပြီး၏။

---

# ညွှန်ပြနိုးဆော်ခန်း

ပဋိရူပဒေသဖြစ်ရန် ပြုပြင်ရေး

မည်သူမဆို သင့်လျော် လျောက်ပတ်သော အရပ်၌ နေထိုင်ရလျှင် သင့်လျော်လျောက်ပတ်သောအမှုကိစ္စကို ပြုလုပ် ဆောင်ရွက်မှသာ သင့်လျော်လျောက်ပတ်သောအရပ်၌ နေရကျိုးနပ်သည်ဟု ဆိုထိုက်၏။ အကယ်၍ မိမိနေထိုင်ရာ မြို့ရွာဒေသက ပဋိရူပဒေသ အင်္ဂါနှင့် ညီညွတ်ခြင်း မရှိသေးခဲ့လျှင်၊ ပဋိရူပ ဒေသအင်္ဂါနှင့် တတ်နိုင်သမျှ ညီညွတ်သော မြို့ရွာ ဒေသမျိုးဖြစ်လာနိုင်ရန် စွမ်းအားရှိသမျှ ပြုပြင်ထူထောင်ကြရန်မှာ ယင်းမြို့ရွာဒေသ၌ နေထိုင်သူတို့၏ တာဝန်ဖြစ်ပေသည်။

ဥပမာ-မိမိတို့၏ မြို့ရွာ၌ လောကုတ္တရာရေးအရ သာသနာဘက်မှ တိုးတက်ခြင်းမရှိသေးလျှင် လူနှင့် သံဃာ၊ ဆရာဒကာ ၂ဖက်လုံးမှပင် သာသနာ့စည်ပင် တိုးတက်မှုအတွက် အဖက်ဖက်မှ ပြုပြင်စီမံရခြင်း, လောကီရေးအရ ပညာရေးစီးပွါးရေးစသည် ဖွံ့ဖြိုးမှု မရှိသေးလျှင်လည်း မိမိတို့၏ ရပ်ရွာ၌ ပညာတတ်များပေါ်ထွန်းရေး, လူတိုင်းစီးပွါးတိုးတက်ရေး စသည်အလို့ငှါ လိုလောက်သော စာသင်ကျောင်းများ မရှိ ရှိအောင်ဝန်းဝိုင်း ထူထောင်ပေးရခြင်း, မိမိတို့ ကိုယ်တိုင်က ရိုးသား၍ကြိုးစားသော စီးပွါးရေး လိုက်စားသူများ ဖြစ်နေ ရခြင်း, လူတိုင်းကျန်းမာရေးလေးစားရခြင်း,ဒေသနှင့် ထိုက်တန်သောဆေးရုံ ဆေးပေး ခန်းများ ဖွင့် ပေး စေ ရ ခြင်း စ သည် တို့ပင်တည်း။

လောက နိဗ္ဗာန် ဖြစ်ချိန်တန်

မြန်မာပြည်အဖို့ပြောရလျှင်လောကုတ္တရာရေးအရ အားဖြင့်လည်း ပဋိရူပ ဒေသ အင်္ဂါနှင့် ညီညွတ်ခြင်း ရှိပေသည်၊ လောကီ ရေး အရ ပြောရလျှင်လည်းစီးပွါးရေးသော့ချက်ဖြစ်သော ရေနံ၊ သစ်ဝါး၊ ဆန်စပါးစသော သဘာဝ ပစ္စည်းတွေအများဆုံးထွက်ပေါ်ရာ ဝပြောသာယာသော တိုင်းပြည် ဖြစ်ခြင်းကြောင့် ပဋိရူပဒေသ အင်္ဂါနှင့် ညီညွတ်လျက် ရှိပြန်သည်။

သို့ရာတွင် ပြည်ထောင်စု မြန်မာပြည်သူ ပြည်သား တို့သည် ကား များသောအားဖြင့် ကြွယ်ဝသူများမဟုတ်ကြပေ။ မြင်ရ သော်လည်း မကြင်ရသူ တို့သာ ဖြစ်ကြသည်။ ဌာနဖြစ်သော တိုင်းပြည်က ကြွယ်ဝသကဲ့သို့ ဌာနီဖြစ်သော ပြည်သူပြည်သား တို့သည်လည်း ကြွယ်ဝချမ်းသာ အရာရာ၌ လူတန်းစေ့ ဖြစ်နိုင် ရန်အလို့ငှါ မိမိတို့ရရှိပြီးသော လွတ်လပ်ရေးကို အခွင့်ကောင်း ယူလျက် ရှေ့သို့ တလှမ်းတိုးပြီး ကြိုးစားမှု ညီညွတ်မှု ရှိကြမည် ဆိုလျှင် ပြည်ထောင်စု မြန်မာပြည်သည် လူတိုင်း၏ လောက နိဗ္ဗာန်ဖြစ်ရမည်မှာ မလွဲပေ။

## သင့်လျော်သောအမှုကိစ္စကို ဆောင်ရွက်ပါ

မိမိတို့၏ နေထိုင်ရာဖြစ်သော ရပ်ရွာဒေသက ပဋိရူပ ဒေသ အင်္ဂါနှင့်ညီညွတ်ခြင်းမရှိသေးလျှင်၊ ပဋိရူပဒေသ ဖြစ်လာဘို့ရန် ရှေးဦးစွာပြုပြင်ပေးရမည်။ မိမိတို့၏ နေထိုင်ရာ မြို့ရွာဒေသက ပဋိရူပ ဒေသ အင်္ဂါနှင့် ညီညွတ်ပြီး ဖြစ်လျှင်လည်း သင့်လျော်

လျောက်ပတ်သော အရပ်၌ နေရသူများ ဖြစ်သည် အားလျော်စွာ—

(က) လောကုတ္တရာရေး အရ သင့်လျော် လျောက်ပတ်သော ကောင်းရေး ကောင်းမှု တို့ကို ပြုလုပ်ခြင်း အားဖြင့်၎င်း,

(ခ) လောကီရေး အရ သင့်လျော် လျောက်ပတ်သော ပညာရေး, စီးပွါးရေး စသည် ကို ပြုလုပ်ခြင်း အားဖြင့်၎င်း မိမိတို့၏ဘဝကို မိမိတို့ကိုယ်တိုင် မြှင့်တင်မှသာလျှင် လူဖြစ်ကျိုးနပ်မည်ဖြစ်သောကြောင့် သင့်လျော် လျောက်ပတ်သော အမှုကိစ္စ များကို ပြုလုပ်ဆောင် ရွက်ပါဟု ညွှန်ပြ နှိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်—

၁။ ပဋိရူပ သင့်လျော်လှ၊ ဒေသမြန်မာပြည်။
၂။ လောကီလောကုတ်၊ ဂုဏ်မယုတ်, သမုတ်အခြေတည်။
၃။ သင့်လျော်လျောက်ပတ်၊ အမှုမြတ်၊ ပြုအပ်လှပေသည်။
၄။ ဤလိုပြုမှ၊ လူ့ဘဝ၊ အရတော်လိမ့်မည်။

ညွှန်ပြနှိုးဆော်ခန်း ပြီး၏။

## အခန်း ၅

## ပုဗ္ဗေကတပုညတာမင်္ဂလာ

**ပုဗ္ဗေစကတပုညတာ** ရှေးရှေးဘဝတို့၌ ပြုအပ်ဖူးသော ကောင်းမှု ရှိသူဖြစ်ရခြင်းသည်လည်းကုသိုလ်တရားတိုးပွား ရင့်ကျက်ရန် မင်္ဂလာဖြစ်သည်။

ဤ ၅ နံပါတ်မင်္ဂလာကိုပင် "ပုဗ္ဗေကတပုညတာမင်္ဂလာ" ခေါ်ဆိုသည်ဟု မှတ်ပါ။

(ပုဗ္ဗေ၊ ရှေးရှေးဘဝ။ ကတ၊ပြုထားဘူးသော။ ပုညတာ၊ကောင်းမှုရှိသူအဖြစ်။ မင်္ဂလာ၊ ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု)။

---

## ဘုန်းကံရှင် ပြဿနာ ဖြေရှင်းခန်း

**ရှေးခေတ်ပုလင်ဂျာများ** ဤ ပုဗ္ဗေကတပုညတာမင်္ဂလာ တရားတော်အရ ရှေးရှေးဘဝတို့က ပြုအပ်ဘူးသော ကောင်းမှုရှိသူတို့ဟူသည်မှာ—

၁။ ဇောတိက သေဋ္ဌေး၊

၂။ ဇဋိလ သေဋ္ဌေး၊

၃။ မေဏ္ဍက သေဋ္ဌေး၊

၄။ ကာကဝဏ္ဏသေဋ္ဌေး

စသည်တို့ကဲ့သို့ ရှေးဘုန်း ရှေးကံရှိသူ ဘုန်းကံရှင်ကြီး များပင်ဖြစ်၏။ ယခုခေတ်၌ အနောက်နိုင်ငံမှာ ပုလင်ဂျာသေဋ္ဌေးများ ကုဋေချီ ကြွယ်ဝသလို သူတို့လည်း ရှေး ခေတ်ဟောင်း အခါက ကုဋေချီ ကြွယ်ဝသူများပင်တည်း။

ထိုသေဌေးကြီး ၄ ဦးတို့သည် ရှေးရှေး ဘုရားမြတ်တို့၏ လက်ထက်တော် အခါက သူတပါး တို့နှင့် မတူအောင် လုံ လောက်သော အကြောင်း ကောင်းမှုကို ပေါင်းစု ဆည်းပူး ထားသူများလည်း ဖြစ်ကြ၏။ ထိုအကြောင်း ကောင်းမှုတို့၏ ပေါင်းစု ဖန်တီးချက် အရ ဖြင့်ပင်၊ ဤနောက်ဆုံး ဖြစ်သော ဂေါတမဘုရား၏ လက်ထက်တော် အခါ၌ကား အဓိဋ္ဌာန်နိဒ္ဓိ စသော တန်ခိုး ၁၀ ပါးအနက် ပုညဝတော ဣဒ္ဓိ ဟု ဆိုအပ် သော ဆန်းကြယ်မှု တန်ခိုးအခန်းအနားတို့သည်လည်းအတန်း အစားကို မြှင့်တင်သကဲ့သို့ အသင့်ပင် ပေါ်ပေါက်ပေးကြရ၏။

**သေဌေးကြီးတို့၏ အဆောင်ယောင်များ** ထိုတွင်လည်း အတူးအားဖြင့် ဇောတိက သေဌေးအိမ်၌ ရတနာတံတိုင်း ခုနစ်ထပ် နှင့် တကွ အတွင်းက ရတနာ ခုနစ်ပါး အတိ ပြီးသော သီးမျိုးစုံ ပဒေသာပင်, ဥယျာဉ် ရေကန် ဘုံ-ဗိမာန် စသည်တို့ မြေက ပေါက်ပေးရခြင်း, ရတနာ တံတိုင်း တထပ် တထင် ၌လည်း ဘီလူးတပ် တထောင်စီ ကာကွယ် စောင့်ရှောက် ပေးရခြင်း, သေဌေးကတော် ဖြစ်ထိုက်သော မြောက်ကျွန်းသူ တုလကာယီမယ်ကိုလည်း နတ်များက ဆောင် ယူပေးရခြင်း စသည် တို့သည် ထိုဇောတိက သေဌေး၏ ရှေး ကောင်းမှုအစွမ်းဖြစ်သော ပုညိဒ္ဓိ (ဘုန်းတန်ခိုး)တို့ပင်တည်း။

ထို့ပြင် ဇဋိလသေဌေးကြီးအိမ်၌ အတောင်ရှစ်ဆယ် မြင့် သော ရွှေတောင်ကြီး ပေါက်၍ သူ့တသက်တွင် ဘယ်လိုပင် သုံးစွဲသော်လည်း အရာမထင်ခြင်း, မေဏ္ဍက သေဌေး အိမ်၌ သုံးဆောင်၍ မကုန်နိုင်အောင် ရွှေဆိတ်ရုပ် ပဒေသာပင် ပေါက်ပေးရခြင်း, ကာကဝဏ္ဏ သေဌေးအိမ်၌လည်း ရွှေကျီး

ရှပ် ပဒေသာပင်တွေ ပေါ်ပေါက် ပေးရခြင်း စသည်တို့ကား ထိုဇဋိလ, မေဏ္ဍက, ကာကဝဏ္ဏ သေဌေးကြီး တို့၏ ရှေး ကောင်းမှု အစွမ်းဖြစ်သော ဘုန်းတန်ခိုးများဖြစ်လေသည်။

**အကျိုးကိုထောက်၍ အကြောင်းကိုသိရပုံ** **ကုသိုလ်ဖန် - ဗိမာန် အသင့် - ဘုံအသင့်** ဟူသော စကားနှင့်အညီ ထိုသေဌေးကြီး ၄ ဦးတို့၏ အလို့ငှါ အလိုက်သင့် အလို အလျောက် မြေကပေါက်ပေးရသော ဆန်းကြယ်မှုဘုန်းတန်ခိုး တို့ကပင် ဘုန်းတန်ခိုးရှင်ဖြစ်သော သေဌေးကြီးလေးဦးတို့ကို လည်း''ဤသူဤသူတို့သည် ပုဗ္ဗေကတပုညတာ မင်္ဂလာ တရား တော်အရ ရှေးရှေး ဘဝတို့က ပြုအပ်ဘူးသော ကောင်းမှု ကုသိုလ် ကံရှိသူတို့ပင်တည်း''ဟု လက်ညှိုးညွှန်ပြသည့်အလား ထင်ရှား ပေါ်လွင်စေ၏။ အမှန်မှာ တစုံတယောက်သောသူ၏ ရှေးအတိတ်ကံသည် မြင်အပ်သော အရာမဟုတ်ပေ။ ထို ရှေး အတိတ်ကံကိုဘုရားမြတ်တို့မှတပါး အခြားသူတို့ကောင်းမွန်စွာ မမြင်နိုင်ကြ။

သို့သော်လည်း **အကျိုးပေးတော့ အကြောင်းထင်** ဟူသော စကားကဲ့သို့ အကျိုးပေး ဆန်းကြယ်မှုကို ထောက်ဆသော ဖလာနုမာန နည်းအားဖြင့် ရှေးအကြောင်းကောင်းမှု၏ ဆန်း ကြယ်ပုံကိုလည်း မှန်းဆသိမြင်နိုင်လေသည်။သို့ဖြစ်၍ ယခုခေတ် ၌လည်း လူဖြစ်စေ, ရဟန်းဖြစ်စေ အထူးကြောင့်ကြ မစိုက်ရဘဲ အကျိုးပေး ထက်သန်သူမှန်က မည်သူမဆို ဤပုဗ္ဗေကတ ပုညတာ မင်္ဂလာတရားတော်အရ ရှေးဘုန်း ရှေးကံရှိသူ ဘုန်း ကံရှင်များဖြစ်သည်ဟု မှတ်သားကြကုန်ရာ၏။

**ဘုန်းကံရှင် ပြဿနာဖြေရှင်းခန်းပြီး၏။**

## ကံဥာဏ်ဝီရိယစီစစ်ခန်း

ဥာဏ်ဝီရိယ ရှိသူကို သာ ကံကမ,ခြင်း

ရှေးရှေး ဘဝတို့က ပြုအပ် ဘူးသော ကောင်းမှုရှိသူ တို့ကိုပင် ပုဗ္ဗေကတပုညတာ မင်္ဂလာ တရားတော်နှင့် ပြည့်စုံသူများဟုဆိုပြီ။ အစမထင်အောင် ရှည်လျားခဲ့သော သံသရာကြီးထဲ၌ စုန်ချည် ဆန်ချည် လူ့ပြည် နတ်ရပ် ခြေရာချင်း ထပ်လောက်အောင် ဇာတ်မျောလာခဲ့သော သတ္တဝါတို့အားလည်း **''ချဘူးသောရေစက်-ပန္နက်ဘူးသောသစ္စာ''**ဟူသော စကားနှင့် အညီ ရှေးရှေးဘဝ အထူးတို့က ဆည်းပူး ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ် မျိုးစေ့တို့ မရှိသည်ကား မဟုတ်၊ ရှိကြ၏။ သို့သော်အဆက်နည်း၍ အားကြီးသော ဗလဝကံမျိုးမဟုတ်က ဉာဏ်ဝီရိယတို့၏ အကူအညီကို ရမှသာလျှင် အကျိုးပေးမြဲ ဖြစ်ရကား မိမိတို့၏ သန္တာန်၌ ရှေးရှေးဘဝတို့က ပြုအပ်ဘူးသော ကောင်းမှုမျိုးစေ့တွေ ရှိနေကာမျှဖြင့်ပင် ထိုကောင်းမှု မျိုးစေ့တို့က အချိန်ကျရောက်လျှင် မိုးပေါ်ကျ အလေ့ပေါက်ကဲ့သို့ သူ့အလိုအလျောက် အကျိုးတရားတွေ ဖြစ်လာလိမ့်မည်ဟု အတိတ်ကံတမျိုးတည်းကိုသာလျှင် အားဒအကိုးချည်းကိုး၍ မြော်လင့်စောင့်စားနေရမည်ကား မဟုတ်ပေ။ အမှန်မှာ ဉာဏ်ဝီရိယရှိသူကိုသာ ကံက မ, မည်ဖြစ်၍ မည်သူမဆို ဉာဏ်ဝီရိယကိုကား လက်လွှတ်မထားသင့်။

ကအာဏာရှင်နှင့် ဥာဏ်ဝီရိယ

ဤသို့ဖြစ်လျှင်**''သဗ္ဗေသတ္တာကမ္မဿကာ''** စသည်ဖြင့် ဟောတော် မူသော ဒေသနာတော်အရ အလုံးစုံသော သတ္တဝါတို့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်, ကံစီမံရာ ကိုသာ သတ္တဝါတို့က ခေါင်းငုံ့ ခံကြရ သည်ဟု ပြောဆို ရာဝယ် ကံသည်

အာဏာရှင်ကဲ့သို့ဖြစ်နေရာ အဘယ်မှာလျှင်အာဏာရှင်တည်းဟူသော ကံအပေါ်၌ ဉာဏ် ဝီရိယတို့က ဆရာလုပ်နိုင် ပါမည်နည်းဟု မေးထိုက်ပြန်လေသည်။

သို့သော် အဖြေကား လွယ်ပါ၏။ ရှင်းပါ၏။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ ကံစီမံရာကိုသာ ခံကြရသည်ဟု ဆိုရာဝယ် အလုံးစုံသော သတ္တဝါတို့အား လူဖြစ်ရန် နတ်ဖြစ်ရန် စသည်တို့၌၎င်း၊ အဆင်းလှသူဖြစ်ရန်၊ အဆင်းမလှသူဖြစ်ရန် စသည်တို့၌၎င်း ရှေးကံစီမံသည့် အတိုင်းပင် ခံရမြဲဖြစ်သည်ကားမှန်၏။ သို့သော်လည်း လူဖြစ်ထိုက်သော ကံက လူ့ဘဝကို ထူထောင်ပေးရုံသာ ပေးနိုင်၏။ နတ်ဖြစ်ထိုက်သော ကံကလည်း နတ်ဘဝကို ထူထောင် ပေးရုံသာ ပေးနိုင်၏။ ထို့အတူ အဆင်းလှသူ ဖြစ်ထိုက်သော ကံ စသည် တို့ကလည်း အဆင်းလှသူ၊ မလှသူ ဖြစ်အောင် ထူထောင်ပေးယုံသာပေးနိုင်၏၊ ထိုကံတို့က စီမံထူထောင် ပေးချက် အရ လူ့ဘဝ စသည်၊ အဆင်းလှသူ စသည်တို့ ဖြစ်ပေါ်လာရ ပြီးနောက် လူဆိုလျှင်လည်း လူနှင့်တူအောင်၊ လူလူချင်းလည်း မိမိက အထက်တန်းရောက်အောင် ချမ်းသာမှု၊ တိုးတက်မှု စသည်တို့ မှာကား ကံ အာဏာရှင် တစ်မျိုးတည်းဖြင့် အကျိုး ပြီးစီး အောင်မြင်နိုင်သော အရာများ မဟုတ်ကြပေ။

ထို့ပြင်အဆင်းလှသူ ဖြစ်လျှင်လည်း အဆင်းလှသလောက် တန်ဘိုးရှိသူ ဖြစ်အောင် ဂုဏ်ကြက်သရေနှင့် ပြည့်စုံမှု၊ လိမ္မာရေးခြားရှိမှုစသည်တို့မှာလည်း ဉာဏ်ဝီရိယအကူအညီဖြင့်သာ ပြီးစီးအောင်မြင်နိုင်သော အရာများဖြစ်ကြ၏။ ကံအာဏာရှင် ဖက်စွက်နိုင်သောအရာများမဟုတ်ကြပေ။ ကံတရားသည် ပဋိသန္ဓေအကျိုးကို ထူထောင်ရာတွင် အာဏာရှင်ကဲ့သို့ ဖြစ်သည်

မှာ မှန်၏။ သို့သော် ပဝတ္တိအကျိုးကို ထူထောင်ရာတွင်ကား အာဏာရှင် ကံတရားသည်လည်း ဉာဏ်ဝီရိယကို လွန်၍ မစီမံနိုင်ပါ။ ထို့ကြောင့် ကံအာဏာရှင်နှင့် ဉာဏ်ဝီရိယတို့၏ ခြားနားပုံကိုလည်း သိသင့်၏။

**ကံသမား၏ အမှားတော်ပုံ**

ထင်ရှား စေဦးအံ့။ ဤအရာ၌ အခြားသူတွေ ဖယ်ထားပြီးလျှင် သင့်ကိုပင် ရှေးဦးစွာ မေးခွန်းထုတ်ပါရစေ။ သင်သည် လူဖြစ်ထိုက်သော ကံက စီမံပေးသဖြင့် လူသူတယောက် ဖြစ်နေပါပြီ၊ သင်သည် လွန်ခဲ့သမျှ အချိန်တွေကို အသာထားဦး။ ယခုနေ့ ယခုအချိန်ကစ၍ သင့်တသက်မှာ သင်၏ ကြီးပွားရေးနှင့် ပတ်သက်လျက် ဘာတခုမျှ အကြံဉာဏ်လည်း မထုတ် အလုပ် ကိစ္စ ကိုလည်း မဆောင်ရွက်ဘဲ ဝတ်ချိန်ကျ ဝတ်ရလိမ့်မည်, စားချိန်ကျ စားရလိမ့်မည်, ကံတရားကငါ့ကို လျစ်လျူရှုနေလိမ့်မည် မဟုတ်ဟု ငုတ်တုတ်ထိုင်ပြီး ရှေးကံ ကိုသာလျှင် စိတ်ကူးယဉ် မြှော်လင့်ချက်ဖြင့် တဘက်သတ်အားကိုးနေမည်ဟုဆိုပါစို့။ ကံတရားက သင်အားကိုးတဲ့ အတိုင်း သင့်ကို အထက်တန်း ရောက်အောင် မြှင့်တင်ပေးနိုင်ပါ့မလား?။ ဤလို မေးခွန်းထုတ်လျှင် ငုက်တုတ်ထိုင် မြှော်လင့်နေရုံမျှဖြင့် အထက်တန်း မရောက် အကြံဉာဏ်ထုတ်၍ ကြိုးစားမှသာလျှင် အထက်တန်း ရောက်နိုင်မည် ဟု သင်ဖြေရမည်မဟုတ်ပါလော။

ထိုနည်းတူစွာပင် အဆင်းလှသူ လုံမပျိုတဦးက သူသည် ရှေးကုသိုလ်ကံက စီမံပေးချက်အရ မိန်းမချော မိန်းမလှတဦး ဖြစ်ရပေပြီ၊ ထိုကံကပင် သေဌေးကတော်, မင်းကတော် ဖြစ်အောင် အချိန်ကျလျှင် စီမံပေးလာလိမ့်မည်ဟူသော မြှော်လင့်ချက်ဖြင့် ကံကိုသာလျှင် အားကိုးပြီးလျှင် ထင်သလိုနေ ထင်သ

လိုသွား အပေါစားတမျိုးကဲ့သို့ နေမည်ဟု ဆိုပါမူကား ထို မကံယုံ ဆိုသူ လုံ့မပျို့သည် သူမြော်လင့်သလို သဌေးကတော် မင်းကတော် ဖြစ်နိုင်ပါ့မလား? ဤလိုမေးလျှင်လည်း ကံကိုအား ကိုး နေကာမျှဖြင့် သဌေးကတော်, မင်းကတော်ဖြစ်ရန် လမ်း စမမြင်ပါ ဟူ၍ပင် ဖြေကြပါလိမ့်မည်။

အမှန်မှာ ကံတရားက စီမံပေးသည့် အဆင်းဂုဏ်ကို ဉာဏ်ဝီရိယတို့က ထိန်းသိမ်းပေးမှသာလျှင် သူမသည် မိန်းမ ကောင်း မိန်းမမြတ် ဖြစ်ထိုက်၏။ ထို့ကြောင့် ကံသမားမှန်က မည်သူမဆို အမှားတော်ပုံ ဇာတ်ခင်းသူများ ဖြစ်ကြမည်သာ တည်း။

**ဉာဏ်ဝီရိယအတွက် တန်းမြင့်ခြင်း**

ဆက်ဦးအံ့၊ အဆင်းလှမှု,မလှမှု ဟူသည် ကံစီမံချက်အတိုင်း ဖြစ်၍ အဆင်းမလှ သူက လှသူ ဖြစ်အောင် ဉာဏ်လည်းမ တတ်နိုင်, ဝီရိယလည်း မတတ်နိုင်ပါ။ သို့ရာတွင်အဆင်းပင်မလှ စေကာမူ ဉာဏ်ဝီရိယ ရှိသူဖြစ်၍ ရှင်ဘုရင်သော်ငင်း, သဌေး ကြီးသော်ငင်း,ဖြစ်နေမည်ဟု ဆိုလျှင်ကား **အမြင်သာဆိုးအမျိုး ကတော့ ရွှေနန်းရှင်၊ အမြင်သာစုတ် ရွှေထုတ်တဲ့ပုဝါ** ဟူသော စကားကဲ့သို့ ထိုအဆင်း မလှသူသည် ပင်လျှင် ဉာဏ်ဝီရိယအ တွက် အထက်တန်း ရောက်နိုင်ပြန် လေသည်။

ဤနည်းကိုမှီလျက် ရေးကံမလှ၍ တဖက်ဖက်မှ အောက်တန်း ကျခဲ့ သော်လည်း ဉာဏ်ဝီရိယအတွက်ကြောင့် တဖက်ဖက်မှ ခြေကုပ် ယူပြီး အထက်တန်းရောက်နိုင်ပုံ စသည်တို့ကိုလည်း ဉာဏ်ရှိတိုင်း ချဲ့ထွင် သိ ရမည်။

**ကံဥာဏ်ဝီရိယ စိစစ်ခန်းပြီး၏။**

## ညွန့်ပြန့်ဆောင်ခန်း

**ကံချမှုနှင့် ပါရမီချမှု** ကံသည် အရာရာတိုင်း၌ မကောင်းနိုင်သော် လည်း ကံဉာဏ် ဝီရိယ သုံးပါးလုံးစုံလင်မှသာ အကျိုးကိစ္စပြီးစီးအောင် မြင်နိုင်သော ဤလူ့ဘုံ၌ကား ကံရှိလျှင် ချမ်းသာလိမ့်မည်, သေနေ့စေ့လျှင် သေရ လိမ့်မည် စသည်ဖြင့် ကံတမျိုးတည်းကိုပင်အားထားမနေသင့်၊ ဤအရာမျိုး၌ မာန်လည်ဆရာတော် ဘုရားကြီးကလည်း **ကံကိုယုံ၍၊ ဆူးချုံအတွင်း၊ မနင်းအပ်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းဟု၊ သူဟောင်းရှေ့က၊ ဆိုကုန်ကြ၏** စသည်ဖြင့် မဃဒေဝ လင်္ကာ၌ အကျယ်မိန့်တော်မူလေပြီ။

အချုပ်အားဖြင့် ရေးရသော် လောကီရေး၌ ကံချမှုနှင့် လောကုတ္တရာရေး၌ပါရမီ ချမှုတို့သည် လူတဦး တယောက်၏ လောကီရေးရာ လောကုတ္တရာရေးရာတို့၌ တိုးတက်အောင်မြင်ရန်လမ်းစကို တခါတည်း ပိတ်ဆို့ထားရာ ရောက်လေသည်။

**လိုရင်းမှတ်ဖွယ်** ဤဆိုအပ်ခဲ့ပြီးသော လမ်းစဉ်ကို သုံးသပ်ခဲ့ပါလျှင် လောကီမှုကိစ္စကို ဆောင်ရွက်ရာ၌ ပြီးစီး အောင်မြင်လိုပါက ကံမချရ၊ ကံချလျှင် အောင်မြင်မည် မဟုတ်ပေရာ၊ ဉာဏ်ယှဉ် ကြိုးစားမှ သာလျှင် အောင်မြင်မည် ဖြစ်၏။ လောကုတ္တရာရေး၌လည်း မဂ်ဖိုလ်နိဗ္ဗာန် ဟူသည်မှာ အလွန်ရခဲ ရောက်ခဲသော တရားထူး တရားမြတ် ဖြစ်၏၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းဖြစ်သော ဘာဝနာကမ္မဋ္ဌာန်းကိုလည်း ငါတို့လို ပါရမီမရင့်သေးသူတို့ စီးဖြန်း ဆင်ခြင်ထိုက်သည်မဟုတ် စသည်ဖြင့် ပါရမီကိုသာ လှည့်ချနေမည်ဟု ဆိုလျှင် ထိုပါရမီ တရားကလည်း ဗူးသီး၊ ခရမ်းသီး စသည်တို့

ကဲ့သို့ သူ့အလိုအလျောက် ရင့်ကျက်လာမည်မဟုတ်ပေ။ ပါရမီ မရင့်က ဝဋ်ဆင်းရဲမှလည်း လွတ်မြောက် ချမ်းသာ လိမ့်မည် မဟုတ်ပေရာ ဟူသော ဤဆိုလိုရင်း အဓိပ္ပါယ် သည်လည်း မိမိတို့၏ မနော အကြည်ဓာတ် နှလုံးထဲ၌ ဖြိုးကနဲ ပေါ်လာ ပါလိမ့်မည်။

**ခေတ်သစ် ထူထောင်ရေး**

အထူးအားဖြင့် ယခုပစ္စုပ္ပန် ကံကိုသာလျှင် ကောင်းမွန် မြင့်မြတ်သော ကုသိုလ် လုပ်ငန်းတွေ ဖြစ်ပေါ်လာအောင် ကြောင့်ကြ စိုက် ထူထောင် နိုင်သူ တို့အား တနေ့၌ ထိုပစ္စုပ္ပန် ကံတရားတို့ကပင် အတိတ်ဖြစ်သော ပုဗ္ဗေကတပုညတာ မင်္ဂလာ အနေဖြင့် အနာဂတ်ခေတ်သစ်ကြီးကိုထူထောင်ပေးပါလိမ့်မည်။ သင်သည် သင်၏ ဘဝသံသရာ နောင်ရေးကို စဉ်းစားလျက် သင့်အတွက် ဖူလုံ စိတ်ချရသော အနာဂတ် ခေတ်ကြီးကို ထူထောင် လိုပါ သလား?။ ထူထောင်လိုလျှင် သင်၏ လက်ရှိ လုပ်ငန်းတခုကိုသာ လျှင် အပြစ်ကင်းသော လုပ်ငန်းကောင်း တမျိုး ဖြစ်လာရန် ပြုပြင် ပေးပါ။

---

## ရှေးဘုန်း ရှေးကံရှိသူဖြစ်အောင် ကြိုးစားပါ

ဗုဒ္ဓရှင်တော်မြတ်ကလည်း "**အတီတံ နန္ဝာဂမေယျ-နာဘိကင်္ခေ အနာဂတံ**" ကုန်လွန်ခဲ့ပြီးသော ရှေးဟောင်း အဖြစ် အပျက်တွေကိုလည်း ပြန်လည်မသုံးသပ်ရ။ မိမိထံသို့ မရောက် သေးသော အနာဂတ်လမ်းစဉ်တွေကိုလည်း ကြိုတင်ကြောင့်ကြ မစိုက်ရ။ ယခုပစ္စုပ္ပန် အခြေအနေအရ ပြုလုပ် ဆောင်ရွက်ဆဲ ဖြစ်သော အမှုကိစ္စများကိုသာ လမ်းမှန်ကျအောင် ကြောင့်ကြ

စိုက်ရမည်ဟု ဘဒ္ဒေကရတ္တ သုတ္တန်၌ ထုတ်ပြန် ညွှန်ပြတော်မူပါသည်။

ထို့ကြောင့် လက်ရှိ လုပ်ငန်းစဉ်အရ၊ (၁) လောကီရေး၌ ဉာဏ်ယှဉ် ကြိုးစားမှု။ (၂)လောကုတ္တရာရေး၌ ဉာဏ်ယှဉ် ကြိုးစားမှုတို့ သည်ပင်လျှင် ဉာဏ်ဝီရိယ အကူအညီ ဖြစ်ပေသည် တကားဟု စိတ်အား တက်ကြွကာ မိမိတို့ ကိုယ်တိုင်ပင် ၌ပုဗ္ဗေကတပုညတာ မင်္ဂလာ တရားတော် အရ **"ရှေးဘုန်း ရှေးကံ ရှိသူများ ဖြစ်အောင် ကြိုးစားပါ"**ဟု ညွှန်ပြနိုးဆော်လိုပါကြောင်း။

ဆောင်ပုဒ်....

၁။ လောကီမှုကို၊ အောင်စေလို၊ ကံကိုမချရ။

၂။ ကံကိုချလျှင်၊ မအောင်မြင်၊ ဉာဏ်ယှဉ်ကြိုးစားကြ။

၃။ နိဗ္ဗာန်ရွှေပြည်၊ ရောက်ခဲသည်၊ ပါရမီမချရ။

၄။ ပါရမီချလျှင်၊ ဝဋ်ထဲတွင်၊ ပူပင်ဆင်းရဲရ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၆

## အတ္တသမာပဏိဓိ မင်္ဂလာ

အတ္တ သမာ ပဏိဓိစ၊ ကိုယ်နှင့်စိတ်ကို တိမတ် ကောင်းမွန်စွာဆောက်တည်ထားခြင်းသည်လည်း ကုသိုလ်တိုးပွားကြောင်းဖြစ် ခြင်းကြောင့် မင်္ဂလာ တပါးဖြစ်၏။ ။(ဤ ၆ နံပါတ်မင်္ဂလာကိုပင် အတ္တသမာ ပဏိဓိမင်္ဂလာဟုဆိုရ၏)။

(အတ္တ-ကိုယ်နှင့်စိတ်။ သမာ-တိမတ်ကောင်းမွန်စွာ။ ပဏိဓိ-စောင့်စည်းထားခြင်း။ မင်္ဂလာ- ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု)။

## အတ္တ ပြဿနာ ဖြေရှင်းခန်း

**အတ္တ ၄ မျိုး** ဤ အတ္တသမာ ပဏိဓိ မင်္ဂလာတရားတော်အရ အတ္တဟူသည်မှာ မည်သည့်အရာမျိုးဖြစ်သည်ဟု ရှေးဦးစွာရှင်းပြရန် လိုအပ်လေသည်။ သို့ရာတွင် ပိဋကတ်တော်၌ တွေ့ရသော အတ္တ၏ အနက်သဘာဝတို့သည်ကား အရာဌာနအလိုက် တခုနှင့်တခု ခြားနားမှု ရှိကြပြန်၏။ အသံတူ အနက်ကွဲ အဓိပ္ပါယ် ပြောင်းလွဲမှုရှိသော ယင်းအတ္တပုဒ်သည် "အတ္တာဟိ အတ္တနော နာထော"စသည်တို့၌ ကိုယ်ကာယ ဟူသော အနက်ကိုညွှန်ပြ၏။

အလံဖါသု ဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော ဟူသောဂါထာအရ ပဟိတ ပုဒ်၌အကျုံးဝင်သော အတ္တပုဒ်သည်ကား စိတ် ဟူသော အနက်ကိုညွှန်ပြ၏။ "မိစ္ဆတ္တ နိယတာ, သမ္မတ္တနိယတာ"စသည်တို့၌မူ သဘာဝ ဟူသောအနက်ကို ညွှန်ပြ၏။ "သဗ္ဗေ ဓမ္မာအနတ္တာ"စသည်တို့၌ကား မိစ္ဆာဝါဒီတို့ ကြံဆအပ်သော ပရမတ္တ(သက်ရှိ သက်မဲ့လောကကြီးကိုဖန်ဆင်းသူ) ဇီဝတ္တ (ပရမတ္တမှ ခွဲထွက်လာသော အသက်ဝိညာဉ်ကောင်)

ဟူသောအနက်ကို ညွှန်ပြ၏။ သို့ဖြစ်ရာ ပိဋကယ်တော်၌ တွေ့ရသော ယင်းအတ္တ အမျိုးအစားတို့ကို အကျဉ်းချုပ် ဖေါ်ထုတ်လိုက်လျှင်—

၁။ အတ္တဘာဝကာယဝါစီ(ကိုယ်ကာယဟော)အတ္တ,
၂။ စိတ္တဝါစီ (စိတ် ဝိညာဉ်ဟော)အတ္တ,
၃။ သဘာဝဝါစီ (သဘော သဘာဝ,ဟော),အတ္တ,
၄။ ပရမတ္တ, ဇီဝတ္တ ဝါစီ ( ဖန်ဆင်းသူ ပရမတ္တ,
အဖန်ဆင်းခံ ဇီဝအတ္တ ဟော) အတ္တ

ဟူ၍ အတ္တအမျိုးအစား ၄ မျိုးရှိသည်ကို ကျမ်းဂန်အရ သိရပြန်သည်။

**လိုအပ်သောအတ္တ** သို့သော် ဤအတ္တသမာပဏိဓိ မင်္ဂလာတရားအရ အတ္တပုဒ် သည်ကား မိစ္ဆာဒိဋ္ဌိတို့ကြံဆအပ်သော ပရမတ္တ, ဇီဝ အတ္တ မျိုး လည်းမဟုတ် ပေ။ သဘောသဘာဝဟော အတ္တမျိုးလည်း မဟုတ်ပေ။ အမှန်မှာ စိတ်ဟော အတ္တနှင့် ကိုယ်ကာယ ဟော အတ္တမျိုးတို့သာဖြစ်၏။ ထိုကြောင့် အတ္တာ ဝုစ္စတိ စိတ္တံ၊ (အတ္တ အရ စိတ်ကို ယူရမည်) ဟု သုတ္တနိပါတ်, မင်္ဂလာသုတ်,ဆိုင်ရာ ပုဒ်အရ အဋ္ဌကထာဆရာဖွင့်ပြလေသည်။

ယင်းအဖွင့် အဋ္ဌကထာအလို အတ္တ၊ ကိုယ်,စိတ်ဟု မြန်မာပြန်ရမည်။ သို့ရာတွင် နာမ်ပိုင်းဆိုင်ရာ ဦးစီးရှေ့သွားဖြစ်သော စိတ်တခုကသာ ဖြူးဖြောင့်သန့်ရှင်း, ချွတ်ယွင်းချက် ကင်းနေခဲ့ပါလျှင် စိတ်နှင့်အမြဲတမ်းဆက်သွယ်နေရသော ရုပ်ပိုင်းဆိုင်ရာ ကိုယ်ကာယ တခုလုံးသည်လည်း အပြစ် ဆိုစရာ မရှိတော့ပဲ အချိုးကျ သေဝပ် နေရမည် မှာ မလွဲပေ။ ထို့ကြောင့် သကလောဝါ အတ္တဘာဝေါ(အတ္တအရ ကိုယ်ကာယတခုလုံး

ကိုလည်း ယူရမည်)ဟု ယင်းအဋ္ဌကထာ၌ပင် ဒုတိယအဆင့် တက်၍ ဖွင့်ပြရပြန်သည်။

ယင်းအဖွင့် အဋ္ဌကထာ အလို အတ္တကို တကိုယ်လုံးဟု မြန်မာပြန်ရမည်။ သို့ဖြစ်ရာ ဤအတ္တ သမာပဏိဓိ မင်္ဂလာ တရားတော်အရ လိုအပ်သော အတ္တဟူသည်မှာ—

၁။ စိတ်ကို ယူရသောအတ္တ၊

၂။ ကိုယ်ကာယတခုလုံးကို ယူရသော အတ္တ

ဤ ၂ မျိုးသည်သာလျှင်ဖြစ်သည်ဟု မှတ်သားကြပါလေ။

**အတ္တပြသနာ ဖြေရှင်းခန်း ပြီး၏။**

## ကိုယ်စိတ်ပြုပြင်ရေးပေါ်ပြခန်း

**ပြုပြင်ပေးခြင်း ၂ မျိုး** ကိုယ်နှင့်စိတ်ကို ညွှန်ပြသော ယင်းအတ္တ ပုဒ်ကို ကောင်းစွာ ထားခြင်း ဟူသော အနက်ကို ညွှန်ပြသည့် သမာပဏိဓိပုဒ်နှင့် တွဲစပ်လိုက်သော အခါ (က) ကိုယ်ကို ကောင်းစွာထားခြင်း, (ခ) စိတ်ကို ကောင်းစွာထားခြင်းဟု အဓိပ္ပါယ် ၂ မျိုးပေါ်ထွက်လာသည်။ သို့သော် ကောင်းစွာထားခြင်း ဟူသည်မှာလည်း စကားကျ အားဖြင့် ပြုပြင်ပေးခြင်းဟုပင် ဆိုလိုရာ ရောက်သောကြောင့် ဤအတ္တ သမာပဏိဓိ မင်္ဂလာတရားတော်အရ **(၁) ကိုယ်ကို ပြုပြင်ပေးခြင်း၊ (၂) စိတ်ကိုပြုပြင်ပေးခြင်း**ဟု ပြုပြင်မှု ၂ မျိုး ထွက်ပေါ်လာရပြန်၏။ ထိုတွင်လည်း အပေါင်းဖြစ်သော ကိုယ်ကာယကိုပြောလျှင် အစိတ်အပိုင်းဖြစ်သော နှုတ်ကိုပြုပြင် ပေးမှုဟူသော အဓိပ္ပါယ်သည်လည်း အလိုအလျောက်ပါဝင် ပြီးဖြစ်တော့သည်သာလည်း။

ကိုယ်ပြုပြင်ရေး လူတို့၏ ကိုယ်နှုတ် ၂ မျိုးလုံးသည် လူတို့ ကိုယ်တိုင်က ပြုပြင်ပေးမှုမရှိဘဲ သူ့သဘာဝ အတိုင်း လွှတ်ထားခဲ့လျှင် ထင်ရာလုပ်, ထင်ရာပြော, အချိုး မကျသော ကိုယ်မှု နှုတ်မှုတို့သည်သာ ဖြစ်ပေါ်လာလိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။ ထို့ကြောင့် ချွတ်ယွင်းချက် မကင်းသော အပြုအမူ အပြောအဆိုများကို ဤအတ္တ သမ္မာပဏိဓိမင်္ဂလာ တရားတော်အရ မိမိတို့ကိုယ်တိုင်ကပင် တာဝန်တခုအနေဖြင့် ပြုပြင်ပေးမှသာလျှင် ချွတ်ယွင်းချက် မရှိသော အပြုအမူ အပြော အဆိုမျိုး ဖြစ်ပေါ်လာနိုင်၏။ ဤ ညွှန်ပြချက်အရ ကိုယ်တိုင်တာဝန်ယူ၍ ပြုပြင်ရမည့် အပြုခံ အပြင်ခံ ကိစ္စတို့ သည်ကား––

၁။ ကိုယ်တိုင်က ကိုယ်ကျင့်သီလရှိသူ မဟုတ်သေး လျှင် ကိုယ်ကျင့်သီလရှိသူ ဖြစ်ရေးအတွက် အဖက် ဖက်မှ ပြုပြင်ရခြင်း,

၂။ ကိုယ်တိုင်က အနေအထိုင် ထောင့်မကြိုးသူ ဖြစ် နေခဲ့လျှင် အနေအထိုင် အချိုးကျအောင် မိမိ ကိုယ်ကို မိမိပြုပြင်ရခြင်း,

၃။ ကိုယ်တိုင်က အပြောအဆို ပျော့ပြောင်းခြင်း မရှိ သေးလျှင် အပြောအဆို ညင်သာအောင် ကိုယ် တိုင်ပင် ပြုပြင်ရခြင်း,

၄။ ကိုယ်တိုင်က စည်းကမ်းသေဝပ်သူ မဟုတ်သေး လျှင် စည်းကမ်း သေးဝပ်မှုရှိအောင် ကိုယ်တိုင်ပင် ပြုပြင်ရခြင်း

စသည်တို့ပင်ဖြစ်၏။

ရှင်းရှင်းရေးရလျှင် မိမိအချိုးမကျမှု, ချွတ်ယွင်းမှုတို့ကို အချိုးကျလာစေရန်, ကောင်းမွန်လာစေရန် ကိုယ်တိုင်က တာဝန်ယူ၍ မွမ်းမံ ပြင်ဆင်ခြင်းမျိုးပင် ဖြစ်၏။ ဤကဲ့သို့ ချွတ်ယွင်းလျက်ရှိသော ကိုယ်မှု နှုတ်မှု ပြဿနာတို့ကို မိမိတို့ ကိုယ်တိုင် ဖြေရှင်းခြင်းအားဖြင့် သာလျှင် လူဆိုလျှင်လည်း လူကောင်း သူကောင်းတယောက် ဖြစ်လာနိုင်သည်။ ရဟန်း ဆိုလျှင်လည်း ရဟန်းကောင်းတပါး ဖြစ်လာနိုင်သည်။

(ပမာအားဖြင့် ဆိုသော် ပျက်စီး ယိုယွင်းနေသော အရာဝတ္ထု တခုကို လက်ပိုက်ကြည့်မနေပဲ ပြင်ဆင်ခဲ့ပါလျှင် ထိုအရာဝတ္ထုသည် အချိုးကျ ကောင်းမွန်လာရသကဲ့သို့တည်း)။

**စိတ်ပြုပြင်ရေး** ရုပ်ဝါဒီတို့က မည်သို့ပင် ဆိုစေ ရုပ်ပိုင်း အနေ အထား အချိုးကျ သေဝပ်ရေး အတွက် ရင့်ကျက်သောစိတ်က ဦးဆောင်မှုမရှိလျှင် လိုအပ်သော ပုံသဏ္ဍာန်မျိုး ဖြစ်ပေါ်လာလိမ့်မည်ဟု မယူဆနိုင်ပေ။ မည်သည့်အရာ၌မဆို စိတ်ကို လုံးဝ ထည့်သွင်းစဉ်းစားခြင်း မရှိပဲ ရုပ်ဝတ္ထု တိုးတက်ရေး တခုထည်းကိုသာလျှင် တဖက်သတ် ဆောင်ရွက်နေသည်ဟု ဆိုကြပါစို့။ ရုပ်ဝတ္ထုတို့ကမည်သို့ပင် တိုးတက်လာသည်ဖြစ်စေ စိတ်အထိန်းအချုပ်မရှိသော ထိုတိုးတက်မှုသည်ကား လူ့လောကကြီးကို မဘည်ငြိမ်သော ဘဝသို့ တွန်းပို့မည်ဖြစ်သောကြောင့် အနှစ်သာရ ကင်းမဲ့သော တိုးတက်မှုမျိုးသာ ဖြစ်၏။ ။(တိုးတက်သော ရုပ်ဝတ္ထုပိုင်ရှင် ဖြစ်သူတိုင်းပင် "ယနေ့ငါပိုင်ဆိုင်သော ရုပ်ဝတ္ထုသည် မနက်ဖြန် သူတပါးပိုင် ရုပ်ဝတ္ထု ဖြစ်သွားမည်လော"ဟု မယုံကြည်သော မျက်စိဖြင့် ကြည့်ပြီး အပြန်အလှန် စိတ်မောနေကြပုံ

ကိုလည်း ရုပ်ဝါဒဘက်သို့ ယိမ်းနေသော ယနေ့ကမ္ဘာကြီး ကပင် သက်သေခံလေပြီ။)

သို့သော်လည်း အဆိုးဘက်သို့သာ ယိမ်းယိုင်နေသော လူ့စိတ်သဘာဝကို တိမတ် ကောင်းမွန်လာအောင် မိမိကိုယ်တိုင် ပြင်ဆင်ရာဝယ် ဤ အတ္တသမ္မာပဏိဓိ မင်္ဂလာ တရားတော်သည်ပင် လူတိုင်းအဖို့ ထိရောက်သော တန်းဆာပလာ ဖြစ်သည်ဟု နားလည်ထားရမည်။ သို့ဖြစ်ရာ ဤ အတ္တသမ္မာပဏိဓိ မင်္ဂလာတရားတော်အရ——

၁။ ကုသိုလ်ရေး၌ တွန့်ဆုတ်နေလျှင် မိမိစိတ်ကို တက်ကြွလာအောင် ကြောင့်ကြစိုက်၍ ပြုပြင်ပေးရမည်။
၂။ ပညာသင်ကြားရေး၌ တိုးတက်မှုမရှိသေးလျှင် ကြိုးစား လာချင်အောင် မိမိစိတ်ကို ပြုပြင်ပေးရမည်။
၃။ ပေါင်းသင်းဆက်ဆံရေး၌ တကိုယ်ကောင်းဆန်နေလျှင် မိမိစိတ်ကိုပရဟိတစိတ်ထက်သန်လာအောင် ပြုပြင်ပေးရမည်။

(ထို့ပြင် ကောက်ကျစ် စဉ်းလဲသော စိတ်ဆိုး စိတ်ညံ့ကို စိတ်ရိုး စိတ်ဖြောင့်ဖြင့်လာအောင်ပြုပြင်ပေးရခြင်း, ကျဉ်းမြောင်းသောစိတ်ဓါတ်ကို သဘောထား ကြီးလာအောင် ပြုပြင်ပေးရခြင်း၊ မတည်ငြိမ်သောစိတ်ကို တည်ငြိမ်လာအောင် ပြုပြင်ပေးရခြင်း၊ စသည်တို့၌လည်း အလားတူပင်တည်း။)

## အလှပြင်နည်း, နည်းသရည်း

လူတကိုယ်လုံး၌ ပြုပြင်စရာ အစိတ်အပိုင်းများကို ဆန်းစစ်ရှာဖွေ ကြည့်လျှင် အချိုးမကျသော ကိုယ်မှု, စည်းကမ်းနှင့် မညီသော နှုတ်မှု,တရားလမ်းမကျသော စိတ်မှု(အကြံအစည်)

ဤ ၃ မျိုးမှတပါး အခြားပြုပြင်စရာမရှိပေ။ သို့သော် တကယ် ပြုပြင်လိုပြီဟု ဆိုကြစို့.... ဘယ်နည်း ဘယ်ပုံပြုပြင်မည်နည်း? အမှန်မှာ ဤဆိုမည့်အတိုင်း ပြုပြင်ရမည်ဖြစ်၏။

ဥပမာ သင့်အဖို့မှာ ကိုယ်အမူအရာကလည်း ထောင့်မကြိုး, နှုတ်အမူအရာကလည်း ညင်သာခြင်းမရှိပဲ ဖြစ်နေပြီဟု ဆိုကြပါစို့.... သင်သည် မိမိအနေအထားကို သတိ မှန်ပြင်ပေါ်မှာ တင်၍ ဆင်ခြင်သုံးသပ်သည့်အခါ ကိုယ် အမူ အရာဘက်မှဖြစ်စေ, နှုတ်အမူအရာဘက်မှဖြစ်စေ, သို့မဟုတ် နှစ်ဘက်လုံးမှဖြစ်စေ အချိုးမကျပုံ, စည်းကမ်းမသေဝပ် ပုံများကို အကယ်၍ တွေ့မြင်ရသည်ဖြစ်အံ့။ ယင်း အမြင်မတော်,အကြားမတော်သော ကိုယ်မှု နှုတ်မှုတို့ကို ပြုပြင်လိုသော စိတ်က ဦးဆောင်လျက် အဖိုးတန် လူတယောက် ဖြစ်လာသည်အထိ ဝီရိယစေတ်, သဒ္ဓါစေတ် တည်းဟူသော လက် ၂ ဖက်ဖြင့် လိုသလိုပြုပြင်ပေးလိုက်ပါ။ ဤသို့ ပြုပြင်ပေးလျှင် သင့်အဖို့မှာ ချွတ်ယွင်းချက် ကင်းသော လူကောင်း သူကောင်း တယောက် ဖြစ်လာရမည်မှာ သေချာသလောက်ပင်တည်း။

ဆောင်ပုဒ်လင်္ကာ

မင်္ဂလာ မောင်မယ်, တပည့်ငယ်တို့,ဉာဏ်ဝယ်နိုင်းညှိ,ပြင်နည်းသိလော့, သတိမှန်ပြင်, ကိုယ်ရိပ်ထင်က, ဆင်ခြင်ကြည့်၍, အပြစ်တွေ့သော်, စေ့စေ့ငုငု, သင်တို့ရှုလျက်, လူ့သဘာဝ, အချိုးကျအောင်, ဝီရိယ သဒ္ဓါ, လက်နှစ်ဖြာဖြင့်, လိုရာပြင်ပေး,ပြစ်ကင်းဝေးသည်။ ။ကိုယ်သွေးဂုဏ်ရည် လှကြောင်းတည်း။

ကိုယ်စိတ်ပြုပြင်ရေးပေါ်ပြခန်းပြီး၏။

## အကျိုး အပြစ် ဖော်ပြခန်း

ပြုပြင်ခြင်းအကျိုး သင်သည် ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာ တရားတော်အရ ရှေးကောင်းမှု အားနည်းခြင်းကြောင့် ဆင်းရဲ နိမ့်ကျ နေပြီဟု ဆိုကြစို့.... သင်သည် သင်၏ နိမ့်ကျသောဘဝကို ဘယ်နည်း ဘယ်ပုံ မြှင့်တင်မည်နည်း? အမှန်မှာ ဤ အတ္တသမ္မာပဏိဓိ မင်္ဂလာ တရားတော်အရ ကိုယ်နှင့်စိတ်ကို ပြုပြင်ပေးခြင်းအားဖြင့်သာလျှင် မြှင့်တင်ရမည်ဖြစ်၏။ အကယ်သာ ချွတ်ယွင်းချက်မကင်းသော ကိုယ်နှင့်စိတ်ကို အမြဲတမ်း အလှပြင်ပေး နိုင်ပါမူကား သင့်အဖို့မှာ ဤမျက်မှောက်ဘဝ၌ပင်—

၁။ ပညာအရည်အချင်း ပြည့်ဝသူ၊
၂။ ကိုယ်ကျင့်တရားရှိသူ၊
၃။ စည်းကမ်းသေဝပ်သူ၊
၄။ ရိုးဖြောင့်တည်တံ့သူ၊
၅။ သူတပါး၏အကျိုးကို လိုလားသူ

အဖြစ်ဖြင့် အတန်း အစား မြင့်တက် လာရမည်မှာ မလွဲပေ။ မိမိ ကိုယ်တိုင် တာဝန်တခုအနေဖြင့် ပြုပြင်ရာမှ အသွေးတက်လာရသော ထို အချင်းအရာကောင်းတို့သည်ပင် နောင်သံသရာကောင်းစားရေးအတွက် **ပုဗ္ဗေ ကတပုညတာ** စက်တပါးလည်း ဖြစ်လာရပြန်၏။ သို့ဖြစ်ရာ လောကီရေး၌ဖြစ်စေ, လောကုတ္တရာရေး၌ဖြစ်စေ, လူတဦးတယောက်ကို မြင့်မြတ်သော အဆင့်အတန်းသို့ ချောမော စွာ ရောက်အောင် မြှင့် တင် ပေး ရာ၌ ဤ **အတ္တ သမ္မာ ပဏိဓိ** မင်္ဂလာ တရားတော်ထက် သာလွန်ထိရောက်သော အထောက်အကူကောင်းကား မရှိနိုင်တော့ပေ။

**မပြုပြင်ခြင်း၏ အပြစ်** တနည်းအားဖြင့်ပြောရသော် သင်သည် ရှေးကောင်းမှုရှိသူ ဖြစ်သောကြောင့် လူဂုဏ်တန် သားသမီးလည်း ဖြစ်ရပြီ, ဆရာကောင်း တပည့် လည်းဖြစ်ရပြီ, အရပ်ဒေသ ကောင်း၌လည်း နေထိုင်ရပြီဟု ဆိုကြပါစို့....သို့သော် ကံပေးသောအခွင့်အရေးကို သင်အသုံး မပြုပဲ မိမိ၏ ကိုယ်နှင့်စိတ်ကို ဖြစ်ချင်သလိုဖြစ်စေဟု သူ့သဘာဝ အတိုင်း လွှတ်ထားခဲ့လျှင်ကား သင့်အဖို့မှာ သင်၏ရှေးကောင်း မှုက မည်သို့မျှမကယ်တင်နိုင်ပဲ—

၁။ ပညာမဲ့သူ၊
၂။ ကိုယ်ကျင့်တရားချို့တဲ့သူ၊
၃။ စိတ်ဓါတ်ညံ့ဖျင်းသူ၊
၄။ သူတပါး၏အကျိုးကို ဖျက်ဆီးသူ၊
၅။ အခြောက်တိုက်သွေးကြီးသူ

အဖြစ်ဖြင့် အစကောင်း သလောက် အနှောင်း ချွတ် ယွင်း မှု တွေက ပတ်လည်ဝိုင်းထားသော လူရှော်လူညံ့မျိုးသား ဖြစ်ရ မည်မှာ မလွဲပေ။

**ကိုယ်တိုင် ပြုပြင်မှု အရေးကြီးပုံ** လူတဦးတယောက်၏ လူတော်လူကောင်း ဖြစ်ရေး၌ ဆရာကောင်းတပည့်,မိကောင်း, ဘခင်သားသမီးစစ်မှု မစစ်မှုထက် မြင့်မြတ် သောနှလုံးရည် မွေးမြူလျက် မိမိကိုယ်တိုင် တာဝန်ယူ ပြုပြင် မှုက သာလွန်၍အရေးပါလှ၏။ သို့သော် ပင်ကိုယ်က ဓါတ်ခံ ကောင်းသူဖြစ်ရာတွင် ထပ်မံ၍ဆရာကောင်းတပည့်,မိကောင်း, ဘခင် သားသမီးဖြစ်နေဦးမည်ဟုဆိုမူ ထိုသူအဖို့ကားပြောဘွယ် ပင်မလိုတော့ပေ။ "ရှင်ဘုရင်ပုဆိုးပိုးနှင့်" ဆိုသကဲ့သို့ "အတိုင်း ထက်အလွန် တန်းခွန်နှင့်ဘုရား" ကဲ့သို့ပင်တည်း။

သို့ရာတွင် ဤအတ္တသမ္မာပဏိဓိ မင်္ဂလာ တရားတော်ကို လက်တွေ့ မလိုက်နာသူတို့ အဖို့မှာကား မည်မျှလောက်ပင် ဆရာကောင်း၏ နည်းပေးလမ်းပြမှုကို လက်ခံရပြီဟု ဆိုရသည် တိုင်အောင် ''ဆရာကောင်းတပည့် ဖြစ်လွယ်သော်လည်း တပည့်ကောင်းဆရာ ဖြစ်ခဲ၏'' ဟူသော ရှေးပညာရှိတို့၏ စကား အရ ဆရာက ဆရာကောင်း ဖြစ်သကဲ့သို့ မိမိက တပည့်ကောင်း ဖြစ်လိမ့်မည် ဟူ၍ကား မယူဆထိုက်ပေ။ အမှန်မှာ ဆရာ ကောင်း တပည့်တိုင်းလည်း ပန်းကောင်းပန် မဖြစ်နိုင်သည်ကို သတိပြုသင့်၏။

(ဗုဒ္ဓရှင်တော်မြတ် လက်ထက်တော်တုန်းက အဂ္ဂသာဝကကြီး ၂ ပါး၏ တပည့်ရင်း ဖြစ်ကြသော ဆဗ္ဗဂ္ဂီ (ရဟန်းဆိုး ၆ ပါး) တို့၏ မှောက်မှားသော အပြုအမူတို့သည်ကား ဤအရာ၌ ထင်ရှားသော သက်သေတို့ပင်တည်း။)

**ကောက်နုတ်ချက်** ယင်းခြောက်ပါးဂိုဏ်းအဖွဲ့ဝင် ရဟန်းဆိုး ရဟန်းယုတ်တို့သည်—

၁။ သာသနာတော်နှင့် ကြုံတွေ့ရခြင်း-**ပတိရူပဒေသဝါသစက်**၊

၂။ ရှေးကောင်းမှု နှီးဆော်ချက်အရ သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုခွင့်ရခြင်း- **ပုဗ္ဗေကတပုညတာစက်**၊

၃။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်ကဲ့သို့သော ရဟန္တာ အရှင်မြတ်ကြီးများကိုပင် အမှီပြုရခြင်း- **သပ္ပုရိသူပနိဿယစက်**

ဟု ဆိုအပ်သော ဤ စက် ၃ ပါးတို့နှင့် အထိုက် အလျောက် ပြည့်စုံသည်ကား မှန်၏။ သို့ရာတွင် သူတို့ ကိုယ်တိုင်ကပင် ဤ

အတ္တသမာပဏီဓိစက်နှင့် ကင်းဝေးလျက် အတွင်းရေး စိတ်ဓါတ် ချွတ်ယွင်းခြင်းကြောင့် သာသနာ့အရိပ်ကို ခိုလှုံသော်လည်း ခိုလှုံရာ မရောက်ပဲ သာသနာ့သူပုန်ကဲ့သို့သာ ဖြစ်ပြီးလျှင် ထိုခေတ်က ဗုဒ္ဓဘာသာဝင် လူထုကြီး၏ တံတွေးကွက်၌ မတွေးရက်အောင် နစ်မျောရလေသည်။

အကျိုးအပြစ် ဖော်ပြခန်းပြီး။

---

## ညွန့်ပြန့်ုိးဆော်ခန်း

**အိမာဆင် ဘာပြောသလဲ**

လူကောင်း, ရဟန်းကောင်း ဖြစ်ခြင်း၏ အကြောင်းကိုစဉ်းစားရာတွင် လူကောင်း, ရဟန်းကောင်း ဖြစ်ဖို့ရန် အထက် မိဘဆရာသမားတို့၏ သင်ကြား ပြသခြင်း, နည်းပေး ဆုံးမခြင်းတို့သည်လည်း အရေးပါအရာရောက်သည်ကိုတွေ့ရ၏။ ထို့ထက် မိဘဆရာ စသည်တို့က ချမှတ်ပေးသော လမ်းစဉ်ကို လိုက်နာမည် ဟူသော နှလုံးရည် မွေးမြူလျက် ကိုယ်တိုင် တာဝန်ယူ၍ ပြုပြင်ခြင်းက ပိုပြီး အရေးပါ အရာရောက်ပြန်၏။ အမှန်မှာ ပြုပြင်လိုသော စိတ်ထားဖြင့် မိမိ ကိုယ်နှုတ် ၂ ပါးကို စည်းမဲ့ကမ်းမဲ့ မဖြစ်စေရန် စောင့်စည်းခြင်းသည်ပင် ကိုယ်ကျင့်သီလပြည့်ဝရေးလည်း ဖြစ်၏။ ယဉ်ကျေးမှုတမျိုးလည်း ဖြစ်၏။

သို့သော် ထို ကိုယ်နှုတ် ၂ ပါးကို ချုပ်ကိုင်ရန်ကား မလွယ်ကူလှ။ တမင် ကြောင့်ကြစိုက်မှ သာလျှင် အောင်မြင်နိုင်၏။ ''ယဉ်ကျေးခြင်း ဟူသည် မိမိ, ကိုယ်နှုတ်ကို အ နည်း ငယ် အပင်ပန်းခံ၍ အောင့်အီးခြင်းပင်ဖြစ်သည်''ဟု အဆိုပြုထား

သော အနောက်နိုင်ငံမှ စာရေးဆရာကြီး **"ဧမာဆင်"**၏ စကားသည်လည်း တမျိုးအားဖြင့် မှတ်သားဘွယ်ပေတည်း။

**အခြားမင်္ဂလာများ ပြီးစီးပုံ**

၌ **အတ္တသမ္မာပဏိဓိ** မင်္ဂလာတရားတော်သည် ရှေးကောင်းမှု အားသေးသောကြောင့် နိမ့်ကျနေရသူတို့အဖို့ တိုးတက်ရန် လမ်းစဖေါ်ပေးသော အသက်ရှုချောင်ပေါက်တခုဖြစ်သည်ဟု ဆိုလျှင်လည်း လွဲမှားမည် မဟုတ်ပါ။ မှန်ပါသည်။ ၌ **အတ္တသမ္မာပဏိဓိ** မင်္ဂလာကို လက်တွေ့ ကျင့်သုံးခြင်း အားဖြင့် အထက်၌ ဆိုလတ္တံ့ဖြစ်သော—

၁။ **သုသိက္ခိတဝိနယ** မင်္ဂလာတရားတော်အရ ကိုယ်ကျင့် ဝိနည်းကို လုံခြုံစေမှုလည်း ပြီးစီး၏။

၂။ **ဓမ္မစရိယာ** မင်္ဂလာ တရားတော်အရ တရားကျင့်သုံးမှုလည်း ပြီးစီး၏။

၃။ **အနဝဇ္ဇကမ္မ** မင်္ဂလာ တရားတော်အရ အပြစ်မရှိသော အမှုကို ဆောင်ရွက်ခြင်းလည်းပြီးစီး၏။

၄။ **ဓမ္မအပ္ပမာဒ** မင်္ဂလာတရားတော်အရ သတိတရားနှင့် ပြည့်စုံမှုလည်း ပြီးစီး၏။

၅။ **သောဝစဿတာ** မင်္ဂလာ တရားတော်အရ နည်းပေး ညွှန်ပြခြင်းကို ငြင်းဆန်ခြင်းမရှိပဲ လိုက်နာမှုလည်း ပြီးစီး၏။

## မိမိကိုယ်ကို မိမိပြုပြင်ပါ

၌ **အတ္တသမ္မာပဏိဓိ** မင်္ဂလာ တရားတော်မှပင် အခြားကုသိုလ်မင်္ဂလာများ ပေါက်ပွါး စည်ပင်လာနိုင်သည်ဖြစ်ရာ ထိုမင်္ဂလာတရားတော်မှ သီးပွင့်ပေးမည့် ကောင်းကျိုးချမ်းသာတို့သည်ကား ထို့ထက်များလှသည်သာတည်း။သို့ဖြစ်သောကြောင့်

၍ **အတ္တသမ္မာပဏိဓိ** မင်္ဂလာတရားတော်အရ ''မိမိကိုယ်ကို မိမိ ပြုပြင်ပါ''ဟု ညွှန်ပြနှိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်....

၁။ မိမိကိုယ်နှုတ်, စောင့်ထိန်းချုပ်, အဟုတ်ကောင်းအောင်ပြင်။
၂။ နှလုံးရည်မွေး, ပြုပြင်ပေး, လက်ရွေး လူဘော်ဝင်။
၃။ ပြုပြင်နိုင်မှ, အချိုးကျ, ဘဝကောင်းရာတင်။
၄။ ကိုယ်စိတ်နှစ်ပါး, ကောင်းအောင်ထား, ကြိုးစားပြင်စေချင်။

ညွှန်ပြနှိုးဆော်ခန်း ပြီး၏။

## အခန်း ၇

## ဗာ ဟု သ စ္စ မ င်္ဂ လာ

**ဗာဟုသစ္စ** အကြားအမြင် များသူ ဖြစ်ရခြင်း သည်လည်း ကုသိုလ် တရား တိုးပွါး ရင့် ကျက် ရန် မင်္ဂလာ တပါးဖြစ်သည်။

၍ ၇ နံပါတ်မင်္ဂလာကိုပင်''ဗာဟုသစ္စမင်္ဂလာ''ဟုခေါ်ဆိုရသည်ဟုမှတ်ပါ။

(ဗာဟုသစ္စ၊ အကြားအမြင်များသူဖြစ်ရခြင်း။ မင်္ဂလာ၊ ကုသိုလ်တရားတိုးပွါးရင့်ကျက်မှု။)

---

## သုတပြဿနာဖြေရှင်းခန်း

**အခြေခံမှု ၃ မျိုး** ၍ ဗာဟုသစ္စ မင်္ဂလာတရားတော်အရ ဆည်းပူးအပ်သော ပညာရပ်များကို ရွေးဥုးစွာ ရှင်းပြအံ့။ ထိုစကားအရဆည်းပူးအပ်သောပညာရပ်များမှာ—

၁။ **ဝိဇ္ဇာဋ္ဌာနပညာ၊**

၂။ **သိပ္ပါယတနပညာ၊**

၃။ **ကမ္မာယတနပညာ**

ဟု အခြေခံမှုအားဖြင့် ၃ မျိုး ရှိလေသည်။ ထို ၃ မျိုးတို့တွင်လည်း—

(က) လောကုတ္တရာ အလိမ္မာမျိုးကို ဖြစ်စေနိုင်သော ဗုဒ္ဓဘာသာကျမ်းစာ အရပ်ရပ်တို့ကို တတ်မြောက်လိမ္မာရခြင်း၊

(ခ) လောကီအလိမ္မာမျိုးကို ဖြစ်စေနိုင်သောအပြစ်ကင်းရာဘာသာအမျိုးမျိုး၊စာအမျိုးမျိုးတို့ကို ဆည်းပူးလိုက်စားရခြင်း၊

(ဂ) လူမျိုးတိုင်း၏ ယဉ်ကျေးမှု နမူနာဖြစ်သော ရာဇဝင်အခြေအနေ၊ စာပေဂီတ၊ သုခုမပညာရပ်တို့၌ တတ်မြောက်လိမ္မာရခြင်း စသည်တို့ကိုပင် "**ဝိဇ္ဇာဋ္ဌာနပညာ**" ခေါ်သည်ဟု မှတ်ပါ။

ထိုပြင်—

(က) အသက်မွေးဝမ်းကြောင်းမှု အထောက်အပံ့ဖြစ်စေနိုင်သော လုပ်ငန်းတို့၌တတ်မြောက်လိမ္မာရခြင်း၊

(ခ) ယဉ်ကျေးမှု ဆိုင်ရာ သုခုမပညာ၏ အစိတ်အပိုင်းဖြစ်သော ပန်းချီ၊ ပန်းပု၊ ပန်းဘဲ၊ ပန်းရံ၊ ပန်းတိမ်၊ ပန်းတည်း စသည် အယဉ်အနု လက်မှုလုပ်ငန်း ဟူသမျှတို့၌ တတ်မြောက်နားလည်ရခြင်း စသည်တို့ကို "**သိပ္ပါယတနပညာမျိုး**" ခေါ်သည်ဟုမှတ်ပါ။

ထို့ပြင်လည်း—

(က) အပြစ်ကင်းသော ကုန်သန်းရောင်းဝယ်ရေး ဆိုင်ရာ **မနဘေဒ၊ ဘောဂဘေဒ၊** စသည့် ခေတ်ပညာ အရပ်ရပ်တို့၌ တတ်မြောက်နားလည်ရခြင်း၊

(ခ) တိုင်းပြည်ဝပြောသာယာမှု၏ ရေသောက်မြစ်သဖွယ် ဖြစ်သော တောင်သူ လယ်ယာ စိုက်ပျိုးမှု၌ လိမ္မာ ကျွမ်းကျင် အမြော်အမြင် လုပ်ရည်ကိုင်ရည်ရှိရခြင်း၊

(ဂ) အထူးအားဖြင့် အမျိုးသမီးတို့က ဇာထိုး၊ ပန်းထိုး အနုပညာတို့နှင့်တကွ ပိုင်းချည်ယက်ကန်း၊ အိမ်တွင်းမှုလုပ်ငန်း တို့၌ လိမ္မာကျွမ်းကျင်ရခြင်း စသည်တို့ကိုကား "**ကမ္မာယတန ပညာမျိုး**" ခေါ်သည်ဟုမှတ်ပါ။ ဤသို့လျှင် မိမိတို့၏ဝါသနာ အလျောက် ဆည်းပူးအပ်သော ပညာရပ်များသည် အခြေခံ မှုအားဖြင့် ၃ မျိုးဖြစ်လေသတည်း။

**တနည်း ၂ မျိုး** တနည်းအားဖြင့်သော်ကား ဤဗာဟုသစ္စ မင်္ဂလာ တရားတော် အရ ဆည်းပူးအပ် သော ပညာရပ်တို့သည်—

၁။ အလိမ္မာပညာ၊

၂။ အတတ်ပညာ ၂ မျိုးရှိပြန်လေသည်။

ထိုတွင်လည်း ညွှန်ပြအပ်ပြီးဖြစ်သော ပညာရပ် ၃ မျိုးတို့ အနက် ၁ နံပါတ်အရ ဝိဇ္ဇာဋ္ဌာန ပညာသည်ပင် အလိမ္မာ ပညာဖြစ်၍၊ ၂ နံပါတ် ၃ နံပါတ်အရ သိပ္ပါယတနပညာ၊ ကမ္မာယတနပညာတို့သည်ကား အတတ်ပညာဖြစ်လေသည်။

သို့သော်လည်း ၂ နံပါတ်အရ အတတ်ပညာမှာ ဆိုလတ္တံ့ ဖြစ်သော သုသိက္ခိတသိပ္ပမင်္ဂလာတရားတော်နှင့်သာ သက်ဆိုင် သည်ဖြစ်ရကား ဤဗာဟုသစ္စမင်္ဂလာတရားတော်အရအလိမ္မာ ပညာကိုသာလျှင် လိုအပ်သည်ဟုမှတ်ပါ။

**သုတပြဿနာဖြေရှင်းခန်းပြီး၏။**

## လောကီ အလိမ္မာဖော်ပြခန်း

အလိမ္မာပညာဟူသောစကားအရ အလိမ္မာပညာကလည်း (၁) လောကီအလိမ္မာ၊ (၂)လောကုတ္တရာအလိမ္မာ ဟု ၂ မျိုး ရှိပြန်ရာ၊လောကီရေး၏အထောက်အပံ့ဖြစ်သောအသိအလိမ္မာ မျိုးကိုပင် လောကီအလိမ္မာဟုဆိုရ၏။ သို့သော်အလိမ္မာဟူသည် အသိဉာဏ်ပင်ဖြစ်ရကား ထိုအသိဉာဏ်ကလည်း ကုသိုလ်နှင့် သာ ယှဉ်၍ အကုသိုလ်နှင့် မယှဉ်သောကြောင့် မည်သူမဆို သူတပါး၏ အကျိုးကို မထိခိုက်စေဘဲ မိမိ၏ လောကီအကျိုး စီးပွါးကို တရားသဖြင့် ဖန်တည်းနိုင်သော အသိဉာဏ်မျိုး ရှိသူ ဖြစ်ပါမှသာလျှင်လောကီအလိမ္မာရှိသူအစစ်ဟုချီးကျူးထိုက်၏။

**လိမ္မာမှုတိုင်းလည်း ကုသိုလ်မဟုတ်**

ယခုခေတ်၌ကား "ဘယ်သူသေသေ ငတေမာလျှင်ပြီးရော" ဟူသောစိတ်ထားမျိုးဖြင့် သူတပါး၏အကျိုးကို ထိခိုက်စေလျက် မိမိတို့၏ကိုယ်ကျိုးအတွက် လူလူချင်း အညွန့်ခူးစားတတ်သူ၊မတရားပါးနပ်သူတို့ကိုပင် လောကီအလိမ္မာနှင့်ပြည့်စုံသူများဟု မြှောက်စားပြောဆိုနေကြသဖြင့် တကမ္ဘာလုံးမှာလည်း အညွန့်ခူးသမား လူပါး လူနပ်တို့ဖြင့်သာလျှင် အရာရာတိုင်း၌ ခြေရှုတ်နေလေသည်၊

ရှင်းရှင်းရေးရလျှင် ထိုလူနပ် လူပါးတို့၏ မတရားအညွန့်ခူးမှု၊ ပါးနပ် ကျင်လည်မှု တို့သည်ကား ကုသိုလ် နယ်နိမိတ်အတွင်းမှ ထွက်ပေါ်လာသော လောကီ အလိမ္မာမျိုး မဟုတ်ကြပေ။ ကောက်ကျစ် စဉ်းလဲမှု၊ လှည့်ပတ် ဖြားယောင်းမှုတည်း ဟူသော အကုသိုလ် နယ်နိမိတ်ထဲမှ ရဲရဲတောက်

ထွက်ပေါ်လာသော လောကီမာယာ,လောကီဝဥ္စနာတို့မျှသာ ဖြစ်၏။ ထို့ကြောင့် လိမ္မာမှုတိုင်းလည်း ကုသိုလ်မဟုတ်ဟု နားလည်ရမည်ဖြစ်လေသည်။

**အလိမ္မာနှင့်မာယာ ခြားနားမှု**

အကယ် ၍သာ ကောက်ကျစ် စဉ်းလဲမှု, လှည့်ပတ် ဖြားယောင်းမှု အစစ် ဖြစ်သော လောကီမာယာ လောကီဝဥ္စနာ တို့ကိုပင် လောကီအလိမ္မာဟု ထင်မှတ်ကာ အလွဲသုံးစား ပြုလုပ်နေကြမည်ဟု ဆိုပါမူ ကမ္ဘာသူ ကမ္ဘာသားတို့ မှာလည်း စီးပွားရှာဖွေမှု, ပေါင်းသင်းဆက်ဆံမှု စသည်တို့၌ ဉာဏသမ္ပယုတ် အစစ်ဖြစ်သော လောကီ အလိမ္မာကို မရရှိခြင်း ကြောင့်ပင် **'သာသူသာ နာသူနာ'** ဖြစ်ရမည်သာတည်း။

သို့ဖြစ်ရာ လောကီအလိမ္မာနှင့် လောကီမာယာဝဥ္စနာတို့၏ သဘောသွားကို ခြားနား ဝေဘန်မှသာလျှင် ဤ ဗာဟုသစ္စ မင်္ဂလာတရားတော် အရ လောကီ အလိမ္မာဟူသည် သူတပါး အပေါ် အညွန့်ဘူးနိုင်သော စွမ်းရည်မျိုးလည်းမဟုတ်, ပါးနပ်ကျင်လည်သော စွမ်းရည်မျိုးလည်းမဟုတ်, လူမှုရေးရာ အဖြာဖြာတို့၌ သူတပါး၏ အကျိုးကို မထိခိုက်စေဘဲ ကိုယ့်အကျိုး ကိုယ့်စီးပွားကို တရားသဖြင့် တိုးတက်အောင် စီမံ ဖန်တီးခြင်းငှါ စွမ်းဆောင်နိုင်သော ကိုယ်ပိုင်ဉာဏ် အရည် အချင်းမျိုးပင်ဖြစ်သည်ဟု နားလည်မှုရှိလာပါလိမ့်မည်။

**လောကီအလိမ္မာဖော်ပြခန်းပြီး၏။**

## လောကုတ္တရာအလိမ္မာ ဖော်ပြခန်း

လောကီရေး၏ အထောက်အပံ့ ဖြစ်သော အသိ အလိမ္မာမျိုးကို လောကီ အလိမ္မာ ဆိုရသကဲ့သို့ လောကုတ္တရာရေး၏ အထောက်အပံ့ဖြစ်သော အသိအလိမ္မာမျိုးကိုပင် လောကုတ္တရာ အလိမ္မာဟု ဆိုရပြန်၏။ ယခုလူတို့ ပြုလုပ်နေကြသော ဒါနမှု, သီလမှု, ဘာဝနာမှုတို့ကို အများအားဖြင့် လောကုတ္တရာရေး အလုပ်ဟု သမုတ် ပြောဆို နေကြသော်လည်း အမှန်အားဖြင့် ထိုဒါနမှု, သီလမှု, ဘာဝနာမှု တို့သည်ကား လောကုတ္တရာ တရားအစစ်မဟုတ်ကြသေးပေ။ လောကီတရားစု၌ ပါဝင်သည့် လောကီကုသိုလ် လုပ်ငန်းတို့သာတည်း။

သို့သော်လည်း ထိုကုသိုလ်တွေကို ပြုလုပ်နေသူတို့၏ မူလ ရည်ရွယ်ချက်က လောကုတ္တရာဘက်သို့ ဥုးလှည့်လျက် မဂ်ဖိုလ် နိဗ္ဗာန်ကို ရလိုမှုကိုသာ ရည်ရွယ်ချက် ထားကြသောကြောင့် ထိုလောကီတရား၏ အစိပ်အပိုင်းဖြစ်သော ဒါနမှု, သီလမှု, ဘာဝနာမှုတို့ကိုပင် မူလရည်ရွယ်ချက်သို့လိုက်၍လောကုတ္တရာ ရေး အလုပ်ဟု သမုတ်ပြောဆိုရပြန်၏။

**လောကီရေးအကြီးစား မဖြစ်စေရ** အကယ်၍ မိမိတို့ လက်ရှိ ဖြစ်သော ကုသိုလ်တရားစုကလောကီရေး၌ပါဝင် ရသည် အားလျော်စွာ အထက် လောကုတ္တရာတရားအစစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်ချက် မထားဘဲ သမုဒယ တဏှာ၏ လှုံ့ဆော်ချက် အရ လောကီ စည်းစိမ်ရလိုမှုကိုသာ ရည်ရွယ်ချက် ထားမည်ဟု ဆိုမူ ထိုသူတို့၏ ဒါနမှု, သီလမှု, ဘာဝနာမှုတို့သည်ကား အဘယ်မှာလျှင် လောကုတ္တရာရေး လုပ်ငန်းမျိုး ဖြစ်နိုင်ပါမည်နည်း။ တမျိုး အားဖြင့် ပြောရသော် လောကီစည်းစိမ်ကို တောင့်တ၍ ပြုလုပ်

ကြသော ကုသိုလ်ရေး မှန်သမျှ လောကီရေး လုပ်ငန်း အကြီးစားမျိုးဖြစ်ရမည်သာတည်း။

ထို့ကြောင့် ဒါနမှ စသည် ပြုလုပ်ရာ၌ လောကုတ္တရာ အလိမ္မာကို ရရှိမှသာလျှင် မိမိတို့လုပ်ငန်းက လောကုတ္တရာရေး ပြီးသမည်ဖြစ်ရကား မည်သူမဆို ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌ လောကုတ္တရာရေးဟု အသံပေးပြီး လောကီရေး ဘက်သို့ ဦး မလှည့်ရလေအောင် အထူးသတိပြုမိပါစေ။

**လောကုတ္တရာအလိမ္မာဖော်ပြခန်းပြီး၏။**

## ညွှန် ပြ နှိုး ဆော် ခန်း

လိမ္မာသူမှ ရ

လူ့လောကကြီး၌ လူတဦး တဦး၏ တန်ဘိုးဟူသည် မှာလည်း ဤဗာဟုသစ္စ မင်္ဂလာတရားတော်အရ ဖော်ပြအပ်ပြီးဖြစ်သော၊ (၁) လောကီအလိမ္မာ နှင့် (၂) လောကုတ္တရာအလိမ္မာတို့ပင်ဖြစ်၏။ မည်သူမဆို မိမိတို့ တန်ဘိုးကို မိမိတို့ ကိုယ်တိုင် မြှင့်တင် လိုသော် ထို အလိမ္မာ ၂ မျိုးကို မိမိတို့ သန္တာန်၌ များစွာ ကိန်းဝပ်စေခြင်းမှတပါး အခြားနည်းအားဖြင့် မြှင့်တင်နိုင်ရန် အကြောင်း မမြင်ပေ။

ဗုဒ္ဓ ရှင်တော်မြတ် ကလည်း မည်သူပင်ဖြစ်စေ နေ့စဉ်နှင့် အမျှ လူစာတွေစား၍ အသား တိုးသော်လည်း အလိမ္မာပညာ တည်းဟူသော အနှစ်အသား မတိုးလျှင် ထိုသူသည် စိတ်နှလုံး မြင့်မြတ်သူ လူ့ သန်းခေါင် စာရင်း၌ မပါဝင် နိုင်ဘဲ လူစင်စစ်က နွားဖြစ်ရသော လူ့နွားပင် တည်းဟု ဓမ္မပဒ၌ ဟော ဖော် ညွှန်ပြတော်မူ၏။

လောကီရေး ပန်းတိုင်သို့ ချီတက်ရာ၌ဖြစ်စေ, လောကုတ္တရာရေး ပန်းတိုင်သို့ ချီတက်ရာ၌ဖြစ်စေ စည်းစိမ်တည်မြဲ တိုးတက်ရေးသို့ ချီတက်ရာ၌ဖြစ်စေ သူ့ဆိုင်ရာ အလိမ္မာ ပညာမျိုးရှိသူမှသာလျှင် မှန်မြတ်သော လမ်းစဉ်အရ မိမိတို့ ရည်မှန်းရင်းဖြစ်သော လိုလားချက်ပြည့်ဝမှု စခမ်းကောင်းသို့ ဆိုက်ရောက်မြဲဖြစ်လေသည်။ လောကီရေးအရ မရသေးသော ပစ္စည်းဥစ္စာများရမှု, ရပြီးသောပစ္စည်းဥစ္စာများ မပျောက်ပျက်မှု, ထိုထက်တိုးတက်ပွားများမှု စသည်တို့သည်လည်း လောကီ အလိမ္မာ ပညာမှ လွတ်ကင်း၍ သီးသန့်တဘာသာ အနေဖြင့် အရှိန် ယူနိုင်သော အရာများ မဟုတ်ကြပေ၊ လောကီအလိမ္မာ ပညာက လမ်းခင်းပေးလိုက်သော အောင်ပွဲ ဆင်နွှဲမှုများသာ ဖြစ်၏။ လောကုတ္တရာရေး အရမိမိ၌ မရသေးသော သီလဂုဏ်, သမာဓိဂုဏ်စသည်တို့ကို ရရှိမှု ရရှိပြီးဖြစ်သော သီလဂုဏ် သမာဓိဂုဏ် စသည်တို့ မပျောက်ပျက်မှု ရှေးကထက် တိုးတက်ပွားများမှု စသည်တို့သည်လည်းလောကုတ္တရာ အလိမ္မာ ပညာနှင့် အဆက်အသွယ်ကင်းသော အလားတူ အကျိုးတရားများ ပင်တည်း။

အကြမ်းအားဖြင့် ရေးရလျှင် ဘိုးဘွားမိဘ အမွေ အနှစ်တွေကို ခံစံရသောကြောင့်ဖြစ်စေ, သိန်းထီ ပေါက်သောကြောင့်ဖြစ်စေ, တစုံတရာမမြော်လင့်သော အကြောင်း တခုခုကြောင့် မိမိအတွက် လက်ဝယ်ရောက်ပြီးဖြစ်သော သပိတ်ဝင် အိပ်ဝင် ပစ္စည်းဥစ္စာမျိုး ဖြစ်ရသည့်တိုင်အောင် မိမိကအလိမ္မာပညာမျိုး ကင်းမဲ့သူ ဖြစ်နေပါက ထိုသူ့ လက်ထဲ၌ ကြာမြင့်စွာ တည်တန့်ခြင်း မရှိဘဲ လူက ပစ္စည်းကို မစွန့်မီပင် ပစ္စည်းက လူကို စွန့်လွှတ်သွားတတ်လေသည်။

ဘုရားလက်ထက်တော်အခါက အဘသေဋ္ဌေးကြီး၏ ကုဋေ ၈၀ မျှသော ပစ္စည်းဥစ္စာတွေကို အမွေခံရသူ ဖြစ်ပါလျက် အလိမ္မာ ပညာကင်းမဲ့သဖြင့် မိမိစည်းစိမ်တည်မြဲရေးကို စိတ်ဝင်စားမှုမရှိဘဲ အရမ်းမဲ့ ဖြုန်းတီးခြင်းကြောင့်နောက်ဆုံး၌ အိုးအိမ်ပစ္စည်းမဲ့လူတန်းစားဘဝသို့ ရောက်၍ မည်သူ့ကိုမှမရှက်နိုင်တော့ဘဲ ခွက်ကိုင် တောင်းရမ်း စားသောက်ရသောအထည်ကြီးပျက် မဟာဓနသေဋ္ဌေးသား၏ ဇာတ်လမ်းကပင် ဤအရာ၌ ခိုင်လုံစွာ သက်သေပြလေပြီ။

ထို့ကြောင့်လက်ရှိဖြစ်သော စည်းစိမ်တည်မြဲတိုးတက်ရေးမှာလည်း အလိမ္မာပညာလုံလောက်မှုကသာလျှင် ရာခိုင်နှုန်းအပြည့်အချုပ်အခြာ သဖွယ်ဖြစ်နေသည်ဟုဆိုလျှင် မမှားနိုင်ဟုရဲရဲကြီးတာဝန်ခံဘို့ရန်လည်း အသင့်ပင်တည်း။

**လိုရင်းမှတ်ဖွယ်**　ဤဆိုအပ်ခဲ့ ပြီးသော စကား အရပ်ရပ်ကို ထောက် ထား ခြင်း အားဖြင့် အလိမ္မာ ပညာက အရေးကြီး၏ ဟူသော သင်ခန်းစာ တခုကို လူတိုင်း ပင် ရပြီဆိုကြပါစို့၊ ထိုသို့ဖြစ်လျှင် မိမိတို့ရရှိသော သင်ခန်းစာ အရ လူတိုင်း အလိမ္မာ ပညာရှိသူချည်း ဖြစ်မြောက်အောင် ဘာလုပ်မလဲ ဟူသော မေးခွန်းတမျိုးလည်း ပေါ်ပေါက် လာရ တော့မည်။ သို့သော် ထိုမေးခွန်းကား ခက်ခဲသော ပြဿနာ တရပ် မဟုတ်ပါ။ လူတိုင်း အလိမ္မာ ပညာ ရှိသူတွေချည်းဖြစ် အောင် လူတိုင်းပင် စာသင် ရမည် စာတတ်ရမည်၊ **အလိမ္မာ စာမှာရှိသည်** ဟူသော စကားအရ လိုက်စားသော စာပေက အလိမ္မာကို တိုးတက် စေသည်ဟု ဖြေရှင်းခြင်း အားဖြင့် လုံ လောက်ပြီးဖြစ်ပါသည်။

ဤမျှဖြင့် အဖြေ လုံ လောက် ပြီ ဟု ဆိုထိုက်၏။ သို့သော် ထိုကဲ့သို့ အဖြေ ထုတ်ပြချက်အရ လူတိုင်း ပညာတတ် စာတတ် တွေချည်း ဖြစ် ဘို့ ရန် ကား မလွယ် လှပါ။ အ ဘယ် ကြောင့်

ဆိုသော် အသိဉာဏ် ခေါင်းပါးသော ပညာမဲ့ လူတန်းစား ဘ၀မှ အသိဉာဏ် တိုးတက်သော ပညာတတ် လူရည်ချွန် ဘ၀သို့ မြှင့်တင်ပေးရာ၀ယ် တိုင်းပြည်၌ တကယ်လိုအပ်သော ပညာရေး စီမံကိန်းများရှိရခြင်း၊ ဘဏ္ဍာတော်ငွေ ရက်ရောစွာ သုံး၍ မသင်မနေရ ဥပဒေဖြင့် ရေးဆွဲယားသော စီမံကိန်းများ ကိုလည်း အကောင် အထည် ဖော်ပြပေးရခြင်း၊ ပညာရေး စီမံ ကိန်းများကို အကောင်အထည်ဖော်ရာ၌ ဆရာ,ဆရာမများနှင့် ကျောင်းသား, ကျောင်းသူ၏ မိဘဖြစ်သူတို့ကလည်း သန့်ရှင်း သော စေတနာဖြင့် အကူအညီ ပေးရခြင်း စသော ကျယ်၀န်း နက်နဲသော ပညာရေး ပြဿနာ ဖြေရှင်းရေးများ ပါ၀င်ဆက် စပ်လျက် ရှိသောကြောင့်ပင် ဖြစ်ပါသည်။

သို့သော် ဤကျယ်၀န်းနက်နဲသော ပညာရေးပြဿနာများ ဖြေရှင်းနိုင်သည်ဖြစ်စေ၊ မဖြေရှင်း နိုင်သည် ဖြေစေ၊ လူတဦး တယောက် အတွက် ပခက်တွင်းမှ ဆင်းရသည့် အချိန်က စ၍ ပထမရှေးဦး စဉ်းစားရသော အချက်မှာ ပညာသင်ယူ ဆည်း ပူးရေးပင်ဖြစ်ရကား ငယ်သူဖြစ်စေ၊ ကြီးသူဖြစ်စေ ဤဗာဟုသစ္စ မင်္ဂလာ တရားတော်အရ အရွယ်အလိုက် ထိုက်တန်ရာ ပညာ ဗဟုသုတ အရပ်ရပ်ကိုမူ သင်ယူဆည်းပူးရမည် ဖြစ်လေသည်။

## အလိမ္မာ ပညာ ကို ဆည်းပူးပါ

**သဗ္ဗံသုတ မဓိယေယျ၊ ဟီန မုက္ကဋ္ဌ မဇ္ဈိမံ။**
**(ဇာတ်ပါဠိတော်)**

စာပေ ပညာ အလိမ္မာ ဗဟုသုတမျိုး မှန်က ယုတ်သည် ဖြစ်စေ၊မြတ်သည်ဖြစ်စေ၊အလတ်စားပင်ဖြစ်စေ ဘယ်အရာမဆို အလုံးစုံ သင်ယူရမည်၊ သင်ယူပါဟု ဗုဒ္ဓရှင်တော်မြတ်ကလည်း ညွှန်ပြလေပြီ။ ထို့ပြင်—

"သင်ယူအားကြိုး, သုတတိုး၏, ပြည့်ဖြိုးသုတ,
ရှိတုံကမူ,ပွါးထစ်နွှာ,ထိုပညာဖြင့်,ဘာဝနာဥာဏ်,
အသိသန်၍, နိဗ္ဗာန်တိုင်အောင်, ချမ်းသာဆောင်၏"

ဟူသော ဆန္ဒထေရ ဂါထာ ပါဠိတော်အရ ဖေါ်ပြအပ်ပြီး ဖြစ်သော ပျိုလင်္ကာ ကဗျာ သည်လည်း ပညာ ဆည်းပူးရေး အတွက် အားတက်ဖွယ်ပင်တည်း။

သို့ဖြစ်ရာ—

၁။ ဝဲဘက်ကသာမြင်၍ ယာဘက်က မမြင်သူ။
၂။ ယာဘက်ကသာမြင်၍ ဝဲဘက်က မမြင်သူ။
၃။ ဝဲယာ ၂ ဘက်လုံး မြင်သူ။
၄။ ဝဲယာ ၂ ဘက်လုံး မမြင်သူ။

ဤသို့လျှင် ဘုရားဟော ပုဂ္ဂိုလ် ၄ မျိုး ရှိသည် အနက်၊ လောကီ လောကုတ္တရာ ဝဲယာ ၂ ဘက်လုံး အမြင် သန်သူ ဖြစ်ပါမှ သာလျှင် ယခု မျက်မှောက်ဌ်ငင်း၊ နောင် သံသရာ၌ ငင်း ရသင့် ရထိုက်သော အကျိုး ကျေးဇူး တို့ကိုလည်း ခံစံ ရမည်ဖြစ်၍ ဤဗာဟုဿစ္စ မင်္ဂလာ တရားတော် အရ လောကီ လောကုတ္တရာ အလိမ္မာ ပညာ ကို ဆည်းပူး ပါဟု ညွှန်ပြ နှိုးဆော်လိုပါကြောင်း။

ဆောင်ပုဒ်....

၁။ လောကီ လောကုတ္တရာ၊ အလိမ္မာ၊ ပညာဆည်းပူးလေ။
၂။ ပညာသုတ၊ မရှိက၊ ဂုဏ်မှ ကင်းဆိတ်ချေ။
၃။ ပညာတတ်မြောက်၊ လူတယောက်၊ ပြောလောက် ထိန်ထိန်ဝေ။
၄။ မျက်မှောက် တမလွန်၊ ဂုဏ်ရည်ချွန်၊ ကဲလွန်ကြီးပွါးပေ။

ညွှန်ပြနှိုးဆော်ခန်း ပြီး၏။

## အခန်း ဂ

# သုသိက္ခိတ သိပ္ပ မင်္ဂလာ

**သိပ္ပဉ္စသုသိက္ခိတံ** တတ်သင့် တတ်ထိုက်သော အတတ်ပညာကို သင်ယူ လေ့လာရခြင်းသည်လည်း မင်္ဂလာတပါး ဖြစ်သည်။

ဤ ဂ နံပါတ် မင်္ဂလာကိုပင် "သုသိက္ခိတ သိပ္ပ မင်္ဂလာ" ဟုခေါ်ဆိုရသည်။

(သုသိက္ခိတ၊ ကောင်းစွာ သင်ယူ လေ့လာ ထားသော။ သိပ္ပ၊ အတတ်ပညာ။ မင်္ဂလာ၊ ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု။)

---

## အတတ် ပြဿနာ ဖြေရှင်းခန်း

**၁ဂ ရပ်သော အတတ်** ဤသုသိက္ခိတသိပ္ပ မင်္ဂလာ တရားတော်အရ သင်ယူ တတ်မြောက် အပ်သော အတတ်တို့ကို ရှေးဦးစွာ ရှင်းပြရန် လိုပေသည်။ ထိုသင်ယူ တတ်မြောက် အပ်သော အတတ်တို့မှာ ကျယ်ဝန်းများပြားလှ၏။ သို့ရာတွင် ဇာတ နိပါတ်, ဒုမ္မေဓဇာတ်ဋီကာ, မိလိန္ဒပညာ, လောကနီတိကျမ်း စသည်တို့၌ကား "အဋ္ဌာရသ သိပ္ပ"ဟူသော ခေါင်းစဉ်ဖြင့် အတတ် ၁ဂ မျိုး ရှိသည်ဟု ညွှန်ပြကြလေသည်။ ထိုညွှန်ပြချက် အရ တမျိုးစီ သရုပ်ထုတ်ပြရလျှင်—

၁။ အကြား အမြင် အတတ်။

၂။ ရာဇသတ် ဓမ္မသတ်အတတ် (ယခုခေတ်သုံး ဥပဒေသ ပညာရပ်များနှင့် မနုကျယ် မနုကျဲဉ်းဝါလီရှုံးစသော ရှေးသုံး ဓမ္မသတ် များလည်းပါဝင်သည်)။

၃။ သင်္ချာ အတတ် (အက္ခရာ သင်္ချာ အတတ် စသော ခေတ်ပညာ များလည်း ပါဝင်သည်)။

၄။ လက်မှုပညာအတတ် (ဗိသုကာ လက်သမားအတတ်၊ ပန်းဘဲ, ပန်းရံ, ပန်းပု, ပန်းချီ, ပန်းတိမ် အတတ် စသည်)။

၅။ နီတိကျမ်းအတတ် (လူတို့ကို အဆုံး အမ ပေးသော လောကနီတိ, စာဏကျနီတိ,ရာဇနီတိကျမ်းစသည်)။

၆။ လောကီကိန်းခန်းအတတ် (ယာယီဆင်နည်းယာတြာ ဆင်နည်း, ဓာတ်ရိုက်နည်း, စသည်ကို ညွှန်ပြသော ဝေဒကျမ်းများ ဖြစ်သည်)။

၇။ ကဗျာလင်္ကာအတတ် (လူမျိုးအလိုက် ကဗျာဖွဲ့နည်း စီကုံးနည်း နှင့် တကွ သီဆိုတီးမှုတ်ခြင်း အမျိုးမျိုးကို ဆိုလိုသည်)။

၈။ လက်ဆစ်ချိုး ရေတွက်ခြင်းအတတ်။

၉။ လေးစသော လက်နက်တို့ကိုထိုးဟန်,ခုတ်ဟန်နှင့်တကွ ပြသောအတတ် (သေနင်္ဂဗျူဟာစစ်ဆင်နည်းအတတ် မျိုး၊ သိုင်းအတတ်မျိုးစသည်လည်း ပါဝင်သည်)။

၁၀။ ပုရာဏ်ကျမ်း အတတ် (ရှေးဟောင်း အကြောင်း အရာကို ပြဆိုသော ဝတ္ထု,ပုံပြင်, ရာဇဝင် စသည်ကို ပြောဆိုနိုင်သော ရာဇဝင်ကထိက စသည် တို့၏ ပြော ဟောမှု အတတ်မျိုးတည်း)။

၁၁။ ဆေးကျမ်း အတတ် (နောက်ခေတ်ဆေးကောလိပ်မှ သင်ပေးသော ဆရာဝန် အတတ် ပညာ များလည်း ပါဝင်သည်)။

၁၂။ ဟာသပညာအတတ် (ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော သဘင်ပညာ တမျိုးဖြစ်သည်)။
၁၃။ ဗေဒင်ကျမ်း အတတ် (ကောင်းကျိုး မကောင်းကျိုးကို တင်ကြိုညွှန်ပြနိုင်သော ဗေဒင်ဆရာ၊ နက္ခတ်ဆရာတို့၏ အတတ်မျိုး ဖြစ်သည်)။
၁၄။ ပဉ္စလက်အတတ် (မျက်လှည့်ပညာကိုဆိုလိုသည်)။
၁၅။ ဆန်းကျမ်းအတတ် (လောကီကျမ်း၌ သက်ဝင်သော ပိင်္ဂလစသော ရှေးဟောင်း ရသေ့များ ပြုစုအပ်သော ကျမ်းတမျိုး ဖြစ်သည်)။
၁၆။ သံတမန် အတတ် (တပြည်နှင့် တပြည် ဆက်ဆံပုံကို ညွှန်ပြသော နိုင်ငံရေး အတတ်မျိုး ဟူ၍လည်း ဆိုနိုင်ပါသည်။)
၁၇။ ဂါထာမန္တရားအတတ် (တဦးတယောက်၏ အနိဋ္ဌဝေဒနာကိုပပျောက်စေရန် ဥုံဖွ စသည်ဖြင့် မန်းမှုတ်ပေးနိုင်သောအတတ်မျိုးဖြစ်သည်။ ဥုံပါလျှင်ဂါထာ, ဩြောင်းပါလျှင် မန္တရားဟု အဆိုရှိသဖြင့် ဂါထာနှင့် မန္တရားတို့၏ ကွဲပြားပုံကိုလည်း ခွဲခြားသိရမည်။)
၁၈။ သဒ္ဒါဗျာကရဏ်းကျမ်းအတတ် (စကားတမျိုး, ဘာသာတမျိုး၏ စည်းမျဉ်း ဥပဒေကို ဖော်ပြသော ပါဠိသဒ္ဒါကျမ်း, သက္ကဋ သဒ္ဒါကျမ်း များနှင့် အင်္ဂလိပ်ဂရမ်မာ (GRAMMER) သဒ္ဒါကျမ်းများစသည်ဖြစ်၏။)

ဤ ၁၈ ရပ်သောအတတ်ပညာများပင်ဖြစ်လေသည်။ ထိုအဋ္ဌာရသသိပ္ပအရကိုပင်အခြားကျမ်းဂန်တို့၌တမျိုးညွှန်ပြသေး၏၊သို့သော်လည်း သဘောအားဖြင့်ခြားနားခြင်းမရှိပါ။ အဓိပ္ပါယ်ခြင်းတူသည်သာတည်း။

**အကျဉ်းချုပ် ၂ မျိုး**　ဤဖော်ပြအပ်ခဲ့သော အတတ် ၁၈ မျိုးတို့သည် ဗာဟုဿစ္စ မင်္ဂလာ တုန်းက ညွှန်ပြခဲ့သော (၁) အလိမ္မာပညာ၊ (၂) အတတ်ပညာ ၂ မျိုးတို့တွင် များသော အားဖြင့် အတတ်ပညာ၌သာ ပါဝင်ကြလေသည်။ ထိုအတတ်ပညာတို့သည် သရုပ် အားဖြင့် ၁၈ ပါး ဖြစ်သော်လည်း သဘောတူရာ ပေါင်းစပ်၍ အကျဉ်း အားဖြင့် ချုပ်ပြခဲ့လျှင်ကား—

၁။ **နှုတ်မှုပညာ** (အကြား အမြင် အတတ် ရာဇသတ် ဓမ္မသတ်အတတ်၊ နီတိကျမ်းအတတ်စသည်တို့တည်း)။

၂။ **လက်မှုပညာ** (လက်မှု ပညာ အတတ်၊ လက်ဆစ်ချိုး ရေတွက်ခြင်းအတတ်၊ သေနင်္ဂဗျူဟာ အတတ် စသည်တို့တည်း)ဟု ၂ မျိုးဖြစ်သည်ဟု မှတ်ပါ။

ထို ၂ မျိုးတို့တွင် လက်မှုပညာကလည်း (၁) လူတို့ တတ်ရမည့် လက်မှုပညာ၊ (၂) ရဟန်းတို့ တတ်ရမည့်လက်မှုပညာဟု ၂ မျိုးရှိပြန်ရာ ပန်းဘဲ၊ ပန်းရံ၊ ပန်းပု၊ ပန်းချီ စသည်တို့သည် လူတို့ တတ်ရမည့် လက်မှု ပညာများဖြစ်၍၊ သပိတ် ဖုတ်ခြင်း၊ သင်္ကန်းဆိုးခြင်း၊ သင်္ကန်းချုပ်ခြင်း စသည်တို့ကား ရဟန်းတို့ တတ်ရမည့် လက်မှုပညာမျိုးဖြစ်ပြန်၏။

**တနည်း ၃ မျိုး**　အဋ္ဌာရသသိပ္ပဟု ဆိုအပ်သော အတတ်တို့ကို ပင် ရှေးခေတ်ဟောင်းက တက္ကသိုလ်ကျောင်းတိုက်ကြီးများ၌ ဒိသာပါမောက္ခ ဆရာကြီး တို့က ထိုခေတ်ရှိ တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သား တို့အား ကျောင်းသုံးပညာရပ်များအနေဖြင့် သင်ပြပေးကြ၏။ သို့ရာတွင် ယခုခေတ်သည်ကား အဋ္ဌာရသသိပ္ပခေတ်မဟုတ်ဇေတာ့ပြီဖြစ်ရာ

ကမ္ဘာပေါ်၌လည်း ထို ၁၈ ရပ်သော အတတ်တို့ အစား လောကဓာတ် စက်မှု အတတ်ပညာများ သည်သာလျှင် သင်ယူအပ်သော ပညာတရပ်အနေဖြင့် ခေတ်စားနေလေပြီ။

ထို့ကြောင့် လောကဓာတ်ပညာအရ ဖြစ်ပေါ်လာသော ထိုစက်မှု ပညာတရပ်ကို မူလ ၂ မျိုးထဲ၌ ထပ်ဆင့် ရေတွက်ခဲ့လျှင်—

၁။ နှုတ်မှုပညာ၊
၂။ လက်မှုပညာ၊
၃။ စက်မှုပညာ

ဟူ၍ အတတ်ပညာ ၃ မျိုး ဖြစ်လာပြန်ပါသည်။ သို့ဖြစ်ရာ ဤ သုသိက္ခိတသိပ္ပမင်္ဂလာတရားတော်အရ နောက်ဆုံးသင်ယူရမည့် အတတ်ပညာရပ်များလည်း ဤ ၃ မျိုး ဖြစ်သည်ဟု မှတ်ပါ။

**တနည်း ၂ မျိုးခွဲ** ထို အတတ်ပညာ ၃ မျိုးကိုပင် ယခုခေတ်၌ သင်ယူလိုက်စားအပ်သော ပညာရေးအခြေခံမှုအရ တနည်းရေတွက် ဖော်ပြရလျှင်လည်း—

၁။ **ဒီဂရီပညာ** (မိမိ ဘွဲ့ထူးဂုဏ်အလိုက် တရားဝန်ကြီး, ဝတ်လုံ, ရှေ့နေချုပ်, အရေးပိုင်, ဝန်ထောက် စသော ရာထူးရှိရာသို့ ပို့ဆောင်သော ပညာမျိုး။)
၂။ **အသက်မွေးဝမ်းကျောင်းပညာ** (လူတိုင်း အသက်မွေးမှု ချောင်ချိရေး စခန်းဆီသို့ ဆိုက်ရောက်နိုင်သော လုပ်ငန်းပညာမျိုး)

ဟူ၍ ၂ မျိုး ဖြစ်နိုင်ပြန်လေသည်။ (ဖော်ပြအပ်ပြီး ဖြစ်သော ပညာရပ် ၃ မျိုးတို့အနက် (၁) နှုတ်မှုပညာကို ဒီဂရီပညာ၊

(၂) လက်မှုပညာ နှင့် (၃) စက်မှုပညာ တို့ကို အသက်မွေး ဝမ်းကျောင်းပညာဟု မှတ်ပါ။)

**စက်မှုပညာခေတ်** ဤမြန်မာပြည်၌ မလွတ်လပ် သေးမီ ခေတ် အခါက အုပ်ချုပ်သူ အင်္ဂလိပ် အစိုးရတို့၏ လမ်းခင်း ပေးချက်အရ ငွေကြေး အကုန်အကျခံ၍ အင်္ဂလိပ် စာသင်သူတိုင်းပင် များသော အားဖြင့် လခကြီးစား ရာထူး ရမှုကို ရည်ရွယ်လျက် ဒီဂရီပညာကိုသာ အားကျမက်မောကြ လေသည်။သို့အတွက်အသက်မွေးဝမ်းကျောင်း(စက်မှုလက်မှု) ပညာမှာကားကောလိပ်မတက်နိုင်သူပစ္စည်းမဲ့ဆယ်တန်းသမား ကလေးများအဖို့လောက်မျှသာ ဖြစ်၍ အလွန်ပင် မျက်နှာ ငယ်ခဲ့၏။ မျက်နှာငယ်သော ပညာဖြစ်၍လည်း ထို ၁၀ တန်း သမား အင်္ဂလိပ်စာဘတ်တို့ကပင် မသင်လိုကြ၊ ဤနည်းအား ဖြင့်ပင် အသက်မွေးဝမ်းကျောင်း ပညာများသည် ဒီဂရီပညာ လောင်းရိပ်အောက်၌ အညွန့်မထွက်ဘဲရှိခဲ့ရပြန်လေသည်။

ထို့ပြင်လည်း ခေတ်ဟောင်း အခါက ဘီ-အေ ပညာတတ် တယောက် ဝန်ထောက်မြို့အုပ် ဖြစ်ရလျှင် သူနှင့်အဖက်တန်သူ မရှိသလောက် ခြေဖျားထောက် သွေးကြီး ရမည်မှာ ခေတ်၏ ဓမ္မတာကဲ့သို့အစဉ်အလာတရပ်ဖြစ်ခဲ့ရပြန်၏။မလွတ်လပ်သော အချိန်ဖြစ်၍ အပြစ်ဆိုဘွယ်မရှိဟုထင်ပါသည်။ ဤမျှအထိ ဒီဂရီ ပညာတန်ခိုးကြီးခဲ့သည်မှာလည်း မျက်မြင်ပင်တည်း။

သို့သော် မည်မျှပင် ဒီဂရီပညာက တန်ခိုးကြီးခဲ့သော်လည်း ထိုဒီဂရီ ပညာကိုမူကား လူတိုင်းမသင်ယူနိုင်ခြင်း, ငွေနှင့်စက်၍ သင်ယူခဲ့ရသော ဒီဂရီပညာတတ် တယောက်က တန်ဘိုးမရှိ သော လူသုံးပစ္စည်းတခုကိုမျှ မလုပ်တတ်ခြင်း, သူတတ်မြောက်

သော ဒိဂရီပညာကလည်း သူ့ဆိုင်ရာပုဂ္ဂလိကကောင်းစားရေး မျှသာ ဖြစ်၍ တပြည်လုံးကောင်းစားရေး မဖြစ်နိုင်ခြင်း စသော အကြောင်း အရပ်ရပ်တို့ကြောင့် လွတ်လပ်ပြီးဖြစ်သော ဤ အချိန်၌ကား ဒိဂရီပညာထက် အသက်မွေးဝမ်းကျောင်းပညာ ကိုသာ ပိုမို အားကျရမည် ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ယခုအချိန်သည် အသက်မွေးဝမ်းကျောင်းပညာအရ ကမ္ဘာက စက်မှုပညာကိုသာ မျက်စေ့ကျနေသော ခေတ်ဖြစ်သောကြောင့် ပင်တည်း။

**အပြစ်ကင်းမှမင်္ဂလာ** ဤလောကကြီး၌ လူတယောက်အနေဖြင့် လူ့အဆင့်အတန်း မှီလိုသူမှန်က မည်သူ မဆို ဤသုသိက္ခိတသိပ္ပ မင်္ဂလာ တရားတော် အရ "**အသက် မွေးမှုတခုပညာကိုယ်စီပါ**"ဟူသော စကားအတိုင်း အသက် မွေးဝမ်းကျောင်းပညာ တခုခုကိုမူကား သင်ယူရတော့မည်မှာ သေချာပါသည်။ သို့ရာတွင် မင်္ဂလာဟူသည်မှာ ကုသိုလ်တရား ပွားများမှုပင်ဖြစ်၍ သင်ယူအပ်သောပညာကအပြစ်ကင်းသော အတတ်မျိုးဖြစ်မှသာလျှင် သင်ယူလိုက်စားသူ၌ မင်္ဂလာဖြစ်နိုင် သည်ကိုလည်း သတိပြုပါ။

သို့ဖြစ်ရာ အပြစ်ကင်း မှသာလျှင် မင်္ဂလာ ဖြစ်နိုင်သဖြင့် အပြစ်ကင်းသော လက်မှုပညာစက်မှုပညာမျိုးလည်းဖြစ်ပါစေ၊ အကယ်၍ အပြစ် မကင်းသော စက်မှု ပညာမျိုး ဖြစ်သည် တိုင်အောင် သူတပါးနစ်နာမှုကို ရှေ့မထားဘဲ တိုင်းပြည်လူမျိုး နှင့် ဘာသာ သာသနာ တည်မြဲမှုကိုသာ ရှေ့ရှုလျက် သင်ယူ နိုင်ပါမူကား သင်ယူသူ၏ မူလ ရည်ရွယ်ချက်က စေတနာ သန့် ရှင်းသည့် အတွက် မင်္ဂလာပျက်ဖွယ် မရှိပါ။ ဘာပညာမဆို သင်ကြား သူ၏ မူလ ရည်ရွယ်ချက် လမ်းမှန် ဖြစ်ရန်လည်း

အရေးကြီးလှပြန်၏။ အကယ်၍ မူလ ရည်ရွယ်ချက်က မသန့်ရှင်းခဲ့လျှင်ကား အမြင့်မြတ်ဆုံးဖြစ်သော ဘုရားဟော ပိဋကတ်တွေကို သင်ယူနေသော ရဟန်းတော်များပင် ဖြစ်စေ ကာမူ အလ ဂဒ္ဒူပမာ သဘောမျိုးသက်ရောက်၍ မင်္ဂလာ ပျက်ရမည်သာတည်း။ ။(မြွေဖမ်း မတတ်သော အလမ္ပါယ် ဆရာကို အဖမ်းခံရသောမြွေက ပြန်ကိုက်သလို ရည်ရွယ်ချက်မကောင်းဘဲလျက် ပိဋကတ်တွေကို သင်ယူနေသူကိုလည်း သင်အပ်သော ပိဋကတ်တွေက ပြန်ပြီး ရန်ရှာနိုင်သည်ဟု ဥပမာ ပေးခြင်းသည်ပင် အလ ဂဒ္ဒူပမာဖြစ်၏။)

ထို့ကြောင့် ဤသုသိက္ခိတသိပ္ပ မင်္ဂလာ တရားတော် အရ တတ်နိုင်သလောက် အပြစ်ကင်းသော စက်မှု လက်မှု ပညာမျိုးလည်း ဖြစ်ပါစေ, သင်ယူဆည်းပူးရာ၌ မူလ ရည်ရွယ်ချက် စေတနာ ကလည်း သန့်ရှင်းပါစေ ဟု လေးနက်စွာ သတိပေးပါ၏။

အတတ်ပြသနာ ဖြေရှင်းခန်းပြီး၏။

---

## အတတ်တန်ဘိုးပေါ်ပြခန်း

လူမနိုးသည့်ဥစ္စာ (၁) ဇင်္ဂမ ဥစ္စာ၊ (၂) ထာဝရ ဥစ္စာ၊ (၃) အင်္ဂသမ ဥစ္စာ၊ (၄) အနုဂါမိက ဥစ္စာ ဟု ဆိုအပ်သော ဘုရားဟော ဥစ္စာ ၄ မျိုး ရှိရာတွင် ၃ အမှတ်ဖြင့် ညွှန်ပြအပ်သော အင်္ဂသမဥစ္စာ ဟူသည်ကား အခြားမဟုတ်ပေ။ ဤသုသိက္ခိတ သိပ္ပမင်္ဂလာ တရားတော်အရ သင်ယူ တတ်မြောက်အပ်သော အတတ်ပညာမျိုးပင် ဖြစ်လေ

သည်။ အသက်မွေး ဝမ်းကျောင်း အထောက်အပံ့ ရနိုင်သော အတတ်မျိုးမှန်က မည်သည့် အတတ်ပညာ မျိုးကိုပင် ဖြစ်စေ မိမိခြေလက်အင်္ဂါနှင့် တူသောကြောင့် အင်္ဂသမဥစ္စာဟု ခေါ်ရ၏။ အဘယ်ကြောင့်ဆိုသော် (၁) ရွှေငွေ အသုံးအဆောင် စသော ဇင်္ဂမဥစ္စာ၊ (၂) လယ်ယာကိုင်းကျွန်းစသော ထာဝရ ဥစ္စာတို့သည် ရန်သူမျိုးငါးပါး တို့နှင့် ဆက်ဆန်သော ဥစ္စာမျိုး ဖြစ်ကြ၍ မိမိတို့တသက်တွင်ပင် စိတ်မချရသော်လည်း ကိုယ်ပိုင် အတတ်ပညာ ဟူသော ဤအင်္ဂသမဥစ္စာ သည်ကား ခိုင်မြဲမှု အတွက် တသက်လုံးစိတ်ချရသော အတွင်းပစ္စည်းမျိုးဖြစ်သော ကြောင့်ပင်ဖြစ်လေသည်။

ထို့ကြောင့် **ပညာရွှေအိုး လူမခိုး** ဟူသော ပြောထုံးနှင့် အညီ ကိုယ်ပိုင်အတွင်း ပစ္စည်းမျိုး ဖြစ်သော ထိုအတတ်ပညာ ကိုပင် သူခိုးဒါးပြမလုရက်နိုင်သော ပစ္စည်းဥစ္စာမျိုးဟု မှတ်ပါ။

**အတတ်ပညာရင်းနှီးရေး** ထို့ပြင် ကိုယ်ပိုင် အတတ်ပညာဖြစ်သော အင်္ဂသမ ဥစ္စာမျိုးဖြင့် ရင်းနှီး ရှာဖွေမှသာလျှင်(က) ရွှေငွေစသော ဇင်္ဂမဥစ္စာ၊ (ခ) လယ်ယာ ကိုင်းကျွန်း စသော ထာဝရဥစ္စာ၊ (ဂ) နိဗ္ဗာန်ရသည် တိုင်အောင် မိမိနောက်သို့ အစဉ်လိုက်ပါသော ဒါနမှု, သီလမှု စသည့် အနုဂါမိက ဥစ္စာတို့ကိုလည်း များသော အားဖြင့် ရနိုင်သည်ဖြစ်ရကား မည်သူမဆို ဤအတတ်ပညာကို သိတတ်သည့် အချိန်ကစ၍ မိမိတို့၏ အသိဉာဏ်၌ အမြစ် တွယ်အောင် မျိုးစေ့ချကြရ၏။

အကယ်၍ ကိုယ်ပိုင် အတတ် ပညာ ကင်းမဲ့သူ တဦး တယောက်က ဘိုးဘွားမိဘ အမွေအနှစ်တွေကို ဆက်ခံရသော

ကြောင့်သော်၎င်း, အခြား တနည်းနည်းကြောင့် သော်၎င်း, **မရှယ်ဘဲနှင့် စော်ကဲမင်းဖြစ်** ဆိုသကဲ့သို့ အလို အလျောက် သဌေးဖြစ်နေသည်ဟု ဆိုအံ့။ ထို ကံကောင်း ထောက်မ၍ သဌေး ဖြစ်ရသူသည် လက်ရှိပစ္စည်းများ သုံးစွဲစားသောက်၍ မကုန်မီ အခိုက်အတန့်၌သာ ရွှေရေစိမ်မိုးကြိုး ကဲ့သို့ ပြိုးပြိုး ပြက်ပြက် အရောင်ထွက်နေသည်ဟု ဆိုရသော်လည်း သုံးစွဲ စားသောက်၍ ပစ္စည်းလက်မဲ့ဖြစ်ရသည့်အခါ၌ကား‌နောက်ထပ် ထိုပစ္စည်းမျိုးရရန် ကိုယ်ပိုင်ဉာဏ် အတတ်ပညာ ကလည်းမရှိ သဖြင့် အစစအရာရာ လောကမှာ ဂုဏ်ကင်းလျက် ဒုံရင်းသို့သာ ပြန်လည်လျောကျရမည်မှာ မလွဲပေ။

ထို့ကြောင့် အတတ်ပညာအရင်းအနှီးမရှိက ကံပေးသော ဥစ္စာသည်လည်း ကံ,တသက်မျှသာ တည်တန့်မည်ဖြစ်၍ မည်သူမဆို အတတ်ပညာ အရင်းအနှီးကိုကား ထူထောင် ရမည်သာတည်း။

**အတတ်ပညာမှ ဥစ္စာဖြစ်ရခြင်း**

ကိုယ်ပိုင် အတတ်ပညာမျိုး ရှိနေသူတို့မှာကား ရှာဖွေစုဆောင်းထားသည့် ပစ္စည်းဥစ္စာများ ရန်သူမျိုးငါးပါး နှိပ်စက်၍ ပျက်စီးကုန်ဆုံး ရသည်တိုင်အောင် ငါသည် ပစ္စည်းမဲ့ လူမွဲ ဖြစ်လေပြီဟု နောင်ရေးကိုတွေး၍ မစိုးရိမ်သင့်။ အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်တိုင်ကပင် ထိုပစ္စည်း ဥစ္စာမျိုးတွေကို နောက်ထပ်ဆယ်ပြန်မက ရင်းနှီးထူထောင်နိုင်သည့် အတတ်ပညာမျိုး ရှိနေသူ ဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့် ဤလောက၌ အတတ်ပညာ၏ တန်ဘိုးသည် မရိုးနိုင်ပဲ ရှိသည်ဟု နားလည်မှသာလျှင် လူတိုင်းပင် အတတ်

ပညာကို မိမိတို့၏ ထူးမြတ်သော အမွေအနှစ်ကဲ့သို့ ချစ်ခင်မြတ်နိုးကြမည် ဖြစ်လေ၏။

အချုပ်အားဖြင့် ဖေါ်ပြရလျှင် ယခုလူတို့၏ ကိုယ်ပိုင်သူပိုင် ပစ္စည်းဥစ္စာ ဟူသမျှတို့သည် မြောက်ကျွန်း၌ကဲ့သို့ ကျွန်းဥုးပဒေသာပင်မှ ဆွတ်ယူရသော ပစ္စည်းမျိုးလည်း မဟုတ်ပေ။ နတ်ပြည်၌ကဲ့သို့ အချိန်ကျလျှင် အလိုအလျောက်ခူးပြီး နပ်ပြီးဖြစ်နေသော ပစ္စည်းမျိုးလည်းမဟုတ်ပေ၊ မည်သူမဆို ကိုယ်ပိုင်အတတ်ပညာဖြင့် ရှာဖွေရင်းနှီးယူအပ်သည့် ပစ္စည်းဥစ္စာမျိုးသာဖြစ်လေသည်။

ဤအရာ၌ နှုတ်မှုအတတ် တတ်မြောက်သူက နှုတ်မှုပညာဖြင့် ရင်းနှီး၍ ပစ္စည်းရှာဖွေရပုံ,လက်မှုအတတ် တတ်မြောက်သူက လက်မှုပညာဖြင့် ရင်းနှီး၍ ပစ္စည်းရှာဖွေရပုံ,စက်မှုအတတ် တတ်မြောက်သူကလည်း စက်မှုပညာဖြင့် ရင်းနှီး၍ ပစ္စည်းရှာဖွေရပုံ စသည်တို့ကား မျက်မြင်ထင်ရှားသော သက်သေတို့ ပင်တည်း။

အတတ်တန်ဘိုး ဖေါ်ပြခန်းပြီး၏။

---

## အလိမ္မာအုပ်ထိန်းရေး ဖေါ်ပြခန်း

**လိမ္မာသူမှသာ တတ်ကျိုးရှိနိုင်ခြင်း**

ဆိုအပ်ခဲ့ ပြီးသော စကားရပ် တို့ကို ထောက်ထားသောအားဖြင့် ဤသုသိက္ခိတ သိပ္ပ မင်္ဂလာတရားတော်အရ သင်ယူတတ်မြောက်သော အတတ်ပညာ၏ တန်ဘိုးသည် လူတို့၏ အသက်မွေးမှု၌ အထောက်အပံ့ပြုနိုင်သော အရည်အချင်းတခု ဖြစ်သည်ဟု လူတိုင်း နားလည်ကြပေလိမ့်မည်။သို့သော် စက်မှု

လက်မှု စသော အတတ်ပညာတွေ မည်မျှလောက်ပင် တတ်မြောက်နေသော်လည်း အလိမ္မာ ပညာ အုပ်ထိန်းမှု မရှိက **ကိုယ်၏ အတတ် ကိုယ့်ကိုသတ်** ဟူသော စကားနှင့် အညီ ကိုယ်တတ်မြောက်သော အတတ်ပညာကပင် မိမိ၏အကျိုးမဲ့ကို ဖြစ်စေနိုင်သည်ကိုကား လူတိုင်းနားလည်ကြမည် မဟုတ်ပါ။ အမှန်မှာ အတတ်ပညာနှင့် ပြည့်စုံသူတိုင်းပင် အလိမ္မာ ပညာ နှင့် ပြည့်စုံမှသာ မျက်မှောက်လောက၌ရင်း, နောင်သံသရာ၌ ရင်း ရည်မှန်းချက် အကျိုးတရားကို ခံစားရမြဲ ဖြစ်လေသည်။ ထို့ကြောင့် အတတ်ပညာ တတ်မြောက်သူတိုင်းပင် မိမိတို့၏ အတတ်ပညာကို အသုံးပြုရာ၌ အလိမ္မာ ပညာတည်းဟူသော အအုပ်အထိန်း ရှိနေမှုကိုလည်း မမေ့သင့်။

**တိုးတက်မှုမှ ဆုတ်ယုတ်မှုဖြစ်ခြင်း**

သိပ္ပံပညာအရ တိုးတက်သည်ဟု ကမ္ဘာပေါ်၌ အသားယူလျက်ရှိသော အနောက် ဥရောပတိုက်, အမေရိကတိုက် စသည်တို့၌ ယခုခေတ်လူတို့၏ အံ့ဩဘွယ်ဖြစ်သော ရေဒီယို, ဝိုင်ယာလက်, လေယာဉ်ပျံမှစ၍ အဏုမြူခေတ် ဒုံးပျံခေတ်သို့ တိုင်အောင် စက်မှုအတတ်များ အဆင့်ဆင့် ထွန်းကားလာသည်ဖြစ်၍ ထို ဥရောပ, အမေရိက စသော အနောက်တိုင်းသားတို့သည်လည်း သိပ္ပံပညာကိုပင်အမှီပြုလျက် ကမ္ဘာပေါ်၌ အမြင့်ဆုံး အတန်းသို့ ဆိုက်ရောက်နေပြီဟုဆိုလိုက ဆိုနိုင်၏၊ ဆိုလည်းဆိုထိုက်၏။

သို့ရာတွင် တပြည်၏အကျိုးကို တပြည်က လိုလားမှု, ကြင်နာမှု, ချစ်ကြည်မှု, ကိုယ့်လောဘ ကိုယ်သိမ်းဆည်းမှု စသော အစစ်အမှန် အလိမ္မာပညာမျိုး ကင်းမဲ့ကြသဖြင့် မိမိတို့၏ တိုးတက်မှုကပင် နောက်ဆုံး၌ မိမိတို့၏ဆုတ်ယုတ်မှု ဖြစ်ရသည် ကိုကား မည်သူမှ ငြင်းဆံနိုင်မည် မဟုတ်ပေ။

ဤအရာ၌ပထမ ကမ္ဘာ့စစ်အတွင်းက လက်နက်ထူး လက်နက်ဆန်း တို့ဖြင့် အချင်းချင်းတိုက်ခိုက်လျက် ကမ္ဘာချီ၍ ဆုတ်ယုတ်ပျက်စီးခဲ့ရပုံ, ဒုတိယ ကမ္ဘာ့စစ်အတွင်း၌လည်း တကမ္ဘာလုံး အဘက်ဘက်မှ ပျက်စီး အောင် သူတို့၏ တိုးတက်မှုကပင် သူတို့၏ ဆုတ်ယုတ်မှု ဖြစ်နေပုံ, ယခုလည်းသူတို့၏ ဟိုက်ဒရိုဂျင်ဗုန်းနှင့် ဒုံးပျံတည်းဟူသော တိုးတက်မှု ကြောင့်ပင် ကမ္ဘာ့ နောင်ရေးကို တွေးတောလျက် ခဲမှန်ဘူးသော စာသူငယ်ပမာ အရာရာ၌ စိုးရိမ်နေရပုံ စသည်တို့ကား ထင်ရှားသော မျက်မြင်သက်သေတို့ပင်တည်း။

**မိမိအတတ်-မိမိသတ်** ထို့ပြင် ဘုရားဟော ကျမ်းဂန်တို့၌လည်း အလိမ္မာတည်းဟူသော အုပ်ထိန်းမှု မရှိ သူတို့ကား မိမိ တတ်မြောက်သည့် အတတ်ပညာ ကိုပင် အကြောင်းမဲ့ အစွမ်းပြသဖြင့် မိမိအတတ်ကပင် မိမိကို ပြန်လည် သတ်ဖြတ်သကဲ့သို့ ဖြစ်ရပုံ ဥဒါဟရုဏ် ဝတ္ထုသက်သေတို့လည်း မရှားလှချေ။ အထူးအားဖြင့် ဓမ္မပဒ အကဋ္ဌကထာ သဋ္ဌိကုဋ ပေတ ဝတ္ထု၌ ကျောက်စရစ်ပစ် အတတ်ပညာ တတ်မြောက် သူချင်း တူပါလျက် အလိမ္မာ ပညာရှိမှု မရှိမှု ထူးခြားသည့် အ တွက် တဉီးမှာ ရွာစားကြီးဖြစ်၍ တဉီးမှာကား အသေဆိုး သေရပြီးလျှင် နောက်ဆုံး၌ပြိတ္တာကြီးဖြစ်ရပုံ စသည်တို့ဖြစ်၏။

ဤလောက၌လည်း ခေတ်ပညာ တတ်ချင်း တူညီ ပါလျက် အလိမ္မာ ပညာရှိမှု, မရှိမှု ကွာခြားကြ သဖြင့် လိမ္မာသူ ခေတ် ပညာ တတ်က မိမိ၏ တိုးတက်မှု, တိုင်းပြည်၏ တိုးတက်မှုကို မှန်ကန်သော လမ်းစဉ် အရ ဖန်တီး နိုင်မည် ဖြစ်သော်လည်း မလိမ္မာသူ ခေတ် ပညာ တတ်မှာ မူကား သူတတ် သလောက် သူကိုယ်တိုင်နှင့် သူ့ဘေးမှောက်ဖို့သာဖြစ်၏။ မည်သည့်အရာ၌ မဆို အတတ်ချင်း တူလျှင် လိမ္မာသူသာ တိုးတက်ရခြင်း သည် လည်း မှန်ကန်သော သဘာဝတရားကြီးပင် ဖြစ်သည်။ သို့သော်

အလိမ္မာ ပညာ မရှိဘဲ မိုက်ရူးရဲ အားကိုးဖြင့် ဖြစ်စေ၊ အခြား တနည်းနည်းဖြင့် ဖြစ်စေ ရရာနည်းလမ်းဖြင့် စည်းကမ်းမဲ့ ဖြတ်လမ်းမှ ကျော်တက် သွားသူများ ကိုလည်း တခါတခါ၌ တွေ့ရတတ်၏။ အမှန် ပြောရသော် ထိုကဲ့သို့သော သူများသည်ကား သဘာဝတရားကို ဆန့်ကျင်သူများ ဖြစ်၍ သူတို့၏ တိုးတက်မှုသည်လည်း တမွန်းတည့် မျှသာတည်း။

ထိုကြောင့် ဘယ်လို အတတ်မျိုးကိုပင် တတ်မြောက်သည် ဖြစ်စေ မိမိကိုယ်တိုင်က အလိမ္မာ ပညာ ဓာတ်ခံ ရှိနေသူ ဖြစ်မှသာလျှင် တတ်မြောက်သော အတတ်ပညာက အရေးပါအရာ ရောက်မည်ဟု မှတ်ပါ။

## ဗုဒ္ဓမိန့်ခွန်းတော်

**ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ။**

(ကိုယ်ပိုင်ဉာဏ် ကင်းမဲ့သူ လူမိုက်အား သူတတ်သမျှနှုတ်မှု ပညာ လက်မှု ပညာ တို့မှာ သူ နစ်နာ ပျက်စီး ဘို့သာ ဖြစ်ရသည်)ဟု ဗုဒ္ဓ ရှင်တော် မြတ်ကလည်း ဟောတော် မူသည်။ (အကျယ်လိုလျှင် ဓမ္မပဒ အဋ္ဌကထာ သဋ္ဌိကူဋပေတ ဝတ္ထုကို ရှုပါ။)

အလိမ္မာအုပ်ထိန်းရေးဖေါ်ပြခန်းပြီး၏။

## ညွှန်ပြနှိုးဆော်ခန်း

အသက် မွေးမှု၏ အထောက် အပံ့ ဖြစ် သော အ တတ် ပညာကို တတ်မြောက်မှသာလျှင် လူ့လောကကြီး၏ မလွဲကင်းနိုင်သော တာဝန် တို့ကို မည်သူပင် ဖြစ်စေ ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်၏။ အကယ်၍ မိမိကလူ့တာဝန် မကင်းသော လူတဦးတယောက်ဖြစ်ပါလျက်လူတို့တတ်ရမည့်အတတ်ပညာ

များကို တတ်မြောက်ခြင်းမရှိခဲ့ပါမူ "**ပညာမရှိ-သူ၏ဝန်ထမ်း**" ဟူသော စကားနှင့် အညီ သူတပါး၏ လက်ပါးစေ အဖြစ်ဖြင့် သာလျှင် "**မသေရုံစား-မအားရုံနေ**" ဆိုသကဲ့သို့ ဖြစ်ရမည် သတည်း။

**လိုရင်းမှတ်ဖွယ်** ဤသုသိက္ခိတ သိပ္ပမင်္ဂလာ တရားအရ တတ်သင့် တတ်ထိုက်သော အတတ်ပညာများကို သင်ယူတတ်မြောက်ခြင်းအားဖြင့်၊ (၁) မင်္ဂလာတရားတော်ကြီးကိုလည်းပူဇော်ရာရောက်ခြင်း၊ (၂) အသက်မွေးမှု၌လည်း ဖြူစင် ဖြောင့်မတ်ခြင်း ဟူသော ဤအကျိုးတရားများကို ရနိုင် ပေလိမ့် မည်ဟု စဉ်းစား မြော်မြင်ကြ ကုန်ပြီးလျှင် အဋ္ဌာရသ သိပ္ပ၌ အကျုံးဝင်သော—

၁။ နှုတ်မှု ပညာ၊

၂။ လက်မှု ပညာ၊

၃။ စက်မှု ပညာ

ဟူသော ဤအတတ်ပညာ ၃ ရပ်တို့အနက်မှ မိမိတို့ဝါသနာ ထုံရာ အ တတ် ပ ညာ တ မျိုး မျိုး ကို က ား "**အ သက် မွေး မှု တခုပညာ ကိုယ်စီပါ**" ဆိုသည့် အတိုင်း မိမိတို့ သန္တာန်၌ လုံလောက်ပြီဖြစ်စေသင့်၏။ အများအားဖြင့်လည်း အသက်မွေးဝမ်းကျောင်း ပညာ မလုံလောက်သူ မှန်က ဘယ် လို လူ ဘဲ ဖြစ်ဖြစ် မိမိ၏ အသက် မွေးမှု အတွက် အခက် ကြုံလာသော အခါ များ၌ တော်,မတော်၊ သင့်,မသင့် ကိုမှ မချင့်ချိန် နိုင် တော့ဘဲ သူတပါးထံမှ ပစ္စည်းကို လုယူမှရမည် ဆိုလျှင်လည်း လုယူ ရတော့မည်။ သတ် ယူမှ ရမည် ဆိုလျှင်လည်း လူကိုပါ သတ်ဖြတ် ရတော့အံ့။ ဤနည်းဖြင့်ပင် ကိုယ်ကျင့်တရား ပျက်စီး

လျက် စာရိတ္တမဏ္ဍိုင် ခြ-စားသည်ဟူသော ခေတ် ဝေါဟာရ ထဲသို့ ခြေစုံပစ်၍ ဝင်ရောက်ပြီး ဖြစ်ရတော့၏။

## အတတ်ပညာကိုသင်ယူပါ

အသက်မွေး ဝမ်းကျောင်းပညာ မလုံလောက်လျှင် စာရိတ္တ မဏ္ဍိုင် ခြ-စား၍ ကိုကျင့်တရား ပျက်စီးနိုင်သလို အသက်မွေး ဝမ်းကျောင်းပညာ လုံလောက် ပြန်လျှင်လည်း "**အူမတောင့်မှ သီလစောင့်နိုင်သည်**"ဆိုသော စကားအရ လောကီ အသက် မွေးမှု ဖြောင့်လျက် အူတောင့် ဝမ်းဝ သူများ ဖြစ်သည်အား လျော်စွာ အလိမ္မာကိုယ်ကျင့်တရားကိုပါ စံနစ်တကျထိန်းသိမ်း ထားနိုင်ပြန်လေသည်။ ဤနည်းအားဖြင့်ပင် သီလရှိသူ အဖြစ် သို့လည်း ကိုယ်ကျင့်တရား ခိုင်မာလျက် ချောမောစွာ ဆိုက် ရောက် ရတော့၏။

သို့ဖြစ်၍ ဤဆိုအပ်ခဲ့ ပြီးသော ညွှန်ပြချက် အရပ်ရပ်တို့ကို ထောက်ထားလျက် မိမိတို့အတွက် အသက်မွေး ဝမ်းကျောင်း ပညာဟုဆိုအပ်သော အတတ်ပညာတမျိုးမျိုးကို ဤသုသိက္ခိတ သိပ္ပမင်္ဂလာ တရားတော်အရ သိပ္ပဝိဇ္ဇ ပါရဂူအဖြစ် ရွယ်မှန်း လျက် တကယ်တမ်း တတ်မြောက် အောင် သင်ယူ လိုက်စား ပါဟု ညွှန်ပြနှိုးဆော် ပါကြောင်း။

**ဆောင်ပုဒ်....**

၁။ စက်မှုလက်မှု၊ တခုခု၊ ဆည်းစု တတ်အောင်သင်။
၂။ ပညာမတတ်သေး၊ အသက်မွေး၊ နောင်ရေးခက်မည်ပင်။
၃။ စက်မှုလက်မှု၊ တခုခု၊ ဆည်းစုတတ်ပြန်လျှင်။
၄။ ဝမ်းကျောင်းဘို့လဲ၊ မခက်ခဲ၊ လက်ထဲငွေတွေရှင်။
၅။ အသက်မွေးဖြောင့်၊ အူမတောင့်၊ ထိန်းစောင့် သီလစင်။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၉

# သုသိက္ခိတ ဝိနယ မင်္ဂလာ

**ဝိနယောစ သုသိက္ခိတော** မိမိတို့၏ ဆိုင်ရာ ဝိနည်း (ကိုယ်ကျင့် သီလ)ကို ကောင်းစွာ ကျင့်သုံးခြင်း သည်လည်း ကုသိုလ်တရား တိုးပွါးရင့်ကျက်ရန် မင်္ဂလာတပါး ဖြစ်သည်။

ဤ ၉ နံပါတ် မင်္ဂလာကိုပင် တပုဒ်တည်း သမာသ်တွဲစပ်၍ "သုသိက္ခိတ ဝိနယ မင်္ဂလာ" ခေါ်ဆိုသည်ဟု မှတ်ပါ။

(သုသိက္ခိတ၊ ကောင်းစွာကျင့်သုံးရမည်ဖြစ်သော။ ဝိနယ၊ ကိုယ်ကျင့်သီလဝိနည်း။ မင်္ဂလာ၊ ကုသိုလ်တရားတိုးပွါးရင့်ကျက်မှု)။

**ကျင့်မှသာ မင်္ဂလာ** တချို့သူတို့က ရဟန်းဝိနည်းကို လူများလည်း သင်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤသုသိက္ခိတ ဝိနယမင်္ဂလာကို ဟောတော်မူရသည် ဟု ထင်မှတ်ကြ၏။ ပေါက္ခံ ရာဇဝင်လာ ရှင်ရာဟုလ မထေရ်က မာလာယု ကျွန်းကို အစိုးရသော ဘုရင်မင်းမြတ်အား နေ့စဉ် နန်းတော်သို့ကြွ၍ ဝိနည်းခုဒ္ဒသိက္ခာကျမ်းကို ပို့ချပေးရသော ထုံးတန်း အစဉ် အလာကို ထောက်ထားလျှင် လူများလည်း ရဟန်းဝိနည်းကို သင်ယူလိုက သင်ယူနိုင်ပါသည်။ သို့ရာတွင် ဤသုသိက္ခိတ ဝိနယမင်္ဂလာ၌ ဝိနယသဒ္ဒါက ရဟန်းဝိနည်းကိုသာဟောသည်မဟုတ်ဘဲ လူ့ဝိနည်းဟူသော အနက်ကိုပါ ဟောခြင်း, သုသိက္ခိတသဒ္ဒါကလည်း "သုသိက္ခိတသိပ္ပ"၌ကဲ့သို့ သင်ရမည်ဟူသော အနက်ကို မဟောဘဲ ကျင့်ရမည် ဟူသော

အနက်ကိုသာလျှင် ဟောခြင်းတို့ကြောင့် ဤသုသိက္ခိတဝိနယ မင်္ဂလာသည်ကား လူများရဟန်း ဝိနည်းကိုသင်ရမည်ဟူသော အဓိပ္ပါယ်မျိုးနှင့် လုံးဝဆက်စပ်ခြင်းမရှိဟု မှတ်ရမည်။

အမှန်မှာ လူဖြစ်စေ, ရဟန်းဖြစ်စေ ကိုယ့်ဆိုင်ရာ ဝိနည်းကို ကျင့်ရမည်ဟူသော အနက်ကိုသာ ရည်ရွယ်တော်မူလျက် ဤ သုသိက္ခိတ ဝိနယမင်္ဂလာကိုဟောတော်မူလိုရင်းဖြစ်၏။ ဝိနည်းကိုကျင့်လျှင် ဝိနည်းကို သင်ယူသည် ဟူသော အဓိပ္ပါယ်လည်း ပြီးစီးပါသည်။ သို့သော်လည်း သင်ရုံမျှဖြင့် သုသိက္ခိတ ဝိနယ မင်္ဂလာမဖြစ်နိုင်၊ ကျင့်မှသာလျှင် မင်္ဂလာဖြစ်နိုင် သောကြောင့် ကျင့်ရမည်ဟူသော အနက်သည်သာ သုသိက္ခိတသဒ္ဒါ၏အနက် ဟု မှတ်ပါ။

(''သော တတ္ထ အသံကိလေသာ ပဇ္ဇနေန စ အာစာရဂုဏ ဝဋ္ဋ နေနစ သုသိက္ခိတော ဟောတိ'' ဟု ပြအပ်သော သုတ္တနိပါတ် အဋ္ဌကထာ သုသိက္ခိတ ဝိနယမင်္ဂလာအဖွင့်ကိုမြော်လေ။)

---

## ဝိနည်း ပြဿနာဖြေရှင်းခန်း

**ဝိနည်း ၂ မျိုး** ဤသုသိက္ခိတဝိနယ မင်္ဂလာတရားတော်အရ ဝိနည်း တရားကို ကောင်းစွာ ကျင့်ရမည်ဟု ဆိုပြီ။ ထိုစကားအရ ကျင့်အပ်သော ဝိနည်းကလည်း—

၁။ **အာဂါရိယဝိနယ။** ။အိမ်နေသူလူတို့ကျင့်ရသောဝိနည်း၊

၂။ **အနာဂါရိယ ဝိနယ။** ။ကျောင်းနေသူ ရဟန်းတို့ကျင့်ရ သော ဝိနည်း

ဟု အခြေခံ မှုအားဖြင့် ၂ မျိုးရှိလေသည်။ တနည်း အားဖြင့် (၁) ရဟန်းဝိနည်း၊ (၂) လူဝိနည်းဟု အလွယ်ဆုံး ဝေါဟာရဖြင့်လည်း ခေါ်ဆိုနိုင်၏။

ချုပ်ထွင်ချက် ထိုဝိနည်း ၂ မျိုးရှိရာတွင် အာပတ် ၇ ပုံဖြင့် ပိုင်းခြားအပ်သောဝိနည်းကျမ်းလာ ၂၂၇ သွယ်, အကျယ်ကုဋေ ၉၀၀၀ ကျော် အထိ များပြားသော သိက္ခာပုဒ်တို့သည် ရဟန်းတို့ စောင့်ထိန်းကျင့် ဆည်းပူးအပ်သောကြောင့် ရဟန်းဝိနည်းမည်၏။ ဒုစရိုက် ၁၀ ပါးမှ ရှောင်ကြဉ်မှုသည် လူတို့ လိုက်နာအပ်သော ကျင့်ဝတ်ဖြစ်သောကြောင့် လူ့ဝိနည်းမည်၏။

"တတ္ထ အာဂါရိယ ဝိနယော နာမ ဒသအကုသလ ကမ္မပထ ဝိရမဏံ"ဟု အဋ္ဌကထာဖွင့်ပြချက်အရ ဒုစရိုက် ၁၀ ပါးမှ ရှောင်ကြဉ်မှုကိုပင် လူ့ဝိနည်းဆိုရမည်ကားမှန်၏။ သို့ရာတွင် လူတို့အမြဲ စောင့်ထိန်းအပ်သော ငါးပါးသီလ,အာဇီဝဋ္ဌမက သီလစသည်ကို အခြံရံအင်္ဂါနှင့်တကွ စံနစ်တကျ လုံခြုံခဲ့လျှင် ဒုစရိုက် ၁၀ ပါးမှ ရှောင်ကြဉ်မှုကိစ္စလည်း အလိုအလျောက် ပြီးစီးပြီး ဖြစ်ရကား ဤအရာ၌ အမြဲ စောင့်ထိန်း အပ်သော ငါးပါးသီလ, အာဇီဝဋ္ဌမကသီလများနှင့် အခါအားလျော်စွာ စောင့်ထိန်းရသော ရှစ်ပါးသီလ, ကိုးပါးသီလ စသည်ကိုပင် လူ့ဝိနည်းတရားဟုမှတ်ပါ။

တချို့က ဝိနည်းတရားသည် ရဟန်းသံဃာနှင့်သာ ဆိုင်၏။ လူတို့နှင့်မဆိုင်ဟု ထင်မှတ်ကြလေသည်။ အမှန်မှာ ရဟန်းသံဃာများအတွက် ရဟန်းဝိနည်း ရှိသကဲ့သို့ လူတို့မှာလည်း လူ့ဝိနည်း ရှိသည်သာလျှင်ဖြစ်၏။ သို့သော် ရဟန်းဝိနည်းက များပြား၍ ဝိနည်း ၅ ကျမ်းဖြင့် တခမ်းတနား ဖော်ပြရသော်လည်း လူ့ဝိနည်းက ရဟန်းဝိနည်းလောက် မများပြား၍ တကျမ်းတဖွဲ့အနေဖြင့် သီးသန့်ဖော်ပြခြင်းမရှိပေ။ ထိုထိုသုတ္တန်ဒေသနာဆီဆိုင်ရာအခန်း၌သာလျှင် သွတ်သင်းဖော်ပြလျက်ရှိ၏။

**ဝိနည်းနှင့် သီလ အတူတူပင်ဖြစ်ခြင်း**

ယာဂုနှင့် ထမနဲသည် အခေါ် အဝေါ် ကွဲသော်လည်း အဓိပ္ပါယ်မှာ အတူတူဖြစ်သကဲ့သို့ ဝိနည်းနှင့် သီလသည်လည်း အခေါ်အားဖြင့် ကွဲပြားစေကာမူ အဓိပ္ပါယ် သဘောချင်းမှာ အတူတူပင် ဖြစ်လေသည်။ **ဝိနေတိ ဓောနာတိ ဝိနယော** ဟူသော ဝစနတ္ထအရ ကိုယ်အမူရာ နှုတ်အပြုအရာတို့ကို အချိုးကျသေဝပ်အောင် ဆုံးမကြောင်း စည်းမျဉ်းဥပဒေ မျိုးဖြစ်သောကြောင့် လူ့ကျင့်ဝတ် ရဟန်းကျင့်ဝတ် များကိုပင် ဝိနယ (ဝိနည်း)ဟုခေါ်ရ၏။ သီလမှု ဟူသည်မှာလည်း ကိုယ်နှုတ်စောင့်ထိန်းရေး လုပ်ငန်းမျိုးပင်တည်း။

သို့သော် ဝိနည်းဟူသော အခေါ်က ဝိနည်းပိဋကတ်သုံးစကားဖြစ်၍ သီလဟူသော အခေါ်က သုတ္တန် ပိဋကတ်သုံးစကားမျိုးဖြစ်၏။ သို့သော်လည်း မင်္ဂလာတရားကို ဟောတော်မူရာ၌ကား ဝိနည်းအခေါ်သို့ လိုက်၍ လူသီလ ရဟန်းသီလ ၂ မျိုးလုံးပင် 'ဝိနယောစ သုသိက္ခိတော'ဟု ဟောတော်မူလေသည်။ ထို့ကြောင့် ဝိနည်းနှင့် သီလကိုလည်း **ယာဂုနှင့် ထမနဲ** ကဲ့သို့ အသံကွဲ အဓိပ္ပါယ်တူပင်ဖြစ်သည်ဟု မှတ်အပ်ပါ၏။

ထို့ကြောင့်ရဟန်းတို့မှာ ရဟန်းဝိနည်းသိက္ခာပုဒ်ကို ကျူးလွန်၍ ဆိုင်ရာဝတ် နိဗဒ်များ ပျက်ကွက်ခဲ့လျှင် ရဟန်းအလဇ္ဇီ, ရဟန်း ဒုဿီလ ထိုက်သလိုဖြစ်ရသကဲ့သို့ လူတို့မှာလည်း လူ့ဝိနည်းဟုဆိုအပ်သော ငါးပါးသီလစသည်ပေါက်ပျက်၍ ကိုယ့်ဆိုင်ရာ လူ့ဝတ်တရားမှ ချို့ယွင်းခဲ့ပါမူ လူအလဇ္ဇီ, လူဒုဿီလ ထိုက်သလို ဖြစ်ကြရမည်ကား မလွဲပေ။

ဤသို့လျှင် ဝိနည်းသည် (၁) ရဟန်းဝိနည်း၊ (၂) လူ့ဝိနည်း၊ တနည်း အားဖြင့် လည်း (၁) ဝါရိတ္တဝိနည်း၊

(၂) စာရိတ္တဝိနည်းဟု ၂ မျိုး ရှိပြန်ရာ ရဟန်း ဝိနည်းကို ရဟန်းတို့ကောင်းစွာကျင့်ရခြင်းသည်၎င်း, လူ့ဝိနည်းကို လူတို့ ကောင်းစွာကျင့်ရခြင်းသည်၎င်း ဆိုင်ရာ လူ-ရဟန်းတို့၏ ပဌမ တန်းအကောင်းဆုံးဖြစ်သော နိဗ္ဗာန်လမ်းစ သံသရာ့ ထွက်ရပ် လမ်းကြီးပေတည်း။

ဝိနည်းပြဿနာဖြေရှင်းခန်းပြီး၏။

## ကိုယ်တွေ့ကျင့်နည်းဖေါ်ပြခန်း

မူလကရဟန်းဝိနည်း, လူ့ဝိနည်းဟု ၂ မျိုးပြခဲ့သည်အား လျော်စွာ ဤကိုယ်တွေ့ကျင့်နည်းဖေါ်ပြခန်း၌လည်း ရဟန်းများ အတွက် ကိုယ်တွေ့ ကျင့်နည်း, လူများ အတွက် ကိုယ်တွေ့ ကျင့်နည်းဟု ၂ ပိုင်း ပိုင်း၍ပြမှသာလျှင် အစီအစဉ်ရှေ့နောက် ဆက်စပ်ပေလိမ့်မည်။ သို့ရာတွင် ရဟန်းများမှာ ကျင့်မှု,မကျင့် မှုကို အပထား၍ မိမိတို့၏ အသက်သွေးခဲ ဖြစ်သော ဝိနည်း ဥဒေများကိုကား ကျင့်ပုံ ကျင့်နည်းနှင့် တကွ စံနစ်တကျ နားလည်သူကများပါသည်။

သို့ဖြစ်ရာ မိကျောင်းမင်း ရေကင်းပြရန် မလိုတော့သည့်ပြင် ဤမင်္ဂလာ့အမြုတေကလည်း လူ့အနေ အဆင့်အတန်းကိုသာ မြင့်ခမန်း ထိုးတင် ပေးဘို့ရန် ရည်ရွယ်ချက် ထားရင်းရှိပြီး ဖြစ်သည့် အတိုင်း ဤအခန်း၌ လူတို့၏ ကိုယ်တွေ့ ကျင့်နည်း ကိုသာ စံနစ်တကျ ဖေါ်ပြရတော့မည်။

**လူ့ကိုယ်တွေ့ဝိနည်း** အမြဲစောင့်ထိန်းအပ်သော ငါးပါးသီလ, အာဇီဝဋ္ဌမက သီလ များနှင့် အခါအား လျော်စွာ စောင့်ထိန်းအပ်သော ရှစ်ပါးသီလ ကိုးပါးသီလ စသည်ကိုပင် လူ့ဝိနည်း လူ့သီလ ဟု မူလက ဖေါ်ပြခဲ့ပါပြီ၊

ထိုသီလများအနက် အာဇီဝဋ္ဌမကသီလစသည်ကိုအသာဖယ်ထား၍ လူများမကျင့်လျှင်မဖြစ်သော ငါးပါးသီလကိုသာလျှင် မျက်မြင် ကိုယ်တွေ့ သဘော သက်ရောက်အောင် အသေးစိပ်စိစစ်ကြဦးစို့။

၁။ သူ့အသက် မသတ်ရ, (မိမိမှတပါး အများ ရှိသမျှ သတ္တဝါကို သူဟုဆိုရသည်။ ထို့ကြောင့် မိမိကလွဲလျှင် သူ့အသက်ကိုလည်းမသတ်ရ၊ တိရစ္ဆာန်အသက်ကိုလည်း မသတ်ရ။ ဘယ်သူ့အသက်ကိုမှ မသတ်ရ။)

၂။ သူ့ဥစ္စာကို ခိုးယူတိုက်ခိုက်ခြင်းမပြုရ။
၃။ သူ့သားမယား မပြစ်မှားရ။
၄။ လိမ်လည် လှည့်ပတ်မပြောရ။
၅။ သေရည် သေရက် မသောက်ရ (ဘိန်းရှူခြင်း, ဆေးခြောက်ရှူခြင်း စသည်တို့ကိုလည်းမပြုရ)။

ဤ ၅ ပါး ကိုပင် လူ့ကိုယ်တွေ့ ဝိနည်းဟု ခေါ်သည်။ လူ့ကိုယ်တွေ့ သီလဟုခေါ်ချင်လည်း ခေါ်နိုင်ပါသည်။

အို အမောင် (အိုအမိ) သင်သည် လူတယောက်ဖြစ်သည် အားလျော်စွာ ဤစည်းမျဉ်း ဥပဒေ ၅ ချက် သည်ပင် ငါတို့ စောင့်ထိန်း ရမည့် သီလဟု ဤမျှလောက်တော့ အကြမ်းပျင်း သိပြီးဖြစ်ပါလိမ့်မည်။ သို့သော် အကြမ်းစားသိသူသည် မိမိက သဒ္ဓါဓါတ်ခံ ရှိနေသည် တိုင်အောင် အကြမ်းစားမျှသာ သီလ လုံခြုံမည် ဖြစ်၍ ဤအရာ၌ အသေးစိတ် ဖော်ပြ ထားသော ကိုယ်တွေ့ ကျင့်နည်း များကိုလည်း အနည်းငယ် စိတ်ဝင်စားထားပါ။

ကိုယ်ချင်းစာ ရှေ့ထားရေး

ဤလူ့လောကကြီး၌ တကယ့် ပညာရှင်ကြီးတွေ ဂုဏ်ပြု လေးစားအပ်သော သီလဂုဏ်သိက္ခာ ဂုဏ်များသည်ကား ဝယ်၍ ရကောင်းသော အရာဝတ္ထုများ မဟုတ်ကြ။ ထိုဂုဏ်ပုဒ်မျိုးကို သူတပါးထံမှ တောင်းခံလို့လည်း မရကောင်းပေ။ အမှန်မှာ ကိုယ်တိုင်ကျင့်ယူမှသာ ရနိုင်သော အရာဝတ္ထုများဖြစ်ပါသည်။ သင်သည် သင်၏ ဂုဏ်ရည် သိက္ခာကို မြှင့်တင် ပေးနိုင်သော ထိုသီလဂုဏ် သမာဓိဂုဏ်များကို တကယ်ရလိုပါသလား၊ အကယ်၍ သင်-ရလိုပါလျှင် သင်-ကိုယ်တိုင်က….

၁။ ငါ့အသက်ကို သူသတ်လျှင် ငါနှစ်သက်မည်မဟုတ် သကဲ့သို့ သူ့အသက်ကို ငါက သတ်လျှင်လည်း သူ နှစ်သက်မည် မဟုတ်ဟု ဤလို ကိုယ်ချင်းစာ တရား ရှေ့ထား၍ သူ့အသက် သတ်ခြင်းမှ သင်-ရှောင်ကြဉ်ပါ။

၂။ ငါ့ဥစ္စာကို သူခိုးယူ တိုက်ခိုက်လျှင် ငါနှစ်သက်မည် မဟုတ် သကဲ့သို့ သူ့ဥစ္စာကို ငါကခိုးယူ တိုက်ခိုက်လျှင်လည်း သူနှစ်သက်မည်မဟုတ်ဟု ဤလို ကိုယ်ချင်းစာတရား ရှေ့ထား၍ သူ့ဥစ္စာကို ခိုးယူ တိုက်ခိုက်ခြင်းမှလည်း သင်-ရှောင်ကြဉ်ပါ။

၃။ ငါ့သားမယားကို သူကျူး လွန်လျှင် ငါ နှစ်သက်မည် မဟုတ်သကဲ့သို့ သူ့သားမယားကို ငါက ကျူးလွန် လျှင်လည်း သူနှစ်သက်မည် မဟုတ်ဟု ဤလိုကိုယ်ချင်းစာ တရား ရှေ့ထားလျက် သူ့သား မယား ကျူးလွန် ခြင်း မှ လည်း သင်-ရှောင်ကြဉ်ပါ။

၄။ သူက မဟုတ်မမှန် ပြော၍ ငါ့ဒ ကျိုး ပျက် စီး ခဲ့လျှင် ငါနှစ်သက်မည် မဟုတ်သကဲ့သို့ ငါက မဟုတ်မမှန် ပြော၍

သူ့အကျိုး ပျက်စီးလျှင်လည်း သူနှစ်သက်မည် မဟုတ်ဟု ဤလို ကိုယ်ချင်းစာတရား ရှေ့ထားလျက် မဟုတ်မမှန် ပြောဆိုခြင်းမှ လည်း သင်-ရှောင်ကြဉ်ပါ။

၅။ သူသောက်စား မှူးယစ်၍ ငါ့အကျိုးမဲ့ ဖြစ်အောင် ထင်ရာလုပ်လျှင် ငါနှစ်သက်မည် မဟုတ်သကဲ့သို့ ငါကသောက် စားမှူးယစ်၍ သူ့အကျိုးမဲ့ ဖြစ်ရန် ထင်ရာလုပ်လျှင်လည်း သူ နှစ်သက်မည်မဟုတ်ဟု ဤလိုကိုယ်ချင်းစာတရား ရှေ့ထားလျက် သောက်စား မှူးယစ်ခြင်းမှလည်း သင်-ရှောင်ကြဉ်ပါ။

ဤကဲ့သို့ ကိုယ်ချင်းစာ တရား ရှေ့ထားလျက် ထိုကိုယ်တွေ့ သီလ ငါးပါးကို မိမိ၌ ကိုယ်တွေ့ သဘော သက်ရောက်အောင် လုံ့ခြုံစေမှသာလျှင် လူ့ဂုဏ် သိက္ခာနှင့် လိုက်လျော ညီညွတ်သူ သို့မဟုတ် ကိုယ်ကျင့်တရားရှိသူဟု လူသာမှုခေါ် နတ်သာမှုခေါ် ဖြစ်နိုင်၏။ အကယ်၍မိမိတို့ကပဘာဝတီတို့လိုအရည်ယိုမတတ် တလျှပ်လျှပ် ကိုယ်ရောင် ထွက်နေသူ တဦးတယောက် ဖြစ်နေ သော်လည်းအတွင်းသန္တာန်၌အရင်းခံကိုယ်ကျင့်တရားမျိုးမှမရှိ ခဲ့ပြန်လျှင်ကား **"အပေါ်ယံ ရွှေမှုံကြဲ-အထဲက နောက်ချေးခံ"** အဆံချောင်တွေ ဖြစ်ကြရမည်သာတည်း။

၄-ပါးစီပြားပုံ ထို့ပြင်လည်း လူတို့ အမြဲ စောင့်ထိန်း ရသော ကိုယ်တွေ့ သီလ ငါးပါးလုံး၌ပင် တပါးတပါးမှာ——

၁။ ကိုယ်တိုင်လွန်ကျူးမှု၊
၂။ သူတပါးအားလွန်ကျူးဘို့ရန်စေခိုင်းတိုက်တွန်းမှု၊
၃။ သူတပါး လွန်ကျူးသည်ကို ချီးမွမ်းပြောဆိုမှု၊
၄။ သူတပါး လွန်ကျူးသည့်ကို စိတ်တူကျေနပ်မှု၊

ဟူ၍ အခြံ အရံနှင့် တကွ ၄ ပါးစီ ရှိပြန်ရာ၊ နောက် ဆုံး၌ သီလသိက္ခာပုဒ် ၅ မျိုးမှ အမျိုး ၂၀ ဖြစ်နိုင်၏။ ဤငါးပါးသီလ အကျယ် ၂၀ လုံးကို လုံခြုံစွာထိန်းသိမ်းနိုင်မှသာလျှင် အရိယ ကန္တ သီလမျိုး၌ ပါဝင်၍ တကဲ့သီလရှိသူဟု တန်ခွန်ထူ လက် ခမောင်း ခတ်ပြနိုင်၏။

ဆောင်ပုဒ်....

၁။ ကိုယ်တိုင်လွန်ကျူး၊ သူတထူး၊ ဆင့်ကူးစေနိုင်းပြန်။

၂။ နှုတ်ဝယ်မပြတ်၊ ချီးမွမ်းတတ်၊ ကျေနပ် စိတ်တူဟန်။

၃။ အကျဉ်းငါးပါး၊ နှစ်ဆယ်ပွါး၊ မှတ်သားအခြံရံ။

၄။ အရိယကန္တ၊ ထိုသီလ၊ ကျင့်ကြ ရာသက်ပန်။

# ထပ်မံရှင်းပြချက်

**ကိုယ်တိုင်လွန်ကျူးမှု** တပါးတပါးမှာ အခြံရံ လေးမျိုးစီ ရှိရာ တွင်လည်း ၁ အချက် အရ ကိုယ်တိုင် လွန်ကျူးမှုဟူသည်မှာ သူတပါး အသက်ကို ကိုယ်တိုင် သတ် ခြင်း၊ သူ့ဥစ္စာကို ကိုယ်တိုင်ခိုးခြင်း၊ ကိုယ်တိုင် ဓါးပြတိုက်ခြင်း စသော ကိုယ်ထိ လက်ရောက် ကာယကံမြောက် ကျူးလွန်ခြင်း မျိုးဖြစ်၏။ ထိုကိုယ်ထိလက်ရောက် လွန်ကျူးခြင်းကား သူတပါး နစ်နာမှုအတွက် ရက်စက်သော အပြု အမူကြီးလည်း ဖြစ်၏၊ ထို့ကြောင့် ရက်စက်မှု အရင်းခံရှိသော ကိုယ်တိုင်လွန်ကျူးမှု မှလည်း သင်-ရှောင်ပါ။

**စေခိုင်းတိုက်တွန်းမှု** ထို့ပြင်လည်း ၂ အချက် အရ စေခိုင်း တိုက်တွန်းမှုဟူသည်မှာ မိမိကအာဏာဖြင့် ဖြစ်စေ၊ တိုက်တွန်းနှိုးဆော်၍ဖြစ်စေ၊ တနည်းနည်းဖြင့်ပင် ဘယ်သူကို သွားရောက် သတ်သင်ချေ၊ ဘယ်သူ့အိမ် သွား၍ ဓါးပြတိုက်ပါ စသည်ဖြင့် လွန်ကျူးစေရန် အလို့ငှါ သူတပါး အားစေခိုင်းမှု၊ တိုက်တွန်းမှုမျိုးကိုပင် ဆိုလိုသည်။ အကယ်၍ သူ၏ စေခိုင်းတိုက်တွန်းချက် အရ စေခိုင်း တိုက်တွန်းခံရသူက ထမြောက်အောင် တကယ် သွားရောက်၍ လွန်ကျူး ဖြစ်ပါမူ စေခိုင်းသူဆရာလည်း ထိုက်တန်ရာ သီလပျက်တော့၏။

အကယ်၍ စေခိုင်း တိုက်တွန်း ခံရသူက သူ၏ စေခိုင်းစီမံချက်ကို မ လိုက် နာ သည် တိုင် အောင် စေခိုင်း တိုက်တွန်းသူမှာကား လုံးဝ အပြစ် မလွတ်ပါ။ အယုတ်ဆုံး အားဖြင့် သူ၏ သီလ ညှိုးနွမ်းရမည် သာတည်း။ ထို့ကြောင့် ဤကဲ့သို့စေခိုင်း တိုက်တွန်းမှု မျိုးမှလည်း သင်-ရှောင်ပါ။

**ချီးမွမ်းပြောဆိုမှု** ထို့ပြင်လည်း ၃ အချက်အရချီးမွမ်းပြောဆိုမှုဟူသည်မှာ ဘယ်သူဟာ ဓါးပြတိုက်၍ ချမ်းသာဒါဘဲ။ ရွှေတွေပင် ပိဿာချိန် ဘယ်မျှ ရှိသွားပြီ၊ ဘယ်သူကတော့ အရက်ချက်လို့ ချောင်ချိ နေသည် စသည်ဖြင့် သူတပါး၏ ဒုစရိုက် မှုတွေကိုပင် "**မစားရ-ဝခမန်း**" ချီးမွမ်း ပြောဆိုမှု မျိုးကိုပင် ဆိုလို၏။

ထိုကဲ့သို့ သူတပါး၏ ဒုစရိုက် မှုတွေကို မိမိက ချီးမွမ်းရာ တွင်လည်း တပါးသူများ အားကျပြီး လိုက်နာစေရန်ရည်ရွယ် လျက် ချီးမွမ်းခြင်း၊ လိုက်နာ စေ လို သော ရည် ရွယ် ချက် မျိုး

မပါဘဲ ဗလာ သက်သက် ချီးမွမ်း ခြင်းဟု ၂ မျိုးရှိပြန်ရာ ရည်ရွယ်လျက် ချီးမွမ်းရာ၌ သူ့ရည်ရွယ်ချက် အတိုင်း တပါးသူက လိုက်နာလျှင် ချီးမွမ်း သူမှာ သီလ ပျက်ပြန်၏။ မလိုက်နာလျှင် သီလမပျက်ဟု ဆိုရသည် တိုင်အောင် နဂိုရ်ရောင် သီလကား မှေးမှိန်ရလေပြီ။

ရည်ရွယ်ချက် မပါဘဲ သူချီးမွမ်း ချင်လို့ ချီးမွမ်း ရာ၌ကား တပါးသူက လိုက်နာသည် ဖြစ်စေ၊ မလိုက်နာသည် ဖြစ်စေ ချီးမွမ်းသည့် အချိန်ကစ၍ သူ၏သီလမှာ ညှိုးနွမ်း ရတော့မည် သာတည်း။ ထို့ကြောင့် ဤကဲ့သို့ သူတပါး ဒုစရိုက် မှုတွေကို 'မစားရ-ဝခမန်း'ချီးမွမ်းပြောဆိုမှုမျိုးမှလည်းသင်-ရှောင်ပါ။

**စိတ်တူကျေနပ်မှု** ထို့ပြင်လည်း ၄ အချက်ရစိတ်တူကျေနပ်မှု ဟူသည်ကား မိမိ မုန်းတီး နေသူ တဉီး တယောက်အသတ်ခံ၍ သေရသည်ဖြစ်စေ, သို့မဟုတ် ကံအား လျော်စွာ ဖျားနာ၍ သေရသည် ဖြစ်စေ ဤကဲ့သို့ သူ့ကံနှင့် သူ့ထိုက်အတိုင်း ထိုသူသေရာ၌ မိမိက အချောင်ဝင်ပြီး အားရ ကျေနပ်ခြင်း, ကြက်သားဟင်း စားလို့မှ အတွက် သူတပါး ကြက်သတ်သည်ကို မိမိက စိတ်တူ ဆန္ဒတူဖြစ်ခြင်း စသော မနောကံမှုများပင်တည်း။

ထို့ပြင်မိမိအလှူမှာဝက်သားကျွေးလိုသဖြင့်ကိုယ်တိုင်ကဝက်မသတ်သော်လည်း ကြားကလူများ စီမံပေးချက်အရ သူတပါးက သတ်၍ဝက်သားသွင်းရာ၌ အလှူဒကာ၏ စိတ်တူ ကျေနပ်မှု, မိမိမွေး ထားသော နွားကိုသတ်လိမ့်မည်ဟု သိလျက် နွားထိုးသယ်ကို ရောင်းရာ၌ မူလ နွားရှင်၏ စိတ်တူကျေနပ်မှု, ဘုရား ဆွမ်းလောင်းပွဲအတွက် အမဲသား ပေါ်ရာ၌အမဲဟင်းလျာလှူဒါန်းလိုသူတို့၏အလိုတူမှုစသည်တို့ကိုလည်း သူတပါးဒုစရိုက်မှုလွန်ကျူးသည်ကို မိမိတို့ကစိတ်တူကျေနပ်ခြင်းမျိုးပင် ဖြစ်သည်ဟု မှတ်ပါ။

ထိုစိတ်တူ ကျေနပ်မှု သည်လည်း သီလပျက်ခြင်း, ညှိုးနွမ်းခြင်း၏ အကြောင်းဖြစ်ရကား ဘုရားသွား ကျောင်းတက်၍ လက်မှာ စိတ်ပုတီးအမြဲရှိနေသူပင် ဖြစ်သော်လည်း သူတပါး၏ ဒုစရိုက်မှုကို စိတ်တူကျေနပ်မိခြင်းကြောင့် မိမိ၌ ဖြစ်လာမည့် အပြစ်ကိုကား ထိုဘုရားသွား ကျောင်းတက် ကုသိုလ်ဘက် အဆောင်အယောင် တို့ဖြင့်လည်း ဖုံးကွယ် ထားနိုင်လိမ့်မည် မဟုတ်ပါ။ ဒုစရိုက်သည် ဒုစရိုက်သာလျှင်ဖြစ်၏။ ထို့ကြောင့် ဤကဲ့သို့ သူတပါး ဒုစရိုက်လွန်ကျူးသည်ကို စိတ်တူကျေနပ်မှု မျိုးမှလည်း သင်-ရှောင်ပါ။

ဤ အတိုင်း ငါးပါးသီလ အကျယ်ကို တကယ် လုံခြုံမှ သာလျှင် သင်၏ ကိုယ်တွေ့ကျင့်နည်း ကိစ္စလည်း ဖူလုံပြီဟုဆိုနိုင်ပါသည်။ ။သင်သည် လူတယောက်ဖြစ်သည်အားလျော်စွာ လူ့သိက္ခာ သီလများကို ကိုယ်တွေ့အနေဖြင့် စောင့်ထိန်းကျင့်ကြံဘို့ရန်မှာ သင်၏တာဝန်ပင်မဟုတ်ပါလော။

ကိုယ်တွေ့ကျင့်နည်းပေါ်ပြခန်းပြီး၏။

---

## ကျင့်သူ၏ အကျိုးပေါ်ပြခန်း

မိမိတို့ဆိုင်ရာ လူ့ဝိနည်း လူ့သီလများကို စံနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သူတို့မှာ ဤဘဝမှ သေလျှင် အပါယ်တွင် မကျရဘဲ နတ်ရွာသုဂတိသို့သာ ရောက်ရလိမ့်မည်ဟု နောင်ရေးအတွက် ထင်မြင်ချက် ပေးနိုင်ကြသော်လည်း ထိုသီလ လုံခြုံမှုကြောင့် ယခု လက်ငင်းရနိုင်သော အကျိုးထူးများမှာကား လူသိနည်းလျက် ရှိပြန်၏။

ဒါမှန်မှာ သီလ လုံခြုံမှုကြောင့် ယခု ဘဝ၌ပင် အကျွေး မထားဘဲ လက်ငင်းဒိဋ္ဌ ခံစားရသော အကျိုးတရားများလည်း ရှိပါသည်။ သီလမှုသည် ဒါနမှုကဲ့သို့ နောက်နောင်မှအသုံးပြု ခံစားဘို့ရန် ဘဏ်အပ်ထားသော ချက်လက်မှတ် ကုသိုလ်မျိုး သက်သက်လည်း မဟုတ်တတ်ပါ။ ဗုဒ္ဓရှင်တော်မြတ်ကလည်း ကိုယ်ကျင့်တရား ကိန်းဝပ်သူ သီလဝန္တပုဂ္ဂိုလ်တို့အား—

၁။ မမေ့လျော့ခြင်းကြောင့် ရေးဦးစွာ စည်းစိမ် ဥစ္စာ တိုးတက်ခြင်း၊

၂။ ကိုယ်ကျင့်သီလရှိသူဟု သတင်းကောင်းထွက်လာခြင်း ချွန်ပ်မှု

၃။ ကိုယ်တိုင်က အနေအထိုင်ကောင်းသူ ဖြစ်ခြင်းကြေ^ တဦး ဘယ်ပွဲဘယ်ပရိသတ်ထဲတိုးတိုးညှိုးညှိုးငယ်ငယ်မရှိခြင်းကံအား
င့်

၄။ ကိုယ်ကျင့်တရားရှိသူ ဖြစ်ခြင်းကြောင့် မနေ၍ သေရ သော်လည်း မတွေမဝေ သေရခြင်း၊

၅။ သေသည်မှ နောက်၌လည်း နတ်ရွာ သုဂတိ သို့သာ လားရခြင်း

ဟူသော ဤအကျိုးငါးပါး ကိုလည်း ကောင်းမွေစံ အနေဖြင့် ခံစံရတတ်သည်ဟု ဟောတော်မူပါသည်။

ဆောင်ပုဒ်။ စည်းစိမ်ပြန့်ပြော၊ မဟုတ်လျော့ဘဲ၊ ကျော်စောဂုဏ်အင်၊
ထက်ဝန်း ကျင်တည့်၊ ပွဲဝင် ဗဏ်းပြ၊ မျက်နှာ လှ၍၊
ကောင်းဖွယ်သော၊ မတွေဝေဘဲ၊ သေလျှင်ကောင်းစား၊
နတ်ရွာလားသည်၊ ဤကားဝိနည်းကျင့်ကျိုးတည်း။ ။

**သီလအကျိုး မရေတွက်နိုင်**

ထို့ပြင်မိမိတို့သန္တာန်၌ ကိုယ်ကျင့်သီလကိုနှီးဝပ်ခြင်းကြောင့် ဝမ်းမြောက်ကြည်ရွှင်ခြင်း''အဝိပ္ပဋိသာရဂုဏ်''မှစ၍အထက်ဆုံး အာသဝက္ခယဉာဏ်ရသည်တိုင်အောင် အဆင့်ဆင့် တိုးတက်နိုင်သောပြည့်စုံမှုတို့သည်လည်း သီလ၏ အကျိုးတရားတို့ပင်ဖြစ်၏။ နေမိဘတ်တော်၌ နေမိမင်းကြီး ကိုယ်တိုင် နတ်ပြည်မှာ တွေ့ခဲ့ရသောဖလ်နန်းရှင်,မှန်နန်းရှင်, ရွှေဗိမာန်ရှင်,ပတ္တမြားဘုံဗိမာန်ရှင်ဖြစ်ကြသူ တန်ခိုးကြီးနတ်သား နတ်သမီး ဟူသမျှတို့သည်လည်းလူ့ပြည်မှာရှိစဉ်က သူတို့စောင့်ထိန်းအပ်သော သီလ၏အကျိုးများကို ခံစားနေရသူများပင်တည်း။

ကျင့်သူ၏အကျိုးပေါ်ပြခန်းပြီး၏။

---

# မကျင့်သူ၏အပြစ် ပေါ်ပြခန်း

လူဖြစ်စေ,ရဟန်းဖြစ်စေ မိမိတို့ဆိုင်ရာ ဝိနည်းသီလကိုစံနှစ်တကျလုံခြုံအောင် စောင့်ထိန်းနိုင်ခဲ့လျှင် ယခုမျက်မှောက်ဘဝ၌၎င်း, နောင်သံသရာ၌၎င်း သီလ၏အကျိုးကို ခံစားရသကဲ့သို့ဆိုင်ရာဝိနည်းသီလကို စောင့်ထိန်းမှုမရှိဘဲ စည်းကမ်းမဲ့နေပြန်လျှင်လည်း ယခု မျက်မှောက် ၌၎င်း, နောင် သံသရာ ၌၎င်း မကောင်းမှု မိုက်ပြစ်များကို ထိုက်သည်အားလျော်စွာခံရတတ်သည်ဟု ဗုဒ္ဓကလည်း မကျင့်သူ၏ အပြစ်များကို ဤသို့ဟောတော်မူပြန်၏။

ကိုယ်ကျင့်သီလ မိမိတို့၏ ဝိနည်းမှကင်းလွတ်နေသူ ဒုဿီလ ပုဂ္ဂိုလ်တို့အား ဤဆိုလတ္တံ့သောအပြစ်များကို မုချခံစားရမည်။ သူတို့ခံစားရမည့် မကောင်းမှု မိုက်ပြစ်များမှာ—

၁။ မေ့လျော့ခြင်းကြောင့် ရှေးဦးစွာစည်းစိမ်ဉစ္စာ ယုတ်လျော့ရခြင်း၊

၂။ ကိုယ်ကျင့်တရားကင်းမဲ့ခြင်းကြောင့် မကောင်းသတင်း ထွက်ပေါ်လာရခြင်း၊

၃။ ကိုယ်ကအနေအထိုင်မဟုတ်ခြင်းကြောင့် ကိုယ့်လိပ်ပြာ ကိုလန့်လျက် လူထဲသူထဲမျက်နှာမပြဝံ့ခြင်း၊

၄။ ကိုယ်ကျင့် တရားမရှိခြင်းကြောင့် သေသည့်အခါ ဂြိုနပ်မှု တွေ့ဝေဝေ သေရခြင်း၊

၅။ သေသည့်မှနောက်၌လည်း အပါယ်လေးပါးသို့လား ရခြင်း

ဟူသော ဤအချက်ကြီး(၅)မျိုးပင်တည်း။

(သုတ်မဟာဝါစသည်)။

ဆောင်ပုဒ်။ စည်းစိမ်ယုတ်လျော့၊ ကျော်စောကင်းမဲ့၊ ချီတွဲ့မျက်နှာ၊ သေခါတွေဝေ၊ စုတေပျက်ပြား၊ အပါယ်လားသည်၊ ဤကား ဝိနည်းကင်းပြစ်တည်း။

ကြောက်မက်ဖွယ် အပြစ်များ

ထို့ပြင် လူများမှာ ပါဏာတိ ပါတ စသော ဆိုင်ရာ ဝိနည်း သီလများကို လွန်ကျူးခြင်းသည် ရာဇဝတ်မှုနှင့် အနီးစပ်ဆုံး ဖြစ်၍ ဤမြန်မာပြည်၌ပင် ထိုငါးပါးသီလ မလုံခြုံခြင်း

ကြောင့် စည်းကမ်းမဲ့ ငွေကုန်ရသူ မင်းပြစ်မင်းဒဏ်ခံရသူ စသည် တို့ကိုလည်း များစွာ တွေ့ရလေပြီ။ သို့ရာတွင် ထို ငါးပါးသီလ မလုံခြုံမှုဖြင့် ယခုလက်ငင်း တွေ့နိုင်သော မင်းပြစ် မင်းဒဏ်တို့ သည် မည်မျှလောက်ပင် ကြောက်ဘွယ် ကောင်းသည်ဟု ဆိုရ သော်လည်း မတတ်သာက နောင်သံသရာ၌ တမြော်တခေါ်ကြီး တွေ့ရမည့် အပြစ်ဒဏ်တို့နှင့် နှိုင်းစာလျှင်ကား ဘာမှမပြော လောက်ပေ။အမှန်အတိုင်းဆိုရသော် နောင်သံသရာ၌ အပါယ် လေးပါးသို့ ထိုက်သလို လားရခြင်း, အပါယ်လေးပါးမှလွတ်၍ လူဖြစ်ရပြန်သော်လည်း အကုသိုလ်ကံ၏ အကျိုး ကြွင်းကြောင့် လူချင်းမတူ သူချင်းမမျှ လူ့ဘဝ၏ ဆင်းရဲအမျိုးမျိုးနှင့်သာ အကြိမ်ကြိမ် တွေ့ရခြင်း စသော အပြစ်ဒဏ်တွေက သာလွန်၍ ကြောက်ဘွယ် ကောင်းလှ၏။

**ရှင်မောဂ္ဂလာန် ကိုယ်တွေ့**

ထို့ပြင်လည်း ဘုရားလက်ထက်တော် အခါက ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည် ဂိဇ္ဈကုဋ်တောင်သို့ ရောက်တော်မူရာတွင် ရဟန်းသီလ မလုံခြုံ၍ သံသရာ့အပြစ်ဒဏ် သင့်နေရသော ရဟန်း ပြိတ္တာကြီးတို့ကို၎င်း, လူ့ သီလ မလုံခြုံ၍ အပြစ်ခံနေရသော လူပြိတ္တာကြီးတို့ကို၎င်း မိမိတန်ခိုးဖြင့် မြင်တော်မူ၍ ဘုရားမြတ်အား လျှောက်ထားရာ ဘုရားမြတ်က ဟုတ်ပေသည် မောဂ္ဂလာန်၊ ငါဘုရားလည်း ဘုရားဖြစ်တော် မူစကပင် ထို ပြိတ္တာကြီးတွေကို မြင်တော်မူပါ၏၊ သို့သော်လည်းသက်သေမရှိသောစကားကို သူတပါးက ယုံကြည်ကြမည် မဟုတ်၍ မည်သူ့ကိုမျှ နှုတ်မြွက်တော်မမူခဲ့ဘူး၊ ယခုကား သင်မောဂ္ဂလာန်ကိုပင် သက်သေ အရာထား၍ ပြောကြားရတော့မည်။

ချစ်သား မောဂ္ဂလာန် အမှန်အတိုင်း ပြောရလျှင် ထို ဝိဇ္ဇူကုဋ်က သင်-ချစ်သား၏ ကိုယ်တွေ့ဖြစ်တဲ့ ပြိတ္တာကောင်ကြီးတို့သည်ကား ကဿပဘုရား သာသနာတော် နောက်ပိုင်းမှ ပေါက်လွှတ်ပဲစား တံခါးမရှိ ဒါးမရှိဘဲ သူတို့ ထင်သလို ရမ်းကားလျက် ကိုယ်ကျင့်တရားမှ ကင်းလွတ်ခဲ့သူ လူဒုဿီလ, ရဟန်း ဒုဿီလကြီးတွေဘဲဟု ရှင်မောဂ္ဂလာန်၏ အမေးကို အဖြေ ပေးတော်မူ၏။

(ပါရာဇိကကဏ်ပါဠိတော်, စတုတ္ထသိက္ခာပုဒ်)။

ခြို၍ရေးရသော် "**ပျားဖွတ်သားထိုး၊ မယားခိုး၊ မုဆိုးတံငါ၊ ပါယ်လေးရွာ**"ဟူသော စကားအရ မည်သူမှ အလိုမရှိသော အပါယ် လေးဘုံလုံး သည်ပင် ကိုယ်ကျင့် သီလ ပျက်စီးသူတို့၏ မကောင်းကျိုးခံရာ သံသရာနှောင်အိမ်ကြီး ပေတည်းဟု ဥာဏ်ထဲမှာ ထင်မြင်လျက် ကိုယ်ကျင့်တရား လက်လွှတ်ခဲ့လျှင် ငါတို့လဲ သူတို့လို အပြစ် ခံရ မှာပါ တကားဟု သတိတရား ရှိနေမှသာ တို့သူငါ လူဖြစ်ကျိုး နပ်ကြမည်။

မကျင့်သူ၏ အပြစ်ဖေါ်ပြခန်းပြီး၏။

---

## ညွှန်ပြနိုးဆော်ခန်း

ဤသုသိက္ခိတ မင်္ဂလာ တရားတော် အရ ကျင့်အပ်သော ဝိနည်းသည်၊ (၁) ရဟန်းဝိနည်း၊ (၂) လူ့ဝိနည်းဟု ၂မျိုး ရှိရာ ရဟန်းတော်များက ရဟန်းဝိနည်းကို စံနစ်တကျကျင့်ခြင်း သည်၎င်း၊ အိမ်နေလူတို့က လူ့ဝိနည်းကို စံနစ်တကျ ကျင့်ခြင်း

သည်ဂူင်း၊ ရှင်ကောင်း, မသကောင်းလောကသံသရာ ကြီးပွါး ကြောင်း တရားအစစ်ကို ရှာမှီး ဆည်းပူးခြင်းပင် ဖြစ်၏ဟုနား လည် ရန်မှာလည်း ဆိုင်ရာ လူ-ရဟန်း တို့၏ ဝတ္တ ရားကြီး ပေတည်း။

ခါးဝတ်ပုဆိုး — အထူးအားဖြင့်လည်းလူများအဖို့ငါးပါး သီလသည် မကျင့်လျှင်မဖြစ်သော ဂရုဓမ္မ နှစ္စသီလမျိုးဖြစ်၏။ မည်သူမဆို ခါးဝတ် ပုဆိုးကို မိမိတို့ ခါး၌ ရာသက်ပန် မြဲမြံစေရသကဲ့သို့ ငါးပါးသော သီလသိက္ခာပုဒ် များကိုလည်းမိမိတို့ကိုယ်၌ ရာသက်ပန်မြဲမြံစေရသောကြောင့် ထိုငါးပါးသီလကိုပင် ခါးဝတ်ပုဆိုးဟု ဆိုရိုးပြုကြပြန်၏။

သို့ဖြစ်ရာ သံသရာကြီး၏ အပြစ်အနာအဆာတွေကို နှစ်နှစ် ကာကာမြင်၍ တကယ်တန်း နိဗ္ဗာန်လိုချင်လျှင် နိဗ္ဗာန်ဝင်ရန် လမ်းစ တံခါးမကြီးနှင့် တူသော ထိုသီလတံခါးကို ရှေးဦးစွာ ဖွင့်ပြီးမှသာ ကိုယ်လိုရာ နိဗ္ဗာန်လမ်းကို တန်းတန်း မတ်မတ် ချီတက်သွားလာ နိုင်မည်ကိုလည်း သတိပြုမိပါစေ။

## ဝိနည်း(သီလ)ကို ကျင့်သုံးပါ

လိုရင်းမှတ်ဖွယ် — ဤကဲ့သို့ ဖေါ်ပြ အပ်ခဲ့သည်နှင့် ညီစွာ မိမိတို့ဆိုင်ရာ သီလသိက္ခာပုဒ် တို့ကိုခါး ဝတ်ပုဆိုးကဲ့သို့ မိမိတို့ကိုယ်၌ ခိုင်မြဲစေနိုင်ခဲ့ပါမူ (၁)ယခုမျက် မှောက်ဘဝ၌ပင် တက်နေပမာ အရာရာ မျက်နှာပန်း လှခြင်း, (၂)သူတပါး၏ လေးစားမှုခံရခြင်း, (၃)သေသည်မှနောက် အခါ၌လည်း နတ်ရွာသုဂတိသို့ ဆန်တက်ရခြင်း, (၄)နိဗ္ဗာန်

လမ်းကြောင်း၌ ရှေးဦးစွာတွေ့ရသော တံခါးမကြီး ကိုလည်း ဖွင့်လှစ်ရာရောက်ခြင်းစသောအကျိုးတရားများကိုမုချခံစားနိုင် ပါသည်။ ထို့ကြောင့် ဤသုသိက္ခိတ ဝိနယမင်္ဂလာတရားတော် အရ မျက်မှောက် သံသရာ နှစ်ဖြာကြီးပွားကြောင်း ဖြစ်သော မိမိတို့ဆိုင်ရာ ဝိနည်း(သီလ)ကိုစံနစ်တကျ ကျင့်သုံးပါဟု ညွှန် ပြနိုးဆော်လိုပါကြောင်း။

ဆောင်ပုဒ်—

၁။ ရှင်လူရဟန်း၊ ဝိနည်းလမ်း၊ စည်းကမ်းရှိသေပါ။

၂။ စည်းကမ်းမလွန်၊ သီလဝန်၊ ထက်စွန်နတ်ခြောက်ရွာ။

၃။ စည်းကမ်း ဖေါက်ပြား၊ အပါယ်လား၊ မှောက်မှား ဆိုး ယုတ်ရာ။

၄။ ဝိနည်းကျင့်စဉ်၊ လိုက်နာလျှင်၊ မျက်မြင်ကြီးပွားကာ။

၅။ အများရှိသေ၊ ကြက်သရေ၊ တက်နေပုံပမာ။

ညွှန်ပြနိုးဆော်ခန်းပြီး၏။

## အခန်း ၁၀

# သုဘာသိတဝါစာ မင်္ဂလာ

**သုဘာသိတာစ ယာဝါစာ** နှုတ်ထွက်သာယာ, အပြစ်အနာအဆာ ကင်းသော စကားကောင်းကို ပြောဆိုရခြင်းသည်လည်းမင်္ဂလာ တပါးဖြစ်သည်။

ဤ ၁၀ နံပါတ် မင်္ဂလာကိုပင် "သုဘာသိတဝါစာ မင်္ဂလာ" ခေါ်ဆိုသည်ဟုမှတ်ပါ။

(သုဘာသိတ၊ ကောင်းစွာ ပြောဆိုအပ်သော။ ဝါစာ၊ နှုတ်ထွက်စကား။ မင်္ဂလာ၊ ကုသိုလ်တရား တိုးပွားရင့်ကျက်မှု။)

## စကားပြေသနာ ဖြေရှင်းခန်း

ဤသုဘာသိတဝါစာ မင်္ဂလာတရားတော်အရ သုဘာသိတ ဖြစ်၍ အပြစ် ကင်းအောင် ပြောဆို အပ်သော စကား မျိုးဟူသည်မှာ——

၁။ ကောင်းစွာပြောဆိုအပ်သောစကားမျိုး ဖြစ်စေရခြင်း၊
၂။ တရားနှင့်အညီ ပြောဆိုသောစကားမျိုး ဖြစ်စေရခြင်း၊
၃။ ပိယဝါစာ နားဝင်သာအောင် ပြောဆိုသော စကား မျိုးလည်းဖြစ်စေရခြင်း၊
၄။ မုသားမပါ-မှန်ရာကို ပြောဆိုသော စကား မျိုးလည်း ဖြစ်စေရခြင်း

ဟူသော ဤအင်္ဂါ ၄ ပါးဖြင့် တန်းဆာ ဆင်ကာ ပြောဆိုအပ်သော စကားမျိုးပင်ဖြစ်၏။ ဤ ၄ ပါးကိုပင် စကားအရာ အင်္ဂါလေးတန်ဟု ပြောမှတ်ပြုကြသည်။

မည်သည့်စကားမျိုး၌မဆို ထိုအင်္ဂါ လေးပါးနှင့် ပြည့်စုံစွာ ပြောဆိုမှသာလျှင်အပြစ်ကင်းသောစကားဟု မှတ်သားအပ်၏။ အကယ်၍ ထိုအင်္ဂါလေးပါးနှင့် မပြည့်စုံသော စကား မျိုးသာ ဖြစ်နေပါမူကား အဘယ်မျှလောက် နားထောင် ချင်ဘွယ် သွယ်သွယ်ဝိုက်ဝိုက် ပြောနေသော စကားမျိုး ဖြစ်နေသည်တိုင် အောင် အပြစ်ကင်းသော စကားဟုမဆိုသင့်။

ဟောတော်မူပုံ သုဘာသိတ သုတ်၌လည်း ဗုဒ္ဓ အရှင် မြတ်က ဤသို့ ဟောတော်မူသည်။ အပြစ်မပါကောင်း မွန်စွာ ပြောအပ်သော အကြင် စကားကို အရိယာ သူတော် ကောင်းတို့က ချီးမွမ်းကြ၏။ ထိုကဲ့သို့ အရိယာသူတော်ကောင်း များချီးကျူး လောက်အောင် ပြောဆို ခြင်းသည် ရှေးဦး အစ ပထမအင်္ဂါမည်၏။ တရားနှင့်ယှဉ်သောစကားကိုသာ ပြောရ မည်။ တရားလမ်းမကျ အဓမ္မစကားမျိုးကို မပြောဆိုရာ။ ထိုကဲ့သို့ တရားနှင့်အညီ ဆီလျော်အောင်ပြောဆိုခြင်းသည် ၂ ခုမြောက် ဖြစ်သော စကားအင်္ဂါမည်၏။ နှစ်လိုဘွယ်ရာနားဝင်သာသော စကားကိုသာ ပြောဆိုရမည်၊ မနှစ်လိုဘွယ် နားဝယ် ကန့်လန့် အဝင်မဆန့်သော စကားမျိုး ကိုကား မပြောဆိုရာ။ ထိုကဲ့သို့ ပိယဝါစာ နားချမ်းသာအောင် ပြောဆို နိုင်ခြင်းသည် ၃ ခု မြောက်ဖြစ်သော စကားအင်္ဂါ မည်၏။ မကွယ် မထောက် ရိုး ဖြောင့် မှန်ကန်သောစကားကိုသာ ပြောဆိုရမည်။ သူ့အကျိုး ပျက် အနက်လွတ်ကင်း မှားယွင်းသော စကားကိုကား မပြော ဆိုရာ။ ထိုကဲ့သို့ မုသားမပါ မှန်ကန်ရာပြောဆိုခြင်းသည် ၄ ခု မြောက်ဖြစ်သော စကားအင်္ဂါ မည်၏။ (ဤကားဘုရားဟော တော်မူပုံပင်တည်း။)

**ဆောင်ပုဒ်။** ကောင်းစွာပြောကြား၊ တရားနှင့်ယှဉ်၊ နားဝင်ချမ်းသာ၊ မှန်ရာမြွက်လွယ်၊ ဤလေးသွယ်၊ နှုတ်ဝယ်အင်္ဂါဂုဏ်။

**စကားကြီးခြောက်ခွန်း** တနည်းအားဖြင့်လည်း ဟုတ်သည် ဖြစ်စေ, မဟုတ်သည်ဖြစ်စေ အကျိုးရှိသည် ဖြစ်စေ, မရှိသည်ဖြစ်စေ သူသူကိုယ်ကိုယ်တလောကလုံးပြောဆို နေကြသော စကားတွေကို အားလုံးခြုံ၍ ဆန်းစစ် ဝေဘန်ခဲ့လျှင်—

၁။ မဟုတ်မမှန် အကျိုးမရှိ သူမနှစ်သက်သော စကား၊
၂။ မဟုတ်မမှန် အကျိုးမရှိ သူနှစ်သက်သော စကား၊
၃။ ဟုတ်မှန် အကျိုးမရှိ သူမနှစ်သက်သော စကား၊
၄။ ဟုတ်မှန် အကျိုးမရှိ သူနှစ်သက်သော စကား၊
၅။ ဟုတ်မှန် အကျိုးရှိ သူမနှစ်သက်သော စကား၊
၆။ ဟုတ်မှန် အကျိုးရှိ သူနှစ်သက်သော စကား

ဟု ဤစကားကြီး ခြောက်မျိုးသာ ပေါ်ထွက် လာလေသည်။ **'စကားခြောက်ခွန်း လူ့ဥဒ္ဓွန်း'** ဟု မော်ကွန်းစကား ရှိသည်အတိုင်း ဤစကားခြောက်မျိုးကိုပင် စကားကြီး ခြောက်ခွန်းဟူ၍လည်း ပြောစမှတ် ပြုကြပြန်၏။

**ပယ်ရမည် စကား ၄ ခွန်း** ချို့ဥုးအံ့၊ ဤဖေါ်ပြအပ်ပြီးသောစကားကြီး ခြောက်ခွန်း ရှိသည်အနက် ဤလောက၌ တဦးနှင့်တဦး မကြားကောင်း မနာသာ ဆဲရေးတိုင်းထွာသော စကားမျိုးသည် မဟုတ်မမှန် အကျိုးမရှိ သူမနှစ်သက်သော စကားဖြစ်၏။ ဟုတ်လည်းမဟုတ် အကျိုးလည်းမရှိ ကြားရသူများကလည်း နှစ်သက်မည် မဟုတ်သောကြောင့် ထို ၁ အမှတ်ပြ စကားမျိုးကို မပြောအပ် ပယ်ရမည်သာတည်း။

ထို့ပြင် ကမ္ဘာ့ဦးကလူတွေကို ဖါးလိုဖါးပေါင်စင်းမလား၊ မြွေလိုအရေလဲမလားဟု သေမင်းကြီးက မေးခွန်းထုတ်ရာ ထိုကမ္ဘာ့ဦးသားတွေက ဖါး-လိုဖါးပေါင်စင်းမည်ဟု ဖြေမိသောကြောင့် ယခု လူတွေသေပြီးမှ လူအသစ်ဖြစ်ရသည်။ အကယ်၍သာ မြွေလိုအရေလဲမည်ဟု ဖြေခဲ့ပါလျှင် ယခုလူတွေ ဘယ်တော့မှမသေဘဲ အရေလဲရုံဖြင့် လူငယ်ကလေး ပြန်ဖြစ်မည်ဟု ပြောလေ့ ပြောထ ရှိသော ရှေးဟောင်း ပုံတို ဝတ္ထုကလေးများသည် မဟုတ်မမှန်အကျိုးမရှိ သူနှစ်သက်သော စကားမျိုးပင်တည်း။

စိတ်ဝင်စားဘွယ် စကားမျိုးဖြစ်၍ နားထောင် ရသူများက နှစ်သက်သော်လည်း ရှေးကလူတွေ အပျင်းပြေ သဘောဖြင့် ကြုံကြုံဖန်ဖန် ပြောခြင်းမျှသာ ဖြစ်သောကြောင့် စင်စစ်မှုကားဟုတ်လည်း မဟုတ်နိုင် အကျိုးလည်းမရှိပေ။ ထိုကြောင့် ထို ၂ အမှတ်ပြ စကားမျိုးကိုလည်းမပြောအပ်ပယ်ရမည်သာဖြစ်၏။

ထို့ပြင် သူခိုးကို သူခိုးဟူ၍ဋင်း, ဓါးပြကို ဓါးပြဟူ၍ဋင်း, သေမည့်ဆဲဆဲ သူကို သင် ဒီတောင်က တက်ရလိမ့်မည် မဟုတ်ဟူ၍ဋင်း ဤသို့စသော အပြောမျိုးသည် ဟုတ်မှန် အကျိုးမရှိ သူမနှစ်သက်သော စကားမျိုးဖြစ်၏။ အမှန်အတိုင်း ပြောခြင်းဖြစ်သော်လည်း အနာပေါ် ဒုတ်ကျ၍ မခံသာသောစကားမျှသာဖြစ်၏။ သူတပါး မခံသာအောင် မှန်ရာကို ပြောသော စကားမျှသာဖြစ်ရကား ပြောရသူ အတွက်လည်း ဘယ် ဘက် က မှ အကျိုးကျေးဇူးမဖြစ်နိုင်ပါ။ ထို့ကြောင့် ၃ အမှတ်ပြ စကားမျိုးကိုလည်း မပြောအပ် ပယ်ရမည်သာတည်း။

ထို့ပြင် အမိအမတို့နှင့်သက်ဆိုင်သော ချစ်စကား ကြိုက်စကားမျိုးနှင့် အချို မိန်းမများ သန်းဥတုပ်ရင်း အတင်း အဖျင်း

စကားမျိုးတို့ သည်ကား ဟုတ်မှန် အကျိုးမရှိ သူနှစ်သက်သော စကားများပင်တည်း။ ရပ်ထဲရွာထဲက အဖြစ်အပျက်တွေကိုသာ ဝိုင်းဖွဲ့ ပြော ခြင်းမျိုးဖြစ်၍ ထိုစကား များသည် သူတို့ ပြောသည့်အတိုင်း ဟုတ်မှန်သော စကားမျိုးလည်းဖြစ်၏။ ပုထုဇ္ဇန်တို့ ဓမ္မတာ အညှိပါလျှင် ကျေနပ်မြဲဖြစ်၍ ထိုစကားကို နားထောင်ရသူတို့ကလည်း နှစ်သက်သူက များလေသည်။ သို့သော်လည်း ပြောရသူမှာငင်း၊ နားထောင်ရသူမှာငင်း အကျိုးအမြတ် လုံးဝ မရှိပါ။ ထို့ကြောင့် ထို ၄ အမှတ်ပြ စကားမျိုး ကိုလည်း မပြောအပ် ပယ်ရမည်သာ ဖြစ်လေသည်။

(ဤကား ပယ်ရမည့် စကားကြီး ၄ ခွန်းပေတည်း)။

**ပြောရမည် စကားကြီး ၂ ခွန်း**

ထို့ပြင် မိဘ ဆရာ သမား ဖြစ်သူ တို့က ဆိုင်ရာ သားသမီးနှင့် တပည့်ဖြစ်သူတို့အား နည်းလမ်းမှန် အပြစ်ပြ၍ စံနစ်တကျ သွန်သင်ဆုံးမသောစကားမျိုးသည် ဟုတ်မှန်၊ အကျိုးရှိ၊ သူမနှစ်သက်သော စကား ဖြစ်လေသည်။

အပြစ်ပြ စကားမျိုး ဖြစ်၍ ဆိုင်ရာ သားသမီး၊ တပည့် ဖြစ်သူ တို့က နှစ်သက်မည် မဟုတ်သော်လည်း သူတို့အတွက် အကျိုးရှိ၊ မှန်ကန်သော စကားဖြစ်သောကြောင့် ထို ၅ အမှတ်ပြစကားမျိုးကိုကား စင်စစ် ပြောအပ် သည်ဟု မှတ်ပါ။

ထို့ပြင် လိုက်နာ သူတို့၏ အကျိုးကို ထုတ်ဖော်၍ သရုပ်ပေါ်အောင်ညွှန်ပြထားသော ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်နှင့် ထိုတရားတော်အရ ပြောဆိုမှု၊ ဆုံးမမှု၊ ဆွေးနွေးမှု စသည်တို့သည်ကား ဟုတ်မှန်၊ အကျိုးရှိ၊ သူနှစ်သက်သော စကားမျိုးပင်တည်း။

ဟုတ်မှန်သောစကား၊ အကျိုးရှိသောစကားလည်းဖြစ်ခြင်း, နား ထောင် သူ က လည်း လို လား နှစ် သက် ခြင်း တို့ကြောင့် ထို ၆ အမှတ်ပြ စကားကိုလည်း ပြောအပ်သော စကားပင် ဖြစ်သည်ဟု မှတ်ပါ။

(ဤသည်တို့ကား ပြောရမည့် စကားကြီး ၂ ခွန်းပင်တည်း)။

ဤသို့လျှင် ပယ် ရ မည့် စ ကား ကြီး ၄ ခွန်း၊ ပြော ရ မည့် စကားကြီး ၂ ခွန်း၊ ပေါင်း စကားကြီး ၆ ခွန်းဖြစ်ရာ၊ ပြော ရမည့် စ ကား ကြီး ၂ ခွန်း ကို ပြော ဆို ခြင်း သည် သာ လျှင်၊ သုဘာသိတဝါစာ မင်္ဂလာဖြစ်၍၊ မပြော ရ မည့် စ ကား ကြီး ၄ ခွန်းကို ပြောဆိုခြင်း သည်ကား သုဘာသိတဝါစာ မင်္ဂလာ မဖြစ်ဟု နားလည်မှုရှိကြပါစေ။

●ဆောင်ပုဒ်....

၁။ စကားခြောက်ခွန်း၊ လူ့ဌထွန်း၊ လေးခွန်းပယ်သင့်ပေ။
၂။ သူကြိုက်, မကြိုက်၊ ပြောခွင့်ဆိုက်၊ သူ့ဌကောင်းစားစေ။
၃။ ကျိုးရှိ,ဟုတ်လွန်း၊ ဤနှစ်ခွန်း၊ ရည်ညွှန်း သင်ပြောလေ။

ထို့ပြင်လည်း၊ (၁) အခါကိုသိ၍ပြောဆိုခြင်း၊ (၂)အမှန်ကိုသာ ပြောဆိုခြင်း၊ (၃) သိမ်မွေ့နူးညံ့သော စကားကို ပြောဆိုခြင်း၊ (၄) အကျိုးနှင့်ဆက်စပ်သောစကားကိုပြောဆိုခြင်း၊ (၅) မေတ္တာစိတ်ဖြင့် ပြောဆိုခြင်းဟု ဆိုအပ်သော ဤအင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော စကားသည်လည်း ပညာရှိတို့၏ အမြင်၌ အပြစ်မရှိသောစကား၊ ကောင်းသော စကားသာ ဖြစ်သည်ဟု တမျိုးအားဖြင့် ပဉ္စင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူသေး၏။

သို့သော်လည်း အဓိပ္ပါယ်အားဖြင့် ဖေါ်ပြအပ်ပြီးသော စကားရပ်တို့၌ပင် အကျုံးဝင်ပြီးဖြစ်၍ သီးသန့်ပြဘွယ် မလိုတော့ပါ။

စကားပြဿနာဖြေရှင်းခန်းပြီး၏။

## နှုတ်ရည်အင်္ဂါစိစစ်ခန်း

စကားအရာ အင်္ဂါလေးတန် ဟူသော ပြောဆိုချက် အရ နှုတ်ရည်အင်္ဂါဟု ဆိုအပ်သော ထိုစကား အင်္ဂါ ၄ ပါးကိုပင် အစိပ်စိပ်စိစစ်ဖေါ်ပြဦးမည်ဖြစ်၍ အဓိပ္ပါယ်နားရှင်းဘို့ရန်—

၁။ **ပိသုဏာဝါစာ**= ဂုံးတိုက် ပြောဆိုခြင်း၊

၂။ **သမ္ဖပ္ပလာပ**=ပိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊

၃။ **ဖရုသဝါစာ**=ကြမ်းထန်းသောစကားကို ပြောဆိုခြင်း၊

၄။ **မုသာဝါဒ**=မဟုတ် မတရား လှည့်စား ပြောဆိုခြင်း ဟု ဝစီဒုစရိုက် ၄ ပါးရှိသည်ကို ရှေးဦးစွာ မှတ်ထားခဲ့ပါ။

**ပထမအင်္ဂါစိစစ်ချက်** ထိုဝစီဒုစရိုက် ၄ ပါး ရှိသည့် အနက် အချင်းချင်းချစ်ခင်ညီညွတ်နေသူ မိတ်ဆွေ ၂ ဦးကို သူတို့ချင်း စိတ်ဝမ်း ကွဲပြားအောင် တဦးဦးထံ၌ သူက သင့်ကို ဘယ်လို ပြောနေသည် စသည်ဖြင့် ကြားကနေပြီး တို့မီး ရှို့မီး ပြုလုပ်၍ ဂုံးတိုက် ပေးလေ့ ရှိသော အပြောမျိုး သည်၎င်း၊ တဖွဲ့နှင့်တဖွဲ့ ညီညွတ်ရေး ပျက်ပြားအောင် နှစ်ဖက် သွေးကွဲ- အကျိုးနဲကြောင်း ဖြစ်သော ခြေထိုးမှု စကားမျိုးသည် ၎င်း၊ လူ ၂ ဦးတို့၏ ချစ်ကြည်မှု, အဖွဲ့ ၂ ခုတို့၏ ညီညွတ်

ရေးကို သွေးခွဲစံနစ်ဖြင့် ကြားဝင် ဖျက်ဆီးတတ် သောကြောင့် ပိသုဏာ (ပိယသုည) ဝါစာ မည်၏။

ထိုပိသုဏာ ဝါစာ ဖြစ်သော ဂုံးတိုက် ပြောဆိုမှု၊ ကြားဝင် ခြေထိုး မှု တို့မှ လွတ် အောင် ရှောင် ၍ ပြော ဆို နိုင် ခဲ့ လျှင်၊ ကောင်းစွာ ပြောဆိုသော စကားမျိုး ဖြစ်စေ ရ ခြင်း ဟူသော ပထမ အင်္ဂါနှင့် ပြည့်စုံသော စကားမျိုး ဖြစ်၍ သုဘာသိတ ဝါစာ ဖြစ်၏။ အကယ်၍ ထိုပိသုဏာ ဝါစာ ဖြစ်သော ဂုံးတိုက် ခြေထိုး ကြားဝင် သွေးခွဲသည့် စကားမျိုးမှ လွတ်ကင်းအောင် ရှောင်၍ မ ပြော နိုင် ခဲ့ လျှင်ကား သု ဘာ သိ တ ဝါ စာ မ ဖြစ်။ မကောင်း သဖြင့် ပြောဆိုသော ဒုဗ္ဘာသိတ ဝါစာ စကား မျိုးသာ ဖြစ်၏။

**ထက်မြက်သော လက်နက်**

ယခုအခါ၌ အချင်းချင်းညီညွတ်နေသည်ကို အလို လို ပင် မျက် စိ စပါး မွေး စူး သည့် အလား မကြည့်အား နိုင်သဖြင့် ကြားဝင် ကာ တို့မီးရှို့မီး ပြုလုပ်ပေးသူများရှိကြ၏။ ထိုကဲ့သို့သော စိတ် ဆိုး, စိတ်ညစ်များ ကိန်းဝပ်နေသူ (ဘေဒဝါဒီ ပုဂ္ဂိုလ်) တို့၏ နှုတ် ထဲ မှ ထွက် ပေါ် လာ သည့် စကား သည်ကား အဘယ် မှာ လျှင် သု ဘာ သိ တ ဝါ စာ မင်္ဂလာ ဖြစ် နိုင် ပါ အံ့ နည်း။ လူတဦးနှင့်တဦးကို သွေးခွဲပေးရာ၌ ဂုံးစကားသည် အလွန် ထက်မြက်သည့် လက်နက်ကြီးလည်း ဖြစ်၏။ (ဝေဿကာရ ပုဏ္ဏား ကြီး၏ ဂုံးတိုက် ပြောဆို မှုကြောင့် အလွန် စည်းလုံး ညီညွတ်သော ဝေသာလီပြည်ကြီး ကစင့်ကရဲ နွားကွဲကျားကိုက် အဇာတသတ်မင်းက တိုက်ခိုက် သဖြင့် ပျက်စီးခဲ့ရပုံ စသည်တို့ သည်ကား ဤအရာ၌ ယင်ရှားသော သက်သေတို့ ပင်တည်း)။

သို့ဖြစ်၍ မည်သူမဆို မိမိပြောလိုသောစကား၌ ကောင်းစွာ ပြောဆိုသော စကားမျိုးဖြစ်စေရခြင်းဟူသော ပထမ အင်္ဂါနှင့် ပြည့်စုံစေလိုပါက လူတဦးနှင့်တဦး သွေးကွဲ မုန်းတီးကြောင်း ဖြစ်သော ဂုံးတိုက် ခြေထိုးစကားမျိုးကို လေသံမျှ မဟွေ့စေရဘဲ ညီညွတ်သွေးစီးကြောင်းဖြစ်သော“**သမဂ္ဂသမောဓာနကထာ**” စကားမျိုးကိုသာ ပြောမိကြပါစေ။

**ဒုတိယအင်္ဂါစိစစ်ချက်** ထို့ပြင် သီတာမိဖုယားကို ဒသဂီရိဘီလူး ဆောင်ယူခန်း, ဘာရတမင်းညီနောင်တို့ စစ်ထိုးခန်းစသော ဇာတ်ဒွိယ ကာလီဒါသပြဇာတ် တို့သည်၎င်း နန်းတွင်း ဇာတ်ဝံသ ဇာတ်တော်ကြီး, ယိုးဒယား အိနောင် ဇာတ်တော်ကြီး စသော ရှေးဟောင်း မြန်မာ ပြဇာတ်လာ စကားမျိုး တို့သည်၎င်း, “**ရွှေယုံနှင့် ရွှေကျား - သက်ငယ်ရိပ် သွား**” စသော ရှေးဟောင်း ပုရာဏ် စကားမျိုး တို့သည်၎င်း နောက်ခေတ် လူတို့ စိတ်ဝင်စားစရာ နားထဲမှာ အမှန် သုခ ဖြစ်သော်လည်း မအောင်မြင်သော စပါးဖျင်း ကဲ့သို့ လိုရင်း မှတ်သားအပ်သော အနက်အဓိပ္ပါယ်မှကင်းဆိတ်သောကြောင့် ထိုစကားကို သမ္ဖပ္ပလာပ (ပိန်ဖျင်းသောစကား) ဟု ခေါ်ဆို ရ၏။

ထို သမ္ဖပ္ပလာပ (အကျိုးယုတ် အနတ္ထ) စကား မျိုးမှ လွတ်အောင် ပြောနိုင်ခဲ့လျှင် တရားနှင့်အညီ ပြောဆို ရသော စကားမျိုး ဖြစ်စေရခြင်း ဟူသော ဒုတိယ အင်္ဂါနှင့် ပြည့်စုံရာ ရောက်၍ သုဘာသိတ ဝါစာဖြစ်၏။ ထိုသမ္ဖပ္ပလာပ (အကျိုး ယုတ်အနတ္ထ) စကားမျိုးမှ လွတ်အောင် မပြောနိုင်ခဲ့လျှင်ကား ဒုတိယအင်္ဂါနှင့်ပြည့်စုံရာ မရောက်၍ သုဘာသိတဝါစာ မဖြစ်။

ဒုဗ္ဘာသိတဝါစာ (မကောင်းသဖြင့် ပြောဆိုခြင်း) သာလျှင် ဖြစ်၏။

သို့အတွက် မိမိပြောလိုသော စကား၌ တရားနှင့် အညီ ပြောဆိုရခြင်း ဟူသော ဒုတိယ အင်္ဂါနှင့် ညီညွတ် ပြည့်စုံ စေလိုပါက အကျိုး ကျေးဇူး ပျက်ပြားကြောင်း ဖြစ်သော ထို သမ္ဖပ္ပလာပ စကားမျိုးမှ ရှောင်နိုင်သမျှ ရှောင်လွှဲခြင်းသည် သာလျှင် အကောင်းဆုံး နည်းပေတည်း။ သို့သော် သူတပါး နားဝင်လောက်အောင် ဥပမာဆောင်၍ ရုပ်လုံးဖော် ပြောဆိုရသော အရာ စသည်တို့၌ကား မဟုတ် မမှန်သော စကားမျိုးပင် ဖြစ်သော်လည်း အကျိုး ကျေးဇူး ဖြစ်မှုနှင့် ဆက်စပ်နေပြန်ပါမူကား သမ္ဖပ္ပလာပ သဘောမျိုး သက်ရောက်သည်ဟု မဆိုသာပြန်ပေ။

ထို့ကြောင့် ပြောဆိုရာ၌ ဖြစ်စေ, ရေးသားရာ၌ ဖြစ်စေ သမ္ဖပ္ပလာပ ဖြစ်သော စကားမျိုးမှ ရှောင်နိုင်သမျှ ရှောင်၍ အမြင်ထုတ်နိုင်မှသာ ပညာရှိစကားမျိုး ဝီသမည်ဟု နားလည်ရန်မှာကား အပြောသမားနှင့် ကလောင်သမားတို့၏ တာဝန်ကြီးပေတည်း။

**တတိယအင်္ဂါ စိစစ်ချက်**

ထို့ပြင် ညစ်ညမ်း ယုတ်မာ နားထဲမှာ ကြား၍မှ မချော်အောင် မိုက်မိုက်ကန်းကန်း ထိပါးပြောဆိုသော ဆဲရေး တိုင်းထွာ မှုမျိုး တို့သည်၎င်း, နင်တော့ မြွေပွေးကြီးကိုက်သေပါစေ စသည်ဖြင့်မဖွယ်မရာ ကျိမ်ဆဲမှုတို့သည်၎င်း, ကြမ်းထန်သော သဘောရှိခြင်းကြောင့် ဖရုသဝါစာ (ကြမ်းကြုတ်ရိုင်းစိုင်းသောစကား)ဟု ဆိုရလေသည်။

ထိုကြမ်းကြုတ် ရိုင်းစိုင်းသော ဖရုသဝါစာ စကားမျိုးမှ လွတ်အောင်ရှောင် ပြောလျှင် **''ပိယဝါစာနားဝင်သာအောင် ပြောဆိုရခြင်း''**ဟူသောတတိယအင်္ဂါနှင့်ညီညွတ်ရာရောက်၏။ ထိုပိယဝါစာ နားဝင်သာအောင် ပြောဆိုနိုင်သူတို့၏နှုတ်သည်လည်း**''နှုတ်ချိုလျှိုတပါး''**ဟူသောစကားနှင့်အညီ နှုတ်ခွန်းရည်စကားကပေါ် စိုပျိုပျော့ အလိုလိုကြက်သရေရှိနေလေ၏။ **''နှုတ်ချိုလျှင်ပွင့်လမ်း၊ လျှာကြမ်းလျှင်လူမုန်း''**ဟူသောမြန်မာစကားပုံတို့သည်လည်း **''ပိယဝါစာ ဖရုသဝါစာ''**တို့၏ သဘောကို ညွှန်ပြသောစကားတို့ပင်တည်း။ လူခပ်သိမ်းတို့၏ နား ၂ ဘက်ကလည်း ကြမ်းထန်သော စကားကိုမည်သည့်အခါမှ လက်မခံကြလိုပေ။ဂေါဝိန္ဒဇာတ်၌ ဂေါဝိန္ဒသူဋ္ဌေးငွေတထောင်လောင်းကြေးရှုံးဘူးသော ထုံးကိုနှလုံးသွင်း ဆင်ခြင်ခဲ့လျှင် တိရစ္ဆာန်တို့ပင်သော်လည်း နားအရသာခံလိုကြောင်း ထင်ရှား၏။

ထို့ကြောင့် မည်သူမဆိုမိမိပြောလိုသောစကား၌ဤတတိယအင်္ဂါနှင့် ညီညွတ်၍ သုဘာသိတဝါစာ မင်္ဂလာကိန်းဝပ် စေလိုပါလျှင် ဖရုသဝါစာ ဖြစ်သော အပြောကြမ်းအဆိုကြမ်းတို့ကို မည်သည့်အခါမှမပြောမိစေရာ။ သို့သော် နှုတ်သံထွက်စကားကမည်မျှလောက်ပင် အပြောချိုစေကာမူ မရိုးဖြောင့်သူ ဖြစ်၍ ရည်ရွယ်ချက် စေတနာက ဝေဒနာ ဖြစ်နေပြန် လျှင်လည်း ဖရုသဝါစာဖြစ်ပြန်၏။ **''အပြောက ပျားသကာ၊ သဘောက ခါးတမာ''** ဆိုသူများပေတည်း။

သို့အတွက် လုံးဝပြစ်ချက်ကင်းသော စကားမျိုး မှသာလျှင် သုဘာသိတဝါစာဖြစ်နိုင်သဖြင့် နှုတ်သံထွက် စကားနှင့် မှန်းထားချက် စေတနာကို နေရာတိုင်း ဆန်းစစ်ဖို့ရန် အရေးကြီးပေသတည်း။

**စတုတ္ထအင်္ဂါ စိစစ်ချက်**

ထို့ပြင် မိမိ၏ငွေရမှု(သို့မဟုတ်)မုန်းတီးမှုကိုသာ ရှေးရှုလျက် မတရားသက်သေလိုက်ခြင်း, မတရား ရှေ့နေလိုက်ခြင်းစသည်တို့ကဲ့သို့ သူတပါးကိုနစ်နာစေလိုသော သဘောမျိုးဖြင့် မဟုတ်မမှန်သော အရာဝတ္ထုကို အဟုတ်အမှန်ကဲ့သို့ ပြုလုပ်ပြောဆိုရခြင်းသည်၎င်း, ဟုတ်မှန်သော အရာဝတ္ထုကို မဟုတ်မမှန်ကဲ့သို့ ပြုလုပ် ပြောဆို ရခြင်းသည်၎င်း ချွတ်ယွင်းသော စကားကို ပြောဆိုရရောက်သောကြောင့် မုသာဝါဒ (မဟုတ်မတရား လှည့်စားပြောဆိုခြင်း)မည်၏။

ထိုမဟုတ်မတရား လှည့်စား ပြောဆိုခြင်းမှ လွတ်အောင်ရှောင်ပြောနိုင်လျှင် '**မကွယ်မထောက် ရိုးဖြောင့် မှန်ကန်စွာပြောဆိုရခြင်း**' ဟူသော စတုတ္ထအင်္ဂါနှင့် ညီညွတ်ရာ ရောက်၍ သုဘာသိတဝါစာ ဖြစ်၏။ အကယ်၍ ထိုမဟုတ်မတရား လှည့်စား ပြောဆိုခြင်းမှလွတ်အောင် မရှောင်နိုင်ဟု ဆိုမူကား သုဘာသိတဝါစာမဖြစ်၊ ဒုဗ္ဘာသိတဝါစာ (မကောင်းသဖြင့်ပြောဆိုသောစကား) မျှသာ ဖြစ်၏။

ထို့ကြောင့် မည်သူမဆို မိမိပြောလိုသော စကား၌ စတုတ္ထအင်္ဂါနှင့် ညီညွတ်သော အပြောမျိုး ဖြစ်စေလိုက မုသာဝါဒကိုထိုက်သော လှည့်စားခြင်းမျိုးမှ ရှောင်နိုင်သမျှ ရှောင်လွှဲခြင်းသည်သာလျှင် အကောင်းဆုံးနည်းဟု နားလည်မှုရှိခြင်း, နားလည်မှုရှိသလောက် လိုက်နာခြင်း တို့ကို ပြုလုပ်ရန်မှာလည်း '**မုသားပါမှ လက်ာချော**' သည်ဟု အယူ ရှိနေကြသော လူ့လောကကြီး၏ ဝတ္တရားကြီးပေတည်း။

**နှုတ်ရည်အင်္ဂါစိစစ်ခန်းပြီး၏။**

# ညွှန်ပြနိုးဆော်ခန်း

ဤသို့လျှင်—

၁။ ဂုံးတိုက် ခြေထိုး သွေးကွဲစေတတ်သော စကားမျိုးမှ ရှောင်ကြဉ်ခြင်း၊

၂။ ပိန်ဖျင်းသေးငယ် အနက်အဓိပ္ပါယ် မရှိသော စကားမျိုးမှ ရှောင်ကြဉ်ခြင်း၊

၃။ ဆဲရေးတိုင်းထွာ မဖွယ်ရာ ကျိန်တွယ်သော စကားမျိုးမှ ရှောင်ကြဉ်ခြင်း၊

၄။ မဟုတ်မတရားလှည့်စားပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း ဟူ၍ စကားအရာ အင်္ဂါလေးတန်ရှိရာ မည်သူမဆို မိမိပြောလိုသော စကားက ထိုအင်္ဂါလေးပါးဖြင့် တန်းဆာ ဆင်၍ ပြောဆိုအပ်သော စကားမျိုးဖြစ်ပါမှသာလျှင် ဤသုဘာသိတဝါစာ မင်္ဂလာ တရားတော် အရ သမ္မာဝါစာ မဂ္ဂင်ထိုက်၍ မျက်မှောက်တမလွန် ကောင်းမွန်မြင့်မြတ်သော အကျိုးထူးတို့ကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်လေသည်၊

## ကောင်းစွာပြောဆိုပါ

**လိုရင်းမှတ်ဖွယ်** ဖေါ်ပြ အပ်ပြီးသော နှုတ်ရည် အင်္ဂါတို့ဖြင့် တန်းဆာဆင်ခြင်း မရှိသော စကားကို ပြောရသူတို့၏နှုတ်သီးသည်လည်း "ကုဓာရီဇာယတေမုခံ" (အလွန်အသွားထက်သောဓါးမကြီးပင်တည်း)ဟုဗုဒ္ဓရှင်တော်မြတ်က ညွှန်ပြတော်မူ၏။ ထိုနှုတ်သီး ဓါးမကြီးနှင့် အလားတူသော စကားမျိုးကိုသာ အမြတ်တနိုးပြောဆိုလေ့ရှိသူတို့သည်လည်း မည်သည့်အခါမှ အမြတ်မထွက် ကိုယ်တွက်ရှုံးလျက်

ရှိသည်သာတည်း။ ကောင်းမြတ်သော စကားက ကောင်းမြတ်သော အကျိုးကိုသာ ဖန်တီး ပေးနိုင်သလို ဆိုးယုတ်သော စကားကလည်း ဆိုးယုတ်သောအကျိုးကိုသာ ဖန်တီးပေးတတ်ပါသည်။

သို့ဖြစ်ရာ မိမိပြောလိုသောစကားက သမ္မာဝါစာမဂ္ဂင် ဖြစ်မှသာလျှင် သေလျှင်ပစ်ထားခဲ့ရမည့် ပါးစပ်မှ မသေခင် အမြတ်ထုတ်ရာ ရောက်မည်ဖြစ်သောကြောင့် ဤသုဘာသိတ ဝါစာ မင်္ဂလာ တရားတော်အရ "ကောင်းစွာပြောဆိုပါ"ဟု ညွှန်ပြနှိုးဆော်လိုပါကြောင်း။

ဆောင်ပုဒ်....

၁။ အပြစ်ကင်းလျက်၊ကောင်းကျိုးသက်၊ နှုတ်ထွက်စကားရည်။
၂။ ထိုစကားမျိုး၊ နှုတ်ဝယ်စိုး၊ ပြောကျိုးကိုယ်မှာတည်။
၃။ နှုတ်သီးဓါးထက်၊စကားပျက်၊ ကိုယ်တွက်ရှုံးတတ်သည်။
၄။ သုဘာသိတ၊ စကားလှ၊ ပြောမှဂုဏ်ရောက်မည်။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

---

## အခန်း ၁၁

## မာတာပိတုပဋ္ဌာန မင်္ဂလာ

မာတာပိတုဥပဋ္ဌာနံ မိဘ ၂ ပါးကို လုပ်ကျွေးမွေးမြူရခြင်းသည်လည်း ကုသိုလ်တရား တိုးပွါးရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁၁ နံပါတ်မင်္ဂလာကိုပင်"မာတာပိတုပဋ္ဌာနမင်္ဂလာ" ခေါ်ဆိုသည်ဟုမှတ်ပါ။

(မာတာပိတုပဋ္ဌာနပုဒ်၌၊မာတာပိတုဥပဋ္ဌာနဟုပုဒ်ခွဲ။ မာတာပိတု၊ အမိအဘ။ ဥပဋ္ဌာန၊ လုပ်ကျွေးမွေးမြူခြင်း။ မင်္ဂလာ၊ ကုသိုလ်တရားတိုးပွါးရင့်ကျက်မှု)။

မှာထားချက်။ ။မာတာ ပိတု ဥပဋ္ဌာနံ ပုဒ်ဖြင့် အမိ အဘ တို့ကို လုပ်ကျွေး မွေးမြူခြင်းသည် မင်္ဂလာ တပါးဟု ဟောတော် မူလိုရင်းဖြစ်သော်လည်း ဆိုင်ရာအဖွင့် အဋ္ဌကထာတို့၌ကား မာတုပဋ္ဌာန=အမိကို လုပ်ကျွေး မွေးမြူခြင်း သည်လည်း မင်္ဂလာတပါး၊ ပိတုပဋ္ဌာန= အဘကို လုပ်ကျွေး မွေးမြူခြင်း သည်လည်း မင်္ဂလာ တပါး,ဟု မင်္ဂလာ ၂ ပါး ပြုလုပ်၍ ဖွင့်ဆိုကြ၏။ထို့ကြောင့် ဤမာတာ ပိတု ဥပဋ္ဌာနံ,အစရှိသော ဤဂါထာအရ တနည်းအားဖြင့် မင်္ဂလာ ၄ ပါးရှိသည်ဟုလည်းအမှတ် ပြုနိုင် သေး၏။

## မိဘပြုသနာဖြေရှင်းခန်း

**မိဘကို မိဘအဆင့်အတန်းမှ မလျှောချရ**

လူမှုဆက်ဆံရေးအရ ဖြစ်ပေါ်လာသော လူ့အဖွဲ့အစည်းထဲ၌ မိဘနှင့် သားသမီး တို့မှာ ကျေးဇူးပေး ကျေးဇူးခံ အပြန် အလှန် ဆက်စပ်လျက်ရှိရာ မိဘတို့သည် သားသမီးတို့ အပေါ်၌ သူတပါးထက်ထူး၍ ချစ်ကြည်မြတ်နိုးကြမြဲ ဖြစ်သကဲ့သို့ သားသမီးတို့သည်လည်း မိဘတို့အပေါ်၌ သူတပါးထက်ထူးပြီး ဥုးထားရိုသေကြရမြဲဖြစ်၏။ ရှည်လျားသော လူ့သမိုင်းအရ မိဘကို မိဘအရာ၌ထား၍ လေးစားသမှု ဝတ်ပြု လုပ်ကျွေးရခြင်းသည်လည်း လူမျိုးတိုင်း ဘာသာတိုင်းက လက်ခံထားသော လူ့ကျင့်ဝတ်ကြီး တခုပင်ဖြစ်၏။

သို့သော် ရှည်လျားသော လူ့သမိုင်းတလျှောက်တွင် မိဘ ၂ ပါးတို့ကို လူတန်းစား တမျိုးအနေဖြင့် သီးခြား ရွေးထုတ်၍ အသိအမှတ်ပြုသော လူ့အဖွဲ့အစည်းကြီး ရှိနေသကဲ့သို့ အခြားတထောင့် တကွေးမှလည်း မာတာနတ္ထိ (အမိ၌ အမိဟု အသိ

အမှတ်ပြု၍ ဦးထားရိုသေရကျိုးမရှိ)ပိတာနတ္တိ(အဖ၌ အဖဟု အသိအမှတ်ပြု၍ ဦးထားရိုသေရကျိုးမရှိ)ဟု တမျိုး အမြင် ပြောင်းကာ မိဘ နေရာမှ လျှောချ၍ လူ့ အဖွဲ့အစည်းထဲမှ ဘဝတူ လူတယောက် ကဲ့သို့သာ အသိအမှတ် ပြုလိုကြသော ဆန့်ကျင်ဘက် လူနည်းစုများ ဘုရားလက်ထက်တော်တုန်းက ပင် ရှိနေကြသေးသည်ကိုလည်း ကျမ်းဂန်အရ သိရပြန်သည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာက မိဘကို မိဘလို သဘောမထားပဲ ဘဝတူ လူတယောက် အနေဖြင့်သာ အသိအမှတ်ပြုသင့်သည် ဟူသော အတွေးအခေါ်မျိုးမှ ဟန့်တားရန်အလို့ငှါ မာတာ ပိတု ဥပဋ္ဌာနံ (မိဘကို မိဘအရာ၌ထား၍ လေးစားရမည်၊ လုပ်ကျွေးရမည်၊ မိဘ အဆင့်မှ လျှောချခြင်း မပြုရ)ဟု ညွှန် ပြတော်မူကာ ဤမာတာပိတု ပဋ္ဌာန မင်္ဂလာ တရားတော်ကို **ဟောတော်မူရပြန်၏။**

**လူချင်း တူသော်လည်း ကျေးဇူးရှိပုံ ချင်း မတူ**

ဆက်ဦးအံ့၊ မိဘတို့က သားသမီးအပေါ်၌ ထားရှိသော မေတ္တာဓါတ်နှင့် အခြားသူတို့အပေါ်၌ ထားရှိသော မေတ္တာဓါတ်သည်ကား ဒေါသ၏ ဆန့်ကျင်ဘက် အနေဖြင့် သဘာဝ ချင်း တူမျှ၏ဟု ဆိုနိုင်သည်တိုင်အောင် အလေးချိန်ချင်း မှာကား အလွန် ခြားနားခြင်းရှိ၏။ ဥပမာ– မိဘတို့က အခြားသူ တို့ အပေါ်၌ ဖြန့်ချီထားသော မေတ္တာဓါတ်က အလေးချိန် (၁၀) တဆယ် ရှိခဲ့လျှင် သားသမီးတို့အပေါ်၌ ဖြန့်ချီထား သော မေတ္တာဓါတ်က အလေးချိန် (၁၀၀) တရာ လောက် ရှိနေပေလိမ့်မည်။ မိဘတို့က သူတပါးတို့ အပေါ်၌ "ကျန်းမာ ကြပါစေ ချမ်းသာကြပါစေ"ဟု မနောကံမေတ္တာလောက်သာ

ထားနိုင်ပြီဟု ဆိုကြစို့။ သို့သော် သားသမီးတို့ အပေါ်၌ကား တကယ် ကျန်းမာ စေရန် တကယ် ချမ်းသာ စေရန် စိတ်ထဲက မေတ္တာဓါတ်ကို ကိုယ်နှုတ်နှစ်မျိုးဖြင့် တဆင့်တိုးပြီး ရုပ်လုံးဖေါ်ကြမည် ဖြစ်သကဲ့သို့တည်း။

သို့ဖြစ်ရာ လူချင်းတူသော်လည်း ကျေးဇူးရှိပုံချင်းမတူသော မိဘတို့ အပေါ်၌ ဆိုင်ရာ သားသမီးတို့က "**နွားထီးငါးကျပ်-နွားမငါးကျပ်**" မျိုး မဖြစ်စေပဲ သူတပါးထက် ထူးပြီး ဦးစားပေး အလေးပြုနိုင်မှသာလျှင် တရားရာရောက်၍ လမ်းမှန်ကျသည်ဟု ဆိုသိုက်၏။ အကယ်၍ မိဘကို မိဘဟု အသိအမှတ်မပြုပဲ လူတယောက် အနေဖြင့်သာလျှင် ပေါင်းသင်း ဆက်ဆံခဲ့ပါမူ ထိုကဲ့သို့သော သူသည် စိတ်အခွင့် အခန့် မသင့်သော တနေ့၌ လူတယောက်ကို ရက်စက်စွာ သတ်ရဲ ဖြတ်ရဲ သကဲ့သို့ သူ့အမိ သူ့အဖတို့ကိုလည်း ရက်စက်စွာ သတ်ရဲဖြတ်ရဲ ရှိကြမည်သာတည်း။

ဤနည်းအားဖြင့်ပင် မိဘကို လူတယောက် အနေထက် ပိုပြီး အသိအမှတ် မပြုသင့် ဟူသော အယူအဆမျိုး ကိန်းဝပ်ရာမှ မိဘကို ပြစ်မှားခြင်းကြောင့် အပြစ်မရှိဟု ကံ ကံ၏ အကျိုးကို ချေမှုန်း တိုက်ဖျက်သော မိစ္ဆာဝါဒီဘက်သို့ ယိမ်းယိုင်ပြီး သေသည်မှ နောက်၌လည်း အပါယ် လေးပါးကို ဦးတိုက်တိုးရတော့မည်မှာ မလွဲပေ။ ထို့ကြောင့် လူချင်း တူသော်လည်း ကျေးဇူးရှိပုံချင်း ခြားနားမှု ရှိနေသော မိဘတို့ကို သားသမီးတို့က မိဘအရာ၌ ထား၍ လေးစားခြင်း မြတ်နိုးခြင်းဖြင့်သာလျှင် လူ့အဖွဲ့အစည်း၌ စည်းမဖေါက်သော လူမှန် လူမြတ် တယောက် ဖြစ်မည်ဟု သင်ယုံကြည်ပါ။

**သေဘေးထဲ မိဘကိုသာ တမြဲ**

တနည်းသော်ကား မရင့်ကျက်သေးသော လူ့သဘာဝအရ ပြောရလျှင် မည်သူပင် ဖြစ်စေ သေလုနီးပါး ကြီးမားသော အန္တရာယ်တခု မကျရောက်သေးသော သာမန်အခါမျိုးတွင် မိဘတို့၏ မေတ္တာစေတ် အလင်းရောင်သည် သူ့အမြင်၌ ကြည်လင် ပြတ်သားခြင်းမရှိပဲ မှောင်ချထားသကဲ့သို့ ဖြစ်နေကောင်း ဖြစ်နေပေလိမ့်မည်။ သို့သော် ထိုသူ့အဖို့မှာ မမြော်လင့်ပဲ မိဘ၏ မျက်ကွယ်၌ သေလောက်သော အန္တရာယ် တမျိုးမျိုး ဆိုက်ရောက်လာပြီဟု ဆိုကြစို့၊ တကောင်ကြွက် တမျက်နှာ, ခိုကိုးရာမဲ့ ဖြစ်နေသော ထိုအခါမျိုး၌ သူသည် သူ၏အန္တရာယ်မှ လွတ်မြောက်ရေးအတွက် ဘယ်သူ့ကို တမ်းတမလဲ ? သူနှင့် ဆက်စပ်နေသော လူ့အဖွဲ့အစည်းထဲမှ တချိန်က သူ အားကိုးထားသော ဘဝတူ သူငယ်ချင်းတွေကိုပင် တမလား? အမှန်မှာ သူသည် ဘယ်သူ့ကိုမှ မတ။ သူ့ အမိနှင့် သူ့ အဖကိုသာ တမ်းတရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် သူ တွေ့ကြုံခံစားရသော သေရေးရှင်ရေး ပြဿနာကို သူ၏ မိဘတို့ကသာ တကယ် ဖြေရှင်းလိမ့်မည်ဟု အသိတရား ဝင်လာသောကြောင့်လည်း ဖြစ်၏။ သူ၏ မိဘတို့က သူ့အပေါ်၌ ယုယပိုက်ထွေး အရေးပေး စောင့်ရှောက်ခဲ့ပုံများကို ထိုအခါကျမှ ပြန်ပြောင်း ထင်မြင်လာသောကြောင့်လည်း ဖြစ်၏။

**မိဘတို့သည်သာ ကယ်တင်သူ**

သူသည် သူ တွေ့ကြုံခံစားရသော သေရေးရှင်ရေး ပြဿနာကို မိဘတို့သည်သာလျှင် ဖြေရှင်း ပေးလိမ့်မည်ဟု မိဘတို့ကိုသာ တမ်းတခဲ့လေပြီ။ သူ ထင်မြင်သလို သူ၏ မိဘတွေကကော သူ

ကျရောက်နေသော အကျဉ်း အကျပ် ထဲမှ ကယ်တင် နိုင်ပါ့မလား? ထိုကဲ့သို့သော အခါမျိုး၌ သူ့မိဘတို့သည်သာ သူ့မျက်မှောက်၌ တကယ်ရှိနေခဲ့ပါမူ ရမည် မရမည်ကို အပ,ထား၍ သား၏ ဆင်းရဲမှ သူတို့ တတ်နိုင်သလောက် ကယ်တင်ကြမည်မှာ သေချာလှ၏။ အကယ်၍ ကယ်တင်လို့ မရသည်တိုင်အောင် "ငါ့သား လူကလေး မေမေတို့ ဖေဖေတို့ အနားမှာ ရှိသည်၊ အားမငယ်နှင့်နော်၊ တော်တော်နေ သက်သာရမှာပေါ့" စသည်ဖြင့် ကရုဏာ သောကော အရောရော ဖြစ်၍ ထွက်ပေါ်လာသော စကားလုံးကလေးများကလည်း မနေလို့ သေရစေကာမူ အားငယ်နေသူသားအတွက် အားတက်ဖွယ်ရာ တော့ ဖြစ်သေး၏။ ထို့ကြောင့် မိဘတို့၏ လက်တွေ့မေတ္တာက သားသမီးတို့အပေါ်၌ အဘယ်မျှ တန်ခိုးသတ္တိရှိသည် ဟူသော အချက်ကိုလည်း စဉ်းစားကြပါလေ။

ဤ ဖြေရှင်းချက် အရပ်ရပ်ကို ထောက်ထားပြီးလျှင် မိဘကို မိဘဟုသာ အသိအမှတ်ပြုရမည်။ ဘဝတူ လူတယောက်ကဲ့သို့ အသိအမှတ်မပြုရဟု ဤမာတာပိတု ပဋ္ဌာန မင်္ဂလာတရားတော်က သင်တို့အား သင်တန်းပေးနေပါသည်။မှန်၏။ဤသင်ခန်းစာ အရ မိဘကို မိဘဟု အသိအမှတ်ပြုခြင်း, မိဘလို ဆက်ဆန်၍ မိဘနှင့် ထိုက်တန်အောင် အရေးပေးခြင်း သည်သာလျှင် သင် အဖို့ တိရစ္ဆာန် လောက ခွဲထုတ်ပေးသော တိရစ္ဆာန်နှင့် လူသားတို့၏ နယ်ခြားမှတ်တိုင်ကြီး ပေတည်း။

မိဘပြဿနာ ဖြေရှင်းခန်းပြီး၏။

## မိဘကျေးဇူးဖေါ်ပြခန်း

**မိဘတို့၏ ရည်ရွယ်ချက်**

သားသမီးတည်းဟူသော အညွန့်အခက်တို့ဖြင့် ရှုတ်ရက် ခတ်နေသော ဤလူ့လောကကြီး အတွင်း၌ သားချစ်, သမီးချစ် တန်းလန်း ရှိနေကြသော မိဘတို့အနက် ဆင်းရဲသော မိဘတို့ကလည်းဆင်းရဲသည့် အလျောက်၊ ချမ်းသာသော မိဘ တို့ကလည်း ချမ်းသာသည့် အလျောက်ပင် နေ့ရှိသမျှ ဒုက္ခဖြင့် ရင်းနှီးလျက် ပစ္စည်း ဥစ္စာတို့ကို ရရာ ရကြောင်း အပန်းတကြီး ရှာဖွေနေကြသော်လည်း အိုစာ, နာစာ ကိုယ့်တွက်တာဟု ရည်ရွယ်ချက် မထားကြဘဲ သားစာ, သမီးစာ, မြေးစာ, မြစ်စာ ဟူ၍သာ ရည်ရွယ်ချက် ထားကြသူက များလေသည်။

သားသမီးတို့ အတွက် ကိုယ့် တသက်တွင် ကျေနပ် လောက်အောင် စောင့်ရှောက် ရုံမျှဖြင့် အားမရ သေးဘဲ သေသည်မှ နောက် ဖြစ်သော နောင်ရေး ကိုပင် တွေး၍ ပူပင်လေ့ ရှိကြသော ထိုမိဘတို့၏ မေတ္တာတော် အ ဟုန့်ကား ဆိုင်ရာ သားသမီးတို့ အပေါ်၌ အမြော်အမြင် ကြီးလေစွ။

**သားသမီးအမွေကို မိဘမခံထိုက်**

အကယ်၍သာ ဤဘဝက သားသမီးကို နောင်ဘဝ ဆက်လက်၍ စောင့်ရှောက် နိုင်ကောင်းသော သဘာဝ တရားမျိုးသာ ရှိရိုးမှန်ပါက ထိုသဘာဝ အတိုင်းပင် တဘဝ ပြောင်းသော်လည်း ဘဝဟောင်းက သားသမီးတွေကိုကား ဆက်လက်စောင့်ရှောက် နေမည်မှာ အမှန် ဖြစ်လေသည်။ သို့သော် ထိုသဘာဝ တရားမျိုး မရှိသည့် အတွက် ကိုယ့် တသက်တွင် စုဆောင်း ထားသော ပစ္စည်း, ဥစ္စာတို့ကိုသာ သူတို့တသက် စားရော့ဟု အမွေဥစ္စာအဖြစ် ထားခဲ့ကြရပြန်၏။

ထို့ကြောင့် မိဘဖြစ်သူတို့၏ ရည်ရွယ်ချက်အားလျော်စွာပင် မိဘ ပစ္စည်းကို သား သမီးတို့ကသာ အမွေ ခံထိုက် သည်ဟု လောကီ ဓမ္မသတ် အစောင်စောင် တို့က အဆို ရှိသော်လည်း သားသမီး ပစ္စည်းကို မိဘ တို့က အမွေ ခံထိုက်သည် ဟူ၍ကား မည်သည့် ဓမ္မသတ်ကမှ အဆိုမရှိကြပေ။

**သာဘက်ကမနေကြရ** ထို့ပြင်လည်း အမိဖြစ်သူသည် ကိုယ့်သား သမီး ဖွားသည်, မဲသည် မသိရမီ ပဋိသန္ဓေ အခါကစ၍ နောင် လူလားမြောက်သည့် အချိန်အထိ မိမိတို့၏ သားသမီး အပေါ်၌ ကိုယ်ဘိ ရင်ဘိ စောင့်ရှောက် ကျွေးမွေး အရေး ပေးလာရပုံ, အဘ ဖြစ်သူကလည်း ကိုယ့် သားသမီး ''ဘဝါးလက်တလုံး-ပခုံးလက်လေးသစ်'' ဆိုသော အချိန်က စ၍ သားသမီးတသက် ကိုယ့်တသက် စောင့်ရှောက်လာရပုံ,မိဘ အောက်တန်း ကျသည့် အခါ သားသမီးတို့က မိဘကိုပင် မိဘ မထင်သလို အမှုမဲ့အမှတ်မဲ့ နေတတ်ကြသော်လည်း သားသမီး အောက်တန်း ကျသည့် အခါ၌ကား ဆိုင်ရာ မိဘ တို့က ကိုယ့် သားသမီး အပေါ်၌ပင် ကိုယ် မေတ္တာ ဓာတ် ပေါ်မှာ ကရုဏာ တိုးတက် လာရပုံ စသော လောက မျက်မြင် အရပ်ရပ် တို့ကို အထပ်ထပ် ဆင်ခြင် ကြည့်ရ လေသော် မိဘတို့သည် သားသမီး အပေါ်၌ မည်သည့်အခါမှ သာဘက်က မနေကြရပေ။ သား သမီး တည်းဟူသော အစွဲ အလန်းကြောင့် အမြဲတန်း နာဘက် ကသာ နေကြရ လေသည်။

သို့သော်လည်း ငါတို့မှာ နာဘက်ကသာ နေကြရသည်ဟု ကိုယ့် သားသမီး အပေါ်၌ ဘယ် မိဘက မှလည်း ကြေးမတွက် လိုကြ။ သားသမီး အတွက် များများကြီး အနာခံရ လေလေ

များများကြီး ကျေနပ် လေလေပင် ဖြစ်ကြ၏။ ဤ ဆိုအပ်ခဲ့ပြီး ဖြစ်သော ကျေးဇူး ကြီးပုံ အရပ်ရပ် တို့ကိုပင် ရည်ရွယ်တော်မူလျက် ဗုဒ္ဓအရှင်မြတ်ကလည်း—

**ဗြဟ္မာပုဗ္ဗာစရိယာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ**

(ရဟန်းတို့ မိဘတို့သည် သားသမီးတို့ အပေါ်၌ ကျေးဇူးများကြသည်)ဟူ၍ ဟောတော်မူလေပြီ။ **(အင်္ဂုတ္တရပါဠိတော်)**။

ထို့ပြင် မာတုပေါသက သုတ်၌လည်း—

**၁။ ပထဝီဝေဠုကံပတ္တံ။** ။နှစ်သိန်း လေးသောင်း အထုရှိသော ဤမဟာပထဝီ မြေကြီးသည် မိဘကျေးဇူးနှင့် နှိုင်းစာလျှင် ဝါခွက်ကလေးမျှ သေးငယ်သွားရသည် ဟူ၍ဖွင်း၊

**၂။ သိနေရု ဥဒ္ဓုန ဝမ္မိကံ။** ။ရှစ်သောင်း လေးထောင် မြင့်သော မြင့်မိုရ်တောင်ကြီးသည် မိဘကျေးဇူး နှင့် နှိုင်းစာလျှင် ပေါက်ခါစ နွားဥုးချိုလောက်သာ ရှိရသည် ဟူ၍ဖွင်း၊

**၃။ စက္ကဝါဠံ သူစိဃရံ။** ။အလွန် ပြန့်ကျယ်သော စကြဝဠာကြီးသည် မိဘကျေးဇူးနှင့်နှိုင်းစာလျှင် အပ်နဖားပေါက်မျှ ကျဉ်းကြုတ် သွားရသည် ဟူ၍ဖွင်း၊

**၄။ သမုဒ္ဒေါ ပါတိကံ ယထာ။** ။သမုဒ္ဒရာ ရေပြင်ကြီးသည်လည်း မိဘကျေးဇူးနှင့်နှိုင်းစာက မိုယ်းရေပေါက်ကလေး သဖွယ် သေးငယ် သွားရသည် ဟူ၍ဖွင်း၊ မိဘ တို့၏ ကျေးဇူးကြီးပုံကို ဟောတော် မူပြန်၏။

**မိဘတို့နှင့် ဘွဲ့ထူး** ထို့ပြင်လည်း မိဘ တို့သည် သားသမီးတို့အပေါ်၌ ဗြဟ္မာကြီးပမာ အခါကိုလိုက်၍ (၁)သနားမှု၊ (၂)ချစ်ကြည်မှု၊ (၃) ဝမ်းမြောက်မှု၊ (၄)လစ်လျူရှုမှုဟူသော ဗြဟ္မဝိဟာရ ၄ ပါးကို ပွါးများနိုင်ခြင်း၊ သားသမီးတို့၏အကျိုးကို လိုလား၍ သားသမီးတို့၏ အကျိုးကိုသာဆောင်ခြင်း၊ သား သမီးများ သိတတ်သည့် အချိန်ကစ၍ သိသင့်သိထိုက်သော အချင်း အရာ များကို လက်ဦး သင်ပြပေးခြင်း၊ သား သမီးတို့၏ ပေးလှူမှုကို ခံယူနိုင်ခြင်းစသော အင်္ဂါရပ်တို့နှင့် ညီညွတ်သူများဖြစ်သောကြောင့် ထိုမိဘ ၂ ပါးတို့ကိုပင်——

၁။ ဗြဟ္မာကြီး ဟူသော ဘွဲ့ထူးကိုလည်း ခံထိုက်သည်၊

၂။ အိမ်ဦးနတ် ဟူသော ဘွဲ့ထူးကိုလည်း ခံထိုက်သည်၊

၃။ လက်ဦးဆရာ ဟူသော ဘွဲ့ထူးကိုလည်း ခံထိုက်သည်၊

၄။ အာဟုနေယျ ခံပုဂ္ဂိုလ် ဟူသော ဘွဲ့ထူးကိုလည်း ခံထိုက်သည်

ဟူ၍ ဘွဲ့ထူး ၄ မျိုး ရထိုက် သူများ ဖြစ်ကြောင်း ကိုလည်း ဗုဒ္ဓအရှင်မြတ်က ညွှန်ပြခဲ့ပြန်လေပြီ။ ထို့ကြောင့် မိဘ တို့၏ ကျေးဇူးသည် သားသမီးတို့၏အပေါ်၌ ခေါင်းမဖေါ်နိုင်လောက်အောင် စုပုံ များပြားလှ ပေသည်ဟု မှတ်သားကြပါလေ။

မိဘ ကျေးဇူးဖေါ်ပြခန်းပြီး၏။

## သားသမီးတာဝန်ပေါ်ပြခန်း

ထိုမျှလောက်ပင် ကျေးဇူးကြီးလှပေသော မိဘနှစ်ပါးတို့ကို ဤမာတာပိတု ပဋ္ဌာန မင်္ဂလာတရားတော်အရ ''ဘုရားတဆူ ဂူတလုံး''ကဲ့သို့ အမြင့်ဆုံး အတန်းကထား၍ သားသမီးဝတ်၌ လာသည့်အတိုင်း လုပ်ကျွေးမွေးမြူ အရေးယူဦးထားရန်မှာ ဆိုင်ရာ သားသမီးတို့၏ တာဝန်ပင် ဖြစ်လေသည်။ အကယ်၍ ထိုတာဝန်ကိုခေါင်းတိမ်းနေခဲ့ပါမူ တာဝန်မကြေသူထိုသားဆိုး သမီးဆိုးတို့သည်ကား မျက်မြင်လောက၌ရင်း၊ နောင် သံသရာ၌ ၎င်း မကောင်းသော အပြစ်များ ကိုလည်း ထိုက်သလို ရကြမည်သာတည်း။

မိဘနှစ်ပါးရှိ သည့် အနက် လက်ျာဘက် ပခုံး၌ အမိကို ထားကာ၊ လက်ဝဲ ပခုံးပေါ်မှာကား အဘကိုထား၍ အသက် ထက်ဆုံး ထိုပခုံး၌ပင် အစားအစာကျွေးမွေး အညစ်အကြေး စွန့်စေသည်အထိ ကိုယ်ဘိရင်ဘိ လုပ်ကျွေး နေစေကာမူ၊ မိဘ ဖြစ်သူတို့၏ ကျေးဇူးကား ကြေနိုင်သည်မရှိဟု ကျမ်းဂန် များ ကလည်း ဤအတိုင်းပင်ညွှန်ပြကြသည်။

ပုဏ္ဏောဝါဒမျိုး—

အံ့လောက်စရာ၊ မိမာတာနှင့်၊ ပိတာအဘ၊ မြတ်ဂုဏအား၊ ဆပ်ညားပါလို၊ မိကို လက်ျာ၊ ဘမှာ လက်ဝဲ၊ အမြဲထားလျက်၊ ပခုံးထက်တွင်၊ သို့ပင် နိစ္စ၊ လုပ်ကျွေး ကြလည်း၊ ရှေးကပြဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲနိုင်၊ မဆပ်နိုင်တည်း။

ဤသို့လျှင် သားသမီးဖြစ်သူတို့က မိဘအပေါ်၌ ဆောင်ရွက် ရမည့်တာဝန်သည် အလွန် ကြီးကျယ် လှပေသည် တကားဟု စဉ်းစားဆင်ခြင် ဉာဏ်ထဲတွင် စူးစိုက်ပြီးဖြစ်ပါစေ။

**အလှူခံနှင့်အလှူပေး** ထိုပြင် ဗုဒ္ဓအရှင်မြတ်က မိဘတို့သည် သားသမီး၏ အလှူဝတ္ထုကို ခံထိုက်သည့် အာဟုနေယျ (အလှူခံ) ပုဂ္ဂိုလ် ဖြစ် သည် ဟူ၍ ဟောတော်မူ၏။ ထိုဟောတော် မူချက်အရ မိဘ တို့သည် သားသမီး တို့၏ အလှူခံပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် သားသမီးတို့လည်း မိဘတို့၏အလှူပေး ပုဂ္ဂိုလ်တွေ ဖြစ်ကြပြန်လေ၏။

အလှူခံပုဂ္ဂိုလ်တို့မည်သည် အလှူပေး ပုဂ္ဂိုလ်တို့ အပေါ်၌ အစစအရာရာ မျက်နှာမရဲရှာသကဲ့သို့ မိဘတို့သည်လည်း ကျွေးတို့, ကျွေးလှည့်၊ မွေးတို့, မွေးလှည့် ရောက် နေသော သားသမီးတို့၏ အပေါ်၌ အစစအရာရာ မျက်နှာ ရဲရှာကြမည် မဟုတ်ပေ။ သားသမီးတို့က အလိုက်သိ ကျွေးမွေး ပေးကမ်းမှ သာလျှင် အေးချမ်းသော အခွင့်အရေးကို ရနိုင်ကြမည်ဖြစ်၏။ အကယ်၍သာ သားသမီးဖြစ်သူတို့က မိဘတို့အပေါ်၌မကျွေးချင် မမွေးချင် အင်တင်တင် အောင့်တောင့်တောင့် နှလုံး သွင်း မဖြောင့်ဘဲ ရှိနေခဲ့သော်၊ ထိုမိဘတို့မှာ တာဝန်သိသော သားကောင်း, သမီးကောင်းတို့၏ မိဘများ မဖြစ်ရသည့်အတွက် ချို့ငဲ့လျက်ပင်၊ လောက၌ ရသင့်ရထိုက်သော လူ့အခွင့်အရေး တို့ကိုလည်း ရနိုင်မည် မဟုတ်ပေရာ။ လောက၌ ရသင့်ရထိုက် သော လူ့ အခွင့် အ ရေးကိုမှ မ ရနိုင်ခဲ့သော် ဘုရားသွား ကျောင်းတက် ကုသိုလ်ဘက်လိုက်စားမှုဟုဆိုအပ်သော နောင် သံသရာအခွင့်အရေးကိုလည်း အဘယ်မှာ ရနိုင်ပါမည်နည်း။

ထို့ကြောင့် မိမိတို့၏အလှူခံပုဂ္ဂိုလ်ဖြစ်သော မိဘ ၂ပါးကို အလှူပေးဖြစ်သော သားသမီးတို့က ကြီးမားသော ကာယကံ မေတ္တာ, ဝစီကံ မေတ္တာ ရှေ့ထားလျက် လုပ်ကျွေး မွေးမြူမှ

သာလျှင် တာဝန်သိသော သားကောင်း သမီးကောင်းတွေ ဖြစ်ကြပေလိမ့်မည်ဟု နားလည်ရန်မှာလည်း မိနှင့်ဘနှင့်နေသူတိုင်း၏ ဝတ်တရားကြီးပင်တည်း။

**ညှိသည်နှင့်အိမ်ရှင်** ထို့ပြင်လည်း ဗုဒ္ဓရှင်တော်မြတ်က မိဘတို့သည် သားသမီးတို့၏ညှိဝတ်ကိုမချွတ်ရထိုက်သည့် ပါဟုနေယျ (ညှိကောင်း) ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြသည်ဟု ဟောတော်မူပြန်၏။ ထိုဟောတော်မူချက်အရ မိဘတို့သည် သားသမီးတို့၏ညှိဝတ်ကို ရထိုက်သည့် ညှိသည်ကြီးတွေဖြစ်ခဲ့လျှင် သားသမီးတို့သည်လည်း ထိုညှိသည်ကြီးတွေကိုပင် မုချ ညှိခံရမည့် အိမ်သည်ကြီးတွေ ဖြစ်ကြ ရပြန်လေသည်။

ညှိသည်တို့မည်သည် အိမ်ရှင်တို့ အပေါ်၌ ပြောရဲ, ဆိုရဲ, နှုတ်မရဲရှိကြသကဲ့သို့ မိဘတို့သည်လည်း ကျွေးတုံ့ ကျွေးလှည့်, မွေးတုံ့ မွေးလှည့် ရောက်နေသော သားသမီးတို့အပေါ်၌ ပြောရဲ, ဆိုရဲ ရှိကြမည် မဟုတ်ပေ။ ညှိသည်တို့ မည်သည် အိမ့်ရှင်တို့၏မျက်နှာကကို အမြဲကြည့်ရသကဲ့သို့ မိဘတို့သည်လည်း သားသမီးတို့၏ မျက်နှာကကို အမြဲတမ်း ကြည့်ရပြန်လေသည်။

ထို့ကြောင့် အိမ့်ရှင်နှင့် အလားတူသော သားသမီးတို့က ညှိသည်နှင့်အလားတူသော မိဘ ၂ ပါးကို ညှိဝတ်ကြေအောင် ညှိခံ ပြုစုမှ သာလျှင် သားသမီးတို့ဘက်မှ တာဝန်ကြေပွန်မည်ဖြစ်၏။ အကယ်၍ သားသမီးတို့က မိဘတို့အပေါ်၌ တာဝန်ကြေအောင် ပြုစုခြင်းမရှိဟုဆိုပါမူ ညှိဝတ်မကြေသော အိမ်ရှင်တို့လက်ထဲ၌ ညှိသည်ကြီးတို့ပမာ အရာရာကျဉ်းကြပ်

နေရှာသော မိဘ ၂ ပါးတို့မှာ အဘယ်မှာလျှင် ကိုယ်စိတ် ၂ ပါးချမ်းသာခွင့်ရနိုင်ပါအံ့နည်း။ စဉ်းစားကြပါလေ။

ဤအရာ၌ သားသမီးတို့က တာဝန်မကြေပွန်သဖြင့် ဆိုင်ရာမိဘတို့ ဆင်းဆင်းရဲရဲ ဖြစ်ရပုံ စသည်တို့ကို ဗြာဟ္မဏသံယုတ်လာ သားလေးယောက်ဘခင် ပုဏ္ဏားကြီးဝတ္ထုကသက်သေခံလေပြီ။

**သားဆိုး ၄ ယောက်** ယခုကာလ၌လည်း တာဝန်မကြေသော သားသမီး မျိုးတွေ ရှိတတ် ကြရာ ထိုမိဘ မလုပ်ကျွေးသော သားသမီးတို့ကို—

၁။ ခွေးလိုမိုက်မဲသော သားဟူ၍၎င်း၊

၂။ ဘီလူးက လူယောင်ဆောင်သော သား-ဟူ၍၎င်း၊

၃။ မိဘအပေါ်၌ မြင်းအို,မြင်းကျိုးကဲ့သို့ တန်ဘိုးမထားသော သား-ဟူ၍၎င်း၊

၄။ လက်သုံး တောင်ဝှေး လောက်မှ အသုံး မဝင်သော သား-ဟူ၍၎င်း

ဗြာဟ္မဏသံယုတ်၌ ဘုရားကဲ့ရဲ့တော်မူသော ထုံးကို နှလုံးသွင်းဆင် ခြင် ကာ မိ ဘ လုပ် ကျွေး ရမည့် သား သမီး တာ ဝန် ကို ကြေပွန်စေမှသာလျှင် သားကောင်း, သမီးကောင်း ပြီသရာ ရောက်၍ ထိုမိဘလုပ်ကျွေးရသော မာတာပိတု ပဋ္ဌာနကုသိုလ် အဟုန်ကြောင့် ယခုလောက၌၎င်း၊ နောင်သံသရာ၌၎င်း ရသင့် ရထိုက်သော အကျိုး တရားတို့ကိုလည်း ခံစား ရလိမ့်မည်ဟု သင်-ယုံကြည်ပါ။

**သားသမီးတာဝန်ဖေါ်ပြခန်းပြီး၏။**

# ညွှန်ပြနှိုးဆော်ခန်း

ဤမာတာပိတုပဋ္ဌာန မင်္ဂလာတရားတော်အရ (၁) မိဘပြဿနာကိုလည်းဖြေရှင်းပေးခဲ့ပြီ၊ (၂) မိဘကျေးဇူးကိုလည်းဖေါ်ပြခဲ့ပြီ၊ (၃) သား သမီး တာ ဝန် ကို လည်း ဖေါ် ပြ ခဲ့ ပြီ၊ ဤနောက်ဆုံးဖြစ်သောအခန်းသည်ကားတာဝန်ရှိသူတို့အတွက် တာဝန်ကြေအောင်လိုက်နာဘို့ရန်ညွှန်ပြနှိုးဆော်ခန်းပင်ဖြစ်၏။

**လုပ်ကျွေးခြင်း၂မျိုး** ဤ၌ တာဝန်ဟူသော စကားအရ သားသမီးတို့က အမိ, အဘကို လုပ်ကျွေးခြင်းကလည်း၊ (၁) ရိုးရိုးလုပ်ကျွေးမှု၊ (၂) အထူးလုပ်ကျွေးမှုဟု ၂ မျိုးရှိရာ၊ (၁) မိဘကိုနှင်းနှိပ်ပေးခြင်း၊ (၂) မိဘအတွက် ချိုးရေ သောက်ရေ သုံးရေ တည်ထားခြင်း၊ (၃) မိဘအတွက် နေအိမ် ဆေးဝါး အဝတ်အစားစသည်ကို စီမံပေးခြင်းစသော လုပ်ကျွေးမှုများသည် ရိုးရိုးလုပ်ကျွေးခြင်းဖြစ်၍၊ (၁) ရတနာသုံးပါး၌မကြည်ညိုသေးသောမိဘမျိုးဖြစ်နေလျှင် မိမိကရတနာသုံးပါး၌ ကြည် ညို အောင် သွေး ဆောင် ညွှန် ပြ ပေး ခြင်း၊ (၂)သီလဆောက်တည်စေခြင်း၊ (၃) မိဘတို့ကိုရသေ့ရဟန်းပြုလုပ်စေ၍ စောင့်ရှောက်ပေးခြင်း ဟူသော ဤ ၃ ပါးသည် ကား အထူးလုပ်ကျွေးခြင်းဖြစ်လေသည်။

ထို ၂ မျိုးတို့အနက် အထူးလုပ်ကျွေးခြင်းသည် ရိုးရိုးလုပ်ကျွေးမှုထက် အဆပေါင်း များစွာ မြင့်မြတ်သော လုပ်ကျွေး

မှုမျိုးဖြစ်၏။ သို့ရာတွင် မိဘပစ္စည်းရှိမှသာ သားသမီးက အသိအမှတ်ပြုလိုသော ယခုခေတ်၌ကား ရိုးရိုး လုပ်ကျွေးမှုကိုပင် မပြုလိုကြ၊ ဝမ်းနည်းဘွယ် ကောင်းလှ၏။

## မိ ဘ ကို လု ပ် ကျွေ း ပါ

ညွှန်ပြနိုးဆော်ချက် ဖြစ်သည်။

ညိုရင်းမှတ်ဘွယ်　မိဘက ပြုစု ပျိုးထောင် ပေးခဲ့သော မွေးကျေးဇူးသည် သား သမီး အပေါ်၌ အများကြီး ရှိသည်။ ထိုမွေးကျေးဇူးတွေကို ဂုဏ်ပြုရည်စူး၍ လုပ်ကျွေးခြင်းသည်ပင် မင်္ဂလာဖြစ်သည်။ မိဘ၌ပြုရမည့်သားသမီးဝတ်ကို မချွတ်ယွင်းစေသူသည် လောက၌ရင်း၊ သံသရာ၌ရင်း အောင်ပန်းဆွတ်ခူး အထူးကြီးပွါးနိုင်ပါသည်။ ထို့ကြောင့် ဤမာတာပိတု ပဋ္ဌာန မင်္ဂလာ တရားတော်အရ မိဘကို လုပ်ကျွေးပါဟု ညွှန်ပြနိုးဆော်လိုပါကြောင်း။

၁။ မိဘပြုဘူး၊ မွေးကျေးဇူး၊ ရည်စူးဆင်ခြင်ကာ။

၂။ ဂုဏ်ကိုမြှော်တွေး၊ သင်လုပ်ကျွေး၊ ရှေ့ပြေးမင်္ဂလာ။

၃။ သားသမီးဝတ်၊ သင်မချွတ်၊ ပန်းဆွတ်ကြီးပွါးရာ။

၄။ မိခင်ဘခင်၊ သင်ထွက်ဝင်၊ နေ့စဉ်ဝတ်ပြုပါ။

ညွှန်ပြနိုးဆော်ခန်းပြီး၏။

## အခန်း ၁၂

## ပုတ္တဒါရ သင်္ဂဟ မင်္ဂလာ

ပုတ္တဒါရဿသင်္ဂဟော — မိမိ သား, မယား တို့ကို ချီးမြှောက် ထောက်ပံ့ ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွါးရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁၂ နံပါတ်မင်္ဂလာကိုပင် သမာသ်တွဲစပ်၍ "ပုတ္တဒါရ သင်္ဂဟ မင်္ဂလာ"ခေါ်ဆိုသည်ဟု မှတ်ပါ။

(ပုတ္တဒါရ-သား,မယား။ သင်္ဂဟ—ချီးမြှောက် ထောက်ပံ့ ရခြင်း။ မင်္ဂလာ-ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု)။

---

## သား,မယား ပြဿနာ ဖြေရှင်းခန်း

### သား,ပြဿနာ

သား ၃ မျိုး — ဤ ပုတ္တ ဒါရ သင်္ဂဟ မင်္ဂလာ တရားတော်အရ သား,မယားကို ချီးမြှောက် ထောက်ပံ့ရမည်ဟုဆိုပြီ။ ထိုတွင် သားမယားဟူသောလောကဝေါဟာရစကားအရ သား-ဟူသည်မှာ မိမိမှ မွေးဘွားသော သားပင်ဖြစ်၏။ သို့သော် သူတပါးထံမှတောင်းယူ၍ ကိုယ်ပိုင် သား-အမှတ်ဖြင့် မွေးစားအပ်သူတို့ကိုလည်း ဤမင်္ဂလာ တရားတော်အရ ချီးမြှောက်ထောက်ပံ့ရမည်သာတည်း။

ဤစကားရပ်တို့၌ သား,မယားဟုသာ ခေါင်းတပ်၍ပြောဆိုရိုးပြုကြသော်လည်း ဥပလက္ခဏနည်း ပဓာနနည်းအားဖြင့် သမီးလည်းပါဝင်သည်ဟု မှတ်ပါ။

ဗုဒ္ဓအရှင်မြတ် ညွှန်ပြတော်မူအပ်သော ကျမ်းဂန်လာ သား-အမျိုးအစားတို့မှာ—

၁။ **အတိဇာတ**၊ သားကောင်း,သားမြတ်၊

၂။ **အနုဇာတ**၊ အလယ် အလတ်စား သား-မျိုး၊

၃။ **အဝဇာတ**၊ သား-ယုတ် သား-ညံ့

ဟူ၍ ၃ မျိုး ၃ စား ရှိသည်။ ထိုတွင် ၁ အမှတ်ပြ သားကို ပထမတန်းစားသား၊ ၂ အမှတ်ပြသားကိုဒုတိယတန်းစားသား၊ ၃ အမှတ်ပြသားကို တတိယ တန်းစား သား-ဟု ဤသို့လည်း ခွဲခြား မှတ်သားနိုင်သည်။

**ချွတ်ချက်** ထိုကဲ့သို့ သား ၃-မျိုးရှိသည့်အနက် စိတ်နေစိတ်ထား အားဖြင့်၎င်း၊ အသိဉာဏ် အားဖြင့်၎င်း၊ အလိမ္မာအားဖြင့်၎င်း အစစအရာရာ မိဘထက် သာသော သား-ကိုပင် အတိဇာတ(သားကောင်း,သားမြတ်)ဟု ခေါ်ရသည်။

**အမိုက်ထဲကလည်း ကျောက်ကောင်းထွက်ဆိုသောစကား** အရ အောက်တန်းစား မိဘတို့မှလည်း ထိုကဲ့သို့သော ပထမတန်း သားကောင်း, သားမြတ်မျိုး ပေါ်ထွက် လာနိုင် သောကြောင့် မိဘ ညံ့ ရုံ မျှ ဖြင့် လည်း သားသမီးကိုကား အရမ်းမဲ့ အထင်မသေးသင့်။ ရှင်းရှင်းရေးရလျှင် ထို ပထမတန်း သားကောင်း,သားမြတ်တို့ သည်ကား **အဘထက်တလကြီး** သူများပင်တည်း။

ထို့ပြင်လည်း အကျင့်စာရိတ္တ, စိတ်နေ သဘောထားမှစ၍ အရာရာပင် မိဘနှင့်တူလျက် မိဘနောက်သို့ ရိုးစွဲလိုက်သော သားမျိုးကို အနုဇာတ (ဒုတိယတန်းစား, အလယ် အလတ် သားမျိုး)ဟု ဆိုရ၏။ ဤလောက၌ လူတယောက် ချီယွင်း နေသည်ကို တွေ့ရလျှင် လူ့ကိုယ်က မည့်နိုင်ဘဲ နေပါ့မလား။ သူ့ မိဘ ကိုက ဘယ် လို အ စား မျိုး ဟု အမျိုးကို နှိမ့်ချလျက် ပြောလေ့ ပြောထ ပြုခြင်း၊ လူတယောက် သေသေဝပ်ဝပ်ဖြစ် နေသည်ကို တွေ့ရလျှင်လည်း၊ သည်လူ မတော်နိုင်ဘဲ နေပါ့ မလား, သူ့မိဘများကိုက မျိုးနှင့်ရိုးနှင့် လာတာကိုးဟု မျိုးရိုး ဇာတိကိုပါ မြှင့်တင်ပြီးပြောဆိုခြင်းများသည်လည်း ယေဘူယျ အားဖြင့် မိဘခြေရာနင်းသောအနုဇာတသားကို ရည်ရွယ်လျက် နှိမ့်ချ မြှင့်တင်ခြင်းမျိုးတို့ပင် ဖြစ်၏။ အမှန်မှာ ဤ အနုဇာတ သားမျိုး ဟူသည်ကား **"သည်ပုတ်ထဲက-သည်ပဲ"** ဆိုရသော သားများ ပေတည်း။

ထို့ပြင်လည်း အကျင့် စာရိတ္တ ဘက်မှာ ဖြစ်စေ၊ စိတ်နေ သဘောထားဘက်မှာပင်ဖြစ်စေ၊ အဘက်ဘက်၌ပင်မိဘ ထက် ယုတ်လျော့လျက် အစစ အရာရာ မိဘလောက်မှ မလာသော သားမျိုးကို အဝဇာတ(တတိယတန်းစား သားယုတ် သားညံ့) ဟု ဆိုရ၏။ ယခု အခါ၌ အထက်တန်းစား မိဘတို့ မှလည်း ထိုကဲ့သို့သော သားယုတ် သားညံ့မျိုး ပေါ်ထွက်လာနိုင်သော ကြောင့် မိဘ ဂုဏ်ရှိရုံမျှဖြင့်လည်း သားသမီး ဂုဏ်ရှိလိမ့်မည်ဟု အရမ်းမဲ့ အထင် မကြီးသင့် **"တမိပေါက်-တယောက်ထွန်း"** ဆိုသည့် အတိုင်း အကောင်းတွေ အများ ထဲမှ ဘယ်တော့မှ ပြုတ်-မနူးသည့် စုန်းပြူးသူ သားညံ့-သမီးညံ့ များလည်း ပါတတ် သေးသည်ကို သတိပြု၊ အကယ်၍ မိဘများကိုက ညံ့နေပြန်

လျှင်လည်း၊ ထိုထက်ပင် ညံ့ရဦးမည့် သားသမီးမျိုးအတွက်ကား ဆိုဘွယ်ပင်မရှိတော့ပြီ။

**သားကောင်း အမိနှင့် သားရှိသောမိန်းမဖြူ**

ဤဆိုအပ်ခဲ့ ပြီးသော သား ၃-မျိုးတို့အနက် ပထမ (အတိဇာတ) သားမျိုးသည် သူ့ကို အကြောင်း ပြု၍ သူ၏ အမျိုးဇာတိ ကိုပါ ဂုဏ်တက် စေနိုင် သောကြောင့် ထိုပထမ (အတိဇာတ)သားမျိုးကိုပင် သားအစစ်ဟု ဆိုရ၏။ သားက သားစစ်-သားမှန် ဖြစ်လျှင် မိဘများလည်း "**ဇနနီဇနက**" အမည်ရ၍ မိစစ်-ဘစစ် ဖြစ်ရပြန်၏။

ဒုတိယ(အနုဇာတ) သားမျိုးသည်ကား ပညာနည်းပါး၍ ကိုယ်ကျင့်တရားလည်း စာဖွဲ့လောက်အောင်မရှိပေ။ ထိုစာမဖွဲ့လောက်သော ဒုတိယ (အနုဇာတ) သားမျိုးသည် အဘယ်မှာလျှင် သားကောင်း - သားမြတ် ဖြစ်နိုင် အံ့နည်း။ သူသည် လူတယောက်ဟု ပြောလောက် ရုံမျှသာတည်း။

ထို့ပြင်လည်း တတိယ (အဝဇာတ) သားမျိုးသည်ကား အညံ့ဆုံးပင်ဖြစ်၏။ သူ့မှာ လူ့ဒါန်းစွန့်ကြဲမှု ဝါသနာထုံခြင်းလည်းမရှိ။ ကျင့်ကြံမှုလည်းမရှိ။ ရဲရင့်မှုလည်းမရှိ။ သူသည် တတ်သင့် တတ်ထိုက်သော ပညာကိုလည်း မတတ်မြောက်ပေ။ တတ်သင့် တတ်ထိုက်သောပညာကို မတတ်သောကြောင့် ရသင့် ရထိုက်သော ဉစ္စာကိုလည်း မရပေ။ ကုသိုလ်, ပညာ, ဉစ္စာ, ဘယ်အရာ၌မှ တီးခေါက်၍မရသော သားမျိုးပင်တည်း။ ထိုကဲ့သို့သော သားမျိုးသည် မိခင်၏ အညစ် အကြေးသဘွယ်မျှသာ ဖြစ်၍ သားအရာပင်မမြောက်တော့ပြီ။

မွေးအပ်သော သားကမှ သားအရာ မမြောက် ခဲ့လျှင် ထိုသားမျိုးကို မွေးဖွါးရသော မိခင်သည်လည်း မွေးကျေးဖူး

မနပ်သောကြောင့် လုံးဝ သန္ဓေ မတည်သော မိန်းမ ကဲ့သို့ သူကိုယ်တိုင် အဖိုအမြုံဘဝသို့ရောက်၍ "ဇနနီ,ဇနက" မိဘ ဟူသောအမည်ကိုပင် မခံထိုက်တော့ပေ။ သူသည် အမှန်အား ဖြင့် သားမွေးသော မိန်းမမြုံတမျိုးပင်တည်း။

ဟိတောပဒေသပျို့။ အကြင် သား ဖြင့်, မျိုးနွယ် မြင့်၏, ဆိုသင့် ထိုသား, အကြင် သား မူ, ပါး ရှား ပညာ, တရားကွာ၏, ဘယ်မှာလိုသူ, သားကောင်း ဟူအံ့, မလျှမကျင့်, မရဲရင့်နှင့်, တတ်သင့် ပညာ, ဥစ္စာနည်းပါး, မထင်ရှားသည်။ ။ ထိုသား မိခင်ညစ်ကြေးတည်း။

တ နည်း အား ဖြင့် လည်း ဟိတောပဒေသနီတိ စသည်တို့ ၌ပင်—

သား ၄ မျိုး
၁။ အမိဝမ်းတွင်းကပင် ကျေပျက်သောသား၊
၂။ ဖွားမြင်ပြီးမှ သေရသော သား၊
၃။ ဆိုးမိုက်၍ အသက်ရှည်နေသောသား၊
၄။ ထူးချွန်းမြင့်မြတ်သောသား

ဟူ၍ သား ၄ မျိုးရှိသည်ဟု ညွှန်ပြထားရာ— ၁ ဝမ်းတွင်းက ကျေပျက်သော သားနှင့်၊ ၂ ဖွားမြင်ပြီးမှ သေရသောသား တို့သည် အမိကို ဒုက္ခပေးသည်ဟု ဆိုရသည်တိုင်အောင် ထိုသားတို့အတွက် အမိ၏ဆင်းရဲမှုသည် တကြိမ်မျှသာ ဖြစ်၍၊ ၃ အမှတ်ပြ ဆိုးမိုက်၍ အသက်ရှည်နေသော သားသည်ကား "**သားဆိုးအမေ တတေတေ**" ဆိုသည့် အတိုင်း သူ့အမိကို တသက်လုံး ဒုက္ခပေးလျက်ရှိ၏။ သူသွားရာ ခြေလှမ်းနှင့်အမျှ မိဘကို ညှင်းဆဲနေသော သားပေတည်း။ ထို့ကြောင့် မိခင် အတွက် ဝမ်းတွင်းကသေရသောသားနှင့် ဖွါးမြင်ပြီးမှ သေရ

သော သားတို့က ကောင်းသေးသည်ဟု ဆိုရ၏။ အမိကို တသက်လုံး ဒုက္ခပေးနေသော သက်ဆိုးရှည် သားမိုက်သည် ကား ထိုမိခင်အတွက် ကောင်းသည်ဟုမဆိုရ။

အမှန်မှာ ၄ အမှတ်ပြ ထူးချွန်မြင့်မြတ်သော သား-သည် သာလျှင် မိခင်အတွက် မွေးကျေးဇူးနပ်၍ ကောင်းမြတ်သည်ဟု ဆိုထိုက်၏။ မိုဃ်းပေါ်က လမင်းကြီးသည် တစင် တည်းပင် ဖြစ်သော်လည်း အမိုက် မှောင်ကို ပယ် ဖျောက် နိုင်သကဲ့သို့ ထိုကဲ့ သို့သော သား-ထူး, သား-မြတ်သည် "**သားကောင်း တ ယောက် - ကျောက် ကောင်း တ လုံး**" ဆို သည့် အ တိုင်း တ ယောက် ထည်း ပင် ဖြစ် သော် လည်း မိ ဘ နှင့် ဆွေ မျိုး ကို အသရေတိုး၍ ဂုဏ်တက် စေနိုင်လေသည်။

မိဘ၏ မစင် အညစ်အကြေးနှင့် အလားတူသော သားဆိုး သားမိုက် တို့သည်ကား၊ ရာ, ထောင်, မက များ သော် လည်း မိဘနှင့် ဆွေမျိုး ကို အသရေ တိုး၍ ဂုဏ်တက် လာအောင် ဘယ် အရာ တစုံ တခု ကိုမျှ သူတို့က မစွမ်းဆောင် နိုင်ကြပေ။ (ကောင်းကင်က ကြယ်တာရာ တို့သည် မရေတွက် နိုင်အောင် များပြားသော်လည်း ကမ္ဘာ့အမိုက်မှောင်ကို မပယ်ဖျောက်နိုင် သကဲ့သို့တည်း။)

**ဟိတောပဒေသပျို့။** ။ဝမ်းတွင်းပျက်ကြေ၊ ဖွားဆဲသေနှင့်၊ သက်ရှေ သားဆိုး၊ ဤသုံးမျိုးတွင်၊ နှစ်မျိုးရှေ့သား၊ ကောင်းမြတ်ငြား၏၊ နောက်သားမမြတ်၊ ရှေ့နှစ်ရပ်လည်း၊ ပြုတတ်ဆင်းရဲ၊ တကြိမ် ယဲတည့်၊ မိုက်မဲ သက်ရှေ၊ သားလူပေကား၊ ဘဝါး မြေထပ်၊ ညှင်းဆဲ တတ်၏၊ သားမြတ် ဂုဏ် ရှင်၊ တယောက်ပင်လည်း၊ မိုဃ်းတွင်လ, နှယ်၊ မိုက်မှောင်ပယ်၍၊ တင့် တယ် ဘိုး ထိုက်၊ သားဆိုးမိုက်တို့၊ မိုဃ်း၌ကြယ်လား၊ ရာ,ထောင်,များလည်း၊ အလကားပင်၊ ကျိုးမထင်သည်။ ။မစင်မိဘညစ်ကြေးတည်း။

## မယားပြဿနာ

**မယား ၇ မျိုး** အဖော်ပါမှ ပျော်စရာကောင်းသည်ဟု ထင်မှတ်နေကြသော ဤလောကကြီး၌ အဖိုနှင့် အမတို့သည် တဦးကိုတဦး အဖော်ပြုပြီး၊ ပျော်မှုကို ဆည်းပူး ရှာဖွေနေကြရသော်လည်း၊ သူတို့လိုလားချက် အရ မှန်းခြေမပေါက်သူကသာ များကြ လေသည်။ ဤသို့ ဖြစ်ရာ၌ အခြေခံ အကြောင်း ရင်းကို ရှာဖွေလျှင် ဘက် မညီသော အိမ်ထောင်သည်တွေက ရာခိုင်နှုန်း များနေသောကြောင့် မှန်းခြေ မပေါက် ဟူသော အကြောင်းမှန်ကို တွေ့ရပါလိမ့်မည်။

သို့ဖြစ်ရာ အိမ်ထောင်ရေးပြဿနာကို စဉ်းစားလိုသူတို့ အတွက် အဖော်အဖက်ညီမှသာ ပျော်စရာ ကောင်းသော လောကကြီးကို တွေ့ရမည် ဖြစ်သောကြောင့်၊ ဤဆိုလတ္တံ့ ဖြစ်သော ကျမ်းဂန်လာ မယားမျိုး ၇ ပါးကိုလည်း သိရမည် ဖြစ်လေသည်။

ဗုဒ္ဓအရှင်မြတ်က အင်္ဂုတ္တိုရ်၊ သတ္တကနိပါတ် အဗျာကတ ဝဂ်၌—

၁။ **ဝဓကသမာ၊** သူသတ်နှင့်တူသော မယား၊

၂။ **စောရီသမာ၊** ခိုးသူနှင့်တူသော မယား၊

၃။ **အယျာသမာ၊** အရှင်သခင်နှင့်တူသော မယား၊

၄။ **မာတာသမာ၊** အမိနှင့်တူသော မယား၊

၅။ **ဘဂိနီသမာ၊** နှမနှင့်တူသော မယား၊

၆။ **သခီသမာ၊** မိတ်ဆွေနှင့် တူသော မယား၊

၇။ **ဒါသီသမာ၊** ကျွန်နှင့်တူသော မယား

ဟူ၍ မယားမျိုး ၇ ပါးရှိသည်ဟု အမျိုးသမီး သုဇာတာကို အကြောင်းပြု၍ ဟောတော်မူသည်။

**လင်ကောင်းမယား အပါယ်လား**

ဆက်ဦးအံ့။ ထိုမယား ၇ မျိုးတို့တွင် လည်း၊၁-သူသတ်မယား။ ၂-ခိုးသူမယား ၃-သခင်မယားတို့သည်သူတို့၏လင်သား အပေါ်၌ ရိုသေ လေးစားခြင်း မရှိဘဲ၊ သူသတ် သမား ကဲ့သို့ ပြုမူခြင်း၊ လင်ဖြစ်သူစုဆောင်းအပ်ပြီးသော ပစ္စည်းကိုသူခိုးကျင့် သူခိုးကြံ ကြံ၍ ယိုဖိတ်စေခြင်း၊ကိုယ်တိုင်က သခင်စိတ်ပေါက်၍ သူ၏ လင်သား ကိုကား ကျွန်သပေါက် ကဲ့သို့ ထင်မှတ်ခြင်းဟု ဆိုအပ်သော ကိုယ်ကျင့်တရား ကင်းမဲ့မှု စသည် တို့ကြောင့် ထိုမယား ၃ မျိုးကို မယားကောင်းဟုမဆိုထိုက်။အမှန်အတိုင်း ပြောရလျှင် ထိုသူသတ် မယား စသည် တို့သည် "မိန်းမ မျက် **စောင်း-ငရဲလောင်း**"ဆိုသည့်အတိုင်း ငရဲအိုးရှိရာသို့ မျက်နှာ ပြုနေ သူများပင် ဖြစ်၏။

ထိုကဲ့သော မယားဆိုး,မယားမိုက် တို့သည် လင် သူတော် ကောင်း တို့နှင့် ဆုံစီးလျက် သူတို့ ကိုယ်တိုင်က လင်ကောင်း မယားတွေ ဖြစ်နေ ရသည် တိုင်အောင် လင်ကို ပြစ်မှားလျက် မတရား အတိုက် အခံ ပြုလုပ် နေသူများ ဖြစ်သောကြောင့် "**လင်ကောင်းမယား-အပါယ်လား**" ဟူသော ပြောထုံးအရ လင်က သူတော်ကောင်း ပီသ သလောက် သူတို့မှာ အပြစ် ရောက်ရ မည်သာတည်း။

အကယ်၍ လင်သူယုတ်မာနှင့် ဆုံစီးလျက် လင်ဆိုး မယား ဆိုး အဖြစ် ဘက်ညီနေပြန်လျှင်လည်း မယားက ပါးကိုက်လျှင် လင်ကလည်း နား-ပြန်ကိုက်မည်ဖြစ်ရကား အဆိုးချင်း,အမိုက် ချင်း "**သူမသာ-ကိုယ်မသာ**"ဖြစ်နေသူ ထိုအိမ်ထောင်သည် ၂ ဦးတို့ သည်ကား၊ မည်သည့်အခါမှ စိတ်ချမ်းသာခွင့်မရဘဲ

"**ဇီးကွက်နှင့် ကျီးငှက်**"ကဲ့သို့ နီး-တကျက်ကျက် ဖြစ်နေကြရမည်သာတည်း။သို့ဖြစ်ရာ ဤကဲ့သို့သော မယားမိုက်,မယားဆိုးတို့က ဓါးမိုးပြီး အနိုင်ကျင့်မည် ဖြစ်သောကြောင့် အိမ်ထောင်ရေးကို စဉ်းစားလိုသူ ယောက်ျားမှန်က မည်သူမဆို ထိုကဲ့သော မယားဆိုး,မယားမိုက်တို့မှ ရှောင်ကွင်းမှသာလျှင် မသေခင်က တွေ့ရသော လောကငရဲ ခံစားမှုမှ ဝေးမည်ဟု မှတ်ပါ။

**မယားကောင်းလင်**
**နိဗ္ဗာန်ဝင်**

ထို့ပြင် ၁ - အမိ နှင့် တူ သော မယား၊ ၂-နှမနှင့်တူသောမယား၊ ၃-မိတ်ဆွေနှင့်တူသောမယား၊ ၄-ကျွန်နှင့်တူသော မယား။ ဤမယား ၄-မျိုးတို့ သည်ကား မိမိ တို့၏ လင်သားအပေါ်၌ မိခင်က သားကိုစောင့် ရှောက်သလို စောင့်ရှောက်လေ့ရှိခြင်း၊ ညီမကလေးက အမကြီးကို ရိုသေသလို အရိုအသေပြုလေ့ရှိခြင်း၊ မိတ်ဆွေ တဉီးက အဝေးမှ ရောက်လာသော မိတ်ဆွေတဉီးကို အထူး အခွင့်အရေး ပေးသလို အခွင့်အရေးပေးလေ့ရှိခြင်း၊ ကျွန်ဖြစ်သူက အရှင်သခင်အပေါ်၌ချစ်ကြောက်ရိုသေသလို ချစ်ကြောက် ရိုသေလေ့ရှိခြင်းဟု ဆိုအပ်သော သူတို့ဆိုင်ရာ ဂုဏ် အသီးသီး တို့ကြောင့် ထိုမယား ၄ မျိုး ကို ကား မယားကောင်း,မယားမြတ်ဟု ဆိုရပြန်၏။

အလိမ္မာ ဓာတ်ခံပါပြီးဖြစ်သော ထိုမယားမျိုး တို့သည် သူတို့၏အလိမ္မာဂုဏ်ကို အခြေခံပြုလျက် အနည်းငယ် ရိုင်းစိုင်းနေသော မိမိတို့၏ လင်သားကိုလည်း တရားလမ်း ကျအောင် ပြုပြင်ညွှန်ပြပေးလေ့ရှိ၏။ မိဘနှင့်နေစဉ်က မိဘ ၂ ပါးပင်ပြုပြင်မရလောက်အောင် မူးရူးမိုက်မဲနေသူပင် ဖြစ်နေ စေကာမူ အိမ်သူမယားက သူ၏အလိမ္မာဉာဏ်ဖြင့် ပြုပြင် ပေးတတ်လျှင်

ကား ထိုအပြုပြင် ခံရသူ လင်ယောကျ်ား သည်လည်း မကြာမီ ယဥ်ပါးရမြဲဖြစ်လေသည်။

ဘုရားလက်ထက်တော်အခါက မယားကောင်း ဝိသာခါ သွန်သင်နားချ တရားပြကောင်းသဖြင့် သူ့ကြင်ရာတော် ပုဏ္ဏဝဒ္ဓန သေဌေးသားနှင့်တကွ ယောက္ခမ မိဂါရမကျန် အမြင်မှန်ရ၍ မိစ္ဆာအယူ စွဲလန်းရာမှ ဗုဒ္ဓဘာသာဝင် ဖြစ်ဘူးသော ထုံးတမ်း နမူနာသည်လည်း ဤအရာ၌ လုံလောက်သော သက်သေတမျိုးပင်ဖြစ်၏။

သို့သော် မယားဖြစ်သူက လင်ဖြစ်သူ၏ ရိုင်းစိုင်းမှုကိုပြုပြင်နိုင်သော အလိမ္မာ ဓာတ်ခံမျိုး ရှိနေပါလျက် မပြုပြင်ဘဲ လက်ပိုက်၍သာ ကြည့်နေရက်ပါမူကား ထိုမိန်းမသည် **"လင်ဆိုး မယား တဖါးဖါး"** ထဲက ဖြစ်ရမည်သာတည်း။ အကယ်၍ မိမိကိုယ်တိုင်က လင်ကို နိဗ္ဗာန်သို့ပို့ဆောင်မည့် မယားကောင်းမျိုး ဖြစ်ရသည်အားလျော်စွာ မတော်ရာကို ပြုပြင် ပေးမည်ဟု ဆိုလျှင်လည်းထိုကဲ့သို့သော မိန်းမမျိုးသည်ကား **"လင်ကောင်း အိမ့်ရှင်တရှင် ရှင်"** ဆိုသကဲ့သို့ဖြစ်ရမည်သာတည်း။ သို့သော် ဥစ္စာရှိလျှင် လိမ္မာတမ်း ဖြစ်သော ယခုခေတ်၌ကား ငွေသာ ပဓာနဟု ထာဝရ နေထိုင်မှုဖြစ်သော အိမ်ထောင်ရေး ၌ပင် လင်ကောင်းမယားကောင်း မရွေးချယ်ကြတော့ပေ။ **"တောင်ပေါ်ကဘုရား တောင်အောက်ချ တောင်အောက်က ဘုရား တောင်ပေါ်တင်"** ဖြစ်ချင်သလို ဖြစ်နေကြလေပြီ။

သားမယားပြဿနာ ဖြေရှင်းခန်းပြီး၏။

## သားမယားချီးမြှောက်ရေးဖော်ပြခန်း

ချီးမြှောက်မှုလမ်းစဉ် ဤပုတ္တဒါရ သင်္ဂဟ မင်္ဂလာတရားတော်အရ သားမယားကို ချီးမြှောက် ရမည်ဟု ဆိုရာဝယ် လင်သားဖြစ်သူတို့က မိမိတို့၏ သားမယားကိုအမှန် ချီးမြှောက်ရမည့် အချက်များမှာ—

၁။ ပစ္စည်းဥစ္စာ အပ်နှံပေးကမ်းခြင်း၊

၂။ မိမိသားမယားအပေါ်၌ ချစ်ခင်ဘွယ်ရာချိုသာစွာ ပြောဆိုခြင်း၊

၃။ သားမယားဖြစ်သူတို့၏ အကျိုး စီးပွားကိုသာ ဆောင်ရွက်ရာကြံခြင်း

ဟု ဆိုအပ်သော ဤအချက်ကြီး ၃ ချက်ပင်ဖြစ်၏။ တနည်းအားဖြင့်လည်း မိမိသားမယားဖြစ်သူတို့ကို—

၁။ ဘုရားသွားကျောင်းတက် ကုသိုလ်ဘက် လိုက်စားနိုင်ရန်အစာရိက္ခာလုံလောက်စွာ စီးစဉ်ပေးရခြင်း၊

၂။ ပွဲလမ်းသဘင်ပြသင့်သောအခါ၌လည်း ပြရခြင်း၊

၃။ ကျောင်းအပ်ချိန်၌ ကျောင်းအပ်မင်္ဂလာပြုမှု,ရှင်ပြုချိန်၌ရှင်ပြု မင်္ဂလာဆောင်ရွက်ပေးမှု, သမီးဆိုလျှင်လည်း အခါကိုသိ၍ လက်ထပ်ပေးမှုစသော ထိုက်တန်ရာ မင်္ဂလာပွဲများကို ပြုလုပ်ပေးရခြင်း၊

၄။ သားမယားတို့၏ မျက်မှောက်ဘဝ၌ အကျိုးဖြစ်ထွန်းမှု, နောင်သံသရာ၌ အကျိုးဖြစ်ထွန်းမှုတို့ကို ရည်ရွယ်လျက် မိမိဉာဏ်ရှိသမျှ ဆုံးမ သွန်သင်ပေးရခြင်း

ဟု ဆိုအပ်သော ဤအချက်ကြီး ၄ ချက်ကိုလည်း လင်ယောကျ်ားမှန်က လိုက်နာရမည်ဖြစ်လေသည်။

ချီးမြှောက်ခြင်း ၂ မျိုး ဤပေါ်ပြအပ်ခဲ့သော ချီးမြှောက်မှုလမ်းစဉ်တွေကိုပင် အကျဉ်းချုံးလျက် အရှင်းဆုံး နည်းဖြင့် ပေါ်ပြရလျှင်—

၁။ မိမိသားမယားတို့ကို လောကီရေးဖြင့် ချီးမြှောက်ရခြင်း၊

၂။ မိမိ သားမယားတို့ကို လောကုတ္တရာ ရေးဖြင့် ချီးမြှောက်ရခြင်း

ဟူ၍ ချီးမြှောက်ခြင်း ၂ မျိုးသာ အဖြေထွက်လာလေသည်။

ထို ၂ မျိုးတို့တွင် မိမိသားမယားကို လောကီ စည်းမျဉ်းအရ ဝတ်စားမှု နေထိုင်မှု စသည်တို့၌ ပြိုငြင်မှု မရှိစေဘဲ အများနည်းတူ လူတန်းစေ့ ဖြစ်အောင် ချီးမြှောက်ခြင်းသည် ၁ အချက်အရ လောကီရေးဖြင့် ချီးမြှောက်ခြင်းမည်၏။

ထို့ပြင် မိမိသားမယားကို လောကုတ္တရာဘက် စည်းမျဉ်းအရ လှူဒါန်းရေး, ကိုယ်ကျင့်တရား စောင့်ထိန်းရေးစသည်တို့၌ မိမိကိုယ်တိုင်က လိမ္မာသူ တယောက်အနေဖြင့် မလိမ္မာ လိမ္မာအောင် သွန်သင်ပေးမှု, တိုက်တွန်းမှု စသည်တို့ သည်ကား ၂ အချက်အရ လောကုတ္တရာရေးဖြင့် ချီးမြှောက်ခြင်းမည်၏။ ဤနည်းဖြင့်ပင် သား,မယားကို ချီးမြှောက်ခြင်းသည် အကျဉ်းအားဖြင့် ၂ မျိုးသာရှိသည်ဟုမှတ်ပါ။

**သားရေး, မယားရေး တို့အရေး**

ယောက်ျားမှန်က မည်သူမဆို ကိုယ့်သားမယားကိုသာဦးစားပေးလိုကြခြင်းသည် ကမ္ဘာ၏ ထုံးတမ်းအစဉ်အလာ ကဲ့သို့ဖြစ်နေကြသောကြောင့်၊ လူတိုင်း၏စိတ်ထဲ၌ ကိန်းဝပ်နေသော လောက သဘာဝကို မှန်ကန်စွာ စစ်ဆေးကြည့်ခဲ့လျှင်၊ မိဘမလုပ်ကျွေးသော သားသမီးတို့ကို အများကြီးတွေ့ရသလောက် သားမယားမလုပ်ကျွေးသော လင်သားတို့ကိုကား လွန်စွာပင် အတွေ့အကြုံနည်းပါး၏။

မိနှင့်ဘနှင့် နေစဉ်က မိဘ အကြောင့်ကြ ခံကာ မည်သည့်အခါမှ အလုပ်ခွင် မဝင်ဘူးသည် တိုင်အောင် အိုးအိမ် ထူ၍သားနှင့်မယားနှင့်ဖြစ်လာသောအခါ၌ကား ကိုယ့်သားမယားဝတ်မှု စားမှု အတွက် အဖက်ဖက် ကပင် ကြောင့်ကြမှုတွေများပြားလာတတ်ကြလေသည်။အကယ်၍ ကိုယ့်သားမယားကိုလုပ်ကျွေး ပြုစုနိုင်သော နှလုံးရည်ပညာ, လက်ရုံးရည် ပညာမျိုးမှ တစုံတရာမရှိခဲ့ပါမူကား အယုတ်ဆုံးအားဖြင့်သူတပါး၏ပစ္စည်းကိုပင် ခိုးယူ တိုက်ခိုက် ကျွေးမွေးဘို့ရန် ဝန်လေးမည်မဟုတ်တန်ရာ။

သို့ဖြစ်ရာမိနှင့်ဘနှင့်နေစဉ်အခါက "**မိဘအရေးတို့အရေး**" ဟု တာဝန်မထားလိုကြသော်လည်း သားနှင့်မယားနှင့်ဖြစ်လာသောအခါ၌ မူကား "**သားရေး-မယားရေး-တို့အရေး**" ဟု လေးလေး နက်နက်ပင် တာဝန်ထားလို ကြသည်မှာ မည်သူမှ မငြင်းနိုင်သော မျက်မြင်သက်သေတို့ပင်တည်း။

**မင်္ဂလာဖြစ်အောင် ချီးမြှောက်နည်း** သားမယားလက်ကိုင်ရှိသူတိုင်းပင် နှလုံးရည်သမားကလည်း နှလုံးရည်အလျောက်,လက်ရုံးရည်သမားကလည်း လက်ရုံးရည်အလျောက် မိမိတို့၏ သားမယားကို ဤပုတ္တဒါရသင်္ဂဟ မင်္ဂလာ တရားတော် အရ ချီးမြှောက်နေကြ သည်ကို မငြင်းလိုပါ။ သို့သော် သားမယားကို ချီးမြှောက် တိုင်းပင်ဤ ပုတ္တဒါရသင်္ဂဟ မင်္ဂလာတရားတော်အရ မင်္ဂလာဖြစ်လိမ့်မည် ဟူ၍ကား လျှော့နံ့ဓါးထစ် မမှတ်သားအပ်ပေ။

အဘယ့်ကြောင့် ဆိုသော် ကုသိုလ်တရား ပွားများ မှုသည်သာလျှင် မင်္ဂလာ,ဟုဖေါ်ပြချက်အရ မိမိသားမယားကို တရားသဖြင့် ချီးမြှောက် မှုသာလျှင် လုပ်ငန်းစဉ် မှန်ကန်၍ မင်္ဂလာ ဖြစ်နိုင်သောကြောင့် ပင်တည်း။ အကယ်၍ မိမိသားမယားကို မတရားသော နည်းလမ်းဖြင့် စည်းကမ်း မရှိ အရေး ပေးကာ ချီးမြှောက် နေမည်ဟု ဆိုမူ ထိုသူ၏ သားမယား ချီးမြှောက်မှုသည် အဘယ်မှာ မင်္ဂလာ ဖြစ်နိုင် ပါမည်နည်း၊ စဉ်းစားပါလေ။

သို့ဖြစ်ရာ အထက်တန်းစား နှလုံးရည် သမား တို့ကလည်း အောက်တန်းစားလက်ရုံးရည်သမားတို့အပေါ်၌ဝိသမလောဘ အရင်းခံသော အတွင်းကြံ ကောက်ကျစ် စဉ်းလဲခြင်း မျိုးဖြင့် ပလီ ဆန်းပြား မတရား အညွန့် ခူးခြင်း, အောက်တန်းစား လက်ရုံးရည်သမား တို့ကလည်း အထက်တန်းစား နှလုံးရည် သမားတို့ အပေါ်၌ ရသလိုတောင်း, ရသလိုယူ ချူချင်တိုင်း ချူမည် ဟူသော မနော်ဆိုး သဘောဆိုးဖြင့် ပလီဆန်းပြား မတရား အခွင့်အရေးတောင်းခြင်း စသော ''**ကိုယ်သာစေ-သူနာစေ**'' အပြုအမူ မျိုးကို လုံးဝ မဖြစ်စေဘဲ ရိုးဖြောင့်သော

စေတနာဖြင့် နေရာတိုင်း၌ပင် တရားနည်းလမ်း အရ "သမာ သမ"ဖြစ်သော စီးပွားရှာဖွေမှုကိုပြုမှသာ ဤပုတ္တဒါရ သင်္ဂဟ မင်္ဂလာတရားတော်အရ မင်္ဂလာဖြစ်မည်ဟု မှတ်ပါ။

ထို့ပြင်အာဏာရှိ အစိုးရတို့က အာဏာမဲ့ ပြည်သူလူထု အပေါ်၌ အာဏာအလွဲသုံးစားပြုလျက် ညှဉ်းပန်းခြင်း, လာဘ်စားခြင်း, ပြည်သူ့ ဘဏ္ဍာကို သူ့ဘဏ္ဍာ ဖြစ်စေခြင်း စသည့်တို့ကြောင့် ဆိုင်ရာ အစိုးရ ဖြစ်သူ၌ ဤပုတ္တဒါရသင်္ဂဟ မင်္ဂလာ ပျက်ရပုံ, ပစ္စည်းရှိ ဓနရှင်တို့က ပစ္စည်းမဲ့ လူတန်းစား အပေါ်၌ ရသင့်သည်ထက် ပို၍ မတရားသွေး စုပ်ခြင်း, သူတို့၏မတရားအမြတ်တွက်မှုကိုသာကြည့်လျက် ငွေအားဖြင့် ဖိ၍ ကုန်လှောင် ဈေးကစားခြင်း စသည်တို့ကြောင့် ဆိုင်ရာ ပစ္စည်းရှိ ဓနရှင်တို့၌ ဤပုတ္တဒါရသင်္ဂဟမင်္ဂလာ ပျက်ရပုံ စသည်တို့ကိုလည်း ဤ နည်းကိုမှီ၍ ဉာဏ်ရှိတိုင်း ချဲ့ထွင်သိလောက်ပြီ။

သားမယား ချီးမြှောက်ရေး ဖော်ပြခန်းပြီး၏။

---

## မယားတာဝန် ဖေါ်ပြခန်း

အိမ်ထောင်သည် ယောကျ်ားဖြစ်သူတို့က မိမိတို့သားမယား ကို တရားနှင့်အညီ လုပ်ကျွေးမွေးမြူရာ၌ ဆိုင်ရာ သားမယား တို့ကလည်း ထို မိမိလင်သား ဖြစ်သူတို့အား အလိမ္မာဂုဏ်ဖြင့် ပြန်လည် ကျေးဇူးဆပ်ဘို့ရန် တာဝန်မကင်းဘဲ ရှိကြ ပြန်လေ သည်။ "**စိုးပါနဲ့ မေရယ်, မိုယ်းကြယ်မို့ လား, သည်တောင်ကို မောင်ဖြိုပါ့မယ်, မြင့်မိုရ်မို့ လား**"ဟု ကြီးဝါး တတ်ကြသည်နှင့် အညီ မိမိတို့မယားအတွက်ဆိုလျှင် ကျားဘက်ပြီး သေရ သေရ

သူ့အလိုဆန္ဒကိုတော့ဖြည့်မည်ဟူသော စိတ်နှလုံးသွင်းမျိုးရှိနေတတ်ကြသည်ကိုလည်း ညာလက်ရုံးသွေးစိမ်းသောက်လိုသော မိဖုရားကြီး အတွက် မိဒိလက်ရုံးသွေးကို ဖောက်ပေးရသော ဗိမ္ဗိသာရမင်းကြီးကပင် ခိုင်လုံစွာ သက်သေပြလေပြီ။

ထို့ပြင် ဒီဃိတိကောသလဇာတ်၌ နန်းကျဘုရင်ဖြစ်သော ဒီဃိတိကောသလမင်းကြီးသည် ထွက်ပြေး တိမ်းရှောင်နေရာမှ မိမိနှင့် မတန်မရာ စစ်အင်္ဂါလေးပါးကို ကြည့်ရှုလိုသော သူ၏ မိဖုရားကြီးအတွက် အသက်စွန့်ပြီး ရန်သူဘုရင်ရှိရာသို့ တိတ်တဆိတ် သွားရောက် ဆောင်ရွက်ရသောကြောင့် နောက်ဆုံး၌ ထိုနန်းကျဘုရင်ကြီး မြို့ပြင်ထုတ်၍ အသုတ်သင်ခံရပုံ....တောင်ငူခေတ် မြန်မာရာဇဝင်၌လည်း ရန်သူနိုင်ငံတော်က မြေစေးကိုစား၍ ရန်သူနိုင်ငံတော်က ရေအေးကိုသောက်လိုသောအာသာဆန္ဒမျိုးဖြစ်ပေါ်နေသည့် မိဖုရားအတွက်ဖြင့်ပင် အရှင်သခင်ဖြစ်သောဘုရင်မင်းကျီးညိုက ရန်သူတို့စံရာ ဟံသာဝတီနှင့် ပြည်မြို့သို့ အသေခံ သူရဲကောင်းများကို ရွေးချယ်စေလွှတ်ရပုံ စသည်တို့သည်လည်း ဤအရာ၌ ထင်ရှားသော သက်သေတို့ပင်တည်း။

ဤမျှလောက်ပင် မိမိတို့အပေါ်၌ လိုက်လျောနိုင်ကြသော လင်ယောကျ်ားဖြစ်သူတို့အား မယားဖြစ်သူတို့က အဘယ်မှာလျှင် အလိမ္မာဂုဏ်ဖြင့် ပြန်လည် ကျေးဇူး မဆပ်သင့်ဘဲ ရှိပါအံ့နည်း။ အကယ်၍ မယားဖြစ်သူတို့က မိမိတို့၏ အသက်သခင်ထမင်းရှင်ကြီးတို့အား အလိမ္မာဂုဏ်ထူးဖြင့် ကျေးဇူးမဆပ်နိုင်ဟုဆိုခဲ့သော် "**အလိုလိုက်အမိုက်ခော်ကား**"ဟူသကဲ့သို့သာ ဖြစ်ကြပေလိမ့်မည်။

လင်သားဖြစ်သူသည် ဂဟပတဂ္ဂ(အိမ်ရှင်မိး) ဖြစ်၍ ရှိသေရမည့် အစား ပြစ်မှားမိလျှင်လည်း၊ ထိုမီးကပင် ကိုယ့်ပြန်ပြီး လောင်မြိုက်နိုင်သည်ကိုလည်း သတိပြုပါ။

ဇူတ္တိယောနာမ လောကဂ္ဂ၊ သမ္ဘဒေါသာ ကရာမတာ။

အရှင်မြတ်ဘုရား၊ မိန်းမတို့ မည်သည်မှာ သူတပါးလက်ညှိုး ထိုး မေးငေါ့စရာ အပြစ်အနာအဆာတို့၏ စုဝေးရာကြီး ဖြစ်ပါ သည်ဘုရားဟု၊ မိထွေးတော် ဂေါတမီကလည်း ဗုဒ္ဓရှင်တော် မြတ်အား လျှောက်ထားဘူးသည်။ ထိုလျှောက်ထားချက်ကို ထောက်ထား ဆင်ခြင်သောအားဖြင့် မိန်းမဖြစ်သူတို့မှာ လိမ္မာ နိုင်မှ သင့်လျော်ရုံရှိမည်။ယောကျ်ားဖြစ်သူတို့မှာလည်း အမိုက်မ တွေကို လုပ်ကျွေးရသည်ထက် အလိမ္မာမတွေကို လုပ်ကျွေးရ သည်က သာ၍မြိန်ရှက်ကြမည့်ကား အမှန်ဖြစ်၏။ ထို့ကြောင့် လင်စိတ် သားစိတ် မကုန်သော အမျိုးသမီးမှန်က မည်သူမဆို "**အမရာကိန္နရီ, မဒ္ဒီ, သမ္ဘုလ,တော်လေးဝ**" ဟူသော ဥဒါန်း စကားအရဖော်ပြလတ္တံ့ဖြစ်သော အမရာ, ကိန္နရီ,မဒ္ဒီ,သမ္ဘုလ တို့၏ အလိမ္မာချိုးကို အတုခိုးနည်း ယူကြကုန်ရာ၏။

## မိန်းမမြတ် လေးဦးအကြောင်း

**အမရာမယ်** မဟောသဓါ ဇာတ်တော်၌ အလောင်း တော်၏ ဇနီးဖြစ်သော အမရာသည် သူ၏ ကြင်ရာတော်မဟောသဓါမရှိခိုက်တွင် မရိုးဖြောင့်သောစိတ်ဖြင့် တိတ်တဆိတ် လူပျိုလှည့်ရောက်လာသော မလိုသူ အမတ်ကြီး တို့ကို အသီးအသီးဂွင်းထောင်ပြီးနောက် လူစင်စစ်က မျောက် ဖြစ်အောင် ရုပ်ပြောင်းစေလျက် ဝိဒေဟရာဇ်မင်းကြီး၏ လက် ထဲ၌ အရှက်တကွဲဖြစ်စေသည့်ပြင် ကြင်ရာတော်၏ အတိုက်အခံ ဂိုဏ်းသားဖြစ်သော ထိုအမတ်ကြီးတို့က ဂုံးတိုက်သဖြင့်မတရား ရာဇဝတ်မှု ရောက်နေရသော သူ့ကြင်ရာတော် မဟောသဓါ ကိုလည်း တရားမှန် ဖြစ်အောင် ဆောင်ရွက်မည်ဟု သူ၏ဉာဏ်

စွမ်းဖြင့်ပင် ကျရောက်လျက်ရှိသော ရာဇဝတ်ဘေးမှ လွတ်ဝေး ကင်းရှင်းစေပြန်လေသည်။

ထို့ကြောင့် ကိုယ့်လင်သားကို အရေးပေးလျက် ဖေးဖေး မမ ကူဘော် လောင်ဘက် ရသည့်အရာ၌ '**မယားတသောင်း မယားကောင်းတယောက်**'ဟူသော စကားနှင့်ညီစွာ အလိမ္မာ ထိပ်ခေါင်တင်ဖြစ်သူ ထိုအမရာကိုပင် တော်ဝင်သူ တဦးဟု ချီးကျူးကာ မှတ်တမ်းတင်ကြ၏။

**ကိန္နရီမယ်**

ထို့ပြင် စန္ဒကိန္နရီ ဇာတ်တော်၌ ကိန္နရီ မောင်နှံတို့ အခတောင်ပန် ရစ်ဝဲလျက် အချစ်ပွဲခံခိုက်တွင် ဗြဟ္မဒတ်မင်းကြီး၏ မြှားချက်ဖြင့် အသက် သေလုနီးပါး ဖြစ်နေရှာသော ကိန္နရာဖိုအတွက် ရတက်မအေး, ကိန္နရီမကလေး ပူပင်သောက ရောက်ရပုံ, ဗြဟ္မဒတ် မင်းဆိုးက အတွင်းမရိုးသော စိတ်ထားဖြင့် ချစ်စကား ကြိုက်စကားပြော ဆိုလာပြန်ရာ '**ကိုယ့်လင်ကလွဲ ဖွဲ့နှင့်ဆန်ကွဲ**' လို အောက်မေ့ လျက်ရှိသော ထိုကိန္နရီမလေးက ဗြဟ္မဒတ်မင်း၏ အလိုသို့ မလိုက်လျောဘဲ တကွဲ အခက်အခဲမှာ အသက်နှင့် လဲသော် လည်း လဲရပစေဟု သူ၏ချစ်ရင်းစွဲဖြစ်သော အလောင်းတော် ကိန္နရာဖိုကိုသာ အရေးပေးလျက် လေးလေးပင်ပင် မြတ်နိုး တော်မူပုံစသည် တို့မှာလည်း '**မိန်းမပေါမျှား၊ မယားရှား**' ဆို သောဝေါ်ဆိုးကြီး၌ အမျိုးသမီးတို့ အတုယူဘွယ်ဖြစ်လေသည်။

**မဒ္ဒီမယ်**

ထို့ပြင်လည်း ဝေဿန္တရာ ဇာတ်တော်၌ တိုင်းပြည်က ပြည်နှင်ဒဏ်ပေးရာတွင် ဝေး စွာသော ဝင်္ကပါတောင်သို့ ထွက်ချီတော် မူရမည့် ဆဲဆဲဖြစ် သော အလောင်းတော် ဝေဿန္တရာ မင်းကြီးက တောစခန်း တောင်စခန်း ဖြစ်၍ သူ့မိဖုရားကို သူနှင့်အတူ မလိုက်ဘဲ နေ

ပြည်တော် စံနန်း၌သာ အေးချမ်းစွာ နေရစ်ခဲ့ရန် အတန်တန် တားမြစ်တော် မူလျက် '**အေးအတူ ပူအမျှ**' နောက်တော်က အတူလိုက်ပြီး မောင်တော် ဘုရားအား မငြိုမငြင် လုပ်ကျွေး ပြုစုလိုကြောင်းနှင့် မဒီမိဖုရားက ဝေဿန္တရာ မင်းမြတ်အား အတင်းကပ်ခါ လျှောက်ထား ခွင့်တောင်းတော်မူပုံ, ဝင်္ကပါ တောင်စွယ်၌ မောင်မယ်စုံသားအမိသားအဘတို့ တရားဓမ္မဖြင့် မွေ့လျော်နေကြစဉ် ဝေဿန္တရာ မင်းကြီးအပေါ်၌ မဒီမိဖုရား ၏ လင်ဝတ်ကျေပုံ, အိမ်ဦးနတ်ကဲ့သို့ လေးမြတ် ရိုသေတော်မူပုံ စသည် တို့မှာလည်း "**မယားက သခင်, လင်သာလျှင် ကျွန် သူပေါက်**" ဟု အထင်ရောက်နေကြသော အမျိုး သမီးတို့၏ နည်းညွှန်လမ်းပြသဖွယ် ဖြစ်ပြန်လေသည်။

သမ္ဗုလမယ် ထို့ပြင် သမ္ဗုလ ဇာတ်တော်၌ သမ္ဗုလ မင်းသမီးက ကုဋ္ဌ ရောဂါ စွဲကပ် သဖြင့် တောတောင် အရပ်သို့ နှင်ထုတ် ယားသော သူ့ကြင်ရာတော် သောတ္ထိသေန မင်းသားကို "သမ္ဗုလမယ်အချစ်ဦးကမပစ်ဘူး" ဟူသောစိတ်ထားဖြင့် ကြွတော်မူရာတောတောင်သို့ပင်ကောင်း လျှင်လည်းအတူတူ၊ ဆိုးလျှင်လည်းအတူတူဟု စိတ်တူ ကိုယ်မျှ နောက်တော်က အတူလိုက်၍ ဝတ်ကြီးဝတ်ငယ် ပြုစုတော်မူပုံ, တောတောင်စွယ် ချောက်စခန်း၌ နှစ်ယောက် တမ်း တွေ့ကြုံ နိုက်အခါ သူ့အလို ပါအောင် ကာမဂုဏ်ဖြင့် သွေးဆောင် ဖျားယောင်းသောဘီလူးကြီး၏ ညွှတ်ကွင်းမှ လွတ်ကင်းအောင် သမ္ဗုလ မင်းသမီး အကြံထုတ်ရပုံ, ထိုအရေးနှင့် စပ်လျဉ်း၍ မယုံမကြည် ဖြစ်နေသည့်အတွက် ဓါးကြိမ်းလျက်ရှိသော ကြင် ရာတော် မင်းသားအား သမ္ဗုလမင်းသမီးက ယုံကြည်ဘွယ်ရာ သစ္စာပြုပြရပုံ စသည်တို့မှာလည်း "**မွေးလျှင်ပန် နံလျှင်ပစ်**"

အသစ်အသစ်ကိုသာ လိုက်စားလိုသော ဤခေတ်ကြီး ထဲ၌ **''ထမိလဲရသည်ကကြာသေး၏ လင်လဲရသည်ကားမကြာလှ''** ဟူသော စိတ်ထားမျိုးရှိနေတတ်ကြသည့် အမျိုးသမီးတို့ အဘို့ တသက်လုံးဆင်မြန်းထိုက်သော သင်္ကန်းစာ တမျိုးပင် ဖြစ်လေသည်။ (ဤသည်လျှင် ''အမရာ,ကိန္နရီ,မဒ္ဒီ,သမ္ဘုလ''ဟူသော မိန်းမမြတ်လေးဦးတို့၏ ထူးခြားမြင့်မြတ်ပုံတို့ ပင်တည်း။)

**တာဝန်ကျေခြင်း၏ အကျိုးထူး**

ယခုအခါ၌လည်း ဆိုင်ရာ လင်သားတို့၏ တရားသဖြင့် ချီးမြှောက်ခြင်းကို ခံယူလျက် ရှိကြသော အိမ်ထောင်သည် အမျိုးသမီးတို့မှာ **''လင်ကောင်းမယား အပါယ်လား''** ဆိုသကဲ့သို့ မဖြစ်စေဘဲ ထိုအမရာကိန္နရီမဒ္ဒီသမ္ဘုလတို့၏အလိမ္မာမျိုးကို အထုံးနည်းယူကြကုန်လျက် မိမိ လင်သား အပေါ်၌ အလိမ္မာလျှင် အရင်းခံရှိသောမယားဝတ်ငါးပါးဖြင့်အားရဝမ်းသာပြန်လည်ကျေးဇူး ဆပ်နိုင်မှသာလျှင် မိန်းမမြတ် စာရင်းသို့ ပါဝင်ကာ မိမိတို့တာဝန်လည်းကျေလည်ရာရောက်မည်ဖြစ်၏။

အကယ်၍သာ အိမ်သူ အမျိုးသမီးတိုင်းကပင် ထိုဇာတ်တော်လာ မိန်းမမြတ် လေးဦးတို့ကဲ့သို့ ကျေးဇူးရှိသောမိမိလင်သားအပေါ်၌ မိန်းမတို့၏ အလိမ္မာ ဂုဏ်ရည်ဖြင့် ပြန်လည်ကျေးဇူးဆပ်နိုင်ကြမည်ဟု ဆိုပါက၊ ထိုလင့်ဝတ်ကျေသူ, လင်ရှိသေသူအမျိုးသမီးတို့မှာ တန်ခိုးကြီးသောသူရဿတီ နတ်သမီးကဲ့သို့ ဤလောကကြီး၏ ကျက်သရေကိုဆောင်နိုင်ရုံမျှမက သေသည်မှ နောက်၌လည်း လင်ရှိသေသူ အမျိုးသမီးတို့၏ သီးသန့်စံနေရာ တုသိတာ နတ်ဘုံသို့ပင် ခိုလှုံ ခံစားရမည်မှာလည်း ကိန်းသေနည်းပင်ဖြစ်သည်ဟု ယုံကြည်ထိုက်ပေသတည်း။

**မယားတာဝန် ဖော်ပြခန်းပြီး၏။**

## ညွှန်ပြနိုးဆော်ခန်း

ဤပုတ္တဒါရသင်္ဂဟမင်္ဂလာတရားတော်အရ အကျယ်ညွှန်ပြအပ်ပြီးဖြစ်သောစကားရပ်တို့ကို လိုရင်းအဓိပ္ပါယ်မပျက်စေဘဲ အကျဉ်းချုပ်လိုက်လျှင်—

၁။ ယောက်ျားဖြစ်သူတို့က ကိုယ့်သားမယားကိုတရားနှင့်အညီ လုပ်ကျွေးချီးမြှောက်ရန်၊

၂။ မိန်းမဖြစ်သူတို့က မိမိအားလုပ်ကျွေးချီးမြှောက်သူလင်သားကို အလိမ္မာဂုဏ်ဖြင့် ပြန်လည်ကျေးဇူးဆပ်ရန်

ဟူသော ညွှန်ပြချက် ၂ ရပ် ပေါ်ထွက်လာလေသည်။ ဤအတိုင်းဆိုက တရားနှင့်အညီ ချီးမြှောက် လုပ်ကျွေးမှုသည် ယောက်ျား တို့၏ တာဝန် ဖြစ်၍ အလိမ္မာ ဂုဏ်ဖြင့် ပြန်လည် ကျေးဇူး ဆပ်မှုသည်ကား အိမ်သူ မိန်းမ တို့၏ တာဝန် ဖြစ်၏။ သို့သော် လူ့လောကကြီး၌ **"အိမ်တဆောင်-မီးတပြောင်"**ဖြင့် တင့်တင့်တင့် လောင်သော အပူဇာတ်ကို ခင်းမိရက်သား ရှိနေကြသော ယောက်ျား တို့မှာ ဆိုင်ရာ သား မယား တို့၏ အလိမ္မာ ဂုဏ် အရသာကို ခံစားရသည်ဖြစ်စေ၊ မခံစားရသည် ဖြစ်စေ၊ သားနှင့် မယားနှင့် ဖြစ်လာသည့် နေ့ကစ၍ ထိုသား, မယားဖြစ်သူတို့အား ဤ ပုတ္တဒါရ သင်္ဂဟ မင်္ဂလာ တရားတော်အရ မိမိတို့က ရှေ့ထွက်ပြီးလုပ်ကျွေးချီးမြှောက်ရမည်မှာသေချာ၏။

အကယ်၍သာ ရှေ့ဆောင် ရှေ့ထွက် ဖြစ်သော အိမ်ထောင်သည် ယောက်ျား ဖြစ်သူတို့က ကိုယ့်သား,မယားကို သားမှတ် မယားမှတ်ဖြင့် ချီးမြှောက်လုပ်ကျွေးခြင်းမရှိဟု ဆိုပါက မယား

ဖြစ်သူ တို့ကလည်း ကိုယ့်အိမ်သား ကိုယ့်လင်ဟု ခင်မင် မြတ်နိုးခြင်း ရှိမည်မဟုတ်ပေရာ။ သားသမီး ဖြစ်သူတို့ ကလည်း ကိုယ့်အမိ ကိုယ့်အဘဟု အစွဲအလန်း ထားကြမည် မဟုတ်ပေရာ။ ဤနည်းဖြင့်ပင် လူ့လောကကြီး သည်လည်း ချီးမြှောက်မှု သင်္ဂဟ တရား ကင်းမဲ့သော တိရစ္ဆာန် လောကကြီး ကဲ့သို့ ဖြစ်ရမည်သာတည်း။

## ဗုဒ္ဓ မိန့် ခွန်း တော်

ဧတေ ခေါ သင်္ဂဟာ နဿု၊ န မာတာ ပုတ္တကာရဏာ၊
လဘေထ မာနံ ပူဇံ ဝါ၊ နပိတာ ပုတ္တ ကာရဏာ။　။

မိမိတို့၏ သားမယား အပေါ်၌ လုပ်ကျွေးပြုစု ချီးမြှောက်မှု သင်္ဂဟတရား ကင်းမဲ့ ခဲ့လျှင် အမိ သည်လည်း သား-ဟူသော အကြောင်းကြောင့် ထိုသားသမီး တို့၏ ချစ်ခင်မှု, ပူဇော်မှုကို မရနိုင်ပေ။ အဘဖြစ်သူသည်လည်း သား-ဟူသော အကြောင်းကြောင့် ယင်း-သားသမီးတို့၏ ချစ်ခင်မှုကိုလည်း မရနိုင်ပေရာ၊ ပူဇော်မှုကိုလည်းမရနိုင်ပေရာ။

(သိင်္ဂါလောဝါဒသုတ်)။

## သားမယားကိုချီးမြှောက်ပါ

မိမိတို့၏ အရည်အချင်းအားလျော်စွာ ကိုယ်ဆိုင်ရာ အလုပ်ခွင်၌ စိတ် ဝင် စုး စိုက် နေကြသော လူ တန်း စား အ သီး သီး တို့သည် ''ကျွန်းကိုင်းမှီ, ကိုင်းကျွန်းမှီ'' ဟူသကဲ့သို့ တဦးနှင့်တဦး စီးပွားရှာဘက် အနေဖြင့် အချင်းချင်း ဆက်ဆံ ရာ၌ ''သူတပါး အနာခံမှ ကိုယ်အသာစံရ'' မည့် အပြု အမူ မျိုးကို

လုံး၀ မပြုလုပ်ဘဲ မိမိ တို့၏ သားမယားကို တရားသဖြင့် လုပ်ကျွေး မွေးမြူကြရမည့်အပြင်၊ ရတနာသုံးပါးကို လေးစားခြင်း မရှိသော သားမယားမျိုး ဖြစ်နေပြန်လျှင်လည်း ရတနာသုံးပါး လေးစားကြည်ညိုဘို့ရန် လောကုတ္တရာရေးအရ ချီးမြှောက်ခြင်း မျိုးကိုပါ ပြုလုပ်ရမည် ဖြစ်၏။

သို့ဖြစ်ရာ မိမိတို့၏ သားမယားကို—

၁။ လောကုတ္တရာရေးအရ ချီးမြှောက်ခြင်း

၂။ လောကီရေးအရ ချီးမြှောက်ခြင်း

ဟု ဆိုအပ်သော ဤချီးမြှောက်ခြင်း ၂ မျိုးဖြင့် ချီးမြှောက်ခဲ့ပါလျှင် ပုတ္တဒါရ သင်္ဂဟ မင်္ဂလာ တရားတော်ကြီး လွှမ်းမိုးသော ကမ္ဘာသစ်ကြီးတခု ပေါ်ပေါက်လာရုံမျှမက ထိုကမ္ဘာသစ်ကြီးကိုထူထောင်သူ အိမ်ထောင်သည် ယောကျ်ားတို့သည်လည်း သိကြားမင်း အရှိအသေ ပြုထိုက်သူတို့ပင် တကယ်တန်း ဖြစ်နိုင်သောကြောင့် ဤပုတ္တဒါရ သင်္ဂဟ မင်္ဂလာတရားတော်အရ မိမိတို့၏ သားမယားကို သားမှတ် မယားမှတ် ထား၍ ရိုးသားစွာ လုပ်ကျွေးကြပါဟု ညွှန်ပြနှိုးဆော် ရပါကြောင်း။

ဆောင်ပုဒ်....

၁။ ရင်သွေးသက်ထား၊ သားမယား၊ ရိုးသားဖြောင့်မတ်စွာ။

၂။ သားမှတ်မယားမှတ်၊ ချီးမြှောက်အပ်၊ မပြတ်လုပ်ကျွေးပါ။

၃။ ဤလိုလူအား၊ မိုဃ်းသိကြား၊ လေးစားရှိသေရာ။

၄။ သားမယားမှု၊ သူမပြု၊ လူဟုမဆိုသာ။

၅။ တိရစ္ဆာန်ဇာတ်သွင်း၊ လူ့ဂုဏ်ကင်း၊ ချို့ယွင်းမင်္ဂလာ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၁၃

## အနာကုလ ကမ္မန္တ မင်္ဂလာ

**အနာကုလာစကမ္မန္တာ** ရှုတ်ထွေး ပွေလီခြင်း မရှိသော လူမှုကိစ္စဆောင်ရွက်ခြင်းသည်လည်း ကုသိုလ်တရား တိုးပွါးရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁၃ နံပါတ် မင်္ဂလာကိုပင် သမာသ်တွဲစပ်၍ "အနာကုလကမ္မန္တမင်္ဂလာ" ခေါ်ဆိုသည်ဟုမှ မှတ်ပါ။

(အနာကုလ-ရှုတ်တွေး ပွေလီခြင်း မရှိသော။ ကမ္မန္တ-လူမှုကိစ္စဆောင်ရွက်ခြင်း။ မင်္ဂလာ-ကုသိုလ်တရားတိုးပွါးရင့်ကျက်မှု)။

## လူမှုပြဿနာ ဖြေရှင်းခန်း

**လူမှုကိစ္စကြီး ၂ မျိုး** ဤအနာကုလ ကမ္မန္တ မင်္ဂလာတရားတော်အရ လောကီ လူသားတို့ ဝတ်စားနေထိုင်မှုအတွက် ဆောင်ရွက် ပြုလုပ်နေကြသော လူမှုကိစ္စ တို့သည် အသေးစိတ်အားဖြင့် အလွန် များသော်လည်း ကမ္ဘာလူထု၏ အကျိုးကို သည်ပိုး ဆောင်ရွက်ရာ၌ ဝန်အပါဆုံး ဖြစ်သော အခြေခံလုပ်ငန်းတို့မှာကား ၂ မျိုးထည်းသာရှိ၏။ ထိုအခြေခံ လူမှုကိစ္စတို့ဟူသည်မှာ—

၁။ တောင်သူလယ်ယာလုပ်ကိုင်ခြင်း၊

၂။ ကူးသန်းရောင်းဝယ်ခြင်း

ဟုဆိုအပ်သော ဤလုပ်ငန်းကြီး ၂ ရပ်ပင်ဖြစ်၏။ ဤမြန်မာ

ပြည်၌ကား ရာခိုင်နှုန်းလူဦးရေ ၉၀ ခန့်လောက်က တောင်သူ လယ်ယာ လုပ်ကိုင်မှုနှင့် အသက် မွေး ရသူများဖြစ်၍ ကျန်လူ ဦးရေ ၁၀ ခန့်မျှသာ ကူးသန်းရောင်းဝယ်မှုနှင့် အသက်မွေး သူများ ဖြစ်လေသည်။ ထို့ကြောင့် ၁ အမှတ်ပြ လုပ်ငန်းကို လူများစု လုပ်ငန်း, ၂ အမှတ်ပြ လုပ်ငန်းကို လူနည်းစု လုပ် ငန်း ဟူ၍ ဤသို့လည်း အမှတ်ပြုနိုင်ပါသည်။

**ချွတ်ယွင်းချက်ကင်းမှု မင်္ဂလာ**

တနည်း အားဖြင့် လည်း ၁။ ချွတ်ယွင်း ချက်ကင်းသော လူမှုကိစ္စ, ၂။ ချွတ်ယွင်း ချက် မကင်းသော လူမှုကိစ္စဟု ၂ မျိုးရှိ ပြန်ရာ ၁ အချက်အရ ချွတ်ယွင်းချက် ကင်းသော လူမှုကိစ္စ ဟူသည်မှာ တောင်သူ လယ်သမားပင်ဖြစ်စေ, ရောင်းဝယ်ရေး သမား ကုန်သည် ပွဲစားပင် ဖြစ်စေ မိမိတို့ဆိုင်ရာ အမှုကိစ္စကို ပြုလုပ်ဆောင်ရွက်ရာ၌—

၁။ အလုပ်ချိန်ကို ရိုသေလေးစားခြင်း၊
၂။ အလုပ်နှင့်သင့်လျော်အောင် ဆောင်ရွက်ခြင်း၊
၃။ ပျင်းရိမှုမရှိဘဲ အလုပ်ခွင်၌ စိတ်ဝင်စားခြင်း၊
၄။ နိုးကြားထကြွ အထူး ဝီရိယစိုက်ထုတ်ခြင်း၊
၅။ မပျက်စီး မပြုန်းတီးစေခြင်း

ဟုဆိုအပ်သော ဤအင်္ဂါ ၅ ပါးနှင့်ညီညွတ်စွာ အခါကိုသိ၍ ဆောင်ရွက်သည့် လယ်ယာလုပ်ကိုင်မှု, ကူးသန်းရောင်းဝယ်မှု တို့ပင်တည်း။

ထို့ပြင်လည်း ၂ အချက်အရ ချွတ်ယွင်းချက် မကင်းသော လူမှုကိစ္စဟူသည်မှာကား—

၁။ "မိုးကုန်မှထွန်ချ"ဆိုသကဲ့သို့အချိန်လွန်နောက်ကျမှ ပြုလုပ်မှု၊

၂။ အလုပ်နှင့်မသင့်လျော်အောင် ပြုလုပ်မှု၊

၃။ အလုပ်၌ စိတ်ဝင်စားမှုမရှိဘဲ ပျင်းရိပေါ့လျော့မှုဟု ဆိုအပ်သော ဤအင်္ဂါ ၃ ပါးနှင့် ငြိစွန်းသည့် လယ်ယာလုပ်ကိုင်မှု ကူးသန်း ရောင်းဝယ်မှု မျိုးတို့ပင် ဖြစ်လေသည်။ အကယ်၍ တောင်သူလယ်သမားများပင်ဖြစ်စေ၊ ကုန်သည်ပင်ဖြစ်စေ မိမိတို့၏ လုပ်ငန်းက ဤချွတ်ယွင်းချက် အင်္ဂါ ၃ ပါးနှင့် ငြိစွန်း ထိခိုက်နေမည်ဟု ဆိုမူကား အနာကုလကမ္မန္တ မင်္ဂလာတရားတော်အရမင်္ဂလာမဖြစ်နိုင်ပေ။ ထို့ကြောင့်ချွတ်ယွင်းချက်ကင်းမှသာ မင်္ဂလာဟု နားလည်မှုရှိပြီးလျှင်—

၁။ ရိုးဖြောင့် တည်ကြည်စွာ တောင်သူ လယ်ယာလုပ်ကိုင်ခြင်း၊

၂။ ရိုးဖြောင့်တည်ကြည်စွာ ကူးသန်းရောင်းဝယ်ခြင်းဟု ဆိုအပ်သော ဤပျက်ကွက် နှောင့်ယှက်မှု ကင်းစင်သည့် လုပ်ငန်းမျိုးကိုသာ ထူထောင်မိပါစေ။ **ဥပမာ** ရိုးရိုးစခမ်းသွားရမည့် တောင်သူလယ်သမားတယောက်သည် ရိုးဖြောင့်မှုမရှိဘဲ ဖဲရိုက် ဂျင်ထိုး အလောင်းကစားမျိုး ဖက်ပြီး အကျင့်စာရိတ္တပျက်ပြားနေလျှင်၊ သူ၏ ချွတ်ယွင်းချက်ကပင် သူ၏အလုပ်ကို ထိခိုက်သောကြောင့် ဤအနာကုလကမ္မန္တ မင်္ဂလာတရားတော်အရ မင်္ဂလာလည်း ပျက်ကွက်ရသကဲ့သို့တည်း။ဤနည်းကိုမှီ၍ မရိုးဖြောင့်သော ကုန်သည် တယောက်၏ ကောက်ကျစ်စဉ်းလဲမှု၊ အပျော် အပါး လိုက်စားမှု၊ လော်လီမှု စသည်တို့ကြောင့် ထိုကုန်သည်၌ မင်္ဂလာပျက်ရပုံ စသည်တို့ကိုလည်း ဉာဏ်ရှိတိုင်း ချဲ့ထွင်သိကြပါလေ။

**ကမ္ဘာ့ကိုယ်ထည်ကြီး ၂ ခု**

ဆက်ဦးအံ့။ သိပ္ပံ ပညာအရ တိုးတက်နေသော လူ့လောကကြီး၌ ရှေးလူကြီးတို့ပင် မယုံကြည် နိုင် လောက် အောင် ဆန်းကြယ် လှပေသော စက်မှုပညာ လုပ်ငန်းတို့သည် ရှေးမီးရထား၊ မီးသင်္ဘောခေတ်မှစ၍ နောက်ဆုံး လေယာဉ်ပျံခေတ်၊ အဏုမြူခေတ်သို့တိုင်အောင် တခေတ်ပြီးတခေတ် အသစ်အသစ်သာ ဖြစ်ပေါ်နေသော်လည်း ရှေးသမားရိုးကျဖြစ်သော တောင်သူ လယ်ယာလုပ်ကိုင်မှု၊ ကူးသန်းရောင်းဝယ်မှု တို့ကိုမူကား မည်သည့်နိုင်ငံကမှ မလွန်ဆန်ကြပေ။ ထိုလုပ်ငန်းကြီး ၂ ရပ်ကိုပင် ‘ကမ္ဘာ့ကိုယ်ထည်ကြီး’ အဖြစ်ဖြင့် လူမျိုးတိုင်းက အားပေးကြရ၏။

တကမ္ဘာလုံး အားပေးချက် အရ ကြီးရင့် ထွားကြိုင်းလာသော ထိုကမ္ဘာ့ ကိုယ်ထည်ကြီး ၂ ခုပေါ်တွင်မှ သိပ္ပံ ပညာအရ ဖြစ်ပေါ်လာသော ကမ္ဘာ့မွန်းမံမှု အဆင်တန်ဆာတို့ဖြင့် ညက်ရှိသလို ခြယ်လှယ် မွန်းမံ ကြရလေသည်။ အကယ်၍သာ ထိုကမ္ဘာ့ ကိုယ်ထည်ကြီး မရှိဟု ဆိုပါက သိပ္ပံ ပညာ အရ ဖြစ်ပေါ်လာသော ကမ္ဘာ့မွန်းမံမှု တို့သည်လည်း အသုံးမဝင်သော အရာဝတ္ထုကဲ့သို့ ကမ္ဘာ၏ မြတ်နိုးခြင်းကိုပင် ခံယူရတော့မည် မဟုတ်ပေ။

ထို့ကြောင့် ဤ အနာဂုလ ကမ္ဘာ မင်္ဂလာ၌ အကျုံးဝင်သော ၁။ တောင်သူ လယ်ယာ လုပ်ကိုင်မှု၊ ၂။ ကူးသန်းရောင်းဝယ်မှု တို့ကိုပင် ကမ္ဘာ့ကိုယ်ထည်နှင့် အလားတူသော လူမှုကိစ္စကြီးတွေဖြစ်သည်ဟု မှတ်ပါ။

လူမှုပြဿနာ ဖြေရှင်းခန်းပြီး၏။

# လူမှုဆုတ်ယုတ်ရေး ဖေါ်ပြခန်း

ဆင်းရဲသားနှင့် အစိုးရ

ဤမြန်မာတိုင်းရင်းသားတို့သည် များသောအားဖြင့် သလေးစပါး စတင်၍ ပေါ်လာသော ကမ္ဘာဦးက ခေတ် ကဲ့သို့ ပင် တောင်သူ လယ်သမား အဖြစ်ဖြင့်သာ အသက် မွေးမြူ ကြရလေသည်။

မြန်မာလူမျိုးတို့၏ မိရိုးဘလာဖြစ်သော ထိုလယ်ယာ စိုက်ပျိုးမှုလုပ်ငန်းသည် တိုင်းပြည်စည်ပင်ဝပြောမှုအတွက် အသက်သွေးခဲဖြစ်သည်ကားမှန်၏။ သို့သော်လည်း မြန်မာ တောင်သူလယ်သမားတို့မှာ ချမ်းသာကြွယ်ဝကြသည်ကား မဟုတ်ပေ။ "လှော်ရင်းနစ်" ဆိုသကဲ့သို့ အလုပ်လုပ်ရင်း ဆင်းဆင်းရဲရဲဖြစ်နေရသူတို့ကသာ များလေသည်။

**"ကံး ညှိုးနွမ်းပါး, ဆင်းရဲသားကား, ထွင်ဖျားပြည်စိုး, မင်းကိုကိုး၏"** ဟူသော သားရွှေဥပျို့ကဗျာ နှင့် အညီပင် တောင်သူလယ်သမားတို့သည် ထိုကဲ့သို့ဆင်းရဲရသည့်အဖြစ်ကိုသည်းမခံနိုင်တိုင်းပင် တိုင်းပြည်အုပ်ချုပ်သူ အစိုးရကို အားကိုးကာ ကိုယ်လိုရာ အခွင့်အရေးကို တောင်းကြ၏။ သို့ရာတွင် ရှေးခေတ်ကလည်း မလွတ်လပ်သော အချိန်ဖြစ်၍ မည်သည့်အခါ၌မှ ဖူလုံအောင်ရသည်ဟုမကြားရ လွတ်လပ်ပြီးဖြစ်သော နောက်အခါ၌လည်း မလွှဲရှောင်နိုင်သောပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသောကြောင့် အလားတူပင်ဖြစ်ရပြန်၏။

သို့ဖြစ်ရာ တောင်သူလယ်သမား ဆင်းရဲသားတို့သည်ကား "နဖူးကအမာရွတ်ကိုမြင်တိုင်း မဟောသဓါကို မကျေချမ်းနိုင်

သော ကေဝဠ်အမတ်ကြီး" ကဲ့သို့ မိမိတို့၏ဆင်းရဲသားဘဝကို အမှတ်ရ တိုင်းပင် အစိုးရကိုသာ မကျေချမ်းနိုင်ဘဲ ရှိကြလေသည်။

မိမိတို့ချွတ်ယွင်းချက် ဆင်းရဲသားနှင့်အစိုးရသည် '**ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ**' ဆိုသလို တဉီးကို တဉီး အကူအညီပေးရမြဲဖြစ်၍ ပြည်သူဆင်းရဲရာ၌ အုပ်ချုပ်သူ အစိုးရသည် မကျေချမ်းနိုင်စရာ အကြောင်းတရပ်ဖြစ်သည်ကိုမည်ကဲ့သို့မှ မငြင်းလိုပါ။ သို့သော် အစိုးရ၏ချွတ်ယွင်းချက်သည် တိုင်းပြည်ဆင်းရဲခြင်း၏ အကြောင်းရင်း နံပါတ်တစ် အမှန်ဆုံးဖြစ်သော်လည်း မိမိကိုယ်တိုင်ပြုလုပ်သော အမှုကိစ္စ၌ မိမိမှတပါးသောအစိုးရတမျိုးထည်းဖြင့်ကား အကြောင်းလုံလောက်မည်မဟုတ်ပေ၊ အမှန်မှာ ကာယကံရှင် ဖြစ်သော တောင်သူလယ်သမား ဆင်းရဲသားတို့၏ ချွတ်ယွင်းချက်လည်း ပါရမည်သာတည်း။

ထိုစကားအရ တောင်သူ လယ်သမား တို့၏ ချွတ်ယွင်းချက်ဟူသည် အဘယ်အရာများပါနည်း။

၁။ စည်းရုံးညီညွတ်မှုမရှိခြင်း။

၂။ အလုပ်ကို မရိုသေမလေးစားခြင်း။

၃။ လူ့ဒါန်းရေး၌ရှင်း၊ ဝတ်စား နေထိုင် ရေး၌ရှင်း၊ မိမိတို့ အင်အားနှင့် မမျှအောင် မနိုင်ဝန်ကြီးကို ချီလေ့ရှိခြင်း စသည်တို့ပင်ဖြစ်၏။

ထိုချွတ်ယွင်းချက်တို့ကို မိမိတို့ကိုယ်တိုင်က လက်ချညီညီမပြုပြင်နိုင်သေးသမျှ၊ ဤအနာဂကုလကမ္မဋ္ဌ မင်္ဂလာတရားတော်အရ ရှုတ်ထွေးပွေလီမှု ကင်းသော လုပ်မှု ကိစ္စများကို ဆောင်ရွက်နေသူတို့ ဟူ၍လည်း မှတ်တမ်း တင်ရမည် မဟုတ် သေးပေ။

သို့ဖြစ်ရာ တောင်သူလယ်သမားမှန်က မည်သူမဆို မိမိတို့၏ ချွတ်ယွင်းချက်ကို မိမိတို့ကိုယ်တိုင်ကပင် ချွတ်ယွင်းချက်ဟု နားလည်မှုရှိပြီးလျှင် ထိုချွတ်ယွင်းချက်များကို ပြုပြင်ရန်လည်း တာဝန်မကင်းဘဲရှိကြပြန်၏။

**၁ အချက်ပြုပြင်ရေး** ချဲ့ဦးအံ့။ ပေါ်ပြအပ်ပြီးဖြစ်သောချွတ်ယွင်းချက် ၃ မျိုးရှိရာတွင် မိမိချွတ်ယွင်းချက်ကို မိမိတို့ကိုယ်တိုင်က တဦးချင်းအနေဖြင့် ပြုပြင်၍ ရနိုင်သော်လည်း၊ တောင်သူဆင်းရဲသားအပေါ်၌ အစိုးရ၏ချွတ်ယွင်းချက်ကိုကား တဦးတည်းအနေဖြင့် ပြုပြင်၍မရ။ အများညီညွတ်မှ ရ၏။

ထို့ကြောင့်တောင်သူလယ်သမားတို့အဖို့သွေးစည်းညီညွတ်ခြင်းသည် ဘာလျှင် ၁ အချက် ချွတ်ယွင်းမှုကို ပြုပြင်ရာ၌ အကောင်းဆုံးနည်း လမ်းဖြစ်ရကားမည်သူမဆို စည်းကမ်းသေဝပ်သော သွေးစည်း ညီညွတ်မှုမျိုးလည်း ရှိရမည် ဖြစ်လေသည်။ သို့သော် အလုပ်မလုပ်ပဲ အခွင့်အရေး တောင်းလိုသော နိုင်ငံရေးသမားတို့၏ သွေးစည်းညီညွတ်မှုမျိုးလည်း မဖြစ်စေရ။ မိမိတို့လုပ်ငန်း၌ ထိရောက်စွာအကူအညီရမည့် စီးပွါးရေးအခြေခံ ညီညွတ်မှုမျိုးကိုသာ ဖြစ်စေသင့်၏။

**ဥပမာ။** ။နယ်တနယ်၌ ပထမနှစ်က မိုးခေါင်သဖြင့် ဒုတိယနှစ်မှာ လူတိုင်းပင် မျိုးစေ့အတွက် အခက်အခဲကြုံပြီဟု ဆိုကြစို့။ ထိုအခါမျိုး၌ မိမိတို့ရလိုသော မျိုးစေ့ကို အစိုးရထံ အကူအညီ တောင်းခဲ့လျှင် တဦးချင်းအနေဖြင့် အခွင့်အရေး တောင်း၍မရ။ အားလုံး ညီညွတ်မှုယူ၍ တောင်းမှသာ ရ၏။ ထို့ပြင်လည်း နယ်တနယ်၌ ရေဖျက်သော ဘေးကြောင့် ကောက်ပဲသီးနှံတွေ ပျက်စီးနေပြန်ပြီဟု ဆိုကြစို့။ ထိုနယ်သူ

နယ်သားတို့သည်ကား အခွန်တော်မထမ်းဆောင်နိုင်သည့်ပြင် အစိုးရထံမှပင် အကူအညီ ရလိုကြောင်း ရလိုကြပေလိမ့်မည်။ ထိုအခါမျိုး၌လည်း ညီညွတ်မှုအင်အားဖြင့် တောင်းယူမှသာ လျှင် မိမိတို့ လိုလားချက်ဖြစ်သော အခွန်တော် လွတ်ငြိမ်းမှု၊ အစိုးရက အကူအညီ ပေးမှုများကို ရနိုင်မည် ဖြစ်လေသည်။ (အချိန်မှီ အမတော်ငွေရမှု စသည်တို့၌လည်း ဤနည်းအတူ ပင်တည်း)။

သို့ဖြစ်၍တောင်သူလယ်သမားတိုင်းပင် နိုင်ငံရေး သဘော အနေဖြင့် မဟုတ်စေဘဲ မိမိတို့၏ တောင်သူ လယ်ယာလုပ်ငန်း မျိုး၌ အကျိုးဖြစ်ထွန်းစေနိုင်သောသွေးစည်းညီညွတ်မှုကိုကား လိုလားအပ်သည်ဟုပင်မှတ်ပါ။

၂ အချက်ပြုပြင်ရေး ထို့ပြင် လယ်ယာ စိုက်ပျိုးမှု ဟူသော လုပ်ငန်းသည် ရာသီဥတု အားလျော်စွာ အခါကို လိုက်၍ ဆောင်ရွက် ထိုက်သော လုပ်ငန်း ဖြစ်သော် လည်း အချို့တောင်သူ လယ်သမားတို့က—

၁။ မပြောပလောက်သော အသေးအဖွဲ့ ကိစ္စကလေး များကို ရိုးမယ်ဖွဲ့ကာ သူ့အခါနှင့်သူ ပြုလုပ်အပ် သော မိမိလုပ်ငန်းအတွက် ရက်ပျက်ခံတတ်ခြင်း၊

၂။ စောစော ဆောင်ရွက်မှ တွင်ကျယ်မည့် ကိစ္စ၌ ကန့်သည် ပွဲစားများကို အတုခိုးကာ လဘက်ရည် ဝိုင်းဖွဲ့သောက်ခြင်းဖြင့် အချိန်ကိုမတရားဖြုန်းတီး ပစ်ခြင်း၊

၃။ အရေးမကြီးသော ပျော်ပါးမှုအတွက် ရက်ပျက် ရမည်ကို ဝန်မလေးခြင်း စသော ချွတ်ယွင်းချက် တို့နှင့် ပြွန်းနေလေသည်။

အမှန်မှာ ထိုဒုံး ပြုအမှုတို့သည်ပင် ၂ အချက်အရချွတ်ယွင်း ချက်ကြီးဖြစ်၏။ ထို့ကြောင့် တောင်သူလယ်သမားမှန်က မည်သူ မဆို အလုပ်ကို ရိုသေလေးစားမှ သာလျှင် ထို ၂ အချက်အရ ချွတ်ယွင်းမှုကို ပြုပြင်ရာ ရောက်မည်ဟုမှတ်ပါ။

**၃ အချက်ပြုပြင်ရေး** ထို့ပြင် တောင်သူ လယ်သမား တို့သည် မိမိတို့ ကိုယ်တိုင်က ဝင်ငွေ နည်းသော ဆင်းရဲသားများဖြစ်လျက် ဝင်ငွေများသော ကုန်သည် သေဌေး သူကြွယ်တို့ကို တုပပြီးလျှင် သေဌေးဝတ် သေဌေးစား ဆင်းရဲ သား အဆင့်အတန်းနှင့် မမျှတအောင် မနိုင်ဝန်ကြီးကို ချီလေ့ ရှိသည်ဖြင့် နောက်ဆုံး၌ခေါင်းမဖော်နိုင်အောင် ရာသက်ပန် ဆင်းရဲသားဇာတ်ခင်းကြရသည်သာ များလေသည်။

ငွေ၏ တန်ဘိုးကို နားလည်သော တချို့ သေဌေးဖြစ်သူတို့က ပင် ချွေတာရေးကို အလေးပြုနိုင်လျက် မိမိတို့လုပ်စာကို ချွေးနဲ့ စာဟု သဘောမပိုက်နိုင်သော တချို့တောင်သူလယ်သမားတို့က သင်္ဂြိုဟ်ရတရားကို အလွဲသုံးစားအားကျလျက် "ငါဝတ်ရဲ စားရဲ သည်၊ ငါဖြုန်းရဲသည်"ဟု အသုံးအစွဲ လက်ရဲခြင်း သည်ကား **"သေဌေးက ကျွန်ပုံပေါက်၍၊ သူတောင်းစားက သေဌေးစိတ် ပေါက်"** ဟူသကဲ့သို့ ဖြစ်နေလေသည်။

ထို့ကြောင့် လှူဒါန်းရေး၌ဖြစ်စေ, ဝတ်စား နေထိုင်ရေး၌ ဖြစ်စေ **"အမြင်မတော်,ဆင်တော်နှင့် ခလောက်"** ဆိုသကဲ့သို့ မဖြစ်စေဘဲ **"ဝန်နှင့်အား မြှားနှင့်လေး"**ဟူသော ပေါရာဏ က စကားအရ မိမိတို့ နိုင်သလောက် ဝန်ကို ချီမှသာလျှင် တောင်သူ လယ်သမားတို့အဘို့ ၃ အချက်အရ ချွတ်ယွင်းမှုကို ပြုပြင်ရာရောက်မည်ဟု မှတ်ပါ။

(အထက်သင်္ဂြိုဟ်မင်္ဂလာနှင့်ဆက်စပ်၍ကြည့်ပါ)။

## ကူးသန်း ရောင်းဝယ်ရေး

**ကုန်သည်တို့၏ ချွတ်ယွင်းချက်** ဤမြန်မာပြည်၌ တောင်သူလယ်သမားတို့ဘက်မှဆုတ်ယုတ်သည့်နည်းတူ ကူးသန်း ရောင်းဝယ်ရေး ဘက်မှလည်း အမျိုးသားအချင်းချင်း အညွန့်ခူးစားတတ်သော ကုန်သည်ပွဲစားကလေးများ ရှိသည်ဟု ဆိုရရုံမှတပါး ခေတ်အားလျော်စွာ မှတ်တမ်းတင်ထိုက်သော မြန်မာပိုင် ကူသန်းရောင်းဝယ်မှု လုပ်ငန်းဟူ၍ ယနေ့အထိမရှိသေးပေ။ အများနည်းတူ ခေတ်ထဲ၌နေရသော လူမျိုး တမျိုး ဖြစ်နေ ပါလျက် အများ တိုးတက် နေ သော ကမ္ဘာ့ ကူးသန်းရောင်းဝယ်ရေး ခေတ်နှင့် နှိုင်းစာ လျှင်ကားလက်ရှိဖြစ်သော မြန်မာ့ ကူးသန်း ရောင်းဝယ်ရေး ခေတ်သည်ကား ဘိုးတော်ဘုရား လက်ထက်ကလောက် ဖြစ်နေရသေးသည်မှာ ဝမ်းနည်းဘွယ်ပင်တည်း။

ဤသို့ဖြစ်ရာ၌ အကြောင်းမှန်ကို ရှာဖွေလျှင်—

၁။ သွေးစည်း ညီညွတ်မှု မရှိခြင်း၊

၂။ ငွေပင် ငွေရင်း နည်းခြင်း၊

၃။ မရိုးဖြောင့်ခြင်း၊

၄။ တဦးနှင့်တဦး အယုံအကြည် ကင်းမဲ့ခြင်း၊

၅။ ကူးသန်း ရောင်ဝယ်မှု၌ အမြင် မကျယ်ခြင်း၊

၆။ ဇွဲမရှိခြင်း

စသော ချွတ်ယွင်းချက် အမျိုးမျိုးတို့ကိုတွေ့နိုင်ပါသည်။ ဤချွတ်ယွင်းချက်တို့သည်ပင် လူမှုပြဿနာဖြေရှင်းခန်းတုန်းက ဖေါ်ပြခဲ့သော အလုပ်နှင့် သင့်လျော်အောင် ဆောင်ရွက်မှုမရှိခြင်း

ဟူသော ပျက်ကွက်မှုအင်္ဂါထဲ၌ အကျုံးဝင်လျက် ရှိရကား ထို ချွတ်ယွင်းချက်တို့ကိုမပြုပြင်နိုင်သေးသမျှ ကူသန်းရောင်းဝယ်မှု၌ ဆုတ်ယုတ်မြဲ ဆုတ်ယုတ်နေရမည်သာတည်း။

**ချွတ်ယွင်းချက် ပြုပြင်ရေး**

မည်သူပင်ဖြစ်စေ၊ ကူးသန်း ရောင်းဝယ် ရေး၏ သဘောကို ဆန်းစစ်ကြည့်လျှင် ငွေပင် ငွေရင်း များမှု အမြတ်အစွန်း များနိုင်သော လုပ်ငန်းမျိုးကြီး တရပ် ဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ ငွေပင် ငွေရင်း များမှု ဟူသည်မှာလည်း တဦးချင်း အနေဖြင့် ဖြစ်မြောက် နိုင်သော ကိစ္စမျိုး မဟုတ်ပေ။ အများ စုပေါင်း ဆောင်ရွက်မှသာ အောင်မြင် ထမြောက် နိုင်သော ကိစ္စမျိုး ဖြစ်၏။ သို့သော် မြန်မာတိုင်းရင်းသားတို့သည်ကား သွေးစည်း ညီညွတ်မှု မရှိသောကြောင့် အစုရှယ်ယာ သဘောဖြင့် ပြုလုပ် အပ်သောအများပိုင်ကုမ္ပဏီ လုပ်ငန်းမျိုးထက် တဦးတည်းပိုင် လုပ်ငန်းမျိုးကိုသာ ပိုမိုနှစ်သက်ကြပြန်သည်။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းမှန်မှာလည်း။ ၁-မရိုးဖြောင့် ခြင်း, ၂-တဦးနှင့် တဦး အယုံအကြည် ကင်းမဲ့ခြင်း, တို့ပင် ဖြစ်၏။ အကယ်၍ ကူးသန်း ရောင်းဝယ်ရေး သမား တိုင်းပင် ရိုးဖြောင့်မှုကို လက်ကိုင် ထားနိုင်သည်ဟု ဆိုပါမူ တဦးနှင့် အဦး အယုံအကြည် ကင်းမဲ့မှု များလည်း အလို အလျောက် ပပျောက် သွားရမည်။ ဤကဲ့သို့ တဦးနှင့်တဦး အယုံအကြည် ကင်းမဲ့မှုများ ပပျောက်သွားခဲ့လျှင် သွေးစည်းညီညွတ်မှုလည်း အလွယ်နှင့် ဖြစ်ပေါ်လာရမည် သာတည်း။

ဤနည်းဖြင့် သွေးစည်းညီညွတ်ပြီဟု ဆိုရသည့်တိုင်အောင် ကူးသန်း ရောင်းဝယ်မှု၌ အမြင်ကျဉ်း၍ ငွေမရှိ ပြန်လျှင်လည်း ထင်သလောက် တိုးတက် ဦးမည် မဟုတ်ပါ။ ထို့ကြောင့် ဤချွတ်ယွင်းချက် ပြုပြင်ရေးတို့ကို အသေးစိတ်ကြိုးပန်းနိုင်မှသာ လူမှု ဆုတ်ယုတ်ရေးမှ လူမှု တိုးတက်ရေး စခန်းသို့ ချီတက် နိုင်မည်ဟု မှတ်ပါ။

လူမှုဆုတ်ယုတ်ရေးပေါ်ပြခန်းပြီး၏။

## လူမှုတိုးတက်ရေးပေါ်ပြခန်း

**တိုးတက်ရေး ဟန့်တားမှု**

ဤ'အနာကုလကမ္မန္တမင်္ဂလာ တရားတော်' အရလယ်လုပ်မှု၊ ကုန်သွယ်မှု စသည်တို့ကို အချိန် ရှိသမျှ ပြုလုပ် ဆောင်ရွက် နေကြသော်လည်း မြန်မာ တိုင်းရင်းသားတို့ သည်ကား ချမ်းသာ ကြွယ်ဝ ကြသည် မဟုတ်ပေ။ တိုင်းပြည်က သဘာဝပစ္စည်း တို့ဖြင့် ကြွယ်ဝသလောက် တိုင်းရင်းသားတို့မှာ ဆင်းရဲလျက် ရှိလေသည်။ သို့ဖြစ်ရာ မြန်မာတိုင်းရင်းသား ဆင်းရဲသား ဆင်းရဲသမီး တို့ သည် လည်း ငါတို့ သည် ကား ဆင်းရဲသား ဆင်းရဲသမီးဘဝနှင့်ပင် နောက်ဆုံး အရိုး မြေကြရမည့်သူတွေပါ တကားဟု မိမိတို့စိတ်ကိုပင် မိမိတို့ကိုယ်တိုင်က အညွန့်ချိုးထား ကြသည်က များလေသည်။ ဤကဲ့သို့စိတ်ကိုအညွန့်ချိုးထားခြင်း ဖြင့်ပင် မိမိတို့၏ တိုးတက်ရေးကို မိမိတို့ကိုယ်တိုင်က ဟန့်တား ထားရာလည်းရောက်ပြန်၏။

သို့ရာတွင် ကာမာဝစရ ကုသိုလ်ကံသည်ဌက်ခါးပျံသကဲ့သို့ နိမ့်ချည်မြင့်ချည်ရှိရကား ထိုကာမာဝစရ ကုသိုလ်ကံ၏အကျိုး ပေးရာဖြစ်သော ဤလူ့လောကကြီး၌ရှိနေသူမှန်က မည်သူမဆို ဆင်းရဲသူ သည်လည်း အမြဲ ဆင်းရဲနေလိမ့်မည် မဟုတ်ပေ။ ချမ်းသာသူကလည်း အမြဲတမ်းချမ်းသာနေလိမ့်မည်မဟုတ်ပေ။ ''**ဆင်းရဲတခါ-ချမ်းသာတလှည့်**'' ဆိုသည်နှင့် အညီ ဆင်းရဲ သားက သေဋ္ဌေးဖြစ်၍ သေဋ္ဌေးကလည်း ဆင်းရဲသား ဖြစ်နိုင် သည်။ သို့သော်လည်း ဉာဏ်ဝီရိယ ကို မနှိုး ဆော် ရဘဲ မိုး ပေါ်ကျ အလွယ် ပေါက်ကဲ့သို့ အလိုအလျောက် အကြောင်းမဲ့ ဖြစ်ပေါ်လာလိမ့်မည်ဟူ၍ကားမမြော်လင့်ထိုက်။သူ့အကြောင်း နှင့်သူသာ အမှုအရာသတ္တိ ပြောင်းလွဲပေးနိုင်လေသည်။

**သေဋ္ဌေးဖြစ်နည်း နိဿယျည်း**

ဗုဒ္ဓရှင်တော်မြတ်လက်ထက်တော် အခါက လောက ကြီးပွါးရေး နောင် သံသရာကြီး ပွါးရေး နည်းပေး လမ်းပြတော် မူပါဟု လျှောက်ထားသော ''ဗျဂ္ဃပဇ္ဇ'' ဆိုသူ ဥပါ သကာအား ဗုဒ္ဓ ရှင်တော် မြတ်က လောက ကြီးပွါးရေး အတွက် သမ္ပဒါ ၄ ပါးကိုရင်း၊ နောင်သံသရာ ကြီးပွါးရေး အတွက် သမ္ပဒါ ၄ ပါးကိုရင်း အင်္ဂုတ္တိုရ်ပါဠိတော်၌ ခွဲခြားဟောပြတော်မူ၏။ သို့ဖြစ်ရာ ဆင်းရဲချို့ငဲ့နေသူမှန်က မည်သူမဆိုမိမိတို့၏သက်သာ ချောင်ချိရေးကိုဖန်တီးလိုပါလျှင်—

၁။ **ဥဋ္ဌာနသမ္ပဒါ**=လုပ်ကိုင်ရာ၌ထကြွမှုရှိရခြင်း၊

၂။ **အာရက္ခသမ္ပဒါ**=လုပ်ကိုင် ရသမျှပစ္စည်းကို သိမ်း ဆည်းစောင့်ရှောက်တတ်ရခြင်း၊

၃။ ကလျာဏမိတ္တသမ္ပဒါ=နည်းပေးလမ်းပြမိတ်ဆွေကောင်းရှိရခြင်း၊

၄။ သမဇီဝိတသမ္ပဒါ=အဝင် အထွက် မျှတအောင် ချွေတာစွာသုံးစွဲနိုင်ရခြင်း

ဟု ဆိုအပ်သော ဤသမ္ပဒါ ၄ ပါးတရား တော်အရ လိုက်နာခြင်းအားဖြင့်သာလျှင် ချမ်းသာမှုကို ဖန်တီးရာ ရောက်ပေမည်။ ထိုသမ္ပဒါ ၄ ပါးကို လက်တွေ့ လိုက်နာသူတို့သည် သေဌေး ဇာတာမပါ၍ သေဌေးမဖြစ်ဟုဆိုရသည်တိုင်အောင်ဆင်းဆင်းရဲရဲကားမနေရ၊ အယုတ်ဆုံးသက်သာချောင်ချိရမည်။

အကယ်၍ သေဌေးဖြစ်ရန် ကံစွမ်းကံစ ပါလာသူ ဖြစ်ပါမူကား အဘယ်မှာ ပြောဘွယ် လိုအံ့နည်း။ သို့သော် ဗုဒ္ဓဘုရားဟောတော်မူသော သမ္ပဒါ ၄ ပါးတရားတော်ကို ဗုဒ္ဓဘာသာဝင်တို့၏လက်ထဲမှ လုယူသွားသည့်အလား ဘာသာခြားဖြစ်သူ တရုပ် ကုလား တို့ကသာ ထိုသမ္ပဒါ ၄ ပါး တရားတော်အရ လိုက်နာလျက်ရှိကြ၏။ သို့အတွက် မြန်မာ တိုင်းရင်းသားတို့၏ သက်သာ ချောင်ချိရေး သည်ကား ပန်းတိုင်နှင့် ဝေးသကဲ့သို့ ဖြစ်နေလေသည်။

ကန်သွယ်မှု, လယ်လုပ်မှု စသည်ဖြင့် အသက် မွေးမြူနေကြရာ၌ စီးပွါးရေး တောင့်တင်းသော နိုင်ငံ ခြားသား တို့ကဲ့သို့ သမ္ပဒါ ၄ ပါးတရားတော်နှင့် ညီညွတ်လာသော တနေ့တွင် ကြပ်တည်းဆင်းရဲသော တိုင်းရင်းသား တို့သည်လည်း အမိ၏နို့ချိုနှင့် အလားတူသော သက်သာ ချောင်ချိရေး ကြီးကို လက်ဆုပ်လက်ကိုင် ရရှိနိုင်ရုံမျှမက ဤအနာ ကုလကမ္မန္တ မင်္ဂလာ

တရားတော်ကြီးကိုလည်း တောင်သူလုပ်ရင်း၊ ကုန်ကူး ရင်းပင် ပူဇော်လေးစားရာ ရောက်မည်ကား အမှန်ဖြစ်၏။ ထို့ကြောင့် မည်သူမဆို ဤအနာဂတ်ကာလကမ္ဘာ၌ မင်္ဂလာတရားတော်အရ မိမိ လုပ်ငန်းအား အနှောင့်အယှက်ပေးနိုင်သော သောက်စားမှု၊ ကြွားဝါမှု၊ လော်လီမှုစသည်တို့မှာလည်းရှောင်ကျဉ်မှသာလျှင် လူမှု တိုးတက်ရေးအတွက် အကောင်းဆုံး နည်းဖြစ်သည်ဟု မှတ်ပါ။

လူမှုတိုးတက်ရေးဖေါ်ပြခန်းပြီး၏။

---

## ညွန့်ပြန့်ဖြိုးဆောင်ခန်း

ဤယခုဖေါ်ပြအပ်သောအခန်းကား ညွန့်ပြန့်ဖြိုးဆောင်ခန်းပင် ဖြစ်၏။ ညွန့်ပြန့်ဖြိုးဆောင်ခန်း ဖြစ်သည်အားလျော်စွာ ဤအနာဂတ် ကာလကမ္ဘာ၌ မင်္ဂလာ တရားတော်နှင့် တကယ် ညီညွတ်သော တောင်သူလယ်သမားမျိုး, ကုန်သည် ပွဲစားမျိုးသာ အသီးသီး ဖြစ်စေရန် လူထု ဘဝသစ် ဖန်တီးရေး ဖြစ်သော ဤအချက် ဤအချက်များကိုလည်း ညွန်ကြားပါအံ့။

**လိုရင်းမှတ်ဖွယ်** "သမုဒြာဝမ်းတထွာ" ဆိုသည်နှင့် အညီ ပရိယေသန ဝမ်းရေးလျှင် အခြေခံ ရှိသော လူမှုစီးပွားရေး ပြဿနာများကား ရှုတ်ထွေး ကျယ် ဝန်း၏။ ထိုမျှရှုတ်ထွေးကျယ်ဝန်းသော လူမှုပြဿနာများကို ဖြေရှင်းနိုင်သော အကြံ အဉာဏ် အရည် အချင်းမျိုး ရှိနေမှ သာလျှင် လူ့လောကအလယ်၌ ထယ်ထယ်ဝါဝါဖြစ်နေသော ကြောင့် လူတိုင်း၌ပင် အကြံကောင်း ဉာဏ်ကောင်းများ ရှိနေ

ရမည်။ ထို့ကြောင့် လူမှုအရှုတ်ထွေးကို ခေါင်းအေးအေးနှင့် ဖြေရှင်းနိုင်သော အကြံအစည်ကောင်းများလည်း သင့်-အတွက် လုံလောက်ပြီဖြစ်ပါစေ။

ထို့ပြင် **"ချွေတာစုဆောင်း သေဌေးလောင်း"** ဆိုသည့် အတိုင်း စီးပွါးရေးသမားမှန်က ချွေတာမှုကို လေးစားရမြဲ ဖြစ်သည်၊ အချိန်ကို မဘရား ဖြုန်းခြင်းနှင့် ငွေကိုမတရား သုံးခြင်းသည် လူတဦးတယောက်၏ ကြီးပွါးရေး၌ အကြီးဆုံး သော ရန်သူကြီး ဖြစ်၏။ ဤမျှလောက်ပင် ချွေတာရေးက အရေးကြီးသောကြောင့် လူတိုင်း၏တိုးတက်မှုကို ရှေးရှုဆောင် ရွက်လျက်ရှိသော အချို့ တိုင်းပြည်များ၌ Austerity drive ဇွတ်အတင်းချွေတာရေးဝါဒတခုအနေဖြင့် သူတို့ဆိုင်ရာလူထုကို ချွေးတာရေးအတွက် အာဏာဖက်၍အတင်းအကြပ်စီမံရသည် များကို ထောက်ထားခဲ့လျှင် လူတယောက်၏ ကြီးပွါးရေး၌ ဖြစ်စေ၊ တတိုင်းတပြည်လုံး၏ ကြီးပွါးရေး၌ဖြစ်စေ၊ ထိုချွေတာ ရေးက မည်မျှလောက် အထောက် အပံ့ပြုနိုင်သည် ဟူသော ချွေတာရေး၏အဓိပ္ပါယ်ကိုလည်း အကြမ်းအားဖြင့် မှန်းထား သိရှိနိုင်ကြပါလိမ့်မည်။ ထို့ကြောင့် သင်သည် သင့်-ကိုယ်သင်- ချွေတာသူတယောက်လည်း ဖြစ်ပါစေ။

ထို့ပြင် ချွေတာသူတယောက် ဖြစ်ရသည့်တိုင်အောင် စီးပွါး ရေး၌ နိုးကြားမှုမရှိပြန်လျှင်လည်း ထင်သလောက် တိုးတက် မည်မဟုတ်ပါ။ စီးပွါးရေး၌နိုးကြားမှုမရှိဘဲ သင်၏ အိပ်မော ကျခြင်းသည်ပင် သူတပါးအား တိုးတက်ရန် လမ်းဖယ်ပေး သကဲ့သို့ဖြစ်၏။ ထို့ကြောင့်သင်သည် သင့်ကိုယ်သင်-နိုးကြားသူ တယောက်လည်းဖြစ်နေပါစေ။

ထို့ပြင် နိုးကြားသလောက် ကြိုးစားမှု မရှိပြန်လျှင်လည်း သင်သည် စိတ်ကူးနှင့်ရှူးနေသော စိမံကိန်းသမားတယောက် မျှသာဖြစ်၍ သင်၏လူမှု တိုးတက်ရေးသည်လည်း အကောင် အထည်မပေါ်နိုင်ပါ။ ထို့ကြောင့် သင်သည် သင့်ကိုယ်သင် အပြောသမား,စိတ်ကူးသမားတယောက်မဟုတ်စေဘဲအလုပ်ကို တကယ်ကြိုးစားနေသူ တယောက်လည်း ဖြစ်ပါစေ။

ထို့ပြင် မိမိကကြိုးစားသူ တကောက် ဖြစ်သည်တိုင်အောင် အလုပ်ခွင်၌စိတ်ဝင်စားမှု, တည်ကြည်မှုဇွဲမျိုးမရှိပြန်လျှင်လည်း သင်၏ကြိုးစားမှုသည် ဟုန်းကနဲထတောက်သော ကောက်ရိုး မီးကဲ့သို့ တိုတောင်းသောကာလအတွင်း၌ပင် အရှိန်ရပ်စဲသွား ရပါလိမ့်မည်။ ထို့ကြောင့် **လူပျင်းလုံ့လ တခဏ** ဆိုသကဲ့သို့ မဖြစ်ရအောင် သင်သည် သင့်ကိုယ်သင် တည်ကြည်မှုဇွဲမျိုး လည်း ရှိနေပါစေ။

## လူမှုတိုးတက်ရေးကိုလေးစားပါ

ယခုဖေါ်ပြကဲ့သော လမ်းစဉ်အတိုင်း ကျင့်ကြံလျှင် သင်၏ ဘဝသစ်ကို ဖန်တီးရာရောက်၍ သင်-ကိုယ်တိုင်လည်း ကြီးပွါး သူတယောက်ဖြစ်လာပါလိမ့်မည်။အကယ်၍ သင်သည် အဆင် ခြင် ကင်းမဲ့လျက် ဤလမ်းစဉ်မှလွဲဖယ်ခဲ့ပါမူ ကြပ်တည်းဆင်းရဲ သူ တ ယောက် အ နေ ဖြင့် မုချ ဒုက္ခ တွေ့ ရ မည် သာ တည်း။ ထို့ကြောင့် သင့်ကိုယ်သင်—

၁။ အကြံဉာဏ်ကောင်းရမည်၊

၂။ ချွေတာသူဖြစ်ရမည်၊

၃။ နိုးကြားသူဖြစ်ရမည်၊

၄။ ကြိုးစားသူဖြစ်ရမည်၊

၅။ အလုပ်၌တည်ကြည်မှုဇွဲမျိုးရှိရမည်

ဟူသော ဤအဓိဋ္ဌာန်ချက် ၅ မျိုးကိုမွေးမြူလျက် ဤအနာကုလကမ္မန္တ မင်္ဂလာ တရားတော် အရ "လူ မှု တိုး တက် ရေး ကို **လေးစားပါ**" ဟု ညွှန်ပြနိုးဆော်လိုပါကြောင်း။

ဆောင်ပုဒ်....

၁။ လူမှုရှုတ်ထွေး၊ ဖြေရှင်းရေး၊ ကြံတွေး သင့်-စွမ်းရည်။
၂။ ချွေတာ, နိုးကြား၊ သင်-ကြိုးစား၊ စိတ်ထား သင်-တည်ကြည်။
၃။ ဤအတိုင်းပင်၊ သင်-ကျင့်လျှင်၊ အသင်-ကြီးပွါးမည်။
၄။ ဖြုန်းသုံးပျော်ပါး၊ မနိုးကြား၊ စီးပွါးဆုတ်ယုတ်မည်။

ညွှန်ပြနိုးဆော်ခန်းပြီး၏။

## အခန်း ၁၄

## ဒါနမင်္ဂလာ

ဒါန၄ — ပေးလှူစွန့်ကြဲခြင်း သည်လည်း ကုသိုလ်တရားတိုးပွါး ရင့်ကျက်ရန်မင်္ဂလာတပါး ဖြစ်သည်။

ဤ ၁၄ နံပါတ် မင်္ဂလာ ကိုပင် " ဒါနမင်္ဂလာ "ခေါ်ဆိုသည်ဟုမှတ်ပါ။

(ဒါန-ပေးလှူစွန့်ကြဲခြင်း။သို့မဟုတ် ပေးလှူစွန့်ကြဲကြောင်းစေတနာ။ မင်္ဂလာ- ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု)။

### ဒါနပြဿနာဖြေရှင်းခန်း

အခြေခံဒါန ၂ မျိုး — ဤ "ဒါနမင်္ဂလာ တရားတော်" အရ ဒါနဟူသော ပုဒ်၌လည်း—

၁။ **ဒါတဗ္ဗန္တိဒါနံ,** ဟူ၍ရင်း၊
၂။ **ဒီယတိ စေတနာတိ ဒါနံ,** ဟူ၍ရင်း
အသီးသီးဝိဂြိုဟ် ပြုပြီးနောက်—

၁။ လှူဒါန်းအပ်သော ပစ္စည်းဝတ္ထု။
၂။ ပူဇာနုဂ္ဂဟ အားဖြင့် ပေးလှူစွန့်ကြဲကြောင်း စေတနာဟူ၍ အစဉ်အတိုင်း အရကောက်ပါ။

ထိုတွင်လည်း—

၁ အချက်အရ ဒါနကို "**ဝတ္ထုဒါန**"၊
၂ အချက်အရ ဒါနကို "**စေတနာဒါန**"

ဟူ၍လည်း အသီးသီးခွဲခြားမှတ်ထားပါ။ ဤသို့လျှင်ဒါနသည် အခြေခံသဘောအားဖြင့်၊ ၁-ဝတ္ထုဒါန၊ ၂-စေတနာဒါနဟု ၂ မျိုးကွဲပြားလေသတည်း။

**ဒါနမြောက်၊ မမြောက် အင်္ဂါများ**

ဒါနသည် အခြေခံ မူ-အားဖြင့် ၂-မျိုး ရှိသည်ကားမှန်၏။ သို့ရာတွင် ဤအရာ၌ ကား "ဒါနံနာမ ပရိစ္စာဂ စေတနာ" ဟူသော အဋ္ဌကထာ ညွှန်ပြချက် နှင့် အညီ လှူဒါန်းခြင်း ဟူသည်မှာ ပေးလှူ စွန့်ကြဲကြောင်း စေ တ နာ ပင် ဖြစ် ရ ကား ဝတ္ထုဒါန မြောက်မှုကိုအဓိက ထားပျက်—

၁။ လှူဘွယ် ဝတ္ထု၌ ငါပိုင်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟူသော တွယ်တာမှု တဏှာကို မိမိစိတ်မှ စွန့်လွှတ်ရခြင်း၊

၂။ လှူဘွယ်ဝတ္ထုကိုလည်း မိမိလက်ထဲမှ အလှူခံပုဂ္ဂိုလ်၏ လက်ထဲသို့ရောက်အောင် လွှဲပြောင်းစွန့်လွှတ်ရခြင်း

ဟူ သော အ လွှတ် ၂ မျိုး နှင့် ပြည့် စုံ အောင် ပေးလှူ စွန့်ကြဲကြောင်း ဖြစ်သော စေတနာကိုပင် ဒါန ခေါ်သည်ဟု မှတ်ပါ။

ထို အလွှတ် ၂ မျိုးနှင့် ညီညွတ်သော အလှူရှင် ကိုလည်း "မုတ္တစာဂီ အနုဒ္ဓဋော" ဟု ဗုဒ္ဓရှင်တော်မြတ်ကလည်း ချီးကျူးတော်မူ၏။ အကယ်၍ လှူဘွယ် ဝတ္ထု၌ တွယ်တာမှု တဏှာကို မိမိစိတ်မှ စွန့်လွှတ်သော်လည်း ထို လှူဘွယ်ဝတ္ထုကို မိမိလက်ထဲမှ မစွန့်လွှတ်ရ သေးသော်ငြား၊ လှူဘွယ်ဝတ္ထုကို မိမိလက်ထဲမှ စွန့်လွှတ်ပြီးဖြစ်သော်လည်း ထိုလှူဘွယ်ပစ္စည်း၌ အာလယ မပြတ်ဘဲ ရှိနေခဲ့သော်ငြား၊ ထိုကဲ့သို့သော ဒါနမျိုးကို အောင်မြင်သော ဒါနဟု မဆိုထိုက်။

**ဘဝလွတ်မြောက်ရေး ဒါန** ဤဒါနမင်္ဂလာ တရားတော်အရ ပေးလှူစွန့်ကြဲမှု သည်ကား ဗုဒ္ဓဘာသာဝင်တို့၏ အယူဝါဒ၌သာ ရှိသည်မဟုတ်၊ ဘာသာကွဲဖြစ်သော အခြား လူမျိုးတို့၏ အယူဝါဒ၌လည်း ထိုက်သင့်သည် အားလျော်စွာ ရှိကြ သည်သာ ဖြစ်၏။ သို့ဖြစ်ရာ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းပင် တဦးနှင့် တဦး ပေးကမ်း စွန့်ကြဲခြင်း၊ မိမိတို့ဘာသာတရားတော်အရ အထွဋ်အမြတ်ထားသူတို့အား လှူဒါန်းခြင်း စသော ဒါနမှု များ ကို လည်း လူ မျိုး တိုင်း ၏ စည်းကမ်းတခု အနေဖြင့် လက်မလွှတ်ဘဲ ရှိကြလေသည်။

သို့သော် လှူဒါန်းမှုခြင်း တူကြသော်လည်း လှူဒါန်းသူတို့၏ ရည်ရွယ်ချက်ခြင်းကား လူတမျိုးနှင့်တမျိုး ဘာသာတခုနှင့်တခု တူညီကြသည် မဟုတ်ပေ။ ထိုဘာသာဝင် အသီးသီးတို့အနက် ဗုဒ္ဓဘာသာ တရားတော်အရ လှူဒါန်းသူတို့က သံသရာ့ထွက်လမ်း ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်ကိုသာ အဓိကထား၍ လှူဒါန်းကြရ လေသည်။ ထို့ ကြောင့် ထိုဗုဒ္ဓ ဘာ သာ ဝင် တို့ ပြု လုပ်အပ်သော ဒါနမှုကို ''**ဘဝလွတ်မြောက်ရေးဒါန**''ဟုမှတ်ပါ။

**ဘဝစည်ပင်ရေးဒါန** ထို့ပြင် အတ္တ ဝါဒီ ဖြစ်သော ဗြဟ္မဏဘာသာဝင် တို့က မူကား မောက္ခ (လွတ်မြောက်ရာ)ဟု ယုံကြည်မှုရှိနေသော မူလ အတ္တပိုင်ရှင် ပရမာတမာနှင့် သူ တို့ ၏ အတ္တ ပြန် လည် ပေါင်းဆုံရေး အ တွက် လှူဒါန်းကြ၏၊ သို့သော် သူတို့ ရည်မှန်းချက်ထားသော ပရမာတမာဟူသည်မှာ သာသနိက ကျမ်းဂန်များအရ ဗြဟ္မာပင် ဖြစ်၏။

ထို့ကြောင့် အစစ်အမှန် မောက္ခ မဟုတ်သော ဗြဟ္မာဖြစ်ရေးအတွက် ပြုလုပ်အပ်သော ဒါနမှုတို့လည်း သူတို့၏ မူလ

ရည်ရွယ်ချက်သို့လိုက်၍ "ဘဝစည်ပင်ရေးဒါန"ဟု ဆိုထိုက်ပြန်၏။

**လူ့လောက ဝတ်ကျေရေး ဒါန** ထိုမှတပါးသော ဘာသာဝင် တို့ကမူကား မိမိတို့ နောင်ရေး အတွက် မိမိတို့ ဘုရားသခင်ကပင် လုံးဝ တာဝန် ယူလိမ့်မည်ဟု ယုံကြည် ကြသဖြင့် နောင် ရေးထက် ယခု လက်ငင်း ခံစားခွင့်ရှိသော လောကရေး သက်သက် ကိုသာ အဓိက ထားလျက် ပေးကမ်း စွန့် ကြဲမှု ပြုလုပ် ကြ၏။ ထို့ ကြောင့် အနောက် ဥရောပ တိုက်သား စသည်တို့၏ ဒါနမှု ကိုကား လောကဝတ်ကျေရေး ဒါန ဟူ၍သာလျှင် ခေါ်ဆိုထိုက်ပြန်၏။

ဤသို့လျှင် ဒါန မှုသည်—

၁။ ဘဝ လွတ်မြောက်ရေး ဒါန၊

၂။ ဘဝ နယ်ချဲ့ရေး ဒါန၊

၃။ လောက ဝတ်ကျေရေး ဒါန

ဟု မူလ လှူဒါန်းသူ ဘာသာဝင်တို့၏ ရည်ရွယ်ချက်သို့ လိုက်၍ ၃-မျိုး ပြားလေသည်။

ထို့ပြင်လည်း ပုဂ္ဂလိကဒါန ၁၄ မျိုး၊သံဃိကဒါန ၇ မျိုး စသည်ဖြင့် ဘုရားဟော ကျမ်းဂန်လာ ဒါနအမျိုး အစားစားရှိသေး၏။ သို့ရာတွင် ထိုသမားရိုးကျ ဒါန များကို အခြား ကျမ်းစာ အမျိုးမျိုး တို့က ဖော်ပြကြပြီးဖြစ်၍ ဤမင်္ဂလာ့ အမြုတေ၌ကား မဖော်ပြတော့ပြီ။

**ဒါနပြဿနာဖြေရှင်းခန်းပြီး။**

# ဒါနပြုနည်းဖော်ပြခန်း

**မိမိနောင်ရေးအတွက် လှူဒါန်းခြင်း**

ဗုဒ္ဓ ဘာသာဝါဒ လွှမ်းမိုးလျက်ရှိသော ဤမြန်မာပြည်၌ ရှေးခေတ်က စ၍ ယခု အချိန် အထိ မြို့ တိုင်း ရွာ တိုင်း ၌ ပင် ''ဗြောတီး-စည်တီး'' အလှူကြီး အမျိုးမျိုးတွေ ပေးလှူ နေကြရာ ဘာကို ရည်ရွယ်၍ လှူဒါန်းကြ သနည်း၊ အလှူခံ ပုဂ္ဂိုလ် တို့၏ ဖူလုံမှု ကိုသာ လိုရင်း အဓိက ထားသလော။ သို့မဟုတ် မိမိတို့ အတွက်ပင်လောဟု မူလရည်ရွယ်ချက်ကို ဆန်းစစ်ကြည့်ခဲ့သော် သူတပါး အတွက် မဟုတ်ဘဲ၊ လှူဒါန်း သူတို့ကိုယ်တိုင် နောင် သံသရာ၌ မတတ်သာက တွေ့နိုင်သော အပါယ်ဆင်းရဲစသည်မှ တတ်နိုင်သမျှ ကာကွယ်လိုမှု နိဗ္ဗာန်အထိ ရသင့် ရထိုက်သော အကျိုးကို ခံစားလိုမှု ဟူသော နောင်ရေး အတွက် ယခုက ကြိုတင်၍ လှူဒါန်းခြင်း ဖြစ်သည် ကိုသာ တွေ့ရလေသည်။

**အလှူရွေးချယ်သော အလေ့ကြီး**

ထိုကဲ့သို့ နောင် ရေး ကို မြှော်၍ လှူဒါန်း ကြသည် အားလျော်စွာ နောင်သံသရာ၌ ရသင့် ရထိုက်သော အကျိုးထက် ပိုပြီး ရလိုကြပြန်သဖြင့် ဘာကိုလှူမှ အကျိုးကြီးသည် စသည်ဖြင့် ယခု ဘဝ၌ ပြုကြသော အကြောင်း ဒါနမှု ကိုလည်း ရွေးချယ်ကြ ပြန်လေသည်။

သို့ဖြစ်ရာ ကျောင်း အလှူ ကိုသာ တကယ် အားကျ သူတို့ ကလည်း ကျောင်းဆောက် လှူဒါန်းခြင်း သည်သာလျှင် အကျိုး အကြီးဆုံးဖြစ်သည်ဟူ၍၎င်း၊ သင်္ကန်းအလှူကို တကယ်အားကျ သူတို့ကလည်း သင်္ကန်း လှူရသော ဒါန ကုသိုလ်သည် သာလျှင် အမြတ်ဆုံး ဖြစ်သည်ဟူ၍၎င်း၊ ကထိန်အလှူကိုမှ အားကျသည်

ဆိုသူတို့ကလည်း သူတပါး တနှစ်လုံး လှူဒါန်းထားသော ဒါန ကုသိုလ်တို့သည် သူတကြိမ်မျှခင်းရသော ကထိန်အလှူလောက် ပင် တန်ဘိုး ရှိမည် မဟုတ်ဟူ၍ရှင်း၊ မိမိတို့ စိတ်သန်ရာ အလှူ ဒါနကို သာလျှင် သူငါကစ၍ စွဲလန်းမှု ထားကြ သည်ကိုလည်း များစွာတွေ့ရပြန်၏။ ထို့ပြင် ယာဂုအလှူ စွဲလန်းသူတို့ကလည်း ဆုမဟောင်းဘဲပင် ယာဂုအကျိုး ၁၀-ပါးရနိုင်သတဲ့။ ဆုသာ တောင်းခဲ့လျှင် အကျိုးဆက်ပေါင်း တရာ, တထောင်မက နတ် ပြည်က ကထိန်ဒကာ ကထိန်ဒကမတို့ကပင် ဒူးတုပ်၍ အရိုသေ ပေးလာ ကြလိမ့် မည်ဟု ဒါနမှုချင်း အင်အား ပြိုင်လိုမလား မသိရ၊ ဘုရားတည် ကိုးကွယ်သူ စသည် တို့ကလည်း ထို့အတူ ပင်တည်း။

၃ ချက်ညီဒါန ထိုသူ အားလုံးတို့သည် အကျိုး တရားကို မြော်၍ အကြောင်း ဖြစ်သော ဒါန မှုကို ရွေးချယ်သူများဖြစ်လေသည်။ သို့ရာတွင် အကျိုးတွေ များများ ကြီး ရလို သဖြင့် အကြောင်း ဒါန မှုကို ရွေးချယ် ကြရာ၌ ဗုဒ္ဓ ဘာသာ တရားတော် အရ တမျိုး အားဖြင့် ချီးကျူး ဘွယ်ပင် ဖြစ်သော်လည်း၊ ထိုသူတို့မြော်လင့်သည့် အတိုင်း အကျိုးတွေ များများကြီး ရလိမ့်မည် ဟူ၍ကား တထစ်ချ မှတ်ထင် မထား ထိုက်ပေ။ အဘယ့်ကြောင့် ဆိုသော် တစုံတခုသော ဒါန မျိုး၏ အကျိုး ကြီးကျယ်မှု မည်သည် ဘယ်အလှူထက် ဘယ်အလှူက အကျိုးကြီးသည် စသော အလှူ ရွေးချယ်မှုမျိုးပေါ်၌ မတည်ဘဲ တကယ်တမ်း စိစစ်လျှင်—

၁။ အလှူပေး ပုဂ္ဂိုလ်က သီလဖြူစင်စွာဖြင့် လွတ်လွတ် ကျွတ်ကျွတ် လှူဒါန်းနိုင်ရခြင်း၊

၂။ အလှူခံ ပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့် သီလ ဖြူစင်ခြင်း၊

၃။ လှူဘွယ် ဝတ္ထု ကလည်း တရား သဖြင့် ရသော ပစ္စည်း ဖြစ်ရခြင်း

ဟု ဆိုအပ်သော ဤအချက်ကြီး ၃ ချက် ပေါ်၌ သာလျှင် တည်နေသောကြောင့် ဖြစ်သည်။ ထိုကြောင့် အလှူ ရွေးချယ်မှုထက် ဤအချက်ကြီး ၃ ချက်နှင့် ညီညွတ် စေမှု ကိုသာလေး စားပါဟု ဆိုလို၏။

**အရှူးသွေးခွဲမှု ပပျောက်ရေး**

အကယ်၍ ထို အချက် ၃ ချက်နှင့် ညီစွာ ဘယ် အရာ၌ မဆို လှူဒါန်း နိုင်သူ ဖြစ်အံ့၊ ထိုကဲ့ သို့သော အလှူပေး ပုဂ္ဂိုလ်တို့ အဘို့ ဘယ်အလှူထက် ဘယ်အလှူက အကျိုးကြီးသည်ဟု အလှူဒါနချင်း သွေးခွဲနေဘွယ်မလို၊ အရင်းအနှီး မများသော ပန်းတပွင့် ကုသိုလ်ကလည်း လှု့ပြည် နတ်ဘုံ ခံစား မကုန်နိုင် လောက်အောင် အမြတ် အစွန်းတွေ များများကြီး ထွက်လာ နိုင်၏။ ဤနည်းဖြင့်ပင် ညောင်စေ့က ညောင်ပင်ကြီး ပမာ အမြတ်ထွက်လာ ရပုံ ကိုလည်း ရှေး-သိဒ္ဓတ္ထ၊ တိဿ ဘုရားမြတ် တို့၏ လက်ထက်တော်အခါက "**ကျူပန်းတပွင့်, ဆွမ်းတဇွန်း**" မျှ လှူဒါန်းခဲ့ ရသော ကုသိုလ် အရင်း အနှီးလေး မျှဖြင့် နိဗ္ဗာန် ရသည်အထိ လူ့ပြည် နတ်ရပ် ခြေရာခြင်း ထပ်အောင် အကျိုးပေး ထက်သန်ကြသော "နဠမာလိကာထေရီမ၊ ကဋစ္ဆုဘိက္ခာ ထေရီမ စသည် တို့ကပင် သက်သေ ခံလေပြီ။

ထို့ပြင် ဘုရားမြတ် လက်ထက်တော် အခါက ဆင်းရဲသူအမျိုးသမီးကလေး တဦးအား ရှင်မဟာကဿပ လှူဒါန်းခဲ့ရသော ဆွေးနဲစာ ပန်းပေါက်ပေါက်ကလေးက နေ့ချင်း-ညချင်းဂုဏ်သတင်း တိုးတက်အောင် အထက်နတ်ပြည်သို့ လာဇာနတ်သမီးအဖြစ်မြင့်တင်ပေးလိုက်ပုံစသည်တို့ သည်လည်း ဤအရာ၌ ထင်ရှားသော သက်သေတို့ပင်တည်း။

**အမြတ်နည်းသောအလှူ** အကယ်၍ ထို ၃ ချက်နှင့်ညီညွတ်အောင် လှူဒါန်းခဲ့ရသူမဟုတ်သဖြင့် အသံသာသာ လောက် အဆံမပါသောကုသိုလ်မျိုးတွေဖြစ်နေပါက '**ထမင်းရေ ချောင်းစီး**' အလှူကြီးပင် ဖြစ်သော်လည်း ဖေါ်ပြခဲ့သော ဆွမ်း တစ်နှန်း၊ ပန်းတပွင့် အလှူလောက်အမြတ်များလိမ့်မည်ဟုမမှတ် သားအပ်ပေ။ ဤအရာ၌ သာသနာ့ပအခါက အရင်းများများ စိုက်ထုတ်ခဲ့ရသော "အသဒိသဒါန"အလှူ့ရှင်ကြီးမှာ အမြတ် နည်းပြီးလျှင် သာသနာတော်ခေတ်တွင်း၌ ရင်းနှီးခဲ့သောအလှူ့ ရှင်ကလေးတို့က ထိုအရင်းရှင်ကြီးတို့ထက် အမြတ်တော်များ သဖြင့် အစစအရာရာ ခတ်သာသာ ဖြစ်နေရပုံ တို့ကိုလည်း အင်္ကုရ၊ ဣန္ဒက နတ်သား စသည်တို့ကပင် သက်သေခံလေပြီ။

သို့သော်လည်း အလောင်းတော်သုမေဓာ သေဋ္ဌေးကြီးကဲ့သို့ ငွေကြေးအလုံးစုံ တောင်လိုပုံ၍ ရင်းနှီးနိုင်သော ထိုအလှူ့ရှင် ကြီးတို့ကလည်း ထိုအချက် ၃ ချက်နှင့်ညီစွာ သံသရာမှ လွတ် မြောက်မှုကို အဓိကထားကာ လှူဒါန်းနိုင်ပါမူကား အဘယ် ဆိုဘွယ်ရှိပါအံ့နည်း။

(အရင်းများသလောက် အတိုင်းထက်အလွန် အမြတ်လည်းများရ မည်သာတည်း)။

သို့ဖြစ်ရာ ၁-အရင်းနည်း၍အမြတ်များသောအလှူ၊ ၂-အ ရင်းများသလောက် အတိုင်းထက် အလွန် အမြတ်များသော အလှူမျိုးဖြစ်စေလိုပါက ထိုအမြတ်တွေများများကြီး ရလိုမှုဖြင့် ဘာကိုလှူမှ အကျိုးကြီးသည် စသည်ဖြင့် အလှူရွေးချယ်ရန် မလိုတော့ဘဲ သက်နှန်း လှူလှူ၊ ဆွမ်း လှူလှူ မိမိ လှူဒါန်းသော ဒါနမှု၌သာ—

၁။ လှူဒါန်းသူ ကိုယ်တိုင်က သီလရှိသူ အဖြစ်ဖြင့် ''**မုတ္တစာဂီ**''ဖြစ်အောင် လှူဒါန်းနိုင်ရခြင်း၊

၂။ သံဃိက အလှူ ဆိုလျှင် လှူဒါန်းတော့မည် ဆဲဆဲ ဖြစ်သော မျက်မှောက် သံဃာပေါ်၌ ဘုရားလက်ထက်က အရိယာသံဃာတွေကဲ့သို့ သံဃာ့ဂုဏ်ကို အာရုံ တင်စား မှန်းထားကြည်ညိုနိုင်ရခြင်း၊

သို့မဟုတ် ပုဂ္ဂလိကအလှူဆိုလျှင်လည်း သီလရှိသူအလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်လျက် ထိုပုဂ္ဂိုလ်တို့၏ သီလ,သမာဓိ စသောဂုဏ်ကိုသာ အာရုံပြု၍ လှူဒါန်းရခြင်း၊

၃။ လှူအပ်သောပစ္စည်းကလည်း ဓမ္မိယလဒ္ဓ (တရားသဖြင့် ရအပ်သော)ပစ္စည်းဖြစ်ရခြင်း

ဟုဆိုအပ်သော ဤအင်္ဂါ ၃ ပါးနှင့် ညီညွတ်မှု ဖြစ်စေဖို့သာ အရေးကြီးလေသည်။

**လှူဒါန်းသူ၏အသိဉာဏ်** ထို့ပြင် ရှင်သာရိပုတ္တရာက ဘုရားမြတ်အားငင်း၊ ဘုရားက ရှင်သာရိပုတ္တရာအားငင်း အပြန် အလှန် လှူဒါန်းကြရာ၌ ရှင်သာရိပုတ္တရာ အလှူက ဘုရားကိုယ်တော်တိုင် အလှူခံ ဖြစ်သော် ငြားလည်း ဘုရားလောက် အသိဉာဏ်ပါမည်မဟုတ်၍ ဘုရားက ရှင်သာရိပုတ္တရာအား လှူရသော အလှူက သာလွန်၍ မြင့်မြတ်သည်ဟု ညွှန်ပြသော အဋ္ဌကထာဆရာ၏ ဥပမာပေးပုံကိုထောက်ထားလျှင်လှူဒါန်းရာ၌အလှူခံပုဂ္ဂိုလ်၏အရည်အချင်းထက်အလှူပေးပုဂ္ဂိုလ် တို့၏ အသိဉာဏ်ပါမှု အရေးကြီးသည်ကိုလည်း မမေ့သင့်။

ဤနည်းအတိုင်း လှူဒါန်းခြင်း အားဖြင့် ၁-ခေတ္တအဋ္ဌာသယနှင့် ပြည့်စုံစေရမည် ဟူသော ဝိုကာဝါဒ၊ ၂-စေတနာ သမ္ပဒါ စသည်ဖြင့် ခွဲခြမ်းစိပ်ဖြာသော အဋ္ဌကထာ ဝါဒများကိုလည်း လိုက်နာမှုပြီးစီးလျက် လှူဒါန်းသူတို့ လိုအပ်သော အကျိုးကိုလည်း မြှော်ကိုးသည့်အတိုင်း ရမည်မှာ မုချဖြစ်လေသည်။ ဤနည်းအတိုင်း မလှူဒါန်းနိုင်လျှင်ကား၊ (က) အရင်းနည်း၍ အမြတ်နည်းသောအလှူ၊ (ခ) အရင်းများသလောက် အမြတ် မများသော အလှူမျိုး ဖြစ်နိုင်ရုံမျှမက မတတ်သာက "**ကုသိုလ်တပဲ ငရဲတပိဿာ**"သံသရာရင်းစားရှုံးသော အလှူမျိုးဖြစ်တတ်သေးသည်ကိုလည်း သတိပြုပေါ။

ဒါနပြုနည်းဖော်ပြခန်းပြီး၏။

---

## ဒါနစုံစမ်းရေးဖော်ပြခန်း

**လှူဒါန်းသူတို့၏အပြစ်** တစုံ တခု လှူဒါန်းရာ၌ ငါသည် ဤပစ္စည်းကိုကား လှူဒါန်းရ တော့မည်။ သို့သော် ဘယ်နေရာ၌ ဘာကို စီစဉ်၍ လှူဒါန်းမှ သာလျှင် ငါ့အားရင်း၊ အလှူခံပုဂ္ဂိုလ်အားရင်း ကျေးဇူး များလိမ့်မည် စသည်ဖြင့် စုံစမ်းစိစစ်ခြင်းမရှိဘဲ အမှုမဲ့အမှတ်မဲ့လှူဒါန်းသူတို့ကိုလည်း များစွာပင် တွေ့ရလေသည်။ ထိုအထဲတွင် လောကုတ္တရာ ရေးထက် လောကီရေးကိုသာ ပိုမို လေးစားလျက် လှူဒါန်းသူတို့လည်း မရှားလှပေ။

လှူဒါန်းသူတို့ကစုံစမ်းမှုမရှိဘဲ ဤကဲ့သို့အမှတ်တမဲ့လှူဒါန်းလေ့ရှိကြသဖြင့် သာသနာတော်၏ အကျိုးကို တကယ် စွမ်းဆောင်နိုင်သောအချို့ပုဂ္ဂိုလ်တို့မှာ ပစ္စည်းလေးပါးဖြင့် ပူဇော်ချီးမြှောက်သူ နောက်လိုက်လူထု ကင်းမဲ့နေသော်လည်း သင့်ရုံမျှဖြင့်ပြီးစီးနိုင်လောက်သည့်အချို့ပုဂ္ဂိုလ်တို့မှာကား ထိုနောက်လိုက်လူထု၏အစုလိုက် အပြုံလိုက် ချီးမြှောက်မှုဖြင့်ပင် ရှင်သီဝလိစံချိန်ချိုးမလောက် တန်ခိုးတောက်နေကြပြန်လေသည်။

သို့ရာတွင် ပစ္စည်းလေးပါးနှင့် စပ်လျဉ်း၍ "**အတိရေကလာဘော သံဃဘတ္တံ**" စသည်ဖြင့် ရဟန်းပြုရာ သိမ် တန်ဆောင်းအတွင်းကပင် ခွင့်ပြုအင်ပြီး ဖြစ်သော ဘုရားစကားတော်ကို ထောက်ထားခဲ့သော် ထိုကဲ့သို့ သာသနာတော်၌ အကြောင်းမဲ့စန်းပွင့်ကြသူတို့အဖို့ မည်ကဲ့သို့မှ ကဲ့ရဲ့နေရမည်ဟု မဆိုလိုသော်လည်း နိုင်ငံရေးမျက်စိဖြင့် ကြည့်ရာ၌ဖြစ်စေ၊ သို့မဟုတ် သာသနာရေးမျက်စိဖြင့် ကြည့်ရာ၌ဖြစ်စေ အဆင်မပြေသကဲ့သို့ရှိရမည်ကား မုချဖြစ်လေသည်။ သို့သော်လည်း ဤကဲ့သို့ဖြစ်ရခြင်းသည်ကား အလှူခံပုဂ္ဂိုလ်တို့၏ ဖန်တီးမှု အပြစ်မဟုတ်ပေ။ အမှန်ဆိုရသော် လှူဒါန်းသူတို့၏စုံစမ်းရေးကင်းမဲ့မှုမှ ပေါက်ပွါးလာရသော အပြစ်များသာတည်း။

**ကျေးဇူးများရာ၌** အကယ်၍သာ လှူဒါန်းသူတို့က အလှူခံပုဂ္ဂိုလ်တို့၏ အစစ်အမှန် ကျေးဇူးရှိမှုကို စုံစမ်း စစ်ဆေး ပြီးစီးမှသာ လှူဒါန်းကြမည်ဟု ဆိုပါမူကား သာသနာတော်ကြီးကို ချီးမြှောက်ရာ၌ "**လိုရာမှာလို-မိုရာမို**" ဟူသော စံနစ်မျိုး မရှိတော့ဘဲ အလှူခံ ပုဂ္ဂိုလ်တို့ မျှမျှတတ,

ဖြစ်နေရုံမျှမက လှူဒါန်း သူ တို့ ဘက် မှ နေ ကြည့် လျှင် လည်း ပို၍ အကျိုး ကြီးသော ကာလာနုရူပ ဒါနမျိုး ဖြစ်မည်ကား အမှန်တည်း။

ဤအရာ၌ အနာဂါမိ,ရဟန္တာကို ဆွမ်းလှူဒါန်းရသူချင်းတူကြလျက် နိရောဓ သမာပတ်မှ ထ,စ အခိုက်အတန့်တွင် လှူဒါန်း ရသူက အလှူခံ ပုဂ္ဂိုလ် ဆာလောင် မွတ်သိပ်တုန်း လှူဒါန်း ရခြင်းဖြစ်၍ အခြားသော အခိုက် အတန့်၌ လှူဒါန်းရ သူထက် ပိုပြီး အကျိုးပေး ထက်သန် ရပုံ, စသည်တို့ကိုလည်း ထောက်ထားလေ။

သို့ဖြစ်ရာ ဘုရား ကျောင်း အမ ဝိသာခါ သည်ပင် အလှူခံ ပုဂ္ဂိုလ်တို့၏ အကျိုး ကျေးဇူး ရှိမှုကိုသာ အလေးပြုလျက် ဗုဒ္ဓ အရှင်မြတ် ထံသို့ သီးသန့် အလှူ (၈) မျိုး လှူဒါန်း ပါရစေ ဘုရား-ဟု လျှောက်ထားဘူးလေပြီ။

ဒါနစုံစမ်းရေးပေါ်ပြခန်းပြီး၏။

---

# ညွှန်ပြနှိုးဆော်ခန်း

ဤဒါနမင်္ဂလာ တရားတော်အရ "**အလှူရေစက်-လက်နှင့် မကွာ**" အခါခါ စွန့်ကြဲလှူဒါန်းလေ့ရှိသော,အလှူပေးပုဂ္ဂိုလ် မှန်က မည်သူမဆို အင်္ဂုတ္တိုရ်၌ဟောတော်မူသော အလှူ ၈-မျိုး ရှိရာတွင်—

၁။ အလှူခံ ရောက်လာ သဖြင့် အားနာ ပါးနာ မလွှဲသာ၍ လှူလိုက်သော အလှူမျိုး၊

၂။ သူတပါးက ကပ်စေးနဲကြီးဟု ကဲ့ရဲ့မည်ကို ကြောက်၍သော်၎င်း၊ သို့မဟုတ် ဘေးကိုကြောက်၍သော်၎င်း လှူလိုက်ရသော အလှူမျိုး၊

၃။ သူက ငါ့အားပေးကမ်းဘူးပြီ, ငါကလည်းသူ့အား ပေးကမ်းဦးမှ တော်မည် ဟု **"အိမ်နီးချင်း-ဟင်းပေးသလို"** ကြွေးဆပ် သည့် အနေဖြင့် လှူလိုက်သော အလှူမျိုး၊
၄။ ငါက ယခု ပေးလျှင်၊ သူကလည်း ငါ့အား နောင်အခါ၌ ပေးကမ်းပြန် လတ္တံ့ ဟု သူ့ထံမှ လက်စားရလို၍လှူလိုက်ရသော အလှူမျိုး၊
၅။ ငါတို့ ဘိုးဘွား မိဘများကလည်း ဒါန်းစွန့်ကြ၏။ ငါတို့လည်း ထိုနည်းအတူ ပေးလှူစွန့်ကြဲမှ သင့်လျော်မည်ဟု မိရိုးဘလာ အစဉ်အလာ မပျက်စေလို၍ လှူရသော အလှူမျိုး၊
၆။ အလှူခံတို့ မည်သည် အလှူပေး ပုဂ္ဂိုလ် တို့က လှူဒါန်း စွန့်ကြဲမှသာ ဝတ်ရ, ရုံရ, သုံးဆောင်ရမည် ဖြစ်၍ ထိုအလှူခံ ပုဂ္ဂိုလ် တို့အား ငါတို့က လှူဒါန်း စွန့်ကြဲခြင်းငှါ သင့်၏ဟု သာမန်အတွေး အခေါ်မျိုးဖြင့် လှူရသောအလှူမျိုး၊
၇။ ငါက ယခုလို လှူဒါန်းလျှင် သူတပါးက ငါ့အား ဘုရား ဒကာကြီး ကျောင်း ဒကာကြီး စသည်ဖြင့်၎င်း၊ သူ့အလှူကျွေးမွေးပုံ ကတော့ ပထမတန်း၊ လှူဒါန်းပုံကလဲ ဘယ်လို တကယ်ကိုရက်ရော ပါပေသည် စသည်ဖြင့်၎င်း၊ သတင်းကောင်း ထွက်မှုကိုသာ အဓိကထားလျက် ဂုဏ်ပကာသန မျက်နှာရဘို့ရန် လှူဒါန်းရသော အလှူမျိုးဟု ဆိုအပ်သော ဤအလှူ ဒါနမျိုး ၇-ပါး နှင့် အလားတူ သည့် အလှူဒါနမျိုးမဖြစ်စေဘဲ—

၈။ "ဒါနမ္ပန သမာဓိ ဝိပဿနာ စိတ္တဿ အလင်္ကာရော ဟောတိ ပရိဝါရော" ဟူသော အဋ္ဌကထာနှင့်ညီစွာ သမာဓိ ဝိပဿနာ စိတ်၏ အခြံ အရံ အဆင်တန်းဆာ နှင့် အလား တူသော ဤ ၈-ခု မြောက် အလှူ ဒါနမျိုး ဖြစ်စေမှ သာလျှင် မိမိတို့ ဒါနမှုကလည်း ပါရမီဒါနဖြစ်နိုင်သည်ဟု မှတ်ပါ။

## လှူဒါန်းပေးကမ်းပါ

ဤကဲ့သို့ ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်သန် တောင့်တလျက် ဝိပဿနာ လုပ်ငန်းစဉ်၏ အဆင် တန်းဆာ ဖြစ်အောင် ဒါန ပြုနည်း နိဿယျည်းကျနစွာ လှူဒါန်း နိုင်မှသာလျှင် လိုအပ်သော အကျိုးကိုရ၍ ဒါနပါရမီ ဖြစ်နိုင်သောကြောင့် ဤဒါန မင်္ဂလာ တရားတော်အရ အသိဉာဏ်ဉုးတည်လျက် "**လှူဒါန်းပေးကမ်းပါ**"ဟု ညွှန်ပြနိူးဆော်လိုပါကြောင်း။

ဆောင်ပုဒ်....

၁။ အလှူခံအလှူပေး၊ သီလမွေး၊ ညစ်ကြေးကင်းစင်စွာ။
၂။ ပစ္စည်းစင်ကြယ်၊ လှူဒါန်းဘွယ်၊ ထိုဝယ်မငြိရာ။
၃။ လှူနည်းကျမှု၊ ကြောင့်ကြပြု၊ တောင်းဆု ဉာဏ်ယှဉ်ကာ။
၄။ လှူနည်းမကျ၊ ထိုဒါန၊ ဝဋ်မှ မထွက်သာ။
၅။ ဝဋ်မှ ထွက်လမ်း၊ သင်ရည်မှန်း၊ လှူဒါန်းစွန့်ကြပါ။

ညွှန်ပြနိူးဆော်ခန်းပြီး၏။

## အခန်း ၁၅

## ဓမ္မ စရိယာ မင်္ဂလာ

ဓမ္မစရိယာ၊ တရားကျင့်သုံးခြင်းသည်လည်း ကုသိုလ်တရား တိုးပွါး ရင့်ကျက်ရန် မင်္ဂလာ တပါးဖြစ်သည်။

ဤ ၁၅ နံပါတ် မင်္ဂလာကိုပင် "ဓမ္မ စရိယာ မင်္ဂလာ" ခေါ်ဆိုသည်ဟု မှတ်ပါ။

(ဓမ္မ-တရား။ စရိယာ-လိုက်နာကျင့်သုံးခြင်း။ မင်္ဂလာ-ကုသိုလ် တရား တိုးပွါး ရင့်ကျက်မှု)။

## ဓမ္မပြဿနာဖြေရှင်းခန်း

**တရား ၁၀ မျိုး** နေရာ တိုင်း၌ပင် "ဓမ္မ"ဟူသော ပါဠိ စကားလုံးကို တရားဟု မြန်မာလို ပြန်ဆို ကြသည်။ထိုဓမ္မအရ တရားကလည်း ကုသိုလ်တရား, အကုသိုလ် တရား စသည်ဖြင့် အကောင်း အဆိုး ၂ မျိုးလုံးနှင့်ပင် ဆက် စပ်လျက် ရှိ၏။ သို့သော် "တရားသည် မတရားဘူး" ဟူသော လောက ပြောရိုးသို့ လိုက်၍ တရား-ဟူသည်မှာ အဆိုးမဟုတ် အကောင်းသက်သက်သာဖြစ်၏ဟု အများအားဖြင့် နားလည် နေကြသည်။ အများ နားလည် နေကြသည့် အတိုင်း လည်း ပညာရှိ ပုဂ္ဂိုလ်တိုင်းကပင် ထိုအချက်ကိုလက်ခံကြသည်။

တရားဆိုလျှင် အမှန်သာ ဖြစ်ရမည်၊ အကောင်းသာဖြစ်ရမည်ဟု အများနားလည်မှု ရှိကြသည်မှာမှန်၏။သို့သော်လည်း မိမိတို့ နားလည် နေကြသော အမှန်တရား အကောင်း တရားဟူသည် "ဗုဒ္ဓ"လိုအပ်သော လမ်းစဉ်အရ အဘယ်တရားမျိုး ဖြစ်၍ အဘယ် မျှသာ ရှိသည် ဟူ၍ကား လူတိုင်း သိကြမည် မဟုတ်တန်ရာ။သို့ဖြစ်၍ ဤ၌"ဓမ္မ"အရ၊ ရှေးဦးစွာရှင်းပြရန် လိုပါသည်။

(က) မဂ် ၄ ပါး
(ခ) ဖိုလ် ၄ ပါး } လောကုတ္တရာ ၉ ပါး၊
(ဂ) နိဗ္ဗာန်
(ဃ) သင်ယူလေ့လာမှု ဟူသော ပရိယတ္တိ ဓမ္မ ဤ ၁၀ ပါးသည်ပင် "ဓမ္မ"အရ၊ တရားဖြစ်၏။

**ဓမ္မဂုဏ်ရည်** ထို တရား ၁၀ ပါး ရှိသည့် အနက် လောကုတ္တရာ တရား ၉ ပါး တို့ သည် မိမိ တို့၏ စွမ်းရည် သတ္တိ အလိုက် ကိလေသာကို ပယ်သတ် ထားသော အရိယာ သူမြတ်တို့သည် သာလျှင် ကိုယ်တွေ့မျက်မှောက်ဆိုက်ရောက် မြင်သိအပ်သောကြောင့် "**သန္ဒိဋ္ဌိက**"ဟူသော အမည်ဂုဏ်ကိုရ၏။ သူတပါးကို တမင်ဖိတ်ခေါ်၍ ဤတရားကို ရှုလှည့်စမ်းပါဟု တိုက်တွန်း နှိုးဆော်ရလောက်အောင်အထူးအမြတ်ဖြစ်သောကြောင့် "**ဧဟိ ပဿိက**" ဟူသော အမည်ဂုဏ်ကိုလည်း ရပြန်၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် မဆိုက်တန်ဘဲ အရိယာ သူမြတ်တို့သာလျှင် အသီးသီးခံစားနိုင်သော ဝိသေသပုဂ္ဂလိက သီးသန့်တရားမျိုး ဖြစ်သောကြောင့် "**ဝိညူ ပစ္စတ္တံဝေဒိတဗ္ဗ**" ဟူသော အမည်ဂုဏ်ကိုလည်း ရပြန်၏။

ထို့ထက် ထူးချွန်လျက် မဂ် ၄ ပါးက မိမိတည်းဟူသော အကြောင်း မဂ်-တရား၏ အခြားမဲ့၌ အကျိုး ဖိုလ်-တရားများ မိနစ်စက္ကန့်မခြားဘဲ အနန္တရ ပစ္စည်းအနေဖြင့် တဆက်တည်း ဖြစ်ပေါ်လာရလောက်အောင် အစွမ်းသတ္တိထက်သောကြောင့် "**အကာလိက**"ဟူသော အမည်ဂုဏ်ကိုလည်း ရပြန်၏။

ခြုံ၍ရေးလျှင် လောကုတ္တရာ တရား ၉ ပါးနှင့် ထိုလောကုတ္တရာတရားအား ထိုက်တန် လျော်ကန်သည့် သင်ကြားလေ့လာမှု(ပရိယတ္တိဓမ္မ)ဟူသော ဤတရား ၁၀ ပါးလုံးသည်ပင် အပိုအလိုမရှိတိကျခြင်း၊သဒ္ဒါပုဒ်ဗျည်းနှင့်အနက်အဓိပ္ပါယ်များ ပြည့်ဝ စုံလင်ခြင်း၊ အကြောင်း အကျိုးဆက်စပ်ခြင်း၊ သိလွယ် သန့်ရှင်းခြင်းစသော အင်္ဂါရပ်တို့ဖြင့်တန်းဆာဆင်ဟောထားသောကြောင့် "**သွာက္ခာတ**" ဟူသော အမည်ဂုဏ်ကို ရ၏ဟု ဖေါ်ပြအပ်ပေသတည်း။

**လိုအပ်သောဓမ္မ** ဓမ္မအရ လောကုတ္တရာ တရား ၉ ပါးနှင့် သင်ကြားလေ့လာမှု(ပရိယတ္တိဓမ္မ)ဟူသော ဤ ၁၀ ပါးပင်ဖြစ်၏ဟု ဖေါ်ပြခဲ့ပြီ။ သို့ရာတွင် လောကုတ္တရာ နယ်ထဲသို့ မဆိုက် ရောက်ရ သေးသော ပုထုဇဉ်တို့မှာ မိမိတို့ ကိုယ်တွေ့မဟုတ် သေးသော လောကုတ္တရာ တရားတော်ကို မှန်းဆ၍ အာရုံပြုရုံမှတပါး အခြားမည်ကဲ့သို့မှကျင့်ကြံခြင်းငှါ မစွမ်းနိုင်သောကြောင့် ဤဓမ္မစရိယာ မင်္ဂလာတရားတော်အရ တရားကို ကျင့်ရမည် ဆိုရာဝယ်၊ ကိုယ်တွေ့ အနေဖြင့် တကယ် ကျင့်ကြံနိုင်သော ပုညကြိယာဝတ္ထု ၁၀ ပါးတို့ကိုပင်ယူရမည်။

သို့ဖြစ်ရာ ပုညကြိယာဝတ္ထုတရား ၁၀ ကိုပင်ဤဓမ္မစရိယာ မင်္ဂလာ တရားတော်အရ လိုအပ်သော ဓမ္မ(တရား)ဟု မှတ်ရမည်။

ပုညကြိယာဝတ္ထု ၁၀ ပါး—

၁။ **ဒါန**=လှူဒါန်းစွန့်ကြဲခြင်း၊

၂။ **သီလ**=ကိုယ် အမှု အရာ, နှုတ် အ မှုအရာ တို့ကို ချွတ်ယွင်းချက်ကင်းအောင်ပြုပြင်စောင့်ထိန်းခြင်း၊

၃။ **ဘာဝနာ**=စိတ်တည်ကြည်ကြောင်း သမထအာရုံ တခုခု၌ဖြစ်စေ၊ သို့မဟုတ် ရုပ်,နာမ် ဓမ္မ အပေါ်၌ ဖြစ်စေ စိတ်ကိုအလုပ်ပေးလျက် အဖန်ဖန် ဉာဏ် ဝင်စား၍ ပွါးများစေခြင်း၊

၄။ **ဝေယျာဝစ္စ**=ကြီးကုန်သော သူတို့၏ အမှုကိစ္စကို ဆောင်ရွက်ခြင်း၊

၅။ **အပစာယန**=ကြီးကုန်သော သူတို့ကို အရိုအသေ ပြုခြင်း၊

၆။ **ပတ္တိဒါန**=မိမိပြုပြီးကုသိုလ်အဘို့ကို သူတပါးအား အမျှဝေ(ဝေစုပေး)ခြင်း၊

၇။ **ပတ္တာနုမောဒန**=သူတပါးပြုပြီး ကုသိုလ် အဘို့ကို ဝမ်းမြောက်ခြင်း၊

၈။ **ဓမ္မဒေသနာ**=ကျော်ကြားမှု,လာဘ်ရမှု စသည်ကို မငဲ့ဘဲ စေတနာသန့်သန့်ထား၍ တရားဟောခြင်း, ပညာသင်ပေးခြင်း၊

၉။ **ဓမ္မဿဝန**=တရားနာခြင်း, စာသင်ခြင်း, စာဘတ် ခြင်း၊

၁၀။ ဒိဋ္ဌုဇုကမ္မ=ဗုဒ္ဓလမ်းစဉ်မှ ဖဲ့မထွက်ဘဲ တကယ့် ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ရန် ဖြောင့်မှန်သော အယူ(ဝါဒ)ရှိရခြင်း။

ဆောင်ပုဒ်....

(က) အလှူပေးခြင်း၊ စောင့်ထိန်းခြင်း၊ ပွါးခြင်းဘာဝနာ။
(ခ) ရိုသေပြုခြင်း၊ မှုဆောင်ခြင်း၊ ဝေခြင်းအဘို့ပါ။
(ဂ) သာဓုခေါ်ခြင်း၊ကြားနာခြင်း၊ ဟောခြင်းယူဖြောင့်စွာ။

လိုရင်း ၃ ပါး　ထို့ပြင် ပုညကြိယာဝတ္ထု ၁၀ ပါးရှိရာဝယ် ဒါန, သီလ, ဘာဝနာ ၃ ပါးကို အခြေခံ မူထားပြီးလျှင် ကျန် ၇ ပါးထဲမှ အစ ၂ ခုဖြစ်သောဝေယျာဝစ္စနှင့်အပစာယနတို့ကို အခြေခံ ၃ မျိုးထဲမှ အလယ်သီလထဲ သွင်းရမည်။ပတ္တိဒါန,ပတ္တာနုမောဒနဟူသောအလယ် ၂မျိုးကို အစဖြစ်သော ဒါနထဲသို့သွင်းရမည်။နောက်ဆုံးဖြစ်သော ဓမ္မဒေသန,ဓမ္မသဝန,ဒိဋ္ဌုဇုကမ္မ,၃ပါးကိုမူလအခြေခံ ၃ မျိုးထဲမှ နောက်ဆုံးဖြစ်သောဘာဝနာသို့သွင်းရမည်။တနည်း ဒိဋ္ဌုဇုကမ္မကို ဒါန,သီလ,ဘာဝနာ ၃ ပါးလုံး၌သွင်းရမည်။

ဆောင်ပုဒ်....

၁။ ဒါနသီလာ၊ ဘာဝနာ၊ သုံးဖြာစဉ်ရှိခြင်း။
၂။ စ,နှင့်လယ်မှာ၊ လယ်စမှာ၊ နောက်မှာ နောက်ဆုံးသွင်း။
၃။ တနည်းသော်ကား၊ နောက်တပါး၊ သုံးပါးလုံးသို့သွင်း။

ဤသို့လျှင်ဓမ္မစရိယာမင်္ဂလာတရားတော်အရကျင့်အပ်သော တရားဟူသည် အကျယ်အားဖြင့် ပုညကြိယာ ဝတ္ထု ၁၀ ပါး ဖြစ်၍ အကျဉ်း အားဖြင့်၊ ၁-ပေးကမ်း လှူဒါန်းခြင်း ဒါန၊ ၂-ကိုယ်နှုတ်စောင့်ထိန်းခြင်းသီလ၊၃-တရားအလုပ်၌အားထုတ် လေ့လာခြင်း ဘာဝနာတို့ပင် ဖြစ်၏ဟုမှတ်ရမည်။

ဓမ္မပြဿနာဖြေရှင်းခန်းပြီး၏။

## ဓမ္မသတ္တိဖော်ပြခန်း

ဤ ဓမ္မစရိယာ မင်္ဂလာ တရားတော်အရ၊ ကျင့်အပ်သော တရားတို့က ကျင့်တတ်သူ တရားရှင်ကို အပါယ် ဆင်းရဲ, ဝဋ် ဆင်းရဲ တွင်းသို့ မကျရောက် ရအောင် ဆောင်ထား နိုင်၏။ တရား မကျင့်သူ, တရားမဲ့သူတို့ ကြုံတွေ့ရသော မျက်မှောက် လောက ဆင်းရဲမှု, တမလွန် လောက ဆင်းရဲမှု တို့မှလည်း လုံခြုံစွာ ကာကွယ် ထားနိုင်၏။ ထို့ကြောင့် ကျင့်အပ်သော တရား စည်းကမ်း တို့ကိုပင် ''ဓာရေ တီတိ ဓမ္မော''ဟူသော ဝစနတ္ထအရ၊ ပါဠိစကားလုံးဖြင့် ''ဓမ္မ'' ဟု ခေါ်ဆိုရလေသည်။

လောကရေး၌ဖြစ်စေ၊ လောကုတ္တရာရေး၌ဖြစ်စေ၊ တရားလမ်းစဉ်မှ ဖဲ့မထွက်ဘဲ တရားနှင့် အညီ ပြုလုပ်သူ၊ တရားနှင့် အညီ ပြောဆိုသူများနှင့် ထူးထူးချွန်ချွန် တရား ကျင့်သူတို့ကို အပါယ် ဘေးမှ ကယ်တင်လျက် တစ,တစ ရင့်သန် စေကာ အရိယာအရှင်မြတ်တို့ ခံစားရသော ဘဝလွတ်မြောက်မှု(ဒုက္ခငြိမ်းအေးရေး)ပန်းတိုင်အထိ ဆောင်ယူသွားနိုင်ခြင်းသည်ပင် ထိုကား‌ဓမ္မ၏ စွမ်းဆောင်မှု သတ္တိထူးကြီး ဖြစ်၏။

**ကုသိုလ်က အကုသိုလ် ပါယ်ခြင်း**

အပါယ် ကျရ သူသည် အ ကြောင်း မဲ့ ကျရောက်ရသည် မဟုတ်၊ မိမိပြုခဲ့သော မတရားမှု လမ်းစဉ် အရသာ ကျရောက်ရခြင်းဖြစ်၏။ ထို့ကြောင့် အပါယ် ကျမှု ထက် အပါယ်သို့ တွန်းချ သကဲ့သို့ ဖြစ်သော မတရားမှု (အကုသိုလ်) တို့က သာလွန်၍ ကြောက်ဖွယ် ကောင်း၏။

သို့ရာတွင် ဤဓမ္မစရိယာမင်္ဂလာတရားတော်အရ၊ လိုက်နာ ပြုမူ နေသူတို့အား မိမိတို့၏သန္တာန်၌ တရားမှု(ကုသိုလ်)များ ထွန်းကားနေသည်နှင့်အမျှ မတရားမှု(အကုသိုလ်)များ အလို အလျောက် ပပျောက်ပြီးဖြစ်နေသဖြင့် မတရားမှု(အကုသိုလ်) ကို တရားမှု(ကုသိုလ်)တို့က ပယ်ထားသည်၊ ဟန့်တား ထား သည်ဟု ဆိုရပြန်သည်။ အကြောင်း ဖြစ်သော မတရားမှု (အကုသိုလ်)ကိုပယ်သဖြင့် အကျိုးဖြစ်သော အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲ တို့ကိုလည်း ပယ်ပြီး ဖြစ်တော့၏။(ဤအချက်ကိုပင် ရည်ရွယ်လျက် တရားက အပါယ်သို့မရောက်အောင် ဆောင် ထားသည်ဟု ဆိုရသတည်း။)

**တရား၏သတ္တိထူး** ထိုအချက်ကို ထပ်မံ ရှင်းပြပါ ဦးမည်။ လူတိုင်း မှာပင် ရှေးဟောင်း ဘဝ တို့က ကျူးလွန်ခဲ့သော မတရားမှု (အကုသိုလ်) ကြွေးဟောင်းများ ရှိသည်။ ယခုဘဝ၌ ကျူးလွန်ပြုမူသည့် မတရားမှု(အကုသိုလ်) ကြွေးသစ် များလည်း ရှိသည်။ ထိုမတရားမှု ကြွေးဟောင်း၊ ကြွေးသစ်တို့ သည်ကား နောက်နောင် ဘဝ အဆက်ဆက်၌ အပါယ်ကျ၍ ဆင်းရဲခံရသော်လည်း ကြွေး မကျေနိုင်လောက် အောင် **ဒုနဲ့ဒေး** များပြားလျက်ရှိ၏။

မိမိတို့ဘပေါ်၌ မင်းမူလာခဲ့သော ထိုမတရားမှုများကို တခါ တရံမှ ဖြစ်ခွင့်ရသော တရားမှု (ကုသိုလ်) တို့က အကယ်၍ တွန်းလှန် ဖြိုဖျက်ခြင်းငှါ မစွမ်းဆောင်နိုင်ဟု ဆိုပါမူ၊ တရား စောင့်သူတို့၏ တန့်နားရာဖြစ်သည့် လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက ဟူသော အသံ များကိုပင် လုံးဝ ကြားရမည် မဟုတ်ပေ။ တရားမဲ့သူတို့၏ လားရောက်ရာ ဖြစ်သော အပါယ လောက တမျိုးတည်းသာလျှင် အလံတလူလူ လွင့်နေပေရာ၏။

သို့ရာတွင် တရားမှ (ကုသိုလ်) အဟုန်က မြှင့်တင်ပေးလိုက်သော လူ့လောကကြီးရှိနေသဖြင့် ဤစာဖတ်နေသူ(သင်) ကိုယ်တိုင်လည်း လူတယောက် ဖြစ်နေလေပြီ။ ထို့ပြင် တရားတော်က မြှင့်တင် ထားသော နတ်လောက,ဗြဟ္မာလောကများ ရှိနေသဖြင့် နတ်ပြည်,ဗြဟ္မာ့ပြည် ဟူသော ပြောဆိုသံကိုလည်း အဆက်မပြတ် ကြားသိနေရပြန်သည်။ မျက်မြင် မဟုတ် သော်လည်း ဉာဏ်ဖြင့် မြင်နိုင်သော အကြောင်းအကျိုး ဆက်စပ်မှုကြီး ဖြစ်၍ နတ်ပြည် မရှိ, ဗြဟ္မာ့ပြည် မရှိ ဟူ၍လည်း မငြင်းဆိုက်တော့ပါ။

အပါယ်လေးဘုံ၌ မတရားမှုကြောင့် သူ့သဘာဝ အတိုင်း ဆိုးပြစ် ခံရသူ(အပါယ်ဘုံသား)များ ရှိနေသကဲ့သို့ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည် တို့၌လည်း တရားမှုကြောင့် သူ့သဘာဝ အတိုင်း ကောင်းကျိုးခံစားရသူ(လူ,နတ်,ဗြဟ္မာ)တွေ အဆက်မပြတ် ရှိနေရမည်သာတည်း။ သို့ဖြစ်ရာ ကျင့်အပ်သော တရား၌ ကျင့်တတ်သူ(တရားရှင်)ကိုအပါယ်ဘုံသို့ မကျရောက်ရအောင် ဆောင်ယူ ကယ်တင် ထားနိုင်သော သတ္တိထူးလည်း ရှိသည်။ ဘဝ ဆင်းရဲတို့မှ လွတ်မြောက်ခွင့် ပေးလျက် ငြိမ်းအေး ရာသို့ ပို့နိုင်သော သတ္တိ ထူးလည်း ရှိသည်ဟု မှချယုံကြည် ထိုက်ပေသတည်း။

ဓမ္မသတ္တိပေါ်ပြခန်းပြီး ၏။

# ဓမ္မဗျူဟ်ဖော်ပြခန်း

ကျင့်အပ်သောတရား၌ကျင့်တတ်သူ(တရားရှင်)ကိုအပါယ်ဘေး စသည်တို့မှ ကာကွယ်ထားနိုင်သော သတ္တိထူး ရှိသည်ဟု သင်တို့အားဖော်ပြခဲ့လေပြီ။ ဤအခန်း၌ကားတရားကသတ္တိထူး ရှိသည်အလျောက် တရားစောင့် သူတို့အား တမလွန် ဆင်းရဲ မျက်မှောက် ဆင်းရဲတို့မှ ကယ်တင်ပုံ (ဗျူဟ်ရုပ်) သဘောကို ဆက်လက်၍ သင်တို့ နာယူ မှတ်သား ရလိမ့်မည်။

**တမလွန်ကာကွယ်ရေး** လောကရေး၌ဖြစ်စေ၊ ဓမ္မရေး၌ဖြစ်စေ၊ တရားကို ယုံကြည်ကိုးစားလျက် နှစ်နှစ်ကာကာပင် လက်တွေ့ကျင့်သုံး လိုက်နာသူမှန်က မည်သူမဆို တမဂ်,တဖိုလ်မရသေးသည်တိုင်အောင်မိမိကသူတော်ကောင်း ဖြစ်သည့်အလျောက် သေသည်မှနောက်၌ ရုတ်တရက်အပါယ် ကျခွင့် မရှိသဖြင့် တရားကပင် တရား နှင့် အ ညီ နေထိုင် သူကို အပါယ်ဘေးမှ ကာကွယ်ထားရာ ရောက်လေသည်။

အပါယ် မကျရလျှင် သန့်ရှင်းသော ဘဝဂတိသို့သာ ဆန်တက်ရမည်ဖြစ်၍ တရားကပင် တရားစောင့်သူကို လူ့လောက, နတ်လောကသို့ မြှင့်တင်ပေးရာလည်း ရောက်ပြန်၏။ ထို့ထက် တရားရင့်သန်သဖြင့် လောကီလူသားအဖြစ်ကို လွန်မြောက်ခဲ့ပါမူ သောတာပန်, သကဒါဂါမ်ဖြစ်၍ အပါယ်သံသရာမှလုံးဝ ကျွတ်လွတ် သွားပြန်၏။ ထို့ထက်ရင့်သန်လျှင် အနာဂါမ်ဖြစ်၍ ကာမ သံသရာမှ လုံးဝ ကျွတ်လွတ်၏။ ထို့ထက် ရင့်သန်လျှင် ရဟန္တာဖြစ်၍ ရူပါ ရူပ သံသရာမှ လုံးဝ ကျွတ်လွတ် ပြန်၏။ ဤနည်း အားဖြင့်ပင် ဆင်းရဲ ဟူသမျှ တို့နှင့် လုံးဝ မဆက်ဆန်သော သုခအစစ်(နိဗ္ဗာန်)ကို မျက်မှောက်ပြုရလေသည်။

သို့ဖြစ်ရာ နောင်တမလွန် သံသရာကြီး ဆီသို့ မျက်နှာမူ၍ ချီတက်နေကြရသော ဘဝခရီးသည်တို့အတွက် **ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ** (တရားစောင့်သူကိုတရားကပြန်စောင့်သည်) ဟူသော ဗုဒ္ဓညွှန်ပြချက်အရ မိမိတို့ ကျင့်သုံး လိုက်နာလျက်ရှိသော တရားသည် သာလျှင် အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲတို့မှ ကာကွယ်နိုင်သော တမလွန် ကာ ကွယ် ရေး ကြီး ဖြစ် သည် ဟု ယုံကြည်ထိုက်လေသတည်း။

**မျက်မှောက်ကာကွယ်ရေး** တရား စောင့်သူ သည် တရားမဲ့သူတို့ မျက်မှောက် လောက၌ပင် တွေ့ရမြဲဖြစ်သော ဘေးဆိုး,ရန်ဆိုးများကိုမတွေ့ရတော့သဖြင့် သူစောင့်ထားသောတရားကပင် သူ့အား ထိုမျက်မှောက်၌ တွေ့ရမည့် ဘေးဆိုး,ရန်ဆိုးတို့မှ ကာကွယ်ထားသည်ဟုဆိုရပြန်၏။

ထို့ပြင်—

၁။ တရားစောင့်သူဟုအများ၏လေးစားမှုကိုခံရခြင်း၊

၂။ တရားလမ်းအတိုင်းနေထိုင်သူဖြစ်၍ တကယ့်လူရှင်ပရိသတ်ထဲသို့ဝင်ရာ၌မျက်နှာအောက်မချရခြင်း၊

၃။ မိမိက တရား လက်ကိုင်ထား၍ လော်လီ သောက်စားမှုတို့မှ ကင်းရှင်းသူ ဖြစ်သောကြောင့် စီးပွါးဥစ္စာ မဆုတ်ရခြင်း၊

၄။ တရားသဖြင့် ရထိုက်သော လောက အခွင့်အရေးများကို ရရှိခံစားရခြင်း

စသည့် အကျိုးတရားများကိုလည်း မိမိ၏တရားမှုကပင် ဖန်တီးပေးသည်ဟူ၍လည်း ဆိုရပြန်၏။

**တရားစောင့်သူ**

ဥပမာ— မြို့တမြို့က ရပ်ကွက် တခု၌ (မောင်ဖြူ နှင့် မောင်မဲ့) လူ ၂ ယောက် ရှိသည်ဟုဆိုကြပါစို့။ ထိုသူ ၂ယောက်တို့အနက် မောင်ဖြူသည် ကောက်ကျစ် စဉ်းလဲခြင်း မရှိဘဲ ကောင်းရောင်းကောင်းဝယ် စားသောက် နေထိုင်သူ ဖြစ်၏။ တရားလမ်းစဉ်အရ သူ့ဘဝ ကိုလည်း သူမြှင့်တင်လျက်ရှိ၏။

ဤနည်းအားဖြင့် သူ့ကို တရပ်လုံး က လေးစား ကြ၏။ သူသည် စီးပွါးရေးအရ အလွန်အကျုံကြွယ်ဝသူတယောက်ဟု မဆိုရသည်တိုင်အောင် ဆင်းတောင့် ဆင်းရဲကား မဟုတ်ပေ။ လောကရေး၌ရင်း၊ ဓမ္မရေး၌ရင်း အရာရာ လူတန်းစေ့သူပင် တည်း။ ထို့ကြောင့် မောင်ဖြူ၏ ဘဝသည်ပင် မောင်ဖြူ၏ လောကနိဗ္ဗာန်ဖြစ်၍ သူ မတွေ့လိုသော လောကငရဲမှလည်း လွတ်မြောက်ရသကဲ့သို့တည်း။

**တရားမဲ့သူ**

သို့ရာတွင် မောင်မဲသည်ကား ကောင်းရောင်း ကောင်းဝယ် စားသောက် နေထိုင်သူ မဟုတ် ပေ။ မတရားမှုဖြင့် အသက်မွေးလျက် သောက်စား မူးရူး အ ပျော်ကျူးနေသူသာဖြစ်၏။ ထိုသောက်စားမှုမှ တစတစအတင့် ရဲပြီးလျှင် တရားဥပဒေကခွင့်မပြုသော သတ်ဖြတ်မှု, တိုက်ခိုက်မှု စသည်တို့ကိုလည်း ရက်ရက်စက်စက် လွန်ကျူးပြန်၏။

လက်နက်မဲ့ လူထု အပေါ်၌ လက်နက်ဖြင့် ခြိမ်းခြောက်၍ ပစ္စည်းရှာရခြင်းကိုပင် သူ့အတွက် ငွေရလွယ်ကူသော အလုပ် ကောင်းတခုဟု ကြံနပ်အားရလျက်လည်းရှိ၏။

သို့သော်လည်း မောင်မဲသည်ကားချမ်းသာကြွယ်ဝနေသည် မဟုတ်ပေ။ သူတိုက်ခိုက်ရသမျှ ရွှေတို ရွှေစ, ငွေတို ငွေစတို့မှာလည်း—

၁။ အဖွဲ့သားအချင်းချင်း ဝေစု ခွဲယူရခြင်း၊
၂။ အလွယ်နှင့် ရသော ပစ္စည်း ဖြစ်၍ လွယ် လွယ် နှင့် ဖြုန်းတီး သုံးစွဲခြင်း၊
၃။ တာဝန် မကျေသော အရာရှိဆိုးများထံ လာဘ်ထိုး ပိတ်ဆို့ရခြင်း

စသည်တို့ကြောင့် "**သမင်မွေးရင်း-ကျားစားရင်း**" ဟူသကဲ့သို့သာဖြစ်ခဲ့၏။ လူထု၏ ရွံမုန်းမှုကို ခံရခြင်း၊ ပြစ်မှုအလျောက် ရှုံကြောက်စိုးရိမ်ရခြင်း၊ အိပ်ကောင်းခြင်းမအိပ်ရ၊စားကောင်း ခြင်း မစားရ စသည်တို့သည် သာလျှင် နောက် ဆုံး ရရှိသော အမြတ်များဖြစ်လေသည်။

သူသည် ဤနည်းအတိုင်း တရား မဲ့လာ ခဲ့ ရာ နောက်ဆုံး တနေ့၌"**ဖားဖားချင်းစား-ငါးငါးချင်းစား**"ဟူသော လူမိုက်တို့၏ လမ်းစဉ်အရ၊ သူ့ထက်မိုက်သော လူဆိုးတယောက်၏ သေနပ် ပြောင်းဝ၌ပင် သူ၏ဘဝကိုအဆုံးသပ်လိုက်ရသကဲ့သို့ တည်း။ (ဤပုံဝတ္ထုလေးသည် ဥပမာဆောင်၍ ရေးသား ထားခြင်းမျှဖြစ်သော်လည်း မျက်မြင် လောကကို သရုပ်ဖော် ထားသည် ဖြစ်ရကား ဤအရာ၌ သဘာဝကျအောင် စီစဉ် ထားသည်ကို သတိပြုမိပါစေ။)

**သူတို့နှစ်ဦး ထူးခြားချက်** အ ထက် ၌ ဖော် ပြ ခဲ့ သော ပုံဝတ္ထု လေးကို ချိန်၍ စဉ်းစားပါ။ ရှေးဦးစွာ မောင်ဖြူသည် တရားစောင့်သူဖြစ်၍ မောင်မဲသည် တရားမဲ့သူ ဖြစ်ပုံကို သင်-တွေ့ရလိမ့်မည်။ ထို့နောက် တ ရား ပျက် သူ

မောင်မဲမှာ အသေဆိုး သေရသည်အထိ လောကမကောင်း, သံသရာ မကောင်း ဖြစ်သွားရ သော် လည်း တရားစောင့်သူ မောင်ဖြူ မှာကား မောင်မဲ ခံရသည့် အပြစ်မျိုးကို မတွေ့ကြုံရတော့သဖြင့် သူစောင့်သောတရားကပင် သူ့အားမျက်မှောက်ဖြစ်သော ဘေးဆိုး,ရန်ဆိုးတို့မှ ကာကွယ်ထားသည်ကိုလည်း သင်-တွေ့ရပါလိမ့်မည်။

ထို့ပြင် မောင်ဖြူ၏ ဘဝသည် ချွတ်ယွင်းချက် ကင်းသော လောကနိဗ္ဗာန်ဖြစ်၍ မောင်မဲ၏ ဘဝသည် ကြောက်မက်ဖွယ်ကောင်းသော လောက ငရဲကြီးကဲ့သို့ ဖြစ်နေ သည် မှာ လည်း တရားမှုနှင့် မတရားမှု, တရားရှိမှုနှင့်တရားမဲ့မှုတို့ အတွက်သာ ဖြစ်သည်ဟူ၍လည်း သင်-ဝေဘန် နိုင်ပါ လိမ့်မည်။ သို့ဖြစ်ရာ တရားက အပါယ်ကျမှုစသော တမလွန် ဆင်းရဲမှသာ ကာကွယ်နိုင်သည်မဟုတ်၊ တရားမဲ့သူတို့တွေ့ရသော လောကဆင်းရဲမျိုးမှလည်း ကာကွယ်နိုင်သည်ဟု သင်-ယုံကြည်ထိုက်ပါသည်။

**အပူငြိမ်းအေး တရားဆေး**

အကယ်၍ ရှောင် တိမ်း ခြင်းငှါ မစွမ်းနိုင်သော လောကဓံ ဆင်းရဲ မျိုးနှင့် ကြုံတွေ့ရသည် တိုင်အောင် တရားရှိသူ ဖြစ်ပါက တရားအတွက် သက်သာခွင့်ရပါသည်။ နောက်ဆုံး သေရမည့်ဘေးနှင့် ရင်ဆိုင် ရသည် တိုင် အောင် လည်း "ငါ-တရားရှိသူဖြစ်သည် ဘာ ကြောက်လန့်ဘွယ် ရှိသလဲ"ဟု ရဲရဲကြီး သေဝံ့ပါလိမ့်မည်။ ဤကဲ့သို့ မကြောက် မလန့် သေရခြင်း သည်ပင် တမလွန်ဘဝအတွက် သေပန်းပွင့်ခြင်းတမျိုးဖြစ်၏။ ထို့ကြောင့် ကာကွယ်၍ မရနိုင်သော လောကဓံ ဆင်းရဲ တို့ နှင့် တွေ့ကြုံရသည်တိုင်အောင် မိမိ၌ အကာအကွယ်ယူထားသော တရားသည်သာလျှင် စိတ်၌ လောင်မြိုက်နေသော အပူကို ငြိမ်းအေး

သက်သာစေရန်ဆေးတော်ကြီးဖြစ်သည်ဟုသင်-ယုံကြည်ထိုက်လေသည်။(တရားတော်က လောကဆင်းရဲ,သံသရာဆင်းရဲတို့မှ ကယ်တင်ပုံကို ပဋာစာရီ ဆိုသူ အမျိုးသမီးကပင် သက်သေခံလေပြီ။)

တရားကြောင့် အပူမီး ငြိမ်းပုံ

ထိုပဋာစာရီဝတ္ထုထဲမှာ တရား မနာရမီက မည်သူမှ မကယ်တင် နိုင်ခဲ့သော အပူသယ်မ လေး သည် နောက် ဆုံး၌ ဘာ့ကြောင့် သက်သာခွင့်ရသွားရလေသနည်း။ တရားကြောင့်ပင် သက်သာခွင့်ရသွားရလေ၏။ ဆေးချက်မတွေ့ခဲ့သော် သူ့စိတ္တဇရောဂါသည်လည်း သောတာပတ္တိမဂ်,ဖိုလ်တည်းဟူသောဆေးတခွက်မျှဖြင့် ပျောက်ငြိမ်းသွားရ၏။ ထိုထက် အမြတ်ထွက်မှုကား နောင်သံသရာ၌ အခွင့်မတော်က တွေ့ရမည်ဖြစ်သော အပါယ်ဘေးကြီးနှင့်လည်း ထိုတရားပွဲ၌ပင် လုံးဝအဆက်ပြတ် သွားရပြန်သည်။

အကယ်၍သာ ပဋာစာရီသည် ဘုရားကို ဖူးမြော်ရသော်လည်း တရားမနာရဟုဆိုပါမူ ဤမျှလောက်သက်သာခွင့်ရမည်မဟုတ်ပေရာ။ အမှန်မှာ ဘုရားလည်း သတ္တဝါတို့ကို ဘေးအမျိုးမျိုးမှ ကယ်တင်တော်မူရာဝယ် တရားအားကိုး ဖြစ်လေသည်။

တရားမြင်မှ ဘုရားကိုမြင်သည်

ဘုရားလက်ထက်တော်အခါကကြက်သရေရှိသော ဗုဒ္ဓ၏အဆင်း ရူပကာယတော်ကို တစိမ့်စိမ့် ရှုနေရလျှင် လူဖြစ်ကျိုး နပ်ပြီဟု ရဟန်းပြုလာသော ရှင်ဝက္ကလိအား ဗုဒ္ဓအရှင်မြတ်က "**ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ, သော မံ ပဿတိ**" (အို-ဝက္ကလိ တရားကိုမြင်မှ ဘုရားကိုမြင်သည်၊ တရားကိုမမြင်လျှင်ဘုရားကို

လည်း မြင်သည်မမည်) ဟု ဟောတော်မူသော ဗုဒ္ဓမိန့်ခွန်းတော်သည်လည်း ဤအရာ၌ အထောက်အထားပေတည်း။

သို့ဖြစ်ရာ ထိုပဋ္ဌာစာရီအပူဇာတ်လမ်းကြီးထဲ၌ "တကောင်ကြွက်တမျက်နှာ" မီးလောင်ရာ လေပင့်သကဲ့သို့ တပူပေါ်တပူဆင့်နေသော အပူသယ်မလေးကို လက်ငင်းတွေ့ဆဲဖြစ်သောလင်ပူ, သားပူတို့မှငင်း၊ နောင်သံသရာ၌ တွေ့ရမည့် အပါယ်ဆင်းရဲ,ဝဋ်ဆင်းရဲစသည်တို့မှငင်း လုံးဝ လွတ်မြောက်အောင်ကယ်တင်လိုက်ခြင်းသည်ကား တရားဇာတ်ပင်ဖြစ်သည်ဟု မုချယုံကြည်ထိုက်ပေ၏။

**အခြားသာဓကများ** ထို့ပြင် ဗုဒ္ဓ လက်ထက်တော် အခါက ရာဇဂြိုဟ်ပြည်၌ အနှစ်(၅၀) တိုင်တိုင်လူသတ်ရာထူးဖြင့် ဘုရင့်အမှုတော်ကိုထမ်းရပြီးနောက် သေခါနီး အချိန်လောက်မှ ရှင်သာရိပုတြာ၏ တရားတော်ကို နာယူရသော "တမ္ဗဒါဌိက" ဆိုသူ ခိုးသတ်ဖိုလ်မှူးကြီး အားအပါယ်ပိုင်တိုက်မှလုယက်၍ နတ်ပြည်သို့ရောက်အောင် တရားတော်က ကယ်တင်ပေးလိုက်ရပုံ၊နတ်ပြည်မှစုတိစိတ်ကျ၍ ငရဲသို့ကျရောက်မည့်ဆဲဆဲမှာပင် ဘုရားဖူး,တရားနာရောက်လာသောသုပြဟ္မနတ်သားအား သောတာပတ္တိ မဂ်တရားက ကယ်တင်သဖြင့် ငရဲသို့မကျရတော့ဘဲ၊ နတ်ပြည်၌သောတာပန် နတ်သားကလေးပြန်ဖြစ်ရပုံ၊ တဘဝလုံးစည်းစိမ်ယစ်ကာ တရားနှင့်ဝေးနေသော ပုထုဇန် သကြားအိုကြီးအား ဗုဒ္ဓ၏ ရှေ့မှောက်၌ တရားနာစဉ်ပင် သောတာပန် သကြားပျိုလေးဖြစ်လေအောင်တရားက ဖန်တီးပေးလိုက်ပုံစသည်တို့မှာလည်း ဓမ္မ၏ဇျောတိရုပ်ကိုဖေါ်ပြရာ၌ ထင်ရှားသောသက်သေတို့ပင်တည်း။

ဓမ္မဇျောတိပေါ်ပြခန်းပြီး၏။

## ညွန်ပြနိုးဆော်ခန်း

လူစစ်ဖိသမရေး ''ပုခက် လွှဲသော လက်သည် ကမ္ဘာကို ကြီးစိုး၏'' ဟူသော ခေတ်သစ်စကားပုံအရ၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှာပင် လူဦးရေ တိုးတက်မှုကိုသာ စိတ်ဝင်စားလျက်ရှိရကား၊ ကမ္ဘာစစ်ကြီးဖြစ်၍ မည်မျှလောက်ပင် လူ့အသက်ပေါင်း များစွာ ဆုံးရှုံးသွားရသော်လည်း နောက်ဆုံး ကမ္ဘာ့လူဦးရေမှာကား ဆုတ်ယုတ်သွားသည်မဟုတ်ပေ။ ကြောက်ဖွယ်လိလိတိုးတက်နေသည်သာဖြစ်၏။ အမှန်အတိုင်းဆိုရသော် ယခုအချိန်၌ လူဦးရေက တိရစ္ဆာန်ဦးရေကို အမှိုလိုက်နေသည်ဟုဆိုလျှင် မှားမည်မဟုတ်လှပါ။

သို့သော်လည်း လူ ဦး ရေ များ သ လောက် လူ့အရည်အချင်းကတိုးတက်မှုမရှိခဲ့ပါလျှင် တနေ့၌လူနှင့်တိရစ္ဆာန်သည် တတန်းထဲဖြစ်၍ ဘုရားလိုအပ်သောလူစစ်တွေ ဤကမ္ဘာကြီးမှ ပျောက်ကွယ်နိုင်ပါသည်။ သို့ဖြစ်ရာ လူအရည်အချင်းမြှင့်တင်ရေးကိုစိတ်ဝင်စားလျက် ဤဓမ္မစရိယာ မင်္ဂလာတရားတော်အရ လူစစ်ဖိသရေးကို ဖန်တီးရန်မှာ '' လူသစ်တည်၍ ပြည်သစ်ဆောက်''နေသော သင့်-အတွက် မလွှဲဖယ်နိုင်သော တာဝန်ကြီးတခုဖြစ်သည်ဟု သင်-နားလည်မှုရှိရမည်။

ချုံထွင်ချက် မှန်ပါသည်၊ ဓမ္မစရိယာမင်္ဂလာ ဟူသည်မှာ ပုညကြိယာဝတ္ထု ၁၀ ပါးကို အပြည့်အစုံလိုက်နာကျင့်သုံးခြင်းပင်ဖြစ်သည်ဟု အောက်၌ ဖေါ်ပြခဲ့ပါပြီ။ သို့အတွက် ဤဓမ္မစရိယာ မင်္ဂလာ တရားတော်ကို လက်တွေ့ကျင့်သုံးနေသူသည်မိမိကိုယ်တိုင်ကလျှူဒါန်းပေးကမ်းနေသူဖြစ်၍ အောက်၌ ဖေါ်ပြခဲ့သော ဒါနမင်္ဂလာ(ပူဇနိယပူဇာ) မင်္ဂလာ

တို့နှင့်ပြည့်စုံပြီးဖြစ်၏။ မိမိက ကိုယ်ကျင့်သီလရှိသူ တရားအလုပ် ခွင်၌ စိတ်ဝင်စား နေသူ ဖြစ်၍ အတ္တသမာ ပဏိဓိ မင်္ဂလာ, သုသိက္ခိတ ဝိနယမင်္ဂလာ, ပူဇနိယ ပူဇာ မင်္ဂလာ တို့နှင့်လည်း ပြည့်စုံပြီးဖြစ်ပြန်၏။

ထို့ပြင် မိမိက ကြီးကုန်သော သူတို့၏အမှုကိစ္စကို ဆောင် ရွက်သူ၊ ကြီးကုန်သော သူတို့ကို ရိုသေသူဖြစ်သဖြင့် အထက်၌ ဆိုလတ္တံ့ဖြစ်သော အနဝဇ္ဇကမ္မမင်္ဂလာ, ဂါရဝမင်္ဂလာ, နိဝါတ မင်္ဂလာတို့နှင့်လည်း ပြည့်စုံပြီး ဖြစ်ပြန်၏။ ထို့ပြင်လည်း မိမိက တရားနာသူ တရားဟောပြောသူ ဖြစ်၍ ဓမ္မသဝန မင်္ဂလာ, ဓမ္မသာကစ္ဆာမင်္ဂလာတို့နှင့်လည်း အလိုအလျောက် ပြည့်စုံပြီး ဖြစ်ပြန်၏။ ဤသို့ စသည်ဖြင့် ဓမ္မစရိယာ မင်္ဂလာမှပင် မင်္ဂလာ ပေါင်း မြောက်မြားစွာပေါက်ပွါးလာသောကြောင့် ဤမင်္ဂလာ ပျက်လျှင် အခြားမင်္ဂလာများလည်း လျော်သလိုပျက်ရမည်သာ ဖြစ်လေသည်။

အကယ်၍ ဤ ဓမ္မစရိယာ မင်္ဂလာ တခု အောင်မြင် စွာ ပြည့်စုံခဲ့ပါလျှင် အခြား မင်္ဂလာများလည်း အလို အလျောက် ပြည့်စုံအောင်မြင်ပြီးဖြစ်၏။ ထို့ကြောင့်ဆိုပြီး,ဆိုလတ္တံ့ဖြစ်သော မင်္ဂလာများနိုင်မြဲရန် အလို့ငှါ ဒဠှီကမ္မအနေဖြင့် ဤဓမ္မစရိယာ မင်္ဂလာကို သီးခြားဟောရပြန်သည်ဟု ယူဆထိုက်လေသည်။

**လူတိုင်းလိုအပ်သည်** လူသစ်တည်၍ ပြည်သစ် ဆောက်အံ့ ဟု အဓိဋ္ဌာန် ချက်ထား၍ ပြည် ထောင် စု တာဝန်ကို အိမ်ရှိလူကုန် ကြိုးပမ်း ထမ်းဆောင်ရခိုက်ဖြစ်သော ဤအချိန်၌ အစိုးရဌာနတိုင်းရှိ အရာရှိပုဂ္ဂိုလ်များဘက်မှဂုဏ်း၊ ပြည်သူလူထုကြီး တရပ်လုံးဘက်မှဂုဏ်း၊ ဤဓမ္မစရိယာ မင်္ဂလာ တရားတော်ကိုလက်တွေ့ကျင့်သုံးရန်အများဆုံးလိုအပ်လှပေ၏။

အကယ်၍ ဤဓမ္မစရိယာမင်္ဂလာတရားတော်ကို လက်တွေ့ကျင့်သုံးခြင်းမရှိဘဲ ''ကိုယ့်စာကိုယ်ရေး၊ ကိုယ့်တေးကိုယ်ဆို'' ထင်သလိုသာ စခမ်းသွားမည်ဆိုပါက အရာရှိဆိုလျှင်လည်း တာဝန်မသိသောအရာရှိဆိုးဖြစ်၍ပြည်ထောင်စုသားတယောက်ဆိုလျှင်လည်းအသိတရားကင်းမဲ့သော လူညံ့မျှသာဖြစ်ရတော့မည်မှာ အမှန်ပင်တည်း။ သို့ဖြစ်ရာ လူသစ်ဖြစ်လိုသူတိုင်းပင် လူ့ရာဇဝင်ကို တောက်ပြောင်စေနိုင်သော ဤဓမ္မစရိယာမင်္ဂလာတရားတော်ကြီးကို လေးစားရမည်ဖြစ်သတည်း။

## တရားကိုကျင့်သုံးပါ

(က) သင့်မှာ ဓမ္မစရိယာ မင်္ဂလာ ကင်းခဲ့ပါလျှင် မျက်မှောက်၌လည်း ဂုဏ်ညှိုး၍ လောကပြစ်လည်း ဆိုက်ရောက်မည်။

(ခ) နောင်သံသရာ၌လည်း ဝဋ်ဆင်းရဲတာရှည်မည်။

(ဂ) သင်က တရားကို စောင့်မှသာလျှင် တရားကလည်းသင့်အား ဘေးအမျိုးမျိုးမှကယ်တင်မည်။

ထို့ကြောင့် ဤကဲ့သို့စဉ်းစား၍ ဓမ္မစရိယာ မင်္ဂလာတရားတော်အရ တရားကိုကျင့်သုံးပါဟု ညွှန်ပြနှိုးဆော်ပါကြောင်း။

ဆောင်ပုဒ်....

၁။ ဓမ္မစရိယာ၊ မင်္ဂလာ၊ ကိုယ်မှာကင်းခဲ့လျှင်။

၂။ လောကမျက်မှောက်၊ ဂုဏ်ညှိုးလောက်၊ ဆိုက်ရောက် အပြစ်မြင်။

၃။ နောက်နောင်မှာလဲ၊ ဝဋ်ဆင်းရဲ၊ ရှည်မြဲမုချပင်။

၄။ တရားစောင့်မှ၊ တရားက၊ ဘေးမှကယ်မည်ထင်။

၅။ ဤလိုစဉ်းစား၊ ကိုယ်ကျင့်ပွား၊ တရားစောင့်စေချင်။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၁၆

## ဉာတကသင်္ဂဟမင်္ဂလာ

**ဉာတကာနဉ္စသင်္ဂဟော** ဆွေမျိုးတို့ကို ကူညီ စောင့်ရှောက် ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွား ရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁၆ နံပါတ်မင်္ဂလာကိုပင် "ဉာတက သင်္ဂဟမင်္ဂလာ" ခေါ်ဆိုသည်။

(ဉာတက-ဆွေမျိုး။ သင်္ဂဟ-ကူညီစောင့်ရှောက်ခြင်း။ မင်္ဂလာ-ကုသိုလ်တရားတိုးပွားရင့်ကျက်မှု။)

### ဆွေမျိုးပြဿနာဖြေရှင်းခန်း

**ဆွေမျိုးနှင့်သူစိမ်း** အဘ-ဘက်မှဖြစ်စေ, အမိ-ဘက်မှ ဖြစ်စေ တနည်းနည်း နှင့် တော်စပ်သူကို ဆွေမျိုး (ဉာတိ)ဟုခေါ်ရ၏။ တနည်းနည်းနှင့်မှ အလျင်းတော်စပ်ခြင်း မရှိသူကိုကား ဆွေမျိုး(ဉာတိ)ဟု မခေါ်ရ။ ဆွေမျိုးမဟုတ်သူ (အဉာတိ) သူစိမ်းဟုသာ ခေါ်ရလေသည်။ သို့သော် မြို့ကြီး ပြကြီးများ၌ကဲ့သို့ မိပေါင်းသားတို့ စုပေါင်းနေထိုင်ရာ အရပ် ဒေသမျိုးမဟုတ်ခဲ့လျှင်ကား မည်သည့်ရပ်ရွာ၌မဆို တရပ်လုံး တရွာလုံး ဆွေမျိုးစပ်လျှင် မလွတ်သလောက် ဖြစ် အောင် သူစိမ်းမရှိတဲ့ပေ။ ခေတ်အားလျော်စွာ မေတ္တာက စိမ်း၍သာ စိမ်းနေကြရလေသည်။

သို့သော်လည်း တစိမ်းပင် ဖြစ်ငြားကာမူ နီးနီး ကပ်ကပ် နေရသူဖြစ်၍ "**သူစိမ်းကောင်းတော့-ဆွေမသာ**" ဆိုသော စကားကဲ့သို့ ဆွေလို, မျိုးလို တဦးကို တဦး အထူးကြင်နာ နိုင်သည်ဆိုမှုကား **အတိုင်းထက်အလွန်ပင်တည်း။**

**ရာဇဝင်ဆွေမျိုး** ထို့ပြင် ကမ္ဘာပေါ်၌ လူအမျိုးမျိုး, ဇာတ်အမျိုးမျိုးရှိရာ၊ အမျိုးတူ,ဇာတ်တူဖြစ်သော လူမျိုးချင်းသည်လည်း ဆိုင်ရာ ရာဇဝင်အရ၊အချင်းချင်းသွေးစပ်ကြသော ဆွေမျိုးအုပ်စုကြီးများ ဖြစ်ကြ၏။ ဥပမာ မြန်မာပြည်အဖို့ ပြောရသော် ပြည်ထောင်စုအတွင်းရှိ မြန်မာ,ရှမ်း,ချင်း, ကရင်,မွန်,ရခိုင် စသည်တို့သည် ရာဇဝင်အရ တော်စပ်သော ရာဇဝင် ဆွေမျိုးများပင် ဖြစ်သကဲ့သို့တည်း။ အခြား လူဖြူမျိုး, လူမဲမျိုးစသည်တို့မှာလည်း ဤအတူပင်ဖြစ်၏။

ဤသို့လျှင် ဤ ဉာတက သင်္ဂဟ မင်္ဂလာ တရားတော် အရ၊ ပါဝင်သင့်ပါဝင်ထိုက်သောဆွေမျိုးသည်။ ၁-လောကဆွေမျိုး။ ၂-ရာဇဝင် ဆွေမျိုး အားဖြင့် ၂ မျိုး ကွဲပြားသည် ဟူ၍လည်း အမှတ် ပြုထိုက်လေ သတည်း။

ဆွေမျိုးပြဿနာဖြေရှင်းခန်းပြီး၏။

---

## ဆွေမျိုး ချစ်ကြည်ရေးဖေါ်ပြခန်း

**ဆွေမျိုးစစ်နှင့် ဆွေမျိုးတု** မည်သူမဆို ဆွေမျိုးကို ချစ်ခင်သည်ဆိုရာဝယ် ဤ ဉာတက သင်္ဂဟ မင်္ဂလာ တရားတော် အရ၊ ၁-ကိုယ်၏ စောင်မခြင်း (ကာယကံမေတ္တာ)။ ၂-နှုတ်၏ စောင်မခြင်း(ဝစီကံမေတ္တာ)။ ၃-စိတ်၌ စွဲမြဲချစ်ကြည်၍နေခြင်း (မနောကံမေတ္တာ)ဟူသော ဤမေတ္တာ ၃ မျိုးကို လက်တွေ့ မကျင့်သုံးနိုင်သမျှ ဆွေမျိုးအပေါ်၌ အစစ်အမှန် ချစ်ကြည်ရာ မရောက်ပေ။ ဆွေမျိုးသားချင်း အပေါ်၌ ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးဖြင့် စောင်မနိုင်မှသာလျှင်ဆွေမျိုး အစစ်အမှန် ဖြစ်နိုင်ပေမည်။

အကယ်၍ ဤ ဉာတက သင်္ဂဟ မင်္ဂလာ တရားတော်အရ၊ ဆွေမျိုးအစစ် ဖြစ်ကြောင်းကို ခိုင်လုံစွာ သက်သေ မပြနိုင်ဟု ဆိုပါက သွေး သား ချင်း စပ်၍ ဆွေမျိုးဟု ဆို ရ သော်လည်း ထိုသူသည် ဆွေမျိုး အတု အပ မျှသာ ဖြစ်၏။ မခေါ်ချင် နေရ သော်လည်း မတော်ချင် မနေရသော ဆွေမျိုးသာတည်း။

**ငွေမျက်နှာမြော်ခြင်း** မိမိ၏ချစ်ကြည်မှုကို ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးဖြင့် ခိုင်လုံစွာ ဖော်ပြနိုင် သူသည် ဆွေမျိုးစစ် ဖြစ်၍ ထိုကဲ့သို့ မဖော်ပြနိုင်သူသည် ဆွေ မျိုးတု ဖြစ်သည်ဟု ခွဲခြားပြခဲ့ပြီ။ သို့ရာတွင် လူ့မျက်နှာထက် ငွေမျက်နှာကိုသာ ပိုပြီး အရေးပေးကြသော ယခုခေတ်၌ကား ဆွေမျိုး အစစ်ကလည်း အတုဖြစ်၍၊ ဆွေမျိုး အတုကလည်း ဆွေမျိုးအစစ် ဖြစ်နိုင်ပြန်သည်။

ဤမျှမက ဆွေမျိုးကလည်း သူစိမ်း, သူစိမ်းကလည်းဆွေမျိုး ငွေတန်ခိုးဖြင့် မန်းမှုတ်တိုင်း ဖြစ်ချင်ရာဖြစ်နေကြသည်မှာလည်း မျက်မြင်ဖြစ်၍ ငြင်းနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ရာ အလွန်ရင်း ခြာသော ဆွေမျိုးရင်းချင်းဖြစ်ရစေကာမူ မိမိကဆင်းရဲသူဖြစ်နေ ပြန်လျှင်လည်း ဆွေမျိုး တော်ချင်သူပင် မ ရှိ သ လောက် ဖြစ်၍ ဘယ်ဆွေမျိုးကမှ ဆေးဘော်,ကြောဘက်မပြုလိုကြပေ။

သို့သော်လည်း မိမိက ချေးနိုင်,ငှါးနိုင်သော ပစ္စည်းရှင်ကြီး ဖြစ်နေပြန်မူကား တော်ရုံတန်ရုံဆွေမျိုးကလည်း တကယ့်အရင်း အခြာကြီးကဲ့သို့ ခြေမကိုင်မိ, လက်မကိုင်မိဖြစ်ကာ နှုတ်ထဲမှာ လည်း"ကိုကိုလေး,မမလေး"လောကွတ်တွေ ထွေးနေတတ်ကြ လေသည်။ အမှန်အားဖြင့် ပြောရသော် ထိုကဲ့သို့သော သူတို့ သည် "**ဗူးသီးသီးမှ အရီးတော်**" ငွေမျက်နှာကို မြော်သူများ ပင်တည်း။

**ဆွေချစ်မျိုးချစ် မေတ္တာစစ်**

ငွေကစပ်ရသော ဆွေမျိုးသည် သွေးကစပ် ရသောဆွေမျိုးလောက် မေတ္တာဓာတ် ခိုင်မြဲမည် မဟုတ်သဖြင့် တကယ် အရေးကြုံလျှင် ထိုသူတို့ထံမှ သွေးထဲသားထဲက လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာသော ဆွေမျိုးချစ် အချစ်မျိုးကို အဘယ်မှာ ရနိုင်အံ့နည်း။ ငွေမျက်နှာကိုကြည့်ရာမှ အပေါ်ရံခတ်ရှမ်းရှမ်း ဖြစ်ပေါ်လာသော ဟန်ဆောင်မေတ္တာမျိုးကိုသာ ရမည်ဖြစ်၏။

သို့ဖြစ်ရာ ငွေကစပ်ရသောဆွေမျိုးထက်သွေးကစပ်ရသော ဆွေမျိုးကသာလျှင် တကယ်အရေးရှိက တကယ် အကူအညီ ပေးနိုင်သောကြောင့် ဆွေမျိုးကိုချစ်ခင်သည်ဆိုရာ၌ ငွေမျက်နှာကိုမြှော်ခြင်း, လူ့မျက်နှာကိုကြည့်ခြင်း စသည်ကို ဖယ်ရှားပြီးလျှင် တကယ်သန့်ရှင်းသော စေတနာဖြင့်အလွန်မွန်မြတ်သော ဆွေချစ်မျိုးချစ်မေတ္တာစစ်ကို ခိုင်မြဲစွာ မွေးမြူရန်မှာ ဆွေနှင့်မျိုးနှင့်ဖြစ်နေကြသူ လူသားပုဂ္ဂိုလ်တိုင်း မလွှဲဖယ်နိုင်သော တာဝန်ကြီးပေတည်း။

ဆွေမျိုးချစ်ကြည်ရေးဖော်ပြခန်းပြီး၏။

# ဆွေမျိုးစောင့်ရှောက်ရေးဖော်ပြခန်း

လူတန်းစား ၃ မျိုး

တဆွေလုံး တမျိုးလုံး စုစုရုံးရုံး နေကြရာဝယ် အားလုံးလူချမ်းသာတွေချည်းလည်း မဖြစ်နိုင်၊ လူဆင်းရဲတွေချည်းလည်း မဖြစ်နိုင်၊ ချမ်းသာသူများလည်းပါဝင်မည်၊ ဆင်းရဲသူများလည်းပါဝင်မည်၊ ထိုတွင် ချမ်းသာသူတို့အထဲမှာလည်း အချို့ကအလွန်ချမ်းသာသူဖြစ်၍ အချို့မှာလည်း သင့်ရုံချမ်းသာသူများသာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ဆင်းရဲသူတို့အထဲမှာလည်းအချို့က တော်ရုံဆင်းရဲသူများဖြစ်၍ အချို့မှာကား အိုးတလုံးဖျာတချပ်ကိုမျှ သပ်ယပ်စွာ မထူထောင်နိုင်သည့် "ထမင်းရက်ချန်, ရေရက်မှန်" ဆိုသူများလည်းဖြစ်ပေရာ၏။ ထိုသူတို့အားလုံးကိုအကျဉ်းခြုံး၍အတန်းအစားခွဲလိုက်လျှင်—

(က) အထက်တန်းစား၊

(ခ) အလတ်တန်းစား၊

(ဂ) အောက်တန်းစား

ဟု အတန်းစား ၃ မျိုးဖြစ်လာမည်။

ထိုတွင်လည်း(က)အတန်းစားကိုလူကုန်တန်(ကြွယ်ဝသူ)ဟုမှတ်ရမည်။(ခ)အတန်းအစားကိုအူတောင့်ဝမ်းဝကြွေးမြီမှ လွတ်ကင်းသူများဟုမှတ်၍(ဂ)အတန်းအစားကိုကားလူဆင်းရဲ(ကျောမွဲ)ဟု အသီးသီးမှတ်ရမည်။ သို့သော်ဆွေမျိုးတိုင်း၌ပင် လူ ၃ မျိုးမစုံလင်ကြ (ဂ) အတန်းအစားလူမွဲတို့ကသာ များသည်ဟူ၍လည်း မှတ်သင့်ပါသေး၏။

(က) အတန်းစားက မေတ္တာပျက်ပုံ

ထိုလူ ၃ စားတို့အနက် (က) အတန်းစားသည်အရာရာဘက်မှ ပြည့်စုံကြွယ်ဝသူများဖြစ်၍ဘာမဆိုငွေသာလျှင်ပဓာနဖြစ်သည်၊ ငွေကခိုင်းလျှင် မည်သည့်အမှုကိစ္စမဆိုပြီးစီးနိုင်သည်ဟု ရှိသူတို့၏မာနမျိုးမွေးမြူလျက် မိမိအောက်၌ရှိသော(ခ) အတန်းစား၊ (ဂ)အတန်းစားဖြစ်သူ ဆွေမျိုးတို့အပေါ်၌ မထီလေးစား အရေးမထားဘဲ နေတတ်သည့်ပြင်ဆွေမျိုးအိမ်လာလျှင်လည်း ချေးနိုးနိုး,တောင်းနိုးနိုး,လိုချင်လို့လာသည့် အနေမျိုးလောက်ယူဆလျက် အထင်သေးသည်ကသာ များပြန်၏။

ဤနည်းအားဖြင့်ပင် ဆွေထဲမျိုးထဲ၌ရှိသူကမရှိသူ အပေါ်၌ မေတ္တာကင်းမဲ့ကြလေသည်။ ထိုကဲ့သို့ မေတ္တာ ကင်းမဲ့သည်ကစ၍ ဤဉာတကသင်္ဂဟမင်္ဂလာတရားတော်အရဆွေမျိုးအပေါ်၌ ကူညီစောင့်ရှောက်မှုလည်းပျက်ပြားရတော့၏။

ငွေသည်ခေတ်အလိုက် တန်ခိုးရှိသည်ကားမှန်၏၊ သို့သော် "**အရေးကြီးတော့သွေးနီးမှ**" ဆိုသောစကားကဲ့သို့ တကယ့်အရေး၌ ငွေ၏အကူအညီထက် ဆွေမျိုး၏အကူအညီက ပိုပြီးအရေးပါသည်ကိုလည်း မမေ့သင့်။ မည်မျှလောက်ပင်ဆွေမျိုးအပေါ်၌ ခေါင်းမာနိုင်သည်ဟု ဆိုရသော်လည်းမတတ်သာက 'အရပ်ကယ်ပါ,ဆွေမျိုးကယ်ပါ'ဟုအကူအညီတောင်းရသောကိစ္စမျိုးလည်း "**ဆယ်ရေးတရေး,ကိုးရေးတရာ**"ပေါ်ပေါက်လာတတ်ပါသည်။ ထို့ကြောင့်ရှိသူသည် ရှိသူနှင့်တူအောင်စိတ်သဘောထားကြီးကြီးမွေး၍မရှိသူဆွေမျိုးအပေါ်၌ အခက်အခဲကြုံသည့်အခါပစ်မထားဘဲအဝတ်အစားပေးခြင်း၊အရင်းနှီးထုတ်၍မခြင်း၊ အခြေအနေအရ အကူအညီပေးခြင်းစသည်တို့ကို ပြုလုပ်ရမည်ပင်ဖြစ်၏။

**ချွတ်ယွင်းချက်နှင့် ပြုပြင်ရေး**

ထို့ပြင်(ခ)အတန်းစား၊ (ဂ)အတန်းစားတို့ကလည်း (က) အတန်းစား အပေါ်၌ "သူ့ရှိလို့တို့မစားရ၊ တို့လုပ်မှ တို့စားရသည် ဘာအရေးစိုက်ဖွယ်ရှိသလဲ" ဟု မရှိသူတို့အလိုက် အခြောက်တိုက်သွေးကြီးသောမာနမျိုးထားရှိရုံမျှမက၊ထိုရှိသူတို့အပေါ်၌ မုဒိတာ ဖြစ်ရမည့် အစား အလကား ငရဲကြီးခံသူတို့ကသာ များလေသည်။

ဤနည်းဖြင့်ပင် မရှိသူ ဆွေမျိုးတို့ကလည်း ရှိသူ ဆွေမျိုးအပေါ်၌ မေတ္တာကင်းမဲ့သည်မှစ၍ ဉာတကသင်္ဂဟ မင်္ဂလာတရားတော်ကိုပါ ပျက်စီးစေရတော့၏။

အမှန်မှာ မရှိသူသည် "ကိုယ်လုပ်မှ ကိုယ်စားရသည်" ဆိုသော အားထားချက်တခုနှင့် ကိစ္စမပြီးစီးနိုင်ပေ။ အခြားလူမှုကိစ္စတို့လည်းရှိသေးရာ ရှိသူထံမှတနေရာမှ အကူအညီမရလျှင် တနေရာမှ အကူအညီရပေလိမ့်မည်။ နောက်ဆုံး၌ မစွေရသူဌေးကဲ့သို့ ကပ်စေးနှဲအားကြီးသဖြင့် ဘယ်ဆွေမျိုးအပေါ်မှခြူးတပြားအကျမခံဟု ဆိုရသည့်တိုင်အောင် ဆွေထဲမျိုးထဲ၌ သူချမ်းသာခြင်းသည်ပင် တို့ဂုဏ်တမျိုးတက်သည်ဟု အယုတ်ဆုံးနှလုံးသွင်းနိုင်ရမည်။

သို့ရာတွင် မိမိကမျက်နှာမရှိသော လူဆင်းရဲတယောက်ဖြစ်ရသည့်တိုင်အောင် သူ့အရှိန်ကြောင့် လူအစော်ကားမခံရဟု ဆိုပါမူ၊ ထိုရှိသူဆွေမျိုးသည် မရှိသူဆွေမျိုး၏ သဘာဝအကာအကွယ်တခုအလိုအလျောက်ဖြစ်ရမည်သာတည်း။ထို့ကြောင့် မရှိသူဆွေမျိုးသည် ရှိသူဆွေမျိုးအပေါ်၌ ကိုယ်နှင့်တန်သော အကူအညီပေးမှသာလျှင် ဆွေမျိုးအင်္ဂါနှင့်ညီညွတ်မည်ဖြစ်၏။

**ဆွေမျိုးဝတ်မပျက်ပြားရေး**

ထို့ပြင် (ခ) အတန်းစား ဆွေမျိုးတို့က လည်း (ဂ) အတန်းစား လူမွဲအပေါ်၌ ဝတ်နိုင်, စားနိုင်သည် ဟူသော မာနမျိုး ကိုငှင်း၊ (ဂ)အတန်းစားလူမွဲတို့ကလည်း (ခ) အတန်းစား အပေါ်၌ လုပ်ကိုင်နိုင်သည်ဟူသော မာနမျိုးကိုငှင်း အပြန် အလှန်ထားရှိခဲ့ပါလျှင် မေတ္တာစာတ်အစေးပြယ်လျက် ဆွေမျိုး ဝတ္တရားပျက်ကွက်နိုင်ပါသည်။

ထို့ပြင်ရှိသူရှိသူချင်း၊ မရှိသူမရှိသူချင်းလည်း ဂုဏ်တု ဂုဏ် ပြိုင်ပြုလုပ်ရာမှ တဦး၏အကျိုးကို တဦးကထိပါးခြင်း၊ မနာ လိုခြင်း၊ မုန်းတီးခြင်း စသော မနော်ဆိုး, သဘောဆိုးများ ဖြစ်ပေါ်လာကာ ဤဉာတကာသင်္ဂဟ မင်္ဂလာတရားတော်အရ ကူညီရိုင်းပင်းမှု၊ တဦးနိမ့်ကျလျှင် တဦးက မြှင့်တင်ပေးမှု စသောဆွေမျိုးဝတ္တရားများလည်း ခန်းခြောက်သွားရလေသည်။ ထို့ကြောင့် အထက်တန်းစား ဆွေမျိုးက အောက်တန်းစား ဆွေမျိုးအပေါ်၌ငှင်း၊ အောက်တန်းစားဆွေမျိုးက အထက် တန်းစားဆွေမျိုးအပေါ်၌ငှင်း၊ ဂုဏ်ရည်တူ လူတန်းစား အချင်းချင်းအပေါ်၌ငှင်း မနာလိုမှု, မုန်တီးမှုစသည်ကို ဖယ် ရှားလျက် မိမိတို့နှင့်ထိုက်တန်သော ကူညီစောင်မမှုကိုပေးသင့် သည်ဟု နားလည်မှုရှိကြရန်မှာ ဤစာဖတ်သူတို့၏ တာဝန် သာတည်း။

**ရာဇဝင်ဆွေမျိုးချင်းလိုက်နာရေး**

ထို့ပြင်မြန်မာမြန်မာချင်း,ရှမ်းရှမ်းချင်း, ကရင်ကရင်ချင်း စသည်တို့သည် မျိုးတူ ရာဇဝင်ဆွေမျိုးများဖြစ်၍၊ မြန်မာ,ရှမ်း, ကရင်,မွန် စသော ပြည်ထောင်စုသားအားလုံးတို့သည်ကား ရာဇဝင်မှ ပေါက်ဖွားပေးလိုက်သော မျိုးကွဲညီတော် နောင်

တော်များ ဖြစ်ကြ၏။ သို့ဖြစ်ရာ မြန်မာက ရှမ်း, ချင်း, ကရင် စသောလူနည်းစု ဆွေမျိုးများအပေါ်၌၎င်း၊ ရှမ်း, ချင်း, ကရင် စသော လူနည်းစုဆွေမျိုးတို့ကလည်း မြန်မာလူများစုအပေါ်၌၎င်း၊ အချင်းချင်းစောင့်ရှောက် ကူညီမှုသာလျှင် ဤဉာတက သင်္ဂဟမင်္ဂလာတရားတော်နှင့်ညီညွတ်၍ သွေးပြောရာ ရောက်မည်ဖြစ်၏။

အကယ်၍မြန်မာလူများစုတို့က ရှမ်း,ချင်း,ကရင် စသော လူနည်းစုတို့အပေါ်၌"ငါတို့လူများစုဖြစ်သည်" ဟုထင်သလို ပြုမူခဲ့ပါလျှင် လူများစုဖြစ်သော မြန်မာသည် ဆွေမျိုးဝတ္တရား ပျက်၍ ပြည်ထောင်စုကိုပါ သစ္စာဖောက်ရာရောက်၏။ ရှမ်း, ချင်း, ကရင် စသောလူနည်းစုတို့ကလည်း ငါတို့သည်လူနည်းစု ဖြစ်၍ မြန်မာလောက် အမြင် မကျယ်သည် တိုင်အောင် **"လူမတတ်သော်လဲ လဘက်ထုတ်တတ်သည်"** ဟု သူစိမ်းကို အားကိုးလျက် မြန်မာလူမျိုးတို့အပေါ်၌ အနှောင့် အယှက် ပေးခဲ့ပါလျှင် ထိုရှမ်း, ကရင် စသောလူနည်းစု သည် လည်း ဆွေမျိုးဝတ္တရားပျက်၍ ပြည်ထောင်စုကိုပါ သစ္စာဖောက်ရာ ရောက်၏။

ထို့ကြောင့်ရာဇဝင်ဆွေမျိုးများဖြစ်သော လူများစုမြန်မာ နှင့်လူနည်းစုဖြစ်သော ရှမ်း, ချင်း, ကရင်, မွန်, ကချင်, ရခိုင် တို့သည် လူမျိုးတမျိုး၌အန္တရာယ်ကျရောက်လာသည်ကို လူမျိုး တမျိုးက လစ်လျူရှုမထားဘဲ "အမျိုးထိ မချိအောင်နာ" ဟူသောပြည်ထောင်စုစိတ်ဓာတ်မွေးမြူလျက် အချင်းချင်းကူညီ စောင့်ရှောက်ခြင်း အားဖြင့် သာလျှင် မိမိတို့ ရာဇဝင် ကို မြှင့်တင်ပေးရာရောက်မည်ဖြစ်သတည်း။

**ဆွေမျိုးစောင့်ရှောက်ရေးဖော်ပြခန်းပြီး၏။**

# ညွှန်ပြနိုးဆော်ခန်း

**ညွှန်ကြားချက်သက်သေ** လူတိုင်းပင် ဆွေမျိုးရှိသကဲ့သို့ လူတိုင်းပင် ဆွေမျိုးစောင့်ရှောက်ရန် ဝတ္တရားလည်းရှိရပြန်သည်။ ထိုဆွေမျိုးဝတ္တရားကို ဘုရား အဆူဆူ လက်လွှတ်တော်မမူကြဘဲ ပါရမီ ဖြည့်တော် မူ စဉ် က ပင် ဆွေမျိုးတို့အတွက် ဝကွက်၍ ကျင့်ရသော ဉာတတ္ထစရိယာ လမ်းစဉ်တခုလည်းထားရှိတော်မူကြပြန်လေသည်။

သို့ဖြစ်ရာ အလောင်းတော်ကြီးများသည် ဘဝသံသရာ၌ ကျင်လည်တော်မူရစဉ် အယုတ်ဆုံးအသုံးမကျသော အဟိတ်တိရိစ္ဆာန်မျိုး၌ ဖြစ်ရသော်လည်း ဇာတ်တူအပေါင်းအသင်းဖြစ်သော ဆွေမျိုးတိရိစ္ဆာန်တို့အပေါ်၌ တတ်နိုင်သမျှ ကူညီစောင့်ရှောက်ကြလေသည်။ ထိုကဲ့သို့ကူညီ စောင့်ရှောက်ပုံကို ညွှန်ပြသော ဇာတ်နိပါတ်တော်လာ သက်သေတို့ကားများလှပေ၏။

မစ္ဆဇာတ်၌ အလောင်းတော် ငါးရံ့မင်း ဖြစ်တော်မူစဉ်အခါ ကျီး, ဥင်းတစာ ဖြစ်နေသော ဆွေမျိုးငါးအပေါင်းတို့အတွက် အထက်ကမိုယ်းနတ်သားကို တိုင်တယ်လျက် မိုယ်းရွာသွန်းအောင် သစ္စာပြုပေးရပုံ၊ နဠပါနဇာတ်၌ အလောင်းတော်မြောက်မင်းသည် ဆွေမျိုးအပေါင်းကို ရေစောင့်ဘီလူး၏ဘေးမှလွတ်ကင်းအောင် မိမိ၏ အဓိဋ္ဌာန် ပါရမီအစွမ်းဖြင့် ကျူပင်အခေါင်းဖွင့်ပေးရပုံ စသည်တို့ကား ဆွေမျိုးကို စောင့်ရှောက်ရာ၌ ထင်ရှားသောသက်သေတို့ပင်တည်း။

**ချစ်ကြွမ်းဝင်မှုဆွေမျိုး** ဤဉာတက သင်္ဂဟ မင်္ဂလာတရားတော်အရ ဆွေမျိုးအချင်းချင်း ရှိသူကမရှိသူအားကူညီစောင့်ရှောက်ခြင်း၊ မရှိသူကလည်းရှိသူအပေါ်၌ ထိုက်တန်သော အကူအညီကို ပေးခြင်း၊ တဦးနှိမ့်ကျလျှင် တဦးက မြှင့်တင်ခြင်း စသော ဆွေမျိုးဝတ္တရားများကို အလောင်းတော်များနှင့် ဘုရားတိုင်း လက်မလွှတ်ဘဲ ကျင့်သုံးကြသောကြောင့် ဆွေမျိုးစောင့်ရှောက်ရေးဟု ဆိုအပ်သော ဉာတိရက္ခတရားသည် အဘယ်မျှ အရေးကြီးသော လမ်းစဉ်ဖြစ်သည်ဟုသိနိုင်ပါသည်။

သို့သော် ဆွေမျိုးအချင်းချင်း ချစ်ကြည်ရေးမရှိလျှင် ကူညီစောင့်ရှောက်မှုလည်း မဖြစ်နိုင်ပါ။ ချစ်ကြည်ရေးသည် စောင့်ရှောက်ရေး၏ ရှေ့ပြေးတမန်တော်ဖြစ်၍ ရှေးဦးစွာ ဆွေမျိုးအချင်းချင်း ချစ်ကြွမ်းဝင်မှုဟု ဆိုအပ်သော မေတ္တာစေတ်ကို ခိုင်မြဲစေရမည်ဖြစ်၏။

ဘုရားမြတ်ကလည်း "**ဝိဿာသာ ပရမာ ဉာတိ**" (အမိပင်ဖြစ်စေ၊ အဘပင်ဖြစ်စေ ချစ်ကြွမ်းဝင်မှုမရှိခဲ့လျှင် ဆွေမျိုးမမည်။ ချစ်ကြွမ်းဝင်မှုရှိခဲ့လျှင်ကား သွေးမစပ်သော်လည်း မြတ်သောဆွေမျိုးခေါ်ရ၏)ဟု ဟောတော်မူသည်ကို ထောက်ထားသော် "**မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုး**" ဆိုသည့်အတိုင်း အချင်းချင်းသွေးပြောချစ်ကြည်ရေးသာလျှင်ဆွေမျိုးစစ်ဖြစ်ကြောင်း ထင်ရှားစေသော မှတ်ကျောက်ကြီး ပေတည်းဟု လူတိုင်းနားလည်ရမည်ဖြစ်လေသည်။

## ဆွေမျိုးကိုစောင့်ရှောက်ပါ

''ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ'' ဆိုသကဲ့သို့ သူ့အလို ကိုယ်ကဖြည့်, ကိုယ့်အလို သူကဖြည့် အတုန့် အလှည့် စောင်မ နိုင်မှသာလျှင် တဆွေလုံး တမျိုးလုံး ''ဥမကွဲ သိုက်မပျက်''အ သက်ထက်ဆုံးသွေးစည်းလျက်ပျော်စရာကောင်းသောလောက နတ်ဘုံကြီးသို့ ရောက်နေကြသည့်အလား ကိုယ် စိတ် နှစ် ပါး ချမ်းသာကြမည်ဖြစ်၏။

ထို့ကြောင့်—

(က) ဆွေမျိုးအချင်းချင်း ချစ်ကြည်မှုခိုင်မြဲရမည်။

(ခ) မရှိသူအား ရှိသူက ကြောင့်ကြစိုက်ရမည်။

(ဂ) ဆွေမျိုးတယောက် ဆင်းရဲရောက်က ပစ်မထား ဘဲ ဝိုင်းဝန်းမြှင့်တင်ရမည်။

(ဃ) ဤကဲ့သို့ ကူညီလျှင် အကူအညီခံရသူကလည်း တုန့်ပြန်ကူညီပါလိမ့်မည်။

(င) ဉာတိရက္ခတရားကိုလည်း လက် တွေ့ ကျင့် သုံး ရမည်။

ဤဆောင်ပုဒ်များအရ ဆွေမျိုးကို စောင့်ရှောက်ပါ ဟု သင့်-အား ညွှန်ပြနှိုးဆော်ပါကြောင်း။

**ဆောင်ပုဒ်....**

၁။ ဆွေချစ်မျိုးချစ်၊ မေတ္တာစင်၊ မလစ်လပ်စေချင်။

၂။ မရှိသူမ၊ ရှိသူက၊ ကြောင့်ကြစိတ်ပူပင်။

၃။ ဆွေမျိုးတယောက်၊ဆင်းရဲရောက်၊ ဝိုင်းမြှောက်ကူညီလျှင်။

၄။ ထိုသူကလဲ၊ တုန့်ပြန်မြဲ၊ နှောင်တဲမေတ္တာယှဉ်။

၅။ ဉာတိရက္ခ၊ လက်တွေ့ပြ၊ ကျင့်မှတော်မည်ထင်။

**ညွှန်ပြနှိုးဆော်ခန်းပြီး၏။**

## အခန်း ၁၇

## အနဝဇ္ဇ ကမ္မ မင်္ဂလာ

**အနဝဇ္ဇာနိ ကမ္မာနိ** အပြစ်မရှိသော အမှု ကိစ္စ တို့ကို ပြုလုပ်ဆောင် ရွက် ခြင်းလည်း ကု သိုလ် တ ရား တိုးပွါးရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁၇ နံပါတ် မင်္ဂလာ ကိုပင် ''အနဝဇ္ဇကမ္မ မင်္ဂလာ'' ခေါ်ဆိုသည်။

(အနဝဇ္ဇ- အပြစ်မရှိသော။ ကမ္မ-အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ခြင်း။ မင်္ဂလာ-ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု)။

## အနဝဇ္ဇပြဿနာဖြေရှင်းခန်း

**ကုသိုလ်မှန်သမျှ အနဝဇ္ဇ** ဤ အနဝဇ္ဇ ကမ္မ မင်္ဂလာ တ ရားတော်၌ အနဝဇ္ဇ အရ အပြစ် မရှိသော အ မှု ကိစ္စ ဟူသည်မှာ ဘယ်လို အမှုကိစ္စမျိုး ဖြစ်သည် ဟု အတိအကျရှင်းပြရန်လိုပေသည်။ မဇ္ဈိမပဏ္ဏာသပါဠိတော် ဗာဟိတိကသုတ်၌ ကောသလဘုရင်က အရှင်အာနန္ဒာအား **''ကတမော ပန ဘန္တေ ကာယ သ မာ စာ ရော ကု သ လော** (အရှင်မြတ်ဘုရား အဘယ်ကဲ့သို့သော ကိုယ် အမူအရာသည် ကုသိုလ်တရား ဖြစ်ပါသနည်း)''ဟု ဤသို့ စသည်ဖြင့် မေး လျှောက်ရာ အရှင်အာနန္ဒာက **ယော ခေါ မဟာရာဇ ကာယ သမာစာရော ကုသလော** ''(ဘုရင်မင်းမြတ်အကြင်ကိုယ်အမူ အရာသည် အပြစ် လွတ်ကင်း၏ (ပညာရှိတို့မကဲ့ရဲ့ထိုက်)။

ထိုအပြစ်မှ လွတ်ကင်းသော (ပညာရှိတို့ မကဲ့ရဲ့ထိုက်သော) ကိုယ်အမူအရာသည်ပင် ကုသိုလ်တရားဖြစ်ပေသည်]''ဟု ဤသို့ စသည်ဖြင့် ဖြေရှင်းပြသည်ကို ထောက်ထားလျက် ဒါနမှု, သီလမှု,ဘာဝနမှုဟုဆိုအပ်သောကုသိုလ်လုပ်ငန်းစဉ်အားလုံး ကိုပင် အနဝဇ္ဇကမ္မ (အပြစ်မရှိသော အမှုကိစ္စ)ဟု ဆိုရ၏။

မှန်ပါသည် ဤအချက်ကိုပင် ရည်ရွယ်လျက် အဘိဓမ္မာ ဆိုင်ရာ အဋ္ဌကထာကြီး့များ၌လည်း၊ အနဝဇ္ဇ သုခဝိပါက လက္ခဏာ ကုသလာ (ကုသိုလ်မှန်လျှင် အပြစ် လွတ် ကင်း၍ ကောင်းကျိုးကိုသာ ဖန်တီးပေးခြင်းဟူသော အမှတ်လက္ခဏာ ရှိကြသည်)ဟု ဖွင့်ပြကြပြန်သည်။ သို့ဖြစ်ရာ ဒါနမှု, သီလမှု, ဘာဝနာမှုဟု ဆိုအပ်သော ကုသိုလ်မှု အားလုံးကိုပင် ဖြစ်စေ၊ သို့မဟုတ် တခုခုကိုပင်ဖြစ်စေ ပြုလုပ် နေခဲ့ပါလျှင်၊ ထိုပြုလုပ် သူသည် အပြစ်ကင်းသော အမှု ကိစ္စကို ဆောင် ရွက် နေသူပင် ဖြစ်တော့၏။

အကယ်၍ ပုဂ္ဂိုလ်က အပြစ်ကင်းသောအမှုကိစ္စကို ဆောင် ရွက်နေသူ ဖြစ်ခဲ့သော်၊ ထိုပုဂ္ဂိုလ် ပြုလုပ်ထားသော ကုသိုလ် မှုများ သည်လည်း အပြစ် ကင်း သော (ပညာရှိ တို့က မကဲ့ရဲ့ ထိုက်သော) အမှုကိစ္စများသာ ဖြစ်ရမည်မှာ သေချာပါသည်။ ထို့ကြောင့် ကုသိုလ်မှု အားလုံးကိုပင် အန ဝဇ္ဇ ကမ္မ (အပြစ် မရှိသော အမှုကိစ္စ)ဟု ဆိုရလေသည်။

**ဆိုလိုရင်းအနဝဇ္ဇ** သာမန်အားဖြင့် ကုသိုလ်မှု အားလုံးကိုပင် အန ဝဇ္ဇ ကမ္မ (အပြစ် မရှိသော အမှု) ဟု ဆိုရမည်မှာ သေချာ၏။ သို့သော် ဆိုပြီး, ဆိုလတ္တံ့ဖြစ်သော မင်္ဂလာတို့ဖြင့်ပင် ဆိုင်ရာကုသိုလ်မှုများကို သိမ်းကျုံး ရေတွက်

ပြီး ဖြစ်၍ ဤအနဝဇ္ဇ ကမ္မ မင်္ဂလာ တရားတော်လာ လိုအပ် သော အနဝဇ္ဇ ကမ္မအရ မှာကား—

၁။ အဋ္ဌင်္ဂသီလ, နဝင်္ဂသီလစသည် ဆောက်တည်ခြင်း။

၂။ ရတနာသုံးပါး၏ အမှုကိစ္စကို ဆောင်ရွက်ခြင်း။

၃။ ရှိသေထိုက်သူတို့၏ အမှုကြီးငယ်ကို ပြုလုပ်ခြင်း။

၄။ ကျောင်းအရံ ဝင်းခြံ,ဥယျာဉ်စသည် ပြုလုပ်ခြင်း။

၅။ တံတားခင်း, လမ်းပြင် သစ်ပင်စိုက်ပျိုးခြင်း။

ဤသို့စသည့် အထူး ကျင့်သုံးအပ်သော (က) **ဝါရိတ္တသီလ** နှင့်(ခ)ဝေယျာဝစ္စ(မိမိ၏လုပ်အားကုသိုလ်)ဟု ဆိုအပ်သော **စာရိတ္တသီလ** များကိုပင် အနဝဇ္ဇကမ္မ (အပြစ် မရှိသော အမှု ကိစ္စ)ဟု ဆိုလိုရင်း ဖြစ်လေသည်။ ထို့ကြောင့် ဤ၌ အထူး ကျင့်သုံးအပ်သော ဝါ**ရိတ္တသီလ**နှင့် မိမိ၏လုပ်အားကုသိုလ်ဟု ဆိုအပ်သော **စာရိတ္တသီလ** များကိုပင် အပြစ်မရှိသောအမှုဟု မှတ်သား ပါလေ။

**လုပ်အားကုသိုလ်များ**　ထို **စာရိတ္တသီလ** (ဝေယျာဝစ္စ) ဟု ဆိုအပ်သော လုပ်အားကုသိုလ်သည် အောက်၌ ဆိုခဲ့သော ဓမ္မစရိယာ မင်္ဂလာ တရားတော် အရ၊ ပုညကြိယာဝတ္ထု ၁၀ ပါးထဲ၌လည်း သာမန်အားဖြင့် ပါဝင် ခဲ့ပြီး ဖြစ်ပေသည်။ သို့ရာတွင် အထူး အားဖြင့် ထိုဝေယျာဝစ္စ (လုပ်အားကုသိုလ်) ကိုပင် သီးသန့် အခွင့် အရေး ပေးတော် မူလို၍ ဤအနဝဇ္ဇကမ္မမင်္ဂလာကို ထပ်မံဟောတော်မူရသည်ဟု ယူဆထိုက်ပါသည်။

သို့ဖြစ်ရာ ဗုဒ္ဓရှင်တော်မြတ် သီးသန့်အခွင့်အရေးပေးတော်မူသော ထိုအနဝဇ္ဇအရ လုပ်အား ကုသိုလ်ရေးဆောင်ရွက်မှုများကို ရာဇဝင်သစ်တည်ထောင်လျက်ရှိသော ပြည်ထောင်စုခေတ် အမြင်နှင့်ကြည့်၍ ဝေဘန်ရပါလျှင်—

၁။ **ပြည်မှု ဆောင်ရွက်ရေး၊**

၂။ **လူထု ကယ်ဆယ်ရေး**

ဟု ဆိုအပ်သော အပိုင်းကြီး ၂ ပိုင်း ဖြစ်လာသည် ကို တွေ့ရပါလိမ့်မည်။ တဖန် ထိုအပိုင်းကြီး ၂ပိုင်း ရှိသည့်အနက်

(၁) နံပါတ်အပိုင်း၌—

(က) **မြို့ပြ သန့်ရှင်းရေး၊**

(ခ) **ကျေးလက် သာယာရေး၊**

(ဂ) **ရာသီ ဥတု မျှတရေး**

ဟု ဆို အပ်သော အပိုင်းငယ်လေး ၃ ပိုင်း ပါဝင်ပြီးလျှင်

(၂) နံပါတ် အပိုင်းကြီး၌လည်း—

(က) **မီးရာမဲ့ ပပျောက်ရေး၊**

(ခ) **ဒုက္ခိတ ကယ်ဆယ်ရေး**

ဟု ဆိုအပ်သော အပိုင်း ငယ်လေး ၂ ပိုင်း ပါဝင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် အနဝဇ္ဇ ကမ္မ မင်္ဂလာတရားတော်အရ ယခုခေတ်၌အများဆုံးလိုအပ်သော ထိုလုပ်အားဆောင်ရွက်ရေး(အနဝဇ္ဇ)များကိုပင် ရှေ့အခန်းများ၌ ဆက်လက်ဖေါ်ပြသွားအံ့ဟု သင်တို့အား ပဋိညာဉ်ပေးပါ၏။

**အနဝဇ္ဇပြဿနာဖြေရှင်းခန်းပြီး၏။**

## ပြည်သူ့ဆောင်ရွက်ရေးဖော်ပြခန်း

(က) မြို့ပြသန့်ရှင်းရေး　မြန်မာပြည်တွင်းရှိ မြို့တိုင်းမြို့တိုင်း၌ပင် သန့်ရှင်းမှု, သာယာမှု ရှိဘို့ ရန်မှာ ဆိုင်ရာ မြို့နေ လူထု၏ တာဝန် ဖြစ်လေသည်။ မြို့ပြ သန့်ရှင်းရေးကို ထိုမြို့ဆိုင်ရာ မြို့ပြသာယာမှုဖန်တီးရေးခေါ် မြူနီစီပါယ် အဖွဲ့များက မြို့နေ လူထု၏ ကိုယ်စား အဖြစ်ဖြင့် အများဆုံး တာဝန်ယူရသောကြောင့် အခွန်ထမ်းဖြစ်သော မြို့နေ လူထု သည်လည်း အနဝဇ္ဇကမ္မ (အပြစ်မရှိသောအမှုကိစ္စ) များကို တနည်းအားဖြင့် ပြုလုပ်ရာရောက်သည်ဟူ၍ပင် ဆိုရပြန်၏။

သို့ရာတွင် အဖျက်လုပ်ငန်းနှင့် ရင်ဆိုင်လျက် အပြုလုပ်ငန်း ဆီသို့ ချီတက်နေရသော ဤပြည်ထောင်စုခေတ်၌ကား ဆိုင်ရာ မြို့ပြသာယာမှု ဖန်တီးရေး အဖွဲ့များက တာဝန်ယူကာမျှဖြင့် မြို့ပြသန့်ရှင်းရေး အတွက် လုံလောက်ပြီဟု မယူဆ ထိုက်ပေ။ အဖျက် လုပ်ငန်းတွေ ပတ်လည်ဝိုင်းနေရာမှ အပြု လုပ်ငန်းကို တည်ဆောက်ရသော အချိန်ဖြစ်၍ မြို့နေလူထုသည် မိမိတို့၏ မြို့ပြသန့်ရှင်းရေး၌အခွန်ထမ်း၍ကူညီရမည့်ပြင်မိမိတို့ကိုယ်တိုင် လုပ်အားလှူ၍ ကူညီသင့်သောအရာများလည်း မြောက်မြားစွာ ရှိပါသည်။

ဥပမာ ဆိုကြပါစို့၊ လူမြင်ကွင်းဖြစ်သော မြို့လည်ဈေးကြီး အတွင်း၌ ဖြစ်စေ၊ ဈေးအနီး ပတ်ဝန်းကျင်၌ ဖြစ်စေ အမှိုက် သရိုက်ရှုတ်ထွေးခြင်း၊ ရွှံ့ညွှံထူထပ်ခြင်းစသောအမြင်မတော်မှု များကို တွေ့ခဲ့လျှင် ဆိုင်ရာ မြူနီစီပါယ်အဖွဲ့သည် အများက ဝေဘန်မည်ကို စိုးရိမ်သဖြင့် ထိုအမြင်မတော်မှုများကို မုချ ရှင်းလင်း ဖယ်ရှားရမည်မှာသေချာသည်။

သို့သော် အများနှင့် သက်ဆိုင်သော ဘာသာရေးဆိုင်ရာ ဘုရားတန်ဆောင်း၊ ဂူကျောင်း ပြာသာဒ်အတွင်း၌ အလားတူ အမြင်မတော်မှုမျိုး တွေ့ခဲ့လျှင်ကား ဆိုင်ရာ မြူနီစီပါယ်အဖွဲ့ကလည်း ထိုကိစ္စမျိုး၌ နေသာသည်ဟု လစ်လျူရှုကောင်း ရှုပေလိမ့်မည်။ သို့ဖြစ်ရာ ထို အခါမျိုး၌ လူထု အသင်း အဖွဲ့ အနေဖြင့် ဖြစ်စေ၊ တဦးကောင်း နှစ်ဦးကောင်း အနေဖြင့် ဖြစ်စေ မြို့ပြသန့်ရှင်းရေး၌ စိတ်ဝင်စားသူတိုင်းပင် ဘာသာရေး အဆောက်အဦးအရာမ်တွင်း စသည်၌ အမှိုက်သရိုက် ရှင်းမှု၊ အုန်းကြီး အုန်းပွဲ့ ဖယ်ရှားမှု၊ လမ်းပြင် မှု စသော လုပ်အား ကုသိုလ်များကို ပြုလုပ်နိုင်ပါမူ ဤအနဝဇ္ဇကမ္မ မင်္ဂလာတရား တော်အရ အပြစ်မရှိသောအမှုကိစ္စကို ဆောင်ရွက်ရာ ရောက် သည်ဟု ဆိုရပါသည်။

အကယ်၍မြို့နေလူထုက တာဝန်မသိသူတွေ ဖြစ်သောကြောင့် မြို့သန့်ရှင်းရေး ချတ်ယွင်းခဲ့ပါမူ၊ ထိုမသန့်ရှင်းမှုကပင် မြို့ကြက် သရေကိုကင်းမဲ့စေသည်သာမက မြို့နေလူထုအားလည်း ကျန်း မာရေး လာဘ်ကောင်းကြီးမှ ဆိတ် သုဉ်း စေ နိုင် ပြန် သည်။ ထို့ကြောင့် တာဝန်သိသူတယောက်အနေဖြင့် မိမိလုပ်အားကို မြို့ပြသန့်ရှင်းရေးအတွက် လှူဒါန်းရန်မှာ မြို့နေလူထု၏တာဝန် ဖြစ်ရမည်သာတည်း။

(ခ) ကျေးလက်သာယာရေး မြို့ပြသန့်ရှင်းရေးသည် မြို့နေလူထု ၏ တာဝန်ဖြစ်သကဲ့သို့ ကျေးလက် တောရွာ သာယာရေးသည်လည်း တောနေလူထု၏ တာဝန် ဖြစ်ပြန်လေသည်။ သို့သော် ကျေးလက် သာယာရေး ဟူသော

စကားလုံးများက ကျယ်ပြန့်သော အဓိပ္ပါယ်ရှိရကား တောနေ လူထုက မချီမ နိုင်သောတာဝန်ကို လူထုကိုယ်စား အစိုးရက အနေးနှင့်အမြန် ဆောင်ရွက်ရမည် ဖြစ်သော်လည်း လူထုက ချီနိုင်, မနိုင်သောတာဝန်ကိုကား လူထုကိုယ်တိုင် မိမိတို့ လုပ်အားဖြင့် ဆောင်ရွက်မှသာလျှင် လွတ်လပ်သော လူမျိုးပီသ၍ တာဝန်သိရာရောက်မည်ဖြစ်၏။

သို့ဖြစ်ရာ တောနေလူထုသည် မိမိတို့၏ နေထိုင်ရာ ဖြစ်သော ကျေးလက် တောရွာတို့၏ သာယာ သန့်ရှင်းမှုအတွက်—

၁။ လမ်းပြင် မြေညှိခြင်း၊

၂။ တံတားခင်းခြင်း၊

၃။ ကန်, နွား တိရိစ္ဆာန်တို့ ချမ်းသာရေးကို ရည်ရွယ်လျက် ရေတွင်း,ရေကန် တူးဖော်ခြင်း၊

၄။ လမ်းသွား ခရီး သည်တို့ အတွက် စရပ်ဆောက် ရေချမ်း တည်ခြင်း၊

၅။ ဘုရားကျောင်း အရာမ်တွင်း စသည်တို့၌ ပေါင်းမြက် သုတ်သင်ခြင်း၊

၆။ သက်ကြီး ဝါကြီး ပုဂ္ဂိုလ်တို့၏အမှုကိစ္စကို ဆောင်ရွက်ခြင်း

စသည် တို့ကို လူထု လုပ်အားဖြင့် ဖြစ်စေ၊ တဦးကောင်း, နှစ်ဦးကောင်း အနေဖြင့် ဖြစ်စေ ဆောင် ရွက် ခဲ့ ပါ လျှင်၊ ဤအနုဝဇ္ဇ မင်္ဂလာ တရားတော်အရ အပြစ်မရှိသော အမှုကိစ္စတွေကို ပြုလုပ်ရာ ရောက်ပြန်၏။

မည်သည့် ကိစ္စ၌မဆို အစိုးရက ဆောင်ရွက် ပေးလိမ့်မည်ဟူသော မြော်လင့် ချက်ဖြင့် အရိပ် လာလိမ့် မည်ဟု နေပူက စောင့်နေပါလျှင် အရိပ်မရောက်မီ တွေ့ရသော အပူဒဏ်ကားသက်သာမည် မဟုတ်လှပါ။ သို့ရာတွင် လာမည့် အရိပ်ကို နေပူက စောင့် နေမည့် အစား အရိပ် ရှိရာသို့ မိမိတို့က သွားရောက်မည်ဟု ဆိုပါက နေပူမှအရိပ်ရှိရာသို့ ပြောင်းရွှေ့ရသော ဆင်းရဲမှုလေး သည်လည်း လူထုလုပ်ငန်း အောင်မြင်သည်နှင့် အမျှ အလို အလျောက် ပ,ပျောက်၍ ကျေးလက် လောက၏ ထာဝရချမ်းသာရေးကို ဖန်တီးပေးသကဲ့သို့ ရှိရမည်သာတည်း။

အမှန် အားဖြင့် ဆိုသော် ကျေးလက် သာယာရေး ပန်းတိုင်သို့ သန့်ရှင်းသော စေတနာဖြင့် ချီတက် ရသော လူမှုလုပ်အား ကုသိုလ် မှန်သမျှသည် လောက ကောင်းစားရေးလည်းဖြစ်၏။ မိမိအတွက်သံသရာကောင်းစားရေးလည်းဖြစ်၏။ ရှေးအလောင်းတော်ကြီးများလည်း စေတနာ့ဝန်ထမ်းအသင်းဖွဲ့စည်းလျက် ဤကဲ့သို့သော လူမှုလုပ်အား ကုသိုလ်မျိုးဖြင့်ပင် ကျေးလက် လောကကို သာတောင့် သာယာ ဖြစ်အောင် တည်ဆောက်ခဲ့ကြလေပြီ။

ဗုဒ္ဓရှင်တော်မြတ် မပွင့်မီ ရှေး အခါက ဘုရားအလောင်း မာဃလုလင် အမှူး ရှိသော လူ-သုံး ကျိပ် သုံး ဦး တို့သည် စေတနာ့ဝန်ထမ်းလူမှုဆောင်ရွက်ရေး အဖွဲ့ကြီး ဖွဲ့စည်းပြီးလျှင် ကျေးလက် သာယာရေး လုပ်အား ပေး ဆောင် ရွက် ခဲ့ ကြသည်ကို ထောက်ပါ။

(အကျယ်လိုလျှင် ကေနိပါတ်ကုလာဝကဇာတ်ကိုရှု)။

ဌင်းဇာတ်၌ ကျေး လက် သာယာရေး အတွက် စေတနာ့ ဝန်ထမ်း ဆောင်ရွက် ကြသော ထို လူမှု ဝန်ထမ်း အဖွဲ့သား အားလုံးတို့သည် အသက်ထက်ဆုံး ကိုယ်ကျင့်သီလ လက်ကိုင် ထားပြီးလျှင် မိမိတို့ လုပ်အားဖြင့် ပြုသင့်ပြုထိုက်သော ပြည်သူ့ ရေးရာ အဖြာဖြာ တို့ကို အမြဲတစေ ဆောင်ရွက် လာခဲ့ကြရာ နောက် ဆုံး အ ချိန် ရောက် ၍ သေ လွန်သော အ ခါ ၌ လည်း ကျေးလက် သာယာရေးအတွက် အသက်စွန့်ကြိုးပန်းခဲ့ရသော သူတို့၏ လုပ်အားကုသိုလ်အဟုန်ကြောင့် တာဝတိံသာနတ်ပြည်သို့ အဖွဲ့နှင့် ချီ၍ ဆိုက်ရောက် ကြ၏။ ထို နတ်ပြည်၌ ဘုရင် ဖြစ်သူ မှာလည်း လူ့ပြည်တုန်းက ခေါင်းဆောင် ဖြစ်ခဲ့သူ အလောင်း ဘော်ကြီး မာဃပင်တည်း။

**စေတနာ်ချက်နှင့် နိဂုံးချုပ်**

ဌင်းဇာတ်ကို ခြုံ၍ကြည့်ရလျှင် မာဃလုလင် အမှူး ရှိသော အဖွဲ့ဝင် အားလုံး တို့သည် ရွာစားဟောင်း၏ အဖျက် လုပ်ငန်းများနှင့် တွေ့ရ ပါလျက် နောက်ဆုံး၌ သူတို့ ကပင် အောင်မြင် ရခြင်း၊ မမြော်လင့် ဘဲလျက် ရွာစား၏ အဆောင် အယောင် များကို လက်ခံ သိမ်းပိုက် ရခြင်း၊ ဘုရင်နှင့် တကွ လူထု၏ ထောက်ခံ ကြည်ညိုမှုကို ရရှိခြင်း၊ လူထု လုပ် ငန်း အောင် မြင် ခဲ့ ရ ခြင်း၊ သေသည်မှနောက်၌လည်း နတ်ပြည်သို့ ရောက်ရခြင်းစသည်တို့ မှာကား သူတို့၏ စေတနာ သန့်ရှင်းမှု၊ လုပ်ငန်းစဉ် မှန်ကန်မှု တို့ကြောင့်ပင် ဖြစ်သည်တို့ တွေ့ရပါလိမ့်မည်။

ဤမျှမှန်ကန်သောသမ်းစဉ်ကို အဘယ်သူသည်မလိုက်နိုင်ဘဲ ရှိချိမ့်မည်နည်း။ ထို့ကြောင့် ဤအနုဝဇ္ဇကမ္မ မင်္ဂလာ တရား တော်အရ လောကကောင်း, သံသရာကောင်း ဖြစ်သော ကျေး

လက် သာယာရေး လုပ်ငန်းစဉ် များကို ကျေးလက် တောရွာ များ၌ နေထိုင်သူတိုင်းပင် ပြုလုပ်ရမည် ဖြစ်သတည်း။

(ဂ) ရာသီဥတုမျှတရေး ရာသီဥတု မျှတရေး ဟူသည် သဘာဝ တရား၏ ဖန် တီး မှု မျှ သာ ဖြစ် ၏။ သို့သော်လည်း သဘာဝတရားက သူ့သဘာဝအတိုင်း ဖန်တီး နေရာ၌ လူက ပြုပြင်မှု မရှိခဲ့လျှင် လူသည် သဘာဝ တရား၏ ဝါးမျို ခြင်းကို ခံရမည် သာတည်း။ သို့ရာတွင် လူက ပြုပြင်မှု ရှိနေပြန် လျှင်လည်း ထိုသဘာဝ တရားကပင် လူ့ အမိန့်ကို နာခံ၍ လူ့အကြိုက်ကို ဖန်တီးပေးသကဲ့သို့ ရှိနေပြန်လေသည်။

သို့ဖြစ်ရာ ရာသီဥတုမျှတရေးသည် လူတို့၏ပြုပြင်မှုနှင့်လည်း မကင်းနိုင်သဖြင့် ဤအနဝဇ္ဇ မင်္ဂလာ တရားတော်အရ ပြည်မှု ဆောင်ရွက်ရေး ဖေါ်ပြခန်း၌ ရာသီ ဥတု မျှတရေး နှင့် သက် ဆိုင်သော အကြောင်းအရာ များကိုလည်း အခန်းသေးတခု အနေဖြင့် သီးသန့် ဖေါ်ပြရန် လိုအပ်ပြန်သတည်း။

ရာသီဥတု ဆုတ်ယုတ်ခြင်း၊ မြန် မာ ပြည် ၏ ပထဝီ ဝင်က ဖန်တီး ပေးသော ရာသီ ဥတုသည် ရှေးခေတ်က မျှတ ညီညွတ်ခဲ့၏။ သို့သော် ယခု အမြင် အားဖြင့် ဤကဲ့သို့ မဟုတ်တော့ပေ။ များစွာ ပြောင်းလွဲခဲ့ လေပြီ။ ရာသီဥတု၏ ပြောင်းလွဲ မှုကြောင့် ထို ရာသီဥတုနှင့် ဆက်စပ်လျက်ရှိသော မိုယ်းသည်လည်း သစ္စာဖောက်သကဲ့သို့ ကမောက်ကမဖြစ်ခဲ့ပြန်၏။ရွာသွန်းလိုသည့်အခါ အလွန်အကျွံ ရွာသွန်း၍ ကောက်ပဲသီးနှံ ပျက်စီးရလောက်အောင် ရေဘေး ဆိုက်ရောက်ခြင်း၊ မရွာသွန်းလိုသည့် အခါ၌လည်း ရက်ရှည် လများ မိုယ်းခေါင်၍ ကောက်ပဲသီးနှံ ပျက်စီးရခြင်း၊ အပူလွန်

အအေးလွန်၍ အများအားဖြင့် ကျန်းမာရေးစံချိန် သုညအထိ ကျဆင်းလျက် ရှိရခြင်း စသည်တို့မှာ မိုးဃ်းက သစ္စာဖောက်ပုံ လက္ခဏာများဖြစ်၏။ သို့ဖြစ်ရာ လူတိုင်းပင် ရာသီဥတု ပြောင်းလဲမှုအရ ဖြစ်ပေါ် လာသော အခြေအနေဆိုးနှင့် ယခု ရင်ဆိုင်လျက် နေရ ချေပြီ။

**ဆုတ်ယုတ်ခြင်း အကြောင်း**

ဤသို့ ဖြစ်ရသည့် အခင်းဝယ် အရင်းခံ လက်သယ်ကို ရှာကြစို့။ ထိုသို့ အရင်းခံ အကြောင်းကို ရှာဖွေရာ၌ လူတွေ တရားပျက်၍ မိုးဃ်းခေါင် ရသည်ဟု ပြောသူ တို့မှာ အရေ အတွက် အများဆုံး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ လူတွေ တရားပျက်၍ မိုးဃ်းခေါင်းရသည် ဟူသော အချက်ကို ဤစာရေးသူကလည်း လက်ခံနိုင်ပါသည်။

သို့သော် ထိုအကြောင်းမျှနှင့်လည်း လုံလောက်မည် မဟုတ်ရကား ထို့ထက် လုံလောက်သော အကြောင်း ကိုလည်း ရှာဖွေရဦးမည်ဖြစ်၏။ ထို့ကြောင့် ရာသီဥတု ဆုတ်ယုတ်ရခြင်း၏ အကြောင်းမှန်ကို ရှာဖွေခဲ့ပါလျှင်—

၁။ လူတို့၏ လောဘတိုက်မှု, အသိတရားခေါင်းပါးမှု ကြောင့် မြန်မာပြည်၏ သဘာဝ အလှဖြစ်သော သစ်တော ဝါးတောများ အရမ်းမဲ့ပြုန်းတီးရခြင်း။

၂။ သစ်ပင်ရှိသမျှ လူသုံးပစ္စည်းဟုယူဆကာ ကိုယ့်ကိစ္စ ပြီးစီးမှုလောက်ကိုသာ ငဲ့လျက် လမ်းဘေးသစ်ပင် မချန် ခုတ်လှည်းခြင်း။

၃။ ရှေးဟောင်းလူများကဲ့သို့ နောက်နှောင်းလူများက သစ်ပင်စိုက်မှု အလေ့အထ မရှိခြင်း။

၄။ ဖြုန်းတီးပြီး သစ်ပင်နှင့်နောက်ထပ်ဖြစ်ပွါးသော သစ်ပင်တို့အနက် အဖြုန်းကများ၍အဖြစ်ကနည်းပါးလျက်ရှိခြင်း။

ဤသို့စသောအကြောင်းများကို တွေ့ရလေသည်။ ထိုအချက်ကြီး ၄ ချက် သည်ပင် ရာသီဥတု ဆုတ်ယုတ် လာရခြင်း၏ အကြောင်းများပေတည်း။

အကယ်၍သာ ဤအတိုင်းဆက်လက်သွားမည် ဆိုပါက နောက် တခေတ်၌ ထိုထက် ဆိုးရွားသော ဘဝဆိုးများနှင့် တွေ့ရမည်မှာ သေချာပါသည်။ (မြန်မာပြည်၌ သစ်ပင်တွေ ပြုန်းတီး၍တောဟုန်တောင်ဟုန်နည်းပါးလာခြင်းကြောင့်အထူးအားဖြင့် မိတ္ထီလာခရိုင်, မြင်းခြံခရိုင်လို မိုး ခေါင် ရေ ရှား ဒေသများ၌နောက်အနှစ်တရာ လွန်လျှင် လူနေဆိတ်သုဉ်း၍ သဲကန္တာရဖြစ်သွားမည့် ဘေးဆိုးကြီးများနှင့် တွေ့နိုင်သည်ဟု အနောက်နိုင်ငံ လောကဓာတ် ပါရဂူတို့ကလည်း အစီရင်ခံကြလေပြီ။)

**သစ်ပင်စိုက်ပျိုးရေး** ရောဂါ၏ လက္ခဏာကို အမှန်သိရလျှင် ထို ရော ဂါ နှင့် သင့် လျော် သော ဆေးကောင်း ဝါးကောင်းများကို ရှာကြံမှီဝဲရန်မှာ ရောဂါရှင်၏ တာဝန်သာ ဖြစ်လာရသကဲ့သို့၊ မြန်မာပြည်၌ရာသီဥတုမမျှတခြင်း၏ အကြောင်းမှန်ကို သိရလျှင် ထိုအကြောင်းနှင့် ထိုက်တန်သော ကာကွယ် တားဆီးမှုများ ပြု လုပ် ရန် မှာ လည်း မြန်မာပြည်လူထုနှင့်အစိုးရ၏ တာဝန်သာ ဖြစ်လာရပြန်သည်။

သို့ဖြစ်ရာ ပြည်ထောင်စု အစိုးရသည် နောင်တွေ့ရမည့် အန္တရာယ်မှ ကာကွယ်သောအားဖြင့် ကမ္ဘာ့သစ်ပင်စိုက်နေ့ဟု နေ့တနေ့သတ်မှတ်ပြီးလျှင် ဒေသတိုင်း၌ပင် သစ်တော ဝါး တောများ စိုက်စေခြင်း၊ ရှိပြီး သစ်တော ဝါးတော များကို ကာကွယ်ပေးခြင်းစသည်တို့ကို ပြုလုပ်ခဲ့လေပြီ။ သို့သော်လည်း ပြည်သူလူထု၏ အကူအညီကို မရခဲ့လျှင်အစိုးရ၏ စီမံကိန်းက မည်မျှပင် ကောင်းမွန်သည်ဟု ဆိုရသည့်တိုင်အောင် လိုအပ်သောပန်းတိုင်သို့ ရောက်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် တောနေမြို့နေ လူထုတိုင်းပင် ပြည်ပြုဆောင်ရွက်ရေး၏ အစိတ်အပိုင်းတခုဖြစ်သော ရာသီဥတုမျှတရေးကို ရည်ရွယ်လျက်—

၁။ မိမိမြို့ရွာပတ်ဝန်းကျင်၌ဖြစ်စေ၊ အခြားသင့်လျော်ရာ ဌာန၌ဖြစ်စေ သစ်ပင်များကိုစိုက်ပျိုးခြင်း၊

၂။ သစ်ပင်မှန်က အလေ့ပေါက် သစ်ပင်ကိုပင်ဖြစ်စေ၊ မွေးမြူစောင့်ရှောက်ရခြင်း၊

၃။ အကြောင်းအားလျော်စွာ သစ်ပင်တပင်ကို ခုတ်လှည်းခဲ့ရလျှင် ထိုသစ်ပင်အစား ၂ပင်ထက်မနည်းသော သစ်ပင်များကို မိမိကစိုက်ပျိုးနိုင်ရခြင်း

ဟူသော ဤအချက်ကြီး ၃ ချက်ကို ပြုလုပ် ဆောင် ရွက် ခဲ့ပါလျှင်၊ ဤအနဝဇ္ဇမင်္ဂလာ တရားတော်အရ အပြစ်မရှိသော အမှုကိစ္စများကိုပြုလုပ်ရာ ရောက်ရုံမျှမက ရာသီဥတု မမျှတခြင်းကြောင့် လူတိုင်းတွေ့ရမည့် အန္တရာယ်တို့မှလည်း ကာကွယ်ရာရောက်ပြန်၏။

အထူးအားဖြင့် ကုသိုလ်ရမှုအတွက် အခွင့်အရေးယူတတ်သူများဖြစ်၍ လူသွားလူလာများသော ခရီးလမ်းမဘေးစသည်တို့၌ဖြစ်စေ၊ ဘုရားအရာမ်တွင်း, ကျောင်းအရာမ်တွင်း စသည်တို့၌ဖြစ်စေ၊ အယုတ်ဆုံး ကျွဲနွား တိရိစ္ဆာန် များပင် အရိပ်တည်းခိုရစေတော့ဟု ရည်ရွယ်လျက် အရွက်စိပ်၍ အရိပ်ကောင်းသောသစ်ပင်များကို စံနစ်တကျ စီတန်းစိုက်ထားခဲ့ပါလျှင် အိပ်ထဲမှ အရင်းအနှီး မထုတ်ရသော ထိုလူအားစိုက်ကုသိုလ်မျိုးကလည်း ယခုမျက်မှောက်၌အရိပ်ခိုရသူတွေ ကျေးဇူး များသလောက်မကဘဲ နောင်သံသရာ၌မိမိအတွက်ခိုကိုးရန် အရိပ်ကောင်းကြီးသဖွယ်လည်း ဖြစ်ပြန်၏။

**ရေနံမသုတ်ရသော ဇရပ်ဖြစ်ခြင်း**

လူသွား လူလာ အရိပ်ခိုရန် စိုက်ပျိုးထားသော သစ်ပင်တပင်သည် ရေနံ မသုတ်ရသော ဇရပ်တဆောင်ဖြစ်သည်ဟု ရှေးလူကြီးတို့က ပြောစမှတ်ပြုကြသည်။ သူတို့ကိုယ်တိုင်လည်း ထိုပြောစမှတ်နှင့်အညီ လက်တွေ့ကျင့်သုံးကြ၏။ သို့ဖြစ်ရာ လမ်းသွားလမ်းလာ အရိပ်ခိုရသော သစ်ပင်တပင်ကို ဖြုန်းတီးလိုက်ရခြင်းသည် သံဃိက စရပ်တဆောင်ကို ဖျက်ဆီးရသကဲ့သို့ပင်ဖြစ်သည်ဟု ဆင်ခြင်ပြီးလျှင် လမ်းဘေးသစ်ပင်, ဘုရားအနီး, ကျောင်းအနီး သစ် ပင် များ နှင့် လူ လေးစား လောက်သော တောစိုးသစ်ပင်ကြီးများကို အရမ်းမဲ့မဖျက်ဆီးရန်မှာ တာဝန်သိသော ပြည်ထောင်စုသားတိုင်း၏ ကျင့်စဉ် တခု ဖြစ်သည်ဟု သင်တို့အား လေးလေးနက်နက် သတိပေးပါရစေ။

သစ်ပင်သည် ရုက္ခစိုရ်းနတ်တို့၏ ဘုံဗိမာန်ဖြစ်၍ သစ်ပင်လှည်းခုတ်သူကို နတ်များလည်း မနှစ်သက်ပေ။ ဘုရားဟောဇာတ် နိပါတ်များ၌လည်း နတ်၏ ဗိမာန်ကို ဖျက်ဆီးမိခြင်း

ကြောင့် နတ်များက အနှောင့်အယှက်ပေးသဖြင့် အကျိုးပျက်ပြားရသော ဝတ္ထုသက်သေတို့ကိုလည်း များစွာ တွေ့ရသည်။ သို့သော် သစ်ပင် ခုတ်လှည်း သူအား နတ်များက အနှောင့်အယှက်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အမှန် ဆိုရသော် သစ်ပင်သည်---

၁။ လူတို့၏စားသုံးရေး၊

၂။ လူတို့၏ အဝတ်အထည်အသုံးပြုရေး၊

၃။ လူတို့၏နေအိမ်ဆောက်လုပ်ရေး၊

၄။ လူတို့၏ စိတ်ကြည်နူးရေး၊

၅။ လူတို့၏ ရာသီဥတုမျှတရေး

စသော အကျိုးကျေးဇူးများကို ဖန်တီးပေးနိုင်သည့်ပြင် ယင်းသစ်ပင်တို့ကပင် မိမိတည်ရာမြေကို ခိုင် မာ စေ သော ကြောင့် ရေလွှမ်းမိုးခြင်း, တောင်ပြိုခြင်းစသော ဘေးရန်များမှလည်း ကာကွယ်နိုင်ပြန်သည်။ ထိုသစ်ပင်တို့ကပင် မိမိတည်ရာ ပတ်ဝန်းကျင် မြေ၌ မြေဆီ ဩဇာ ကိုလည်း ထက်သန် စေနိုင်ပြန်သည်။

အထူးအားဖြင့် ထိုသစ်ပင် တော တောင် အရပ်ရပ်တို့မှ ဖြတ်သန်း တိုက်ခတ် လာသော လေပြေ လေညှင်း ကလေး ကလည်း လူတို့အား စာမရီသားမြီးယပ်ဖြင့် တငြိမ့်ငြိမ့်လွှဲခတ်နေသကဲ့သို့ဖြစ်ရာ ထိုကဲ့သို့သော လေကောင်း လေသန့် မျိုးကို ရှူရှိုက်ရသူတို့မှာလည်း အဘယ်မှာလျှင် မိမိတို့၏ကျန်းမာရေးကို သွေးသစ်မလောင်းနိုင်ဘဲ ရှိချိမ့်မည်နည်း။

သို့ဖြစ်ရာ၌ဆိုခဲ့ပြီးသည့်အတိုင်းသစ်ပင်၏ကျေးဇူးကြီးပုံကို မြော်မှန်းလျက် သစ်ပင်တပင်ကို အကြောင်းမဲ့ဖြုန်းတီးလိုက်ရခြင်းသည် ကျေးဇူးရှိသူတယောက်ကို သတ်ရသကဲ့သို့ ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင် တိုင်းထွာပြီးလျှင် ဤ အနဝဇ္ဇ မင်္ဂလာတရားတော် အရ မိမိနေရာ ပတ်ဝန်းကျင်၌ရှင်း, လမ်းခရီး, ဘုရားအရာမ်,ကျောင်းအရာမ် စသည်တို့၌ရှင်း သစ်ပင်များကို အင်တိုက် အားတိုက် စိုက်ပျိုးကြရန်မှာ ရာသီဥတုဖေါက်ပြန်ရေးကို တိုက်စစ်ဆင်ရမည့် ပြည်ထောင်စု သားကောင်း သမီးကောင်းတိုင်း၏ တာဝန်တရပ်ဖြစ်သည်ဟု သင်တို့အား အသိပေးလိုပါကြောင်း။

**ပြည်မှုဆောင်ရွက်ရေး ဖော်ပြခန်းပြီး၏။**

---

## လူထုကယ်ဆယ်ရေး ဖော်ပြခန်း

**မိုရာမဲ့ ပပျောက်ရေး** ကမ္ဘာ့ တိုင်းပြည် အသီးသီးရှိ လူသားပုဂ္ဂိုလ်တို့မှာ အများနည်းတူဘဝကိုယ်စီနှင့်ဖြစ်နေကြရသော်လည်း မိမိတို့၏ ဘဝပြဿနာ ဖြေရှင်းရေးအတွက်မှာမူ အားလုံး အဆင်ပြေနေသူချည်း မဟုတ်ကြပေ။ အဆင်ပြေသူတို့ထက် အဆင်မပြေသူတို့က သာလွန်၍ အဆမတန်များလေသည်။ ထိုသူတို့ အနက် အချို့မှာ မိမဲ့, ဘမဲ့ လေလွင့်နေသူ ကလေးသူငယ်များ ဖြစ်၍၊ အချို့မှာ ခိုကိုးရာမဲ့ အမျိုးသမီးများနှင့် ခိုကိုးရာမဲ့ အဘိုးအို, အမယ်အို စသည်တို့ဖြစ်၏။

ထိုသူတို့အနက်မှာလည်း ကလေးသူငယ်များကို ပထမဆုံး ဦးစားပေး၍ စဉ်းစားရမည်။ အဘယ့်ကြောင့်ဆိုသော် ဒုက္ခိတ ရာမဲ့ ကလေးသူငယ် များကို ကယ်ဆယ်နိုင်သူ ပြည်ထောင်စု သားကောင်း, သမီးကောင်းတို့က မကယ်ဆယ်ဘဲ လစ်လျူရှု ထားခဲ့ပါလျှင် ထိုကလေးများသည် ပညာသင်ချိန်မသင်ရခြင်း, အများနည်းတူ မဝတ်ရ,မစားရခြင်းစသော ချို့ငဲ့မှုများကြောင့် နောင်လူလားမြောက်သည့်အခါ လူကောင်း, သူကောင်းမဖြစ် ကြရတော့ဘဲ လူဆိုး,သူဆိုး အဖြစ်ဖြင့်ပင် ပြည်ထောင်စု၏ ဆိုးကျိုးကိုပါ ဖန်တီးကြမည်ဖြစ်သောကြောင့်ပင်တည်း။

သို့ဖြစ်ရာ ထိုဒုက္ခိတရာမဲ့ ကလေးသူငယ်များ၏ (က) ပညာ သင်ကြားရေး၊ (ခ) ဝတ်စားနေထိုင်ရေးစသည်တို့ကိုမိမိတို့က လူထုအဖွဲ့အစည်းအနေဖြင့်ဖြစ်စေ၊သို့မဟုတ် တဦးတယောက် အနေဖြင့်ဖြစ်စေ တတ်နိုင်သည့် ဘက်မှ ဆောင်ရွက်ခဲ့လျှင် ၍အနဝဇ္ဇမင်္ဂလာ တရားတော်အရ အပြစ်မရှိသော အမှုကိစ္စ များကို ဆောင်ရွက်ရာ ရောက်၍ များစွာ အကျိုး ကြီးလှ၏။ ထိုမျှမက အပြုစုအယုယခံရသော ကလေးသူငယ်များ ဘက်မှ နေကြည့်ပြန်လျှင်လည်း ဇူဇကာပုဏ္ဏားယုတ်ကြီး၏ လက်ထဲ၌ အနှောင်အဖွဲ့ခံနေရသော ဇာလီ,ကဏှာဇိန်တို့ကို နတ်သိကြား တို့က ဝေသန္တရာ,မဒီ အသွင်ဖန်ဆင်း၍ ပြုစုစောင့်ရှောက်ကြ သည်နှင့် အလားတူသော အခွင့်ကောင်း ကြီးကို ရကြသည့် အတွက်အတိုင်းထက်အလွန်ဝမ်းမြောက်ကြမည်ဖြစ်လေသည်။

ထို့ပြင် ဒုက္ခိတရာမဲ့အမျိုးသမီးများဘက်မှ ဖြစ်ပေါ်လာမည့် အန္တရာယ်များမှာလည်း ထို့ထက်သေးငယ်မည်မဟုတ်လှပါ။ ထို့ကြောင့်အထူးအားဖြင့် အမျိုးသမီးများဘက်မှ အမျိုးသမီး

စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းလျက် မိမိတို့နှင့် ဘဝတူ ဖြစ်သော ထိုခိုကိုးရာမဲ့ အမျိုးသမီးများကို (က) ကိုယ်ကျင့် စာရိတ္တမြင့်တင်ရေး၊ (ခ)ပညာသင်ပေးရေး၊ (ဂ)အနာဂတ် နေထိုင်ရေး စသည်တို့ဖြင့် တတ်အားသမျှ ကူညီစောင့်ရှောက် ခြင်းသည်လည်း ဤအနဝဇ္ဇ မင်္ဂလာတရားတော်အရ အပြစ် မရှိသော အမှုကိစ္စများကို ဆောင်ရွက်ရာရောက်၍ မင်္ဂလာ ကုသိုလ်ထူးကိုဆည်းပူးပြီးလည်း ဖြစ်ပြန်၏။ (ထို့ပြင် ခိုကိုးရာမဲ့ ဖြစ်သော အဘိုးအို, အဖွားအိုစသည်တို့ကို ဝတ်စုံ ပူဇော်ခြင်း၊ အစားကောင်းကျွေးခြင်း စသည်တို့ဖြင့် ပြုစုခြင်းကြောင့် ဤအနဝဇ္ဇမင်္ဂလာတရားတော်အရ မိမိ၌ မင်္ဂလာကုသိုလ်ဖြစ်ပုံ စသည်တို့ကိုလည်း ဤနည်းအတိုင်း ချဲ့ထွင်သိရမည်)။

**ဒုက္ခိတ ကယ်ဆယ်ရေး** ထို့ပြင်လည်း မြို့တိုင်းရွာတိုင်းမှာလိုပင် ကံအကျိုးပေးမလှခြင်းကြောင့် ဘဝ လမ်းဆုံးကဲ့သို့ဖြစ်နေရရှာသော ဒုက္ခိတပုဂ္ဂိုလ်တို့အများနှင့် အနည်းဆိုသလိုရှိနေကြရာ၊အချို့မှာမျက်မမြင်ဒုက္ခိတများဖြစ်၍ အချို့မှာ မစွမ်းမသန်သူ ဒုက္ခိတများ ဖြစ်ကြသည့်ပြင်၊ အချို့ မှာလည်း ဆေးပေး,မီးယူပြုစုသူ သားထောက်မြေးခံ မရှိသော ခိုကိုးရာမဲ့ လူမမာပုဂ္ဂိုလ်များဖြစ်ကြ၏။

အမှန်မှာ ဘဝလမ်းဆုံးကဲ့သို့ ဖြစ်နေရရှာသော ထိုဒုက္ခိတ ပုဂ္ဂိုလ်တို့သည်ကား သူတပါးကိုမှီ၍ အသက်ရှုနေရမည့်သူများ သာဖြစ်၍ ကယ်ဆယ်ထိုက်သူတို့ကို မိမိတို့က ကယ်ဆယ်လိုက် ရခြင်းသည်လည်း လူလူချင်း သနားကြင်နာရမည် ဟူသော ဗြဟ္မဝိဟာရတရားတော်ကြီးကို အပြောဖြင့်မဟုတ် အလုပ်ဖြင့် ဖော်ပြရာရောက်ပြန်သည်။

ထို့ကြောင့် မြို့တိုင်း ရွာတိုင်း၌ပင် ဒုက္ခိတ ကယ်ဆယ်ရေး အဖွဲ့, သူနာပြုအဖွဲ့ စသည်တို့ကို ဖွဲ့စည်းလျက် ဒုက္ခိတ ပုဂ္ဂိုလ် များကိုင်၊ ပြုစုသူမရှိသော သူနာများကိုင် လူ အားဖြင့် ဖြစ်စေ, ငွေအားဖြင့်ဖြစ်စေတတ်နိုင်သည့်ဘက်မှကယ်ဆယ်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ဤ အနုဝဇ္ဇ မင်္ဂလာ တရားတော် အရ အပြစ်မရှိသော ကယ်ဆယ်မှု များကိုလည်း လူတန်းစား မရွေး ပြုလုပ်ကြရမည်သာတည်း။

**ဘာသာနှင့် ကယ်ဆယ်ရေး**

မြန်မာ ပြည်သူ ပြည်သား တို့သည် အမွန် မြတ်ဆုံး ဖြစ်သော ဗုဒ္ဓဝါဒကို လက်ကိုင် ထားရ သူများ ဖြစ်သော်လည်း ဤကဲ့သို့ သော ဒုက္ခိတကယ်ဆယ်ရေးလုပ်ငန်းများ၌ အခြားဘာသာဝင် များကဲ့သို့ စိတ်မဝင်စားနိုင်ကြသည်မှာ ဗုဒ္ဓဘာသာဝင်တို့အဖို့ ဝမ်းနည်းဘွယ်တရပ်ဖြစ်လေသည်။ အခြားဘာသာဝင်တို့အဖို့ ပြောရလျှင် ဗုဒ္ဓဘာသာဝင်တို့မလုပ်နိုင်သောအလုပ်ကိုသူတို့က ပြုလုပ်နိုင်ကြသဖြင့် အောက်တန်းစား ကျင့်စဉ်အတွက် ဗုဒ္ဓ ဘာသာဝင်တို့ထက် တင့်န်းသာသကဲ့သို့ ရှိပြန်၏။

ဥပမာ ပြရလျှင် မျက်မမြင်လောကမှ အဖေကြီး ဟူသော ဘွဲ့ဖြင့် ချီးကျူး ထားသော ဖားသား ဂျက္ကဆင်း ဆိုသူ မဟာ ဝိဇ္ဇာဘွဲ့ရ မျက်မမြင် အင်္ဂလိပ် ဘုန်းတော်ကြီး က ရန်ကုန်မြို့ ကြည့်မြင်တိုင်၌ ရှေးနှစ်ပေါင်းများစွာမှပင် "စိန်မက်ကယ်" ခေါ် မျက်မမြင်ကျောင်းကြီးတခု တည်ထောင်ပြီးလျှင် ဘဝတူ ဖြစ်သော မျက်မမြင် ဒုက္ခိတများကို သူ၏စွန့်စားမှု,ဇွဲကောင်းမှု စသည်တို့ဖြင့် ကယ်ဆယ်စောင့်ရှောက်ခဲ့ပုံ၊ ဘရင်ဂျီဘာသာဝင် ပြင်သစ်ဘုန်းကြီးများ၏ ကုဋ္ဌသူနာပြုစောင့်ရှောက်ရေး အောင်

မြင်ခဲ့ပုံစသည်တို့ကပင် ဒုက္ခိတသတ္တဝါတို့ အပေါ်၌ သူတို့၏ စိတ်ထားမွန်မြတ်မှုကို အပြောဖြင့်မဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြလျက် ဤအနဝဇ္ဇ မင်္ဂလာတရားတော်အရ လက်တွေ့လိုက်နာကျင့်သုံးကြလေသည်။

အကယ်၍သာ ဗုဒ္ဓရှင်တော်မြတ် ယခုရှိခဲ့ပါလျှင် မိမိကို ဆည်းကပ် ကိုးကွယ်သူများ မဟုတ်သော်လည်း မှန်ရာကို ထောက်ခံတတ်သော ဗုဒ္ဓဖြစ်သည် အားလျော်စွာ သူတို့၏ ကယ်ဆယ်ရေး လုပ်ငန်းစဉ်ကိုမူကား မချီးကျူးဘဲ နေမည် မဟုတ်ပေ၊ အမှန်ချီးကျူးရမည်သာတည်း။

ဤစာရေးသူ၏အမြင်အတိုင်း ပြောရလျှင် ဤကဲ့သို့သော ကယ်ဆယ်ရေး လုပ်ငန်းများ၌ အခြား ဘာသာ ဝင်တို့က အချိန်(၁၀) သားလောက် အလုပ်-လုပ်ပြနိုင်ပါလျှင်၊ ဗုဒ္ဓဘာသာဝင်တို့က အချိန်(၁၀၀)လောက် အလုပ်-လုပ်ပြနိုင်မှသာ ဗုဒ္ဓဘာသာဝင်ဟူသောစကားနှင့်ရှေ့သွားနောက်လိုက် ညီညွတ်မည်ဖြစ်၏။

သို့သော်လည်း ဗုဒ္ဓဘာသာဝင်တို့သည် အထက်တန်းလွှမ်းလိုသည့်အခါ အလွှမ်းကျယ်သလောက် အောက်အခြေခံ ကျင့်စဉ် များ ၌ ကား အလယ်လပ်သကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပြန်သည်။

ရှေးသူဟောင်း လမ်းစဉ် — အမှန်မှာ ဗုဒ္ဓဘာသာဝင်တို့အဘို့ ဤကဲ့သို့သော ကယ်ဆယ်ရေး လုပ်ငန်းများ၌လည်း တန်ဘိုးထား၍ ကျင့်သုံးရန် လိုအပ်သည်ဟု ထင်ပါသည်။ အဘယ်ကြောင့် ဆိုသော် ရှေးက အရိယာ အလောင်းမြတ်များပင် အပြစ်ကင်းသော အမှုကိစ္စများကို

တာဝန်ယူဆောင်ရွက်ခြင်း၊ ကယ်ဆယ်ထိုက်သူကိုကယ်ဆယ်ခြင်း စသည်တို့ကို ပြုလုပ်ခြင်းအားဖြင့် ရည်မှန်းရင်းဖြစ်သော အရဟတ္တဖိုလ် ပန်းတိုင်သို့ ချီတက်ကြသည်ကို တွေ့ရသောကြောင့်ပင်ဖြစ်လေသည်။

ဗုဒ္ဓမပွင့်သေးမီရှေးတခေတ်က ရှင်ယသ မထေရ်လောင်း အမှူးရှိသော လူ-ငါးကျိပ်ငါးယောက်တို့သည် စိတ်တူကိုယ်တူ လူထုကယ်ဆယ်ရေး အဖွဲ့တခု တည်ထောင်ပြီးလျှင် ထိုထိုမြို့ရွာသို့ လှည့်လည်ကာ သင်္ဂြိုဟ်သူမရှိသော ခိုကိုးရာမဲ့ ရုပ်အလောင်းများကို စေတနာ့ဝန်ထမ်းသင်္ဂြိုဟ်ကြရာမှမဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ရ၍ တစတစရင့်သန်ကြပြီးနောက် အောက်တန်း မကျသောဘဝလမ်းစဉ်အတိုင်းချီတက်လာခဲ့ရာနောက်ဆုံးတွင် တဖွဲ့လုံးအကျွတ်တရားရ၍ ဘုရားသာသနာ၌ ဇာတ်ပေါင်းရပုံ စသည်တို့မှာ ဤအရာ၌ထင်ရှားသော သက်သေတို့ပင်တည်း။

ထို့ကြောင့် ဤဆိုအပ်ခဲ့သော ရှေးသူဟောင်းတို့၏ ထုံးကို နှလုံးသွင်းဆင်ခြင်ကာ ကယ်ဆယ်ထိုက်သူ(ဒုက္ခိတ ပုဂ္ဂိုလ်)များကို ကယ်ဆယ်လိုက်ရခြင်းသည်လည်း ဤအနုဝဇ္ဇမင်္ဂလာ တရားတော်အရ အပြစ်မရှိသော အမှုကိစ္စကြီးတခုကို ဆောင်ရွက်ရာ ရောက်၍ အကျိုးကြီးသည်ဟု နားလည်မှု ရှိရန်မှာ ဤစာကိုဘတ်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း။

လူထုကယ်ဆယ်ရေးဖော်ပြခန်းပြီး၏။

## ညွှန်ပြနှိုးဆော်ခန်း

**သူကျိုးလုပ်ကိုယ်ကျိုးရှိ**

ယခုခေတ်၌ ထိုထို မြို့ရွာတို့၌ မြို့ပြ သန့်ရှင်းရေးအဖွဲ့, ကျေးလက် သာယာရေးအဖွဲ့,မီးသတ်အဖွဲ့,သူနာပြုအဖွဲ့စသည်ဖွဲ့စည်း ပျက်တိုင်းပြည်နှင့်လူထုအကျိုး စေတနာ့ဝန်ထမ်း သည်ပိုးနေကြသူတို့သည်လည်း၊ ဤအနုဝဇ္ဇမင်္ဂလာတရားတော်အရ အပြစ်မရှိသော အမှုကိစ္စများကို ဆောင်ရွက်နေသူတို့ပင်တည်း။ သို့သော် အသံ သာသလောက် စေတနာအဆံပါဘို့ ပဓာနဖြစ်သည်ကိုကား မမေ့သင့်။

အကယ်၍ အသံ သာသလောက် စေတနာ အဆံပါမည်ဟုဆိုပါက အိပ်ထဲမှ အရင်းအနှီးမထုတ်ရသော ထိုလူအားစိုက် (အနုဝဇ္ဇ ကမ္မ) ကုသိုလ် ကလည်း လုပ် အား လှူ ဒါန်း ရသူမိမိအတွက် နိဗ္ဗာန်သို့ ရောက် သည် အ ထိ လုံလောက်သော အထောက် အ ပံ့ ကောင်း ဖြစ် နိုင် သ ဖြင့် သူ့ အကျိုး လုပ်ရသလောက် ကိုယ်ကျိုးရှိရမည်မှာ သေချာ၏။

**သဒ္ဓါစစ်မှ ကုသိုလ်ချစ်**

ထို့ ထက် ကိုယ် တိုင် က သ ဒ္ဓါ အ စစ် အမှန်ရှိသူ ဖြစ်နေရန်လည်း လိုပြန်၏။ အဘယ့်ကြောင့် ဆိုသော် သဒ္ဓါတရား အစစ်အမှန် မရှိခဲ့လျှင် ထောင်ကုန် သောင်းကုန်လှူဒါန်းနိုင်သူ လူကုန်တန်ဟယောက်ကလည်းဘုရားပိုင်းကျောင်းပိုင်းထဲကအမိုက်တပုံကို ကိုယ်တိုင်စွန့်ပစ်လိုက်ရမှာ ခဲယဉ်းချိမ့်မည် ဖြစ်သောကြောင့်ပင်တည်း။

သို့ရာတွင် ''သဒ္ဓါစစ်မှ-ကုသိုလ်ချစ်သည်'' ဟု အဆိုရှိသည့်အတိုင်း သဒ္ဓါတရား အစစ်ရှိသူမှန်က ကုသိုလ်ကို ရွေးချယ်နေမည်မဟုတ်တော့ဘဲ ဤအမှုကိစ္စကို ဆောင်ရွက်ခြင်းကြောင့် သူ့မှာ အပြစ်မဖြစ်၊ ကုသိုလ်သာဖြစ်မည်ဟု ဆိုပါက ဘယ်အမှုကိစ္စမျိုးကိုမဆို သူဆောင်ရွက်တော့မည်မှာ သေချာပါသည်။

သို့ဖြစ်ရာအပြစ်မရှိသောအမှုကိစ္စတိုင်းကိုငါဆောင်ရွက်နိုင်သည်ဟုအများထဲကလက်ညှိုးထောင်ထွက်ဖို့ရန်မှာသဒ္ဓါအစစ်ရှိမှုသည်သာလျှင် လိုရင်းဖြစ်၏ဟု သင့်-အား ညွှန်ပြပါသည်။

## အပြစ်မရှိလျှင် ဆောင်ရွက်ပါ

(က) အပြစ် မရှိသော အမှုကိစ္စများကို ဆောင်ရွက်ခြင်းသည် မင်္ဂလာတပါး ဖြစ်ပါသည်။

(ခ) တိုင်းပြည်ကောင်းစားရေးအတွက်ငါ့တာဝန်ဟု နှလုံးသွင်းလျက် ပြည်ထောင်စုအား လုပ်အားလှူဒါန်းနိုင်ရမည်။

(ဂ) တဦး၏အခက်အခဲ၊ သို့မဟုတ် တဦး၏ဒုက္ခကို တဦးက ကြင်နာစွာဖြင့် ကယ်ဆယ်ရန်မှာ လူထု၏ တာဝန်ဖြစ်ရမည်။

(ဃ) ''သင်-လူပိုမဖြစ်စေနှင့်၊ သင်-၏ လုပ်အားကို တိုင်းပြည်ကအလိုရှိသည်''ဟူသော ဆောင်ပုဒ်အရ တိုင်းပြည်နှင့် လူထု ကောင်းစားရေး အတွက် အပြစ်ကင်းသော အလုပ်ဆိုလျှင် ဆောင်ရွက်ပါဟု သင့်-အား နှိုးဆော်ပါ၏။

ဆောင်ပုဒ်....

၁။ အနဝဇ္ဇ၊ မှုကိစ္စ၊ ဟောပြမင်္ဂလာ။
၂။ ပြည်မှုမြောက်မြား၊ တာဝန်ထား၊ လုပ်အားလှူဒါန်းပါ၊
၃။ တဦးဒုက္ခ၊ တွေ့ပြန်က၊ ယုယကြင်နာစွာ။
၄။ ကရုဏာရှေးရှု၊ ကယ်ဆယ်မှု၊ လူထု သင့်-ဝန်တာ။
၅။ အပြစ်ကင်းမှု၊ တခုခု၊ အားပြုဆောင်ရွက်ရာ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၁၈

# အာရတိမင်္ဂလာ

**အာရတိပါပါ** မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ် ရခြင်း သည်လည်းကုသိုလ်တရားတိုးပွါးရင့်ကျက် ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁၈ နံပါတ် မင်္ဂလာကိုပင်''ပါပ အာရတိ မင်္ဂလာ''ဟု ပါဠိစကားစဉ်အလိုက် ခေါ်ဆိုသင့် သော်လည်း အခေါ်လွယ် စိမ့်သော၄ါ ရှေ့ပိုင်းဖြစ်သော ပါပသဒ္ဒါကို ဖြုတ်၍ အာရတိ မင်္ဂလာဟူ၍ပင် ဝေါဟာရပြုသည်ဟုမှတ်ပါ။

(ပါပ-မကောင်းမှု။အာရတိ-ဝေးစွာရှောင်ကြဉ်ရခြင်း။ မင်္ဂလာ-ကုသိုလ်တရား တိုးပွါးရင့်ကျက်မှု)။

## အာရတိပြဿနာဖြေရှင်းခန်း

**စိတ်ဖြင့်ရှောင်ကြဉ်ခြင်း** ဤအာရတိ မင်္ဂလာ တရားတော်အရ ဝေးစွာ ရှောင် ကြဉ် ခြင်း ဟူ သည် မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းပင်ဖြစ်၏။ မကောင်းမှုမှ စိတ်ဖြင့် ရှောင် ကြဉ် ခြင်း ဟူ သည် မှာ လည်း မိမိ၏ စိတ်ကို မကောင်းမှုနှင့်သက်ဆိုင်သောအာရုံတခုခုထဲ၌စိတ်ဝင်စားရန် အခွင့်မပြုဘဲ ထားခြင်းပင်တည်း။

ရှင်းဦးအံ့၊ မကောင်းမှုသည် ကိုယ်၌ဖြစ်သောမကောင်းမှု (ကာယဒုစရိုက်)၊ နှုတ်၌ဖြစ်သောမကောင်းမှု (ဝစီဒုစရိုက်)၊ စိတ် ၌ ဖြစ် သော မ ကောင်း မှု (မနောဒုစရိုက်) ဟု ၃ မျိုး

ရှိရာတွင် ကိုယ်၌ဖြစ်သောမကောင်းမှု,နှုတ်၌ဖြစ်သောမကောင်းမှုများနှင့် နှိုင်းစာလျှင် စိတ်ထဲ၌သာ ဖြစ်နေသော မကောင်းမှုသည်ကား တော်တော်ဝေးဝေး၌ ရှိနေသော မနောဒုစရိုက်မျှသာဖြစ်သည်ဟု တနည်းအားဖြင့် ဆိုထိုက်ပြန်သည်။

အဝေး၌ရှိနေသော ထိုမနောကံအကုသိုလ်များကိုစိတ်ထဲ၌ ဖြစ်ခွင့်မပေးဘဲ တနည်းနည်းဖြင့် တားဆီး ထားနိုင်ခဲ့ပါလျှင် ထိုသူသည်လည်း မကောင်းမှုမှ ဝေးနေသူပင် ဖြစ်တော့၏။ အဘယ့်ကြောင့်ဆိုသော်စိတ်မှု(မနောကံ)အကုသိုလ်များလုံခြုံနေသည်နှင့်အမျှ ကိုယ်မှု,နှုတ်မှု အကုသိုလ်များလည်း အလိုအလျောက် လုံခြုံနေပြီးဖြစ်သောကြောင့်ပင်တည်း။ ထို့ကြောင့် မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်သည်ကိုပင် ဤ အာရတိမင်္ဂလာတရားတော်အရ ဝေးစွာရှောင်ကြဉ်သည်ဟုဆိုရသည်။

**ချွတ်ချက်** မြေ, ကင်း စသော ပိုးမွှား တိရိစ္ဆာန် တို့မည်သည် အမိုက်သရိုက် ရှုတ်ထွေးရာ၌သာ ပျော်ပိုက်ကြကုန်သကဲ့သို့ လူတို့၏စိတ်သည်လည်း အရိယာစိတ်မဟုတ်သေးက ရှုတ်ထွေးသော မကောင်းမှု အာရုံထဲ၌သာ မွေ့လျော် ပျော်ပိုက်ကြမြဲ ဖြစ်သည်။ ဤကဲ့သို့ ဖြစ်လေ့ရှိသော လူ့စိတ်သဘာဝကိုပင် ရည်ရွယ်တော်မူလျက် ဗုဒ္ဓ ရှင်တော်မြတ်ကလည်း **ပါပသ္မိံ ရမတေ မနော** (လူ့စိတ်သည် မကောင်းမှု၌သာ ပျော်ပိုက်သည်)ဟု ဟောတော်မူရခြင်းဖြစ်၏။

သို့ဖြစ်ရာ လူသည် တဖက်သား၏ အကျိုးမဲ့နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ သို့မဟုတ် မိမိ၏အလိုကျဖန်တီးမှုနှင့်စပ်လျင်း၍ဖြစ်စေ၊ သူနှစ်သက်ရာ အာရုံတခုခုထဲ၌ စိတ်ဝင်စားနေရလျှင် ကိုယ့်စိတ်ကူးနှင့်ကိုယ် အလိုလို အပျင်းပြေနေသည်ဖြစ်သောကြောင့်

ထိုမကောင်းမှု အာရုံအမျိုးမျိုးသည်ပင် လူ့စိတ်၏ပျော်ပါးရာ ကစားကွင်းကြီးသဖွယ်ဖြစ်လေသည်။

**အဝေးမှရှောင်ရခြင်း** အကယ်၍ ကိုယ်,နှုတ် ၂ပါးလုံး၌ပင် မကောင်းမှုများကင်းရှင်းလျက် မိမိက ကိုယ်ကျင့် ရှိသူတယောက်ဖြစ်သည်ဟု ဆိုရသည် တိုင်အောင် စိတ်ထဲ၌ မကြာခဏဝင်လာလေ့ရှိသော ဒုစရိုက်အာရုံများကို မဖယ်ရှင်းနိုင်ခဲ့ပါလျှင်၊ ထိုစိတ်၏ ပျော်ပိုက်ရာ စားကျက်ဖြစ်သော မကောင်းမှုများသည်လည်း အလေ့အလာများ၍ တစတစ အတင့်ရဲလာရမည်သာတည်း။ ထို အခါဝယ် ယင်းမကောင်းမှုများသည်ကား မူလအဆက်အသွယ်ဖြစ်သော စိတ်(မနော)ထဲတွင်ပင် တန့်ရပ်မနေတော့ဘဲ ထိုမှတဆင့် တက်၍ ကိုယ်အမူအရာပေါ်သို့ငှင်း၊ နှုတ်အမူအရာပေါ်သို့ငှင်း အသီးသီးဆိုက်ရောက်လာပြီးလျှင် (နောက်ဆုံး၌ မျိုးစေ့အောင်မြင်သော ကာယဒုစရိုက်,ဝစီဒုစရိုက်များအနေဖြင့် ရုပ်လုံးပေါ်လာကြမည်မှာသေချာပါသည်။

အမှန်မှာကိုယ်ထဲ,နှုတ်ထဲသို့ဝင်ရောက်လာသောမကောင်းမှုများသည်ကား သင့်-အားဒုက္ခပေးမည့် ကိုယ် တွင်းရန်တို့သာ ဖြစ်သည်။ ထိုကိုယ်တွင်းရန်တို့ကို စိတ်ထဲ၌ပင် ဖြစ်ခွင့်မပေးဘဲ အဝေးကြီးမှ ရှောင်ကွင်းခဲ့ပါလျှင်၊ ယင်းကိုယ်တွင်း ရန်တို့က သင့်-အား ရုတ်တရက် ဒုက္ခပေးနိုင်မည်မဟုတ်ပါ။ ဤကဲ့သို့ ရှောင်ကြဉ်ဖန်များ၍ အကုသိုလ်ဝေးလေလေ ဒုက္ခမှလည်း ဝေးလေလေဖြစ်သည်။ (ပမာအားဖြင့်ဆိုရသော် သင့်-အား ရန်ပြုမည့်ရန်သူကိုအဝေးကြီးမှ ရှောင်ကွင်းနိုင်ခဲ့လျှင် ထိုရန်သူက ရုတ်တရက်ရန်မပြုနိုင်သကဲ့သို့တည်း)။

ထို့ကြောင့် အကုသိုလ်တရားမှ ဝေးစွာ ရှောင်ကြဉ်ခြင်း ဟူသည် ဒုစရိုက်အကုသိုလ်များကို စိတ်ထဲ၌ပင် လက်ခံမထား ရခြင်းပင်ဖြစ်သည်ဟု မှတ်သားထားရန်မှာ၍မဂ်လာ့အမြုတေ ကို လေ့လာနေသူဖြစ်သော သင်-၏ တာဝန်သာတည်း။

အာရတီပြဿနာဖြေရှင်းခန်းပြီး၏။

---

## ညွှန်ပြနှိုးဆော်ခန်း

အာရတီ ပြဿနာ ဖြေရှင်းခန်းက ပါပ (မကောင်းမှု) တရားမှန်လျှင်စိတ်ထဲ၌ပင် လက်ခံမထားရ ဝေးစွာရှောင်ကြဉ် ရမည်ဟု သင်တို့အားဖော်ပြခဲ့ပြီ။ ထို့ပြင်ပါပ ရှောင်ကြဉ်ရေး ဖော်ပြခန်းကလည်းမကောင်းမှုမှရှောင်ကြဉ်ရန်ဝေဘန်ခွဲစိတ်၍ ပြခဲ့လေပြီ။ ဤအခန်းကား စာဘတ်ပရိသတ်တို့အား လိုက်နာ ရန် တိုက်တွန်းသည့် ညွှန်ပြနှိုးဆော်ခန်းပင်ဖြစ်လေသည်။

**စိတ်ထဲ၌ဝင်ရောက်လာသော မကောင်းမှု**

မည်သူမဆို မကောင်းမှု အာရုံ အမျိုးမျိုးတွေ မိမိတို့၏ စိတ်ထဲ၌ မကြာမကြာဝင်လာတတ်သည်ကို သတိပြုမိပါလိမ့်မည်။ ဘုရားကိုအာရုံပြုနေခိုက်မှာ စိတ်သည် ဘုရားအာရုံမှ ခွာထွက်၍အလုပ်ကိစ္စထဲရောက်နေတတ်သည်။ တကယ်အလုပ်ကိစ္စဆောင်ရွက်ပြန်လျှင်လည်းစိတ်သည်ဆိုင်ရာ

အလုပ်ကိစ္စထဲ၌ ငြိမ်ဝပ်မှုမရှိဘဲ သူနှင့်မဆိုင်သေးသော အာရုံ တမျိုးမျိုးထဲသို့ရောက်သွားပြန်သည်။ လူကဘာအလုပ်ကိစ္စကိုမှ မဆောင်ရွက်ဘဲ အားလပ်ခွင့်ရနေသောအခါ၌ကားပြောဘွယ် မလိုတော့ပေ၊ ထိုအခါမျိုး၌ စိတ်၏အလုပ်သည် ပို၍များလာ တော့၏။

၁။ **ကာမဝိတက်**, လောက အာရုံ လိုက်စားရေး ကြံတွေးစိတ်ကူးမှု၊
၂။ **ဗျာပါဒဝိတက်**, တဖက်သားပျက်စီးရေး ကြံတွေး စိတ်ကူးမှု၊
၃။ **ဝိဟိံသာဝိတက်**, သက်ရှိသတ္တဝါချင်း သတ်ဖြတ် ညှဉ်းပန်းရေး ကြံတွေးစိတ်ကူးမှု

စသည်တို့သည် စိတ်၏လေ့လာမှု အလုပ်ကိစ္စတို့ပင်တည်း။

လူသည် အလုပ်လက်မဲ့ဖြစ်ရသည်တိုင်အောင် စိတ်သည် ကား အလုပ်မဲ့မဖြစ်နိုင်ပေ၊ ဤကဲ့သို့စိတ်သည် ဆိုင်ရာကိစ္စ ထဲ၌ ငြိမ်ဝပ်မနေဘဲ၊ ထွေရာလေးပါး ပြေးသွား လေလွင့် နေသည်ကိုပင်စိတ်ထဲ၌မကောင်းမှုတွေဝင်လာခြင်း ဖြစ်သည်ဟု ဆိုရသည်။

**စိတ်လုံခြုံရေး** စိတ်ထဲ၌ ရောက်လာသော မကောင်းမှု များကို ဤအာရတီ မင်္ဂလာ တရားတော် အရ စိတ်ထဲမှ ဖယ်ပစ်ရန်မှာ လောကဆင်းရဲ အမျိုးမျိုးမှ လွတ်မြောက်လိုသူတိုင်း၏ တာဝန်ဖြစ် ရကား မည်သူမဆို မကောင်းမှုများမဝင်လာနိုင်ရန် စိတ်လုံခြုံရေးအတွက် ကာ ကွယ်ရမည်ဖြစ်လေသည်။

အကယ်၍ စိတ်ကို မကောင်းမှုမှ ကာကွယ်ခြင်း မရှိဘဲ **"တံခါးမရှိ-ခေါင်းမရှိ"** လွှတ်ထားခဲ့လျှင် ပဲ့-မရှိသော လှေငယ်သည် ရေလယ်မှာ မျောရသကဲ့သို့ ထိုစိတ်အထိန်းကင်းသော လောကသူ,လောကသားတို့သည်လည်း ဒုက္ခအဏ္ဏဝါသံသရာ ရေကျော၌ မျောမြဲတိုင်းမျောနေဘို့သာရှိလေသည်။

ဗုဒ္ဓရှင်တော်မြတ်ကလည်း **စိတ္တံရက္ခေထမေဓာဝီ** (စိတ်လုံခြုံရေးကိုကြောင့်ကြစိုက်ရမည်။ **စိတ္တံ ဂုတ္တံ သုခါဝဟံ** (စိတ်လုံခြုံလျှင် ဆင်းရဲမှ လွန်မြောက်၍သုခသိဒ္ဓိပေါက်နိုင်သည်ဟု ညွှန်ပြတော်မူလေပြီ။

## မကောင်းမှုမှဝေးအောင်ရှောင်ပါ

(က) သင်၏စိတ်ထဲ၌မကောင်းမှုအာရုံတခုခုဝင်လာလျှင် ရတနာသုံးပါး၏ဂုဏ်ကို ဆင်ခြင် အောက်မေ့လျက် ဖြစ်စေ, မိမိနှစ်သက်ရာ တရားကောင်းတမျိုးမျိုးကိုနှလုံးသွင်း ပွားများလျက်ဖြစ်စေ ထိုဝင်ရောက်လာသောမကောင်းမှု အာရုံအစားအခြားအာရုံကောင်းတခုခုကို သင်၏စိတ်ထဲ၌သွင်းပေးရမည်။ အကယ်၍ဤလိုတရားအာရုံမျိုးကိုမှ နှလုံးသွင်းခွင့် မရခဲ့သော် အယုတ်ဆုံး သင်-တရားသဖြင့် ချီတက်နိုင်သည့် လုပ်ငန်းစဉ် တခုခုထဲ၌ စိတ်ဝင်စားနေသင့်၏။

(ခ) ဤနည်းအတိုင်း သင်-၏စိတ်ကို ထိန်းချုပ်ထားနိုင်ခဲ့လျှင် သင့်-အား ဒုက္ခပေးမည့် ပါပ (မကောင်းမှု) တရားများသည် သင်-၏ ကိုယ်နှုတ်ထဲသို့ မရောက်လာနိုင်တော့ပါ။

(ဂ) ဤကဲ့သို့ ထိန်းချုပ်၍ စိတ်စင်ကြယ်မှသာလျှင် ပါပ(မကောင်းမှု) တရားသည် သင်-မှ ဝေးနေသည် မည် ပါသည်။

(ဃ) ဤကဲ့သို့ ပါပတရားဆိုးမှ ဝေးဘို့ရန် မကောင်းမှုမှ စိတ်ဖြင့်ရှောင်ကြဉ်ရေးကို အသေးစိပ် သင်-လိုက်နာရမည်။

(င) ဤလိုကျင့်မှသာလျှင် သင့်-ဘဝသည် ဒုက္ခမှ လွတ် မည် ဖြစ်သောကြောင့် မကောင်းမှုမှ ဝေးစွာ ရှောင်ပါဟု နှိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်....

၁။ ပါပမှန်လျှင်၊ စိတ်၌ပင်၊ မဝင်ရောက်စေရာ၊
၂။ စိတ်၌ထိန်းချုပ်၊ ပါပယုတ်၊ ကိုယ်နှုတ်မရောက်လာ။
၃။ စိတ်စင်ကြယ်မှ၊ ထိုပါပ၊ သင်-ကဝေးမည်သာ။
၄။ ပါပဝေးအောင်၊ စိတ်ဖြင့်ရှောင်၊ ကျင့်ဆောင် သင် လိုက်နာ။
၅။ ဤလိုကျင့်မှ၊ သင့်-ဘဝ၊ ဒုက္ခငြိမ်းမည်သာ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

ကွယ်ရမည်ဖြစ်လေသည်။

## အခန်း ၁၉

# ဝိရတိမင်္ဂလာ

ဝိရတိပါပါ — မကောင်းမှုမှ အထူးရှောင်ကြဉ်ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၁၉ နံပါတ် မင်္ဂလာ၌လည်း ပါဠိအတိုင်း ဆိုက "ပါပဝိရတိမင်္ဂလာ"ဟု ခေါ်ဆိုရမည်ဖြစ်၏။ သို့ရာတွင် အခေါ်လွယ်ရန်အလို့ငှါ ပါပသဒ္ဒါကိုဖြုတ်၍ ဝိရတိမင်္ဂလာ ဟုပင် ဝေါဟာရပြုသည်ဟုမှတ်ပါ။

(ပါပ-မကောင်းမှု။ ဝိရတိ-အထူး ရှောင် ကြဉ်ခြင်း။ မင်္ဂလာ-ကုသိုလ်တရားတိုးပွားရင့်ကျက်မှု)။

## ဝိရတိပြဿနာဖြေရှင်းခန်း

**ကိုယ်နှုတ်ဖြင့်ရှောင်ခြင်း** ဤဝိရတိ မင်္ဂလာ တရားတော် အရ အထူးရှောင်ခြင်းဟူသည်မကောင်းမှုမှ ကိုယ်,နှုတ် ၂ ပါးဖြင့်ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။ မကောင်းမှုမှ ကိုယ်နှုတ် ၂ ပါးဖြင့် ရှောင်ကြဉ်ခြင်း ဟူသည်မှာလည်း မကောင်းမှုတစုံတရာကိုကိုယ်ဖြင့်ဖြစ်စေ၊နှုတ်ဖြင့်ဖြစ်စေမကျူးလွန်မိရန် အထူးကြောင့်ကြစိုက်၍ ရှောင်ခြင်းပင်တည်း။

စိတ်၌ဖြစ်လာသော မကောင်းမှုများကို ရုတ်တရက် မဖယ်ရှားနိုင်၍ စိတ်မှုက မလုံခြုံသည့်တိုင်အောင် ကာယဒုစရိုက်, ဝစီဒုစရိုက်များကို ကျူးလွန်ခြင်း မရှိသဖြင့် ကိုယ်မှု, နှုတ်မှုတို့က လုံခြုံနေလျှင်ကား ထိုသူသည် ကိုယ်ကျင့်သီလရှိသူပင် ဖြစ်၏။

မှန်ပါသည်။ ကိုယ်မှုလုံခြုံသူတို့မှ ထွက်ပေါ်လာသော အပြုအမူများသည် **ကာယသမာစာရ** (ကိုယ်အမူအရာကောင်းများ) သာဖြစ်၍၊ နှုတ်မှုလုံခြုံသူတို့မှ ထွက်ပေါ်လာသော နှုတ်ထွက်စကားများသည်လည်း **ဝစီသမာစာရ** (နှုတ်အမူအရာကောင်း)တို့သာ ဖြစ်ရမည်သာတည်း။ အနာဂတ်လောကကြီးဆီသို့ ချီတက်နေရသော လောက,သားတိုင်းပင် ကိုယ်အမူအရာကောင်း, နှုတ်အမူအရာကောင်းများ လုံလောက်မှုမရှိကလိုအပ်သောဘဝသို့ရောက်မည်မဟုတ်သဖြင့် သံသရာခရီးသည်ဖြစ်သော ဘဝသစ်ထူထောင်ရေးသမားတိုင်း၏အတွက် ကောင်းမြတ်သောကိုယ်မှု, နှုတ်မှုများ လုံလုံလောက်လောက် ရှိနေသည်မှတပါး အခြားခရီးရောက်သော ကျင့်စဉ်တမျိုးကို တွေ့ရလိမ့်မည်မဟုတ်ပေ။

အကယ်၍ လောကဆင်းရဲနှင့် ဆက်စပ်မှုမရှိသော ဘဝလွတ်မြောက်မှု ချမ်းသာသက်သက်ကိုသာ ရှာမှီးလိုခဲ့ပါလျှင်လည်း ထိုကိုယ်မှု, နှုတ်မှုလုံခြုံရေးမှသာလျှင် လမ်းစပြု၍ ဘဝလွတ်မြောက်မှုပန်းတိုင်သို့ ချီတက်ရလေသည်။ သို့သော်ကောင်းမြတ်သော ကိုယ်မှု, နှုတ်မှု များကို အမြဲတစေ လေ့လာထားရန်ကား မလွယ်ကူပေ၊ မကောင်းမှုများကို ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ မကျူးလွန်မိရန်အထူးကြောင့်ကြစိုက်၍ရှောင်ကြဉ်မှသာလျှင်ဖြစ်နိုင်သည်။ ထို့ကြောင့်မကောင်းမှုမှ ကိုယ်, နှုတ်ဖြင့်ရှောင်ကြဉ်ခြင်းကိုပင် ဝိရတီဟု ဆိုရသတည်း။

**ဝိရတီတရားကိုယ်**

မကောင်းမှုကို ကိုယ်, နှုတ် ၂ ပါးလုံး၌ မဖြစ်ပေါ်လာရန် အထူးရှောင်ကြဉ်ခြင်းကိုပင် ဝိရတီဟုဆိုခဲ့ပြီ။ ထိုဝိရတီသည် တရားကိုယ်အားဖြင့် အဘယ်တရားများဖြစ်လေသနည်း?။

၁။ **သမ္မာဝါစာ**(ကောင်းစွာပြောဆိုမှု)၊

၂။ **သမ္မာကမ္မန္တ**(ကောင်းစွာပြုလုပ်မှု)၊

၃။ **သမ္မာအာဇီဝ** (ကောင်းစွာ အသက်မွေး ဝမ်းကျောင်းမှု)

ဟူသော ဤဝိရတီစေတသိက် ၃ မျိုးတို့ပင်တည်း။

ထို ၃ မျိုးတို့အနက် (၁) လိမ် လည် လှည့် ပတ် ခြင်း၊ (၂) ဆဲရေးတိုင်းထွာခြင်း၊ (၃) ဂုံး တိုက် ခြေ ထိုး ခြင်း၊ (၄)အဖျင်း,အချော်,အရော်,အရွှတ်ပြောခြင်းဟူသော ဤဝစီဒုစရိုက် ၄ မျိုးမှရှောင်လျှင် **သမ္မာဝါစာ** (အကောင်းပြော) ဖြစ်၍၊ (၁)သူ့အသက်သတ်ခြင်း၊ (၂) သူ့ဥစ္စာကို ခိုးယူတိုက်ခိုက်ခြင်း၊ (၃)သူ့မယား သူ့လင်သား နှင့် သူတပါး၏ သမီးပျိုသားပျိုကိုအပျော်လိုက်ဖျက်ဆီးခြင်းဟူသောဤကာယဒုစရိုက် ၃ မျိုးမှရှောင်လျှင် **သမ္မာကမ္မန္တ** (အကောင်းပြု) ဖြစ်ပြန်သည်။

ထို့ပြင်လည်း အသက်မွေးမှု နှင့် ဆက် စပ် သော ထိုဝစီဒုစရိုက်, ယာယ ဒု စရိုက်များမှ ရှောင်၍ ကောင်း ရောင်း ကောင်းဝယ်,ကုန်သွယ်,လယ်လုပ်ခြင်း စသည်ဖြင့်အသက်မွေးခဲ့လျှင် **သမာအာဇီဝ** (အသက်မွေးကောင်း) ဖြစ်ရပြန်သည်။ ဤသို့လျှင် ဤဝိရတီမင်္ဂလာတရားတော်အရ ဝိရတီသည်လည်း ထိုထိုသုတ္တန်စသည်တို့၌ကဲ့သို့ တရားကိုယ်အားဖြင့်(၃)မျိုးပင်ရှိရပြန်သတည်း။

အထူးမှတ်သားချက် ဤဝိရတီ မင်္ဂလာကို အောက်၌ပြခဲ့သော အာရတီ မင်္ဂလာ နှင့် ပေါင်း၍ အာရတီ ဝိရတီ မင်္ဂလာဟု တပါးတည်း ပြုလုပ်ကြသေး၏။ ထိုကဲ့သို့ မင်္ဂလာ ၂ ပါးကို တပါးတည်း ပြုရာဝယ်၊ အောက်၌ ပင် ဖော်ပြခဲ့ ပြီး ဖြစ် သော မာတာပိတု ပဋ္ဌာနမင်္ဂလာကိုလည်း၊ ၁-မာတုပဋ္ဌာနမင်္ဂလာ၊ ၂-ပိတုပဋ္ဌာနမင်္ဂလာဟု အသီးသီး ခွဲခြား ရေတွက်ခြင်း အားဖြင့် မင်္ဂလာ (၃၈) ပါး ပြည့်စုံသည်ဟု မှတ်ရမည်။

သို့ရာတွင် ဤမင်္ဂလာ့ အမြုတေ၌ကား မာတာပိတုပဋ္ဌာန မင်္ဂလာကိုလည်း တပါးစီမခွဲခြားမူ၍ရင်း၊ အာရတီ မင်္ဂလာ, ဝိရတီမင်္ဂလာ တို့ကိုလည်းတပါးတည်း မပေါင်းမူ၍ရင်း အစီ အစဉ်အတိုင်း ပြထားသည်ဟုမှတ်ပါ။

ဝိရတီပြဿနာဖြေရှင်းခန်းပြီး၏။

---

# ညွန်ပြနိုးဆော်ခန်း

ကိုယ်နှုတ် လုံခြုံရေး လောကသားတို့ နေရမည့် လူ့ တသက် တာသည် နတ်သက်, ဗြဟ္မာသက်များနှင့် နှိုင်းစာလျှင် ရေထဲကဖားတသက်စာမျှသာ ရှိသည်ဟု ဆိုရ လောက်အောင် တိုတောင်းလှသည်။

ဤလို တိုတောင်းလှသော လူ့ဘဝ၌ လူဖြစ်ကြရစဉ် လူလူချင်း ညှင်းပန်းမှု, မတရားဆက်ဆံမှု စသည့်အတွက် အချိန်မပေးဘဲ လူလူချင်း ချစ်ကြည်ရေး, တရားလမ်းအတိုင်း ဆက်ဆံရေး စသည်တို့ဖြင့်သာ တိုတောင်းလှသော အချိန်လေးကို တန်ဘိုးရှိအောင် အသုံးချရမည်ဖြစ်လေသည်။

သို့ရာတွင် ဤမျှ တိုတောင်းလှသော အချိန်ကို တန်ဘိုးရှိအောင် အသုံးပြုရန်မှာ လူလူချင်း ညှင်းပန်းလိုမှု, တရားမဲ့ဆက်ဆံလိုမှု, တကိုယ်ကောင်းကြံစားမှု စသော မကောင်းမှုများကို ဤဝိရတီမင်္ဂလာတရားတော်အရ ကိုယ်,နှုတ် ၂ပါးဖြင့် မလွန်ကျူးစေဘဲ၊ ထိုမကောင်းမှု ဝင်ပေါက် ဖြစ်သော ကိုယ်, နှုတ် ၂ပါးကို လုံခြုံစွာ ထိန်းသိမ်းထားရန်ပင်ဖြစ်သည်။

**ဖြစ်နိုင်သောအပြစ်များ** အကယ်၍ ထိုကိုယ်, နှုတ် ၂ ပါးကို မိမိတို့က လုံခြုံစွာ ထိန်းသိမ်းမထားနိုင်ဟုဆိုမူ၊ ရဟန်းဖြစ်လျှင်လည်း ရဟန်းတော်တို့၏ အကျင့်သိက္ခာပျက်ပြား၍ လောကပြစ်,သံသရာပြစ်ကျရောက်နိုင်သည်။ လူ-ဆိုလျှင်လည်း လူ့-ကျင့်ဝတ် ပျက်ပြား၍ မကောင်းကျိုးခံစားရလေသည်။

အကယ်၍ အစိုးရအမှုထမ်း, အရာထမ်းဖြစ်ပြန်လျှင်လည်း ဂတိလိုက်စားခြင်း, လာဘ်စားခြင်း, ပြည်သူ့ငွေကို မတရားဖြုန်းတီးခြင်း စသောစာရိတ္တမကြံ့ခိုင်ခြစားမှုများကို ဖြစ်ပွားစေနိုင်သည်၊ အယုတ်ဆုံးအားဖြင့် ပြောရလျှင် ကိုယ်မှု,နှုတ်မှုမစောင့်စည်းသူအား မည်သည့်မတရားမှုကိုမှ မပြုရဲမလုပ်ရဲသည်မရှိ၊ အကုန်အစင် ပြုရဲလုပ်ရဲသည်သာတည်း။

# အထူးရှောင်ကြဉ်ပါ

(က) သင်၏ကိုယ်,နှုတ်ကို မထိန်းချုပ်နိုင်ခဲ့လျှင်၊ ထိုကိုယ်, နှုတ် ၂ပါးလုံး၌ ဆိုးယုတ်သော ပါပ(မကောင်းမှု)များ ပွေလိမ်ရှုတ်ရှက်ခတ်လာမည်။

(ခ) နှုတ်က မကောင်း ပြောမှု နှင့် ကိုယ် က မကောင်း ပြုမှုများကို သင်၏ဉာဏ်ဖြင့် ကြည့်ရှုစီစစ်ရမည်။

(ဂ) သင်၏ ကိုယ်,နှုတ်ထဲ၌ အကယ်၍ တွေ့မြင်ခဲ့လျှင်၊ ထိုမကောင်းမှုများမှ ကိုယ်, နှုတ် ၂ ပါးလုံးဖြင့်သင်-ရှောင် ကြဉ်ရန်ပင်ဖြစ်သည်။

(ဃ) ဝိရတီ ထူထောင်မှုသည် သင့်-အတွက် အရေး ကြီးသောကြောင့် ဤဝိရတီမင်္ဂလာတရားတော်အရ မကောင်း မှုမှ အထူးရှောင်ကြဉ်ပါဟု ညွှန်ပြနိူးဆော်ရကြောင်း။

ဆောင်ပုဒ်—

၁။ သင်၏ ကိုယ်,နှုတ်၊ မထိန်းချုပ်၊ ဆိုးယုတ်ပါပပွေ။
၂။ နှုတ်ပြောကိုယ်ပြု၊ မကောင်းမှု၊ သင်ရှုစီစစ်လေ။
၃။ ကိုယ်နှင့်နှုတ်တွင်၊ ရှု၍မြင်၊ အသင်ရှောင်ဘို့ပေ။
၄။ ဝိရတီရှေ့ပြေး၊ ထူထောင်ရေး၊ မနှေးအောင်မြင်စေ။

ညွှန်ပြနိူးဆော်ခန်းးပြီး၏။

# အခန်း ၂၀

## မဇ္ဇပါန သံယမ မင်္ဂလာ

**မဇ္ဇပါနာစသံယမော** မူးယစ် မေ့လျော့ကြောင်း ဖြစ်သော သေရည် သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းသည်လည်းကုသိုလ်တရားတိုးပွားရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၂၀ နံပါတ်မင်္ဂလာကိုပင် ''မဇ္ဇပါနသံယမ မင်္ဂလာ'' ခေါ်ဆိုသည်ဟုမှတ်ပါ။

(မဇ္ဇ-မေ့လျော့ကြောင်း ဖြစ်သော သေရည် အရက်။ ပါန-သောက်ခြင်း။သံယမ-ရှောင်ကြဉ်ခြင်း။မင်္ဂလာ-ကုသိုလ်တရားတိုးပွားရင့်ကျက်မှု။)

## သောက်စားခြင်းအပြစ်ဖော်ပြခန်း

**ကိုယ်ကျင့်ပျက်ရခြင်း** သေရည် သေရက် သောက်လျှင် အပြစ်ရှိသည်ဟု လူတိုင်း လိုပင် သိကြသည်။ သို့သော် ဘာ့ကြောင့်ဘယ်လို အပြစ်တွေဖြစ်နိုင်သည် ဟူ၍ အသေးစိတ်သိသူမှာ ကားများလှမည်မဟုတ်သဖြင့်ဤအခန်းက ရှင်းပြရန် တာဝန်ရှိလာသည်။

သေရည်သောက်မှုသည် ဒုစရိုက်(၁၀)ပါး၌ တိုက်ရိုက် မလာသော်လည်း သောက်ထားသော သေရည်သေရက်ကပင် သောက်စားသူကို ဒုစရိုက်မှု မပြု-ပြုအောင် ရဲဆေးတင်ပေးရာ ရောက်သဖြင့် မူလကမခုတ်တတ်သည့် ကြောင်လို အကုသိုလ် ပြုလုပ်ရန်စိတ်မရဲသူဖြစ်စေကာမူ ဤသေရည်သေရက်သောက် မိလျှင် ဘယ်လိုဒုစရိုက်မှုမျိုး၌ပင် ဖြစ်စေပြောရဲ, လုပ်ရဲ စိတ် ထဲကပေါ် ရဲရင့်လာရလေသည်။

ဤဆိုခဲ့သည့် အတိုင်း သေရည်သေရက် သောက်သူသည် သောက်ရုံနှင့် မပြီးသေးဘဲ သေးငယ်သော ဒုစရိုက်မှုများကို လွန်ကျူးရာမှ တစ-တစ အတင့်ရဲလာပြီးလျှင်၊ နောက်ဆုံး၌၊ (၁) လူလူချင်း ရက်စက်စွာသတ်မှု၊ (၂) ခိုးယူတိုက်ခိုက်မှု၊ (၃) ကာမသောင်းကျန်းမှု စသောအပြစ်ကြီးများကိုပင်ကျူး လွန်လျက် လူထု၏ ရန်သူဘဝသို့ပင် ဆိုက်ရောက် ရမည်မှာ သေချာသည်။

သို့ဖြစ်ရာ ဒုစရိုက်မှု၏ ရှေ့ပြေးဖြစ်သော သေရည်သေရက် သောက်စားခြင်းကြောင့် ထိုသေရည်သေရက်၏ နောက်လိုက် ဖြစ်သော ဤလိုဆိုးဝါးမှုများကို လွန်ကျူးနိုင်သည်ဖြစ်သော ကြောင့် အသောက်အစားဘက်လျှင် ရှေးဦးစွာ ကိုယ်ကျင့် သီလ ပျက်စီးရမည်ဟု နားလည်မှုရှိရန်မှာ ဤစာဘတ်သူတို့၏ တာဝန်သာတည်း။

(သောက်စား မူးယစ်မှုကြောင့် ကိုယ်ကျင့်တရားပျက်ကွက်၍ ရက် စက်စွာ ပြုမူပုံကိုလည်း ပွဲတော်တည်ရာ အမဲဟင်းမပါသည့်အတွက် သူ့ရင်ခွင်ထက်က သားတော်လေးကို ချက်ပြုတ်ကျွေးလှော်၍ပွဲတော် တည်စေသော ရှေးဟောင်းဇာတ်တော်လာ ဘုရင်တပါး၏ အမှား တော်ပုံစသည်တို့ကပင် သက်သေခံလေပြီ။)

**ဂုဏ်သိက္ခာပျက်ရခြင်း** သောက်စားခြင်းကြောင့် ကိုယ်ကျင့် သီလပျက်ရသည်သာမက မိမိ၌ရှိပြီး ဖြစ်သော ဂုဏ်သိက္ခာများသည် ပျက်စီးနိုင်ပြန်သည်။ လောကီ လူသားတို့ အမြတ်တနိုးထားကြသော လောကဂုဏ်တို့သည် လူကမပြုပြင်ရဘဲ သူ့အလိုအလျောက် အညွန့်အခက်တွေ

ဝေဆာလာသော အလှေပေါက် သစ်ပင်မျိုး မဟုတ်ကြပေ၊ ခဲခဲယဉ်းယဉ်းစိုက်ပျိုးလျက်တမင်ပြုပြင်မှသာအပွင့်ပွင့်ရသော ပန်းပင်များသဖွယ် ဖြစ်လေသည်။

သို့သော် ဂုဏ်သိက္ခာ သည် ရခဲ သလောက် အသောက် အစားဖက်လျှင် ပျက်လွယ်တတ်သောအရာဝတ္ထု တမျိုးဖြစ် သည်ကိုလည်း မျက်မြင်လောကကြီးကပင် သရုပ်ဖော်လျက် ရှိပြန်သည်။ ဥပမာပြရလျှင်၊ မူလကပညာကြောင့် ဂုဏ်တက် ခဲ့ရသူဖြစ်လျက် နောက်၌ အသောက် အစား ဖက် လာ ခြင်း ကြောင့် သူ၏ ပညာဂုဏ် စံချိန်ကျဆင်း သွားရခြင်း၊ မူလက တိမတ်သော သမာဓိဂုဏ်ကြောင့် သူတပါးအပေါ်၌ သြဇာ ညောင်းသူဖြစ်ခဲ့လျက်သောက်စားမှုကြောင့် သမာဓိဂုဏ်ပျက်၍ သြဇာမဲ့ဖြစ်သွားရခြင်း၊ ကြီးပွားနိုင်သော အရည်အချင်းရှိသူ ဖြစ်လျက် အသောက်အစားသမားဖြစ်နေခြင်းကြောင့် ကြီးပွား သင့်သလောက်မကြီးပွားရခြင်း စသည်တို့ပင်ဖြစ်သည်။

သို့ဖြစ်ရာ သောက်စားမှုကိုအကြောင်းပြု၍ဂုဏ်သိက္ခာများ လည်း ပျက်ရသဖြင့် မည်သူမဆို အသောက် အစားဖက်လျှင် ရှိပြီးဖြစ်သော ဂုဏ်သိက္ခာများ ပျက်စီးတတ်သည်ဟုနားလည် ထားရန်မှာ ဤစာဘတ်သူတို့၏တာဝန်သာတည်း။

**အသက်စည်းစိမ်ပျက်စီး ဆုံးရှုံးရခြင်း**

ထို့ ပြင်သောက်စားမှု နှင့် အကစား မှုသည် အချင်းချင်း ဆက်စပ်နေသဖြင့် သောက်စားသူသည်သောက်စားရုံနှင့် ရပ်တန့်နေလိမ့်မည် မဟုတ်ဘဲ၊ သောက်စားပြီးသည့် နောက် အလောင်းအစားဘက်လာသည်။ သောက်စားရေးမှိုင်းမိသည့် အတွက် စီးပွားရေးဘက်၌လည်း စိတ်မဝင်စားတော့ပေ။

ဤနည်းဖြင့်ပင် သောက်စားခြင်းကြောင့် ရပြီးစည်းစိမ်များ ပျက်ရခြင်း၊ မရသေးသောစည်းစိမ် ဥစ္စာများကိုလည်း မရ တော့ခြင်းစသော မျက်မှောက်အကျိုးမဲ့မှုတို့လည်း ဖြစ်ပေါ် လာရပြန်သည်။ ထို့ထက်တဆင့်တက်၍ပြောရသော်၊ သောက် စားခြင်းကြောင့် အသက်အန္တရာယ်ထိခိုက်ရသည့်အထိမိမိ၏ ဘဝဆုံးရှုံးမှုပင် ဖြစ်နိုင်သည်ဟု နောက်ဆုံးမှတ်တမ်းတင်ရန် ဖြစ်သည်။

[သေရည်, သေရက် သောက်ရာမှ မူးယစ်နေခိုက်တွင် နောက်မှ ရောက်လာသော တာဝတိံသာ နတ်သစ်တို့က အောက်သို့တွန်းချ သဖြင့်၊ ၎င်းတာဝတိံသာ နတ်ဟောင်းတို့ဘုံပြောင်းကာ အဆင့် အတန်းလျှောကျခဲ့ရပုံ, မဟာဓန သေဌေးသား သည် ကုဋေများစွာ သော မိဘ၏အမွေအနှစ်တို့ကို လက်ဝယ်ရရှိထားသူဖြစ်လျက်သောက် စားမူးရူးအပျော်ကျူးမှုကြောင့် စည်းစိမ် ဥစ္စာ ပျက်၍ နောက်ဆုံး၌ ၎င်းမဟာဓန သေဌေးသား လူတန်းစား ပစ္စည်းမဲ့ဘဝသို့ရောက်ခဲ့ရပုံ, မြန်မာရာဇဝင်၌ တပင်ရွှေထီးသည် ဘုန်းတံခိုးကြီးသူ (ဘုရင်တပါး) ဖြစ်သော်လည်း အသောက်အစား အားကြီးသည့်အတွက် သူတပါး လက်နက်ဖြင့် နတ်ရွာစံရပုံ စသည်တို့သည် သောက်စားမှုကြောင့် အသက်စည်းစိမ် ဆုံးရှုံးရာ၌ထင်ရှားသောသက်သေတို့ပင်တည်း။]

**နောင်တမလွန်ပြစ်များ** ဤဆိုခဲ့သော ဆုံးရှုံးမှုတို့သည် နောင် ကြွေးမထားဘဲ လက်ငင်းတွေ့နိုင်သော လောကပြစ်တို့သာဖြစ်ကြသည်။ သို့ရာတွင် သောက်စားသူမှာ ဤမျှလောက်ဖြင့် ကျိမ်းကျေမည်မဟုတ်ဘဲ နောင်သံသရာ၌ ထို့ထက်ကြောက်ဖွယ်ဖြစ်သော အပါယ်ဘေးနှင့်လည်းရင်ဆိုင် ရဦးမည်မှာသေချာသည်။

ထိုစကားအရ ရှင်းကြစို့ —တခါသောက်ဘူးသူသည် **''သောက်စရာရှိလျှင်-သောက်ချင်ချင်''**ဖြစ်ပြီး၊တကြိမ်မကနှစ်ကြိမ်မက နေ့ရက်ရှိသမျှသောက်စားမှု၌သာ ပျော်ပိုက်နေပေလိမ့်မည်။ သူ၏လမ်းစဉ်အရ သောက်စားရာမှ ဝါရင့်၍အမူးသမားဖြစ်လာသော တနေ့၌ မွန်မြတ်သော အသိတရားများ ခေါင်းပါးလာပြီးလျှင် သူတပါး အသက်ကို လည်း သတ်ရဲ, ဖြတ်ရဲဖြစ်လာသည်၊ အကယ်၍ စိတ် အ ခန့်မသင့်က လမ်းမှန်ကိုမစီစစ်တော့ဘဲ ကျေးဇူးရှင်ဖြစ်သူ၏ အ သက် ကို သော်လည်းအညှာပေးတော့မည်မဟုတ်ချေ။

၌နည်းအားဖြင့် လူသတ်မှုကိုပင် ကျူးလွန်လျက် သေပြီးသည်မှနောက်၌ ထိုပါဏာတိပါတကံ-အရ ငရဲသို့ကျရခြင်း၊ ငရဲမှလွတ်၍ လူဖြစ်ရပြန်သောအခါ၌လည်း အသက်တိုရခြင်း, ရန်များခြင်း စသောမကောင်းကျိုးများကို ဆိုးမွေ အဖြစ်ဖြင့် ခံရတတ်ပြန်သည်။ သောက်စားမှုကို အကြောင်းပြု၍ အခြား ခိုးယူတိုက်ခိုက်မှု, ကာမ- သောင်းကျန်းမှု စသည်တို့ကို လွန်ကျူးပြီးနောက် အပါယ် ကျရောက် ရာ၌လည်း အလားတူသာတည်း။

သို့ဖြစ်ရာ သောက်စားခြင်းကြောင့် ၌ဘဝ၌ တွေ့ရသော မျက်မှောက်အခွင့်အရေး ဆုံးရှုံးမှုထက် နောက် တမလွန်၌ တွေ့ရမည့်အခွင့်အရေး ဆုံးရှုံးမှုကြီးက သာလွန်၍ ကြောက်ဖွယ်ပါတကားဟု စဉ်းစား ဆင်ခြင် ကြရမှာ လူ့တန်ဘိုးကို နားလည်သူတိုင်း၏ တာဝန်ဖြစ်လေသည်။

**ဗုဒ္ဓမိန့်ခွန်းတော်** ဗုဒ္ဓရှင်တော်မြတ်ကလည်း ထိုသောက်စားခြင်း၏အပြစ်ကိုပင် ရည်ရွယ်တော်မူလျက် **"သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယ သံဝတ္တနိကံ"**(ရဟန်းတို့-အကြိမ်များစွာသောက်ထားသော သေရည်,သေရက်ကပင်ထိုအကြိမ်များစွာသောက်တတ်သူ အမူးသမား အရူးသမားကို ငရဲ၌လည်းဖြစ်စေနိုင်၏, တိရစ္ဆာန်မျိုး၌လည်း ဖြစ်စေနိုင်၏, ပြိတ္တာမျိုး၌လည်း ဖြစ်စေနိုင်၏၊ သောက်စားမှုကမပြောပလောက်၍ အပါယ်မကျနိုင်ဟုဆိုရသည်တိုင်အောင် အယုတ်ဆုံး လူဖြစ်ရတဲ့အခါ လူရူး, လူနမ်းဘဝ မှာ ကား လွတ်မည် မဟုတ်ပေ) ဟု အင်္ဂုတ္တရပါဠိတော်၌ တိုက်ရိုက်မိန့်တော်မူသည်။

သောက်စားခြင်းအပြစ်ဖော်ပြခန်းပြီး၏။

---

## ညွှန်ပြနိုးဆော်ခန်း

**မင်္ဂလာဟူသည်မှာ** ကုသိုလ်တရား တိုးပွားမှုပင် ဖြစ်သည်ဟု နားလည်ခဲ့ပါလျှင်၊အကုသိုလ်(ဒုစရိုက်) ဖြစ်မှုကို အများဆုံး အားပေး တတ်သော သောက်စားမှုသည်လည်း ထိုမင်္ဂလာ၏ ဆန့်ကျင်ဘက်ပင်ဖြစ်သည်ဟု အလိုအလျောက်နားလည်ပြီး ဖြစ်ပါလိမ့်မည်။

သောက်စားမှုကြောင့်—

၁။ ကိုယ်ကျင့် သီလ ပျက်ရခြင်း၊

၂။ ဂုဏ်,သိက္ခာပျက်ရခြင်း၊

၃။ အသက် စည်းစိမ်ဆုံးရှုံးနိုင်ခြင်း၊

၄။ အပါယ်လေးပါးသို့ လားရခြင်း

စသော မျက်မှောက်ဆိုးရှုံးမှု၊မျက်ကွယ်တမလွန်ဆိုးရှုံးမှုများ ဖြစ်နိုင်ကြောင်းကိုလည်း အောက်အခန်း၌ အနုစိတ် ဝေခွဲပြခဲ့လေပြီ၊ ခြုံ၍ရေးရသော် သောက်စားမှုကြောင့် ဤမဇ္ဈပါန သံယမ မင်္ဂလာတပါးတည်း ပျက်နိုင်သည်သာမက, ဆိုခဲ့ပြီး ဆိုရလတ္တံ့ ဖြစ်သော မင်္ဂလာအားလုံးပင် ပျက်နိုင် သည်ဟု ဆိုရုံမှတပါး အခြားချွတ်ယွင်းရန် နည်းလမ်းမရှိတော့ပါ။

သို့ရာတွင် သင့်ရုံမျှသာ သောက်၍ ဒုစရိုက်ကိုမှ မပြုလျှင် အပြစ်မဖြစ်နိုင်သောကြောင့် မင်္ဂလာလည်း ပျက်မည် မဟုတ်ပါဟု ဆင်ခြေပေးလိုသူများ ရှိကောင်း ရှိကြ ပေ လိမ့် မည်။ အမှန်မှာ သောက်စား သူ တိုင်း ပင် ကိုယ့်စိတ် ကိုယ်မနိုင်၍ သောက်စားကြရသည်ဖြစ်ရာ၊ သောက်စားပြီးနောက် အပြစ် မရောက်စေရပါဟု အဘယ်မှာ ကိုယ်မှု, နှုတ်မှု များကို ထိန်းသိမ်းထားနိုင်ပါမည်နည်း၊ စဉ်းစားကြပါလေ။

သို့သော် အပြစ်ဖြစ်အောင်သောက်သည်ဖြစ်စေ,မသောက်သည်ဖြစ်စေ သောက်သူမှာ ''သောက်စား မူး ယစ် ခြင်း မှ ရှောင်ကြဉ်ရမည်'' ဟူသော ကမ္မဝါစည်းမျဉ်းကြီး တခုကို ပြောင်ပြောင်ကြီး ချိုးဖောက်ရာရောက်သည်ကား အမှန်သာ တည်း။

## သောက်စားမှုမှရှောင်ပါ

(က) မူးယစ်သောက်စားလျှင် ရမ်းကားလျက် တရားမဲ့တတ်သည်။

(ခ) တရားမဲ့၍ ထင်ရာလုပ်လျှင်မျက်မှောက်လောက၌ပင် အသက်, စည်းစိမ်, ဂုဏ်သိရေသည်တို့ ပျက်စီးရမည် ဖြစ်ပါသည်။

(ဂ) ဤမျှမကသေးဘဲနောက်နောင်၌လည်း အပါယ်ကျ၍ ဆင်းရဲရမည်။

(ဃ) သောက်စားခြင်းကြောင့် လောကီကျေးဇူး, လောကုတ္တရာကျေးဇူး ၂ မျိုးလုံးဆုတ်ယုတ်၍ ကာလရှည်လျားစွာ ဝဋ်ထဲ၌နစ်မြုတ်ဆင်းရဲရမည်။

(င) သို့ဖြစ်ရာ ဤလိုမြွေ်တွေးလျက် သောက်စားခြင်းမှ ဝေးဝေးရှောင်ပါဟု သင့်-အား ညွှန်ပြနှိုးဆော်လိုပါကြောင်း။

ဆောင်ပုဒ်....

၁။ မူးယစ် သောက်စား၊ လူရမ်းကား၊ တရားမဲ့တတ်သည်။
၂။ တရားမဲ့လျှင်၊ လောကတွင်၊ မျက်မြင်ပျက်စီးမည်။
၃။ နောက်နောင်မှာလဲ၊ ထိုထက်ကဲ၊ ငရဲကျနိုင်သည်။
၄။ လောကီ,လောကုတ်၊ကျေးဇူးယုတ်၊နစ်မြုတ်ဝဋ်တာရှည်။
၅။ ဤလိုမြွေ်တွေး၊ သောက်စားရေး၊ ဝေးဝေးရှောင်ရမည်။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၂၁

## ဓမ္မအပ္ပမာဒမင်္ဂလာ

**အပ္ပမာဒေါ်စေမွေ့သု** ကောင်းရေး,ကောင်းမှုတရားတို့၌ မမေ့လျော့ခြင်းသည်လည်း ကုသိုလ် တရားတိုးပွားရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၂၁ ပါးမြောက် မင်္ဂလာကိုပင်“ဓမ္မအပ္ပမာဒမင်္ဂလာ” ဟု ခေါ်ဆိုသည်။

[ဓမ္မ-ကောင်းရေး ကောင်းမှုတရား။ အပ္ပမာဒ - မမေ့လျော့ခြင်း (သတိ)။ မင်္ဂလာ-ကုသိုလ်တရားတိုးပွားရင့်ကျက်မှု]။

## သတိပြဿနာဖြေရှင်းခန်း

**ကုသိုလ်၌အမှတ်ရနေမှုသည်ပင် သတိဖြစ်ခြင်း၊** ဤဓမ္မ အပ္ပမာဒ မင်္ဂလာတရားတော်အရ ကုသိုလ်တရားတို့၌မမေ့မလျော့ခြင်းဟူသည်မှာ ပြုသင့် ပြုထိုက်သော အမှု ကိစ္စ တို့၌ ငါ ပြု လုပ် ရလိမ့်မည်၊ ငါပြုလုပ် ဆောင်ရွက်မှသင့်လျော်မည်ဟု စွဲစွဲမြဲမြဲ အမှတ်ရနေမှုပင် ဖြစ်သည်။ ထိုကဲ့သို့သော အမှတ်ရမှုမျိုးကိုပင် **သတိ** ဟုဆိုရ၏။

သို့သော် အမှတ်ရမှုတိုင်းကို သတိဟုမဆိုရ၊ ပြုသင့်ပြုထိုက်သော ကုသိုလ်တရားတို့၌ ခိုင်မြဲသော အမှတ်ရမှု ကိုသာလျှင် သတိဟုဆိုရသည်။ ထို့ကြောင့် အပ္ပမာဒအရ မမေ့လျော့မှုဟူသည် အမှတ်ရမှုပင်ဖြစ်သည်။ အမှတ်ရမှု ဟူသည်မှာလည်း မြေ၌စိုက်ထားသော ကျောက်တိုင်ကြီးသည် မြေပေါ်၌ ခိုင်မြဲနေသကဲ့သို့ ပြုသင့်ပြုထိုက်သော အမှုကိစ္စထဲ၌ ခိုင်မြဲနေသော သတိပင်တည်းဟုမှတ်ရမည်။

လွန်တိုင်းမကောင်းသော တရားများ

ဆက်ဦးအံ့။ ကုသိုလ်တွေအကြိမ်ကြိမ် ဖြစ်လာအောင် လှုံ့ဆော်ပေးရာ၌ သတိကဲ့သို့ပင် အထွင့်အထိပ် ဖြစ်၍ သူ့နေရာနှင့်သူ အရေးပါအရာရောက်သော အခြားလက်ရွေးစင် တရားတို့လည်း ရှိကြသေး၏။

ထိုတရားတို့မှာကား—

၁။ **သဒ္ဓါ** (စိတ်နောက်ကို ကြည်စေမှု)၊
၂။ **ပညာ** (အမှန်ကိုသိမှု)၊
၃။ **ဝီရိယ** (ကြိုးပမ်းမှု)၊
၄။ **သမာဓိ** (အာရုံ တမျိုးထဲ၌ တည်ငြိမ် နေမှု) တို့ပင်တည်း။

သို့သော် ယင်းတရား ၄ မျိုးတို့ကို ကုသိုလ်ကို ဖြစ်စေရာ၌ အမှန်လိုအပ်သည်ဟုဆိုရသည်တိုင်အောင် လိုအပ်သောစံချိန်ထက် ပိုလွန်ပြန်လျှင်လည်း မကောင်းဟုဆိုရပြန်လေသည်။

အဘယ့်ကြောင့်ဆိုသော် ပညာကနည်း၍ သဒ္ဓါက လွန်နေလျှင် ထိုသဒ္ဓါလွန်မှုကြောင့် အမှောက်မှောက် အမှားမှား ဖြစ်ရခြင်း၊ သဒ္ဓါကနည်းပါး၍ ပညာကလွန်နေပြန်လျှင်လည်း ထိုပညာ လွန်မှုကြောင့်ပင် "**သူများထက်ထူး နဖူးချွဲပေါက်**" ဆိုသကဲ့သို့ဖြစ်ကာ အရာရာ၌ ဝေဘန်မှုတွေ များ၍ ကုသိုလ် အဖြစ် နည်းတတ်ခြင်း၊ သမာဓိနည်းပါး၍ ဝီရိယ လွန်ကဲလျှင် ထိုဝီရိယ လွန်မှုကြောင့် လုပ်အားတွေ များသလောက် မပြီးမြောက်သဖြင့် စိတ်ပြန့်လွင့် လာတတ်ခြင်း၊ ဝီရိယကနည်းပါး၍

သမာဓိက လွန်နေပြန်လျှင်လည်း အလုပ်မတွင်ကျယ်၍ ပျင်းရိ လာတတ်ခြင်းစသော ချွတ်ယွင်းချက်များ ပေါ်ပေါက် လာရ ပြန်သောကြောင့် ဖြစ်လေသည်။

အမှန်မှာသဒ္ဓါနှင့်ပညာ၊ဝီရိယနှင့်သမာဓိတို့ကအချင်းချင်း မိတ်ဖက်ကြ၍ ညီမျှနေမှသာလျှင် ချွတ်ယွင်းချက်ကင်း၍၊ ထို ၄-မျိုးတို့၏အကျိုးက တန်ဘိုးရှိသည်ဟု ဆိုရလေသည်။

**မလွန်နိုင်သောသတိ** သို့ရာတွင် ကုသိုလ်ဖြစ်ရေး၌ အမှတ်ရမှု (သတိ) သည်ကား သဒ္ဓါစသည်တို့ကဲ့သို့ မည်သည့် အခါ၌မှ ပိုလွန်နေသည်ဟူ၍ မရှိနိုင်ပေ။ **သတိပန သဗ္ဗတ္ထ ဗလဝတီဝဋ္ဋတိ** (လိုသာ လို၍ မပို)ဟု အဋ္ဌကထာ ဆရာကြီးတို့ မှတ်ချက် ချသည့်အတိုင်း နေရာတိုင်း၌ သတိက လိုလိုနေသည်ကိုသာ တွေ့ရသည်။

အကယ်၍ မိမိကသတိရှိသူ၊ သတိကောင်းသူ ဖြစ်နေခဲ့ပါမူ ထိုသတိတရားကပင် **သတိမန္တ** (သတိရှိသူ၊ သတိကောင်းသူ) ဖြစ်သော မိမိအားကုသိုလ်ရေး၌ မေ့လျော့မှုမဖြစ်စေရန် အမြဲ အမှတ်ရနေစေလိမ့်မည်။ (အမြဲ သတိပေးသလို ဖြစ်နေပေ လိမ့်မည်)။

ပမာအားဖြင့်ဆိုသော် စကြာမင်းကြီး၏ ဘဏ္ဍာတော်ကို ထိန်းသိမ်းရသော ရွှေတိုက်စိုးအမတ်သည် သူထိန်းသိမ်းနေရ သော အဘိုးတန်ရတနာတို့ကို မည်၍မည်မျှရှိသည်ဟု စာရင်း ပြကာ အခါခါပင် ဘဏ္ဍာတော်ပိုင်ရှင်ဖြစ်သော စကြာမင်း ကြီးကို အမှတ်ရနေစေသကဲ့သို့ပင်တည်း။

သတိပြဿနာဖြေရှင်းခန်းပြီး၏။

## သတိစွဲမြဲရေးဖော်ပြခန်း

ဤဓမ္မအပ္ပမာဒမင်္ဂလာတရားတော်အရ အမှတ်ရမှု(သတိတရား)ကို အလုပ်သို့ ရှေးရှုသောစိတ်ထဲ၌ မြဲဝယ်စိုက်ထားသော ကျောက်တိုင်ကြီးပမာ အခါခပ်သိမ်း စွဲမြဲနေရမည် ဖြစ်လေသည်။ ထိုသတိ၏စွဲမြဲမှုသည်လည်း ဌာနအလိုက် အနုစိတ်ခွဲဝေလျှင် အလွန်ကျယ်ဝန်းမည်ဖြစ်၏။ သို့သော် အကြမ်းအားဖြင့် အကျဉ်းခွဲဝေပြရလျှင်—

**၁။ လောကရေး၌ သတိစွဲမြဲမှု၊**

**၂။ ဓမ္မရေး၌ သတိစွဲမြဲမှု**

ဟူ၍ ဤ ၂ ပါးသာလျှင် အသားတင်အဖြစ်ဖြင့် ပေါ်ထွက်လာပေလိမ့်မည်။ (ထိုတွင် လောကရေးဟူသည် နိုင်ငံရေး, စီးပွါးရေး, နေထိုင်ရေး, အသက်စည်းစိမ် ကာကွယ် ရေးစသည်တို့ဖြစ်၍၊ဓမ္မရေးဟူသည်မှာ ကိုယ်ကျင့်သီလပြည့်ဝရေး, သမာဓိထူထောင်ရေး, တရားအားထုတ်ရေးတို့ပင်တည်း။)

**လောကရေး၌ သတိစွဲမြဲမှု**

လူတိုင်း ပြဿနာတရပ်အနေဖြင့် ရင်ဆိုင်နေရသော လောကရေးတို့အနက် စီးပွါးရေးနှင့် စပ်လျှင်း၍ ဖြစ်စေ, နိုင်ငံရေးနှင့် စပ်လျှင်း၍ဖြစ်စေ, သို့မဟုတ် နေထိုင်ရေးနှင့်စပ်လျှင်း၍ဖြစ်စေ, အလုပ် တခုကို ဆောင်ရွက်ရာ၌ **''သတိ တမန်-ဥာဏ်မြေကတုတ်''** ဆိုသည့်အတိုင်း မှားယွင်းတိမ်းစောင်းမှု မရှိစေရန် အမြဲအားဖြင့် သတိရှေ့ထားခြင်းကိုပင် လောကရေး၌ သတိစွဲမြဲမှု ဖြစ်၏ဟု ဆိုရသည်။ ဤကဲ့သို့ သတိ စွဲမြဲ နေသူကိုလည်း **ဥပဋ္ဌိတ သတိ** (အမြဲ သတိ ထင်လာသူ)ဟု ကျမ်းဂန်တို့၌ ချီးကျူးထားပြန်သည်။

လူတိုင်းပင် **ဥပဋ္ဌိတသတိ**(သတိစွဲမြဲသူ)ဖြစ်နေရန် လိုအပ်ပါသည်။ အကယ်၍ **ဥပဋ္ဌိတ သတိ** (သတိ စွဲမြဲသူ) မဟုတ်ခဲ့ပါလျှင် ပညာရှင်ဖြစ်စေကာမူ “**ပညာရှိ-သတိဖြစ်ခဲ**”ဆိုသည့်အတိုင်း သတိလစ်လပ်မှုကြောင့် ဆောင်ရွက်သောကိစ္စများမှာ စေ့စပ်မှု မရှိဘဲ မြင်းကောင်း ခွါလိပ် ဖြစ်ရမည်သာတည်း။

ဤအရာ၌ ဤစာဘတ်သူ (သင့်)ကိုပင် ဥပမာ ဆောင်၍ပြကြပါစို့။ သင်သည် အလုပ် တခု ဆောင်ရွက်ရာ၌ လုပ်ရည် (ပညာ)နှင့် လုပ်အား(ဝီရိယ) ရှိသူ ဖြစ်သည်ဟု ဆိုရသည်တိုင်အောင် တကယ် လက်တွေ့ ဆောင်ရွက်ရာ၌ သတိလစ်၍ ခြေလှမ်းတချက် တိမ်းသွား ခဲ့ပါလျှင် သင်-ဆောင်ရွက်သော အမှုကိစ္စသည် မအောင်မြင်ဘဲသော်လည်း ဖြစ်သွားနိုင်သည်။ အကယ်၍အောင်မြင်သည်ဟု ဆိုရသည်တိုင်အောင်အမဲကွက်စွန်းသော အောင်မြင်မှုတရပ်သာ ဖြစ်လိမ့်မည်။ ထို့ပြင် ပြောဆိုရာ၌လည်း နှုတ်ရည် ပညာပင် ရှိပြီးစေကာမူ သတိလစ်၍ တာဝန်မဲ့ စကားမျိုး ကို ပြောမိပါလျှင် သင်၏ စကားသည် ပညာရှိစကားမပီသဘဲ“**စကားလွန်လျှင်-နုတ်မရ**”ဆိုသကဲ့သို့ လွန်ကျွန်ရာသို့ ရောက်လျက် သူတပါး ကဲ့ရဲ့ဘွယ် ဖြစ်ရမည်သာတည်း။

အကယ်၍ အခွင့် အခန့် မတော်က “**နှုတ်ကြောင့်သေ**” ဆိုသည့်အတိုင်းသင်၏စကားကပင်သင့်အသက်ကိုအန္တရာယ်ဖြစ်စေနိုင် ပြန်လေသည်။ (အခြား နိုင်ငံရေး,စီးပွါးရေးစသည်တို့၌ သတိ မမူဘဲ၊ အမှုမဲ့, အမှတ်မဲ့ ဆောင်ရွက် ခြင်းကြောင့် ခြေလှမ်းမှား၍ သူကျိုး, ကိုယ်ကျိုး ထိခိုက်နိုင်ပုံ စသည်တို့ကိုလည်း မျက်မြင်လောကကြီးကပင် သက်သေခံလေပြီ။)

**သတိစွဲမြဲရကျိုး**

အကယ်၍ ပြုသင့် ပြုထိုက်သော လောကရေးများ၌ မည်သည့် အရာကိုပင် ဖြစ်စေ သတိရှေ့ထား၍ စဉ်းစဉ်းစားစား ဆောင်ရွက်နိုင်ပါလျှင် ထိုမှ အပြန်အလှန်ဖြစ်သော အလုပ်ကိစ္စ ပြီးမြောက် အောင်မြင်မှု, သူတပါး ရေပက် မဝင်နိုင် လောက်အောင် စေ့စပ် သေချာမှု, သူကျိုး, ကိုယ်ကျိုး ရှိမှု စသော အကျိုးများ ကိုလည်း ရနိုင်သည်ဟု မှတ်ရမည်၊ အယုတ်ဆုံးပြောရသော် အိပ်စက်သည့် အခါ၌ပင် သတိရှေ့ထား၍ အိပ်စက်သူအား—

၁။ ချမ်းသာစွာ အိပ်ပျော်ရခြင်း၊

၂။ ချမ်းသာစွာ နိုးကြားရခြင်း၊

၃။ အိပ်မက်ဆိုး မမြင်မက်ခြင်း၊

၄။ နတ်များစောင့်ရှောက်ရခြင်း၊

၅။ သုတ်မလွှတ်ခြင်း

ဟူသော ဤအကျိုး၅ပါး ဖြစ်လာနိုင်သည်ဟု ဗုဒ္ဓ ရှင်တော်မြတ်က မိန့်တော်မူသည်။

အိပ်မှုဖြင့် အချိန်ကုန်ရမည့် အကာလ (ည)အချိန်၌ပင် သတိ စွဲမြဲမှု၏ အကျိုးကို ရနိုင်သေးပါက အလုပ် ကိစ္စဖြင့် အချိန်ကုန်ရမည့် အခြားအခါမျိုးမှုကား အဘယ်ဆိုဘွယ်ရာ ရှိတော့မည်နည်း။ သတိစွဲမြဲမှုကြောင့် မည်မျှလောက် အကျိုး အမြတ် ရှိနိုင်သည်ကို ခန့်မှန်း နိုင်လောက်ပါသည်။ **သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ** [ရဟန်းတို့ မမေ့မလျော့မှု (သတိ တရား)ကို အကျိုး အားလုံး ပြီးစေ နိုင်သော တရား

ဟူ၍ ငါ-မိန့်တော်မူ၏]ဟု ဟောတော်မူသော ဗုဒ္ဓ၏ စကား တော် သည်လည်း ဤအရာ၌ အလုံ လောက်ဆုံး အထောက် အထား တခုပေတည်း။

**ဓမ္မရေး၌သတိစွဲမြဲမှု** ထို့ပြင် ကုသိုလ်ရေး၌ မေ့လျော့မှုမရှိဘဲ ငါ ကြိုးစားမှ သင့် လျော် လိမ့် မည် ဟု သွေးမစေဘဲလျက် အမြဲအားဖြင့် **အမှတ်** ရနေသည်ကိုပင် ဓမ္မရေး၌ သတိစွဲမြဲမှု ဖြစ်သည်ဟု ဆိုရလေသည်။ ထိုကဲ့သို့ သတိစွဲမြဲနေသူသည် မိမိအား ဒုက္ခပေးမည့် အကုသိုလ်တရား တို့ကို အမြဲတိုက်စစ်ဆင်လျက် ပြုသင့် ပြုထိုက်သော ကုသိုလ် တရားတို့ကို အခွင့်အခါသင့်တိုင်း ပြုလုပ်နေမည်သာ ဖြစ်၏။

သို့ဖြစ်ရာ လောကရေး၌သတိစွဲမြဲမှုကြောင့် မသိန်ငယ်သော လောကကျိုးများကို ခံစားရသကဲ့သို့၊ ဓမ္မရေး၌ သတိစွဲမြဲမှု ကြောင့်လည်း လောကသားတိုင်း လိုလားအပ်သောအပါယ် ဘေးမှ လွတ်မြောက်မှု, ဘဝဂတိ သန့်ရှင်းမှု, ဘဝစည်းစိမ် လုံလောက်မှုစသည့် နောင်တမလွန်အကျိုးတရားများကို ခံစား ရမည်ဖြစ်လေသည်။

အ ကယ် ၍ သတိ စွဲ မြဲ မှု က ရင့်ကျက်လျက် **သတော သမ္ပဇာနော** ဟု ဟောတော်မူသည့်အတိုင်း အမှတ်ရမှု(သတိ) နှင့် အမှန်ကိုသိမှု (ပညာ) တို့သည် အရာရာမှာ ပူးပေါင်း ယှဉ်တွဲနေခဲ့ပါမူ ဒုက္ခနှင့်ရောယှက်နေသော ဘဝစည်းစိမ်ကိုပင် မီးလောင် တိုက် လို အ ထင် ရောက် ကာ အမြင်မှန်ရသဖြင့် ထို့ထက်အဆများစွာလွန်မြတ်သည့် ဒုက္ခနှင့်မရောယှက်သော ဘဝ လွတ်မြောက်မှု ချမ်းသာကို ရဘို့ရန်မှာလည်း မခဲယဉ်း တော့ပြီ။

**ဗုဒ္ဓမိန့်ခွန်းတော်** ဤဆိုခဲ့သည့်အတိုင်း ဓမ္မရေး၌ သတိစွဲမြဲမှုက နိဗ္ဗာန်အထိ ကျေးဇူးများသဖြင့် ဗုဒ္ဓရှင်တော်မြတ်ကလည်း **ကတမော ဧကော ဓမ္မော ဗဟုကာရော** (ကျေးဇူး များသော တရားမျိုး ဟူသည် အဘယ် တရားပင်ဖြစ်လေ သနည်း)ဟု မေးခွန်းထုတ်ပြီးနောက် **အပ္ပမာဒေါ ကုသလေသု ဓမ္မေသု၊ အယံ ဧကော ဓမ္မော ဗဟုကာရော** (ကုသိုလ်တရားတို့၌ မမေ့မလျော့မှု သတိတရားသည် ရှိခဲ့၏။ ဤတခုတည်းသော သတိသည်ပင် ကျေးဇူး များသော တရားပေတည်း)ဟု ကိုယ်တော်တိုင်ပင် အဖြေထုတ်၍ ဟောတော်မူသည်။ (ဒီဃနိကာယ် ပါထိကဝဂ် ဒသုတ္တရသုတ်)။

ထို့ကြောင့် လောကရေး၌၎င်း, ဓမ္မရေး၌၎င်း မလွန်နိုင်သော သတိကို မြဲဝယ် စိုက်ထားသော ကျောက်တိုင်ကြီးကဲ့သို့ မိမိတို့၏ သန္တာန်၌ စွဲစွဲမြဲမြဲဖြစ်နေစေရန်မှာ လောကကျိုး, လောကုတ္တရာကျိုး ၂ မျိုးလုံးကို လိုလားသော လောကသူ, လောကသားတို့ မလွှဲဖယ် ထိုက်သည့် တာဝန်ကြီးသာဖြစ်သတည်း။

**သတိစွဲမြဲရေးဖော်ပြခန်းပြီး၏။**

# ညွှန်ပြနိုးဆော်ခန်း

**ဤဓမ္မအပ္ပမာဒ**

မင်္ဂလာ တရားတော်အရ၊ လောကရေး, ဓမ္မရေးတို့၌ သတိစွဲမြဲမှုက သက်ဆိုင်ရာ အကျိုးတရားတို့ကို ဖြစ်ထွန်း စည်ကား စေနိုင်သကဲ့သို့ လောကရေး, ဓမ္မရေးတို့၌ သတိမေ့လျော့မှု ကလည်း များစွာသော အကျိုးကျေးဇူးမှ ဆုတ်ယုတ် စေနိုင်လေသည်။

**သေသူ နှင့် ရှင်သူ**

ဗုဒ္ဓရှင်တော်မြတ်က **အပ္ပမတ္တာ န မီယန္တိ, ယေ ပမတ္တာ ယထာ မတာ** (မမေ့ မလျော့သူသည် သေသော်လည်း သေသည် မမည်၊ မေ့လျော့ သူသည်ကား မသေဘဲ အသက်ရှင်နေသော်လည်းသေသူပင်တည်း)ဟု ဟောတော်မူသည်။ (ခုဒ္ဒကနိကာယ် ဓမ္မပဒ,အပ္ပမာဒဝဂ်)။

ဤဗုဒ္ဓ၏ ဟောချက်ကို ထောက်ထားလျှင် မိမိ ကိုယ်တိုင် လူ တယောက် အနေဖြင့် ဖွားစာရင်း ပေး ထား သော်လည်း ပြုသင့် ပြုထိုက်သော လောကရေး, ဓမ္မရေးတို့၌ စိတ်ဝင်စားမှု မရှိဘဲ မေ့လျော့နေခဲ့လျှင်၊ သေ သူနှင့် မ ခြား သဖြင့် ဘုရား အလိုမှာ သေစာရင်းဝင်ပြီးဖြစ်သူဟုဆိုရ၏။ သို့သော်မေ့လျော့ခြင်း မရှိဘဲ၊ ပြုသင့်ပြုထိုက်သော လောကရေး၌၎င်း, ဓမ္မရေး၌၎င်း၊ သတိစွဲမြဲနေခဲ့ပါမူ ထိုသူကိုကား မိမဝင်ဘဲလျက် အာယုသိဒ္ဓိ ပေါက်သူဟုပင် ဆိုရပြန်သည်။

# သတိစွဲမြဲပါ

(က) ပြုသင့်ပြုထိုက်သော လောကရေး, ဓမ္မရေးထဲ၌ ဓမ္မလျော့နေသူကို သေသူဟု သင်-မှတ်ရမည်။

(ခ) မေ့လျော့ခြင်းမရှိဘဲ ကုသိုလ်တရားလမ်းစဉ်ထဲ၌ သတိစွဲမြဲနေသူကိုကား ရှင်သူဟု သင်-မှတ်ရမည်။

(ဂ) သတိသည် ကြေးမုံမှန်နှင့်တူ၍ မိမိပြုသောဆိုးမှု (ကံ)နှင့် ကောင်းမှု (ကံ) များသည် သတိ တည်းဟူသော မှန်ပြင်ထဲ၌ ထင်လာသည့်အရိပ်နှင့် တူသည်။ သတိ(မှန်ပြင်) ထဲ၌ အရိပ်ထင်လာသော ဆိုးမှု, ကောင်းမှု များကို ကြည့်ရှုဝေဘန်ပြီးနောက် အကယ်၍ ဆိုးရိပ်ဆိုးရောင် ထင်လာလျှင် ထိုဆိုးမှု (ကံ) ကို ဉာဏ်ဖြင့် စစ်ဆေး၍ သင်-လှပအောင် ပြင်ဆင်ရမည်။

(ဃ) သတိသည် လိုသာလို၍ ပိုလွန်သည်မရှိသောကြောင့် ဤဓမ္မအပ္ပမာဒ မင်္ဂလာ တရားတော် အရ၊ နေရာတိုင်း၌ပင် သတိစွဲမြဲပါဟု သင့်-အားနှိုးဆော်ပါကြောင်း။

ဆောင်ပုဒ်....

၁။ မေ့လျော့ခဲ့လျှင်၊ သေသူပင်၊ အသင်မှတ်ပါလေ။
၂။ ကုသိုလ်မှုထဲ၊ သတိစွဲ၊ အမြဲရှင်သူပေ။
၃။ သတိမှန်ပြင်၊ ကံ-ရိပ်ထင်၊ ဉာဏ်ယှဉ်လှပစေ။
၄။ သတိထူထောင်၊ မလိုအောင်၊ ကြံဆောင်ကြိုးစားလေ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၂၂

## ဂါရဝမင်္ဂလာ

ဂါရဝေါစ (ရိုသေထိုက်သူတို့ကို) ရို သေ ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွားရင်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၂၂ ပါးမြောက် မင်္ဂလာကိုပင် "ဂါရဝမင်္ဂလာ"ဟု ခေါ်ဆိုသည်။

(ဂါရဝ-ရိုသေထိုက်သူတို့ကို ရိုသေခြင်း။ မင်္ဂလာ-ကုသိုလ်တရား တိုးပွားရင့်ကျက်မှု။)

## ဂါရဝပြဿနာဖြေရှင်းခန်း

**ရိုသေမှုသည်ပင် ယဉ်ကျေးမှု**

ဤဂါရဝမင်္ဂလာ တရားတော်အရ၊ ဂါရဝ ဟူသော စကားလုံးသည် လူတိုင်း၏ နှုတ်ထဲ၌ ရောက် နေသော ပါဠိ စကား ဖြစ် ၍ ထိုစကား၏အဓိပ္ပါယ်ကိုလည်း ရိုသေမှုကိုပင် ဆိုလိုသည်ဟု လူတိုင်းနားလည်ပြီးဖြစ်လေသည်။ ထို ဂါရဝ အရ၊ ရိုသေမှု ဟူသည်မှာလည်း ရိုသေထိုက်သူတို့အပေါ်၌ စိတ်ကလေးစား လျက် ယင်းလေးစားမှုအရ၊ ကိုယ်နှင့်နှုတ်တို့မှ ရိုသေထိုက်သူ အလိုက် ဖြစ်ပေါ် လာရသော အပြု အမူ ကောင်း များ ပင် ဖြစ်၏ဟု ဆိုလိုသည်။

ထိုရိုသေမှုကပင် လူ နှင့် တိရိစ္ဆာန်ကိုလည်း ဘဝအတန်း စားချင်းခွဲခြားပေးသကဲ့သို့ ရှိရကား အကယ်၍သာ လူတိုင်း ပင် ရိုသေမှု (ဂါရဝတရား) မှ လွတ်ကင်းလျက် စည်းမျဉ်း

ချိုတဲ့အရမ်းမဲ့နေထိုင်ဆက်ဆန်ခဲ့ပါမူ လူ့လောကနှင့်တိရိစ္ဆာန် လောကသည်လည်း ထူးမခြားနား ဖြစ်ပေရာ၏။ ထို့ကြောင့် ဤဂါရဝ မင်္ဂလာတရားတော်အရ၊ ရိုသေမှု (ဂါရဝတရား) ကိုပင် လူ့အဖြစ် သရဖူဆောင်းပေးနေသော ယဉ်ကျေးမှုကြီး ဟူ၍လည်း ဆိုရ ပြန်သည်။

**လေးစားမှုနှင့် ရိုသေမှု**

ဆက်ဦးအံ့။ ရိုသေမှု၏ အရင်းခံမှာ လေးစားမှုပင် ဖြစ်၏။ လေးစားမှု မရှိလျှင် ရိုသေမှုလည်း အောင်အောင်မြင်မြင် မဖြစ်နိုင်သောကြောင့် လေးစားမှုနှင့် ရိုသေမှုသည် အချင်းချင်း ခွဲခွါ၍မရကောင်းသော သံကွင်းဆက် သဘောမျိုးသာတည်း။ သို့သော် လေးစားမှုသည် စိတ်နှင့် သက်ဆိုင်သော ကိစ္စဖြစ်၍ ရိုသေမှု သည်ကား ကိုယ်,နှုတ် ၂ မျိုးနှင့် သက်ဆိုင်သောကိစ္စ ဖြစ်လေသည်။ အဘယ့်ကြောင့် ဆိုသော် ရိုသေမှု ဟူသည်မှာ စိတ်၏ လေးစားမှုကအရောင်ဟပ်သဖြင့် ကိုယ်,နှုတ်ထဲ၌ အရိပ်သဖွယ် ထင်လာရသောအမူအရာထူးများပင်ဖြစ်သောကြောင့် ပင်တည်း။

ဥပမာ—ရတနာသုံးပါး ဆရာသမားစသည်တို့ကို စိတ်က လေးစားခြင်းကြောင့် ကိုယ်အမူအရာမှ ရတနာသုံးပါး ဆရာသမား စသည်နှင့် ထိုက်တန်သော လက်အုပ်ချီမှု, ဦးခေါင်းညွတ်မှု,ကုန်း-ကွ သွားလာမှု စသည်တို့ပေါ်ရပြီးနောက် နှုတ်အမူအရာမှလည်း ဂုဏ်ကိုမြှောက်ဆိုမှု,ချိုးမွမ်းပြောဆိုမှုစသည်တို့ ပေါ်ပေါက်လာရ သကဲ့သို့တည်း။

သို့သော် အချို့သူတို့၏ ရိုသေမှုများမှာ စိတ်က လေးစားမှု မရှိသော ဟန်ဆောင် ရိုသေမှုတို့သာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော်လည်း စိတ်မပါဘဲ အရိုအသေ ပြုသူ တို့အား

ကိုယ်,နှုတ် အမူအရာတို့က ဘယ်လိုပင် ဟန်ဆောင် ထားနိုင်သည်ဟု ဆိုရသည့် တိုင်အောင် တနေ့၌ ထိုစိတ်မပါမှုအတွက် အရှိအသေ ပျက်ရမည် သာတည်း။ ထို့ကြောင့် ရှိသေထိုက်သူအပေါ်၌ ရှေးဦးစွာ စိတ်က လေးစားမှု ရှိသင့်သည် ကိုလည်း စွဲမြဲထားရမည်။

**ရှိသေထိုက်သူများ** ဂါရဝအရ၊ ရှိသေမှုကိုပြပြီးနောက်ရှိသေထိုက်သူ များကိုလည်း ပြရမည် ဖြစ်၍၊ ကမ္ဘာ့ယဉ်ကျေးမှုအမြင်ပြောရလျှင်၊ ငယ်သူကကြီးသူကို ရှိသေရသကဲ့သို့၊ ကြီးသူကငယ်သူကို သူနှင့်ထိုက်တန်သလောက်ရှိသေရသော အရာ များလည်း ရှိသောကြောင့် ရှိသေ ရမည့် နယ်နိမိတ် သည်ကား ကျယ်ပြန့်လှပေသည်။

သို့သော် ဤ ဂါရဝ မင်္ဂလာ တရားတော်အရ၊ မရှိသောကမဖြစ် နိုင်သော ရှိသေ ထိုက်သူ များကို အတိ အကျ ဖေါ်ပြရပါလျှင်—

၁။ ဘုရား။
၂။ ပစ္စေကဗုဒ္ဓါ။
၃။ ဗုဒ္ဓသာဝက(ဘုရားတပည့်သား သံဃာများ)။
၄။ ဆရာသမား။
၅။ မိဘ ၂ ပါး။
၆။ အကိုကြီး,အမကြီး စသည်တို့ဖြစ်၏။

ထို့ပြင် ဒီဃနိကာယ် ပါထိကဝဂ် သံဂီတိသုတ်၌ကား—

၁။ ဘုရား၊
၂။ တရား၊
၃။ သံဃာ၊

၄။ ကိုယ်ကျင့် သိက္ခာ၊
၅။ အပ္ပမာဒ တရား၊
၆။ ပဋိသန္ထာရကထာ

ဟု ရှိသေ ထိုက်သော အရာ ၆ မျိုးလာသေး၏။ သို့ရာတွင် အားလုံးခြုံ၍ လူ တိုင်းသိထားရမည့် ရှိသေထိုက်သူ အမျိုးအစားတို့မှာကား—

၁။ ဂုဏဝုဍ္ဎိ (မိမိထက်ဂုဏ်ကြီးသူ)၊

၂။ ဝယဝုဍ္ဎိ (မိမိထက် အသက် သိက္ခာဝါကြီးသူ)

ဟူသော ဤ ၂ မျိုး ၂စားတို့ပင်တည်း။ ထိုတွင် ဂုဏ်ဟူသည် မှာ-လောကုတ္တရာရေး နှင့် ဆက်စပ်သော သီလဂုဏ်, သမာဓိ ဂုဏ်,ပညာဂုဏ်တို့ကိုသာ ဆိုလိုရင်းဖြစ်၏။ သို့သော်လောကီ ရေးအရ၊ ရာထူး (ဌာနန္တရ) ကြီးသူ,ဘုရင်, သမတ, ဝန်ကြီး ချုပ်နှင့်တကွ ဝန်ကြီး, မင်းကြီး, ဗိုလ်မှူးကြီး စသည် တို့ အား ဓမ္မ-လမ်းကြောင်းနှင့် မဆန့်ကျင်က လောကအလိုက်အရိုသေ ပေးမှုကိုကား ဤစာကမတားမြစ်ပါ။

ထို့ပြင်အသက်ကြီးသူဆိုရာ၌ မိမိထက်တရက်, တနာရီ, တမိနစ်ကြီးလျှင်လည်း အကြီးပင်တည်း။ သို့ရာတွင် သာသနာ့ နယ်သား ဖြစ်သော ရဟန်းတော် အချင်းချင်း အရို အသေ ပြုရာ၌ကား အသက်ကြီးမှုသည် လိုရင်းမဟုတ်သိက္ခာဝါကြီးမှု သည်သာ လိုရင်းပဓာနဖြစ်၏။

ဂါရဝပြဿနာဖြေရှင်းခန်းပြီး၏။

# ဂါရဝမွေးမြူရေးဖော်ပြခန်း

ရိုသေထိုက်သူတို့ကို ရိုသေရခြင်းသည် ရှေးသူဟောင်းတို့ မြတ်နိုးအပ်သော ကျင့်ဝတ်ကြီး တခု ဖြစ်သော်လည်း လူ့ယဉ်ကျေးမှုခေလ့ အသိုက်အအုံကြီး ပြိုကွဲခိုက် ဖြစ်နေသော ဤအချိန်၌ကား ရိုသေမှု (ဂါရဝတရား) ခန်းခြောက်လျက် လူ့လောကအသွင် ပျောက်ဆုံးလုမတတ် ဖြစ်ခဲ့ရလေပြီ။

သို့အတွက် လူတိုင်းပင် မိမိတို့၏ ကိုယ့်နှုတ်ထဲမှ ဂါရဝတရားတွေကို ကိုယ်စီကိုယ်စီ မွေးထုတ်ပေးနိုင်ရန် အလို့ငှာ ဤဖော်ပြလတ္တံ့ဖြစ်သော ညွှန်ကြားချက်များကို မျက်နှာမလွှဲနိုင်သော သင်ခန်းစာတရပ်အနေဖြင့်စိတ်ဝင်စားကာလေ့လာထားသင့်သည်ဟု စာဘတ်သူ ပရိသတ်တို့အား ကြိုတင် အသိပေးပါ၏။

**ဂုဏ်ကြီးသူအား ရိုသေရခြင်း**

ရိုသေထိုက်သော အရာ အသီးသီးရှိသည့်အနက်၊ ၁-ဂုဏဝုဍ္ဎိအရ(ဂုဏ်ကြီးသူ)နှင့် ၂-ဝယဝုဍ္ဎိအရ(အသက်ကြီးသူ) ဟူသော ဤ ၂မျိုးကိုအခြေခံမူထား၍ဖော်ပြခဲ့ပါလျှင် သင်-ရိုသေရမည့် ပုဂ္ဂိုလ်အားလုံးသည်လည်း ယင်း ၂မျိုးထဲ၌ပင် အပြည့်အစုံ ပါဝင်သွားပြီဖြစ်ပါလိမ့်မည်။

ပုဂ္ဂိုလ်တဦးတယောက်သည် လောကုတ္တရာရေး လမ်းစဉ်အရ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့က လွန်လွန်ကဲကဲ ဖြစ်၍ မိမိထက်သာလွန်နေခဲ့အံ့၊ ထိုပုဂ္ဂိုလ်သည် မိမိလောက်

အသက် အရွယ် မကြီးသေးသော်လည်း ဂုဏ်အားဖြင့် မိမိထက်ကြီးမြတ် သူပင် တည်း။ သို့ဖြစ်ရာ ထိုကဲ့သို့ ဂုဏ်ကြီးသူ ပုဂ္ဂိုလ်မျိုးကို တွေ့ခဲ့ပါမူ၊ အသက်ပင်ငယ်သော်လည်း မိမိက ဂုဏ်ကိုလေးစားလျက် ထိုပုဂ္ဂိုလ်အား အရိုအသေ ပေးဆက်နိုင်ရမည်။

အထူးအားဖြင့် ဘာ သာ တရား ကို လေးစားသူတိုင်း၏ ဘုရား, သံဃာကိုရိုသေမှု၊ ဆရာ,မိဘ စသည်ကို ရိုသေရမှု ဟူသမျှတို့၌ အသက်ကြီးမှုထက် ဂုဏ်ကြီးမှုကိုသာလျှင် ပဓါန ထား၍ ရိုသေရခြင်းဖြစ်၏။ (လောကဂုဏ်၌ အမြင့်ဆုံးဟု ဆိုရသော စကြာမင်းကြီးကပင် ရှင်ဖြစ်စသာမဏေငယ်အား အရိုအသေ ပေးဆက်ရ သည် ဟူသော ပြောထုံး မှတ်တမ်း သည်လည်း ဤအရာ၌ လိုလောက်သောထောက်ခံချက်တမျိုး ပေတည်း)။

ဗုဒ္ဓရှင်တော်မြတ်သည် ဘုရားဟုဆိုရသော်လည်း စင်စစ် အားဖြင့် ငယ်ရွယ်သူမျှသာဖြစ်၍ ငါတို့လိုအသက်ကြီးသူတို့က သူ့ကိုအရိုအသေပြုရန် မလိုဟု အထင် ရောက် နေကြ သော လူကြီးဒိုင်းဆိုင်ရာ ဆွေတော်,မျိုးတော်တို့အား ဗုဒ္ဓ ရှင်တော် မြတ်က တန်ခိုးပြတော်မူသည်တွင်မှ ဗုဒ္ဓ၏ထူးခြားမှု (တန်ခိုး ဂုဏ်ပုဒ်)တွေကို ဖူးတွေ့ကြရသော ယင်းလူကြီးပိုင်း ဆိုင်ရာ ဆွေတော်,မျိုးတော်တို့က ဗုဒ္ဓသည် ငါတို့လို အသက်ကြီးသူ မဟုတ်စေကာမူ ဂုဏ်အားဖြင့် ငါတို့ထက်သာလွန် ကြီးမြတ် သူပါတကားဟု သဒ္ဓါအားတက်ကြွကာ ဗုဒ္ဓကိုအရိုအသေ ပြုကြသည်မှာလည်း အသက်ကြီးမှုကြောင့်မဟုတ်၊ ဂုဏ်ကြီးမှု ကြောင့်သာဖြစ်သည်ဟုမှတ်ပါ။

ထို့ကြောင့် မိမိလောက် အသက် မကြီးသေးသော်လည်း ကိုယ်ကျင့်သီလဂုဏ်အားဖြင့် မိမိထက် သာလွန် ကြီးမြတ်သူ ဖြစ်နေပါက ထိုကဲ့သို့သောဂုဏ်ကြီးသူပုဂ္ဂိုလ်တို့အား မိမိတို့က အရိုအသေပြုရမည်ဟု နားလည်ထားကြရန်မှာ လူ့ကျင့်ဝတ် သိက္ခာကိုလေးစားသူတိုင်း၏ မလွှဲဖယ်နိုင်သော တာဝန်ကြီး တခုဖြစ်လာရပေသတည်း။

**ကျောင်းသားများ သတိ**

ထို့ပြင် အထူးပြောဘွယ်ရှိပါသေးသည်။ အနာဂတ်မြန်မာပြည်၏ မီးရှူးတန်ဆောင် သဖွယ်ဖြစ်ထိုက်သော ယခုခေတ်ရှိကျောင်းသား, ကျောင်းသူတို့သည် မိမိတို့အား မြေတောင်မြှောက်ပေးသော ဆရာ,ဆရာမများအပေါ်၌ တပည့်ကောင်းတို့အင်္ဂါနှင့် ညီစွာစေတနာသန့်သန့်ထား၍ ရိုသေရမည်ဖြစ်လေသည်။

သို့ရာတွင် လူလူချင်းဘဝတူကဲ့သို့ဖြစ်နေရသောယခုအချိန် ၌ကား ကျောင်းသူ၊ ကျောင်းသားတို့က မိမိတို့၏ ဆရာသမား အပေါ်၌ရိုသေရမည့်ဒီဂရီစံချိန်သည် တိုင်ထိပ်သို့ ရောက်နေ ရမည့်အစား၊ တိုင်ခြေသို့လျှောကျနေသည်ကိုသာတွေ့ရသည်မှာ ဝမ်းနည်းဘွယ်တရပ် ဖြစ်လေသည်။ အမှန်မှာနိမ့်ကျနေသော ထိုဒီဂရီစံချိန်ကို လွတ်လပ်သောပြည်ထောင်စုခေတ်နှင့် ထိုက် တန်အောင်မြှင့်တင်ပေးဘို့ရန် ကျောင်းသား,ကျောင်းသူတိုင်း တာဝန်မကင်းရှိကြသည်ဟု ဆိုချင်ပါသည်။

ဘီလူးတပိုင်းဖြစ်နေသော လူသားစား ပေါရိသာဒမင်းပင် သော်လည်း တရော့တပါးသော မင်းတွေကို သူ၏အာဟာရ အလို့ငှာဘမ်းဆီးရာဝယ် ဆရာဖြစ်ဘူးသောသုတသောမမင်း၏ အလှည့်၌ ဆရာဟူသောလေးစားမှုဖြင့် ရှိခိုးပြီးမှ ရိုသေစွာ

ပွေ့ချီဆောင်ယူသွားသေးသည့်ထုံးကို နှစ်လုံးသွင်းမိပါလျှင် ထမင်းကိုသာစားနေရသော သင်-ကျောင်းသူ၊ ကျောင်းသား၊ တို့သည် မိမိတို့၏ ဆရာ, ဆရာမများအား အဘယ့်ကြောင့် မရိုသေထိုက်ဘဲရှိရအံ့နည်း။

တဘက်မှနေကြည့်လျှင် ချွတ်ယွင်းချက်မကင်းသော ဆရာ, ဆရာမ ဆိုးများလည်း ရှိကောင်းရှိပါလိမ့်မည်။ အကယ်၍ ရှိနေသည့်တိုင်အောင် တော်ရုံ တန်ရုံ ချွတ်ယွင်းချက်များကိုမူ သင်-တို့၏ ရိုသေမှုဒဏ်ကို မခံရပ်နိုင်သဖြင့် သူတို့ကိုယ်တိုင် ပြင်ဆင်ကြရမည်သာတည်း။ သို့သော်လည်း ဆရာ့ဘက်မှ ချွတ်ယွင်းချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆရာမှန်လျှင် ရိုသေရမည်ဟု စွဲမြဲနေဘို့ရန်မှာ သင်-တို့၏ တာဝန်သာဖြစ်သည်ဟု ဤစာရေးသူက အထူး သတိပေးပါသည်။

**အသက်ကြီးသူအား ရိုသေရခြင်း**

ဤ ဆိုအပ်ခဲ့သည့် အတိုင်း ဂုဏ်ကြီးသူကို ရိုသေရသကဲ့သို့အသက်ကြီးသူအားလည်း ရိုသေရမည်ပင်ဖြစ်လေသည်။ အသက်ငယ်သူက အသက်ကြီးသူကိုရိုသေရခြင်းသည် လူမျိုးတိုင်း,ဘာသာတိုင်းကပင် လက်ခံထားသော ကမ္ဘာ့ ယဉ်ကျေးမှု စည်းကမ်းချက်ကြီးလည်း ဖြစ်ပြန်သည်။

သို့ဖြစ်ရာ အထက်၌ သီးသန့်ဖော်ပြခဲ့သော ဗုဒ္ဓဂိုဏ်းဝင်ရဟန်းသံဃာနှင့်ဆက်ဆံရာမှတပါး အခြားလူလူခြင်းဆက်ဆံရေး၌ကား ဂုဏဝုဍ္ဍိ (ဂုဏ်ကြီးမှု)ထက် ဝယဝုဍ္ဍိ (အသက်ကြီးမှု)ကို ပိုပြီး လေးစားမှသာလျှင် ဘာသာတိုင်းက လက်ခံထားသော ကမ္ဘာ့စည်းကမ်းချက်ကို လိုက်နာရာရောက်မည်ဟု လူတိုင်းနားလည်သင့်ပေ၏။

**ဗုဒ္ဓ၏ထောက်ခံချက်** ဗုဒ္ဓရှင်တော်မြတ် သည်လည်း တခါက သိက္ခာဝါကြီးသူတို့ကို ဦးစားပေးခြင်း မရှိဘဲ နေရာလုယက်သော ဆဗ္ဗဂ္ဂီ(၆ ပါးစု)ဂိုဏ်းဝင်ရဟန်း တို့၏ အရိုအသေမဲ့ပုံကို အပြစ်ပြ ကဲ့ရဲ့တော်မူပြီး နောက်မှ ရဟန်းတို့၊ အမှန်ဆိုရသော် သိက္ခာဝါကြီးသောရဟန်းသည် သာလျှင် နေရာဦး၊ ရေဦး၊ ဆွမ်းဦး စသည်တို့ကို ရထိုက် သည်ဟု မိန့်တော်မူကာ ငယ်သူက ကြီးသူအား ရိုသေမှုပေး ဆက်ရသော ကမ္ဘာ့ စည်းကမ်းကိုလည်း မိမိ၏ ဗုဒ္ဓဝါဒဖြင့် လေးနက်စွာ ထောက်ခံတော်မူသည်။

(အကျယ်လိုလျှင် ဝိနည်းစူဠဝါသေနာသနက္ခန္ဓကကိုရှု)။

သို့ဖြစ်ရာ ယင်းဗုဒ္ဓထောက်ခံချက်အရ ကိလေသာကုန်ခန်း ပြီး ရဟန္တာပင်ဖြစ်စေကာမူ မိမိက မထေရ်ငယ် ဖြစ်နေခဲ့လျှင် ပုထုဇန်မထေရ်ကြီးကို အရိုသေပြုရသကဲ့သို့ လူလူချင်းဆက်ဆံ ရေး၌လည်း မိမိထက်အသက်ကြီးသူများအပေါ်၌ ရာနှုန်းပြည့် ရိုသေကြရန်မှာ ဗုဒ္ဓဝါဒကို လက်ခံထားသူတိုင်း၏ တာဝန် ဖြစ်သည်ဟု လေးနက်စွာသတိပေးပါ၏။

**လူငယ်များသတိ** လူကြီးမှန်လျှင် သူနှင့်ထိုက်တန်သော ကိုယ်ကျင့် တရား (ဂုဏဝုဒ္ဓိ) ရှိသည် ဖြစ်စေ, မရှိသည် ဖြစ်စေ လူငယ်က ရိုသေ ရမည်သာ ဖြစ်လေသည်။ ဥပမာ-အကျင့်တန်သူ လူကြီးတယောက်ကို ကိုယ်ကျင့်တရား ရှိသူ လူငယ်တယောက်က သည်-လူကြီးဟာ အရွယ်ကြီးသော် လည်း အချိန်မစီးပါဘူးဟု မထိလေးစားမပြုထိုက်၊ အမှန်မှာ မိမိနှင့် တန်သော အရိုသေကို ပေးနိုင်မှသာလျှင်၊ ထိုလူငယ် သည်လည်း ကိုယ်ကျင့်တရားရှိသူနှင့် တူမည်ဖြစ်သကဲ့သို့တည်း။

သို့ရာတွင် လူကြီးတွေကိုဖယ်ရှားလျက် လူငယ်များစန်းပွင့်နေသော ဤအချိန်၌ လူကြီးပိုင်းမှ ပုဂ္ဂိုလ်တို့အား မိမိတို့က ရှိသေခြင်းအလျှင်းမရှိဘဲ ''မြေနိမ့်ရာ-လှံစိုက်''သည့် အလား ကိုယ့်အောက်ကလူလို သဘောထား၍ ဆက်ဆံ ပြုမူခဲ့ပါလျှင် ထို ကဲ့ သို့ သော လူငယ်မျိုးတို့မှာ **''ဘုန်းကြီးလို့ သက်မရှေ-သက်ရှေလို့ ဘုန်းမကြီး''**ဖြစ်တတ်သည်ဟု အသင်တို့ သတိပြုမိပါစေ။

ဂါရဝမွေးမြူရေး ဖော်ပြခန်းပြီး၏။

---

# ညွှန်ပြနှိုးဆော်ခန်း

**ရိုသေမှုနှင့် ယဉ်ကျေးမှု ကာကွယ်ရေး**

ယဉ်ကျေးမှုဟူသည် စာပေ, ပန်းချီ, ပန်းပု, သဘင်, ဂီတစသောအနုပညာမျိုးနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ သားသမီးက မိဘကိုရိုသေခြင်း၊ တပည့်က ဆရာကို ရိုသေခြင်း၊ လှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာသာရေးအရ လူမှုခလေ့ ထုံးစံများနှင့်လည်း သက်ဆိုင်လျက်ရှိလေသည်။

မြန်မာလူမျိုးတမျိုးအနေဖြင့် ဂုဏ်ယူလာခဲ့သော မြန်မာ့ယဉ်ကျေးမှု၏ ရေသောက်မြစ် မှာလည်း မြန်မာ အမျိုးသား, အမျိုးသမီးတိုင်း သင်ယူ လိုက်နာခဲ့သော မင်္ဂလာ တရားတော်များပင်ဖြစ်ပြန်သည်။သို့သော်စစ်ပြီးနောက်ခေတ်၌ကားလူတို့၏ စာရိတ္တဗလချွတ်ယွင်းမှုကြောင့် ထိုမင်္ဂလာတရားတော်တို့လည်း

လူထုနှင့် ကင်းကွာလျက် အဆက်ပြတ်လုမတတ် ဖြစ်ရလေပြီ။ မင်္ဂလာတရားနှင့် လူထု ဆက်သွယ်မှု ဝေးစ ပြု လာ သည်နှင့် အမျှ ယဉ်ကျေးမှု၏ခေါင်းပိုင်းဖြစ်သောရိုသေမှု(ဂါရဝတရား) များလည်း ခန်းခြောက်လာခဲ့ရာ ထို ပျက် စီး စ ပြုလာသော လူမှုဓလေ့ ယဉ်ကျေးမှုများကိုပင် ကာကွယ်ရန်အလို့ငှါ ကမ္ဘာ ပေါ်၌ ယဉ်ကျေးမှု လွတ်လပ်ခွင့် အ သင်း များလည်း ပေါ် ပေါက်ခဲ့ရလေပြီ။

ယဉ်ကျေးမှု၏ ရန်ဆူး ရန် ငြောင့် များ ကို တိုက်စစ်ဆင်ရ တော့မည် ဖြစ်သော ဤအချိန်ဝယ် ယဉ်ကျေးမှု ကာကွယ်ရန် အတွက် လူတိုင်း လိုအပ်သော လက်နက်ကောင်း တမျိုးသည် ကား အခြားမဟုတ် ဤဂါရဝမင်္ဂလာတရားတော်အရ၊ ရိုသေ ထိုက်သူတို့အပေါ်၌ စိတ်က လေးစားလျက် **"ဘုတ်ကျီးရိုသေ, ကျီး ဘုတ်ရိုသေ"** ဆို သ ကဲ့ သို့ အ ချင်း ချင်း ရိုသေ မှုပင် ဖြစ်လေသည်။

**ရိုသေခြင်း အကျိုးများ** ရိုသေထိုက်သူတို့ကိုရိုသေရခြင်းကြောင့် လူ့လောက၏ ဝတ်တရား ဖြစ် သော ယဉ်ကျေးမှု ဓလေ့ ထုံးစံများကို ထိန်းသိမ်း ကာကွယ်ရုံမျှသာ အကျိုးပြီးစီးသည် မဟုတ်သေးဘဲ၊ ရိုသေသူ(မိမိကိုယ်တိုင်) အတွက်လည်း—

၁။ ယဉ် ကျေး လိမ္မာ သူဟု အ များ ၏ ချီးမွမ်းမှုကို ခံရခြင်း၊

၂။ အရိုအသေ ခံရသူ၏ ချစ်ကြည် လေး စား မှု ကို ပြန်လည်ရရှိခြင်း၊

၃။ သေသည်မှနောက်၌လည်း ဘဝကောင်းသို့ လားရခြင်း

စသော အကျိုးတရားများကိုလည်း ရရှိနိုင် ပြန်သည်။ ဤသို့ ရနိုင်သည်ကိုပင်ရည်ရွယ်လျက် ဗုဒ္ဓကလည်း—

ယေ ဝုဍ္ဎ မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေ စ ပါသံသာ၊ သမ္ပရာ ယေ စ သုဂ္ဂတိံ။

(တရားလမ်းစဉ်၌လိမ္မာ၍ ကြီးသူကို ရိုသေသူတို့သည် မျက်မှောက်ဘဝ၌ ချီးမွမ်းခံရ၍ နောင်တမလွန်၌လည်း ကောင်းရာဘဝသို့ လားရောက်ကြရသည်)ဟု ဟောတော်မူလေပြီ။

ထို့ပြင်(၁)အသက်ရှည်မှု၊(၂)အဆင်းလှမှု၊(၃)ချမ်းသာကြီးမှု၊(၄)ခွန်အားပြည့်ဝမှုများသည်လည်းရိုသေခြင်းကြောင့် တမလွန်၌ရနိုင်သော ကောင်းကျိုးများပင်တည်း ဟု တနည်းအားဖြင့်ဟောထားသေး၏။သို့ဖြစ်ရာ ရိုသေခြင်းသည် အရိုသေခံရသူ၏ အတွက်မဟုတ်၊ ရိုသေသူ (မိမိ) အတွက် သာလျှင်ဖြစ်သည်ဟု နားလည်မှုရှိပါစေ။

## ရိုသေထိုက်သူကို ရိုသေပါ

ရိုသေထိုက်သူကိုမရိုသေလျှင်(၁)ရိုင်းစိုင်းသူဟုသူတပါးက ကဲ့ရဲ့ခြင်း၊(၂)ချစ်ကြည်ရေးပျက်ပြားခြင်း၊(၃)ဘဝသုဂတိနှင့် ဝေးရခြင်း အစရှိသည့် ထိုမှအပြန်ဖြစ်သောမကောင်းကျိုးများကိုလည်း ခံရမည်ဖြစ်သဖြင့်—

(က) မိမိထက် သီလ, သမာဓိ ဂုဏ်ကြီး သူ တို့ ကို သင်-ရိုသေရမည်။

(ခ) မိမိထက်အသက်ကြီးသူတို့ကိုလည်းသင်-ရိုသေ ရမည်။

(ဂ) အကယ်၍ ရိုသေထိုက်သူတို့ကို ရိုသေခဲ့ပါလျှင် သင့်-အား ယဉ်ကျေးသူ လူတော် ဟု သူတပါးက ချီးမွမ်းကြ လိမ့်မည်။

(ဃ) ထို့ပြင်ဘဝနောင်ရေးအတွက်လည်းအထက်က ညွှန်ပြခဲ့သောကောင်းကျိုးများဖူလုံရပေလိမ့်မည်။ ထို့ကြောင့် ဤဂါရဝမင်္ဂလာတရားတော်အရ ရိုသေထိုက်သူကိုရိုသေပါဟု နိုးဆော်ပါကြောင်း။

ဆောင်ပုဒ်....

၁။ မိမိထက်ပင်၊ ဂုဏ်ကြီးလျှင်၊ အသင်-ရိုသေပါ။
၂။ ကြီးသူကိုလဲ၊ ရိုသေမြဲ၊ မှတ်စွဲ သင့်-ဝန်တာ။
၃။ ရိုသေခဲ့လျှင်၊ သင့်-ကိုပင်၊ လူရှင် ချီးမွမ်းရာ။
၄။ ဘဝ နောင်ရေး၊ ကောင်းကျိုး ပေး၊ မြော်တွေး သင်- လိုက်နာ။

ညွှန်ပြနိုးဆော်ခန်းပြီး၏။

## အခန်း ၂၃

## နိဝါတမင်္ဂလာ

**နိဝါတဘော** လူလူချင်းဆက် ဆံရေး၌ မိမိကိုယ်ကို မိမိ နှိမ့်ချရခြင်း သည်လည်း၊ ကုသိုလ် တရား တိုးပွားရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ၂၃ပါးမြောက် မင်္ဂလာကိုပင် "နိဝါတမင်္ဂလာ" ဟု ခေါ်ဆိုသည်။

[နိဝါတ-လေမကြီးခြင်း (နှိမ့်ချခြင်း)။ မင်္ဂလာ-ကုသိုလ်တရား တိုးပွားရင့်ကျက်မှု]။

## နိဝါတ ပြဿနာဖြေရှင်းခန်း

**ဝါကြွားသူ၂မျိုး** ဤနိဝါတမင်္ဂလာတရားတော်အရ နိဝါတ ဟူသည် လေမကြီးခြင်း (မောက်မာပလွှား ဝါကြွားမှုမရှိခြင်း)ပင်ဖြစ်၏။ ထိုလေမကြီးခြင်း (မောက်မာ ပလွှားဝါကြွားမှုမရှိခြင်း)ကိုပင် မိမိကိုယ်ကို မိမိနှိမ်ချခြင်းဟု ဆိုရလေသည်။

ထိုစကားအရ ရှင်းပြဦးအံ့။ မောက်မာ ထောင်လွှား ဝါကြွားခြင်းဆိုရာဝယ်—

၁။ မိမိက တကယ်ဂုဏ်ရှိသူ မဟုတ်ဘဲလျက် ဂုဏ်ရှိ လေယောင် ဟန်ဆောင်ဝါကြွားခြင်း၊

၂။ မိမိ၌ ရှိသလောက် ဂုဏ်ကို သူတပါးအား အ ကြောင်းမဲ့ အိတ်သွန် ဖားမှောက် ထုတ် ဖော် ဝါကြွားခြင်း

ဟုဝါကြွားမှု ၂မျိုးရှိသည်ကို ရှေးဦးစွာသတိပြုခဲ့ပါ။ ထို ၂မျိုး ရှိသည့်အနက် ၁ အချက်အရ ဝါကြွားသူကို(မိမိ၌ မရှိသော ဂုဏ်ကို အရှိလုပ်၍ ဝါကြွားသူ ဖြစ်သောကြောင့်) ပါပိစ္ဆ ပုဂ္ဂိုလ်(အလိုဆိုးရှိသူ)ဟုကျမ်းဂန်တို့၌ဆိုသည်။(ကိုယ်တိုင်က တကယ်သတ္တိမရှိဘဲလျက် သတ္တိရှိယောင် ဟန်ဆောင်ဝါကြွား ကာ မတရားအခွင့်အရေးတွေကိုယူပြီးမှ နောက်ဆုံး၌တကယ် သတ္တိမရှိသဖြင့် ကြောက်ချေးပါ၍ အရှက်ရသောကေနိပါတ် ဘိမသေနဇာတ်လာ လူကြွားစစ်သူကြီး ဘိမသေနကဲ့သို့ပုဂ္ဂိုလ် မျိုးပင်တည်း)။

ထို့ပြင် ၂ အချက်အရဝါကြွားသူကို(မိမိ၌ရှိပြီးဂုဏ်ကိုပင် ထုတ်ဖော်ပြရန် အကြောင်းမတိုက်ဆိုင်ဘဲလျက် သူတပါးအား အိတ်သွန်ဖားမှောက်ရှိသလောက် ထုတ်ဖော် ပြ တတ် သော ကြောင့်) မဟိစ္ဆပုဂ္ဂိုလ် (အလိုကြီးသူ) ဟု ကျမ်းဂန် တို့ ၌ ဆိုသည်။ (မိမိဂုဏ်ကိုပေါ်လွင်စေလိုသဖြင့် အလှူ့ရှင် မှန်း သိအောင် မဏ္ဍပ်တိုင်တက်သူမျိုးပင်တည်း)။

သို့သော် တကယ်ဂုဏ် (အရည်အချင်း) ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ လူတဖက်သားကို ကိုယ့်အောက်ကထား၍ မောက်မာ ပလွှား ဝါကြွားသူ ဟူသမျှကိုပင် လောက၌ လေ ကြီးသူ(ဘဝင်မြင့်သူ)ဟုပြော ရိုးရှိကြလေသည်။

**ဝါကြွားသူမဟုတ်က နှိမ်ချသူဖြစ်ခြင်း**

မည်သူ မ ဆို ဤ ဖော်ပြ ထား သော မောက်မာ ပလွှား ဝါကြွား မှု မျိုး မှ လုံးဝ ကင်းရှင်းစေလျက် လူ လူ ချင်း ဆက်ဆံရာ၌ မိမိ၌ရှိပြီး ဂုဏ်ကိုပင် အထက်သို့မြှင့် မထားဘဲ အကယ်၍ ခတ်နှိမ့်နှိမ့်ပြုကာပြောဆိုနေထိုင်သူဖြစ်အံ့၊ ထိုကဲ့သို့

ရှိပြီးဂုဏ်ကိုပင် နှိမ့်ထားသူ ဟူသမျှကိုကား ဤနိဝါတမင်္ဂလာ တရားတော်အရ လေမကြီးသူ (မိမိကိုယ်ကို မိမိနှိမ့်ချထားသူ) ဟု ဆိုရပြန်လေသည်။(**"လူ့အောက်ဝင်လို့မပိ, တုံးအောက်ဝင်လျှင်သာပိမည်"**ဟု ယူဆထားသူများပေတည်း)။

မိမိကိုယ်ကို မိမိ နှိမ် ချ ထား ခဲ့ ပါလျှင် သူတပါးကိုလည်း အလိုလိုမြှင့်တင်ပြီး ဖြစ်တော့၏။သို့ရာတွင် သူတပါးကို တမင်သက်သက် မြှင့်တင်လွန်းပြန်လျှင်လည်း မြှောက်ပင့်ရာ ရောက်တတ်သဖြင့် ဤနိဝါတအရာ၌ စေတနာရိုးသားမှုလိုအပ်သည်ကိုလည်း သတိပြုပါ။

**ဂါရဝနှင့် နိဝါတ** လေကြီးသူသည် သူတပါးနှင့်ဆက်ဆံရာ၌ နှုတ်ကသာလျှင် ဝါကြွားသည် မဟုတ်သေးဘဲ၊ ကိုယ်အမူအရာမှလည်း **"ဒူးနေရာ ဒူး၊ တော်နေရာ တော်"**လျော်မလျော် စိစစ်မှုမရှိတော့ဘဲ ဂါရဝ(ရိုသေမှု)မှ လစ်ဟင်းရမြဲဖြစ်သကဲ့သို့၊ မိမိကိုယ်ကို မိမိ နှိမ့်ချသူသည်လည်း နှုတ်ထွက်စကားက သာလျှင် ပိရိသေဝပ်ခြင်း ရှိသည် မဟုတ်သေးဘဲ ကိုယ်အမူအရာမှလည်း ဂါရဝ (ရိုသေမှု) ရှေ့ထားလျက် ပိရိသေဝပ်သည့်အသွင်ကိုအမြဲဆောင်လျက်ရှိလေသည်။

သို့ဖြစ်ရာ ဂါရဝ (ရိုသေမှု) နှင့် နိဝါတ(နှိမ့်ချမှု) တို့မှာ သဘောအားဖြင့် တမျိုးနှင့်တမျိုး အနွယ်တူ ဆက်စပ်လျက်ရှိသောကြောင့်၊ ထိုဂါရဝနှင့်နိဝါတ တရားတို့၏ အချင်းချင်း ဆက် စပ် မှု ကို ပင် ရည်ရွယ်လျက် လောက အသုံး၌လည်း ဤလူဟာ ဂါရဝ နိဝါတတရား မရှိဘူး, ရှိသည် စသည်ဖြင့် ပြောရိုးဆိုရိုးရှိပြန်သည်။(ဂါရဝနိဝါတတရားနည်းပါးသူသည်

အပြောအဆို အနေအထိုင် ထောင့်မကြိုးသူ၊ အပိုးမသေသူ ဖြစ်၍၊ ဂါရဝ နိဝါတတရား ရှိသူသည်ကား အပြောအဆို အနေအထိုင် ထောင့်ကြိုးသူ၊ အပိုးသေသူပင်တည်း)။

သို့သော် ဂါရဝအရ ရိုသေမှုသည်ရိုသေထိုက်သူ(အထက်လူ)နှင့်သာ သက်ဆိုင်၍ နိဝါတအရ နှိမ့်ချမှုမှာမူ အထက်လူ အောက်လူအားလုံးနှင့်ပင်သက်ဆိုင်လျက်ရှိ၏။ ထို့ပြင်ဂါရဝ အရ ရိုသေမှုအစဘနာပြဋ္ဌာန်း၍၊နိဝါတအရမှာကားမာန်မာန ချိုးနှိမ်မှုစေတနာပြဋ္ဌာန်းရင်းရှိသည်။ အဘယ့်ကြောင့်ဆိုသော် လောက သား တိုင်း ၏ သန္တာန်၌ ကိန်း ဝပ် လျက် ရှိသော အကုသိုလ်တရားတို့အနက် မာန်မာန ထောင်လွှားခြင်းသည် လူတို့၏ ပေါင်းသင်းဆက်ဆံရေး၌ ဖြစ်စေ၊ တရား အားထုတ်ရာ၌ဖြစ်စေ လိုအပ်သောအကျိုးကို ထိခိုက် လောက် အောင် အနှောင့်အယှက် ပေးတတ်သော သဘာဝ တမျိုး ဖြစ်သော ကြောင့်ပင်တည်း။

နိဝါတပြဿနာဖြေရှင်းခန်းပြီး၏။

---

## မာနချိုးနှိမ်ရေးဖော်ပြခန်း၊

**မာနော ဥဏ္ဏတိ လက္ခဏော** (မာနသည် ထောင်လွှား တက်ကြွခြင်းလက္ခဏာရှိသည်)ဟု ကျမ်းဂန်တို့၌ဖော်ပြသည့် အတိုင်း မာန၏သဘောသည် မြင့်ရာမှာတင်ထားသော တံခွန် မှန်ကင်းကဲ့သို့ အမြဲအားဖြင့် ထောင်လွှားတက်ကြွလျက်ရှိ၏။ ထို့ကြောင် မာန ကိန်း ဝပ် သူ သည်လည်း ''**ဟန် ကိုယ့် ဘို့, မာန် သူ့ ဘို့**'' ဆိုသည့်အတိုင်း ပေါင်း သင်း ဆက်ဆံရေး၌

ထိုမာန၏ ထောင်လွှားမှုအရ ဤနိဝါတမင်္ဂလာ ပျက်ပြား၍ သူတပါးအတွက် မိမိကအခွင့်အရေး ဖန်တီးပေးသကဲ့သို့ ရှိတတ်လေသည်။

**မာန၏ အရင်းခံ လက်သယ်များ**

ဤကဲ့သို့ဖော်ပြခဲ့သည့်အရ မာန၏သဘောသည် အောက်သို့နိမ့်ကျမနေဘဲ အမြဲမြင့်မောက်တက်ကြွနေသည်မှာမှန်၏။သို့သော် မြှောက်ပင့်ပေးတတ်သော အရင်းခံ လက်သည်ရှိမှ သာလျှင် ထိုမာနတရားက ထောင်လွှားတက်ကြွလာနိုင်သည်။

သို့ဖြစ်ရာ ထိုမာနကိုပင်အထက်သို့ မြှောက် လာ အောင် မြှောက်ပေးတတ်သော အရင်းခံ လက် သည် များ ကို ရှာဖွေခဲ့ပါလျှင်—

၁။ ဥစ္စာဂုဏ်၊
၂။ အဆင်းဂုဏ်၊
၃။ ပညာဂုဏ်၊
၄။ ရာထူးဂုဏ်၊
၅။ အခြွေအရံဂုဏ်

စသော လောကဂုဏ်များစွာတို့ကိုပင် တွေ့ရမည်ဖြစ်၏။။

ထိုတွင်လည်း အချို့သူတို့က မိမိ၏ဥစ္စာဂုဏ်ကိုစွဲ၍ဥစ္စာမာန်တက်သည်။ အချို့သူကလည်း မိမိ၏ အဆင်း ဂုဏ်ကို စွဲ၍ ရူပနန္ဒာစသည်တို့ကဲ့သို့ အဆင်းမာန်တက်သည်။ ပညာရှိသူတို့ကလည်း ပညာဂုဏ်ကိုစွဲလျက် ပညာမာန် တက်ပြီးလျှင် ရာထူးရှိသူ တို့ကလည်း မိမိတို့၏ရာထူးဂုဏ်ကိုစွဲ၍ ရာထူးမာန် တက်ကြွပြန်လေသည်။

ဤသို့စသည်ဖြင့် မာန်တက်အောင် မြှောက်ပင့်ပေးတတ်သော ထိုလောကဂုဏ်အမျိုးမျိုးတို့သည်ပင် မာန တရားကို အရှိန်ရအောင်မြှင့်ပေးရာ၌ အရင်းခံလက်သည်များ ဖြစ်သည်ဟု မှတ်သားထားရန်လိုအပ်ပေသည်။

**ဂုဏ်ကမြှောက်၍ မြှောက်ရပုံ**

ထိုဥစ္စာဂုဏ်, အဆင်းဂုဏ်, ပညာဂုဏ် စသည်တို့က မြှောက်ပင့်ပေးလိုက်ရာ နဂိုကပင် ကြွချင်ချင် ဖြစ်နေသော မာန တရားသည်လည်း''**နတ်ရူးဗုံနှင့်မြှောက်, ခြေထောက်လှို့က**'' ဆိုသကဲ့သို့ အလိုလိုမြှောက်လာရတော့၏။ ထိုမာနတရား၏ လှုံ့ဆော် ပေးချက်အရ၊ မာနကိန်းဝပ်သူယောကျ်ား,မိန်းမတို့ သည်လည်း သာမန်ခေါတ်ခံအားဖြင့်မထောင်လွှားဘဲ မနေနိုင်တော့ပေ၊ အစစအရာရာအမူကြွလာရလေသည်။

ဥပမာ-အမြော်အမြင် နည်းပါးသောပစ္စည်းမဲ့ လူဆင်းရဲ တယောက်သည် ပစ္စည်းမဲ့ဘဝမျိုးဖြစ်နေရစဉ်အခါက သူလိုဘဝတူ လူတန်းစားချင်းအပေါ်၌ ဂါရဝနိဝါတ တရားရှေ့ထားလျက် ဆက်ဆံရေး အဆင်ပြေမှုအတွက် အဖက်ဖက်က ထိန်းသိမ်း ထားနိုင်ခဲ့သည့်တိုင်အောင်၊ တနည်း နည်းဖြင့် ပစ္စည်းရှင်လူဂုဏ်တန်ဖြစ်လာရသော အခါ၌ကား ရှေးကလို အဆင်ပြေအောင် မဆက်ဆံနိုင်တော့ဘဲ သွေး-နထင်ရောက်ကာ အရာရာ၌ပင် အမူကြွသာတတ်သကဲ့သို့တည်း။

ထို့ပြင် ဇာတ်နိပါတ် အလို ပြောရလျှင်လည်း ရွှေအိုးမြှုတ်ရာ မြေဝယ်နင်းမိရုံမျှဖြင့်ပင် ဥစ္စာမာန်တက်ပြီး ကျွန်ဖြစ်သူက သူ့-သခင်ကို ဟဲ့-ကျွန်ဟုပြန်ခေါ်ပုံ၊ဝိဒေဟရာဇ်မင်းကြီး ထွက်ရာ ဝင်ရာအခါတိုင်း၌ပင် တံခါးတိုင်ပေါ်မှ အောက်သို့

သက်ဆင်း၍ အရှိသေပြုနေကျဖြစ်သော ဝိဒေဟပုတ်သင်သည့် ၁၀က်မျှသော အသပြာကို ကြိုးတတ်၍ လည်ပင်းဆွဲပေးလိုက်ရာတွင် ဥစ္စာမာန်တက်ပြီး ဝိဒေဟရာဇ်မင်းကြီးကိုပင် အရှိသေမပေးဘဲနေပုံ စသည်တို့ကား ဤအရာ၌ ထင်ရှားသောသက်သေတို့ပင်တည်း။

**မာနနှိမ်ကွပ်မှုသည် သင့်တာဝန်**

လောကဂုဏ်တမျိုးမျိုးကို အစွဲပြု၍ ထောင်လွှားတက်ကြွလာတတ်သော မာနတရားသည်၊ လူ့စိတ်ကို ဤမျှအထိ ပြောင်းလွဲစေနိုင်သည်။ အကယ်၍ ထိုမာနတရားကို မနှိမ်ခြိုးခဲ့ပါမူ မာနကိန်းဝပ်သူ လောကသားတိုင်းပင် စည်းမဲ့ကမ်းမဲ့တက်ကြွကာ ကိုယ်ထင်ရာ ကိုယ်စိုင်းကြမည်ကား သေချာ၏။

ထိုကဲ့သို့သော ကိုယ့်မာနနှင့်ကိုယ်, တာဝတိံကို ခြေလှမ်းနေကြမည်ဟု ဆိုပါလျှင် သူတော်ကောင်း တရားကို တကယ်ကျင့်သုံးနိုင်မည့်ဝေးစွ အောက်သက် အခြေခံမျှ ဖြစ်သော လူလူချင်း ဆက်ဆံရေး၌ပင် အဆင်ပြေမည် မဟုတ်နိုင်ရာ။ ဤနည်းအားဖြင့်ပင် လောက ဆက်ဆံရေး အစေးပြယ်ရာမှ အစပြု၍ရိုသေမှု(ဂါရဝတရား) နှိမ့်ချမှု (နိဝါတတရား)များ ပျက်ပြားရရှိမျှမက ထိုမာနကိန်းဝပ်မှုကြောင့်ပင်—

၁။ ကိုယ်တိုင်က အထင်ကြီးနေသူဖြစ်၍ သူ၏တက်လမ်း၌ အဟွင့်အထိပ် ရောက်ပြီဟု ယူဆခြင်း။

၂။ သူတပါးအား အရမ်းမဲ့ အထင်သေးလျက် ကြောင့်ကြမဲ့ နေသူဖြစ်၍ နောက်ဆုံး၌ သူတပါးအောက်သို့ ကျရခြင်း။

ဤသို့ အစရှိသော ဘဝ၏ချွတ်ယွင်းချက်များကိုလည်း ဖန်တီး မိရာ ရောက်ရပြန်လေသည်။ထို့ကြောင့် ဤနိဝါတမင်္ဂလာ ဖြစ်ရေးကိုရှေးရှုလျက် မိမိသန္တာန်၌ အထင်ကြီးနေတတ်သော မာနတရားကို နှိပ်ကွပ်ထားရန်မှာ သင့်-တာဝန် ဖြစ်သည်ဟု သင်-နားလည် ထားရမည်။

မာနဖြိုးနှိမ်ရေးဖော်ပြခန်းပြီး၏။

---

## ညွန်ပြရှုံးဆော်ခန်း

**အကြောင်းမဲ့ ဂုဏ်မထုတ်ရခြင်း**

ဂုဏ်ထုတ်၍ ကြွားဝါလိုသူ တိုင်းပင် ပြောဆိုရေး၌ဖြစ်စေ, နေထိုင်ရေး၌ ဖြစ်စေ ဤနိဝါတမင်္ဂလာ ပျက်ပြား၍ ထောင့်မကြိုးသူ အပိုးမသေသူများအဖြစ်ဖြင့် လူမုန်းခံရတတ်သည်ကို တွေ့ကြုံနေရသောမျက်မြင်လောကကြီးပင် သက်သေခံလျက် ရှိလေသည်။

မတတ်သာသည့်အခါ၌ ဘုရားပင် တန်ခိုးပြ၍ လောကကောင်းစားရေးကို သည်ပိုးရသေးသဖြင့် မိမိ၏ဂုဏ်ကို ထုတ်ဖော်ပြမှ လူ-လေးစား၍ အကျိုးပြီးစီးမည့် ကိစ္စမျိုး၌ကား ဂုဏ်ကို ထုတ်ဖော် မပြရဟု ဟန့်တားမှု မရှိခဲ့ပေ။ သို့သော် အကြောင်း မခိုင်လုံဘဲ ''**နဂါးမှန်းသိအောင် - အမောက်ထောင်ပြ**''လွန်းလျှင်လည်းအကျိုးမဲ့ပျက်စီးတတ်သေးသည်ဟု နားလည်ထားရမည်။

သတိပြုဘွယ် အမှန်မှာ ပညာမဲ့သူတို့မည်သည် ''**ရေမပြည့်သောအိုး-ဗောင်ဘင်ခတ်**'' ဆိုသည့် အတိုင်း သူတို့မှာရှိနေသော လောကဂုဏ်လေးများကို အကြောင်းမဲ့ ထုတ်ဖော်ဝါကြွားလျက် ဂါရဝ, နိဝါတ တရားမှ လစ်လပ်ကြမြဲဖြစ်သော်လည်း၊ ပညာရှိ ပုဂ္ဂိုလ်တို့သည်ကား ''**စပါးနှံအဆံပြည့်၍ငုံ့**''ဆိုသည့်အတိုင်း မိမိတို့၌ရှိနေသော ဂုဏ်စွမ်းဂုဏ်စများကို အကြောင်းမဲ့ မဖော်ပြဘဲ၊ ဂါရဝ, နိဝါတ တရားကိုရှေ့ထားလျက်သာလျှင်၊ ဘဝ၏ချွတ်ယွင်းချက် ကင်းမှုအတွက် လုံးပန်းကြမြဲဖြစ်လေသည်။

သို့ဖြစ်ရာ ဂုဏ်ရှိပုဂ္ဂိုလ်ပင်ဖြစ်စေ,ဂုဏ်မဲ့ပုဂ္ဂိုလ်ပင်ဖြစ်စေ ဂုဏ်ထုတ်၍ ကြွားဝါလွန်းလျှင်လေကြီးရာရောက်၍မိမိကိုယ်ကို မိမိနှိမ်ချမှုမရှိသော ပညာမဲ့ လူတန်းစားထဲသို့ ပါဝင်သွားတတ်သည်မှာလည်း လူတိုင်းသတိပြုဘွယ်ဖြစ်လေသည်။

## မိမိကိုယ်ကိုမိမိနှိမ့်ချပါ

(က) ထောင်လွှား တက်ကြွလျှင် ရှိသေမှုနည်းပါး၍ ၍နိဝါတမင်္ဂလာပျက်ပြားတတ်သည်။

(ခ) ကိုယ့်-ဂုဏ်ကို၊ ကိုယ့်-ကိုယ်တိုင်ကမြှင့်၍စိတ်ကြီးဝင်လွန်းလျှင်လည်း သူတပါးက မုန်းတတ်သည်။

(ဂ) ကိုယ်ကျိုးလိုလားသူမှန်က မာနတရားမထားဘဲ လောက ဆက် ဆံရေး အဆင်ပြေမှု အတွက် လူ့ အောက်ကြို့ဝင်ရန် ဝန်မလေးရ။

(ဃ) မိမိဂုဏ်ကို မြင့်တက်လာစေ လိုလျှင် ကိုယ်တိုင်က မြှင့်မည့်အစား မိမိကိုယ်ကိုမိမိနှိမ့်ချရမည်။

ဤအချက်ကြီး ၄ ချက်ကို ညွှန်ပြ၍ ဤနိဝါတ မင်္ဂလာ တရားတော်အရ၊ မိမိကိုယ် ကို မိမိနှိမ့် ချပါဟု သင့် - အား နှိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်....

၁။ ထောင်လွှားတက်ကြွ၊ နိဝါတ၊ ပျက်ရမင်္ဂလာ။
၂။ ဂုဏ်ကိုမြှင့်တင်၊ စိတ်ကြီးဝင်၊ လူရှင်မုန်းမည်သာ။
၃။ ကိုယ်ကျိုး မြှော်ထောက်၊ မာန်ရှိန်ဖျောက်၊ လူ့အောက် ကြို့ဝင်ရာ။
၄။ မိမိဂုဏ်ကို၊ မြင်စေလို၊ ကိုယ့်ကိုယ်နှိမ့်ချပါ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

---

## အခဏ်း ၂၄

## သန္တုဋ္ဌိမင်္ဂလာ

**သန္တုဋ္ဌိစ** ပစ္စည်း သုံးဆောင်ခံစားမှု၌ ရောင့်ရဲလွယ်ခြင်း သည်လည်း ကုသိုလ်တရား တိုးပွား ရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၂၄ ပါးမြောက် မင်္ဂလာကိုပင် ''သန္တုဋ္ဌိမင်္ဂလာ''ဟု ခေါ်ဆိုသည်။

(သန္တုဋ္ဌိ- ရောင့်ရဲလွယ်ခြင်း။ မင်္ဂလာ-ကုသိုလ် တရား တိုးပွား ရင့်ကျက်မှု)။

## သန္တုဋ္ဌိပြဿနာဖြေရှင်းခန်း

**ရောင့်ရဲမှုသည်သန္တုဋ္ဌိဖြစ်ခြင်း** ဤသန္တုဋ္ဌိ မင်္ဂလာတရားတော် အရ၊ သန္တုဋ္ဌိ ဟူ သည် မှာ ပစ္စည်း ဝတ္ထု သုံးဆောင်ရေး၌ ရောင့် ရဲ လွယ်ခြင်း သဘောပင်ဖြစ်၏။ ရောင့်ရဲလွယ်ခြင်းဟူသည်မှာလည်း ရိုးရိုးဝတ်,ရိုးရိုးစား အနေအထိုင် မဆန်းပြားဘဲ သင့်ရုံ မျှဖြင့် ကြေနပ်တင်းတိမ်မှုမျိုးပင်တည်း။

**ဩွထွင်ချက်** မီးသည် လောင်မြိုက်ရန် ထင်းမီးလောင်စာ တို့ဖြင့် မရောင့်ရဲနိုင်သကဲ့သို့၊လောဘတဏှာ မကင်းသေးသော လောကသူ,လောက သားတို့ သည် လည်း ခံစားသုံးဆောင်ရန် အာရုံ ဝတ္ထုအမျိုးမျိုးတို့ဖြင့် မည်သည့်အခါမှ ကျေနပ်တင်းတိမ်ခြင်းမရှိကြပေ။ အာရုံ ခံစားရေးနှင့် စပ်လာလျှင် ''**တော်ပြီတန်ပြီ-ဝိုပြီလျှံပြီ**'' ဟူ၍ ခေါင်းမခါ တော့ဘဲအမြဲတမ်းလို၍-လို၍သာနေကြလေသည်။

မိမိတို့သန္တာန်၌ရှိသော တဏှာလောဘ လိုချင်တောင့်တ သမျှအာရုံအမျိုးမျိုးတွေကိုပင် အသက်နှင့်အမျှ မရရကြောင်း စုဆောင်း ရှာဖွေနေကြရသောကြောင့် လောကသူ, လောက သားတိုင်းပင် တဏှာအတွက် ကျွန်ခံနေကြရသူတို့သာဖြစ်လေ သည်။ ဗုဒ္ဓ ရှင်တော်မြတ်ကလည်း ဤအလား အလာကိုပင် ရည်ရွယ်တော်မူလျက် **ဦနော လောကော အတိတ္တော တဏှာ ဒါသော**။(လောကသားတိုင်းပင် တင်းတိမ် ကျေနပ်မှု မရှိဘဲ လို၍-လို၍သာနေကြသော တဏှာကျေးကျွန်တွေဖြစ်ကြသည်) ဟု ဟောတော်မူခဲ့၏။(**မဇ္ဈိမပဏ္ဏာသ ရဋ္ဌပါလသုတ်**။)

သို့ဖြစ်ရာ အာရုံဝတ္ထုသုံးဆောင် ခံစားရေး၌ မရောင့်ရဲ မကျေနပ်မှုသည် လောဘ၏ အလုပ်ဖြစ်၍ ရောင့်ရဲ ကျေနပ်မှုသည်ကား ထိုလောဘကိုတိုက်စစ်ဆင်လျက်ရှိသောအလောဘ (မလိုချင်မှု)သဘောတမျိုးဖြစ်သောကြောင့် ဤသန္တုဋ္ဌီမင်္ဂလာတရားတော်အရ၊ ၃, ဆီထမင်း–၃, စာကလေးကြော်'' ကောင်းနိုးရာရာကို မမြော်တော့ဘဲ ရသမျှ ရှိသမျှနှင့် ရောင့်ရဲနိုင်ခြင်းကိုပင် သန္တုဋ္ဌီဟု ဆိုရသတည်း။

**ကြီးပွားရေးကာကွယ်မှု**　အာရုံဝတ္ထုသုံးဆောင် ခံစားရေး၌ ရသမျှနှင့်ရောင့်ရဲကျေနပ်နိုင်သည်ကို သန္တုဋ္ဌီ ဟု ဆိုထားသောကြောင့် အောက်၌ ဖော်ပြခဲ့သော၊ (၁) ဗာဟုသစ္စ မင်္ဂလာတရားတော် အရ ပညာသင်ယူမှု၊ (၂) သုသိက္ခိတသိပ္ပ မင်္ဂလာတရားတော် အရ စက်မှုပညာ, လက်မှုပညာတတ်မြောက်မှု၊ (၃)အနာကုလ ကမ္မန္တမင်္ဂလာ တရားတော်အရ ကုန်သွယ်လယ်လုပ်မှုတို့ နှင့် ဆက်စပ်လျက်ရှိသော လောကကြီးပွားရေးကို ဤသန္တုဋ္ဌီမင်္ဂလာကပိတ်ပင် ဟန့်တားထားရာရောက်၏ဟု ဆိုထိုက်ပြန်လေသည်။

သို့သော်လည်း ဤသန္တုဋ္ဌီမင်္ဂလာက ထိုမင်္ဂလာ တရားတော်တို့အရ၊ တိုးတက်လာသော လောက ကြီးပွားရေး ကို ပိတ်ပင် ဟန့်တား ထားသည် မဟုတ်ပေ။ အမှန်မှာ ယင်း- ဗာဟုသစ္စ မင်္ဂလာ စသည်တို့က ဖန်တီးပေးလိုက်သော လောကကြီးပွားရေးကို ခိုင်မြဲတိုးတက်ရန်အလို့ငှာ ဤသန္တုဋ္ဌီမင်္ဂလာက ကာကွယ်ထိန်းသိမ်းထားရာပင် ရောက်ပြန်သည်။ အဘယ့်ကြောင့်ဆိုသော် လောက၌ကြီးပွားနေသူ တယောက်သည်၊ သူ၏ပညာရည်,လုပ်ရည်တို့ကြောင့် လက်ဝယ်စုဆောင်း

မိသောစည်းစိမ်ဥစ္စာတွေကို အာရုံခံစားရေးအတွက် ရောင့်ရဲမှု မရှိဘဲ သုံးဖြုန်းနေပါလျှင် တနေ့၌ ပစ္စည်းမဲ့ဖြစ်၍ ဆုတ်ယုတ် သွားရမည်ဖြစ်သောကြောင့်ပင်တည်း။ ထို့ကြောင့် ဤသန္တုဋ္ဌိ မင်္ဂလာကိုပင် ကြီးပွားရေး ကာကွယ်မှုဟု ဆိုရလေသည်။

**သန္တုဋ္ဌိ ၃ မျိုး** ပစ္စည်းဝတ္ထု သုံးဆောင်ခံစားရေး၌ သည်ဟာ ရလျှင် ဟိုဟာ, ဟိုဟာ ရလျှင် သည်ဟာဟု ဇီဇာ ကြောင်ခြင်းမရှိဘဲ၊ ဖြစ်သမျှနှင့် ရောင့်ရဲနိုင်သည်ကိုပင် သန္တုဋ္ဌိဟုဆိုခဲ့ပြီ၊ ထိုရောင့်ရဲမှုသန္တုဋ္ဌိကလည်း—

၁။ **ယထာလာဘသန္တုဋ္ဌိ**၊ ရရာနှင့် ရောင့်ရဲ နိုင်ခြင်း၊

၂။ **ယထာဗလသန္တုဋ္ဌိ**၊ ကိုယ့်အားနှင့်ချိန်၍ရောင့်ရဲခြင်း၊

၃။ **ယထာသာရုပ္ပသန္တုဋ္ဌိ**၊ ကိုယ်နှင့် လျော်ကပ်ပတ်ရုံ ရောင့်ရဲခြင်း

ဟူ၍ အခြေခံမှုအားဖြင့် ၃ ပါးရှိသည်။ ရဟန်းတော်များ အတွက်မှာမူ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး, ပစ္စည်း ၄မျိုး ရှိရာဝယ်၊ တမျိုးတမျိုး၌ သန္တုဋ္ဌိ ၃ ပါးစီ ရနိုင်သောကြောင့်၊ ၃ ပါးလေးလီ,သန္တုဋ္ဌိ ၁၂ ပါးရှိသည်ဟု သာမညဖလသုတ် အဋ္ဌကထာစသည်၌ အကျယ်လာရှိ၏။ သို့ရာတွင် ဤမင်္ဂလာ့ အမြုတေ၌ကား အိမ်နေ လူတို့၏ သန္တုဋ္ဌိ ဖြစ်ရေးကို ရည် ရွယ်လျက် ထို ၃ မျိုးကိုသာ ချဲ့ထွင်ပြရအံ့။

**သန္တုဋ္ဌိပြဿနာဖြေရှင်းခန်းပြီး၏။**

# သန္တုဋ္ဌိဖြစ်ရေးဖော်ပြခန်း

မျက်မြင် လောက၌ လောဘ တဏှာ၏ အာရုံ ဖြစ်သော သုံးဆောင်ခံစားဘွယ်တို့သည် အလွန်များပြားသည်ဟု ဆိုရသော်လည်း လူတိုင်းအဖို့ မလွဲမကင်း နိုင်သော သုံးဆောင်ခံ စားဘွယ် တို့မှာ ကား (၁) ဝတ် ရေး၊ (၂) စားရေး၊ (၃)နေထိုင်ရေးဟု အကျဉ်း ၃ မျိုးသာရှိလေသည်။

သို့ဖြစ်ရာ ဝတ်မှု, စားမှု,နေထိုင်မှုတို့နှင့်စပ်လျဉ်း၍ သန္တုဋ္ဌိ (ရောင့်ရဲမှု) မွေး မြူ နိုင် ရန် အ လို့ ငှာ၊ ထိုသန္တုဋ္ဌိ ၃ မျိုး၏ အဓိပ္ပာယ်ကိုပင် ခေတ်လူတို့၏အသိဉာဏ်၌အကောင်အထည် ပေါ်လာအောင် အဋ္ဌကထာဖွင့်ပုံကို နည်းမှီလျက် ဤသို့လျှင် အစဉ်အတိုင်း ဖော်ပြထားသတည်း။

**ယထာလာဘသန္တုဋ္ဌိ**

ဝတ် ရေး, စားရေး, နေထိုင်ရေး တို့၌ ကောင်းသည်ဖြစ်စေ, ညံ့သည် ဖြစ်စေ, အလိုနည်းပါး ဇိဇ္ဇာ ကြောင်မှု မ များ ဘဲ၊ အခွင့် သင့် သလို ဝတ်ရ စားရ နေထိုင်ရ သော်လည်း စိတ်က ကျေနပ်နိုင် သည် ကိုပင် ယထာလာဘ သန္တုဋ္ဌိ(ရရာနှင့်ရောင့်ရဲမှု) ဖြစ်သည်ဟု ဆိုရ၏။ အပ္ပိစ္ဆပုဂ္ဂိုလ် (လောဘနည်းသူ) တို့ အားသာလျှင် ဤယထာ လာဘသန္တုဋ္ဌိ မျိုးဖြစ်၍ အခြားပုဂ္ဂိုလ် တို့အား မဖြစ်ဟုမှတ်ပါ။

ရောင့်ရဲခြင်းမရှိဘဲ (၁) အဝတ် နယ်ချဲ့မှု၊ (၂) အစား နယ်ချဲ့မှု၊ (၃)အနေအထိုင် နယ်ချဲ့မှုတို့ကိုသာ ပြုလုပ်နေကြသော ပုဂ္ဂိုလ်မျိုးကား မဟိစ္ဆပုဂ္ဂိုလ် (တဏှာ လောဘကြီးလွန်းသူ)ဟု ကျန်းဂန်တို့က ဆိုကြ၏။ [ရဟန်းဆိုလျှင်လာဘ်များမှု အတွက် တပါးတည်းက ကျောင်း၂ကျောင်းထိုင်ကာ လှူလာ

သမျှ သက်န်းတွေကို စုပုံသိမ်းဆည်းနေသော အရှင်ဥပနန္ဒလို ရဟန်းမျိုးဖြစ်၍၊လူဆိုလျှင်လည်းနေ့စဉ်ရွှေဥတလုံးကျအချိန်မှန် ဥပေးနေသည်ကို အားမရသောကြောင့် တခါနစ်ထဲနှင့် သူဌေး ဖြစ်လိုမှုအတွက် ကျေးဇူးရှင်ရွှေငန်း၏ ဝမ်းဗိုက်ကို ဖောက်ခွဲ လျက် ရွှေဥရှာဖွေသူ(ဒဏ္ဍာရီ ပုံပြင်လာ) လူစားမျိုးဖြစ်ရမည် သာတည်း]။

အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သော နာဓိ ဂစ္ဆတိ။

(ထိုကဲ့သို့ လောဘကြီးလွန်းသူ ပုဂ္ဂိုလ်မျိုးသည် လူစည်း စိမ်ကို မဆိုထားဘိ နတ်စည်းစိမ်တွေကိုပင် အသက်နှင့်အမျှ ခံစား စံစားနေရသော်လည်း ကျေနပ်တင်းတိမ်မှုမျိုးကို ဘယ် တော့မှ ရလိမ့်မည်မဟုတ်ပေ)ဟု ဗုဒ္ဓရှင် တော်မြတ်ကလည်း ဟောတော်မူလေပြီ။

သို့ဖြစ်ရာ ဝတ်ရေး, စားရေး, နေ ထိုင် ရေး တို့၌ မိမိတို့ လောဘကအတင့်ရဲပြီး ဆင့်ကဲဆင့်ကဲ နယ်ချဲ့မှုမျိုးကိုမဖြစ်စေဘဲ ဤသန္တုဋ္ဌိမင်္ဂလာတရားတော်အရ ရသမျှ, ရှိသမျှနှင့် ကျေနပ် ရောင့်ရဲကြရန်မှာ တဏှာလောဘ မကင်းသေးသော လောက သားတိုင်း၏ အကြီးဆုံးတာဝန်တရပ်ဟုစွဲမြဲထားရမည်။

**ယထာဗလသန္တုဋ္ဌိ** ဝတ်ရေး, စားရေး, နေထိုင်ရေးတို့၌ မိမိ၏ ပစ္စည်းအား, လုပ်အားနှင့် ချင့်ချိန်လျက် တိုင်းတိုင်းထွာထွာ ဝတ်တတ်, စားတတ်,နေတတ်သည်ကိုပင် ယထာဗလသန္တုဋ္ဌိ (မိမိ အင်အားအလျောက် ရောင့်ရဲမှု)မျိုး ဖြစ်သည်ဟု ဆိုရ၏။ ''**ဝန်နှင့်အား,မြွားနှင့်လေး**''ဆိုသကဲ့သို့ ''**သူ့အိုးနှင့်သူ့ဆန်တန်ရုံ**''မျှသာ ဝတ်စားနေထိုင်သူတို့သည် ဤယထာဗလသန္တုဋ္ဌိအရ ကိုယ့်အားနှင့်သင့်လျော်ရုံ ရောင့်ရဲ

သူများဖြစ်၍ "**ဆန်မရှိ အစားကြီး**" ဆိုသကဲ့သို့ မိမိအခြေအနေကိုမချင့်ချိန်ဘဲ မိုက်ရူးရဲ ဝတ်စားနေထိုင်သူတို့သည်ကား ကိုယ့်အားနှင့် မမျှတသူများပင်ဖြစ်ကြလေသည်။

အကယ်၍ မိမိက ပစ္စည်းအား ချို့တဲ့သူဖြစ်ပါလျက် ပစ္စည်းအားတောင့်တင်းသူတို့၏ဝတ်စားနေထိုင်ပုံကိုအတုယူအားကျကာ (၁) အဝတ်၌သောင်းကြမ်းမှု၊ (၂) အစား၌သောင်းကြမ်းမှု၊ (၃) အနေအထိုင်၌ သောင်းကြမ်းမှုတို့ကို ပြုလုပ်နေမည်ဟုဆိုမူ ထိုပစ္စည်းအားချို့တဲ့သူသည်ကား "**ငါးတု၍ ခရုပွက်**" သကဲ့သို့ ဖြစ်သောကြောင့် ကြွေးထူ၍ လူ စိတ်ဆင်းရဲရသော စီးပွားရေးကျပ်တည်းမှု ခရီးခဲကြီးထဲမှ မည်သည့်အခါ၌မှ လွတ်မြောက်နိုင်မည်မဟုတ်ပေ။

ရောင့်ရဲခြင်းနှင့် နှမြောခြင်း

အကယ်၍ ပစ္စည်းအား တောင့်တင်းသူ ဖြစ်သည်ဟု ဆိုရ သည် တိုင်အောင် ကုန်သင့်သည့်နေရာမှ ကုန်စေခြင်းသည် ချွေတာရေး အရဖြစ်၍ စီးပွားယိုဖိတ်မှုကိုလည်း ကာကွယ်ရာ ရောက်ပြန်သည်။ သို့သော် ကုန်သင့်သည့်ကိစ္စမျိုးနှင့်တိုက်ဆိုင်နေပါလျက် မသုံးရက် မစွဲရက် ဖြစ်နေပြန်လျှင်လည်း သန္တုဋ္ဌိအရ ရောင့်ရဲမှုမှကျော်လွန်၍ မစ္ဆေရ (နှမြော ကပ်စေးနှဲခြင်း) သဘောသို့ သက်ရောက်သွားတတ်ပြန်သည်။

၍ ဆိုခဲ့သည့်အတိုင်း ရောင့်ရဲခြင်းနှင့် နှမြောခြင်းသည် သဘောချင်း တမျိုးစီ ဖြစ်ရာ ရောင့်ရဲမှုသည် ရောင့်ရဲသူ၏ ကောင်းကျိုးနှင့် အမြဲဆက်စပ်လျက်ရှိသော်လည်း နေရာတိုင်း နှမြောမှုသည်ကား နှမြောတွန့်တိုသူ၏အကျိုးမဲ့ကို ဖြစ်ပွားစေနိုင်သည်ဟု မှတ်ရမည်။

ဥပမာ၊ သေလုနိုးပါးရောဂါစွဲကပ်နေသူ တယောက်သည် ဆေးဘိုးဝါးခအတွက် ကုန်ကျမည်ကို ကြောက်သဖြင့် ဆရာ မခေါ်ဘဲ ဖော်နည်းကားဖြစ်သော လူပေး, သူပေး ဆေးမီးတို ဖြင့်ပင် ပျောက်လိမ့်နိုးနိုး ငွတ် ပေ နေမည် ဟု ဆိုကြပါစို့။ ထိုရောဂါရှင်သည် မသက်သာဘဲ တနေ့ထက် တနေ့ ရောဂါ ရင့်ပြီး နောက်ဆုံး၌ ဆေးဘိုးဝါးခ နှမြောမှုအတွက် မသေ သင့်ဘဲ သေရမည်ဖြစ်သကဲ့သို့တည်း။

**အသုံးနှင့် အဖြုန်း** အမှန်မှာ ကုန်သင့်သောနေရာ၌ ကုန်စေ ရခြင်းသည် အဖြုန်းမဟုတ်၊ အသုံးမျှသာ ဖြစ်၍ မကုန်သင့်သောကိစ္စ၌ အကြောင်းမဲ့ ကုန်စေခြင်းသည် ကား အသုံးမဟုတ်ဘဲ အဖြုန်းမျှသာ ဖြစ်လေသည်။

(ဤအရာ၌ဗုဒ္ဓလက်ထက်တော်အခါက အသုံးနှင့်အဖြုန်းကိုခွဲခြား နားလည်ထားသော သာကေတမြို့နေ သူဌေးကတော်ကြီးသည် မကုန် သင့်သော အခါ၌ သူ၏ ခံတွင်းမှ အံထွက်ကျသော ထောပတ်ကိုပင် မီးထွန်းရာ၌ အသုံးကျသေးသည်ဟု ဝါဂွမ်းပေါက်ဖြင့်တို့၍ သူ့ကျွန်မ အား သိမ်းဆည်း ထားစေသောကြောင့် ကပ်စေးနှဲမကြီးဟု သူ့အား ဆေးကုသူ ဆရာဇီဝကပင် အထင်ခံရသော်လည်း တကယ် ရောဂါပျောက်ငြိမ်း၍ ကုန်ကျသင့်သောအခါ၌ကား နှမြောတွန့်တိုခြင်း မရှိဘဲ အထောင်မကသော အသပြာငွေတို့ကို ဆေးဘိုးဝါးခအဖြစ်နှင့် ဆရာဇီဝကအား ရက်ရောစွာ ပူဇော်လိုက်နိုင်သည်ကိုထောက်ပါ)။

သို့ဖြစ်ရာ အသုံးနှင့် အဖြုန်းကို ခွဲခြား ဝေဘန် ပြီးလျှင် ဤသန္တုဋ္ဌိမင်္ဂလာတရားတော်အရ မိမိ၏ ပစ္စည်းအား, လုပ် အားအလျောက်သာလျှင် ရောင့်ရဲကျေနပ်ကြရန်မှာလူတိုင်း၏ တာဝန်ကြီးဟု ဤစာကိုလေ့လာသူတိုင်း နားလည်ထားရမည် ဖြစ်သတည်း။

**ယထာ သာရုပ္ပ သဏ္ဍာန်ငြိ** ဝတ်ရေး, စားရေး, နေထိုင်ရေး တို့၌ မိမိ၏ လူမျိုး ဇာတိ အလိုက်, အရွယ် အတန်းစား အလိုက် ကိုယ်နှင့် ပုံတော်ရုံမျှသာ ချင့်ချိန်လျက် ဝတ်ခြင်း, စားခြင်း,နေထိုင်ခြင်းကိုပင် ယထာသာရုပ္ပသဏ္ဍာန်ငြိ (ကိုယ်နှင့် ပုံတော်အောင် ရောင့်ရဲမှုမျိုး) ဖြစ်သည်ဟု ဆိုရ၏။

(မိမိက မြန်မာလူမျိုးဖြစ်လျှင်၊ အခြားလူမျိုးတို့၏ဝတ်စား နေထိုင်ပုံကို အတုမယူဘဲ မြန်မာလူမျိုးနှင့်တူအောင် ဝတ်စား နေထိုင်သူ, မိမိကလူကြီးဖြစ်လျှင်လည်း လူငယ်များ၏ဝတ်စား နေထိုင်ပုံကို အတုမယူဘဲ လူကြီးနှင့် တူအောင် ဝတ်စား နေထိုင်သူစသည်တို့သည်၌ယထာသာရုပ္ပသဏ္ဍာန်ငြိ တရားတော် အရ ကိုယ်နှင့် လျော်ကန်ရုံ မျှသာ ရောင့် ရဲ သူ များ ဖြစ် ကြ လေသည်)။

အကယ်၍ မိမိက မြန်မာ လူမျိုးတယောက် ဖြစ်ပါလျက် မြန်မာဆန်ဆန် ဝတ်, စား, နေထိုင်ရခြင်းဖြင့် မရောင့်ရဲနိုင် သောကြောင့် နိုင်ငံခြားသားတို့ကဲ့သို့ ဝတ်, စား, နေထိုင်မည် ဆိုပါမူကား သင့်အဖို့ ကျေနပ်ဖွယ်ဖြစ်သလောက် အများ၏ အမြင်၌ အဆင်မပြေ ဖြစ်ရမည်ကိုလည်း သတိပြုပါ။ ထို့ပြင် မြန်မာလိုဝတ်မှကြည့်ကောင်းမည်ဖြစ်သော မြန်မာအမျိုးသမီး တဦးက မြန်မာလိုဝတ်ဆင်မှုဖြင့် မရောင့်ရဲနိုင်သောကြောင့် တရုပ်လို လက်ပြတ်အင်္ကျီပါးဝတ်ကာ ခေါင်းပေါ်မှာလည်း တရုပ်လို ဆံပင်တွေကို လိန်ကျစ်ထားမည်ဟုဆိုပါမူ သူ့အနေ ဖြင့် ကျေနပ်ဖွယ်ဖြစ်၏။ သို့သော် မြန်မာအမျိုးသမီးတယောက် အနေဖြင့် အဘယ်မှာ ပုံတော်သည်ဟု ဆိုနိုင် ပါမည်နည်း၊ စဉ်းစားပါလေ။

**အမြင်မတော်**
**ဆင်တော်နှင့်ခလောက်**

အမှန်မှာ ဤ ယထာသာရုပ္ပသန္တုဋ္ဌိအရ ကိုယ်နှင့် ပုံတော်အောင် ဝတ်တတ်, စားတတ်, နေတတ်မှသာ လူဆိုလျှင်လည်း မြင်ရသူတို့၏အဖို့၌ အမြင်တော်၍၊ ရဟန်းဆိုလျှင်လည်း ဖူးမြင်ရသူတို့၏မျက်စိထဲ၌ ပါသာဒိကဂုဏ်ကို ဆောင်ကာ ကြည်ညိုဘွယ်ဖြစ်လေသည်၊ သို့မဟုတ်ပါက အချိုးမကျသဖြင့် အမြင်မတော်ဖြစ်ရမည်မှာ သေချာပါသည်။

ဥပမာ-စိပ်ပုတီးနှင့်နေမှ တင့်တယ်မည်ဖြစ်သော အဖိုးကြီးတယောက်က လူကြီးလို ဝတ်စား,နေထိုင်ရခြင်းဖြင့်မရောင့်ရဲနိုင်သောကြောင့် "**နွားပျိုသန်ဆို-နွားအိုပေါင်ကျိုး**"ဟူသောစကားကို အားကျလျက်"**စိတ်ပျို-ကိုယ်နု**"လူငယ်တွေကိုတုပြီး ခေတ်ဆန်ဆန် ဝတ်,စား နေထိုင်မည်ဟု ဆိုကြပါစို့။ ထိုခေတ်ဆန်သူ အဘိုးကြီးသည် အမြင်မတော်သဖြင့် ဆင်တော်မှာ ခလောက် ဆွဲထားသလို ဖြစ်နိုင်ရာ သကဲ့သို့တည်း။ (အခြားအရာ မျိုး၌လည်း ဤနည်းအတိုင်း မှတ်ပါ)။

သို့ရာတွင် ဤမြန်မာပြည်၌ကား ကိုယ်နှင့် တော်,မတော်မချင့်ချိန်တော့ဘဲ၊ အခြားလူမျိုးတမျိုး၏ ဝတ်စားနေထိုင်ပုံကို မိမိတို့က အတုယူနိုင်လျှင် ကိုယ်လဲဘဲ သူတို့လိုဂုဏ်တက်လိမ့်မည်ဟု အထင်ရောက်ကာ အမျိုးသား, အမျိုးသမီးတိုင်းလိုပင် မြန်မာလူမျိုးအသွင် ပျောက်သွားလောက်အောင် ဝတ်,စား နေထိုင်ကြသည်မှာ ဝမ်းနည်းဘွယ် တရပ်ပင် ဖြစ်သည်ဟု ဆိုချင်သည်။

ရှောင်ကြဉ်ရန်၅မျိုး　သို့ဖြစ်ရာ''နဂိုရ်ရှိမှ-နဂိုဏ်းထွက်''ဆိုသည့် အတိုင်း နဂိုရ်ရက လှပသူ ဖြစ်ခဲ့ပါလျှင် မြန်မာဆန်ဆန် ဝတ်ဆင် ထားသော ပိုးလုံချည်နှင့် ပိုးအင်္ကျီ တို့ကလည်း မြင်ရသူတို့၏စိတ်ကို ဖိတ်ခေါ် ဆွဲဆောင် နိုင်မည် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် လူမျိုးအနေဖြင့် ပုံမတော် လှသော—

၁။ တိုတောင်းပါးလွှာသော အဝတ်များကို ဝတ်ဆင်ခြင်း၊

၂။ လူမျိုးခြားတဦးလို ဝတ်စားနေထိုင်ခြင်း၊

၃။ အလုပ်သမားက လခစားလို ဝတ်စားနေထိုင်ခြင်း၊

၄။ တောင်သူလယ်သမားက ကုန်သည်,သူဌေးများလို ဝတ်စားနေထိုင်ခြင်း၊

၅။ အရပ်သားက စစ်သားလို ဝတ်စား နေထိုင်ခြင်း

ဟု ဆိုအပ်သော ဤအချက် ၅ မျိုး တို့မှ ရှောင်ကြဉ် ပြီးလျှင် မိမိနှင့်ပုံမတော်သော ဇိမ်ခံလောကကို မထူထောင်ကြဘဲ ဤ သန္တုဋ္ဌိ မင်္ဂလာ တရားတော်အရ သာရုပ္ပ ဖြစ်၍ မိမိ အတွက် သဘာဝကျသော မြန်မာလို ဝတ်,စားနေထိုင်ခြင်းဖြင့် ရောင့်ရဲ ကျေနပ်ကြရန်မှာ မြန်မာ့ ဂုဏ်ကို မြှင့်တင်လိုသော မြန်မာ့ သားကောင်းသမီးကောင်း ဟူသမျှတို့၏ မွန်မြတ်သောတာဝန် ကြီး တခုပေတည်း။

သန္တုဋ္ဌိဖြစ်ရေး ဖော်ပြခန်းပြီး၏။

## ညွန်ပြနိုးဆော်ခန်း

မရောင့်ရဲမှုသည် လောဘကြီးမှုပင်ဖြစ်၍ မိမိက လောဘကြီးတိုင်းသာ အာရုံခံစားရေးကို လိုက်စားနေမည်ဟု ဆိုလျှင် သိကြားမင်း ပေါင်း ၃၆ ဆက် တိုင် တိုင် နတ်ပြည် တက်၍ အာရုံခံစားနေရသော်လည်း မရောင့်ရဲနိုင်သော မန္ဓာတုစကြာမင်းကြီးကဲ့သို့ လိုချင်ရက်တန်းလန်းနှင့်ပင် ဇီဝိန်ကြွေဘို့ရန်သာ ရှိလေသည်။

**အသက်တိုကြောင်းများ** အလိုကြီးခြင်း(လောဘ)ကပင် သူလိုချင်တိုင်း မရသည့်အခါ စိတ်တိုခြင်း (ဒေါသ) ကို ဖြစ်ပွားစေပြီးလျှင်၊ သူလိုချင်သည့် ပစ္စည်းမျိုး သူတပါးရနေသည်ကို မြင်ရသောအခါ၌ကား ထိုသူ့အပေါ်၌ မလိုမုန်းတီးခြင်း, ငြူစူစောင်းမြောင်းခြင်းစသော မနော့ဆိုးများကိုလည်း မိမိသန္တာန်၌ ဖြစ်ပေါ်စေပြန်လေသည်။

အမှန်ပြောရသော် ထိုအလိုကြီးမှု,စိတ်တိုမှု,မလိုမုန်းတီးမှု, ငြူစူမှုတို့သည် ကိုယ်ခန္ဓာပေါ်၌ ဩဇာ သက်ရောက် လျက်ရှိသော တရားဆိုးတွေဖြစ်ကြသဖြင့်၊ ယင်း တရားဆိုးတို့ကပင် လောဘကြီးလွန်းသူ, စိတ်တိုလွန်းသူ, မနာလိုမှု များသူတို့ကို အချိန်မရောက်သေးဘဲ အိုလည်း အိုစေသည်၊ အသက်လည်း တိုစေပြန်သည်။

**အသက်ရှည်ခြင်းအကြောင်း** သူတပါးအား သနားကြင်နာမှုနှင့် ရောင့်ရဲကျေနပ်မှုတို့ သည်ကား အသက် ရှည်စေနိုင်သော အကြောင်းရင်း (အာယုဝဍ္ဎနဆေးတမျိုး) ဖြစ်သည်ဟု ယောကဓာတ်ဆိုင်ရာ ဆေးကျမ်းတို့ကလည်း ဆိုကြသည်။ ကမ္ဘာပေါ်၌ သက်တန်းကျော်လွန်

အောင် နေရသူတို့သည်များသောအားဖြင့် ရောင့်ရဲမှု(သန္တုဋ္ဌိ) တရားကို လက်ကိုင်ထားလျက် တော်ရုံသင့်ရုံ ဝတ်စားနေထိုင်သူများ ဖြစ်သည်ဟု ခေတ်စာပေ မှတ်တမ်းများ၌လည်း တွေ့ရသည်။

သို့ဖြစ်ရာ **သန္တုဋ္ဌိ ပရမံ ဓနံ**(ရှာဖွေမှုရအပ်သော ပစ္စည်းဥစ္စာဟူသမျှသည် ရောင့်ရဲနိုင်မှမွန်မြတ်သည်)ဟု ဗုဒ္ဓကလည်း ညွှန်ပြထားသည့်ပြင်"**ရောင့်ရဲတင်းတိမ် လူ့စည်းစိမ်**"ဆိုသည့်အတိုင်း သင့်ရုံမျှနှင့်ရောင့်ရဲမှုသည် စိတ်အားအနှောင့်အယှက် မပေးနိုင်သော စည်းစိမ်တမျိုး ဖြစ်သောကြောင့် ဤသန္တုဋ္ဌိ မင်္ဂလာတရားတော်အရ အသက်ရှည်ကြောင်းဖြစ်သောကျေနပ်ရောင့်ရဲမှုမျိုးကို လူတိုင်း လက်ကိုင်ထားသင့်လှ၏။

## ကျေနပ်ရောင့်ရဲပါ

(က) ဝတ်မှု, စားမှု, နေမှု ဟူသော ဤ ၃ မျိုးသည် လူထု နှင့် မကင်းနိုင်သော လောက သုံး ဆောင် ဘွယ် များ ဖြစ်သည်။

(ခ) ထို လောက သုံးဆောင်ဘွယ် များကို ရသမျှနှင့် ရောင့်ရဲ ကျေနပ် ရန်မှာ ရှေး သူဟောင်းတို့၏ နည်းကောင်း ဖြစ်သည်။

(ဂ) ကိုယ့် အင် အား ကို ချင့်ချိန်လျက် သူ့အိုးနှင့် သူ့ဆန် တန်ရုံ ရောင့် ရဲ ခြင်း သည် လည်း နည်းကောင်းပင် ဖြစ်၏။

(အဘယ့်ကြောင့် ဆိုသော် နေ့စဉ် ၃ သာ သုံးနိုင်သူက ၅ သုံးလိုနေလျှင်၊ ထိုအပိုသုံး ၃ အတွက် လိမ်လည် ကောက်ကျစ်၍သော်၎င်း၊ ခိုးယူတိုက်ခိုက်၍သော်၎င်း မတရားရှာဖွေရတော့မည်ဖြစ်သောကြောင့်ပေတည်း)။

(ဃ) သင်-နှင့်ပုံ-တော်,မတော်ချင့်ချိန်လျက်သင်-နှင့်ပုံတော်သော လောက သုံးဆောင်ဘွယ်ကိုသာ ခရောင့်ရဲရမည်။

(င) ဤဆိုခဲ့သည့်အတိုင်းရောင့်ရဲခြင်းသည်ပင်လိုချင်မှု (လောဘ)နည်းပါးခြင်းဖြစ်၍ ဆင်းရဲ သက် သာ ကြောင်းဖြစ်သောကြောင့် ဤ သဗ္ဗဒ္ဒီ မင်္ဂလာ တရားတော် အရ (၁) ဝတ်ရေး၊ (၂)စားရေး၊ (၃) နေထိုင်ရေးတို့၌ ဇီဇာကြောင်ခြင်း, အဆာကျယ်ခြင်းမရှိဘဲ တော်ရုံ, တန်ရုံ မျှဖြင့်ကျေနပ်ရောင့်ရဲပါဟု သင့်အားနှိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်....

၁။ ဝတ်,စား,နေမှု၊ ဤသုံးခု၊ လူထုမကင်းပေ။
၂။ ရသမျှနှင့်၊ ရောင့်ရဲသင့်၊ မြော်ချင့်သင့်စိတ်ဖြေ။
၃။ သင့်အား,သင်ရှု၊ ရောင့်ရဲမှု၊ သင်-ပြုနိုင်ပါစေ။
၄။ သင်နှင့်ပုံတော်၊ လျော်, မလျော်၊ ချင့်မြော်ရောင့်ရဲလေ။
၅။ ဤလိုရောင့်ရဲ၊ လောဘနဲ၊ ဆင်းရဲသက်သာချေ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

# အခန်း ၂၅

## ကတညုတာမင်္ဂလာ

ကတညုတာ

(မိမိအပေါ်၌) သူက ပြုထားသော ကျေးဇူးကို "ကျေးဇူး" ဟု သိခြင်း သည် လည်း ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၂၅ ပါးမြောက် မင်္ဂလာကိုပင် "ကတညုတာမင်္ဂလာ" ဟုခေါ်ဆိုသည်။

[ကတညုတာ (ကတ အညုတာ - ဟုပုဒ်ခွဲ)။ ကတ - မိမိ အပေါ်၌ သူတပါးက ပြုထားသော ကျေးဇူး။ အညုတာ - ပြန် လည် သိ သူဖြစ်ရခြင်း။ မင်္ဂလာ - ကုသိုလ်တရား တိုးပွားရင့်ကျက်မှု]။

## ကျေးဇူးပြဿနာဖြေရှင်းခန်း

သူပြုထားသော ကျေးဇူး

ဤ ကတညုတာမင်္ဂလာ တရားတော် အရ ပြုထားဘူးသော ကျေးဇူးဟူသည်မှာ သူတပါးက မိမိအပေါ်၌ လောကကောင်းစားရေးအတွက်ဖြစ်စေ၊ သံသရာ ကောင်းစားရေးအတွက် ဖြစ်စေ ကူညီ စောင့်ရှောက်ထားသော အပြုအမူများ ဖြစ်လေသည်။ မိမိအတွက် သူတပါးကစောင့်ရှောက်ကူညီထားသော ထိုအပြုအမူများကိုပင် သူပြုထားသောကျေးဇူးဟုဆိုရ၏။

ခွဲထွင်ချက်

လူတဦးတယောက်၏ ဘဝပြဿနာ ကျယ်ဝန်းသည် နှင့် အမျှ ကျေးဇူး အမျိုးအ စားသည်လည်း ကျယ်ဝန်းလှပေသည်။ အသက်ဘေးမှကယ်ဆယ်ဘူးလျှင် အသက်ကျေးဇူး၊ မွေးကျွေး စောင့်ရှောက် ဘူးလျှင်

မွေးကျေးဇူး၊ ပညာသင်ပေးဘူးလျှင် ပညာကျေးဇူး၊ လိမ္မာ အောင် သွန်သင် ဆုံးမဘူးလျှင် အလိမ္မာကျေးဇူး စသည်တို့ ဖြစ်လေသည်။ အယုတ်ဆုံး ပြောရသော် "တလုပ်ကျွေးဘူး သူ့ကျေးဇူး"ဆိုသည့်အတိုင်းထမင်းတလုပ်ကျွေးဘူးလျှင်လည်း ကျေးဇူးပင်တည်း။

လူတဦးတယောက်အပေါ်၌ ဖော်ပြထားသော ကျေးဇူး အစားစားတို့အနက် တမျိုးမျိုးဖြင့်ကျေးဇူးပြုသူသည် မကျေးဇူး ရှင်ဖြစ်၍၊ ကျေးဇူးပြုခံရသူသည် ကျေးဇူးစား ဖြစ်လေသည်။ ဤလောက၌ မြီရှင်နှင့် မြီစားသည် အချင်းချင်း ဆက်စပ်နေ သကဲ့သို့၊ ကျေးဇူးရှင်နှင့် ကျေးဇူးစားသည်လည်းအချင်းချင်း ဆက်စပ်မှုရှိလေသည်။

သို့ဖြစ်ရာ ကျေးဇူးရှင်က ကျေးဇူးစားအပေါ်၌ ချစ်ကြည်မှု (မေတ္တာတရား)နှင့် သက်ညှာမှု (ကရုဏာတရား) ရှေ့ထား လျက် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ သို့မဟုတ် ကိုယ်,နှုတ် ၂ မျိုးလုံးဖြင့်ပင်ဖြစ်စေ ကူညီစောင့်ရှောက်ထားသော အကျိုး စီးပွား ဆောင်ရွက်မှုများကိုပင် သူပြုခဲ့ဘူးသော ကျေးဇူးဟု မှတ်သားအပ်သတည်း။

**ဂုဏ်နှင့်ကျေးဇူး** ဂုဏ် နှင့် ကျေးဇူးသည် ထူး မခြားနား သကဲ့သို့ဖြစ်၍ ဂုဏ်လည်းကျေးဇူး၊ ကျေး ဇူးလည်းဂုဏ်ဟု အများ အား ဖြင့် မှတ် ထင် ကြ လေ သည်။ သို့သော်ဂုဏ်ဟူသည် မိမိကိုစွဲ၍ ဖြစ်ပေါ်လာသော ကိုယ်ပိုင် ပစ္စည်းမျိုးဖြစ်၍၊ ကျေးဇူးဟူသည်မှာ သူတပါးကိုစွဲ၍ဖြစ်ပေါ် လာသောသူပိုင်ပစ္စည်းမျိုးဖြစ်သောကြောင့်၊ထို ၂မျိုးသည်ကား အများထင်သကဲ့သို့သဘောအားဖြင့် တူမျှခြင်းမရှိကြပေ။

အဘယ်ကြောင့်ဆိုသော် ဂုဏ်သည်ဂုဏ်ရှိသူ ကိုယ်တိုင်နှင့်သာ ဆက်စပ်၍ ကျေးဇူးသည်ကား ကျေးဇူးစား ဖြစ်သူ (သူတပါး)နှင့်သာဆက်စပ်လျက်ရှိသောကြောင့်ဖြစ်လေသည်။ ဥပမာ၊ ဆရာ့ဂုဏ်ဆိုလျှင် ဆရာကိုယ်တိုင်နှင့်သာဆက်စပ်၍၊ ဆရာ့ကျေးဇူးဆိုလျှင်တပည့်နှင့်ဆက်စပ်ရမြဲဖြစ်သကဲ့သို့တည်း။

သို့သော်လည်း ဆရာ, မိဘ စသည်တို့၏ ဂုဏ်ကြီးမှုက တပည့်, သားသမီးအပေါ်၌ အရှိန်ဟပ်၍ ကျေးဇူးများခဲ့ပါမူ ထို ဆရာ,မိဘစသည်တို့၏ ဂုဏ်သည်ပင် တပည့်, သားသမီး စသည်တို့၏ ကျေးဇူးသဘောသို့ သက်ရောက်ရပြန်လေသည်။ သို့ဖြစ်ရာ ဂုဏ်သည် ကျေးဇူးသဘောသို့ သက်ရောက်အံ့၊ ဂုဏ်နှင့်ကျေးဇူးသည် ထူးခြားမှုမရှိပေ။ အကယ်၍ ဂုဏ်သည် ကျေးဇူးသဘောသို့မသက်ရောက်ဟုဆိုပါမူကား ဂုဏ်နှင့်ကျေးဇူးသည် သဘောချင်း တမျိုးစီဖြစ်၍ ထူးခြားချက် ရှိသည်ဟု မှတ်ရမည်သာတည်း။

ကျေးဇူးပြသနာဖြေရှင်းခန်းပြီး၏။

---

# ကျေးဇူးသိရေးဖော်ပြခန်း

**ကျေးဇူးဆပ်ခက်ခြင်း** ဘယ်လိုပုဂ္ဂိုလ်ကို ကျေးဇူးသိသူဟု ခေါ်ရမလဲဟု တဦးတယောက်က သင့်အား မေးခွန်းထုတ်ပြီဟု ဆိုကြပါစို့။ သူတပါးက မိမိအပေါ်၌ပြုထားသော ကျေးဇူးကို ကိုယ်ကပြန်လည်သိတတ်သူကိုပင် ကျေးဇူးသိသူ ခေါ်ဆိုရပါမည် ဟု သင်က အဖြေပေးရမည်မဟုတ်ပါလော။

သင်-ပြောသလိုပင် အများကလည်း ဖြေကြမည် ဖြစ်၍၊ ဤမေးခွန်း၌ အဖြေရခက်သောပြဿနာတရပ်မဟုတ်သည်မှာ ထင်ရှား၏။ သို့သော်အဖြေရလွယ်သလောက် ကျင့်သုံးလိုက်နာရန်ခက်ခဲသော မေးခွန်းတရပ်ဖြစ်သည်ကိုကား နားလည်ထားရန်လိုပေသည်။

(ဤအရာ၌ ကျေးဇူးခံ လွယ်သလောက် ကျေးဇူးစား ခက်သည်ဟူသော လူ့သဘာဝကို ကေနိပါတ် အကတညူဇာတ်ကို ထောက်၍ သိပါ)။

ထို့ပြင် ဤယခုခေတ်၌လည်း မိမိကသူတပါး၏အကူအညီကြောင့်ကြီးပွားနေရသူဖြစ်ပါလျက်၊မူလကူညီသူကျေးဇူးရှင်ကို ထုတ်ဖော်မပြောနိုင်ဘဲ သူ၏အစွမ်းစကြောင့် ကြီးပွားရလေယောင် ဟန်ဆောင် ပြောဆိုတတ်ခြင်း၊ မိမိက ပညာတတ်တယောက်ဖြစ်၍ လူရာဝင်လာသောအခါ မူလကသင်ပြပေးခဲ့သော ဆရာကိုပင်ဆရာဟုမည္ဟန်းတော့ဘဲ“ကျောက်ကြီးငါခို” ဂုဏ်ရှိပုဂ္ဂိုလ်ကိုသာလျှင် ဆရာတင် ပြောဆိုခြင်း စသည်တို့သည်ကား ဤအရာ၌ခိုင်လုံ ထင်ရှားသောမျက်မြင်သက်သေတို့ပင်တည်း။

ထို့ကြောင့်ကျေးဇူးရှင်ကို ကျေးဇူးရှင်ဟု ထုတ်ဖော်ပြောရုံမျှကိုပင် အလွန်ဝန်လေးနေကြသည်ဖြစ်ရာ၊ ထိုကျေးဇူးတွေကို ထိထိရောက်ရောက်ပြန်လည် ဆပ်နိုင်ကြရန်မှာမူ အဘယ်မျှခက်ခဲကြပေလိမ့်မည်ဟု မျက်မြင်သက်သေတို့ကိုထောက်ထားလျက် ကျေးဇူးခံလွယ်သလောက် ကျေးဇူးဆပ်ခက်၏ဟူသော လူ့သဘာဝကိုလည်း သင်-နားလည်ထားရမည်။

**ကျေးဇူးသိသူနှင့် မသိသူ**

ဤလောက၌ ကျေးဇူးသိသူသည် ကျေးဇူးရှင်ကို စိတ်ဖြင့်ပြစ်မှားရန်ပင် ခဲယဉ်းသည်နှင့်အမျှ၊ ကျေးဇူးမသိသူသည်ကား ကျေးဇူးရှင်ကိုပြစ်မှားရန်မခဲယဉ်းဘဲရှိလေသည်။ အမှန်မှာကျေးဇူးသိသူဟူသည် တရားရှိသူပင်ဖြစ်၍၊ ကျေးဇူးမသိသူဟူသည်မှာ တရားမဲ့သူပင်တည်း။ ထိုပုဂ္ဂိုလ် ၂ မျိုး တို့၏တရားရှိပုံ, တရားမဲ့ပုံကိုလည်း ကျေးဇူးသိသူ အကိုရမင်းသားနှင့်ကျေးဇူးမသိသူလှည်းမှူးပုဏ္ဏားမိုက်တို့ကျေးဇူးထောက်ရေး,မထောက်ရေးနှင့်စပ်လျဉ်း၍ အပြန်အလှန် စကားရည် လုရာ၌ကျေးဇူးသိသူ အကိုရမင်းသားက တရားလမ်းနှင့်အညီ ပြောဆိုခြင်း၊ ကျေးဇူးမသိသူ လှည်းမှူးပုဏ္ဏားမိုက်က တရားလမ်းနှင့် ဆန့်ကျင်၍ ပြန်လည်ချေပခြင်းများက သက်သေခံလေပြီ။

အမှန်မှာ ကျေးဇူးမသိသူသည်ကိုယ်ရေး,ကိုယ်တာလောက်ကိုသာ ကြည့်မြဖြစ်၍ သူ့အမြင်ဖြင့် ကိုယ်ကျိုး ရှိလိမ့်မည်ဟုမှတ်ထင်ခဲ့ပါလျှင် သူ့အပေါ်တွင် ရှိနေသော ကျေးဇူးကိုပင် မထောက်ထားတော့ဘဲ ကျေးဇူးရှင်ကိုသော်လည်း ရန်သူပမာ ရက်စက်စွာပြစ်မှားနိုင်သည်။

(မိတ္တဒုဗ္ဘိဇာတ်၌ မိမိအားအသက်ဘေးမှကယ်ဆယ်သော ဘုရားလောင်း မြောက်မင်းကိုပင် ဒေဝဒတ်အလောင်း မုဆိုးမိုက်ကမြောက်သေကိုပြ၍ သူ့မယားကို မျက်နှာရစေလိုသဖြင့် သူ့ရင်ခွင်မှာအိပ်စက်နေခိုက် ကျောက်ခဲနှင့်ထု,ရိုက် ပြစ်မှားပုံကိုထောက်)။

**ဗုဒ္ဓရှင်တော်မြတ်ချီးမွမ်းခြင်း**

ကျေးဇူးရှင်ကို ကျေးဇူး ကန်း ခြင်း သည် သူယုတ်မာတို့၏အလုပ်ဖြစ်သကဲ့သို့၊ ကျေးဇူးရှင်ကို ကျေးဇူးတင် ထုတ်ဖော် နိုင်ခြင်း

သည်လည်း သူတော်ကောင်းဖြစ်သူ လူအဘိုးတန်တို့၏မွန်မြတ်သော အမွေအနှစ်ဖြစ်လေသည်။ သူ့ကျေးဇူး သိတတ်သူကို ဗုဒ္ဓရှင်တော်မြတ်ကလည်း ချီးမွမ်းတော်မူသည်။

ရှင်ပြုပေးသူမရှိ၍ ပိန်ခြုံးနေသော ရာဓပုဏ္ဏားကြီးအား အရှင်သာရိပုတြာ မထေရ်က ဆွမ်းတဇွန်း လောင်းဘူးသော ကျေးဇူးကို ထောက်လျက် သာသနာတော်တွင်း သွတ်သွင်းခြီးမြှင့်ပေးရာတွင် **"သာဓုသာဓု သာရိပုတ္တ ကတညုနောဟိ သာရိပုတ္တသပ္ပုရိသာ ကတဝေဒိနော"**(ချစ်သားသာရိပုတြာ ကောင်းပေစွ,ကောင်းပေစွ,သူတော်ကောင်းတို့သည် သူ့ကျေးဇူးကိုတုန့်ပြန်သိတတ်သည့်ပြင်ကြေးဇူးရှင်ကိုလည်းကျေးဇူးရှင်ဘဲဟု ထုတ်ဖော်ပြောလေ့ပြောထရှိကြသည်)ဟု ဘုရားချီးမွမ်းခြင်းသည် ဤအရာ၌လိုလောက်သော သာဓကတခုပေတည်း။

သို့ဖြစ်ရာ မိမိအပေါ်၌ သူ့ကျေးဇူးရှိဘူးက ထိုကျေးဇူးကို မဆပ်နိုင်လျှင်ထားဘိဦး၊အယုတ်ဆုံးကျေးဇူးရှိသူဟုထုတ်ဖော်နိုင်မှသာ စိတ်စဉ်သန့်ရှင်းသူတယောက် ဖြစ်နိုင်သောကြောင့်၊ မည်သူမဆို ကျေးဇူးရှင်ကို ကျေးဇူးကန်းခြင်း, ကျေးစွပ်ခြင်း မပြုလုပ်ကြဘဲ၊ ကျေးဇူးကိုသိ၍ သိသည့်အတိုင်း ကျေးဇူးကြွေးဆပ်ကြရန်မှာ ဤကတညုတာမင်္ဂလာတရားတော်အရကျေးဇူးသိသူတို့၏ အရေးကြီးဆုံးသော တာဝန်ဖြစ်သည်ဟု မှတ်သားကြကုန်ရာ၏။

ကျေးဇူးသိရေးဖော်ပြခန်းပြီး၏။

# ညွှန်ပြနိုးဆော်ခန်း

**ကျေးဇူးမသိခြင်းကြောင့် ကျေးဇူးယုတ်ခြင်း**

ကျေးဇူး မသိတတ်သူသည် တခါ ဆက်ဆံဆယ်ခါလန်ဟုဆိုရလောက် အောင်ပေါင်းသင်းဆက်ဆံရေးအရ လူညံ့ဖြစ်၏။ ထိုကဲ့သို့သောကျေးဇူးမသိသူကိုမည်သူမှဆေးဘော် ကြောဘက်မပြုလုပ်လိုကြပေ။ အမှန်ဆိုရသော်ကျေးဇူးမသိသူ သည် သူ၏ပတ်ဝန်းကျင်လောကမှစိုင်းပယ်ထားသူသာတည်း။

ထိုကျေးဇူးမသိတတ်သူကိုပင် ရည်ရွယ်လျက် ပေါင်းသင်း ဆက် ဆံ ရေး လမ်း ညွှန် ဖြစ် သော နီတိ ကျမ်း ဆရာ ကြီးတို့ ကလည်း—

၁။ မစင် အလူးလူး အလဲလဲ ဖြစ်သောနေရာကျဉ်း ကလေးထဲ၌နေထိုင်ရခြင်းသည် ဆင်းရဲ၏။

၂။ ထို့ထက်မိမိမချစ်မနှစ်သက်သော ရန်သူနှင့် အတူ နေထိုင်ရခြင်းက သာလွန်၍ဆင်းရဲပြန်၏။

၃။ ထိုရန်သူနှင့်အတူ နေထိုင်ရခြင်းထက် သူ့ကျေးဇူး ကို မသိတတ်သူနှင့် အတူ ဆက်ဆံပေါင်းသင်းရ ခြင်းက သာလွန်၍ဆင်းရဲ၏

ဟု မိန့်ဆိုကြရကား၊ ထိုကဲ့သို့ သော သူ နှင့် အဘယ် သူသည် ပေါင်းသင်းဆက်ဆံလိုတော့အံ့နည်း။

သို့ဖြစ်ရာ သူ့အား ကျေးဇူး ပြု ထား ဘူးသူ တို့ က လည်း သူ့အကြောင်းကို သိရပြီဖြစ်၍၊ အကြောင်းမသိရခင်က ကူညီ စောင့်ရှောက်ထားဘူးသော ကျေးဇူးမျိုး ကို သူ့ အ တွက်

နောက်ထပ်တဖန်ဆက်လက်ပြုလိုကြမည်မဟုတ်သောကြောင့်၊ ကျေးဇူးမသိသူအား လောကကျေးဇူးမှ ဆုတ်ယုတ် ရပြန်လေသည်။ ထို့ထက်ကျေးဇူးရှင်ကို ပြစ်မှားဦးမည် ဆိုလျှင် ပို၍ကြောက်ဖွယ်ကောင်းသောသံသရာကျေးဇူးမှလည်း ဆုတ်ယုတ်ရဦးမည်သာတည်း။

**ကျေးဇူးသိခြင်းကြောင့် ကျေးဇူးတက်ခြင်း**

ကျေးဇူး မသိလျှင် လောကကျေးဇူး သံသရာကျေးဇူးတို့မှ ဆုတ်ရသကဲ့သို့၊ ကျေးဇူးသိလျှင်ကား ထိုမှအပြန်ဖြစ်သော လောကကျေးဇူး, သံသရာကျေးဇူးများကို အကြိမ်ကြိမ် ခံစားရမည်သာဖြစ်၏။

ကျေးဇူးသိသူသည် သူ့အား ကျေးဇူးပြုထားသူ အတွက် ကူညီဘို့ရန် အခွင့်ဆိုက်လာလျှင် ခေါင်းတိမ်း မနေတော့ဘဲ၊ လူအားတန်လျှင် လူ၊ ငွေအားတန်လျှင် ငွေ၊ အခြေအနေကိုကြည့်၍ ကျေးဇူးကြေးဆပ်မြဲဖြစ်ရကား ထိုကဲ့သို့လက်စားရသူမိတ်ဆွေကောင်းတယောက်အား အဘယ်သူသည်အကူအညီမပေးလိုဘဲရှိတော့အံ့နည်း။

ထို့ကြောင့် ကျေးဇူးသိလျှင် ကျေးဇူးရှင်ပေါင်း မြောက်များစွာပေါ်ထွက်၍ လောက ကျေးဇူးမှ မဆုတ်ရသည့်ပြင်၊ ဘဝသံသရာတွင်လည်း ကျေးဇူးသိမှု ကုသိုလ်မင်္ဂလာအတွက် မျက်နှာမငယ်ဘဲရှိရမည်မှာ သေချာပါသည်။

## သူ့ကျေးဇူးကိုပြန်သိပါ

(က) မိမိအပေါ်၌ သူတပါးကပြုထားသော ကျေးဇူးကို ရှာကြံစဉ်းစားရမည်။

(ခ) အဘယ်၌ရှာဖွေတွေ့လျှင် ထိုကျေးဇူးကို ဆပ်နိုင်ရမည်။

(ဂ) ကျေးဇူးဆပ်မခက်ပါနှင့်၊ ကျေး ဇူး ယူ လွယ် သလို ကျေးဇူးဆပ်လည်း လွယ်ပါစေ။

(ဃ) သူ၏ကျင့်ဝတ်နှင့် မပြည့်စုံလျှင်၊ ကျေးဇူးရှင်ကို ကျေးစွပ်တတ်ပါသည်။

(င) ထိုကျေးစွပ်သူကိုပင်လူယုတ်မာဆိုရသောကြောင့် ဤ ကတညုတာမင်္ဂလာတရားတော်အရသူ့ကျေးဇူးကိုသိပါဟု နှိုးဆော်ရကြောင်း။

ဆောင်ပုဒ် ..

၁။ ကိုယ်၌ပြုဘူး၊ သူ့ကျေးဇူး၊ အထူးရှာကြံပါ။
၂။ ရှာဖွေတွေ့လျှင်၊ ကျေးဇူးတင်၊ အသင်-ဆပ်ဘို့ရာ၊
၃။ တင်ရှိနေသေး၊ ကျေးဇူးကြွေး၊ ဆပ်ရေးလွယ်ကူစွာ။
၄။ လူ၏ကျင့်ဝတ်၊ သင်-ကင်းလွတ်၊ ကျေးစွပ်ပြုမည်သာ။
၅။ ကိုယ့်ကျေးဇူးရှင်၊ ကျေးစွပ်လျှင်၊အသင်-လူယုတ်မာ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

# အခန်း ၂၆

## ကာလေန ဓမ္မသဝန မင်္ဂလာ

**ကာလေနဓမ္မသဝနံ** သင့်လျော်သောအခါ၌ တရားနာယူရခြင်းသည်လည်း ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၂၆ ပါးမြောက် မင်္ဂလာကိုပင် "ကာလေနဓမ္မသဝန မင်္ဂလာ"ဟုခေါ်ဆိုသည်။

(ကာလေန-သင့်လျော်သောအခါ။ ဓမ္မ-တရား။ သဝန-နာယူမှတ်သားခြင်း။ မင်္ဂလာ—ကုသိုလ်တရား တိုးပွားရင့်ကျက်မှု)။

## ကာလပြဿနာ ဖြေရှင်းခန်း

**တရားနာသင့်သော အခါ** ဤဓမ္မသဝန မင်္ဂလာတရားတော်အရ၊သင့်လျော်သောအခါဟူသည်မှာတရားနာသင့်သော အခါဖြစ်၏။ တရားနာ သင့် သော အခါဟူသည်မှာလည်း—

၁။ မိမိသန္တာန်၌ကာမဝိတက် (ကာမဂုဏ်ခံစားရေး ကြံတွေးစိတ်ကူးမှု) စသည်တို့ ဖြစ်ပေါ်လာသော အခါမျိုး၊

၂။ ဟောနိုင်ပြောနိုင်သော သူတော်ကောင်းများထံသို့ ဆည်းကပ်၍တရားနာယူရန် အားလပ်ခွင့်ရသော အခါမျိုး၊

၃။ ငါးရက်ခြား,ခြောက်ရက်ခြား စသောအခါ၊ သို့မဟုတ် လဆန်း ၈ ရက်,လဆုတ် ၈ ရက်, လပြည့်လကွယ်စသော အခါမျိုးများပင်ဖြစ်ကြသည်။

ဤဆိုအပ်ပြီးအခါ ၃ မျိုးကိုပင် သင့်လျော်သော အခါဟု အမှတ်ပြုပါ။

အမှန်ဆိုရသော် တရားမနာသင့်သောအခါဟူ၍ မရှိပေ။ မည်သည့်အခါ၌မဆို တရား ကို နာ ယူ မှတ် သား နိုင် လျှင် အကျိုးရှိသည်သာဖြစ်၏။ သို့သော် ကုသိုလ် ဖြစ်ရန် ခဲ ယဉ်း ကျဉ်းမြောင်းလှသော အိမ်နေလူများအဖို့မှာမူ အခါခပ်သိမ်း တရားနာယူရန် အခွင့်သင့်မည်မဟုတ်ပေရာ။ကိစ္စများတိုင်းသာ တရားမနာရလျှင်လည်း သေသည်တိုင်အောင် တရားနာချိန် ရတော့မည်မဟုတ်ပေ။

သို့ဖြစ်ရာ လောကရေးအရ အဘယ်မျှပင် လူမှုကိစ္စတွေက များလှသည်ဟု ဆင်ခြေပေးနိုင်သည်တိုင်အောင် အယုတ်ဆုံး ယင်း ဖော်ပြထား သော အခါ ၃ မျိုး၌ကား ကာမဝိတက် စသည် ပယ်ဖျောက်ရေး နှင့် ဘဝသံသရာ ကောင်းစားရေး, ဝဋ်ဆင်းရဲငြိမ်းရေးတို့အတွက် တရားနာသင့်သည်သာ ဖြစ်သောကြောင့်၊ ထိုအခါ ၃ မျိုးကိုပင်တရားနာသင့်သော အခါ ဟု ဆိုရသတည်း။

**တနည်း ၂ မျိုး**　ထို့ပြင် ဘုရားနှင့်တွေ့၍ ဘုရားတရားနာယူရန် ထိးနန်း စည်းစိမ်လို စွန့် လွှတ် လျက် ယူဇနာပေါင်းများစွာခရီးပြင်းထွက်ချီလာခဲ့ရသောပုက္ကုသာတိ မင်းကိုဘုရားကဆီးကြိုကာတခုသောနေရာ၌တွေ့ရသော်လည်း ခရီးပန်းနေသည့်အတွက် ရုတ်တရက် တရားမဟောသေးဘဲ

အမေ့အပန်းပြေလောက်မှ ထိုပုဏ္ဏသာတိမင်းအား ဘုရား တရားဟောတော်မူသည်ကိုထောက်လျှင် ကိုယ်စိတ်ပင်ပန်းမှုမှ ကင်းရှင်းခိုက် အခါသည်လည်း တရားနာသင့်သော အခါ၊ စာကြည့်သင့်,ဘတ်သင့်သောအခါပင်ဖြစ်လေသည်။

ထိုပြင် ဓမ္မပဒ သုခဝဂ် ဂေါနဋ္ဌဝတ္ထု၌၊ နွားပျောက်ရှာ ရာမှ ဆာဆာလောင်လောင်ဖြစ်၍ ဘုရားထံ တရားနာရောက် လာသော ဥပါသကာတဦးအား ဘုရားက ရုတ်ခြင်း တရား မဟောသေးဘဲ၊ ဆွမ်းကြွင်း,ဆွမ်းကျန် ကြွေးမွေး စေတော်မူ ပြီးမှတရားဟောတော်မူသည်ကိုထောက်ထားလျှင် ဆာလောင် မွတ်သိပ်ခြင်းမရှိသော အခါသည်လည်း တရားနာသင့်သော အခါ၊ စာဘတ်သင့်သောအခါပင်ဖြစ်လေသည်။

ထိုကဲ့သို့ ကိုယ်ပန်း, စိတ်ပန်းဖြစ်နေခိုက်အခါ ဆာလောင် မွတ်သိပ်နေခိုက်အခါတို့၌ အကယ်၍တရားဟောခဲ့ပါမူ တရား နာသူက တရား၌စိတ်ဝင်စားနိုင်မည်မဟုတ်သဖြင့် တရားဟော ရကျိုးနပ်လှမည်မဟုတ်ပေရာ။

ထို့ကြောင့်—

၁။ ကိုယ်,စိတ်ပင်ပန်းခြင်းမှ ကင်းရှင်းခိုက်အခါ၊

၂။ ဆာလောင်မွတ်သိပ်မှုမရှိသောအခါ

ဟုဆိုအပ်သော အခါကာလ ၂မျိုးကိုလည်း ဤကာလေန ဓမ္မသဝနမင်္ဂလာတရားတော်အရ တရားနာသင့်သောအခါဟု မှတ်ရမည်သာတည်း။

ကာလပြဿနာဖြေရှင်းခန်းပြီး၏။

## တရားနာယူရေးဖော်ပြချက်

**စိတ်စင်ကြယ်ရေး** စိတ်စင်ကြယ်ရေးကို လိုလား သူတိုင်း ပင် ကာမဝိတက်စသော ကိလေသာ အညစ်အကြေးတွေစိတ် ထဲ၌ ဝင် ရောက် လာသော အ ခါ တရားဘက်သို့လှည့်၍ စိတ် ကို အာ ရုံ ပြောင်း လွှဲ ပေးရန် လိုအပ်ပေသည်။ အကယ်၍ထိုကဲ့သို့ အာရုံ လွှဲပြောင်းမပေးနိုင်ခဲ့ပါမူ စိတ်ထဲ၌ ဖြစ်ပေါ်လာသော ယင်းကာမဝိတက်စသည်တို့သည် စိတ်ကူး(ပရိယုဋ္ဌာနကိလေသာ)အဖြစ်မှလွန်ကျူးမှု(ဝိတိက္ကမကိလေသာ)အဖြစ်သို့ ဆိုက်ရောက်၍အကုသိုလ်မျိုးစေ့အောင်မြင်ကြမည်သာဖြစ်၏။

မိမိကစောင့်စည်းနိုင်သဖြင့် လွန်ကျူးမှု အခြေ အနေသို့ မဆိုက်ရောက်စေရ ဟု ဆိုရ သည့် တိုင် အောင် ပင်ကိုယ်က သန့်ရှင်းခဲ့သော စိတ်သည်ကား ကာမဝိတက် စသည် တို့ ၏ ငြစ်ငြူးစေမှုကြောင့် အညစ် အကြေး ကပ် ငြိ သော အဝတ်အထည်ကဲ့သို့ သန့်ရှင်းမှုမရှိဘဲ ဖြစ်နေရမည်သာတည်း။

ထို့ကြောင့်စိတ်ထဲ၌ ပေါ်လာသော ကာမဝိတက် စသည်တို့ကို ရပ်တန့်မှ ရပ်စေသည့်ပြင် ကိလေသာ အမှောင့်ပူး၍ ငြစ်ငြူးနေသောစိတ်ကိုလည်း စင်ကြယ်စေရန်အလို့ငှာ ကာမဝိတက်(အာရုံခံစားရေးကြံတွေးစိတ်ကူးမှု)စသည်တို့ ဖြစ်ပေါ်လာသည့်အခါတိုင်း၌ပင် ဤမင်္ဂလသုတ်မင်္ဂလာတရားတော်အရ၊ တရားတော်ကို နာယူမှတ်သားခြင်းဖြင့် စိတ်အာရုံ ပြောင်းလွှဲပေးရမည်ဟုဆိုလိုသည်။ ရတနာသုံးပါးနှင့်စပ်လျဉ်း၍အကျိုးကျေးဇူးသက်ရောက်သော စာအုပ်တခုခုကိုဘတ်နေလျှင်လည်း တရားနာနေသည်နှင့်အလားတူဖြစ်သည်ဟုမှတ်ပါ။

(စိတ်ထဲ၌အကုသိုလ် အာရုံတွေဝင်လာတိုင်း ဘုရားရှေ့တော်သို့ သွား၍"တပည့်တော်အား ကိုယ်တွင်းရန်တွေက နှိပ်စက်နေပါသည် ဘုရား" ဟု တိုင်တည်လျှောက်ထားကာ မကြာမကြာ ဝတ်ပြုလေ့ ရှိသည်ဟု ပြောစမှတ်ဥဒါန်းတွင်ခဲ့သော အင်းဝ ခေတ်က ငခုံ ဆရာ တော်၏ကျင့်ထုံးသည်လည်း ဓမ္မသဝန မင်္ဂလာတရားတော်အရ စိတ် အာရုံပြောင်းလွှဲပေးခြင်းပင်တည်း။)

**အခွင့်ကောင်းယူရေး** ထို့ပြင် မိမိကဟောနိုင် ပြောနိုင်သော သူတော်ကောင်းပုဂ္ဂိုလ်များထံသို့သွား ရောက်ဆည်းကပ်၍ တရားနာယူရန်အခွင့်အရေးရနေပါလျက် တရားမနာယူခဲ့အံ့၊ ထိုသူသည် ရနေသော အခွင့် ကောင်းကို လက်လွှတ်၍ ဖြစ်သင့်ဖြစ်ထိုက်သော ကုသိုလ်ရေးမှဆုတ်ယုတ် စေသည် မည်၏။

အကယ်၍ မိမိက တရားဘက်သို့စိတ်ယိုင်သူဖြစ်ခဲ့ပါမူ လူမှု ကိစ္စတွေမည်မျှပင် ရှုပ်ထွေးနေသော်လည်း သူ့အဖို့ တရား နာနိုင်သောနှစ်,လ,ရက် အချိန် နာရီများရှိရမည်မှာ အမှန် ဖြစ်၏။ သို့သော် မူလကပင် တရားဘက်သို့ စိတ်မယိုင်သူ အဖို့ မှာကား တရားနာရန် အခွင့်ကောင်းရှာဖွေ တွေ့ရလိမ့်မည် မဟုတ်ပေ။

(ဘုရားလက်ထက်တော်က ဘုရား နှင့် ဖူးရပါလျက် ဘုရား၏ တရားတော်ကို နာရမှန်းမသိသူများရှိသေးသည်ကိုထောက်။)

ထို့ကြောင့်အလုပ်မှ အားလပ်ခွင့်ရသည့်အချိန်၌ ပညာ ရေး, ကုသိုလ်ရေး နှင့် စပ်လျဉ်း၍ မိမိ နှင့် တိုက်ဆိုင်နေသော အခွင့်အရေးကို လက်မလွှတ်စေဘဲ၍ဓမ္မသဝနမင်္ဂလာတရား တော်အရ၊ သူတော်ကောင်းအရှင်မြတ်များထံသွား၍ တရား

နာယူခြင်း,အကျိုးရှိမည်ထင်သော ကျမ်းစာများကို ဘတ်ခြင်းစသည်ဖြင့် အခွင့်ကောင်းယူကြရန်မှာ အကျိုးစီးပွားလိုလားသူတိုင်း၏ တာဝန်ကြီးပေတည်း။

**နောင်တမလွန်ရေး** လူတိုင်း လူတိုင်း မှာ ပင် ပစ္စုပ္ပန် ရေး, တမလွန်ရေးဟု ဆောင်ရွက်ဖွယ် ကိစ္စ ၂ မျိုးစီရှိနေကြသည်။ လူအသီးသီး၌ ရှိနေကြသော ထိုကိစ္စ ၂မျိုးအနက် ပစ္စုပ္ပန်ရေး ဟူသည်မှာ တရား သည် ဖြစ်စေ, မတရားသည်ဖြစ်စေ တဘဝကောင်းစားရေးအတွက်နေ့ရှိတိုင်း သွားလာလုပ်ကိုင်နေကြရသော လူမှုကိစ္စများဖြစ်၍၊ တမလွန်ရေးဟူသည်မှာကား တရားစည်းကမ်းနှင့်အညီ နိဗ္ဗာန်အထိ မြော်မှန်းဆည်းပူးကြရသောပုဒ္ဒါန်းစွန့်ကြဲမှု, ကိုယ်ကျင့်သီလ ဆောက်တည်မှု,ဘဝလွတ်မြောက်ရေးအတွက် အမှန်သိတရား ပွားများမှုတို့ပင်ဖြစ်လေသည်။

**ချုပ်ချက်** ပစ္စုပ္ပန်ရေး အတွက် လူမှုကိစ္စကို ဆောင်ရွက် ရာဝယ် ထိုလူမှုကိစ္စနှင့်ဆက်စပ်သော လောကရေး အသိတရားများကို ဆည်းပူးရမြဲ ဖြစ်သကဲ့သို့ နောင်တမလွန်ရေးအတွက် ဗုဒ္ဓလမ်းစဉ်သို့ ချီတက်ရာ၌ လည်း ဗုဒ္ဓ ညွှန်ပြထားသော လောကုတ္တရာရေး အသိ တ ရား များကို ဆည်းပူးရမည်ဖြစ်၏။

သို့ရာတွင်နောင် တမလွန်ရေးအတွက် အသိတရားများကို ဆည်းပူးရှာဖွေရာ၌ တရားနာခြင်းနှင့်ကင်း၍ အမြင်မှန်ရမည် မဟုတ်ရကား ရှေးဦးစွာ လူတိုင်းအဖို့ တရားတော်ကို နာယူမှတ်သားရန် လိုအပ်ပြန်လေသည်။ သို့ဖြစ်ရာ တလလျှင် ရက်

၃၀ ရှိသည့်အနက် ပျန်းမျခြင်းအားဖြင့် ၂၆ရက်က တဘာဝ ကောင်းစားရေးအတွက် အချိန်ကုန်လွန် စေရသော ရက်တွေ ဖြစ်နေပြီဟု ဆိုကြပါစို့၊ ကျန် ၄ရက် အ ဖို့ မှာ ကား နောင် တမလွန်ရေး အတွက် အထိမ်း အမှတ် ထားသော တရားနာ ရက်များ ဖြစ်နေမှသာလျှင် မိမိ၏ ဘဝ နောင် ရေး ကိုလည်း ဥုံးစားပေးစဉ်းစားရာ ရောက်ချိမ့်မည်။

ထို့ကြောင့် ရခဲ့သော လူ့ဘဝကို ရနေသူတိုင်းပင် ဟဘာဝ ကောင်းစားရေးနှင့် ကျေနပ်တင်းတိမ်ခြင်းမရှိဘဲ ဤဓမ္မဿဝန မင်္ဂလာတရားတော်အရ အယုတ်ဆုံး လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့်, လကွယ်နေ့များ၌ လုံလောက်သော ပညာရှိ ပုဂ္ဂိုလ်များထံဆည်းကပ်၍ တရားနာသင့်၏။ အကယ်၍ မစွမ်း နိုင်မူ အယုတ်ဆုံး ဗုဒ္ဓဘာသာ ကျမ်းစာတမျိုးမျိုးကိုပင်ဖြစ်စေ ဘတ်နေသင့်ပါသည်။ သို့သော်လည်း တရားနာသူတိုင်း တရား ကျင့်သူဖြစ်မှသာလျှင် တရားတော်၏ ကယ်တင်မှုကို ရနိုင်သည် ဟူသော ညွှန်ကြားချက်ကိုကား မမေ့သင့်။

(တရားကျင့်ခြင်းကြောင့် ရနိုင်သောမျက်မှောက်ကျိုး,တမလွန်ကျိုး များကိုလည်း ဓမ္မစရိယာမင်္ဂလာခန်း၌ ဖော်ပြခဲ့ပြီ)။

တရားနာယူရေး ဖော်ပြခန်းပြီး၏။

# ညွှန်ပြနှိုးဆော်ခန်း

**တရားကျင့်သုံးရေး** တရားနာယူခြင်းသည် ဤမင်္ဂလသုတ်မင်္ဂလာ တရားတော်အရ ဗုဒ္ဓလိုအပ်သော မင်္ဂလာ ကုသိုလ်ကြီးတပါးဖြစ်သည့်အတိုင်း (၁) တရားနာသင့်သော အခါကိုလည်း ဖော်ပြခဲ့ပြီ၊ (၂)တရားနာယူခြင်းကို ရည်ညွှန်း လျက် တရားနာယူရေးကိုလည်းဖော်ပြခဲ့ပြီ၊ ဤမျှဖြင့်ပင်တရား နာခြင်းသည် တရားကို မြတ်နိုးရသော ဗုဒ္ဓဘာသာဝင် တို့၏ အောက်ခြေသိမ်း ဝတ္တရား ဖြစ်သည်ဟု နားလည်ပြီး ဖြစ်ပေ ရာ၏။

သို့သော် တရားနာသူသည် တရား နာရုံမျှသာ ဖြစ်သော မင်္ဂလသုတ်ကုသိုလ်လောက်ကျေနပ်ရောင့်ရဲရမည်ကား မဟုတ်ပေ။ အမှန်မှာ တရားနာယူခြင်းသည် တရား၌သက်ဝင်ရေး, တရား ကျင့်သုံးရေးတို့ အတွက် အုတ်မြစ်ပန္နက် အခြေခံမျှသာ ဖြစ်သည် ဟုလည်း နားလည်ထားပြီးဖြစ်ပါစေ။

''လူတိုင်းတရားနာခွင့်မရကြ၊ တရားနာခွင့်ရသူတိုင်းလည်း တရားကို နာယူမှတ်သား ထားနိုင်သူများ မဟုတ်ကြ၊ တရားကို နာယူ မှတ်သားထားနိုင်သူတိုင်းလည်း တရား၏ သဘာဝတ္တကို ဆင်ခြင်လေ့လာနိုင်သူများမဟုတ်ကြ၊ တရား၏ သဘော သဘာ ဝကို ဆင်ခြင်မိသူတိုင်းလည်း တရားနှင့်အညီ ကျင့်သုံးနေထိုင် သူများ မဟုတ်ကြပေ''ဟု တရားနာသူ များသလောက် တရာ နှင့် ညီညွတ် ပြည့်ဝသူ နည်းပါး လှကြောင်းကိုလည်း ဗုဒ္ဓက ညွှန်ပြတော်မူသည်။

(အင်္ဂုတ္တရနိကာယ် စတုက္ကဝဂ်မှာရှု)။

ထို့ကြောင့် တရားနာသူသည် တရားနာစဉ်ကပင် ငါသည် အတ္ထရသ (တရားတော်၏ အနက်သဘောကို သိမှု)၊ ဓမ္မရသ (ပါဠိတော်၏ နက်နဲပုံကိုသိမှု)၊ ဝိမုတ္တိရသ (လောက ဆင်းရဲ, ဝဋ်ဆင်းရဲမှ လွတ်မြောက်မှု)ဟူသော ဓမ္မရသ ၃ မျိုး လုံးကို သုံးဆောင်နိုင်သူမုချဖြစ်စေရမည်ဟူသောရည်ရွယ်ချက်ဖြင့်သာ နာယူမှတ်သားကြရမည်ဖြစ်သတည်း။

**လိုရင်းညွှန်ပြချက်** ဗုဒ္ဓဘာသာဝင်ယောကျ်ား, မိန်းမတိုင်းပင် ဗုဒ္ဓတရားတော်ကို နာဘူးသူက များသည်။ သို့သော်လည်း တရားနာသူတွေ မရှားသေးသလောက် တရားသိသူ၊ တရားကျင့်သုံးသူများ ရှားရှားပါးပါး ဖြစ်လာသဖြင့် တရားမမျှတခြင်း, ရက်စက်ကြမ်းကြုတ်ခြင်း, အတိုင်းထက်အလွန် လောဘကြီးခြင်း,မနာလိုဝန်တိုခြင်းစသော တရားမဲ့မှု တရားပျက်မှုတို့ကိုလည်း နေရာတိုင်း၌ပင် တွေ့နေရလေပြီ။

## တရားနာယူပါ

အကယ်၍ ထိုတရားမဲ့မှု,တရားပျက်မှုတို့ကို အချိန်မှီ မကာကွယ်နိုင်ခဲ့ပါမူ ထို့ထက်ဆိုးဝါးသော ခေတ်သစ်ကြီးတခုနှင့် ရင်ဆိုင်ရပြီးလျှင် (၁) မျက်မှောက် လောက၌ လူကောင်း, သူကောင်း မဖြစ်ရခြင်း၊ (၂) တမလွန်လောကအတွက် မြော်လင့်ချက် ကင်းမဲ့ခြင်းဟူသော ပစ္စုပ္ပန်ရေး, တမလွန်ရေးတို့မှလည်း ဆုံးရှုံးရမည်မှာ သေချာပါသည်။

သို့ဖြစ်၍ **အဿဝန တာယ ဓမ္မဿ ပရိဟာယန္တိ** (တရားမနာလျှင် တရားမှဆုတ်ယုတ်မြဲဖြစ်သည်)ဟု ဟောကြား ညွှန်ပြထားသည့်အတိုင်း—

၁။ မိမိစိတ်ထဲ၌ နောက်ကျိစေတတ်သော အကုသိုလ်စိတက်တွေ ဝင်လာသော အခါဝယ် မိမိစိတ်ကို တရားဖြင့် စင်ကြယ်စေမည် ဟူသော ရည်ရွယ်ချက်ဖြင့်၎င်း၊

၂။ အလုပ်မှ အားလပ်ခွင့်ရသည့်အခါ၊ ကုသိုလ်နှင့် အသိပညာတမျိုးမျိုးကိုရစေမည်ဟူသောရည်ရွယ်ချက်ဖြင့်၎င်း၊

၃။ ငါးရက်ခြား,ခြောက်ရက်ခြားဖြစ်စေ,အယုတ်ဆုံး တလ လေးသီတင်းကျဖြစ်စေ နောင် တမလွန်ရေးနှင့် ဆင်းရဲငြိမ်းချမ်းရေးအတွက်ပြည့်ဝလုံလောက်စေမည်ဟူသော ရည်ရွယ်ချက်ဖြင့်၎င်း

ဤ ဓမ္မ သဝန မင်္ဂလာ တရားတော်အရ၊ တရားကျင့်သုံးရေးသို့ ရှေးရှုလျက် တရားနာခြင်း, စာဘတ်ခြင်းတို့ကို ပြု လုပ် ပါ ဟု သင့်-အား နိုးဆော်ပါကြောင်း။

ဆောင်ပုဒ်....

၁။ ဝိတက်ထွေပြား၊ စိတ်လှုပ်ရှား၊ တရားနာယူပါ။

၂။ တရားနာလျှင်၊ စိတ်ဖြူစင်၊ ကြည်ရွှင် ဝမ်းမြောက်လာ။

၃။ အလုပ်အားလပ်၊ တရားမြတ်၊ ကြားညှပ်နာယူကာ။

၄။ တလ တလ၊ လေးကြိမ်မျှ၊ နာကြစွဲမြဲစွာ။

၅။ တရားကျင့်မှု၊ အာရုံပြု၊ ရှေးရှုနာယူပါ။

ညွှန်ပြနိုးဆော်ခန်းပြီး၏။

## အခန်း ၂၇

# ခန္တီ မင်္ဂလာ

ခန္တိစ — သည်းခံ ရခြင်းသည်လည်း ကုသိုလ်တရား တိုးပွါး ရင့်ကျက်ရန် မင်္ဂလာ တပါးဖြစ်သည်။

ဤ ၂၇ ပါးမြောက် မင်္ဂလာကိုပင် ''ခန္တီမင်္ဂလာ'' ဟု ဆိုရသည်။

(ခန္တီ-တဉီး၏ကျူးလွန်မှုကို တဉီးက သည်းခံနိုင်ခြင်း။ မင်္ဂလာ-ကုသိုလ်တရား တိုးပွားရင့်ကျက်မှု။)

## ခန္တီပြဿနာ ဖြေရှင်းခန်း

**သည်းခံခြင်းသည် ခေါကျန်ပ်ခြင်း ဖြစ် ၏**

ဤ ခန္တီ မင်္ဂလာ တရားတော်အရ၊ ခန္တီ ဟူသော စကားလုံးသည် လူတိုင်း၏နှုတ်ထဲ၌ ရောက်နေသော ပါဠိ စကား ဖြစ်သည်။ ထိုခန္တီကိုပင်၊ ၁-ဒိဋ္ဌိနိဇ္ဈာနခန္တီ၊(တခုတခုသော အမှုကိစ္စကို သဘောတူ လိုက်လျောခြင်း)။ ၂-သမာဒါနခန္တီ၊(တစုံတယောက်သောသူ၏ကျူးလွန်စော်ကားမှုကို သည်းခံခြင်း)ဟု ခန္တီ ၂ မျိုး ရှိကြောင်း ကျမ်းဂန်တို့၌ ဖော်ပြသည်။ သို့သော် ဤအရာ၌ကား သူတပါး၏ကျူးလွန်စော်ကားမှုကို သည်းခံခြင်း ဟူသော သမာဒါန ခန္တီကို သာ လျှင်၊ ခန္တီမင်္ဂလာဟု ဆိုရလေသည်။

ထို သမာဒါန ခန္တီအရ၊ သည်းခံခြင်း ဟူသည် မှာလည်း အတိုချုပ်ပြောရသော် စိတ်ကျေနပ်မှု သဘောတမျိုးပင်တည်း။ ရှင်းပြဦးအံ့၊ သူတပါးက မိမိအပေါ်၌ ကိုယ် ဖြင့်ဖြစ် စေ, နှုတ်ဖြင့် ဖြစ်စေ ကျူးလွန် ထိပါးလာသည်ကို အပြစ်အနေဖြင့် ဘွေမယူဘဲ ကျေနပ်စွာလက်ခံထားနိုင်ခဲ့လျှင် အကျူးလွန် ခံရသူက တုံ့ပြန်ခွင့်ရှိသော အမျက်ဒေါသ သည်လည်း စိတ်ထဲ၌ အမြစ်တွယ် မနေတော့ဘဲ အ လွယ် ဖြင့် ပြေ ပျောက် သွားရတော့၏။

သို့သော် ကျေနပ်မှုသဘော မသက်ဝင်ခဲ့ပါမူကား မနိုင်လို့ သည်းခံရသည်တိုင်အောင် နိုင်လောက်သည့်အခါ လက်စားချေမည်, တုံ့ပြန်မည် ဟူသော ရန်ငြိုးဖွဲ့မှု (ကောဓုပနာဟ) သဘောဆိုးများ ကိန်းဝပ်နေမည်မှာသေချာပါသည်။ ဤကဲ့သို့ မကျေချမ်းမှု ဒေါသမျိုး ဘက်တွဲ လျက် ရှိသော ခန္တီကို ခန္တီ မင်္ဂလာ အစစ်ဟု မဆိုသင့် မဆိုထိုက်ပေ။ ထို့ကြောင့် သည်းခံခြင်း ဟူသည်မှာ သူတပါး၏ ကျူးလွန်မှုကို အပြစ်အနေဖြင့် ဘွေမယူဘဲ အလွယ်ဖြင့်ကျေနပ်ခြင်း သဘောပင် ဖြစ်သည်ဟု မှတ်ယူစွဲမြဲထားရမည်။

**သည်းခံခြင်း ၂ မျိုး** ထို့ပြင်သည်းခံခြင်းသည်၊ (၁) အားရှိသူက အားမဲ့သူအပေါ်၌သည်းခံခြင်း၊ (၂) အားမဲ့သူက အားရှိသူအပေါ်၌ သည်းခံခြင်းဟု ၂ မျိုး ၂ စားရှိနိုင်ပြန်ရာ၊ ၁ အမှတ်ပြ သည်းခံခြင်းသည် အားရှိသူတို့ ကျင့်သုံးထိုက်သော ဗလ ဝ ခန္တီ ဖြစ်၍၊ ၂ အမှတ် ပြ သည်းခံခြင်း သည်ကား အားမဲ့သူတို့နှင့် သက်ဆိုင်သော ဒုဗ္ဗလ ခန္တီမျိုး ဖြစ်လေသည်။

(လက်နက်ကိုင်တယောက်ကလက်နက်မဲ့သူ၏အတိမ်းအစောင်းကို လက်နက်အားကိုးဖြင့် ဘွေမယူဘဲ သည်းခံလိုက်သောအခါ ဗလဝခန္တီ ဖြစ်၍၊ လက်နက်ကိုင်တယောက်၏ကျူးလွန်စော်ကားသမျှကိုလက်နက် မဲ့သူတို့က သည်းခံ နေရသော အခါတို့၌ကား ဒုဗ္ဗလခန္တီမျိုး ဖြစ်သည် ဟုမှတ်။ ပစ္စည်းရှိ,ပစ္စည်းမဲ့, အာဏာရှိ,အာဏာမဲ့တို့၏ ဆက်ဆံရေး နှင့် စပ်လျဉ်း၍ ဗလဝခန္တီဖြစ်ပုံ၊ ဒုဗ္ဗလခန္တီဖြစ်ပုံတို့သည်လည်း အလား တူပင်တည်း။)

**တနည်း ၂ မျိုး**

ထို့ ပြင် လည်း သည်း ခံခြင်း သည် (၁) တိတိက္ခာ ခန္တီ၊ အပြင်အပ ရန်ကို သည်း ခံ ခြင်း၊ (၂) အဓိ ဝါသန ခန္တီ၊ ကိုယ် တွင်း ရန်ကို သည်းခံခြင်း ဟူ၍ တနည်းအားဖြင့် ၂ မျိုး ရှိပြန်သည်။

ထိုတွင် မိမိအား ဆန့်ကျင်ဘက် ပြုလာသူတို့အား သည်းခံ ခြင်းသည် အပြင်ပရန်ကို သည်းခံခြင်း ဖြစ် ၍၊ ဆာလောင် မွတ်သိပ်မှု,ပူမှု,မှေ့ စသည်တို့ကြောင့်ဖြစ်ပေါ်လာသော ဆင်းရဲ ဝေဒနာကို သည်း ခံ နိုင် ခြင်း သည် ကား ကိုယ် တွင်း ရန်ကို သည်းခံရခြင်းဖြစ်၏။

ဤသို့လျှင် သည်းခံခြင်းဟူသည် သူတပါး၏ ကျူးလွန်မှုကို ကျေနပ်နိုင်ခြင်း သဘောဖြစ်၍၊ ထိုကျေနပ်မှုဟု ဆိုအပ်သော သည်းခံခြင်း သည်လည်း၊ (၁) ဗလဝခန္တီ၊ (၂) ဒုဗ္ဗလခန္တီ ဟူ၍ရင်း။ တနည်းအားဖြင့် (၁) ကိုယ်ပရန်ကို သည်းခံခြင်း၊ (၂) ကိုယ်တွင်းရန်ကို သည်းခံခြင်းဟူ၍ရင်း ၂ မျိုး ရှိသည်ဟု မှတ်သားကြကုန်ရာ၏။

**ခန္တီပြဿနာ ဖြေရှင်းခန်းပြီး၏။**

# ခန္တီစွဲမြဲရေးဖော်ပြခန်း

**အားရှိ အားမဲ့ ဆက်ဆံရေး**

အားရှိသူသည် နိုင်သူဖြစ်၍၊ အားမဲ့သူသည်ကား ရှုံးသူဖြစ်၏။ "**နိဗ္ဗ ခမတိ ဒုဗ္ဗလော**"ဟု ကျမ်းဂန်တို့၌ ဖော်ပြထားသည့်အတိုင်းရှုံးသူသည်နိုင်သူပြုသမျှကိုခံရမြဲဖြစ်သောကြောင့်၊ နိုင်သူ(အထက်လူ)က ရှုံးသူ(အောက်လူ)အပေါ်၌ သည်းခံရခြင်းသည် စိတ်ထား မွန်မြတ် သူတို့၏ ကျင့်ဝတ် တ ခု ဖြစ်လေသည်။

**ဥပမာ**၊ လောက၌ ပစ္စည်းအား ဖြစ်စေ၊ အာဏာအား ဖြစ်စေ၊ သို့မဟုတ် လက်နက်အားဖြစ်စေ အားတမျိုးမျိုး ရှိနေသူက အားမဲ့သူ၏ တိမ်းစောင်းမှု, မှားယွင်းမှု, စကားကျူး, စကားလွန်ပြောမှု စသည်ကို ဘွေမယူဘဲ သည်းခံလိုက်ပြီ ဟု ဆိုကြပါစို့၊ ယင်း အားရှိသူသည် မိမိက နိုင်လောက်လျက် သည်းခံရခြင်း ဖြစ်သောကြောင့် သဘောထား ကြီးရာလည်း ရောက်၏၊ တရားပြည့်ဝသူလည်းဖြစ်၏။

အကယ်၍ အာဏာရှိသူက အာဏာ အားဖြင့်၎င်း၊ လက်နက်ရှိသူက လက်နက်အားဖြင့်၎င်း၊ ပစ္စည်းရှိသူက ပစ္စည်းအားဖြင့်၎င်း၊ "ငါသည် အားရှိသူ တယောက် ဖြစ်သည်၊ ငါလို အားရှိသူ တယောက်က သူလို အားမဲ့သူ တယောက် ကို ဘာ့ကြောင့် မှုနေရမှာလဲ"ဟု သူရဲကောင်းအသွင်ဆောင်ကာ နိုင်သူကိုသာ ဖိထောင်းမည်ဟုဆိုပါမူကား ထိုသူသည် သိုးငယ်အပေါ်၌ မတရား အနိုင်ယူလိုသော ဝံပုလွေကဲ့သို့ ဖြစ်ရမည်သာတည်း။

အမှန်မှာ အားရှိသူက အားမဲ့သူအပေါ်၌ ခန္တီ တရား မွေးမြူနိုင်မှသာလျှင်''**ကြီးနိုင်-ငယ်ညှင်း**'' ဟူသော နိုင်ရာစား ဝါဒများလည်း ကမ္ဘာလောကမှ မှေးမှိန်သွားမည် ဖြစ်သော ကြောင့် ပစ္စည်းအားဖြစ်စေ, အာဏာအားဖြစ်စေ, လက်နက် အားဖြစ်စေ အား- အမျိုးမျိုး ရှိနေသူတိုင်းပင် မိမိ လောက် အားမရှိသူအပေါ်၌ အတော် အသင့် မှား ယွင်း ပြုမူချက် တခုခုတွေ့ရသည် တိုင်အောင် ခွင့် လွှတ် နိုင် ရ မည်၊ ကျေနပ် နိုင်ရမည်။

သုမမ္ဘာသဘင်သို့သိကြားမင်း ဝင်ထွက်နေသည်ကိုမြင်တိုင်း မြင်တိုင်း ကြမ်းထမ်းစွာဆဲရေး တိုင်းထွာလေ့ရှိသော **စစ်ရှုံး** ဘုရင်ဖြစ်သူ ဝေပစိတ္တိနတ်မင်းကြီးအား သိကြားမင်းက မည် ကဲ့သို့မှတုံ့ပြန်ခြင်း မပြုဘဲ ''ငါလိုစစ်နိုင်သူ သိကြားမင်းက စစ်ရှုံးသူဝေပစိတ္တိအပေါ်၌ သည်းခံရခြင်းမျိုးသည် နိုင်လောက် လျက် သည်းခံရခြင်းဖြစ်သောကြောင့် သာလွန်၍ မွန်မြတ် လှသည်''ဟု မာတလိနတ်သားအား သိကြားမင်း ပြောကြား သည်ကိုထောက်ပါ။

(အကျယ်လိုလျှင်သံယုတ္တနိကာယ်ဝေပစိတ္တိသုတ်ကိုရှု)။

သို့ဖြစ်ရာ သူ့လက်အောက် ရောက် နေ ရသော စစ်ရှုံးသူ ဝေပစိတ္တိ နတ်မင်းအပေါ်၌ စစ်နိုင်သူ သိကြားမင်း သည်းခံ နိုင်ပုံကို ထောက်ထားခဲ့ပါလျှင် အားမဲ့သူ၏ ကျူးလွန် တိမ်း စောင်းမှုကို အားရှိသူက သည်းခံရခြင်းသည် လွန်ကဲသော ကျင့်ဝတ်ကြီးတခုဟု မှတ်သားကြရန်မှာ အားရှိ သူ တိုင်း ၏ တာဝန်တခုပေတည်း။

**တန်းတူဆက်ဆံရေး** အားရှိသူတို့နှင့် အားမဲ့သူတို့၏ ဆက်ဆံရေး၌ သည်းခံဘို့ရန် မှာ အားရှိသူ (အထက်လူ)အပေါ်၌ အများဆုံးတာဝန်ရှိသည်ဟု ဖော်ပြခဲ့ပြီ။ သို့ရာတွင် အားရှိသူ, အားရှိသူချင်း၊ အားမဲ့သူ, အားမဲ့သူချင်း ဆက်ဆံရာ၌ကား ဒေါသအလျောက် အဆင် မပြေမှုများဖြစ်လာခဲ့သော် သည်းခံခြင်း(ခန္တီ) တရား မွေးမြူရန်မှာ နှစ်ဦးလုံး ဘက်မှာပင် တာဝန်ရှိသည်ဟု မှတ်ရမည်၊ ကိုယ်၏ အမှားကို သူ-သည်းခံသကဲ့သို့ သူ၏ အမှားကိုလည်း ကိုယ်က သည်းခံရမည်သာဖြစ်၏။

လောက၌ လက်လွန် ခြေလွန် ဖြစ်၍၊ သူနာ ကိုယ်နာ ဖြစ်ရခြင်း, ရုံးကန်ကန္ဒား ရောက်၍ ငွေကုန်ရခြင်း, ထောင်တန်းကျရခြင်း စသော ရာဇဝတ်မှု၏ မျက်မြင် ဆိုးကျိုးများသည် လည်း နှစ်ဦးလုံးက သည်းမခံနိုင်ခြင်းကြောင့်သာ ဖြစ်ရသည်။ အကယ်၍ တဦးဦးကဆင်ခြင်တုံတရားရှိ၍ သည်းခံလိုက်ပါမူ ကူးစက်လောင်ကျွမ်းရန် အရှိန်ယူနေသောဒေါသ မီးပွားလေးသည်ကား တဖက်မှ ဟန့်တားလိုက်သော ခန္တီ တရား၏ အစွမ်းသတ္တိကြောင့် ရုတ်ချင်း ငြိမ်းအေးသွား နိုင် လေ သည်။ ကိုယ့်ဒေါသကိုယ်အပြစ်မြင်၍ နှစ်ဦးလုံးမှ သည်းခံရာ၌မူကား အဘယ်ဆိုဘွယ်ရှိတော့အံ့နည်း။

ဗုဒ္ဓရှင်တော်မြတ်ကလည်း "**အက္ကောဓေန ဇိနေကောဓံ**" (အကြမ်းဖက်လာသူကို မိမိက အကြမ်း မဖက်ဘဲ သည်းခံသဖြင့် အောင်မြင်စေရမည်)ဟု ဟောတော်မူသည်။ လူကြမ်း စိတ်ကြမ်းတွေပေါလှသော လောကကြီး၌ အသိတရားကင်းမဲ့သော အကြမ်း ဖက်သူများကို မတတ်သာ၍ တွေ့ရပြီဟု

ဆိုကြပါစို့။ သည်းခံမှုရှေ့ထား၍ ထိုသူ၏ ရန်မှ ရှောင်ကွင်း ခြင်းသည်သာလျှင် အကောင်းဆုံးနည်း ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချ၍၊ ဆုံးဖြတ်သည့်အတိုင်း လိုက်နာရန်မှာလည်း, သင့်-တာဝန်ဖြစ်ပါသည်။

**သည်းမခံခြင်းအပြစ်** သည်းမခံခြင်းကြောင့် မျက်မှောက်ဘဝ၌ ၎င်း၊ မျက်ကွယ်တမလွန်၌၎င်း အပြစ်ဖြစ်တတ်ပုံကိုလည်းဗုဒ္ဓရှင်တော်မြတ်က အင်္ဂုတ္တရနိကာယ်ပဉ္စင်္ဂုတ္တရကဏ္ဍ၌ ဟောထားတော်မူသည်။ ထိုသည်းမခံခြင်း ကြောင့် ဖြစ်ရသောအပြစ်များကား—

၁။ အများ၏ မုန်းတီးမှုကို ခံရခြင်း၊
၂။ ရန်ရှာသူများခြင်း၊
၃။ အပြစ်အနာအဆာများခြင်း၊
၄။ တွေတွေဝေဝေသေရခြင်း၊
၅။ သေပြီးနောက်၌လည်း အပါယ်သို့ လားရခြင်း တို့ပင်တည်း။

ထို့ပြင် အပြင်ရန်ကို သည်းမခံခြင်းကြောင့် ဤဆိုအပ်ခဲ့သောအပြစ်များဖြစ်နိုင်သကဲ့သို့ ကိုယ်တွင်းရန်(အတော်အသင့် ဆင်းရဲမှု)ကို သည်းမခံနိုင်ခြင်းကြောင့်၊ အနည်းငယ် ဧရုံမျှ ဖြင့်လည်း ဧလွန်းသည်ဟူ၍၎င်း။ အတော်အသင့် ပူရုံမျှဖြင့် လည်း ပူလွန်းသည်ဟူ၍၎င်း၊ အတော်အသင့် ဆာလောင်ရုံမျှ ဖြင့်လည်း ဆာလောင်လွန်း သည် ဟူ၍၎င်း၊ အလုပ်ခွင်သို့ မဆင်းဘဲဆင်ခြေပေးကာ အချိန်ဖြုန်းတွဲမှုအတွက် အလုပ်လစ် ဟင်းရခြင်း၊ဇွဲမရှိရာရောက်ခြင်း၊ စီးပွားဆုတ်ယုတ်ရခြင်းစသော အပြစ်များလည်း ဖြစ်တတ်ပြန်သည်။

၌ဆိုကဲ့သည့်အတိုင်း သည်းမခံခြင်းကြောင့် ဖြစ်နိုင်သော လောကပြစ်, သံသရာပြစ်များကို ဆင်ခြင်သုံးသပ်ပြီး လျှင် ဤခန္တီမင်္ဂလာတရားတော် အရ အကြမ်းဖက်လာသူကို သည်းခံမှု (ခန္တီတရား) ဖြင့် အနိုင်ယူခြင်းသည် သာလျှင် "တကယ့်အောင်ပွဲအစစ်" ဟု နှလုံးသွင်းကြလေ့။

ခန္တီခွဲမြဲရေးဖော်ပြခန်းပြီး၏။

## ညွှန်ပြနိူးဆော်ခန်း

**ရန်သူမှမိတ်ဆွေ**

အမျက်ထွက်နေသူကို မိမိကတုံ့ပြန်အမျက် မထွက်ဘဲ သည်းခံဘို့ရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ သူကခေါင်းဆွဲလျှင် ငါကသေနတ်ကိုင်မည်ဟု သူ့ထက်သူလူစွမ်းကောင်းလုပ်၍ တရုပ်ဇာတ်ပြနေသော၌လို အခါမျိုး၌သည်းခံသူသည် ခေါင်းမိုးနေသော ရန်သူ့ရှေ့မှောက်၌ လည်စင်းပေးရာရောက်သည်ဟု သာမန်အားဖြင့် တွေးထင်သူများလည်းရှားလှမည်မဟုတ်လှ။ "သည်းခံခြင်းသည် သောကပရိဒေဝ၏အလုပ်အကျွေးမျှသာဖြစ်သည်" ဟု ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက နန်းရင်းဝန်ဟောင်း ဆာဝင်စတန်ချာချီ ပြောဘူးသောစကားလုံးကလည်းလောကီလူများစု၏ အမြင်ကို ထောက်ခံလျက်ရှိသည်။

လူတယောက်ကောင်းစားရေးနှင့် လူတစုကောင်းစားရေး သို့သာ ရှေ့ရှုလျက်ရှိသော လူများအဖို့မှာမူ သည်းခံလျှင် ခအောက်တန်းကျသည်ဟူသော ထင်မြင်ယူဆချက်သည် မှန်သ

ကဲ့သို့ရှိ၏ဟု ဆိုချင်လည်းဆိုနိုင်သည်။ သို့သော်လူတိုင်းလူတိုင်း ထိုအယူအဆမျိုး ကိန်းဝပ်လျက် သူတပါး၏အကျိုး ပျက်စီးမည်ကို အရေးအတွက် မထားတော့ဘဲ၊ တယောက်ကောင်းစားရေး, တစုကောင်းစားရေးကိုသာ လုံးပန်းနေသမျှ သည်းခံမှုကင်းဆိတ်နေသော လူ့လောကကြီးသည်ကား မငြိမ်မသက် ဖြစ်နေရမည်မှာ သေချာသည်။

သို့သော်လည်း သည်းခံမှုကင်းဆိတ်သော လူစုလူအုပ်ကြီး ထဲမှ ခန္တီ တရား လက်ကိုင် ထားသူတွေ လက်ညှိုးထောင်၍ ထွက်ပေါ်လာသည် နှင့် အမျှ ဓါးသွေးနေသော ရန်သူများ သည်လည်း မိတ်ဆွေအဖြစ် ပြောင်းလွဲလာမည် ဖြစ်ရကား ဒေါသအဆိပ် လွှမ်းနေသော ကမ္ဘာ့မှောင်ထိုက်ကြီး ထဲ၌ တဦး၏အမှားကို တဦးက သည်းခံခြင်း, တပြည်၏ ကောင်းစားရေးကို တပြည်က ရှေ့ရှုခြင်းသည် သာ လျှင် အဆိပ် အတောက်ကိုပြေပျောက်စေနိုင်သော လင်းကွက်ကလေး တခု ဖြစ်လေသည်။

**အောင်ခဲသောစစ်ပွဲ** အကြမ်းဖက်သူကို သင်-က တုံ့ပြန်၍ အနိုင်ရပြီဟု ဆိုကြပါစို့။ ထို အ နိုင် ရသည့်အချိန်ကစ၍ "သူသည် ငါ့အားဘယ်တော့ လက်စားချေဦးမလဲ"ဟု ရှုံးသူကပြန်လည် တိုက်စစ်ဆင်မည့် အရေးကို တအုံ့နွေးနွေး ဖြစ် ၍ သင်-စိုးရိမ်နေရမည် မဟုတ် ပါလော၊ အကယ်၍ သင်က ရှုံးရပြန် လျှင် လည်း ငါ ရှုံး ရလေ ပြီ ဟု မကျေ မ နပ် ဖြစ် ၍ ဆင်းရဲရမည် သာ ဖြစ်၏၊ အ မှန် မှာ ရှုံးရခြင်းသည်လည်း မကောင်းပေ၊ နိုင် ရ ခြင်း သည် လည်း မကောင်းပေ။

ဇယံဝေရံ ပသဝတိ၊ ဒုက္ခံသေတိ ပရာဇယံ။

(နိုင်လျှင်လည်း ရန်များသည်၊ ရှုံးပြန်လျှင်လည်း ဆင်းရဲရောက်ရ၏)ဟု ဗုဒ္ဓကလည်း ဟောတော်မူသည်။ သို့ရာတွင် အကြမ်းဖက်သူကို မိမိကအကြမ်းမဖက်ဘဲ သည်းခံလိုက်ခြင်းသည်သာလျှင် အောင်ခဲသော စစ်ပွဲကြီး၌ အနိုင်ယူရာ ရောက်သည်ဟု ဗုဒ္ဓ ဟော တော် မူ သည့် အတိုင်း၊ အကြမ်း ဖက် သူ အပေါ်၌ သင်၏သည်းခံခြင်းသည်သာ ခဲခဲ ယဉ်းယဉ်း တိုက်ခိုက်၍ အနိုင်ယူလိုက်ရသော တကဲ့ အောင် ပွဲ ကြီး တ ခု ဖြစ်သည်ဟု သင်-နားလည်မှုရှိပါစေ။

## သည်းခံပါ

လိုရင်းမှတ်ဖွယ်　အရာရာ၌ ခန္တီ(သည်းခံခြင်း) တရားတခုကို မိမိကိုယ်၌ အသုံးပြုပါလျှင် လူမုန်းမရှိဘဲ၊ ချစ်ခင်သူလည်းများပြားရုံမျှမက ဒေါသ ရှေ့ထားခြင်းကြောင့် အပြစ်များ၍ မှောက်မှောက် မှားမှား ဖြစ်ရ ခြင်း, ဒေါသရှေ့မထားဘဲ၊ သည်းခံခြင်းကြောင့် ဘေးရန်အမျိုးမျိုးမှ ဝေးလျက် နိဗ္ဗာန်အထိ ကျေးဇူးများခြင်း စသော အကျိုး တရားများကို ရနိုင်သဖြင့် ဤခန္တီ မင်္ဂလာ တရားတော် အရ၊ သည်းခံပါ'ဟု သင့်-အား ညွှန်ပြန်းဆော်ရပါကြောင်း။

ဆောင်ပုဒ်....

၁။ ခန္တီကျင့်ထုံး၊ ကိုယ်ဝယ်သုံး၊ လူမုန်းမရှိနိုင်။
၂။ ဒေါသရှေ့ထား၊ အပြစ်များ၊ မှောက်မှားစိတ်ယိမ်းယိုင်။
၃။ သူကခက်ထန်၊ ကိုယ်-သည်းခံ၊ လမ်းမှန်ဖြစ်စေနိုင်။
၄။ သည်းခံစိတ်မွေး၊ ရန်မှဝေး၊ ငြိမ်းအေးနိဗ္ဗာန်တိုင်။

ညွှန်ပြန်းဆော်ခန်းပြီး၏။

# အခန်း ၂၈

## သောဝစဿတာ မင်္ဂလာ

**သောဝစဿတာ** ဆိုဆုံးမ လွယ် သူ ဖြစ် ရ ခြင်း သည်လည်း ကုသိုလ်တရား တိုးပွားရင့်ကျက်ရန် မင်္ဂလာ တပါးဖြစ်သည်။

ဤ ၂၈ ပါး မြောက် မင်္ဂလာကိုပင် ''သောဝစဿတာ မင်္ဂလာ''ဟု ဆိုရသည်။

[သောဝစဿတာ (သုဝစ ဘာဝ) - ဆိုဆုံးမလွယ်သူ ဖြစ်ရခြင်း။ မင်္ဂလာ၊ ကုသိုလ်တရားတိုးပွားရင့်ကျက်မှု။]

### သုဝစပြဿနာဖြေရှင်းခန်း

**သုဝစပုဂ္ဂိုလ်** ဤ သောဝစဿတာ မင်္ဂလာ တရားတော် အရ (၁) သုဝစ ပုဂ္ဂိုလ်၊ (၂) သောဝစဿတာ ဂုဏ်ဟု အပိုင်း ၂ပိုင်း ခွဲခြား ချက်၊ ၁နံပါတ်အရ သုဝစဟု ဆိုလျှင် ပုဂ္ဂိုလ်ပြပ်ကို ပြောလိုရင်းဖြစ်၍၊ ၂ နံပါတ် အရသောဝစဿတာဟုဆိုလျှင်ထိုပုဂ္ဂိုလ်သန္တာန်၌ရှိနေသော ဂုဏ်ကို ပြောလိုရင်းဖြစ်သည်ဟု ရှေးဦးစွာ နားလည်ထား ရသည်။

ထို ၂ မျိုးအနက် သုဝစပုဂ္ဂိုလ်ဟူသည်မှာ အပြောအဆို မခက်သူပင်ဖြစ်၏။ အပြောအဆို မခက်သူ ဆိုသည်မှာလည်း ခဲခဲယဉ်းယဉ်း မပြောရဘဲ ဆိုင်ရာမှ ညွှန်ကြားလိုက်သော ဩဝါဒကို လွယ်ကူစွာလက်ခံသော ပုဂ္ဂိုလ်ပင်တည်း။

ထပ်ဆင့်၍ရှင်းပြပါဦးမည်၊ ရဟန်းဖြစ်စေ,လူဖြစ်စေ တစုံတယောက်သောသူသည်အကျိုးလိုလားသူ(ဆရာ,မိဘစသည်)တို့က အပြစ်ပြ၍သော်၎င်း၊ တမင်သက်သက် ဩဝါဒ ညွှန်ကြားလို၍သော်၎င်း ဆိုဆုံးမလာသည်ကိုတစုံတရာမငြင်းဆန်ဘဲရိုသေစွာလက်ခံနာယူနိုင်ပြီဟုဆိုကြပါစို့၊ ထိုဆိုဆုံးမချက်ကို လက်ခံနိုင်သူသည်ပင် အပြောခက်ဘဲ လွယ်ကူစွာဆုံးမနိုင်သောကြောင့် ၁ နံပါတ်အရ သုဝစပုဂ္ဂိုလ်ဟု ဆိုရလေသည်။ အကယ်၍ ခက်ခက်ခဲခဲ ပြောဆိုရသူ ဖြစ်နေပါမူကား ကိုမှ ပြန်လှန်သောအားဖြင့် ဒုဗ္ဗစပုဂ္ဂိုလ်(အပြောခက်သူ)ဟု ဆိုရပြန်၏။

အမှန်ဆိုရသော် သုဝစပုဂ္ဂိုလ်သည် ဆရာ, မိဘ စသောလေးစားတိုက်သူတို့၏ ညွှန်ကြားချက်ကို နားထောင်သူ ဖြစ်၍၊ ဒုဗ္ဗစပုဂ္ဂိုလ်သည်ကား ဆုံးမမှုကို နားမထောင်သူ, ပစ်ပယ်သူဖြစ်သည်။ ထို့ကြောင့် ဤအရာ၌ ဆရာ, မိဘ စသည်တို့၏ စကားကို နားထောင်သူကိုပင် သုဝစပုဂ္ဂိုလ်ဟု မှတ်သားကြကုန်ရာ၏။

**သောဝစဿတာဂုဏ်** မိဘက ဖြစ်စေ, ဆရာသမားက ဖြစ်စေ၊ သို့မဟုတ် အကျိုးလိုလားသူတဦးဦးကဖြစ်စေ ကောင်းရာ ကောင်းကြောင်း ပြောဆို ဆုံးမလာသောအခါ ယင်းညွှန်ကြားချက်ကို လွယ်ကူစွာ လိုက်နာ လိုသောစိတ်နေ စိတ်ထား မြင့်မြတ်မှု (သဘော တမျိုး) သည် လည်းသုဝစပုဂ္ဂိုလ်(ဆုံးမချက်ကိုနာယူသူ)၏သန္တာန်၌ ဂုဏ်သကတ်တခုအနေဖြင့် ပေါ်ပေါက်လာရမြဲဖြစ်လေသည်။ ထိုညွှန်ကြားချက် ဩဝါဒကို ရိုသေစွာနာယူလိုသော စိတ်နေ စိတ်ထား မြင့်မြတ်မှုကိုပင် ၂ နံပါတ် အပိုင်းအရ သောဝစဿတာဂုဏ်ဟု ဆိုရ၏။

ယင်း သောဝစ္စသီတာဂုဏ် ကိန်းဝပ် နေသည် နှင့် အမျှ အကျိုးလိုလားသူ၏ဩွန်ကြားပြောဆိုမှု၊ဩွန်သင်ဆုံးမမှုများကို ခယိလေးစားပြုခြင်း၊ ဆင်ခြေကန် စောဒကတက်ခြင်း၊ တနည်း နည်းဖြင့် ပျက်ပြားစေခြင်းစသော ဒုဗ္ဗစပုဂ္ဂိုလ်(အဆိုအပြော ခက်သူ)၏ အပြုအမူတို့မှလည်း လုံးဝ ကင်းရှင်း နေမည်သာ ဖြစ်လေသည်။ ထိုသောဝစ္စသီတာဂုဏ်ကိုပင် အကြောင်းပြု၍ ဆိုဆုံးမမှုကို နာယူလက်ခံသူ (သုဝစ ပုဂ္ဂိုလ်) လည်း ဖြစ်ရ တော့၏။

သို့ရာတွင် သောဝစ္စသီတာ ဂုဏ်နှင့် ကင်း၍ သုဝစပုဂ္ဂိုလ် ဖြစ်နိုင်မည် မဟုတ်ရကား ဤအရာ၌ အရင်းခံပဓါနဖြစ်သော ထိုသောဝစ္စသီတာ ဂုဏ်သည်ပင် အကုသိုလ်တရားယုတ်တို့ကို တိုက်ဖျက်၍ ကုသိုလ်တရားမြတ်တို့ကို တိုးပွားထက်သန်စေနိုင် သော ကောင်းမြတ်သော မင်္ဂလာကြီးတပါး ဖြစ်ရသတည်း။

သုဝစပြဿနာဖြေရှင်းခန်းပြီး၏။

---

## ဆိုဆုံးမလွယ်ရေးဖော်ပြခန်း

**အပြောခက်သူ လူကောင်း လူတော် မဖြစ်**

လူတိုင်း လူတိုင်းပင် ဤသောဝစ္စသီတာ မင်္ဂလာတရားတော်အရ ဆိုဆုံးမလွယ်သူ ဖြစ်ရန် အရေးကြီးလှသည်။ အကယ်၍ ဤ သောဝစ္စသီတာ မင်္ဂလာ တရား နှင့် ပြည့်စုံသူမဟုတ်ခဲ့လျှင် သားသမီးသည်လည်း မိဘ၏စကားကို နာယူမည်မဟုတ်။တပည့်သည်လည်း ဆရာ၏စကားကိုပစ်ပယ် မည်သာဖြစ်၏။ အယုတ်ဆုံးပြောရသော် ထိုသောဝစ္စသီတာ

မင်္ဂလာကင်းမဲ့သူ၏ စိတ်ဓါတ်သည်လည်း ပြောင်းပျောင်းနူးညံ့မှု မရှိဘဲ ပုံသွင်းပြုပြင်၍မရသော ပကတိ ကျောက်တုံးကျောက်ခဲကဲ့သို့ မာကြောခက်ထန်လျက်ရှိလေသည်။

အမှန်မှာ သိ-သူက မသိ-သူအား လမ်းမှန် ညွှန်ပြခြင်း၊ ဆရာက တပည့်အား ဆုံးမခြင်း၊ မိဘက သားသမီးအား ဆုံးမခြင်း၊ လူကြီးက လူငယ်အား ပဲ့ပြင်ခြင်း စသည်တို့သည် ဆုံးမသူ၏ ကောင်းစားရေး မဟုတ်ပေ။ အဆုံးအမခံရသူ၏ကောင်းစားရေး သာလျှင် ဖြစ်ပေသည်။ သူတပါးက မိမိ ကောင်းစားရေးအတွက် သွန်သင် ဆုံးမလာသည်ကိုမှလက်မခံနိုင်သူသည် အဘယ်မှာ လူတော်,လူကောင်း ဖြစ်နိုင်ပါမည်နည်း။

အမှန်ဆိုရသော် ထိုကဲ့သို့ အပြောခက် အဆိုခက်ဖြစ်နေသူသည် (၁)ကိုယ်ကျင့်တရားရှိသူ (လူကောင်း)လည်း မဖြစ်နိုင်၊ (၂) ပညာအရည်အချင်းရှိသူ (လူတော်) လည်း ဖြစ်မည် မဟုတ်ပေ။ ဤနည်းအားဖြင့် လောကက တန်ဘိုးမထားသော [illegible]ညံ့,လူရှော်သာ [illegible]စ်ရမည်မှာ သေချာသည်သာတည်း။

**ဆိုဆုံးမသူ၏ ရည်ရွယ်ချက်**

ဆရာက တပည့်ကို ဖြစ်စေ၊ မိဘက သားသမီးကိုဖြစ်စေ၊ သို့မဟုတ် သိသူကမသိသူကို [illegible]စ်မှစ အကျိုးလိုလား၍ ဆုံးမရာ၌—

၁။ **အပြစ်ရှိ၍သွန်သင်ဆုံးမခြင်း၊**

၂။ **အပြစ်မရှိသေးဘဲ သွန်သင်ဆုံးမခြင်း**

ဟူ၍ ဤသို့ [illegible]င် ဆုံးမခြင်း ၂ မျိုး ရှိရာဝယ်၊ ၁-အချက်အရ အပြစ်ရှိ၍ ဆုံးမရာ၌ ဆုံးမသူ၏ ရည်ရွယ်ချက်မှာ အပြစ်လွန်ကျူးသူအား ထိုအပြစ်မျိုးမှ နောင် ရှောင်ကြဉ်၍ လူကောင်း, သူကောင်းတယောက်ဖြစ်စေရန် မြော်လင့်ချက်မျိုးရှိလေသည်။

ဥပမာ၊ သူတပါးဥစ္စာကိုခိုးဖွက်သူကျောင်းသားတယောက်အား ဆရာကဆုံးမရာ၌ခိုးဖွက်တတ်သောအကျင့်ဆိုးမှ နောင်ရှောင်ကြဉ်၍ ကိုယ်ကျင့်စာရိတ္တလုံလောက်သူတယောက်ဖြစ်နိုင်စေရန်ရည်ရွယ်ချက်ထားရသကဲ့သို့တည်း။

ထို့ပြင် ၂-အချက်အရ အပြစ်မရှိသေးဘဲ ဆုံးမရာ၌ ဆုံးမသူ၏ရည်ရွယ်ချက်သည်လည်း—

**(က) ဖြစ်တတ်သောအပြစ်မှ ကြိုတင်ကာကွယ်ခြင်း၊**

**(ခ) တိုးတက်ကြီးပွားစေလိုခြင်း၊**

ဟု ၂မျိုးရှိပြန်လေသည်။

ထို၂မျိုးအနက် ဆရာဖြစ်သူက သူ့ဆိုင်ရာ တပည့်များအား "သူတပါးဥစ္စာကို မခိုးနှင့်၊ ခိုးလျှင် ယခုလောက တွင်လည်း မင်းပြစ်မင်းဒဏ်ခံရတတ်သည်၊ သူတပါးကလည်း သူခိုးဟုကဲ့ရဲ့ကြလိမ့်မည်။ သေလျှင်လည်းအပါယ်ကျ၍အပါယ်မှလွတ်ပြန်လျှင်လည်း လူဆင်းရဲလူမွဲ၊ သို့မဟုတ်သူတောင်းစားဖြစ်တတ်သည်"ဟုသူ-ဥဏ်မှီသမျှဆုံးမနေရာ၀ယ်(က)အချက်အရ တပည့်များအားဖြစ်တတ်သော လောကပြစ်,သံသရာပြစ်မှ ကြိုတင်ကာကွယ်ပေးခြင်းဖြစ်လေသည်။

ထို့ပြင်လည်း ဆရာဖြစ်သူက တပည့်များအား ''အတန်းစာကိုဘတ်ကြ၊ လေ့လာကြ၊ အတန်းရမှ ပညာချွန်၍ အရည်အချင်းပြည့်၀သူဖြစ်မည်၊ အရည်အချင်းပြည့်၀မှ တိုင်းပြည်၏တာ၀န်ကို ထမ်းဆောင်နိုင်မည် စသည်ဖြင့် ဆုံးမသွန်သင်

ရာ၌ကား၊ (ခ) အချက်အရ တိုးတက် ကြီးပွားစေ လိုသော ရည်ရွယ်ချက်ပင်ဖြစ်၏။

(မိဘက သားသမီးကိုဆုံးမရာ၊လူကြီးက လူငယ်ကိုဆုံးမရာစသည့် တို့၌လည်း အလားတူရည်ရွယ်ချက်မျိုး အသီးသီး ရှိနေကြသည်ဟု နားလည်ပြီးဖြစ်ပါစေ။)

**မလိုက်နာသူ၏ ဆုံးရှုံး မှုများ**

ဝတ်တရားအရသွန်သင်ဆုံးမသူတိုင်းမှာပင် ဤကဲ့သို့သောရည်ရွယ်ချက်မျိုး အနည်းနှင့် အများထားရှိကြမြဲဖြစ်သဖြင့်၊ အဆုံးမခံရသူသည် မိမိအား အပြစ်ရှိ၍ ဆုံးမသည်ဖြစ်စေ, အပြစ်မရှိဘဲ ဆုံးမနေသည်ဖြစ်စေ လိုက်နာရမည်သာဖြစ်၏။ ထိုအခါမျိုး၌ မလိုလားသော အမှုအရာမျိုးကိုပင်မဖြစ်စေသင့်။

အကယ်၍ မိမိအတွက်ဆုံးမသည်ကို မနာယူဘဲ“**ကိုယ့်စာကိုယ်ရေး, ကိုယ့်တေးကိုယ်ဆို**” ထင်သလို ပြုနေပြီဟု ဆိုကြပါစို့၊ ထိုကဲ့သို့သော ဆုံးမချက် ဖီဆန်သူအား ဘယ်လို အပြစ်များ ဖြစ်လာနိုင်သနည်း။

၁။ မဖြစ်သင့်သောအပြစ်ဖြစ်၍ဆင်းရဲဒုက္ခတွေ့ရခြင်း၊

၂။ တိုး တက် ခွင့် ရှိ သလောက် မတိုးတက်ဘဲ လူညံ့ လူရှော်ဖြစ်ရခြင်း

ဟု ဆိုအပ်သော ကိုယ်ရေးကိုယ်တာရှုံးဆုံးမှုများဖြစ်ပေါ်လာနိုင်သည်။

(ကေနိပါတ်ဝေဠုကဇာတ်၌ ဆရာရသေ့စကားကိုမနာယူသော ကြောင့် တပည့်ဖြစ်သူရသေ့ မြွေပွေးကိုက်ခံရ၍မသေသင့်ဘဲ သေရပုံ၊ ဘေရိဝါဒကဇာတ်၌လည်း အဘ၏စကားကို မနာယူသော သားမိုက် ကြောင့် သားအဘ ၂ယောက်တောထဲ၌ ဒမြတိုက်ခံရပုံ စသည်တို့မှာ ဤအရာ၌ ထင်ရှားသောသက်သေတို့ပင်တည်း။)

ထို့ပြင်တာဝန်ရှိသူ၏ ဆိုဆုံးမမှုကို မနာယူဘဲ ဆရာဖီဆန်ရေး, မိဘာဖီဆန်ရေးသို့ မျက်နှာပြုနေကြသောကြောင့် အပြစ်မဖြစ်သင့်ဘဲအပြစ်ဖြစ်ရပုံ၊ တိုးတက်ခွင့်ရှိသလောက်မတိုးတက်ပုံ စသည်တို့ကိုလည်း မျက်မြင်လောကကြီးကပင် သက်သေခံလေပြီ။

ဘုရားသတ်ခံရသူ ဘုရားလက်ထက်တော်တုန်းက ကေသီဆိုသူ မြင်း- လေ့ကျင့်ရေး သမား တဦးက ဗုဒ္ဓရှင်တော်မြတ်ဘုရားအား တပည့်သာဝကတွေကို ဆုံးမရေးနှင့်စပ်လျဉ်း၍ "အရှင်မြတ်ဘုရားအရှင်ဘုရားသည် အကြမ်းနည်း အနုနည်း ၂ မျိုးလုံးဖြင့် ဆုံးမ-မရသော တပည့်သာဝကကို ဘယ်လိုဆုံးမပြန်ပါသနည်း"ဟုမေးလျှောက်သောအခါ၊ဗုဒ္ဓက ထိုကဲ့သို့သောသာဝကမျိုးကိုတော့ ဆုံးမ-မရသောမြင်းရိုင်းကို သင်-သတ်လိုက်သလို ငါလဲသတ်လိုက်ရပေသည်။

သို့သော်ငါဘုရားသတ်သည်ဆိုရာဝယ် သင်လို ပါဏာတိပါတကံထိုက်သောသတ်ခြင်းမျိုးတော့မဟုတ်ပါ၊ အပြောအဆိုခက်၍ ဆုံးမ မရသူကို "ငါဆုံးမထိုက်သော တပည့်သာဝက မဟုတ်တော့ဘူး"ဟုတခါထဲ လစ်လျူရှုခြင်းမျိုးသာ ဖြစ်သည်ဟု မိန့်တော်မူ၏။

(အကျယ်လိုလျှင်အင်္ဂုတ္တရနိကာယ် ကေသီဝဂ်,ကေသီသုတ်ကိုရှု။).

ခုခေတ်၌လည်း ဆရာသတ်ခံရသောတပည့်ဆိုး နှင့် မိဘသတ်ခံ ရ သော သား ဆိုး သမီး ဆိုး တို့ များစွာရှိ၏။ ရန်သူကသတ်၍ တဘဝသာ သေနိုင်သော်လည်း ဆရာ, မိဘ စသည်တို့က သတ်သောကြောင့် ဘဝအဆက်ဆက်နစ်နာ၍

သေသည်နှင့်မခြားဖြစ်ရမည်မှာလည်း ဉာဏ်ရှိသူတိုင်း မြင်နိုင်သော မြင်ကွင်းတခုပေတည်း။ ထို့ကြောင့်ဤသောဝစ္စသတာ မင်္ဂလာတရားတော်အရ ဆိုဆုံးမလွယ်သူဖြစ်ရန်မှာ လူတော်လူကောင်းဖြစ်လိုသူတိုင်း၏ အရေးကြီးသော တာဝန်တရပ်ဟု ဆိုရသတည်း။

ဆိုဆုံးမလွယ်ရေးဖော်ပြခန်းပြီး၏။

---

## ညွန် ပြ နိုး ဆော် ခန်း

ရဟန်းဖြစ်စေ, လူဖြစ်စေ သောဝစ္စသတာ မင်္ဂလာတရားကိုန်းဝပ်သူဖြစ်ခဲ့လျှင် သူ့အားညွှန်ကြားထားသော သွန်သင်ဆုံးမမှု(ဩဝါဒ)ဟူသမျှကို တန်ဘိုးထား၍ မြတ်နိုး၏။ လေးလေးစားစားလည်း လိုက်နာ၏။ အကယ်၍သူတပါးက အပြစ်ဖော်ထုတ်လျက် ရင့်ရင့် သီး သီး ဆုံးမလာသည် တိုင်အောင် မြှုပ်နှံထားသော ရွှေအိုးကို ဖော်ပြသူ အား ကျေးဇူး တင်သကဲ့သို့ "သူက ဆုံးမသောကြောင့်သာလျှင် ငါသည် မိမိ၏ ချွတ်ယွင်းချက်ကို ပြုပြင်ရတော့သည်"ဟုဝမ်းမြောက်ဝမ်းသာလည်းရှိမည်ဖြစ်၏။

**ရှေးသူဟောင်းလမ်းစဉ်** ချွတ်ယွင်းချက် ရှိနေသူသည် ထိုချွတ်ယွင်းချက်ကိုမည်သူကပြုပြင်သည် ဖြစ်စေလိုက်နာရမည်သာဖြစ်၏။အကယ်၍လူငယ်ကပြုပြင်ပေးလာသည်တိုင်အောင်"**မိကျောင်းမင်းရေကင်းပြသည်**"ဟုသဘောမထားဘဲ ပြုပြင်ပေးသူအပေါ်၌ ကျေးဇူးတင်သင့်၏။

(သက်န်းဝတ်ပုံအချိုးမကျသော အရှင်သာရိပုတြာမထေရ်ကြီးကို သာမဏေငယ်တပါးက သတိပေးပြုပြင်ရာတွင် ထိုအရှင် သာရိပုတြာမထေရ်က''ဤကဲ့သို့ သတိပေးမည်ဆိုလျှင် ယနေ့ သက်န်းဝတ်သောကိုရင်လေးကပင်ဖြစ်စေ သွန်သင်ညွှန်ပြပါ၊ ပြုပြင်ပေးခြင်းကိုဦးခေါင်းပေါ်မှာ ထားပြီး လက်ခံနိုင်ပါသည်'' ဟု တုံ့ပြန် မိန့်ကြားသည်ကို ထောက်ထားပါ)။

သို့ရာတွင် လူကြီး၏ ချွတ်ယွင်းချက်ကို ပြုပြင်ပေးလိုသည်တိုင်အောင် လူငယ်ဖြစ်သူ၏ စေတနာ သန့်ရှင်းမှုနှင့် ကာလဉာနထောက်ချင့်မှုကလည်း အရေးကြီးပြန်သည်။ အကယ်၍စေတနာ ရိုးသားမှုမရှိသော လူငယ်တယောက်က လူကြီး၏ချွတ်ယွင်းချက်ကို လူလယ်ခေါင်၌ အပြစ်ပြပြုပြင်ခဲ့ပါမူအပြုပြင်ခံရသောလူကြီးသည်လည်း စိတ်ထိခိုက်မည်၊ လူငယ်မှာလည်း ဂါရဝ မင်္ဂလာ ပျက်ကွက်၍ လူကြီးကို စော်ကားရာ ရောက်ပြန်သည်။ သတိပြုပါ။

သို့သော်လည်းမည်သို့ပင်ဖြစ်စေ ချွတ်ယွင်းချက်ပြုပြင်ရေးကိုလက်ခံနိုင်ခြင်းသည် ရှေးသူဟောင်းတို့၏ လမ်းစဉ် ဖြစ်သောကြောင့် မိမိအား ဆုံးမသူ ပြုပြင်ပေးသူများ ပေါ်ပေါက်ခဲ့ပါလျှင် ငါတို့၏ဘဝကို စေတနာ့ဝန်ထမ်း၍ မြှင့်တင်ပေးသူများဖြစ်သည်ဟု နှလုံးသွင်းရမည်သာတည်း။

(သက်ထဲ၌ သဲလုံးတွေကိုဆုပ်၍ဤသဲလုံးနှင့်အမျှ သူတပါး၏ဆုံးမချက်ကိုရလျှင်ကောင်းလေစွာ့ဟု နေ့စဉ်တောင့်တသောအရှင်ရာဟုလာ၏ သောဝစ္စသုတ္တာမင်္ဂလာနှင့်ပြည့်စုံပုံကိုလည်းအားကျပါ။)

# ဆိုးမစကားနာယူပါ

လိုရင်းမှတ်ဖွယ်　　သောဝစ္စသတာ မင်္ဂလာနှင့် မပြည့်စုံလျှင် ပဋိရူပ ဒေသ (သာသနာ ထွန်းကားရာ အရပ်)၌ နေရ၍ ပညာရှိကို ဆည်းကပ် နေရ သော် လည်း၊ ထို ပညာရှိ၏ ညွှန်ကြား ချက် ကို နာယူမည် မဟုတ် သဖြင့် အခြား မင်္ဂလာများနှင့်လည်း ပြည့်စုံသူ မဖြစ်နိုင်ပေ၊ သို့သော် သောဝစ္စသတာ မင်္ဂလာ နှင့် ပြည့်စုံ လျှင် ကား ပညာရှိထံ ဆည်းကပ်လျှင်လည်း ဆည်းကပ်ရကျိုးနပ်၍ အခြား မင်္ဂလာ တရားတွေကိုပါ သိမ်းသွင်းပြည့်စုံစေပြီး ဖြစ်နိုင်ပြန်လေသည်။

သို့ဖြစ်ရာ သောဝစ္စသတာ မင်္ဂလာ နှင့်မပြည့်စုံလျှင် ဆို ဆိုးမခက်သူဖြစ်ခြင်း၊ ပြည့်စုံလျှင် ဆိုဆိုးမလွယ်သူဖြစ်၍ ညွှန်ကြားချက်ကို နာယူကျင့်သုံးသူ ဖြစ်နိုင်ခြင်းစသော အကျိုး အပြစ်တို့ကို စီစစ်ဝေဘန်ကာ ဤသောဝစ္စသတာ မင်္ဂလာ တရားတော်အရ၊ "ဆိုဆိုးမစကားကို နာယူပါ" ဟုသင့်-အား နှိုးဆော်ပါကြောင်း။

ဆောင်ပုဒ်....

၁။ သောဝစ္စသတာ၊ မင်္ဂလာ၊ ကိုယ်မှာ ကင်းခဲ့လျှင်။
၂။ ဆိုပြောခက်လှ၊ ဒုဗ္ဗစ၊ ဆိုးမ မလွယ်ချင်။
၃။ သောဝစ္စသတာ၊ မင်္ဂလာ၊ ကိုယ်မှာရှိပြန်လျှင်။
၄။ ပြောလျှင်ရမြဲ၊ မခက်ခဲ၊ စိတ်စွဲကျင့်မည်ပင်။
၅။ ဆိုးမလွယ်ရေး၊ ဂုဏ်ရည်သွေး၊ မြှော်တွေးဉာဏ်ဝယ်ထင်။

**ညွှန်ပြနှိုးဆော်ခန်းပြီး၏။**

# အခန်း ၂၈

# သမဏဒဿနမင်္ဂလာ

**သမဏာနဉ္စ ဒဿနံ**

ကိလေသာ ငြိမ်းအေးသူ, သို့မဟုတ် ကိလေသာ ငြိမ်းအေးအောင် အားထုတ်သူ(ရဟန်း)မြတ်တို့ကို ဖူးမြင်ရခြင်းသည်လည်း ကုသိုလ်တရားတိုးပွားရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၂ ပါးမြောက် မင်္ဂလာကိုပင် "သမဏ ဒဿန မင်္ဂလာ"ဟု ခေါ်ဆိုသည်။

(သမဏ-ဖူးမြော်ထိုက်သူ ရဟန်းပုဂ္ဂိုလ်။ ဒဿန-ဖူးမြော်ခြင်း။ မင်္ဂလာ-ကုသိုလ်တရား တိုးပွားရင့်ကျက်မှု။)

## သမဏပြဿနာဖြေရှင်းခန်း

**ကိလေသာပူငြိမ်းအေးသူ**

ဤသမဏ ဒဿန မင်္ဂလာတရားတော် အရ၊ သမဏ ပုဂ္ဂိုလ် ဟူသည်မှာ လောဘ,ဒေါသ,မောဟ စသော ကိလေသာပူငြိမ်းအေးသူပင်ဖြစ်၏။ ထိုကိလေသာပူငြိမ်းအေးသူ(သမဏပုဂ္ဂိုလ်)ကိုပင် ဘုရားရဟန္တာဟော "အရဟန္တ" ဟူသော ပါဠိစကားလုံးကို အစွဲပြု၍ မြန်မာသို့ "အရဟန်" (ရဟန်း)ဟု ခေါ်ဆိုကြလေသည်။

**ချွတ်ချော်ချက်**

ပုဂံပြည် အနော်ရထာ မင်းစောလက်ထက် ဝယ်သူတို့ကိုယ်သူတို့ **အရဟန်**ဟူ၍၎င်း, **သမဏ** ဟူ၍၎င်း ဝန်ခံနေကြသော အရည်းရှင်ယောင်တွေ သောင်း

ကျန်းနိုက်အချိန်တွင် သထုံပြည်မှ အရှင်သုမနဒ္ဒသီမည်သော ရဟန္တာတပါးသည် သာသနာ ပြန့်ပွားရေးသို့ ရှေးရှုလျက် ပုဂံပြည်သို့ကြွရောက်လာလေသည်။

ပုဂံပြည်သူပြည်သားတို့သည် သူတို့၏ အရည်းရှင်ယောင်များနှင့် မယှဉ်နိုင်အောင် ကွာခြားလျက်ရှိသော ထိုအရှင်သုမနဒ္ဒသီကိုဖူးမြင်ကြရသောအခါ၌ ဤပုဂ္ဂိုလ်မျိုးမှသာလျှင် **အရဟန်**ဖြစ်၏။ သူတို့၏ အရည်းရှင်ယောင် တို့သည် ကား **အရဟန်**မဟုတ်၊ သူယုတ်မာတွေသာ ဖြစ်ရမည်ဟု အမြင်မှန်ရ၍ ရောက်သစ်စ ဖြစ်သော ရဟန္တာမြတ် အပေါ်၌ အသဲစွဲကြည်ညိုကြလေသည်။

ထိုအချိန်မှစ၍ သုမနဒ္ဒသီ ဟူသော အမည် ပျောက် ၍ ပုဂံပြည်၌ ရှင်အရဟန်ဟု ခေါ်တွင်ရုံမျှမက ထိုရှင်အရဟန်၏ အဆက်အနွယ် ဖြစ် သော သံဃာတော် မြတ်များ ကိုလည်း **အရှင်အရဟန်**ကို အစွဲပြု၍ **ရဟန်း**ဟု ယခုအထိ ခေါ်ဆိုကြ၏။ ထို့ကြောင့် ကိလေသာငြိမ်းအေးသူသည် သမဏဖြစ်၍ ယင်းသမဏ၏ အနွယ်အဆက်ဖြစ်သော သံဃာကိုလည်း ရဟန်းဟု သမုတ်ရ သတည်း။

**သမဏ ၄ မျိုး** ထိုသမဏ (ကိလေသာငြိမ်းအေးသူ) ရဟန်းတို့သည်လည်း အမျိုးအမည် အရေအတွက် အားဖြင့်—

၁။ သောတာပန် သမဏ (ရဟန်း)၊

၂။ သကဒါဂါမ် သမဏ(ရဟန်း)၊

၃။ အနာဂါမ် သမဏ(ရဟန်း)၊

၄။ ရဟန္တာ သမဏ (ရဟန်း)

ဟူ၍ ၄ မျိုးရှိသည်။ ထို ၄ မျိုးလုံးသည်ပင် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ယောက်ဖြစ်၍ ဗုဒ္ဓ(ဘုရား)လည်း၊ ၄ ခု မြောက် ဖြစ်သော အရဟတ္တ ဖလဋ္ဌာန် (ရဟန္တာ သမဏ)၌ ပါဝင်သည် ဟု မှတ်ရမည်။

သို့သော်လည်း အစစ်အမှန် ဖြစ်သော သမဏ (ရဟန်း) မျိုးသည်ကား ဤဗုဒ္ဓဘာသာ အယူဝါဒ၌ သာရှိ၏။ အခြား ဟိန္ဒူ ဗြဟ္မဏဝါဒ၊ ဇေနိယ (ဂျိုင်း) အယူဝါဒ၊ ခရစ္စယံ အယူဝါဒ၊ မုဟမ္မဒင်အယူဝါဒ စသည်တို့၌မရှိပေ။ ထိုအချက်နှင့်စပ်လျဉ်း၍ ဗုဒ္ဓကလည်း ဤသို့မိန့်တော်မူလေပြီ။

ဗုဒ္ဓမိန့်ခွန်း

ဣဓေဝ ဘိက္ခဝေ သမဏော ပေ ဧဝ

မေတ ဘိက္ခဝေ သမ္မာ သီဟနာဒံ နဒထ။

[ရဟန်းတို့၊ ဤသာသနာ၌ သာလျှင် သောတာပန် သမဏ (ရဟန်း)ရှိ၏။ ဤသာသနာတော်၌ သာလျှင် သကဒါဂါမိ သမဏ(ရဟန်း)ရှိ၏။ ဤသာသနာတော်၌သာလျှင် အနာဂါမိ သမဏ (ရဟန်း)ရှိ၏။ ဤသာသနာတော်၌သာလျှင် ရဟန္တာ သမဏ(ရဟန်း)ရှိ၏။ သာသနာ့ပြင်ပပုဂ္ဂိုလ်တို့၏ အယူဝါဒ တို့သည် သစ္စာလေးပါးကိုသိသူ သမဏ(ရဟန်း)အစစ်တို့မှ ကင်းဆိတ်ကုန်၏ဟု ဤလိုမကြောက်မရွံ့ကြုံးဝါးကြကုန်လော့။]

(မဇ္ဈိမနိကာယ် စူဠသီဟနာဒသုတ်။)

ထို့ပြင် မဂ္ဂင်ရှစ်ပါးရှိသော သာသနာ၌သာလျှင် သမဏ အစစ်ကိုရနိုင်၏၊ မဂ္ဂင်ရှစ်ပါးမရှိသောသာသနာ၌ကား သမဏ အစစ်ကိုမရနိုင်ဟု ပရိနိဗ္ဗာနသုတ် စသည်တို့၌ဟောထားတော် မူသောမိန့်ခွန်းတော်များလည်းရှိသေး၏ဟုသိရမည်။

**ဗြဟ္မဏခေါ်ရခြင်း** ထိုသမဏကိုပင်ဗြဟ္မဏဟုခေါ်ရပြန်သည်၊ အဘယ့်ကြောင့်ဆိုသော် သမဏဟူသော စကားလုံးက ကိလေသာငြိမ်းအေးသူဟု အဓိပ္ပာယ်ရှိသကဲ့သို့၊ ဗြဟ္မဏ ဟူသော စကားလုံးကလည်း မကောင်းမှု ကိလေသာကိုရေချိုးပြီးသူဟု အဓိပ္ပာယ် ရှိသော ကြောင့် ပင် ဖြစ်လေသည်။

အမှန်မှာဗြဟ္မဏဟူသောအမည်သည် လွန်ကြူးထားသော မကောင်းမှုတွေကို ဂင်္ဂါမြစ်၌ရေချိုးခြင်းဖြင့် စင်ကြယ်စေနိုင်သည်ဟုအယူရှိသော ဗြဟ္မဏဘာသာဝင် (ဟိန္ဒူလူမျိုး) တို့၏ ခေါ်ဝေါ်ရင်းဖြစ်၏။ သို့ရာတွင် ရေချိုးခြင်းဖြင့် ကိလေသာစင်ကြယ်သည်မဟုတ်ဘဲ ဗုဒ္ဓလမ်းစဉ်အရ မဂ်အကျင့်မြတ်ကို ပွားများမှသာလျှင် ကိလေသာစင်ကြယ်သည်ဖြစ်သောကြောင့် သင်တို့သည်ဗြဟ္မဏမဟုတ်၊ ငါသည်သာလျှင် ဗြဟ္မဏဖြစ်၏ဟု ဗုဒ္ဓက ဗြဟ္မဏ ဘာသာဝင်တို့အား ပြန်လည် ချေပ သည် ကို အစွဲပြု၍ ထိုဗြဟ္မဏဟူသောဝေါဟာရသည်လည်း သာသနာတွင်းရှိ သမဏလောကထဲသို့ရောက်လာပြန်သည်။

သို့ဖြစ်ရာသမဏ (ကိလေသာငြိမ်းအေးသူ)အထူးအားဖြင့် ဘုရား ရဟန္တာတို့သည်လည်း ဤဗြဟ္မဏ ဟူသော အမည်ကို ရကြပြန်၏။

(အရှင်ဂေါတမသည်လည်း ငါတို့လိုအကုသိုလ်ရေချိုးသည် ဟု အထင်ရှိသဖြင့်၊ အရှင်ဘုရားသည် အကုသိုလ်ရေချိုးဘို့ရန် ဗာဟုကာ မြစ်သို့ကြွရောက်ပါသလားဟု မေးလျှောက်သော သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားအား ''ဗာဟုကာမြစ်စသည်တို့သည် ဘာအသုံး ကျသနည်း။ လူမိုက်တို့သည်သာ မြစ်ထဲ၌ သူတို့၏ ကိလေသာကို ရေချိုးကြ၏။

လူမိုက်တို့၏မကောင်းမှုကို ထိုမြစ်ရေကမစင်ကြယ်စေနိုင်၊မင်္ဂရေစဉ်ဖြင့် ကိလေသာ စင်ကြယ်ပြီး ဖြစ်သော သမဏ သည်ကား မြစ်သို့ မသွားရဘဲ အခါခပ်သိမ်းအကုသိုလ်ရေမျှောပြီးဖြစ်သည်''ဟုမဇ္ဈိမနိကာယ်, မူလပဏ္ဏာသပါဠိ, ဝတ္ထသုတ်၌ ဟောထားသော စကားတော်ကို ထောက်ပါ။)

**ပုဏ္ဏားတိုင်း ဗြဟ္မဏမဟုတ်**

သမဏကိုပင် ဗြဟ္မဏဟု ခေါ်ရကြောင်း ပြခဲ့ပြီ။ သို့ရာတွင် ထိုဗြဟ္မဏသည်လည်း ၁။ ဝိသုဒ္ဓိ ဗြဟ္မဏ (ဘုရား, ရဟန္တာ)၊ ၂။ ဇာတိဗြဟ္မဏ (ဗြဟ္မဏဇာတ်ရှိသူ)ဟု ၂ မျိုးပြားပြန်ရာ၊ ဤသမဏအရ၌ကား ဝိသုဒ္ဓိဗြဟ္မဏဖြစ်သော ဘုရား,ရဟန္တာ စသည်ကိုသာချင် ဆိုလိုရင်းဖြစ်၏။ ဗြဟ္မဏဇာတ်ရှိသူ ဟိန္ဒူ ဗြဟ္မဏ(ပုဏ္ဏား)စသည်ကိုမလိုအပ်ပေ။

[ဗုဒ္ဓသည်သူ၏သာဝက(တပည့်)များအား''ဗြဟ္မဏ-ဗြဟ္မဏ''ဟု ဆိုလေ့ရှိ၏။ ငါသည်လည်း ဗြဟ္မဏမျိုးဖြစ်၍ ဗြဟ္မဏမည်, မမည်ကို မေးလျှောက်ဦးမည်ဟု အကြံဖြစ်ပေါ်သည့်အတိုင်း လျှောက်ထားလာသော ဗြဟ္မဏမျိုး ပုဏ္ဏားတဦးအား "ဗုဒ္ဓက ဗြဟ္မဏမျိုး၌ဖြစ်ကာမျှဖြင့် ဗြဟ္မဏဟု ငါမဆို၊ ဘဝအာရုံစွဲကင်း၍ ပူပင်ကြောင့်ကြမှုမရှိသူကိုသာ ဗြဟ္မဏ ခေါ်သည်" ဟု တုံ့ပြန် မိန့်ကြား တော် မူသည်ကို ထောက်ပါ။]

**ပုထုဇန်ရဟန်းများလည်း သမဏပင်ဖြစ်ခြင်း**

ကိလေသာ ငြိမ်း အေး သူ ကို "သ မ ဏ ဗြဟ္မဏ"ဟု ဆိုသဖြင့် ကိလေသာမငြိမ်းအေးသေးသော ပုထုဇန်သီလဝန္တ ရဟန်းများသည်ကား သမဏဗြဟ္မဏအရထဲ၌ မပါဝင်ကြဟု ဆိုရာ ရောက်ပြန်သည်။ ပုထုဇန် ရဟန်းတော်များသည် သီလဝန္တ(အကျင့် သိက္ခာ ရှိသူ) ဖြစ်ခဲ့ပါမူ ကိလေ

သာ မငြိမ်းအေးသေးသော်လည်း ကိလေသာ ငြိမ်းအေး ရန် ရည်ညွှန်းချက် ထားရှိသူများ ဖြစ်သောကြောင့် သမဏပင် ဖြစ်ကြ၏။

(က) မဂ် ၄ မျိုး ရရန်အားထုတ်နေသူ သမဏ ၄ မျိုး၊
(ခ) မဂ် ၄ မျိုး၌တည်ခိုက်ဖြစ်သောမဂ္ဂဋ္ဌာန်သမဏ ၄ မျိုး၊
(ဂ) ဖိုလ် ၄ မျိုး၌ တည်သော ဖလဋ္ဌာန် သမဏ ၄ မျိုး

ဟူ၍ အဋ္ဌကထာ၌ ဖော်ပြသော သမဏ ၁၂ မျိုး တို့တွင် ယခု မျက်မှောက်ရှိ ပုထုဇန် သီလဝန္တ ရဟန်းများ သည် ကား သောတာပတ္တိမဂ်ရရန် အားထုတ်နေသော ပထမဦးဆုံးဖြစ် သော သမဏစာရင်းထဲ၌ပါဝင်ကြသည်။ သို့သော် ထိုရဟန်း တော်များ၏သင်ကြားပို့ချမှု,ကျင့်ကြံအားထုတ်မှု,ဟောပြောမှု စသည်တို့၌ မဂ်ဖိုလ်ရရေးမှတပါး အခြားဘာကိုမှ ရည်ရွယ် ချက် ထားရမည် မဟုတ်သည်ကိုလည်း သတိပြုပါ။

(မူပဏ်,စူဠသီဟနာဒသုတ်အဖွင့်။)

၍သို့လျှင် ကိလေသာ ငြိမ်းအေးသူ၊ သို့မဟုတ် ကိလေသာ ငြိမ်းအေး စေရန် ရည်ညွှန်းချက် ထား ၍ အား ထုတ် နေ သူ အရိယာ, အရိယာ အ လောင်း တို့ သည် ပင်လျှင် ၍သမဏ ဒဿန မင်္ဂလာ တရားတော် အရ၊ ဖူးမြင်ထိုက်သော သမဏ (ရဟန်း)ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု နားလည်ထားကြရမည် သာတည်း။

သမဏပြဿနာဖြေရှင်းခန်းပြီး၏။

# ဖူးမြင်နည်း ၅ မျိုးဖော်ပြခန်း

အထက်၌ဖော်ပြခဲ့သောသမဏာ(ကိလေသာငြိမ်းအေးသူ)၊ သို့မဟုတ် (ကိလေသာ ငြိမ်းအေးအောင် အားထုတ် နေသူ) ရဟန်း,သံဃာကို ဖူးမြင်ရခြင်းသည် မင်္ဂလာတပါးဖြစ်ကြောင်း ကား ထင်ရှားပြီ။ သို့သော် သမဏာပုဂ္ဂိုလ်ကို မျက်စေ့ကမြင်၍ ကိုယ်အမူ အရာဖြင့် လက်အုပ် ချီခြင်း, ရှိခိုးခြင်း စသည်ကို သာလျှင် ဖူးမြင်ခြင်း ဖြစ်သည်ဟု ထင်မှတ် ရမည် မဟုတ်ပေ။ အမှန်မှာ ထိုဖူးမြင်ခြင်း သည်ကား—

၁။ အနီးသို့ ချဉ်းကပ် ခစားခြင်း၊

၂။ လုပ်ကျွေး ပြုစုခြင်း၊

၃။ အစဉ် မပြတ် သတိရခြင်း၊

၄။ သွန်သင် ဆုံးမသည်ကို နာယူခြင်း၊

၅။ ရှင်လမ်း ဝမ်းမြောက်စွာ ဖူးမြင်ခြင်း

ဟု ၅ မျိုးရှိရာ၊ ယို ၅ မျိုးထဲမှ တမျိုးမျိုးကို ပြုလုပ်နေလျှင်လည်း ဖူးမြင်ထိုက်သော သမဏာ ရဟန်းကို ဖူးမြင်ရရောက်၍ သမဏာ ဒဿန မင်္ဂလာ ဖြစ်သည်ပင်တည်း။

**ဆည်းကပ် ခစားရေး** ထို ၅ မျိုးအနက် ကိလေသာငြိမ်းအေးသူ၊ သို့မဟုတ် ကိလေသာ ငြိမ်းအေးအောင် အားထုတ် နေသူ ဘုန်းကြီး, ရဟန်း, သံဃာတော်များ ထံသို့ သွားရောက် ဆည်းကပ်ခြင်း သည်လည်း ဖူးမြင်ခြင်း တမျိုး ဖြစ်၏။

အကယ်၍ ဖူးမြော်ထိုက်သူ ဘုန်းကြီး, ရဟန်းများ ထံသို့ ချဉ်းကပ် ခစားခဲ့ပါလျှင် ရဟန်း,သံဃာကို ဖူးမြင်ရရောက်၍ သမဏာ ဒဿန မင်္ဂလာလည်းဖြစ်၏၊ ပညာရှိသူတော်ကောင်းကို မှီဝဲ ဆည်းကပ်ရ ရောက်၏၊ ပဏ္ဍိတ သေဝနာ မင်္ဂလာလည်း ဖြစ်ပြန်၏၊ ရိုသေထိုက်သူကို ရိုသေရရောက်၍၊ ဂါရဝ မင်္ဂလာ လည်း ဖြစ်ပြန်၏၊ နှိမ်ချထိုက်သူကို နှိမ်ချရ ရောက်၍ နိဝါတ မင်္ဂလာလည်းဖြစ်ပြန်၏။

သို့ဖြစ်ရာ ဘုန်းကြီး, ရဟန်းများ ထံသို့ ချဉ်းကပ် ခစား ခြင်းဖြင့် မင်္ဂလာ ကုသိုလ်တွေ မြောက်မြားစွာ ဖြစ်နိုင်သော ကြောင့် သမဏာ (ကိလေသာ ငြိမ်းအေးသူ, ကိလေသာ ငြိမ်း အေးရန် သားထုတ်နေသူ),ပုဂ္ဂိုလ်မြတ်များထံသို့ ရံဖန်ရံခါ သွားရောက် ဆည်းကပ်ရန်မှာလည်း ဗုဒ္ဓဘာသာဝင်တို့၏ ကျင့် ဝတ်တမျိုးဖြစ်သည်ဟု နားလည်စေချင်သည်။ သို့သော်လောက ရေး ပူးတွဲ ပါဝင်သော ချဉ်းကပ် ခစား ခြင်းမျိုး မဖြစ်စေဘဲ၊ ကုသိုလ် ပွါးများ ရန်သာ ရည်ညွှန်းချက် ထားသည့်၊ ဆည်း ကပ်ခြင်းမျိုး ဖြစ်စေရန်လည်း သတိပြုပါ။

လုပ်ကျွေးပြုစုရေး

ဘုန်းကြီး, ရဟန်းများ ထံသို့ ရောက်သည့် အခါ၌၊ သံဃာ၏ အမှုကြီးငယ်ဆောင်ရွက် ခြင်းသည်လည်း ဖူးမြင်ခြင်းတမျိုးဖြစ်ပြန်၏။ ထိုသံဃာ၏ အမှု ကိစ္စကို ဆောင် ရွက် ခြင်း အားဖြင့် သမဏာ ပုဂ္ဂိုလ် များကို ဖူးမြင်ရရောက်၍၊ သမဏာ ဒဿနမင်္ဂလာလည်းဖြစ်၏၊ သံဃာ့ ဝေယျာဝစ္စကို ဆောင်ရွက်ရ ရောက်၍၊ ဓမ္မစရိယာ မင်္ဂလာ လည်း ဖြစ်၏၊ အပြစ် မရှိသော အမှုကို ပြုလုပ်ရ ရောက်၍၊ **အနဝဇ္ဇ မင်္ဂလာလည်း** ဖြစ်ပြန်၏။

ဤသို့လျှင် ရဟန်း,သံဃာကိုလုပ်ကျွေး ပြုစုခြင်း၊ ဝေယျာဝစ္စ ဆောင်ရွက်ခြင်းမှ အခြားထိုက်တန်ရာ မင်္ဂလာတို့ကိုလည်း ပေါက်ပွါးစေနိုင်သောကြောင့် ဆည်းကပ်ရုံ မျှဖြင့် မကြေနပ်ကြဘဲ ကျောင်းကန်ဘုရား ရောက်သည့်အခါ တံမြက်လှည်းခြင်း၊ ပေါင်း၊ အမှိုက် သုတ်သင်ခြင်း၊ ရဟန်း, သံဃာကို ခြေဆုတ်လက်နယ်ပြုခြင်းစသော သံဃာ လိုအပ်သည့် အမှုကိစ္စများကို ဆောင်ရွက်ခဲ့ရန်လည်း မမေ့သင့်ပေ။

**အမြဲအမှတ်ရရေး** ဆောင် ရွက် ဘွယ် လူမှု ကိစ္စ တို့ကြောင့် ရဟန်း, သံဃာတော်များထံသို့ ချဉ်းကပ်ခစားခွင့်မရသည်တိုင်အောင် မိမိဦးထိပ်ထားသော ဘုန်းကြီးရဟန်းတွေကို အမြဲအမှတ်ရ နေခဲ့လျှင်လည်း၊ ဤသမဏာ ဒဿန မင်္ဂလာ တရားတော် အရ ဖူးမြင်ရာ ရောက်ပြန်၏။

ရဟန်း,သံဃာကို အမှတ်ရခြင်းသည်ပင် သံဃာ၌ ပြုသင့်ပြုထိုက်သော ကျင့်ဝတ်မှ မဆုတ်ယုတ် စေရန် အကြောင်းဖြစ်သဖြင့် မိမိ ဦးထိပ် ထားသော သမဏာ (ဘုန်းကြီး,ရဟန်း) များကို သံဃာနုဿတိ အနေဖြင့် အမှတ်ရ နေရန် မှာလည်း ဗုဒ္ဓဘာသာဝင် တို့၏ ကျင့်ဝတ် တမျိုး ဖြစ်ပြန်သည်။ သို့သော် သမဏာ ဂုဏ်ကို အမှတ်ရကြည်ညိုတတ်မှသာလျှင် "တို့-ဆရာ တို့-ဘုန်းကြီး"ဟူသော ပုဂ္ဂိုလ်စွဲပျောက်၍ သမဏာစစ် သံဃာစစ်တွေ မိမိ တို့၏ ဟဒယ နှစ်လုံး အိမ်၌ ကိန်းဝပ်လာမည်ဟု သိထားရန် လိုပေသတည်း။

**အဆုံးမ နာယူရေး** ထို့ပြင် ဘုန်းကြီး,ရဟန်းများက သွန်သင်ဆုံးမသည်ကိုနာယူခြင်းသည်လည်းသမဏာ (ရဟန်း, သံဃာ)ကို ဖူးမြင်ခြင်း တမျိုး ဖြစ်ပြန်၏။ မိမိ ထံသို့

ဆိုက်ရောက် လာသော ဒကာ, ဒကာမများ၏ ကုသိုလ်ပွါးများရေးနှင့် လိမ္မာရေးခြားရေးအတွက် တရားညွှန်ပြ, အဆုံးအမ ပေးခြင်းသည် ရဟန်း, သံဃာတော်များ၏ တရားလက်ဆောင်ပင် ဖြစ်သည်။

ဘုန်းကြီး, ရဟန်းများကပေးလိုက်သော တရားလက်ဆောင်ကို အကယ်၍ အမြတ်တနိုး လက်ခံနိုင်မည်ဟု ဆိုပါမူ ထိုတရားလက်ဆောင် ရလာ သူအား ဘုန်းကြီး, ရဟန်းကို ဖူးမြင်ရာရောက်၍၊ သမဏာ ဒဿန မင်္ဂလာလည်း ဖြစ်၏၊ ပူဇနီယပူဇာ မင်္ဂလာ တရားတော်အရ၊ ဓမ္မပူဇာလည်းဖြစ်၏၊ တရားနာမှု, တရား ဆွေး နွေး မှု ကိစ္စ ပြီးစီးသဖြင့် ဓမ္မသဝန မင်္ဂလာ, ဓမ္မသာက စ္ဆာမင်္ဂလာများလည်းဖြစ်ပြန်၏၊ အဆုံးအမကို နာယူရာရောက်၍ သောဝစ္စသတာ မင်္ဂလာလည်း ဖြစ်ပြန်၏။

သို့ဖြစ်ရာ ရဟန်း, သံဃာကို ဆည်းကပ် သူတိုင်းပင် ရဟန်းသံဃာတော်များ ထံမှ တရားလက်ဆောင်များ ရခဲ့မှ သာလျှင် ရဟန်း, သံ ဃာ ကို ဆည်း ကပ် ရ ကျိုး နပ် မည် ဖြစ် သ ဖြင့် ကျောင်းသို့ရောက်သည့်အခါ၌၊ တရားအဆုံးအမခံ ခြင်း၊ မရှင်းမလင်းသည်ကိုမေးလျှောက်ခြင်းစသော အသက်ထက်ဆုံးမမေ့နိုင်လောက်သည့် ဓမ္မ သံဟိတ ဓမ္မပဋိဂ္ဂဟဏ ကိစ္စမျိုးဖြင့်သာ အချိန်ကို လွန်စေရမည် ဖြစ်သတည်း။

**ဖူးမြင်ကြည်ညိုရေး** ထို့ပြင် ရဟန်း, သံဃာကို ဖူးမြင်ခြင်းကြောင့် သမဏာဒဿန မင်္ဂလာဖြစ်သည်ကိုကား အထူးပြောဘွယ် မလိုပေ၊ အဓိပ္ပါယ်လည်း ထင်ရှားပြီးဖြစ်၏။ သို့သော် ရဟန်း, သံဃာကို ဖူးမြင်သည် ဟူသော စကားအရ ဖူးမြင်ခြင်းကလည်း—

၁။ စက္ခု ဒဿန၊ ပကတိ မျက်စေ့ဖြင့် ဖူးမြင်ခြင်း၊
၂။ ဉာဏ ဒဿန၊ ဉာဏ်မျက်စေ့ဖြင့် ဖူးမြင်ခြင်း

ဟု ၂ မျိုးရှိပြန်ရာ၊ ဤသမဏဒဿန မင်္ဂလာ တရားတော်အရ ဉာဏ်မျက်စေ့ဖြင့် ဖူးမြင်ခြင်းကိုသာလျှင် လိုအပ်၏။ အဘယ် ကြောင့်ဆိုသော် ဉာဏ်မျက်စေ့ဖြင့် သမဏ ဂုဏ်ကို ကြည့်၍ ဖူးမြော်မှသာလျှင် မျက်မြင် ဘုန်းကြီး ရဟန်းတွေက ဖုံးကွယ် ထားသော သံဃာရတနာအစစ်ကို ဖူးမြင်ရာရောက်မည် ဖြစ် သောကြောင့် ပေတည်း။

(အောက် ပူဇနီယပူဇာ မင်္ဂလာ, ပူဇာပြဿနာ ဖြေ ရှင်း ခန်း နှင့် ဆက်စပ်၍ကြည့်ပါ။)

[သီဟိုဠ်ကျွန်း စိတ္တလတောင်၌ သီတင်းသုံးနေထိုင်သော ရဟန္တာ မထေရ်ကြီး၏နောက်မှ အမြဲလိုက်ပါပြုစုနေသော တောထွက် ရဟန်း ကြီးက သူ့ရှေ့မှ ကြွသွားသဲ ဖြစ်သော ရဟန္တာ မထေရ်ကြီးအား "အရှင်ဘုရား ရဟန္တာ(အရိယာ)ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုနေပါသလဲ" ဟုမေးလျှောက်ရာ၊ "ငါ့ရှင် အချို့ ရဟန်းကြီး တွေဟာ ရဟန္တာ (အရိယာ)နောက်ကလိုက်၍ အမြဲပြုစုနေသော်လည်း ဤပုဂ္ဂိုလ်သည် ရဟန္တာ (အရိယာ) ဘဲ"ဟု မသိကြပေ။ "ငါ့ရှင် အရိယာ ဆိုတာ ဤမျှလောက်ပင်အသိခက်လှသည်"ဟု ရဟန္တာမထေရ်ကြီးက ရိပ်ချည် စောင်းပါး ပြောကြားပါလျက် ထိုတောထွက်ရဟန်းကြီးမှာကား သူ့ ဆရာ ရဟန္တာ ဖြစ်သည်ဟု မရိပ်မိသေးသည်ကို ထောက်ပါ။]

သို့ဖြစ်ရာ ညာဏ်မျက်စေ့ဖြင့်မဖူးမြော်လျှင် နေ့စဉ်နှင့်အမျှ ဘုန်းကြီး ရဟန်းများကို လက်အုပ်ချီ ဖူးမြော်နေရသော်လည်း ထို တောထွက် ရဟန်းကြီးကဲ့ကို သမဏ (ရဟန်းသံဃာ) ကို

မြင်ရမည် မဟုတ်သောကြောင် ဘုရားဖူးလျှင် ဘုရားကို မြင်အောင် ဉာဏ်မျက်စေ့ဖြင့်ဖူးမြင်ရခြင်း၊ သံဃာကိုဖူးလျှင်လည်း သံဃာကိုမြင်အောင် ဉာဏ်မျက်စေ့ဖြင့် ဖူးမြင်ရခြင်း စသည်တို့မှာ ဗုဒ္ဓဘာသာဝင် အမျိုးသား,အမျိုးသမီးတိုင်း၏ အရေးအကြီးဆုံး ဖြစ် သော အောက် ခြေ သိမ်း လုပ် ငန်း ကြီး တခု ပေတည်း။

ဖူးမြင်နည်း ၅ မျိုးပေါ်ပြခန်းပြီး၏။

---

## ညွန့်ပြနိုးဆော်ခန်း

**လွန်ကဲသောဖူးမြင်ခြင်း** ကိလေ သာ ငြိမ်း အေး သူ၊ သို့မဟုတ် ကိလေသာ ငြိမ်းအေးစေရန် ရည်မှန်း ချက်ထား၍ ကျင့်ကြံနေသူ သမဏ (ရဟန်း) စစ်ပုဂ္ဂိုလ်များကို အခါခပ်သိမ်းဖူးမြင်ခွင့်ရသည်မဟုတ်ပေ၊ ဗုဒ္ဓသာသနာထွန်းလင်းခိုက်ဖြစ်သောခေတ်သမယ၌သာလျှင် ဖူးမြင်ခွင့်ရနိုင်သည်၊ ထို ဗုဒ္ဓ သာ သ နာ သည် လည်း နေ ရာ တိုင်း၌ ထွန်းလင်းနေသည်မဟုတ်၊ ပဋိရူပဒေသ ဖြစ်သော မြို့ရွာ, နိုင်ငံ၌သာလျှင် ထွန်းလင်းမြဲဖြစ်၏။

သို့သော် မိမိနေထိုင်ရာဒေသ၌ သာသနာ ထွန်းလင်းခိုက်ဖြစ်၍ ထိုကဲ့သို့သော သမဏစစ်ပုဂ္ဂိုလ်များနှင့် တွေ့ကြုံနေပြီဟု ဆိုရသည့်တိုင်အောင် ကိုယ်တိုင်က သာသနာ၌ နှစ်နှစ်ကာကာ ကြည်ညိုနိုင်သော အရည်အချင်းမျိုးမှ ကင်းမဲ့သူ ဖြစ်နေပြန်

လျှင်ကား၊ ယင်း သမဏ (ရဟန်းတော်) အရှင်မြတ်များကို သံဃာ့ဂုဏ်သို့ထိရောက်အောင် လေးလေးနက်နက် အသိဉာဏ် တွဲဖက်၍ ဖူးမြင်နိုင်မည် မဟုတ်ပေရာ။

ထို့ကြောင့် ကိလေသာငြိမ်းအေးသူ၊ သို့မဟုတ် ကိလေသာ ငြိမ်းစေရန် ရည်မှန်းချက် ထားသူ သမဏ (ရဟန်းတော်) အရှင်မြတ်များကို ဖူးမြင်ရခြင်းသည် အလွန်ရခဲသဖြင့် **ဒဿနာ နုတ္တရိယ** လွန်ကဲသော ဖူးမြင်ရခြင်းမျိုး ဖြစ်သည်ဟု ဆိုရလေ သည်။ သမဏ ပုဂ္ဂိုလ်မြတ် များကို ဖူးမြင်ရမှု အကြောင်း ကုသိုလ်က ထူးခြားခဲ့ ပါလျှင် ထို ကုသိုလ်ကြောင့် ဖြစ်ပေါ် လာမည့် အကျိုး တရား သည်လည်း မုချ ထူးခြား လာရမည် သာတည်း။

## သမဏ (ရဟန်းသံဃာ) ကို ဖူးမြော်ပါ

ဲလိုရင်းမှတ်ဖွယ် သမဏ (ရဟန်းသံဃာ)ကို ဖူးမြင်ရာဝယ် ပကတိ မျက်စေ့ဖြင့် မြင်ရသော ပုဂ္ဂိုလ်ဒြပ် လောက်တွင် တံ့ရပ်မနေစေဘဲ ထို သမဏ ပုဂ္ဂိုလ်များ၏ ကိလေသာ ငြိမ်းအေးမှုနှင့် ကိလေသာငြိမ်းအောင် ကျင့်ကြံ အားထုတ်ခြင်း၊ စာပေပို့ချခြင်း၊ သာသနာတော်ကို ခြီးမြှောက် ခြင်း စသော အတွင်းသန္တာန်က ဂုဏ်သကတ်သို့ ထိရောက် စေရမည်။

သို့သော် ထိုကဲ့သို့သော သမဏဂုဏ်ကိုမူကား ပကတိမျက် စေ့ဖြင့် ဖူးမြော်၍မမြင်ရ၊ ဉာဏ်မျက်စေ့ဖြင့် ဖူးမြော်မှသာ မြင်ရ မည်။ဉာဏ်ဖြင့်ဖူးမြော်၍ သမဏဂုဏ်ကို တွေ့မြင်ရသော ပုဂ္ဂိုလ်

အား ကြည်ရွှင်ဝမ်းမြောက်မှုပီတိသောမနဿ (အကြည်ဓါတ်) များလည်း ဟဒယနှလုံးအိမ်၌ ကွန့်မြူး နေရမည်မှာ သေချာ သလောက်ပင်တည်း။

ဤ ဆိုခဲ့သည့် အတိုင်း ဉာဏ်ဖြင့် ဖူးလျှင် ပုဂ္ဂိုလ် ဖြပ်က ဖုံးကွယ် ထားသော သမဏ အစစ်တွေကို ထင်ရှားစွာ တွေ့ရ သဖြင့် နိဗ္ဗာန် အထိ အကျိုး ပေးနိုင်သော ကုသိုလ် စစ်စစ် ကိုလည်း ရ နိုင် ပေ သည်။ ထို့ကြောင့် ဤသမဏ ဒဿန မင်္ဂလာတရားတော် အရ သမဏ ( ရဟန်း, သံဃာတော် ) အရှင်မြတ် များကို ဉာဏ်မျက်စေ့ တပ်ဆင်၍ ဖူးမြင်ပါဟု သင့် အား ညွှန်ကြားရ ပါကြောင်း။

ဆောင်ပုဒ်....

၁။ ရဟန်း,သံဃာ၊ ဖူးသောခါ၊ ဂုဏ်မှာ ထိရမည်။
၂။ ဉာဏ်ဖြင့်ဖူးလျှင်၊ ဂုဏ်ကိုမြင်၊ ကြည်ရွှင် ဝမ်းမြောက်မည်၊
၃။ ဉာဏ်ဖြင့်ဖူးမှ၊ သမဏ၊ မုချ မြင်နိုင်သည်။
၄။ ရဟန်းမြင်မှ၊ ကုသိုလ်ရ၊ ဒုက္ခ ငြိမ်းအေးမည်။

ညွှန်ပြနိုးဆော်ခန်းပြီး၏။

# အခန်း ၃၀

## ဓမ္မသာကစ္ဆာ မင်္ဂလာ

**ကာလေနဓမ္မသာကစ္ဆာ** အခါ အခွင့်သင့်တိုင်း တရားဆွေးနွေးရ ခြင်း သည် လည်း ကုသိုလ် တ ရားတိုးပွါးရင့်ကျက်ရန် မင်္ဂလာတပါးဖြစ်သည်။

ဤ ၃၀ ပါးမြောက်မင်္ဂလာကိုပင်''ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာ''ဟုခေါ်ဆိုသည်။

(ကာလေန-အခွင့်အခါ သင့်သော ကာလ။ ဓမ္မ-တရား စကား။ သာကစ္ဆာ- ဆွေး နွေး ခြင်း။ မင်္ဂလာ- ကု သိုလ် တ ရား တိုး ပွါး ရင့်ကျက်မှု။)

**မှတ်ချက်။** ဆွေးနွေးသင့်ရာအချိန်ကို ဖေါ်ပြသည့် ကာလပြဿနာကို အောက်ဓမ္မသဝနမင်္ဂလာခန်း၌ပြခဲ့ပြီဖြစ်၍၊ ဤ၌ ထပ်ဆင့်ပြရန် မလိုတော့ပေ။ ထို့ပြင် ဓမ္မပြဿနာ ကိုလည်း အောက် ဓမ္မစရိယာ မင်္ဂလာ၌ ပြခဲ့ပြီးဖြစ်၍ ထိုအခန်းများကို ပြန်လည်ကြည့်ရှုနိုင်သည်။

### တရားဆွေးနွေးရေးဖေါ်ပြခန်း

**လွယ်ကူသော အခွင့်အရေးဖြစ်ခြင်း** ဓမ္မသဝနမင်္ဂလာတရားတော်အရ တရားနာ ယူခြင်း သည် တရားဟောသူ (ဓမ္မကထိက ပုဂ္ဂိုလ်) နှင့် ဆက်စပ်လျက်ရှိသဖြင့် တရားနာလိုသူသည် တရားဟောသူရှိရာ သို့သော်လည်း ကိုယ်တိုင်ကသွားရမည်၊ သို့မဟုတ် တရားဟောသူကို မိမိရှိရာသို့

သော်လည်း ကြွရောက် ခြီးမြှောက်ရန် လျှောက်ထား ပင့်ဘိတ်ရမည်၊ ထိုနည်းလမ်း ၂ မျိုးကို လိုက်နာခြင်းမရှိဘဲ တရားနာယူခွင့်မရနိုင်ဟု ဆိုလျှင် မှားမည် မဟုတ်ပေ။

သို့သော် ဤဓမ္မသာကစ္ဆာမင်္ဂလာတရားတော်အရ တရားစကားဆွေးနွေးရန်မှာကားဟောပြောသူ(ဓမ္မကထိကပုဂ္ဂိုလ်)ကို တမင် ရှာကြံပင့်ဘိတ်မှု မပြုဘဲသော်လည်း ပြီးစီးနိုင်သဖြင့် တရားနာရန် ဖန်တီးရသလောက် ခက်ခဲခြင်း မရှိဟု ဆိုထိုက်လေသည်။

အဘယ့်ကြောင့်နည်း ? မိတ်ဆွေအချင်းချင်း တွေ့ဆုံရာ၌ဖြစ်စေ၊ အခြား အလှူ့မသာရှိ၍ လူစုမိရာ၌ဖြစ်စေ အကျိုးမရှိသော စကားပေါင်း စကားပွတွေကို ပြောနေကြမည့် အစားတရားလမ်းစဉ်အရ တဦးနှင့်တဦးဆွေးနွေးခြင်း၊တိုင်ပင်ခြင်း၊မေးမြန်းခြင်း စသည်ကို ပြုရုံမျှဖြင့်ပင် ဓမ္မသာကစ္ဆာမင်္ဂလာဖြစ်ခွင့်ရှိသောကြောင့်တည်း။ ထို့ကြောင့် ဤ ဓမ္မသာကစ္ဆာမင်္ဂလာတရားတော်အရ တရားဆွေးနွေးခြင်းသည် ဗုဒ္ဓတရားတော်ကိုယုံကြည်လေးစားသူတို့အဖို့လွယ်ကူသောအခွင့်အရေးဖြစ်သည်ဟု နားလည်စေလိုသည်။

**အကျိုးမဲ့ပြောခြင်းမှ ကာကွယ်နည်း**

ထိုကဲ့သို့ ဖော်ပြခဲ့သည့် အတိုင်း ဓမ္မသာကစ္ဆာ မင်္ဂလာဖြစ်ဖို့ရန် မခက်ခဲသည် ကားမှန်၏၊ သို့သော် လောကလူသားတို့၏ စိတ်ဆန္ဒသည် အများအားဖြင့် ကိုယ့်ကျိုး သူ့ကျိုး မရှိသော အသားလွတ်စကားများကို "**တောင်စဉ်ရေမရ**" ပြောလျက် အချိန် ဖြုန်းရန် လောက်သာ အာရုံ စူးစိုက်လျက် ရှိရကား

ထို လူများစုနှုတ်ထဲမှ ထွက်ပေါ်လာသော စကားသည်လည်း တိရစ္ဆာနကထာ (မင်္ဂလိပ်နှင့် ဗီလာ ကန့်လန့်) ဖြစ်သော အကျိုးမဲ့စကားမျှသာဖြစ်၏။

ထိုအကျိုးမဲ့စကားမျိုးထဲမှပင် တဦးနှင့်တဦးမုန်းတီးရေး ရန်ဒိုက်ဒေါသဖြစ်ရေး၊ ငြင်းခုံကွဲပြားရေးစသော လူ့လောက၏ ဆိုးကျိုးများလည်းပေါက်ပွါးလာရ၏။ ဤနည်းအားဖြင့်နှုတ်မှု ဝစီဒုစ ိုက်ဖြစ်၍ အကုသိုလ်ပွါးရေး, အပါယ်လားရေးလည်း ဖြစ်ရပြန်သည်။ သို့သော်လည်း အပါယ်ကျရသည် အထိ ဒုက္ခ ပေးနိုင်သော ယင်း တိရစ္ဆာနကထာ (အကျိုးမဲ့စကား)မျိုးမှ ကာကွယ် ထားရန်မှာကား ဤ ဓမ္မသာကစ္ဆာ မင်္ဂလာ တရား တော်အရ အဖိုးထိုက်အဖိုးတန် စကားမျိုးတွေကိုပြောဆိုခြင်း, တရားလမ်းအရ ဆွေးနွေးတိုင်ပင်ခြင်း စသည်တို့ပင်ဖြစ်၏။

**ဗုဒ္ဓညွှန်ကြားချက်** ဗုဒ္ဓရှင်တော်မြတ်ကလည်း ဓမ္မသာကစ္ဆာ မင်္ဂလာဖြစ်ရေးကို ရည်ရွယ်တော် မူလျက် (၁) တရားနှင့် ဆက်စပ်သော အဖိုးထိုက် အဖိုးတန် စကား ကိုသာ ပြောရခြင်း၊ (၂) အသာ နှုတ်ပိတ်၍ ဆိတ် ဆိတ် သော်လည်း နေရခြင်း ဟူသော ဤ ကိစ္စ ၂ မျိုးသည် စုရုံး စည်းဝေးရာ အခါမျိုး၌ အများ ကျင့် သုံး ရန် ကျင့် ဝတ် ဖြစ်သည်ဟု ဟောတော်မူသည်။

(မဇ္ဈိမနိကာယ်ပါသရာသိသုတ်။)

ဤဗုဒ္ဓအလိုတော်မှာ တရားနှင့်ညီညွတ်သော စကားမျိုးကို ပြောရန်ဖြစ်၏၊ တကယ်၍ ထိုတရားနှင့် ဆက်စပ်သော စကား မျိုးကိုမှ မပြောနိုင်ဟုဆိုလျှင် ဘာမှမပြောဘဲ ဆိတ်ဆိတ်နေပါ ဟု ဆိုလိုရင်းဖြစ်သည်။ အမှန်ဆိုရသော် ထို ညွှန်ကြားချက် ၂ မျိုးကို မလိုက်နာနိုင်သူတို့အား—

၁။ အကျိုးမဲ့ စကားများ၌ အချိန်ဖြုန်းခြင်း၊

၂။ စကားပြောဘော်ရှိရာသို့ လည်ပတ်ခြင်း၊

၃။ စကားများ၌ အမှားတွေ့ရခြင်း၊

၄။ မိမိအလုပ်ကိစ္စလစ်ဟင်းခြင်း

စသော မျက်မှောက်အကျိုး ဆုတ်ယုတ်မှုများ ဖြစ်ရမည်မှာ သေခြာသလောက်ပင်တည်း။

ထို့ကြောင့် ဤမမ္ဗသာက စွာ မင်္ဂလာတရားတော်အရ လူစုမိလျှင် အကျိုးမရှိသော စကားဖေါင်းစကားပွတွေကို အရမ်းမဲ့ပြောမည့်အစား လောက သံသရာ ကျေးဇူးများသော စကားမျိုးဖြင့်သာလျှင် တဦးနှင့်တဦးနှုတ်ခွန်းဆက်ခြင်း, ဆွေးနွေးတိုင်ပင်ခြင်းစသည်ပြုလုပ်ရန်မှာမိမိနှုတ်ထဲမှအမြတ်ထုတ်လိုသူတိုင်း၏ မှန်မြတ်သော ကိစ္စတရပ် ဖြစ်သည်ဟု ဤအခန်းက ညွှန်ပြသတည်း။

တရားဆွေးနွေးရေးဖေါ်ပြခန်းပြီး၏။

---

## ညွှန်ပြနိုးဆော်ခန်း

**အခြားမင်္ဂလာများလည်း ဖြစ်နိုင်ခြင်း**

အထက် အခဏ်း၌ ဖေါ်ပြခဲ့သည့် အတိုင်း အကျိုးမဲ့ပြောခြင်းမှရှောင်ကြဉ်လျက် အကျိုးရှိသောအဖိုးတန်စကားကို ပြောဆိုခြင်းအားဖြင့်၊ (၁) အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော စကားကောင်းများကို ပြောဆိုရာ ရောက်သောကြောင့် သုဘာသိတ ဝါစာ မင်္ဂလာလည်း ဖြစ်နိုင်သည်။ သိမှုကို ရှေ့ထား၍ ဗဟုသုတဆည်းပူးရာရောက်သောကြောင့် ဗာဟုသစ္စ

မင်္ဂလာလည်း ဖြစ်နိုင် ပြန်သည်၊ အချင်းချင်း (အပြန်အလှန်) တရားနာမှု ကိစ္စ ပြီးစီးသောကြောင့် ဓမ္မစရိယာ မင်္ဂလာ, ဓမ္မသဝန မင်္ဂလာ များလည်း ဖြစ်နိုင် ပြန်သည်။

ထိုတရားနှင့်အညီ ပြောဆိုခြင်း, ဆွေးနွေးတိုင်ပင်ခြင်းတို့မှ ရအပ်သော အသိဉာဏ်ဖြင့် ကိုယ်ကျင့် ဖွံ့ဖြိုးရေး အထိ ခရီးရောက်ခဲ့ပါလျှင် အခြား မင်္ဂလာ များလည်း အလိုအလျောက် ပြည့်စုံပြီးဖြစ်ပြန်၏။ မှန်ပါသည်။မိမိနှုတ်အမှုအရာထဲ၌ တရားနှင့် ဆက်စပ်သော စကားလုံးများကိုသာ ထည့်သွင်းပြောဆိုနိုင်သူအား ကိုယ်အမှုအရာမှတရားလမ်းကျသော အပြုအမူမျိုးနှင့် စိတ်အမှုအရာမှ တရားနှင့်မဆန့်ကျင်သော အကြံစီမျိုးဖြစ်ပေါ်လာရန်မှာလည်း ခဲယဉ်းမည်မဟုတ်တော့ပါ။

**လိုရင်းမှတ်ဖွယ်** ဗုဒ္ဓရှင်တော်မြတ်သည် သတ္တပါအချင်းချင်းတို့၏ သွေးစည်း ညီညွတ်ရေးကိုနှစ်သက်သူ (သမဂ္ဂနန္ဒီ) ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်၍ ကိုယ်တော်မြတ်၏ နှုတ်တော်မှ ထုတ်ဖော် လွှစ်ကြူလိုက်သော စကားလုံးတိုင်း စကားလုံးတိုင်းမှာလည်း ညီညွတ်ရေးမျိုးစေ့ တွယ်ကပ်ပါလာရုံမျှမက နာကြားရသူတို့၏စိတ်ကို ယိုဖိတ်တက်ကြွစေနိုင်ခြင်း၊ လောဘ, ဒေါသ, မောဟတို့မှ ကင်းဝေးစေနိုင်ခြင်း စသော အစွမ်းသတ္တိကောင်းများလည်း ပါရှိလေသည်။

## တရားစကားဆွေးနွေးပါ

ထိုကဲ့သို့ သတ္တိထူးများနှင့်ပြည့်စုံသော တရားစကားများဖြင့် သာချင်ပြောဆိုဆွေးနွေးလျက် ခင်မင်သောမျက်လုံးဖြင့် ပြုံးပြုံးရွှင်ရွှင်ကြည့်ရှုကာ တဦးနှင့်တဦး, တဖွဲ့နှင့်တဖွဲ့, တသင်းနှင့် တသင်း ငြင်းခုံခြင်း၊ ကွဲပြားခြင်းမရှိဘဲ နွားနို့နှင့် ရေရောထား

သလိုတသဘောတည်း၊တစိတ်တည်းသွေးစီးညီညွတ်နိုင်ပါလျှင် လောဘ၊ဒေါသ၊မောဟတရားဆိုးများ သောင်းကျန်းမှုကြောင့် ဆူဆူပူပူဖြစ်နေသော လူ့လောကကြီးသည်လည်း အေးချမ်းသာယာရန် ရာနှုန်းပြည့်စံချိန်သို့မရောက်သေးသည်တိုင်အောင် အနည်းဆုံး သက်သာခွင့်ရလိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။

သို့ဖြစ်ရာအချင်းချင်းတွေ့ဆုံကြသည့်အခိုက်အတံ့၌“စကားများ အမှားပါ” ဆိုသည့်အတိုင်း ပြောမှား ဆိုမှား ဖြစ်စေတတ်သော ထွေရာလေးပါး အကျိုးမများသော စကားများကို ပြောဆိုခြင်း၊ လုပိုင်းဖွဲ့၍အကျိုးမဲ့စကားမျိုးကိုပြောကာ အလုပ်ချိန် ဖြုန်းခြင်းစသည်မှ တတ်နိုင်သမျှ ရှောင်ကြဉ်လျက် ဤ ဓမ္မသာက စ္ဆာ မင်္ဂလာတရားတော်အရ လူစုမိလျှင် အသိဉာဏ်ကို ရှေ့ထားကာ အကျိုးရှိမှု ကုသိုလ်ရမှုအတွက် တဦးနှင့်တဦး ဝမ်းမြောက်ဝမ်းသာပင် တရားစကား ဆွေးနွေးပါဟု ညွှန်ပြ နှိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်—

၁။ ထွေရာလေးပါး၊ ပြောဘန်များ၊ အမှားတွေ့သည်သာ။

၂။ စကားတင်းချွဲ၊ အကျိုးမဲ့၊ ပိုင်းဖွဲ့မပြောရာ။

၃။ လူစုမိလျှင်၊ ဉာဏ်နှင့်ယှဉ်၊ ကြည်ရွှင်ဝမ်းမြောက်စွာ။

၄။ ကုသိုလ်ဖြစ်ရေး၊ ချင်းချင်းပေး၊ ဆွေးနွေးတိုင်ပင်ပါ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

# အခန်း ၃၁

## တပေါ မင်္ဂလာ

တပေါ စ — မကောင်းမှုဒုစရိုက်ကို ရှို့မြိုက်ဖျက်ဆီးကြောင်း အကျင့်သည်လည်း မင်္ဂလာ တပါး ဖြစ်သည်။

ထို ၃၁ ပါးမြောက် မင်္ဂလာကိုပင် "တပေါမင်္ဂလာ" ဟု ခေါ်ဆိုရသည်။

(တပေါ-မကောင်းမှုဒုစရိုက်ကို ရှို့မြိုက်ဖျက်ဆီးကြောင်းအကျင့်။ မင်္ဂလာ-ကုသိုလ်တရား တိုးပွါး ရင့်ကျက်မှု။)

## မကောင်းမှုရှို့မြိုက်နည်း ဖေါ်ပြခန်း

စောင့်စည်းမှုနှင့် ကြိုးစားမှု — ဤ တပေါ မင်္ဂလာ တရားတော် အရ၊ မကောင်းမှု ဒုစရိုက်ကို ရှို့မြိုက်ဖျက်ဆီး ကြောင်းအကျင့်ဟူသည်မှာ(၁)စောင့်စည်းမှုနှင့် (၂) ကြိုးစားမှု တို့ပင် ဖြစ်သည်။ ထို ၂ မျိုးတို့တွင် လည်း စောင့်စည်းမှုသည် သတိ ပြဋ္ဌာန်းသော ဣန္ဒြိယ သံဝရ သီလ၏ အရာဖြစ်၍၊ ကြိုးစားမှု သည်ကား ဝီရိယပြဋ္ဌာန်းသော အပြင်း အထန် ဇွဲသန်သန် ဆောင်ရွက် အားထုတ်ခြင်းမျိုးပင် ဖြစ်သည်။မျက်စိ,နား,နှာ စသော အကုသိုလ် ဝင်ပေါက်များကို သတိအလစ်မခံဘဲ လုံခြုံစွာပိတ်ဆို့ထားမှုနှင့် တစိုက်တခု ဆောင် ရွက်ရာ၌ ဇွဲလုံ့လ ထက်သန်မှု တို့ကိုပင် စောင့်စည်း ကြိုးစားမှု ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ဤမင်္ဂလာ တရားတော်အရ မကောင်းမှု ဒုစရိုက် တို့ကို ရှို့မြိုက် ဖျက်ဆီးရမည်ဟု ဆို၏။ သို့ရာတွင် ဝင်လာမစဲ ဖြစ်နေ သော လောဘ ဒေါသ မောဟ တရားဆိုးတို့ကို တနာရီထည်း

တရက်ထည်းဖြင့် ရှို့မြှိုက်ဖျက်ဆီးရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ သို့သော်လည်း ကိုယ်လုပ်ချင်တိုင်း မလုပ်, ကိုယ်ပြောချင်တိုင်းမပြော, သူတပါးအကျိုးမဲ့ဖြစ်ရန် ကိုယ်ကြံချင်တိုင်း မကြံစည်ဘဲ ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးကို စောင့်စည်းကာ၊ ကိုယ်ထိုက်တန်ရာ တာဝန်ကိစ္စတို့ကို ဆောင်ရွက်ကြိုးစားနေမည်ဆိုပါလျှင်၊ မကောင်းမှု အားလုံးကို အကြွင်းမဲ့ ရှို့မြှိုက်ဖျက်ဆီးရာမရောက်သေးသည် တိုင်အောင် မိမိ,သူတပါးနှစ်ဦးသား နစ်နာသွားစေမည့် အရုပ်ဆိုးလှသော မကောင်းမှုမျိုးကိုကား မည်သည့်နည်းနှင့်မှ လွန်ကျူးမည် မဟုတ်ပေရာ။ ထို့ကြောင့် စောင့်စည်းမှုနှင့် ကြိုးစားမှုကိုပင် မကောင်းမှု ဒုစရိုက် ရှို့မြှိုက်ဖျက်ဆီးကြောင်းအကျင့်ဟုမှတ်သားရမည်ဖြစ်သတည်း။

မကောင်းမှုရှို့မြှိုက်နည်း ပေါ်ပြခန်းပြီး၏။

---

## ညွန့်ပြုန်းဆော်ခန်း

**လူကောင်းဖြစ်ရေး** မည်သူမဆိုစောင့်စည်းမှုမရှိလျှင်လူကောင်းသူကောင်းဖြစ်ခွင့်မရှိဘဲ၊ မိမိ၏အကျိုးမဲ့ကိုလည်း ပြုလုပ်နိုင်သည်၊ သူတပါး၏ အကျိုးမဲ့ ကိုလည်း အချိန်မရွေး ပြုလုပ်နိုင်သည်။မစောင့်စည်းခြင်းကြောင့် လူဆိုး, သူဆိုးဖြစ်သွားရပုံ၊ ရှုံးကန် ကန္တားသို့ မရောက်သင့်ဘဲ ရောက်ရပုံ၊ လူ့အဖိုးတန်ဖြစ်လောက်လျက် မဖြစ်ဘဲရှိရပုံ တို့ကိုလည်း မျက်မြင် လောကကြီးက သက်သေခံလျက်ရှိသောကြောင့်၊ လူတဦးတယောက်၏ဒုစရိုက်ပပျောက်ရေး၌ စောင့်စည်းမှုသည် မည့်မျှအထိအရေးကြီးကြောင်း ခန့်မှန်းနိုင်ပါသည်။

အယုတ်ဆုံးပြောရလျှင် မိဘအုပ်ထိန်းမှု မကောင်းသေးသော ကလေး သူငယ် တယောက် ဖြစ်နေ စေကာမူ၊ ထိုကလေးနှင့် ထိုက်တန်သော စောင့်စည်းမှုမျိုး ရှိရမည်။ အကယ်၍ သူနှင့် ထိုက်တန်သော စောင့်စည်းမှု မရှိခဲ့ပါမူ၊ ထိုကလေးသူငယ်သည် ခိုးချင် ဖွက်ချင်သော ဝါသနာ အထုံ စွဲကပ်လျက် လက်ဆော့ ခြေဆော့ ကလေးဆိုး တယောက် ဖြစ်လာရမည် သာတည်း။ သို့ရာတွင် စောင့်စည်း ရမှန်း မသိသေးသော ကလေး သူငယ် များကို စောင့်စည်း လိုသော စိတ်သစ်မျိုး ပေါ်ပေါက် လာ စေရန် ငယ်စဉ်ကစ၍ ပုံသွင်း ပေးရန် မှာကား၊ ဆိုင်ရာ မိဘနှင့် ဆရာသမားတို့၏ တာဝန်ဟု နားလည် စေချင် ပါသည်။

အမှန်မှာ လူတဦးတယောက်၏ စောင့်စည်းမှုက ထိုစောင့် စည်းသူကို ပတ်ဝန်းကျင်က အာရုံ စိုက်ရသော လူအဖိုးတန် တယောက်၏ အဆင့်အတန်းသို့ ရောက်သည်အထိ အရှိန်ဖြင့် မြှင့်တင် ပေးမည်မှာ မလွဲပေ။ မိမိတို့ သန္တာန်၌ ဆိုးစိတ် ညစ် စိတ်များ ဝင်ခွင့် မရအောင် သတိကြီးစွာ စောင့်စည်းထားနိုင် သူကိုပင်"ဣန္ဒြိယ ဂုတ္တဒွါရ"(ဆိုးစိတ် ညစ်စိတ် မဝင်နိုင်အောင် မကောင်းမှု တံခါး ပိတ်ထားနိုင်သူ တံခါးမှူးကောင်း)ဟု ဗုဒ္ဓ ရှင်တော်မြတ်ကလည်း ချီးကျူးထားလေပြီ။

**လူတော် ဖြစ်ရေး** စောင့်စည်း မှုကြောင့် လူကောင်း ဖြစ်နိုင် သကဲ့သို့ ကြိုးစား မှုကြောင့် လူတော် တယောက် ဖြစ်နိုင်သည် ဟူသော သင်ခန်းစာ ကိုလည်း မမေ့ အပ်ပေ။ လူတိုင်းအဖို့မှာ ၎င်း ၂ မျိုးဒွန်တွဲနေမှသာ လောက ရေး၌၎င်း၊ ဓမ္မရေး၌၎င်း ချွတ်ယွင်းချက်ကင်းရမည် သာတည်း။ မှန်ပါသည်၊ မိမိက စောင့်စည်းမှုကြောင့် လူကောင်းတယောက် ဖြစ်နေပြီဟု ဆိုကြပါစို့။ သို့သော် လုပ်ရည် ကိုင်ရည် ပညာရည်

ဘက်မှ စံချိန် မှီသော လူတော် တယောက် မဖြစ်ခဲ့လျှင် ထိုသူ သည်ကား လောကရေး၌ နိမ့်ကျရပြန်လေသည်၊ လောကရေး၌ နိမ့်ကျရ ပြန်လျှင်လည်း လူရိုး, လူအဟု အများက အထင် သေးကြပြန်၏။

သို့ဖြစ်ရာ လောကရေး မနိမ့် ကျမှု အတွက် ကျောင်းသူ, ကျောင်းသားလည်း ကျောင်းသူ, ကျောင်းသား တို့နှင့် ထိုက် တန်သော ကြိုးစားမှု ရှိရမည်။ လခစား တို့ကလည်း လခစား အလိုက် အလုပ် ရိုသေမှု ရှိရမည်။ ရောင်း ဝယ် ရေး သမားတို့ ကလည်းမိမိအလုပ်နှင့် လျော်စွာ ကြိုးစားမှုရှိရမည်။ကြိုးစားမှု ဝီရိယကို အသုံးမပြုလျှင် မည် သည့် ကိစ္စမှ အောင် မြင်မည် မဟုတ်ချေ။ **ဝီရိယ ဝတော ဘိက္ခဝေ ကိံ နာမ န သိဇ္ဈတိ၊** ဥလုံ့လဖြင့် ကြိုးစား သူအား မည်သည့် အရာမှ မပြီးမြောက် သည် မရှိဟု ဗုဒ္ဓ ရှင်တော်မြတ်က ဟောပြထားတော်မူသည်။

ကမ်းမမြင်အောင် ကျယ်ဝန်း လှသော သမုဒ္ဒရာကြီး ထဲ၌ လက်ပစ်ကူး ကြိုးစား မှုကြောင့် အသက်ဘေးမှ ကယ်ဆယ်သူ နတ်သမီးနှင့်တွေ့၍ နောက်ဆုံး၌ ဘိုး,ဘ,ပိုင် ထီးနန်းမွေကိုခံစား ရသော အလောင်းတော် ဇနက မင်းကြီး၏ နောက်ကြောင်း ရာဇဝင်ကလည်း "ကြိုးစားက ဘုရား ဖြစ်နိုင်သည်" ဟူသော ဆောင်ပုဒ်ကိုပါ အပြည့်အဝ ထောက်ခံလျက်ရှိလေပြီ၊လက်တွေ့ လေ့လာထားသော အနောက်တိုင်းသား ပညာရှင်တို့ကလည်း တစုံတခု ဆောင်ရွက် ရာ၌ ဉာဏ်က ရာခိုင်နှုန်း ၅ လောက်မျှ ဖြစ်၍၊ကျန် ၉၅ ရာခိုင်နှုန်းမှာကား ဝီရိယ ကြိုးစားအားထုတ်မှု များသာ ဖြစ်စေ ရမည်ဟု ကြိုးစား မှုကို အများဆုံး ဥုးစား ပေးကြသည်၊ သို့သော်လည်း လုံးဝ ဉာဏ်မပါသော မိုက်ရူးရဲ ကြိုးစားမှုကိုကား ကန့်ကွက်ရမည်သာတည်း။

# ဒုစရိုက် ကို ဖြိုဖျက် ပါ

ဤ မင်္ဂလာ တခုလုံးကို ခြုံလိုက်လျှင် သတိ ပြဋ္ဌာန်းသော စောင့်စည်း မှုကြောင့် ကိုယ်ကျင့် တရား ပြည့်ဝသူ လူကောင်း ဖြစ်နိုင်သည်၊ ဝီရိယ ပြဋ္ဌာန်းသော ကြိုးစား မှုကြောင့် အရည်အချင်း ရှိသူ လူတော် ဖြစ် နိုင် သည်၊ လူကောင်း, လူတော် တယောက် ဖြစ်ရသူ သည်လည်း၊ မိမိအကျိုး သူတပါးအကျိုးကို ပျက်စီး နစ်နာ စေနိုင်သော ဆိုးညစ်မှု မျိုးကို ပြုလုပ်တော့မည် မဟုတ် သောကြောင့်၊ စင်စစ် အားဖြင့် မကောင်းမှု များကို ဖြိုဖျက်ရာ ရောက်သည်ဟု အဖြေ ထွက်လာပါသည်။

သို့ဖြစ်၍ ၁ လူကောင်း ရာဇဝင် စာရင်း တင်သွင်း လိုလျှင် စောင့်စည်း ရမည်။ ၂ လူတော် ဖြစ်လိုလျှင် ကြိုးစား ရမည်။ ၃ လူတော်,လူကောင်း တယောက်အနေဖြင့် ဒုစရိုက်ပပျောက်ရေးကိုလည်း ကြိုးစားရမည်ဟု သင့်-အား ညွှန်ပြနှိုးဆော် လိုပါကြောင်း။

ဆောင်ပုဒ်....

၁။ စောင့်စည်း ကြိုးစား၊ ဤ ၂ ပါး၊ သင့်-အား ရှိအပ်စွာ။
၂။ လူကောင်းရာဇဝင်၊ တင်လိုလျှင်၊ အသင် စောင့်စည်းပါ။
၃။ ကောင်း ကျိုး ရည်မျှော်၊ ကြိုး စား သော်၊ လူတော်ဖြစ်မည်သာ။
၄။ လူတော်,လူကောင်း၊ သင်-ဖြစ်ကြောင်း၊ နည်း ကောင်း သင်-လိုက်နာ။
၅။ နည်းကောင်း သင်-လိုက်၊ ဒုစရိုက်၊ နှံ့မြိုက် ဖျက်ဆီးပါ။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

## အခန်း ၃၂

## ဗြဟ္မ စရိယာ မင်္ဂလာ

ဗြဟ္မာစရိယဉ္စ — အကျင့် မြတ်ကို ကျင့် သုံး ခြင်း သည် လည်း မင်္ဂလာ တပါး ဖြစ်သည်။

ထို ၃၂ ပါးမြောက် မင်္ဂလာကိုပင်"ဗြဟ္မစရိယာ မင်္ဂလာ" ဟု ခေါ်ဆိုရသည်။

(ဗြဟ္မ-အမြတ်။ စရိယ-အကျင့်ကိုကျင့်သုံးခြင်း။ မင်္ဂလာ-ကုသိုလ် တရား တိုးပွါး ရင့်ကျက်မှု။)

### အကျင့်မြတ်အရရှင်းပြခန်း

မေထုန်မှရှောင်ခြင်းသည် အကျင့်မြတ်

ဗြဟ္မစရိယာအရ အကျင့်မြတ်ဟုခေါ်ရသော တရား မျိုးတို့ သည် ကား ပိဋကတ် ကျမ်း ဂန် တို့ ၌ အ မျိုး မျိုး လာရှိသည်။ အချို့ အရာ၌ ပေးကမ်း လှူဒါန်းခြင်း (ဒါန) ကို ဗြဟ္မစရိယဟု ဟောတော် မူသည်။ အချို့ နေရာ၌ကား ကြီးသူ တို့၏ အမှုကိစ္စကို ဆောင်ရွက်ခြင်း (ဝေယျာဝစ္စ) ကိုပင်ဗြဟ္မ စရိယ (အကျင့်မြတ်)ဟု ဟောတော် မူသည်။ အချို့ နေရာ၌မူ ငါးပါး သီလ၌ ဗြဟ္မ ဝိဟာရ တရား လေးပါး၊ မဂ္ဂင် ရှစ်ပါး စသည်ကိုပင် ဗြဟ္မစရိယဟု ဟောတော် မူပြန်သည်။

သို့ရာတွင် ဤဗြဟ္မစရိယမင်္ဂလာတရားတော်အရ အမှန်လို အပ်သော အကျင့်မြတ် ဟူ သည်မှာ ရွာနေ လူတို့၏ အကျင့် ဖြစ်သော မေထုန်မှုကို ရှောင်ခြင်းပင်ဖြစ်သည်။ ထိုမေထုနဝိရတိ

ဟု ဆိုအပ်သော ဗြဟ္မစရိယ(အကျင့်မြတ်) ကိုကား သလ္လေခ သုတ်၌ ဟောတော်မူသည်။ ထို့ကြောင့်မင်္ဂလာတပါးအနေဖြင့် သီးသန့်ဟောထိုက်သော မေထုန ဝိရတိ (မေထုန် မှုမှ ရှောင် ခြင်း)ကိုပင် ဤမင်္ဂလာ တရားတော်အရ ဗြဟ္မစရိယ (အကျင့် မြတ်)ဟု မှတ်သားအပ် ပေသည်။

မိန်းမ, ယောကျ်ား ကာယကံမြောက် သွားလာ မှီဝဲသော ဤ မေထုန်ကြီးမှတပါး အခြား မေထုန်ငယ် ၇ မျိုးတို့လည်း ရှိသေး၏။

(အကျယ်လိုလျှင် အင်္ဂုတ္တရသတ္တကနိပါတ် မေထုနသုတ်ကိုရှုပါ။)

ဤ ဆိုခဲ့သည့်အတိုင်း မေထုန်ကြီး, မေထုန်ငယ် ဟု ၂ မျိုး ရှိရာတွင် မေထုန်ကြီးကို ဓမ္မစက္ကပဝတ္တနသုတ်၌ ဟီနော ဂါမ္မော ပေါထုဇ္ဇနိကော(ရွာနေလူပုထုဇန်တို့၏ကိုယ်ပိုင်ဥစ္စာဖြစ်သော အကျင့်ယုတ်တမျိုး) ဟု ဟောတော်မူသောကြောင့် ဤ အကျင့် ယုတ်ဟု ဆိုရသော မေထုန်ကာမမှ ရှောင်နိုင်လျှင် ဗြဟ္မစရိယ ဟု ဆိုရသော အကျင့်မြတ်ကိုလည်း အလိုအလျောက် ကျင့်ပြီး ဖြစ်တော့သတည်း။

အကျင့်မြတ်အရှင်းပြခန်းပြီး၏။

---

## ညွှန်ပြနှီးဆော်ခန်း

ချမ်းသာ တပဲ
ဆင်းရဲ တပိဿာ

လောကအာရုံ လိုက်စားမှုတို့မည်သည်မှာ အကျင့်ယုတ် မေထုန်ကိစ္စသို့ ဆိုက်ရောက်မှ သာလျှင် ဒီဂရီ ကုန်ဆုံးသည် ဖြစ်သော ကြောင့် ကာမဂုဏ်၏ အပြစ်ကိုရှုလိုလျှင် အကျင့်ယုတ် မေထုန်

ကာမ၏အပြစ်ကိုသာ အများဆုံး ရှုရမည်ဖြစ်၏။ ဆင်းရဲတွေ ပတ်လည် ဝိုင်းထားသော ကာမ စည်းစိမ်ထဲမှ အိပ်မက်ခန်း သဖွယ် ပေါ်ပေါက် လာရသော ပျော်ရွှင်မှု တို့သည်လည်း လေနီကြမ်း တိုက်ရာတွင် လွင့်ပါသွားသော တိမ်မှုံ တိမ်မွှား ကလေးများကဲ့သို့၊ ဒုက္ခ တည်းဟူသော လေနီကြမ်း တိုက်ခတ် မှုကြောင့် လွင့်စင်ပျောက်ပျက်သွားကြရပြန်သည်။

ထို ကာမ စည်းစိမ်၏ အပြစ် များ ပုံ ကို ရည် ညွှန်း လျက် **အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ၊ အာဒီနဝေါ ဧတ္ထဘိယျော** (ကာမစည်းစိမ်တို့သည် သာယာဘွယ်နည်းပါး၍ ဆင်းရဲများကုန်၏၊ ပူဆွေးရခြင်း, ပင်ပန်းရခြင်းလည်း များလှ ကုန်၏၊ ဤ ကာမ စည်းစိမ်ကြောင့် မချိ မဆန့် ခံစား ရသော အပြစ်ကား များလှ၏) ဟု ဗုဒ္ဓရှင်တော်မြတ်ကလည်း ဟော တော်မူသည်။

(မဇ္ဈိမနိကာယ မူပဏ်, အလဂဒ္ဒူပမသုတ်စသည်။)

**ကာမတော ဇာယတေ သောကော** ဟု ဟောတော်မူသည့် အတိုင်း၊ ကာမကြောင့် ပူပင်သောက ရောက်ရပုံ၊ ကာမတော ဇာယတေ ဘယံ ဟု ဟောတော်မူသည့်အတိုင်း၊ ကာမကြောင့် ဘေးရောက်ရပုံ စသည်တို့သည်လည်း များလှ၏။

(ပဘာဝတီ မင်းသမီးကို ရလိုမှုကြောင့် မိမိ၏ ဘုရင့် ဘ ဝ ကို မေ့ပျောက်ပြီး ဆင်းရဲသားအဖြစ်ဖြင့် အလောင်းမြတ်မင်းကုသ ဆင်းရဲ ရောက်ရပုံစသည်ကို ထောက်ပါ။)

အယုတ်ဆုံး ပြောရလျှင် ယခု အချိန်၌ တဦးနှင့် တဦး, တအိမ်နှင့်တအိမ်, တပြည်နှင့်တပြည် ချစ်ကြည်မှု ခေါင်းပါးရသည်မှ အစပြု၍ ကမ္ဘာကြီး မငြိမ်မသက် ဖြစ်ရသည် အထိ တမျှော်တခေါ်ကြီး တွေ့ရသော ချွတ်ယွင်းချက်မှန်သမျှ ကာမစည်းစိမ်ကို မစွန့်လွှတ်နိုင်ခြင်းကြောင့်သာ ဖြစ်ပွါးရသည်ကများ၏။ ထို့ကြောင့် တလောကလုံးကလက်ခံထားသော ကာမစည်းစိမ်၌ ''ချမ်းသာတပဲ ဆင်းရဲ တပိဿာ'' အပြစ် အနာအဆာများလှသည် ဟု အကြမ်းပျင်း သိထားရန်ကား လိုအပ်ပါသည်။

**ကာမထွက်ရစ်လမ်း။** ပုထုဇန် အဖြစ်ဖြင့်ပင် ကာမ စည်းစိမ်ကို သဘောတူ ပူးတွဲ တော်လှန်နိုင် ကြသော ဒုကူလနှင့် ပါရိကာတို့ကဲ့သို့ ပန်းကုံးခြား၍ မအိပ်နိုင်ကြသေးသည့် မြို့ရွာနေလူများစုအဖို့မှာမူ ဤဗြဟ္မစရိယ မင်္ဂလာတရားတော်သည် မလိုက်နာနိုင်သော လမ်းစဉ်ကို အတင်းအကြပ် ညွှန်ပြရာ ရောက်သည် ဟု အများ ဝေဘန်ဘွယ် ရှိလေသည်၊ ဝေဘန်ကြလိမ့်မည်ဟုလည်း ထင်ပါသည်။

သို့ရာတွင် ကာမစည်းစိမ်၏ သာယာဘွယ် အနည်းအကျဉ်းကို ပယ်ထား၍ များလှသော အပြစ်တွေကိုသာ မျက်စိတဆုံး ကြည့်နိုင်သူဖြစ်ပါမူကား ထီးနန်းရှင်ဖြစ်သော မဟာဇနကမင်းစသည်တို့ကဲ့သို့ သားခွဲ, မယားခွဲ တောထဲသို့ လွတ်လွတ်ကျွတ်ကျွတ်ထွက်၍ မကျင့်နိုင်သေးသည်တိုင်အောင် အယုတ်ဆုံးအားဖြင့် ရံဘန် ရံခါ၌ကား ဤ ဗြဟ္မစရိယ မင်္ဂလာဖြစ်မှုကို မလိုက်နာနိုင်စရာမရှိပေ။ ဤဗြဟ္မစရိယမင်္ဂလာဖြစ်နေသည်နှင့်

အမျှ ပြုနေကျဒါနမှုတွင်မကသေးဘဲ ပုတီးစိပ်ခွင့်,စာဘတ်ခွင့်, တရားနာယူခွင့်, တရားအားထုတ်ခွင့် စသော အခြားကုသိုလ်တို့သည်လည်း စုံလင်စွာရတတ်ပါသည်။

## အကျင့်မြတ်ကျင့်သုံးပါ

သို့ဖြစ်ရာ မိမိ၌ ကုသိုလ်တွေ စုံစုံလင်လင်ဖြစ်နေဘို့ရန် ရည်မှန်းလျက် ရက်ပိုင်းဖြင့် ဖြင့်စေ, လပိုင်းဖြင့် ဖြစ်စေ အခွင့်သင့်သည့်အခါတိုင်း၌ ကာမထွက်လမ်း သင်တန်းတက်သည့် အနေမျိုးဖြင့် ဤ ဗြဟ္မစရိယ မင်္ဂလာတရားတော်အရ အကျင့်မြတ်ကို ကျင့်သုံးပါဟု ညွှန်ပြနှိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်....

၁။ ဗြဟ္မစရိယာ၊ မင်္ဂလာ၊ ကိုယ်မှာဖြစ်လိုလျှင်။
၂။ ကာမဂုဏ်မှု၊ အပြစ်စု၊ ကြိုရှု ဉာဏ်ဝယ်ထင်။
၃။ အကျင့်ယုတ်လှ၊ မေထုန်မှ၊ ရှောင်ကြဉ်ဝေးစွာကြဉ်၊
၄။ မေထုန်ရှောင်ရှား၊ ကုသိုလ်အား၊ တိုးပွါးစုံစေချင်။

ညွှန်ပြနှိုးဆော်ခန်းပြီး၏။

# အခန်း ၃၃

## အရိယသစ္စဒဿနမင်္ဂလာ

အရိယသစ္စာနဒဿနံ ဖြူစင် မြင့်မြတ်သော အမှန်တရား တို့ကို သိမြင် ရခြင်းသည်လည်း မင်္ဂလာတပါး ဖြစ်သည်။

ထို ၃၃ ပါးမြောက် မင်္ဂလာ ကိုပင်"အရိယသစ္စ ဒဿန မင်္ဂလာ"ဟု ဆိုရသည်။

(အရိယ-ဖြူစင်မြင့်မြတ်သော။ သစ္စ-အမှန်တရား။ ဒဿန-သိမြင်ခြင်း။ မင်္ဂလာ-ကုသိုလ်တရားတို့ပွါးကျင့်ရက်မှု။)

## အမှန်တရားဖေါ်ပြခန်း

၍အရိယသစ္စဒဿနမင်္ဂလာတရားတော်အရအမှန်တရား ဟူသည်မှာ ဗုဒ္ဓရှင်တော်မြတ်၏ အတုမဲ့ဖြစ်သော ကိုယ်ပိုင် ဉာဏ်တော်ဖြင့် ရှာကြံမှ ရအပ်သော သစ္စာ ၄ ပါး တရား တော်ပင်ဖြစ်သည်။ ထို သစ္စာ ၄ ပါး (အမှန်တရား) ကို ဘာ့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဟောပြရသည်ဟု ထင်ရှားစေရန် ၍နေရာ၌ ဗုဒ္ဓမပွင့်မီ ဘီ-စီ ခေတ်က လူတို့၏ အတွေးအ ခေါ် အယူအဆနှင့် စပ်လျဉ်းသော ဘာသာရေး နောက်ကြောင်း သမိုင်းကိုလည်း အမြွက်မျှ တင်ပြလိုပါသည်။

ဗြဟ္မဏခေတ်လွှမ်းမိုးပုံ ၍ကမ္ဘာလောကရှိ သက်ရှိ, သက်မဲ့ဟူ သမျှသည် ကောင်းကင်ဘုံရှိ တန်ခိုး ရှင်ကြီး တဦး တယောက်က ဖန်ဆင်းထားသောကြောင့်သာ အဆက်မပြတ်ပေါ်ပေါက်လာရသည်ဟု စွဲလန်းယူဆကြသော

သက်ဝင်ယုံကြည်မှုတို့သည် ဗုဒ္ဓမပွင့်မီ ဘီ-စီ ခေတ်အစောပိုင်းမှစ၍ ခေတ်စားလျက်ရှိခဲ့သည်။ ထိုယုံကြည်မှုကို လူတို့၏အမြင်မှ လွတ်ထွက် မသွားစေရန် အမြဲထိန်းသိမ်းထားသူတို့သည်ကား ထိုခေတ်က ဝေဒအိုးဟုဆိုရသော ဗြဟ္မဏ လူတန်းစားတရပ်ဖြစ်သည်။

ရှေးခေတ် ဘာသာရေးခေါင်းဆောင်ဖြစ်ကြသော ဗြဟ္မဏတို့က ရှင်ဘုရင်နှင့်တကွသော အခြားလူတန်းစားတို့အပေါ်၌ သူတို့၏ ဝေဒရေးဆိုင်ရာ အသိတရားများကို ဖြန့်ဖြူး ရသောကြောင့် ထိုခေတ်နှောင်းလူတို့ကလည်း ယင်း ဗြဟ္မဏ တို့ကိုပင် လမ်းမှန် ညွှန်ပြသူအဖြစ်ဖြင့် အသိအမှတ်ပြုကာ အများဆုံး ဦးစားပေးကြရသည်။ သေရေး,ရှင်ရေးမှစ၍ဗြဟ္မဏမပါလျှင် မပြီးစီးနိုင်သလောက် ဖြစ်သောကြောင့် နောက်ဆုံး၌ ဗြဟ္မဏတို့၏ ဩဇာတံခိုးသည်လည်း ရှင်ဘုရင်တွေကိုပင် ကြိုးဆွဲနိုင်သည်အထိ လွှမ်းမိုးခဲ့ သတည်း။

**ဗြဟ္မဏတော်လှန်ရေး ဂိုဏ်း ၂ ဂိုဏ်း**

အစောပိုင်း၌ ဗြဟ္မဏတို့ကို လူတို့က လေးစားခဲ့ကြသည်မှာမှန်၏၊ သို့ရာတွင် ရလွန်းသော အခွင့် အရေး ကြောင့် ဗြဟ္မဏတွေ အကျင့်ပျက်၍ တရားမဲ့လာကြရသည်။ နောက်ပိုင်းကာလ၌ကား ဗြဟ္မဏတို့၏အပေါ်၌ လူတို့၏ လေးစားမှုများလည်း လျော့ပါးသွားရလေသည်။ လေးစားမှုနည်းပါးလာရုံမျှမကသေးဘဲ နောက်ဆုံး၌ ဗြဟ္မဏတော်လှန်ရေး ဂိုဏ်း ၂ ဂိုဏ်းလည်းစင်ပြိုင်ပေါ်ပေါက်လာကြသည်။ ထို ၂ ဂိုဏ်းတို့အနက် တဂိုဏ်းက ရုပ်ဝါဒအယူသည်းသော Carvaka (ဆာဝက)

ဂိုဏ်းဖြစ်၍၊ တဂိုဏ်းက နာမ်ဝါဒ အယူသည်းလွန်းသော Jaina (ဂျိန်း)တို့ ဖြစ်လေသည်။ ၂ ဂိုဏ်းလုံးပင် ဗြဟ္မဏကို တော်လှန်ရာ၌ တူညီမှုရှိကြသော်လည်း မိမိတို့က လက်ခံထားကြသော ယုံကြည်မှုချင်းမှာကား အသီးသီး ခြားနားမှု ရှိကြပြန်သည်။

**ရုပ်ဝါဒအယူအဆ** ထိုတွင်ရုပ်ဝါဒတို့၏ အယူအဆမှာ သတ္တဝါတိုင်း၌ သီးသန့် အနေဖြင့် နာမ် (အသိ) တရားမရှိကြ။ ရုပ်ရုပ်ချင်း ပေါင်းစပ်မှသာ ပတ်ဝန်းကျင်အလျောက် အသိ (နာမ်) ပေါ်ပေါက် လာရသောကြောင့် ဤဘဝမှ ရုပ်ခန္ဓာကိုယ်ကွယ်ပျောက်လျှင် နောက်ထပ်ဘဝသစ်ဆက်လက်မပေါ်နိုင်တော့ပေ။ နောက်ထပ် ဘဝတမျိုးမရှိသောကြောင့် နောင်ဘဝအတွက်ပြုရသော ကုသိုလ်ကံတို့သည်လည်း အချည်းနှည်းမျှသာဖြစ်၏။ နောင်တမလွန်တွင် အပါယ်ကျစရာဘဝမရှိသောကြောင့် ငရဲကိုလည်းကြောက်ဖွယ်မလို၊ အကုသိုလ်ဟူသည်မှာ ခြောက်လုံး လှန့်လုံးမျှသာဖြစ်သည်။ မည်သူမဆိုမျက်မြင် ရရသော လောကစည်းစိမ်ကိုပင် ပြည့်စုံစွာ ခံစားရမည်။အလိုရှိသမျှလောကစည်းစိမ်ခံစားခြင်းသည်ပင် လူတိုင်းရထိုက်သော လောကနိဗ္ဗာန်ဟုဆိုသည်။ ဤကား ဗုဒ္ဓမပွင့်မီခေတ်က ရုပ်ဝါဒအယူအဆပင်တည်း။

**ဂျိန်းတို့အယူအဆ** ထို့ပြင် ဂျိန်းဝါဒီတို့ကမူ ထာဝရ တည်မြဲနေသော အသိနာမ် (ဝိညာဉ်) သည် ရုပ်ကိုယ်ကြီးက စိုးမိုး ချုတ်ချယ် ထားသောကြောင့် ရုပ်မှ လွတ်မြောက်မှုမရဘဲ အကျဉ်းအကြပ် မိနေရ လေသည်၊ အကယ်၍သာ ရုပ်၏ ဝိညာဉ်ချုတ်ချယ်မှုကို တွန်းလှန်နိုင်ပါမူ ရုပ်မှလွတ်

မြောက် သွားသော ထိုဝိညာဉ်လေးသည် မည်သူ၏ အချုပ် အချယ်မှ မရှိတော့ဘဲ ထာဝရလွတ်ငြိမ်းခွင့်ရနိုင်ပေရာသည်။

ထို့ကြောင့် နာမ်ဝိညာဉ်လွတ်မြောက်ရေးအတွက် ဤရုပ် (ခန္ဓာကိုယ်)ကြီးကို လုံးဝဥုးစားမပေးဘဲ နည်းအမျိုးမျိုးဖြင့် ညှင်းပန်းတွန်းဖယ်ပစ်ရမည်ဟု ဆိုလေသည်။ ထိုဂျိန်းဝါဒတွင် မည်သည့်သတ္တဝါကိုမျှ နှိပ်စက်ညှင်းပန်းခြင်း မပြုရဟု မေတ္တာ ကရုဏာကို နောက်ခံထား၍ ညွှန်ကြားအပ်သော အဝိဟိံသ တရားလည်း ပါဝင်လျက်ရှိသေး၏။ သို့သော်လည်း အခြေခံ ပင်မကချွတ်ယွင်းလျက်ရှိရကား သူတို့ရည်ရွယ်ချက် ထားသော ထာဝရလွတ်ငြိမ်းရေးမှလည်း ဝေးလျက်ရှိသည်သာတည်း။

(ဤကား ဂျိန်းအယူကိုတင်ပြချက်တည်း။)

**အမှန်တရားပေါ်လာချိန်** ဤကဲ့သို့ ဖေါ်ပြ အပ်သည့် အတိုင်း ဗုဒ္ဓမပွင့်မီခေတ်က ရှိကြသော ကမ္ဘာ သူ,ကမ္ဘာသားတို့မှာ—

၁။ **ဗြဟ္မဏတို့၏အမှားလမ်းစဉ်၊**

၂။ **ရုပ်ဝါဒသမားတို့၏ အမှားလမ်းစဉ်၊**

၃။ **နာမ်ဝါဒ သမား ဖြစ်သော ဂျိန်းတို့၏ အမှား လမ်းစဉ်**

ဟု ဆိုရသည့်၊ ဤအမှား ၃ ခုကြားထဲ၌ ဆရာများ သားသေ ဆိုသကဲ့သို့ တွေဝေမှု အဆုံးမသပ်နိုင်ဘဲ မိမိတို့ယုံကြည်နေကျ ဖြစ်လေသောအမှားကိုပင် အမှန်တရားဟု ထင်မှတ်နေကြရပြန် သည်။ သို့ဖြစ်ရာ ထိုအမှား ၃ မျိုးကြား ထဲမှ ထိုးပေါက်

ထွက်ပေါ်လာခဲ့ရသောဗုဒ္ဓရှင်တော်မြတ်သည် မိမိ၏ဗုဒ္ဓဝါဒကို ကမ္ဘာသို့ကျေညာရာ၌၊ ထိုအမှား ၃ မျိုးလုံးကို ဆုပ်မိင်မိသော ရှင်းပြချက်မျိုး ဖြစ်စေရမည်မှာ မလွဲပေ။ ထို့ကြောင့် ယင်း အမှား ၃ မျိုးလုံးကို ဆုပ်ငုံလျက် ဤဆိုမည့်အတိုင်း သစ္စာ ပါးတရားမြတ်ကို ဟောပြတော်မူရသည်။

၁။ **ဒုက္ခ သစ္စာ**၊ ဆင်းရဲမှုဟူသော အမှန်တရားတမျိုး ရှိကြောင်း ဟောပြတော်မူသည်၊ [ရုပ်ဝါဒသမားတို့က ဒိဋ္ဌိ နိဗ္ဗာနဝါဒ (လောကနိဗ္ဗာန်)ဟု ယူဆစွဲလန်းနေကြသော လောကီရုပ်,နာမ်ဟူသမျှသည် သူတို့၏ ထင်သကဲ့သို့ လောက နိဗ္ဗာန်မဟုတ်ကြ၊ သူတို့ကိုယ်တိုင် မူပိုင်ပြုလုပ်ထားနိုင်လောက် အောင် တည်မြဲမှုမရှိသောကြောင့် စင်စစ်အားဖြင့် ဆင်းရဲသာ အမှန်ဖြစ်သည်ဟု ဤဒုက္ခသစ္စာက ညွှန်ပြသည်။]

၂။ **သမုဒယသစ္စာ**၊ ဆင်းရဲဖြစ်ကြောင်းအမှန်တရားတမျိုး လည်း ရှိသည်ဟု ဟောပြတော်မူသည်။ [ဆင်းရဲဟု ဆိုရသော လူ့လောက,နတ်လောကရှိသမျှလောက အမျိုးမျိုးတို့သည်ကား ဗြဟ္မာတွေ ယူဆသလို တန်ခိုးရှင်က ဖန်ဆင်းပေးသည် မဟုတ်ပါ။ လောကကိုပင် အကောင်းထင်ပြီး စွဲလမ်းတပ်မက် နေကြသောကြောင့် ယင်းတပ်ခက်မှုအရ ဘဝ အပြန်ပြန် လောကတွေပေါ်လာရသည်ဟု ဤ သမုဒယသစ္စာက ထင်ရှား စေသည်။]

၃။ **နိရောဓသစ္စာ**၊ ဆင်းရဲချုပ်ငြိမ်းမှု အမှန်တရားတမျိုး လည်းရှိသေး၏ ဟု ဟောပြတော်မူသည်။ [ဗြဟ္မာတို့ ယူဆ သည့်အတိုင်း မူလဖန်ဆင်းသူထံရောက်မှ ထာဝရ ချမ်းသာမှု

ရအံ့ ဟူသည်မှာ မမှန်ပေ။ လောကကို လိုချင်တပ်မက်သည့် သမုဒယ (တဏှာ) ချုပ်ငြိမ်းမှသာ မ ဆင်း ရဲရာ ဖြစ် သော ထာဝရချမ်းသာအစစ်ဖြစ်သည်ဟု ဤ **နိရောဓသစ္စာ**က ရှင်းပြ ပြန်သည်။]

၄။ **မဂ္ဂသစ္စာ**၊ ဆင်းရဲချုပ်ငြိမ်းရေးလမ်းစဉ်ဟူသောအမှန် တရားတမျိုးလည်း ရှိသေးကြောင်း ဟောပြသည်။ [တည်ငြိမ်မှု ချမ်းသာအစစ်ကိုရလိုလျှင် ရုပ်ဝါဒသမားတို့ယူဆသည့်အတိုင်း လျော့လွန်းသော လောကစည်းစိမ်ခံစားရေး လမ်းစဉ်ဖြင့်လည်း မရနိုင်၊ ဂျိန်းတို့ယူဆသည့်အတိုင်း တင်းလွန်းလှသော လောက စည်းစိမ်တိုက်ဖျက်ရေးလမ်းစဉ်ဖြင့်လည်း မရနိုင်၊ ဤ မလျော့ မတင်းဖြစ်သောအလယ်အလတ်လမ်းစဉ်ဖြင့်သာလျှင် ချမ်းသာ အစစ်ကိုရနိုင်သည်ဟု ဤ **မဂ္ဂသစ္စာ**က ထင်ရှားစေသည်။]

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်က အမှန်တရား ၄ မျိုးကို ခွဲခြားညွှန်ပြခဲ့သတည်း။

**အမှန်တရားပေါ်ပြခန်းပြီး၏။**

---

# ညွှန်ပြနှိုးဆော်ခန်း

**မစီးရဘဲ ချမ်းသာနေသောနိဗ္ဗာန်**

ဗုဒ္ဓရှင်တော်မြတ်၏ကျိုးကြောင်းဆက်ဝါဒ ဟုဆိုရသော ထိုအမှန်တရား ၄ မျိုးကို ခြုံကြည့်ခဲ့လျှင်၊ ဘဝဆင်းရဲမှမခွဲနိုင်မခွါရက် ဖြစ်သော သမုဒယတဏှာကြောင့်ဘဝနှင့်ဆက်စပ်လျက်ရှိသော ဆင်းရဲအမျိုးမျိုးမှ မလွတ်မြောက်နိုင်ကြရသည်ကို ဉာဏ်နှင့်

ခွန်းဆိုနိုင်ပါလိမ့်မည်။ အပူရှိလျှင် အအေး ရှိမြဲ ဖြစ်သကဲ့သို့ ဒိုရ,နာရ,သေရ,ပူပင် ကြောင့်ကြရသော ဘဝဆင်းရဲမျိုးတွေ ရှိနေခဲ့လျှင်၊ မဒိုရ,မနာရ,မသေရ,မပူပင် မကြောင့်ကြရသော ဘဝမှအလွတ်ဖြစ်သည့် သီးသန့်ချမ်းသာတမျိုးလည်း ရှိရမည်သာဖြစ်၍၊ အမှန်မှာ ရှိလည်း ရှိပါသည်။

သို့သော် ထိုဘဝမှ အလွတ်ဖြစ်သော သီးသန့်ချမ်းသာ ဟူသည်မှာ လုံးဝ ဘဝမရှိရာ နိဗ္ဗာန်ချမ်းသာပင်တည်း။ [ဒိုစရာ, နာစရာ, သေစရာ, ကြောင့်ကြစရာ ဘဝမရှိတော့သဖြင့် လုံးဝ မဒိုရ, မနာရ, မသေရ, မကြောင့်ကြရတော့ဘဲ အမြဲတည်ငြိမ်နေသော ချမ်းသာ တမျိုးကိုပင် နိဗ္ဗာန် (နိရောဓ သစ္စာ)ဆိုရသည်ဟု မှတ်ပါ။]

သို့သော်လည်း ယင်း နိဗ္ဗာန်ချမ်းသာသည်ကား လောကလူများစုက လက်ခံထားသော ဝေဒယိကသုခ (ကားကြီးကိုစီး, တိုက်ကြီးက ကိုယ်ပိုင်, ကုလားထိုင်တွေ အလုံအလောက်နှင့် ပန်ကာအောက်မှာ ခံနိုင်နေရသောမျက်မြင်စည်းစိမ်)မျိုးကဲ့သို့ ခံစားကြည့်မှ ချမ်းသာမှန်း သိရသော လောကီ သုခမျိုးကဲ့သို့ မဟုတ်ပေ၊ တမင် ခံစားမနေရဘဲလျက် သူ့အလိုလို ချမ်းသာနေသော သန္တိသုခ (ငြိမ်းအေးမှု) ချမ်းသာတမျိုး ဖြစ်ပါသည်။

## အမှန်တရားကို ရှုမြင်ပါ

ဤအမှန်တရား ၄ မျိုးကို ဟုတ်တိုင်းမှန်စွာခွဲခြား၍ ပိုင်ပိုင်နိုင်နိုင်သိခဲ့လျှင် (၁) ဘဝကိုစွဲလန်းမှုကြောင့် ဘဝ အပြန်ပြန် ဖြစ်နေရခြင်း၊ (၂) စွဲလမ်းမှုဘဏ္ဍာမှတပါး ဘဝလောကကို

ဖန်ဆင်းတတ်သူ နတ်,ဘုရား မရှိခြင်း၊ (၃) စွဲလန်းမှုတဏှာ မပြတ်သမျှ ဆင်းရဲဒုက္ခမပြတ်စဲခြင်း၊ (၄) တဏှာပြတ်စဲမှသာ ဒုက္ခပြတ်စဲ၍ သီးသန့်ချမ်းသာစစ်ကို ရနိုင်ခြင်းဟူသော အသိ တရားများလည်းအလိုလိုပေါ်ပေါက်လာရမည်ဖြစ်၏။

ထို့ကြောင့် အရိယသစ္စဒေသနာ မင်္ဂလာ တရားတော် အရ ဆင်းရဲကို ဆင်းရဲဟု သိ၍၊ ဆင်းရဲကြောင်းဖြစ်သော စွဲလန်းမှု သမုဒယကိုပယ်စွန့်နိုင်ရန်မဂ္ဂင်ရှစ်ပါးကိုပွါးများခြင်းအားဖြင့် ဘဝမှ အလွတ်ဖြစ်သော သီးသန့်ချမ်းသာမျိုးကို မျက်မှောက် ပြုနိုင်ရန် အမှန် ၄ မျိုးကိုရှုပါဟု ညွှန်ပြနိုးဆော်ရပါကြောင်း။

ဆောင်ပုဒ်....

၁။ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါ၊ တဏှာ ဖန်ဆင်းသည်။
၂။ တဏှာမှမူ၊ ပြုသူတပါး၊ နတ်,ဘုရား ရှိကားမရှိပြီ။
၃။ တဏှာမပြတ်သမျှ၊ ဝဋ်ဒုက္ခ၊ မုချစဉ်ဆက်ရှည်။
၄။ တဏှာပြတ်မှ၊ ဝဋ်ဒုက္ခ၊ မုချအေးလိမ့်မည်။
၅။ အမှန်လေးခု၊ မြင်အောင်ရှု၊ အောင်ဆုစိတ်ဝယ်ရှည်။

ညွှန်ပြနိုးဆော်ခန်းပြီး၏။

## အကျိုးမင်္ဂလာ ဖော်ပြခန်း

မင်္ဂလာသည် (က) အကြောင်းမင်္ဂလာ၊ (ခ) အကျိုးမင်္ဂလာဟု ၂ မျိုးရှိရာဝယ် ၁။ ဗာလာသေဝနမင်္ဂလာမှ အစပြု၍ အရိယသစ္စဒဿနမင်္ဂလာတိုင်အောင် ဤ ၃၃ ပါးသော မင်္ဂလာတို့ကို အကြောင်းမင်္ဂလာဟု ဆိုရ၏။

ထို အကြောင်းမင်္ဂလာ ၃၃ ပါးကို မိမိ၌ ပြည့်စုံစေခဲ့လျှင် ဖော်ပြအံ့သော အကျိုးမင်္ဂလာ ၅ ပါးတို့သည်လည်း အလိုအလျောက် ပြည့်စုံပြီး ဖြစ်ပေလိမ့်မည်။ ယင်း အကျိုးမင်္ဂလာ ၅ ပါးတို့ဟူသည်မှာ အဘယ်မင်္ဂလာတို့ပေနည်း—

၁။ **နိဗ္ဗာန သစ္ဆိကိရိယ မင်္ဂလာ**၊ နိဗ္ဗာန် (အရဟတ္တဖိုလ်) ကို မျက်မှောက်ပြုရခြင်း၊

၂။ **စိတ္တာကမ္ပန မင်္ဂလာ**၊ ပြည့်စုံမှု မပြည့်စုံမှု, ကျော်စောမှု မကျော်စောမှု, ချီးမွမ်းမှု ကဲ့ရဲ့မှု, ချမ်းသာမှု ဆင်းရဲမှု ဟူသော ဤလောကဓံ တရားတို့ကြောင့် ဝမ်းနည်းဝမ်းသာ စိတ်ထဲမှာလှုပ်ရှားမှု မရှိခြင်း၊

၃။ **ဝိရဇ မင်္ဂလာ**၊ ဘဝစွဲ အာရုံစွဲကင်း၍ စွဲလန်း တပ်မက်မှုမရှိခြင်း၊

၄။ **အသောက မင်္ဂလာ**၊ ကိုယ်ရေး ကိုယ်တွက်ကြောင့်ငှင်း, သူရေးသူတွက်ကြောင့်ငှင်း ဘာကိုမျှတွေးပြီး ာင်ကြမှုမရှိတော့ခြင်း၊

၅။ ခေမ မင်္ဂလာ၊ ကြောက်စိတ် လန့်စိတ် (ဒေါသ) ကင်းပြီး ဖြစ်သဖြင့် ကြောက်လန့်ဘွယ် ဘေးဟူ၍ လည်း တစုံတရာမျှ မရှိတော့ခြင်း

ဟူသော ဤမင်္ဂလာ ၅ ပါးတို့ပင်တည်း။

ဤဆိုခဲ့သည့်အတိုင်း အကျိုး မင်္ဂလာ ၅မျိုး ရှိသော်လည်း အကြောင်း မင်္ဂလာကို ပြည့်စုံစွာ ထူထောင် နိုင်လျှင်၊ အကျိုး မင်္ဂလာကို တမင် ထူထောင် ကျင့်သုံး မနေရတော့ဘဲ အလို အလျောက် ထူထောင်ပြီးဖြစ်နိုင်သောကြောင့် ဤမင်္ဂလာ့အမြုတေ၌ ယင်းအကျိုးမင်္ဂလာများကိုတပုဒ်စီညွှန်ပြခြင်းမပြုတော့ပါကြောင်း။

ဤသို့လျှင် (က) အကြောင်းမင်္ဂလာ ၃၃ ပါး၊ (ခ) အကျိုး မင်္ဂလာ ၅ပါး၊ အကျိုး အကြောင်း ပေါင်းစပ်ခြင်းအားဖြင့် မင်္ဂလာ တရား ၃၈ ပါး ဖြစ်ပါသည်။ ဤ ၃၈ ပါးသော မင်္ဂလာတရားတော်သည်ပင် လောကီ, လောကုတ္တရာ မင်္ဂလာ ကြက်သရေပွါးတိုးစေနိုင်သော လောကကြီး၏ အနှစ်အမြုတေ များဖြစ်ကြပေသတည်း။

မင်္ဂလာ့အမြုတေ ပြီးပါပြီ။

# နိဂုံး

(ဝိမိတ္တောပမာ)

(က)   သောဠသုဒ္ဒေသိကာ ကညာ၊
ဒဠှာယေ ယုဝ လောစနေ၊
ယထာ ဟိ ပစ္စုပဋ္ဌာတိ၊
သောပိ ကုလ လောစနေ။ ။

(မင်္ဂလာ့အမြုတေ ၁၆ နှစ် သတိုသမီး)

(က) သောဠသုဒ္ဒေသိကာ၊ အများရှုဘွယ်, နုနယ်ပျိုမြစ် ဆဲ့ခြောက်နှစ်အရွယ်ဖြစ်ပေသော။ ကညာ၊ လောကအမြုတေ ရုပ်ရေရှုပကာယ, အလှထိပ်ခေါင်တင်, လက်ရွေးစင် သတိုး သမီးကလေးသည်။ ဒဠှာယေ၊ အဆွဲဓါတ် ဉာဏ်ကူသလို, ဟန်အမူမျက်နှာထားဖြင့်, တဖက်သားကြည့်ရှုဘို့ရန်အလို့ငှါ။ ယုဝ လောစနေ၊ ဂုဏ်အသရေရှိပုဂ္ဂိုလ် လုလင်ပျိုတို့၏ မျက်စိ ထဲ၌။ ပစ္စုပဋ္ဌာတိယထာ၊ အမြဲရစ်သီ, တဒီဒီသာ, ရှေးရှုရစ်ဝဲ လာသကဲ့သို့။ တထာ၊ ထိုဆဲ့ခြောက်နှစ်သမီး, ဂုဏ်ကြီးရတနာ ပမာထားယူ, အလားတူသာလျှင်။ သောပိ၊ ရေးပုံဆန်းကြယ်, အဓိပ္ပါယ် အဆင်လှသည့်, မင်္ဂလာ့အမြုတေ, ထိန်ဝေပျိုမြစ်, ဤဆဲ့ခြောက်နှစ် သတိုးသမီးကလေး သည်လည်း။ ကုလ လောစနေ၊ မင်္ဂလာမောင်မယ်, သူငယ် သူငယ်မ,ရှိသမျှ လူအ သီးသီးတို့၏, ရှိပြီးဓါတ်ခံ အသိဉာဏ် တည်းဟူသော ပညာ မျက်စိထဲ၌။ ဒဠှာယေ၊ ပညာရေးဆိုင်ရာ, အလိမ္မာစရိုက်အား ဖြင့်,လိုက်စားကြည့်ရှုဘို့ရန်အလို့ငှါ။ ပစ္စုပဋ္ဌာတိ၊ ပိတုံးမောင် နှံ, အတောင်ပံချီ, တဒီဒီရစ်ဝဲသကဲ့သို့, အမြဲရစ်သီ တဒီဒီရစ်

(ကတ္တုပတ္တနာ)

(၁) ပုညေန တေန နော မြမ္မ၊
ရဋ္ဌမစ္ဆတ မောစနံ၊
ဟောတံ မင်္ဂလိကာ ဟောန္တု၊
ဇနာပိ ယုတ္တမင်္ဂလာ။ ။

## စာရေးသူ၏ အာသီသ

(၁) ဌာနနိုင်ငံမြေရေး ဧတေန ပုညေန၊ ဤမင်္ဂလာ အမြတ်တော်, ထုတ်ဝေဖြန့်ဖြူး၊ ကြိုးပမ်း အားသစ်ရသော ပညာပါရမီ ကုသိုလ် ထူးကြောင့်။ နော၊ ငါတို့၏။ မြမ္မရဋ္ဌ၊ လက်တွေ့ လုပ်ငန်း, သက်တန်း ရှည်နှ, ပြည်ထောင်စု မြန်မာ နိုင်ငံတော် ကြီးသည်။ အစ္ဆတ မောစနံ ပြည်ထောင်စု အောင်လံ, နောင်တဖန် မယိုင် လဲအောင်, ခိုင်မြဲသော လွတ်လပ်ရေးရှိသည်။ ဟောတံ၊ ဖြစ်ပါစေသတည်း။

ဌာနီကောင်းစားရေး ဇနာပိ၊ ပြည်ထောင်စုဆိုင်ရာ မြန်မာ,ရှမ်း, ကရင်, ချင်း, ကချင် တောင် တန်း သား၊ အမျိုးသား,အမျိုးသမီးတို့သည်လည်း။ ယုတ္တမင်္ဂလာ၊ လောကီ လောကုတ္တရာ,မင်္ဂလာလုပ်ငန်းကို အဟုတ်တန်းကြိုးစားကြကုန်သည်ဖြစ်၍။ မင်္ဂလိကာ၊ ကန့်ကော်, သရဖီ, နှင်းဆီပွင့်စ, ဆန်းသစ်လ-တက်နေကဲ့သို့, ကြက်သရေမင်္ဂလာ, အစဉ်မကွာ ရှိကြကုန်သည်။ ဟောန္တု၊ ချောမောပြီးပြေ, ဖြစ်နိုင်ကြပါ စေကုန်သတည်း။